အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ထေရုပ္ပတ္တိ-ကျင့်စဉ်

နှင့်

# သစ္စာအနက် ၁၆-ချက်

တရားတော်

ဦးမြင့်ဆွေ
(မဟာဝိဇ္ဇာ-လန်ဒန်)

● အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ထေရုပ္ပတ္တိ-ကျင့်စဉ်

နှင့်

# သစ္စာအနက် ၁၆-ချက်

တရားတော်

ဦးမြင့်ဆွေ
[မဟာဝိဇ္ဇာ—လန်ဒန်]

နဝရတ်စာပေ—မန္တလေး ပညာအလင်းပြ—ရန်ကုန်
ဖြန့်ချိရေးဌာနများ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် [၁၆၈]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၃၉၅]

*

ပုံနှိပ်ခြင်း
ပထမ အကြိမ်
အုပ်ရေ (၂၀၀၀)

*

ထုတ်ဝေခြင်း
၁၉၈၆ ခု၊ မေလ

*

တန်ဖိုး — ၁၅ ကျပ်

*

မျက်နှာဖုံး
မျိုးညွန့်

*

ပုံနှိပ်-ထုတ်ဝေ

ဦးစိုးလှိုင် (ယာယီ—၁၁၉)၊ မျိုးညွန့်ပုံနှိပ်တိုက်၊ အမှတ်—၃၁၊
၁၇ လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့မှ ရိုက်နှိပ်၍၊
ဦးမြအောင်ဇေယျ (၀၆၀၁)၊ သပြေဦးစာပေ၊ အမှတ် ၁၇၄၊
အနော်ရထာလမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။



အဂ္ဂမဟာပဏ္ဍိတ
( ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီး )

# ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏
# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ




ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း
ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ

# မာတိကာ

## အခန်း(၁)။ ။ထေရုပ္ပတ္တိနှင့် ဩဝါဒတရားများ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာတော်၏ ထေရုပ္ပတ္တိ .... | ၂ |
| ၂။ | တရားအားထုတ်ရာ၌ ရှေးဦးမှတ်ဖွယ် .... | ၂၇ |
| ၃။ | ဘုရားထိုင်ပုံထိုင်နည်း .... | ၄၀ |
| ၄။ | ခေတ် ၆-ပါး ကမ္မဋ္ဌာန်း .... | ၄၆ |
| ၅။ | ဉာဏ်စဉ်အကြောင်း .... | ၅၈ |
| ၆။ | "မြင်-ကြား-နံ-စား-ထိ-သိ"တိုင်း ဖြစ်ပျက်ရှု | ၆၃ |
| ၇။ | ပုန်းအောင်းပြီး ချောင်းဖမ်းပါ .... | ၆၈ |
| ၈။ | မဂ်တားဖိုလ်တား နီဝရဏတရား (အဖုံးငါးချပ်ဖွင့် တရားတော်) .... | ၇၁ |
| ၉။ | တဏှာ နှင့် ကံ .... | ၇၈ |
| ၁၀။ | အမဲရိုးကိုက်တဲ့ ခွေးလို .... | ၈၅ |
| ၁၁။ | သားတစ်ရတဲ့ ကျီးလို .... | ၉၁ |
| ၁၂။ | သပိတ်သွက်လွတ်တရားတော် .... | ၉၈ |
| ၁၃။ | ကထိန်ရေစက်ချတရားတော်(ဒုတိယနောက်ဆုံး) | ၁၀၁ |
| ၁၄။ | ရထားထွက်ခါနီးပြီ(နောက်ဆုံးတရားတော်) | ၁၁၀ |

## အခန်း(၂)။ ။သစ္စာအနက် ၁၆-ချက်တရားတော်


| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၅။ | ဒုက္ခသစ္စာ၏ ပီဠနဋ္ဌအနက်(၁) | .... | ၁၂၁ |
| ၁၆။ | သောတာပန်ဖြစ်ကြောင်း အင်္ဂါနှစ်ပါး | .... | ၁၃၂ |
| ၁၇။ | ဒုက္ခသစ္စာ၏ သင်္ခတဋ္ဌအနက်(၂) | .... | ၁၄၀ |
| ၁၈။ | သစ္စာတရားနှာ ပွားများ | .... | ၁၅၂ |
| ၁၉။ | ဒုက္ခသစ္စာ၏ သန္တာပဋ္ဌအနက်(၃) | .... | ၁၆၁ |
| ၂၀။ | ဒုက္ခသစ္စာ၏ ဝိပရိဏာမဋ္ဌအနက်(၄) | .... | ၁၆၅ |
| ၂၁။ | ဝေဒနာ နှင့် တဏှာ | .... | ၁၇၂ |
| ၂၂။ | သမုဒယသစ္စာ၏ အာယူဟနဋ္ဌအနက်(၈) | .... | ၁၈၂ |
| ၂၃။ | ဝေဒနာနုပဿနာ | .... | ၁၈၈ |
| ၂၄။ | သမုဒယသစ္စာ၏ နိဒါနဋ္ဌအနက်(၂) | .... | ၁၉၄ |
| ၂၅။ | ဝေဒနာနှင့် သက္ကာယဒိဋ္ဌိ | .... | ၂၀၃ |
| ၂၆။ | သမုဒယသစ္စာ၏ သံယောဂဋ္ဌအနက်(၃) | .... | ၂၁၄ |
| ၂၇။ | ခန္ဓာငါးပါးနှင့် သက္ကာယဒိဋ္ဌိ | .... | ၂၂၃ |
| ၂၈။ | သမုဒယသစ္စာ၏ ပလိဗောဓဋ္ဌအနက်(၄) | .... | ၂၃၃ |
| ၂၉။ | ဝဋ္ဋ်သုံးပါးလည်ပုံ | .... | ၂၃၇ |
| ၃၀။ | နိရောဓသစ္စာ၏ နိဿရဏဋ္ဌအနက်(၁) | .... | ၂၄၆ |
| ၃၁။ | ရုပ်နာမ်တို့၏ နှောင့်ယှက်ခြင်းသဘော | .... | ၂၅၂ |
| ၃၂။ | နိရောဓသစ္စာ၏ ဝိဝေကဋ္ဌအနက် (၂) | .... | ၂၆၁ |
| ၃၃။ | သင်္ခတသဘော | .... | ၂၆၉ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၄။ | နိရောဓသစ္စာ၏ အသင်္ခတဋ္ဌအနက်(၃) | .... | ၂၇၈ |
| ၃၅။ | နိရောဓသစ္စာ၏ အမတဋ္ဌအနက်(၄) | .... | ၂၈၄ |
| ၃၆။ | မဂ္ဂသစ္စာ၏ နိယျာနဋ္ဌအနက်(၁) | .... | ၂၉၃ |
| ၃၇။ | တဏှာသမုဒယ၏ အကောက်သွားပုံ | .... | ၃၀၅ |
| ၃၈။ | မဂ္ဂသစ္စာ၏ (အဖြောင့်သွားပုံ) ဟေတွဋ္ဌ အနက် (၂) | .... | ၃၁၅ |
| ၃၉။ | မဂ္ဂသစ္စာ၏ ဒဿနဋ္ဌအနက်(၃) | .... | ၃၂၃ |
| ၄၀။ | ပုထုဇဉ်နှင့် ဒွန်းစဏ္ဍား | .... | ၃၃၅ |
| ၄၁။ | မဂ္ဂသစ္စာ၏အဓိပတေယျဋ္ဌအနက်(၄) | .... | ၃၅၃ |

# စာရေးသူ၏အမှာ

အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဝိပဿနာ ဓမ္မကထိကလောကတွင် လွန်စွာထင်ရှားကျော်စောသည့် ဆရာတော်ကြီးတပါး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်တွင် ဝိပဿနာတရားတော်များကို မနားမနေ လှည့်လည် ဟောကြားခဲ့ရာ၊ တရားပေါင်းမှာလွန်စွာများပြားလှပါသည်။ ထိုဆရာတော်ကြီး၏တရားတော်များကို အသံသွင်းတိတ်ခွေဖြင့် အသံဖမ်းယူ မှတ်တမ်းတင်ခဲ့သည်မှာ လွန်စွာမှ ကျေးဇူးများလှပါသည်။ ထိုတိတ်ခွေတို့မှ အများစုကို ကူးယူပြီး မူရင်းအတိုင်း စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ရာ၊ ယခုအထိ စာအုပ်ပေါင်း (၃၅) အုပ် ရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အဓိကအခြေခံပြီး သစ္စာလေးပိုင်း ဓမ္မစကြာဝိုင်း အတွင်းမှာလှည့်ပြီး ဗုဒ္ဓအလိုတော်ကျ ဝိပဿနာတရားများကို ဟောကြားလေ့ရှိပါသည်။ ဆရာတော်ကြီးသည် နက်နဲလှသော ဝိပဿနာတရားတော်များကို အလွန်ရှင်းလင်းပြတ်သားပြီး၊ အထူးပြောင်မြောက် ထိရောက်စွာ ဟောကြားနိုင်စွမ်းရှိသဖြင့်၊ တရားနာယူဖတ်ရှုသူတို့၏ စိတ်သန္တာန်၌ စူးဝင်နစ်မြုပ်သွားပြီး တရားသဘောကို အထူးနားလည် သဘောပေါက်သွားစေပါသည်။ ထို့ကြောင့်ပင် မြန်မာပြည်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင် သူတော်-

ငင် အပေါင်းတို့သည် ဆရာတော်ကြီး၏ ဝိပဿနာတရားတော် တို့ကို တိတ်ခွေများဖြင့်တဖုံ၊ စာအုပ်ဖြင့်တနည်း ကြားနာ ဖတ်ရှု လေ့လာကြပြီး ဗုဒ္ဓတရားတော်၏ ဒ မြိုက်အရသာကို ခံစားလေ့ရှိကြပါသည်။

ကျွန်ုပ်သည် ထိုတရားတော်များကို နာယူ ဖတ်ရှု လေ့လာ ကြည့်ရာ လွန်စွာ နှစ်ထောင်းအားရ ရှိခဲ့သဖြင့်၊အကြိမ်များစွာ ထပ်ထပ်ပါနေသည့် အချက်တွေကို တူရာပေါင်းကာ စုစည်း ပြီး ဝိပဿနာဓမ္မမိတ်ဆွေတို့အကျိုးငှာ ပြန်လည်ရေးသားရလျှင် ကောင်းလေစွဟုစိတ်ကူးခဲ့ပါသည်။ ထိုစိတ်ကူးအရ ကြိုးစား အားထုတ်လေရာ ပွဲဦးထွက်အနေဖြင့် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်ကျင့်စဉ် (စာမျက်နှာ ငါးရာခန့်) နှင့်တကွ သစ္စာ လေးပါးကို သီးသန့်ဟောထားသည့် စာအုပ် ၂ အုပ်(စာမျက် နှာ တထောင်ခန့်)တို့ကို စုပေါင်း၍ အကျဉ်းချုပ် အနှစ်ထုတ် ရေးသားပြီး စာအုပ်တအုပ်ကို ရေးသားထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်ကို ဖတ်ရှုလိုက်လျှင် ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး တော်များကို ကြည်ညိုသဒ္ဒါပွားပြီး ဆရာတော်ဘုရားကြီး ၏ ဝိပဿနာဆိုင်ရာ သိကောင်းစရာများနှင့်တကွ သစ္စာလေး ချက်၊ အနက် ၁၆-ချက်တို့ကို ကွင်းကွင်းကွက်ကွက် နားလည် သဘောပေါက်သွားကြပါလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြင့်ဆွေ
(မဟာဝိဇ္ဇာ—လန်ဒန်)
၃-၃-၇၃

အခန်း (၁)

# ထေရုပ္ပတ္တိ နှင့် ဩဝါဒတရားများ

## ၁။ ဆရာတော်၏ ထေရုပ္ပတ္တိ

မိုးကုတ်ဆရာတော်လောင်းလျာသည် မန္တလေးခရိုင်၊ မြစ်ငယ်မြို့နယ်၊ ဒုဋ္ဌဝတီမြစ်တဖက်ကမ်းရှိ၊ "ဥယျာဉ်တော်"ရွာ၌ ကုန်သည်ကြီး ဦးအောင်ထွန်း၊ ဒေါ်ရွှေအိတ်တို့မှ မွေးဖွားသော သားသမီး ၈-ဦးတို့တွင် ပဥ္စမမြောက် သားအဖြစ် '၁၂၆၈' ခုနှစ် နတ်တော်လဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ 'မောင်လှဘော်' ဖြစ်သည်။ မောင်နှမသားချင်း ၈-ဦးတို့မှာ ဒေါ်တင်၊ ဒေါ်လုံး၊ ဒေါ်ရွှေပင် (နောင်တွင် သီလရှင်ဝတ်၍ ဒေါ်သုစာရီဟု တွင်သည်)၊ ဦးလှဘော် (မိုးကုတ်ဆရာတော်)၊ ဒေါ်လှရှင်၊ ဒေါ်လှခင်၊ ဦးသောင်း တို့ဖြစ်သည်။

အသက် (၄)နှစ်အရွယ်တွင် မိဘများက မောင်လှဘော်ကို ဥယျာဉ်တော်ရွာရှိ မူလတန်း ကျောင်းဆရာကြီး 'ဦးစံရ' ထံတွင် ပညာသင်ရန် အပ်နှံသည်။ မောင်လှဘော်သည် ထို ဦးစံရ ကျောင်းတွင် ၄-တန်းအောင်မြင်သည်အထိ ပညာသင်ခဲ့သည်။ ထိုနောက် အသက် (၉)နှစ် အရွယ်တွင် ဥယျာဉ်တော်ရွာရှိ ဝေါးပင်တောရကျောင်း ဆရာတော် 'ဦးဇာဂရ' ထံတွင် ရှင်သာ

မကျောပြုသည်။ ဘွဲ့အမည်မှာ '**ရှင်ဝိမလ**' ဖြစ်၏။ ရှင်ဝိမလသည် ဆရာတော် ဦးဇာဂရထံမှ ရှင်ကျင့်ဝတ် သဒ္ဒါ သင်္ဂြိုဟ်စသည့် လောကုတ္တရာ အခြေခံ စာပေများကို ကြိုးစားသင်ယူသည်။ ရှင်ဝိမလသည် ဉာဏ်ထက်သူဖြစ်၍ ငယ်ပင်ငယ်သော်လည်း ဆရာတော်သင်ပေးသည့် စာပေကျမ်းဂန်တို့ကို အလွယ်တကူ တတ်မြောက်သည်။ သူသည် စာတော်သည်သာမက သီလပေးခြင်း၊ ရေစက်ချခြင်း၊ တရားဟောခြင်းတို့၌လည်း ကျွမ်းကျင်သမှု အလေ့အလာပြုခဲ့သည်။ သူသည် သီလစင်ကြယ်စွာနေထိုင်ပြီး ဆရာတော်အားလည်း ဝတ်ကြီးဝတ်ငယ်များ မလစ်ဟင်းအောင် ပြုစုပေးလေသည်။

ရှင်ဝိမလသည် ထိုဆရာတော်ထံမှာပင် အခြေခံပရိယတ်စာပေများကို ကောင်းစွာသင်ယူလေသည်။ သူသည် အသက် (၁၂) နှစ် အရွယ်တွင် တနေ့သ၌ သက်န်းတန်းပေါ်၌ မိမိသင်္ကန်းကို ခေါက်တင်ထားရာ ပျားကောင်တွေပျံသန်းလာပြီး ထိုသင်္ကန်းပေါ်၌ အုံဖွဲ့စုံကြလေသည်။ ထိုအခြင်းအရာကို မြင်သောအခါ၊ ဂွေးပင်တောရဆရာတော်က ဤသာမဏေသည် နောင်တွင် ပညာထူးချွန်ကာ အကျော်အမော် ဆရာတော်တပါးဖြစ်မည်ဟု အမိန့်ရှိလေသည်။ နောက် ထိုဆရာတော် အသက်အရွယ်အိုမင်း၍ စာပေကျမ်းဂန်များ မပို့ချနိုင်သောအခါ ရှင်ဝိမလသည် မိဘများနှင့် ဆရာတော်ကို ခွင့်ပန်ကြားပြီး အမရပူရမြို့မင်္ဂလာကျောင်းတိုက်သို့သွားရောက်၍တိုက်အုပ်ဆရာတော် '**ဦးသုဇာတ**' ထံတွင် ပရိယတ္တိစာပေကို ဆက်လက်သင်ယူလေသည်။ ရှင်ဝိမလသည် ပရိယတ္တိစာပေသင်ကြားရာ

တွင် အရှယ်နှင့်မလိုက်အောင် တတ်မြောက်လာသည့်အပြင် တရားဓမ္မဟောပြောရာ၌လည်း မကြောက်မရွံ့ရဲရင့်စွာ ဟော ပြောနိုင်စွမ်းရှိပေသည်။ သီဘင်းတိုင်းလိုလိုပင် ရပ်ကွက်ဓမ္မာရုံ များ၌ သီလပေး တရားဟော ဓေစကျ်ချ လုပ်ဆောင်လေသည်။ ထိုအခါ ဆရာတော်က ရှင်ဝိမလအား စာပေပရိယတ် သင် ကြားရေး၌အနှောက်အယှက်ဖြစ်မည်စိုး၍ ထိုတရားဟောခြင်း အလုပ်ကို မပြုလုပ်ရန် တားမြစ်လေသည်။

ထိုအချိန်တွင် မင်္ဂလာတိုက်အနီး (ယခု သီလရှင်ဆရာကြီး များနေထိုင်သော ကျောင်းတိုက်နေရာ) ဇရပ်ကြီး၌ အဘိ ဓမ္မာပါရဂူ ပထမကျော် ဆရာကြီး ‘ဦးအုန်း’ သည် ရဟန်းတော် များအား အဘိဓမ္မာဆိုင်ရာ မာတိကာ၊ ဓာတုကထာ၊ယမိုက်၊ ပဋ္ဌာန်းကျမ်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။ ထိုအခါ အစ်မရင်းဖြစ်သူ ဒေါ်သုစာရီက ရှင်ဝိမလကို ဆရာကြီးဦးအုန်း ထံတွင် အပ်နှံ၍ အဘိဓမ္မာဩဝါဒစာပေများကို သင်ယူစေလေ သည်။ ရှင်ဝိမလသည် သာမဏေဘဝကပင် အဘိဓမ္မာဆိုင်ရာ ကျမ်းဂန်များကို ကောင်းစွာ သင်ကြား တတ်မြောက်လေ သည်။

**ရဟန်းပြုခြင်း။** ။ရှင်ဝိမလသည် ၁၂၈၁-ခု၊ ဝါဆိုလဆန်း (၈)ရက်နေ့တွင် အသက် ၂၀ ခန့်ရှိပြီဖြစ်၍၊မင်္ဂလာကျောင်း တိုက်အုပ်ဆရာတော် ဦးသုဇာတကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်း အဖြစ်ကိုခံယူလေသည်။ ရဟန်းအဖြစ်ကို ရရှိပြီးနောက် သိမ်မှ ထွက်၍ မင်္ဂလာတိုက်အတွင်းရှိ မိမိနေထိုင်ရာ မကုဋကျောင်းသို့

ပြန်ပြီး ချေးစိုနေသည့်သင်္ကန်းကိုသင်္ကန်းတန်းပေါ်၌တင်လှန်းသော်၊မိနစ်ပိုင်းအတွင်းမှာပင် ပျားကောင်တွေပျံသန်းလာပြီး ထိုသင်္ကန်း၌ အုံဖွဲ့ကာ ဒုတိယအကြိမ်စွဲပြန်လေသည်။ ထိုအခြင်းအရာကိုမြင်လျှင် အောင်ခြင်းရှစ်ပါး ဆရာတော်က ဤပျားစွဲခြင်းလက္ခဏာအရ ဤပုဂ္ဂိုလ်သည် ယခုဘဝ၌ပင် တရားထူးတရားမြတ် ရရှိနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်လိမ့်မည်ဟု အမိန့်ရှိဖူးလေသည်။

**ဦးဝိမလသည်** ထိုမင်္ဂလာတိုက်၌နေလျက် ဆရာကြီးဦးအုန်းထံ၌ ဆက်လက်၍ အဘိဓမ္မာကျမ်းဂန်များကို အားထုတ်သင်ယူ၍ ကောင်းစွာ တတ်မြောက်သောအခါ ဆရာကြီးက သူ့ကိုမိမိကိုယ်စား စာသင်သားများအား ရုံဖန်ရံခါ အဘိဓမ္မာညဝါစာပေများကို သင်ကြားပို့ချရန် လွှဲအပ်စေခိုင်းလေသည်။ ဦးဝိမလသည် အမရပူရခေါ် တောင်မြို့၌ ပရိယတ်သင်ကြားမှုကို အားရတင်းတိမ်ခြင်းမရှိသေးပဲ နိကာယ်ငါးရပ် ပိဋကတ်စာပေ ကျမ်းဂန်များကို ဆက်လက်သင်ကြားလိုသဖြင့် နေ့စဉ်မီးရထားဖြင့် မန္တလေးသို့ သွား၍ ကျမ်းတတ်အကျော် ဆရာတော်များဖြစ်ကြသည့် (၁) ခေမာသီဝံဆရာတော် (၂)ဘုရားကြီးတိုက်ဆရာတော်ဦးခန္တီ (၃) ရွှေရေးဆောင်တိုက် ဆရာတော် အရှင်အာဒိစ္စရံသီတို့ထံ၌ ပရိယတ္တိစာပေကို မနားမနေဆက်လက်သင်ယူပြန်လေသည်။

**စာချကျမ်းပြုခြင်း။** ။၁၂၈၆ ခုနှစ် (၅-ဝါအရ) မှစ၍ ဦးဝိမလသည် မင်္ဂလာတိုက်အတွင်းရှိ အသစ်ဆောက်လုပ်

သော "အလယ်ပိဋကတိုက်ကျောင်း" ကြီးတွင် သီတင်းသုံးလျက် မိမိထံ ပညာသင်ရန် ထက်-အောက် မြန်ပြည်တခွင်မှ ကြွရောက်လာကြသော စာသင်သား များစွာတို့အား နှစ်ပေါင်း ၃၀ တိုင်တိုင် အဘိဓမ္မာဆိုင်ရာ "မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်း" တည်းဟူသော ပင်မကျမ်းကြီး ၃-မျိုးကို တနှစ်လျှင် ၃ ခေါက် ပို့ချလေသည်။ ထို့ပြင် ၁၂၈၆ ခုမှစ၍ အစဉ်အမြဲ တရားပွဲများ ကျင်းပကာ ရဟန်းရှင်လူ တရားနာပရိသတ်တို့အား "ဒါန၊ သီလ၊ သမထ" တရားများနှင့် သစ္စာဆိုက် ၁န္တာညာဏ်ရောက် တရားများ နိဗ္ဗာန်ရောက်ကြောင်းတရားများ)ကို ဟောကြားလေသည်။

ထို့ပြင်အဘိဓမ္မာ၌ အခက်ကြုံတွေ့နေကြသည့် စာသင်သားတို့အား ရည်စူး၍ "**အဘိဓမ္မာညဝါတံခွန်**" ကျမ်းကြီးကို ဆရာကြီးဦးအုန်း ရေးသားပြုစုရာ မပြီးစီးပဲ ကွယ်လွန်သွားသဖြင့် ဆရာတော်ဦးဝိမလက ထိုကျမ်းကို အပြီးသတ်အချောကိုင် ရေးသားပြုစုခဲ့ပေသည်။ ထို့ပြင် "**ယမကာမဥ္စရီ**" ကျမ်းနှင့် "**ပုထုဇ္ဇနအလင်းပြ**" ကျမ်းများကိုလည်း ရေးသားခဲ့ပေသည်။

**တရားသံဝေဂရခြင်း** ။ ။ ထိုသို့ စာချ တရားဟောနေသောအခါ အောင်ခြင်းရှစ်ပါးဆရာတော် ဦးနာဂဝံသက ဆရာတော်ဦးဝိမလအား၊ "စာချတာဟာ ကုသိုလ်ရရုံပဲရှိတယ်။ တရားဟောတာလဲ ကုသိုလ်ရရုံပဲရှိတယ်။ မိမိရဟန်းကိစ္စပြီးအောင် အလျှင်လုပ်ပါဦးဟု" ဆုံးမဩဝါဒပေးသေ

သည်။ ဆရာတော်ဦးဝိမလသည် ထိုအချိန်မှစ၍ သတိသံဝေဂ ရပြီး မိမိသီတင်းသုံးရာ တိုက်ကျောင်းကြီးတွင် အချိန်အနည်း ငယ်သာ ကျိန်းစက်ပြီးသန်းခေါင်ကျော်မှစ၍ သဒ္ဓါနှင့်ဝီရိယ ကိုစွဲကိုင်လျက် ဝိပဿနာကမ္မဋ္ဌာန်းကို ပွားများ အားထုတ် လေတော့သည်။ ဆရာတော်သည်ဓမ္မပဒ ပါဠိတော် အင်္ဂုတ္တိုရ် ပါဠိတော် သံယုတ်ပါဠိတော်များကို ကောင်းစွာပြန်လည် လေ့လာကြည့်ရှုလျက် (၁) **ဉာတပရိညာ**=နာမ်ရုပ်ကိုပိုင်းခြား ၍သိမှု (၂) တီရဏပရိညာ=နာမ်ရုပ်တို့၏အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ပိုင်းခြား၍သိမှု (၃) **ပဟာနပရိညာ**= သစ္စာလေးပါးကို ပိုင်းခြား၍သိမှု၊ ကိလေသာတို့ကို ပယ်မှု တည်းဟူသော ပရိညာ ၃-ပါး=ဉာဏ် ၃-ဆင့်သည်သာလျှင် သာဝကအရာဟု တွေ့ရှိ၍ ယင်းတို့ကို ကိုယ်တိုင်ကျင့်ကြံ အား ထုတ်ပြီးမှ ထိုတရားများကို ဟောကြားလေသည်။

ဆရာတော်သည် ခန္ဓာ ၅ ပါး၊ ရုပ်နာမ်နှစ်ပါးတို့၏ ခဏမစဲ အမြဲမပြတ် ဖြစ်ပျက်နေသည့် ခဏိကမရဏသဘောကို မပြတ်နှလုံးသွင်းလေသည်။ ဆရာတော်သည် မိမိဆောင်ရွက် ရမည့် ကိစ္စအဝဝတို့ကို သူ့အချိန်နှင့်သူ ပိုင်းခြား၍ မလစ်ဟင်း မပျက်ကွက်ရအောင် အချိန်ကို လေးစားတိကျစွာ လုပ်ဆောင် လေ့ရှိသည်။ အချိန်ပျက်ကွက်မည်စိုး၍ ပင့်ဖိတ်သည့် အလှူ အတန်းများကိုပင် ကိုယ်တိုင်မလိုက်ပဲ တပည့်များကို ကိုယ်စား လွှတ်လေ့ရှိသည်။ ဆရာတော်လုပ်ဆောင်လေ့ရှိသည့် အချိန် ဇယားမှာ ဤသို့ဖြစ်ပါသည်။

(၁) နံနက်၄-၅နာရီတွင် ဘုရားဝတ်ပြုပြီး ဝိပဿနာရှုပွား သည်။

(၂) နံနက်၅-၆နာရီတွင် ယာဂုစသည် ဘုဉ်းပေး၍ အလှူ ဒကာများအား ဩဝါဒပေးသည်။

(၃) ၆-၇နာရီတွင် ကျောင်းတိုက်အပြင်ဘက်ထွက်၍ လမ်း လျှောက်သည်။

(၄) ၇-၉နာရီတွင် တပည့်ဒကာများအား လက်ခံတွေ့ရှိ ဩဝါဒပေးသည်။

(၅) ၉-၁၁နာရီတွင် ဆွမ်းဘုဉ်းပေး၍ ဒကာများအား တရားဟောပြောသည်။

(၆) ၁၁-၁၂နာရီတွင် လဘက်ရည်စသည် ဘုဉ်းပေးပြီး ရေချိုးသည်။

(၇) နေ့၁၂-၁နာရီတွင်အပန်းဖြေအနားယူယင်းဝိပဿနာ ရှုပွားသည်။

(၈) ၁-၄နာရီတွင် စာသင်သားများအား အဘိဓမ္မာ ကျမ်းဂန်များ ပို့ချသည်။

(၉ ညနေ၄-၅နာရီတွင် အနားနေအပန်းဖြေယင်း ဝိပဿ နာရှုပွားသည်။

(၁၀) ၅-၆နာရီတွင် ဘုရားဇရပ်ကြီး၂-ခု၌ တလှည့်စီတရား ဟောသည်။

(၁၁) ညနေ၆-၇နာရီတွင် မင်္ဂလာတိုက်အတွင်း၌ စင်္ကြံ လျှောက်သည်။

(၁၂) ည၇-၉နာရီတွင်အထောက်တပည့်ကြီးများနှင့်နောက် တနေ့ပို့ချမည့် အဘိဓမ္မာည၀ါများကို ကြိုတင်ပြင် ဆင်သည်။

(၁၃) ၉-၁၀နာရီတွင် တပည့်များ၏ ဝတ်ဖြည့်ခြင်းကို ခံသည်။

**မင်းကွန်းမိုးကုတ်ကျောင်း၌ စာပေပို့ချခြင်း**

မိုးကုတ်မြို့ ဦးဝ၏သမီး သီလရှင် "ဒေါ်ဝိလာသီ" သည် ဆရာကြီးဦးအုန်းထံမှ အဘိဓမ္မာ ည၀ါဆိုင်ရာ ကျမ်းဂန်များ ကို သင်ယူပြီးနောက် မင်းကွန်း မိုးကုတ်ချောင်သို့ပြန်၍ တပည့်သီလရှင်များအား စာပေပို့ချလေသည်။ ထိုသီလရှင်၏ ပင့်လျှောက်ချက်အရ ဆရာတော်သည် ၁၂၈၆-ခု (၅-ဝါ အရ) တွင် ထိုမိုးကုတ်ချောင်သို့ ကြွရောက်၍ ဆောင်းရာသီ ၄-လပတ်လုံး စာသင်သားတို့အားစာပေပို့ချသီတင်းသုံးလေ သည်။ ထိုအကြောင်းကို ကြားသိ၍ နီးဝေးရပ်ရွာ လေးမျက် နှာမှ စာသင်သားများ လာရောက်၍ တနေ့တခြား များပြား လာပြီး နေရာမလုံလောက်သဖြင့် မိုးကုတ်မြို့မှ ဒကာဒကာမ များက လာရောက်၍ ကျောင်းဆောက်ကြလေသည်။ ဤသို့ လျှင် သီလရှင်ဆရာကြီး ဒေါ်ဝိလာသီကို အကြောင်းပြု၍ ဆရာတော်နှင့် မိုးကုတ်မြို့မှ ဒကာဒကာမများ ရင်းနှီး သွားလေသည်။ ဆရာတော်သည် ဆောင်း ၄-လစာချပြီး နောက် ကျန်လများတွင် မင်္ဂလာတိုက်သို့ ပြန်ကြွ၍ စာပေ ပို့ချလေသည်။

## ညောင်လေးပင်မြို့သို့ ကြွရောက် တရားဟောခြင်း

"၁၂၈၁" ခုနှစ်တွင် လယ်တီဆရာတော်သည် ညောင်လေးပင်မြို့ ရွာမရပ်ရှိ ပြည်လုံးချမ်းသာ စေတီတော်၌ ဘုရားပွဲကျင်းပ ပွဲကနေစဉ် ရောက်ရှိသွားသောအခါ "တနှစ်တခါ ငါ့ရွာလူ့ရွာဘုရားပွဲဆိုတာနဲ့ တူနေတယ်။ ဘုရားပွဲမှာ ဇာတ်သဘင်ပွဲမခံကြပါနှင့် တရားပွဲသက်သက်ကိုသာ လုပ်ကြပါ။ ငါ့ကို ဇာတ်ပွဲတွေလှူကြပါ" ဟုဆို၍ အလှူခံရာ ဘုရားလူကြီးများ ကလှူလိုက်ကြသည်။ သို့ဖြစ်၍ ၁၂၈၂ ခုနှစ်မှစပြီး ထိုဘုရားပွဲတွင် လယ်တီဂိုဏ်းဆိုင်ရာ "သစ်ချတောင် ဦးတိလောက၊ ဦးပဏ္ဍိတ၊ ဦးစန္ဒိမာ၊ ဦးပဒုမစသော ဆရာတော်များကြွရောက်၍ တရားဟောကြလေသည်။ ၁၂၉၁ ခုနှစ်တွင်ကား စစ်ကိုင်းတောင်ရိုး ဇမ္ဗုပတိချောင် လယ်တီစာချ ဓမ္မကထိက ဆရာတော် ဦးပဒုမသည် မကျန်းမာ၍ တရားဟောမလိုက်နိုင်သဖြင့် ညောင်လေးပင်မြို့မှ ဘုရားလူကြီးများအား ဆရာတော် ဦးဝိမလကို စာရေးပေး၍ သွားပင့်ခိုင်းစေသည်။ ဆရာတော် ဦးဝိမလသည် အကြောင်းမညီညွတ်၍ ထိုနှစ်တွင်မကြွဖြစ်ချေ။

နောက် "၁၂၉၂" ခုနှစ်တွင် ထိုကဲ့သို့ ထပ်မံပင့်သောအခါ ဆရာတော်ဦးဝိမလသည် တပေါင်းလဆန်း ၆ ရက်နေ့တွင် ပထမဆုံး ညောင်လေးပင်သို့ ကြွရောက်၍ ၈ ရက်နေ့မှစပြီး အဘိဓမ္မာတရားများကို ဟောကြားလေသည်။ ထိုနှစ်မှစ၍ ၉ နှစ်တိုင်တိုင်ပင် ဆရာတော်သည် တပေါင်းလဆန်း ၈-ရက်နေ့တိုင်း နှစ်စဉ်ကျင်းပမြဲ ထိုဘုရားပွဲသို့ ကြွရောက်၍ အဘိဓမ္မာတရားများကို ဟောကြားလေသည်။ ထို့ကြောင့်

ဆရာတော်သည် ညောင်လေးပင် မြို့သူမြို့သားများနှင့် လွန်စွာရင်းနှီးခဲ့လေသည်။ နောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ ထိုတရားပွဲ မကျင်းပနိုင်သဖြင့် ဆရာတော် မကြွဖြစ်တော့ချေ။ နောက် ၁၃၁၆-ခုနှစ်တွင်မှတဖန် ထိုမြို့သို့ကြွ၍ မြို့လူထုကြီးအား တရားဟောလေသည်။ ၁၃၁၇-ခုနှစ်တွင်ကား ဟောမြဲဌာန ပြည်လုံးချမ်းသာစေတီတော်နှင့် မြို့မမီးသတ်ကွင်းကြီးထဲ၌ ၁၆-ရက်တိုင်တိုင် များပြားလှသော ပရိသတ်ကြီးအား အလွန်နက်ခဲ ခက်ခဲလှသော ဝိပဿနာ တရားတော်များကို နားလည်သဘောပေါက်အောင် ဟောပြောလေသည်။ ဤ ၁၁-ကြိမ်မြောက်ကြွခြင်းကား နောက်ဆုံးကြွခြင်းပေတည်း။

## မိုးကုတ်မြို့သို့ ကြွရောက်ခြင်း

"၁၂၉၄" ခုနှစ်တွင် မိုးကုတ်မြို့မှ ကျောင်းဒကာကြီး ဦးလယ်၊ ဒေါ်သိုင်းခြုံတို့၏ ပင့်လျှောက်ချက်အရ ဆရာတော်သည် မိုးကုတ်မြို့သို့ကြွရောက်၍ မိုးကုတ်အရှေ့ရွာကျောင်း၌ သီတင်းသုံးကာ မြို့သူမြို့သားများအား တရားဓမ္မဟောကြားလေသည်။ ၁၂၉၅-ခုနှစ်တွင်လည်း ဆရာတော်သည် မိုးကုတ်မြို့သို့ကြွ၍ နတ်မွန်ကျောင်းတိုက်၌ သီတင်းသုံးလျက် တရားဓမ္မများ ဟောကြားလေသည်။ ၁၂၉၆-ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည့်အချိန်အထိ မိုးကုတ်မြို့သို့ နှစ်စဉ်ကြွ၍ မိုးကုတ်မြို့ သုဿာန်ကျောင်းတွင် သီတင်းသုံးလျက် တရားဓမ္မများကို ဟောကြားလေသည်။ထိုသို့ ဟောကြားပြီးနောက် ဝါဆိုချိန်နီးမှ အမရပူရမြို့ မင်္ဂလာတိုက်သို့ ပြန်ကြွ၍ သီတင်း

သုံးလေသည်။ မိုးကုတ်မြို့မှ ဒကာ ဒကာမတို့သည် ဆရာတော်၏ တရားများကို လွန်စွာနှစ်သက်ကြသဖြင့် ၁၂၉၇ခု-နှစ်ကစပြီး မဂ်လာတိုက်အတွင်း၌ ကျောင်းများကို ဆောက်လုပ်လှူဒါန်းကြလေသည်။ ထိုကျောင်းများကို မိုးကုတ်ကျောင်းဟု ခေါ်တွင်သည်။ ဆရာတော်သည် ထို မိုးကုတ်ကျောင်းများတွင် ဝါကပ်သီတင်းသုံးလျက် စာပေပို့ချခြင်း တရားဟောခြင်းများကို ပြုလေသည်။

ဆရာတော်သည် အမရပူရမြို့ မင်းကွန်း မိုးကုတ်ချောင်၊ ညောင်လေးပင်မြို့နှင့် မိုးကုတ်မြို့များသို့ နှစ်စဉ်သည့်လည်၍ သီတင်းသုံးလျက် တရားမွေများ ဟောကြားလေသည်။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်လာသောအခါ မြန်မာနိုင်ငံ၌လည်း အခြေအနေမှာ တနေ့တခြား ဆိုးဝါးလာလေသည်။ ထိုအခါ ဆရာတော်သည် စစ်ကိုတိမ်းရှောင်သောအားဖြင့် မင်းကွန်း မိုးကုတ်ချောင်သို့ကြွရောက်သီတင်းသုံးလေသည်။ တဖန် စစ်မီးကြီးပျံ့နှံ့လာသောအခါ (၁၃၀၃-ခုနှစ်မှစ၍စစ်ကြီးအတွင်း၌) မိုးကုတ်မြို့သို့ ကြွရောက်ကာ သုဿာန်ကျောင်း၌ သီတင်းသုံးလေသည်။ မိုးကုတ်မြို့မှ ၄-မိုင်ခန့် ကွာဝေးသော "ဘော်ဘတန်းရွာ" ဒေါ်ကြီး၏ကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးလေသည်။ ထိုရွာကလေးမှာ ပေလေးထောင်ကျော်မြင့်သည့် တောင်ပေါ်တွင် တည်ရှိသည်။ ထိုတောင်မှာ သဘာဝလိုဏ်ဂူများ ရှိသည်။ ဆရာတော်သည် ဆွမ်းဘုဉ်းပေးချိန်၊ ရေချိုးချိန်၊ ဒကာများအားတရားဟော ဩဝါဒပေးချိန် စသောအချိန်များမှတပါး သဘာဝ ကျောက်လိုဏ်ဂူ၌သာ သီတင်း

သုံး၍ ဝိပဿနာတရား အားထုတ်နေလေ့ရှိသည်။ စစ်ကြီးပြီးသည့်နောက်ပိုင်းအထိ ထိုကျောက်လိုဏ်ဂူမှာပင် ဆက်လက်သီတင်းသုံး၍ တရားအားထုတ်လေသည်။နောက် ဒကာများ၏အတန်တန်ပင့်လျှောက်ချက်အရ မိုးကုတ်မြို့ သုသာန်ကျောင်းသို့ ပြန်ကြွ၍ လူမျိုးစုံပါဝင်သော တရားနာပရိသတ်ကြီးအားတရားဓမ္မ ဟောကြားလေသည်။

ဆရာတော်သည် စစ်ကြီးပြီးဆုံး၍ တိုင်းပြည်အခြေအနေကောင်းလာသောအခါ အမရပူရမြို့သို့ပြန်ကြွ၍ မင်္ဂလာတိုက်၌သီတင်းသုံးလျက် ယခင်အတိုင်း စာပေပို့ချခြင်း တရားဟောခြင်းများကို ပြန်လည်လုပ်ဆောင်လေသည်။ ၁၃၁၆ - ခုနှစ်တွင်မိုးကုတ်မြို့ မြို့မရပ်နေ "ဒေါ်အုံ၊ ဒေါ်ဖုံ"တို့ မိသားစုကမိုးကုတ်မြို့ ထင်းရှူးရပ် ဖောင်တော်ဦးဘုရားအနီး၌ တိုက်ကျောင်းတကျောင်းကို ဆရာတော်သီတင်းသုံးရန် ဆောက်လုပ်လှူဒါန်းပြီး **မိုးကုတ်မြို့မင်္ဂလာတိုက်** ဟု မှည့်ခေါ်လေသည်။ ထိုနောက် အခြားသော မိုးကုတ်မြို့သူမြို့သားများက သိမ်တိုက်ဇရပ်ကြီးများ စကြံကျောင်းများ ကမ္မဋ္ဌာန်းကျောင်းများကိုဆောက်လုပ်လှူဒါန်းကြလေသည်။

ဆရာတော်သည် ဆင်းရဲချမ်းသာမရွေး လူမျိုးမရွေး ဘာသာမရွေးတပြေးတသားတည်းသဘောထားလျက်ဘုရားဟောကျမ်းဂန်များ လာသည့်အတိုင်း တရားတော်များကို အပိုအလိုမရှိ ပြည့်စုံစွာ ဟောကြားလေ့ရှိသောကြောင့် မိုးကုတ်မြို့မင်္ဂလာကျောင်းတိုက်ကြီးဝယ် နေ့စဉ်နေ့တိုင်း များလှစွာ

သော တရားနာပရိသတ်ကြီးမှာ ည ၇-နာရီမှ ၈-နာရီအထိ တရားနာကြလေသည်။ ထိုဓမ္မမိတ်ဆွေများထဲတွင် ပန်ဂျာဗီလူမျိုး ဂူဂျရာတီလူမျိုးများလည်း ပါဝင်သည်။ ထိုသူတို့ နားမလည်သောအချက်များကို စကားပြန်တယောက်ဖြင့် ညနေ ၂-နာရီမှ ၃-နာရီအချိန်တိုင် ဆရာတော်က ရှင်းလင်းဟောပြလေသည်။ ဆရာတော်သည် ဝါဆိုရန်ရက် နီးကပ်မှသာ အမရပူရမြို့သို့ ပြန်ကြွလေ့ရှိသည်။ ဆရာတော်သည် ၁၁-နှစ်တိုင်တိုင် နှစ်ဥ်မပြတ် မိုးကုတ်မြို့သို့ ကြွရောက်သီတင်းသုံးလေ့ ရှိသောကြောင့် မိုးကုတ်ဆရာတော် ဟု အများက ခေါ်စမှတ်ပြုကြလေသည်။ ဆရာတော်သည် မိုးကုတ်မြို့၌ နေစဉ်မှာလည်း အမရပူရမြို့၌ နေသကဲ့သို့ပင် နံနက်၄-နာရီမှစ၍ ည ၁၀-နာရီအထိ သူ့အချိန်နှင့်သူ ဖော်ပြုခြင်း ဝိပဿနာအားထုတ်ခြင်း စကြံလျှောက်ခြင်း လာဘ်ရည်မှို့ ဘုဉ်းပေးခြင်း ဆွမ်းစားခြင်း ဒကာများအားဩဝါဒပေးခြင်း၊ အဘိဓမ္မာကျမ်းဂန်များကို ပို့ချခြင်း တရားပွဲကြီးများကျင်းပ ဟောကြားခြင်းတို့ကို ပြုလုပ်လျက် လူမျိုးခြားတို့အားလည်း အထူးအချိန်ပေး၍ တရားသဘော ရှင်းလင်းဟောကြားလေသည်။

## သီဟိုဠ်မဟာစေတီတော်အတွက် စိန်ဖူးလှူခြင်းကိစ္စ ဆောင်ရွက်ခြင်း

မိုးကုတ်မြို့သည် ကျောက်မျက်ရတနာများ ပေါကြွယ်ဝသည်နှင့်အမျှ မြို့သူမြို့သားတို့မှာလည်း သဒ္ဓါတရား ထက်သန်

သူများ ဖြစ်ကြပါသည်။ ထိုအကြောင်းကို ကြားသိရသော သီဟိုဠ်ကျွန်း မဟာစေတီတော် ဂေါပကလူကြီးများသည် ထိုစေတီတော်အတွက် စိန်ဖူးဖြစ်မြောက်ရန် မိုးကုတ်ဆရာတော် ဦးဝိမလထံ ချဉ်းကပ်၍ ဆောင်ရွက်ရန် ဆုံးဖြတ်ကြလေသည်။ ထိုအချိန်လောက်မှာပင် ဆရာတော်သည်"သီဟိုဠ်သို့ ကောင်းကင်ဖြင့်ကြွ၍ မဟာစေတီတော်ကို ဖူးမျှော်ကန်တော့ပြီး သန့်ရှင်းပြုပြင်လျက် သာသနာပြုရသည်"ဟုအိပ်မက်မက်လေသည်။ ထိုနောက် ဆရာတော်သည် မဟာစေတီတော် ဂေါပကအဖွဲ့မှ ထိုဆုံးဖြတ်ချက်အရ "စိန်ဖူးတော် ဖြစ်မြောက်ရေးကို ဆောင်ရွက်ပေးရန် ပန်ကြားစာ"ကို ရရှိလေသည်။ ဆရာတော်သည် ထိုစာအရ မိုးကုတ်မြို့ မြို့မျက်နှာဖုံးလူကြီးများနှင့် တိုင်ပင်ပြီး "စိန်ဖူးတော် ဖြစ် မြောက် ရေး ကို ဆောင် ရွက် ပေး မည့် အကြောင်း"ကိုဂေါပကလူကြီးများထံ စာပြန်လိုက်လေသည်။

ထိုကြောင့် သီဟိုဠ်မှ ဆရာတော် ဦးဝိနယာလင်္ကာရသည် များမကြာမီ မိုးကုတ်မြို့သို့ ကြွလာသည်။ မိုးကုတ်ဆရာတော်၊ ဆရာတော်ဦးကောသလ္လနှင့်တကွ မြို့လူကြီးများ ဦးဆောင်ပြီး အလှူခံကြရာ စိန်ဖူးတော်အတွက် ကျောက်သံပတ္တမြား ရွှေငွေ ရတနာ များစွာကို အလှူခံရရှိလေသည်။ ထိုနောက် ဆရာတော်သည် ထိုအလှူခံအဖွဲ့ဝင်အချို့နှင့် ညောင်လေးပင်မြို့သို့ ကြွပြီး စိန်ဖူးတော်ဖြစ်မြောက်ရေးအတွက် အလှူခံရာ ရွှေငွေ ရတနာ များစွာကို ရရှိပြန်လေသည်။ ထိုနောက် စိန်ဖူးတော်ကိုပြုလုပ်၍ သီဟိုဠ်ဆရာတော်ဦးဝိနယာလင်္ကာရ၊ မိုးကုတ်ဆရာတော်၊ ဆရာတော်ဦးကောသလ္လတို့နှင့်၊ မိုးကုတ်အမှုဆောင်

အဖွဲ့သားများက စိန်ဖူးတော်ကို မိုးကုတ်မြို့မှ မန္တလေးမြို့သို့၊ ထိုမှတဆင့် ရန်ကုန်မြို့သို့ ပင့်ဆောင်၍ ရွှေတိဂုံစေတီကုန်းတော်ပေါ်၌ ကိန်းဝပ်စံပါယ်ကာ မြို့သူမြို့သားတို့၏ အပူဇော်ကို ခံလေသည်။ ထိုနောက် ဦးဝိနယာလင်္ကာရနှင့် ဆရာတော်ဦးကောသလ္လတို့ ဦးဆောင်၍ မိုးကုတ်မြို့မှ အမှုဆောင်လူကြီးတချို့က စိန်ဖူးတော်ကို သိမ်ပြိုင်ဥသို့ သင်္ဘောဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ပြီး မဟာစေတီတော်၌ စိန်ဖူးတင်ကြလေသည်။ မိုးကုတ်ဆရာတော်မှာ နောက်မှသိမ်ပြိုင်ဥသို့ လေယာဉ်ဖြင့်ကြွရန် အစီအစဉ်ရှိသော်လည်း အကြောင်းမညီညွတ်၍ မကြွဖြစ်ခဲ့ချေ။

## ဗိုလ်တထောင်စေတီတော်အတွက် စိန်ဖူးတင်ရန် ဆောင်ရွက်ခြင်း

ထိုနောက် မိုးကုတ်ဆရာတော်သည် ၁၃၀၇-ခု (၁၉၄၅ ခု) နှစ်တွင် ရန်ကုန်မြို့ ဗိုလ်တထောင် စေတီတော်အတွက် စိန်ဖူးတော်ဖြစ်မြောက်ရန် မိုးကုတ်မြို့မှ ဒကာ ဒကာမများ၏ အကူအညီဖြင့် ဆောင်ရွက်လေသည်။ အဖိုးတန်ရတနာတို့ဖြင့် စီခြယ်ထားသော စိန်ဖူးတော်ကို မိုးကုတ်မြို့မှ မန္တလေးမြို့သို့၊ ထိုမှ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ခမ်းနားစွာဖြင့် ပင့်ဆောင်၍ အများပြည်သူတို့ ပူဇော်နိုင်ရန် ထားသည်။ ထိုနောက် မန္တလေးမြို့မှတဆင့် လေယာဉ်ပျံ စင်းလုံးငှား၍ ရန်ကုန်သို့ ပင့်ဆောင်ရာ ဗိုလ်တထောင်ဂေါပကလူကြီးများက ခမ်းနား သိုက်မြိုက်စွာကြိုဆို၍ ဗိုလ်တထောင်စေတီတော်သို့ ပင့်ဆောင်ပြီး စိန်ဖူးတော် တင်ကြလေသည်။

## မန္တလေးမြို့၌ တရားပွဲ ကျင်းပဟောကြားခြင်း

ဆရာတော်သည် ၁၃၁၆ ခုနှစ်တွင် သက်တော် ၅၅-နှစ်ရှိလာသော် ပရိယတ်စာပေပို့ချမှုကို မပြုတော့ပဲ နေ့စဉ်အချိန်မှန်မှန် နေ့တရား၊ ညတရားများကို တရားနာပရိသတ်တို့အား "**ခန္ဓာအရှိ ဉာဏ်အသိ**"နှင့် ကိုက်ညီအောင် ဟောကြားလေသည်။ ဆရာတော်သည် ထိုနှစ်၌ပင် မကျန်းမမာဖြစ်လာ၍ တရားဟောမှုကို ခေတ္တရပ်ဆိုင်းထားရသည်။ မန္တလေးမြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ကြပ်မတ်ကုသ၍ မကြာမီပင် ကျန်းမာလာလေသည်။ ၁၃၁၇ ခုနှစ်တွင် ဆရာတော်သည် မန္တလေးမြို့၌ ပထမဦးဆုံး တရားဟောလေသည်။ ထိုနောက် မန္တလေးမြို့မှ ဒကာများ၏ တောင်းပန်ချက်အရ ဆရာတော်သည် မန္တလေးမြို့သို့ နှစ်စဉ်ကြွ၍ နတ်တော်လမှ တပေါင်းလအထိ တရားပွဲကြီးများကို ကျင်းပကာ ညစဉ် ၇-နာရီမှ ၈-နာရီအထိ ဟောကြားလေသည်။ ဆရာတော်သည် ဘုရားဟောကျမ်းများလာသည့်အတိုင်း လေးနက်လှသည့် တရားအဓိပ္ပာယ်တို့ကို ဥပမာ ဥပမေယျတို့ဖြင့် ပေါ်လွင်ထင်ရှားအောင် ဟောစွမ်းနိုင်သဖြင့် တရားနာပရိသတ်ကြီးမှာ တညထက်တည ပို၍များပြားလာလေသည်။

## မင်္ဂလာမဂ္ဂင်ရိပ်သာ ဖြစ်ပေါ်လာခြင်း

မိုးကုတ်ဆရာတော်၏ စာပေကျမ်းဂန်ပို့ချမှု၊ တရားဓမ္မဟောပြမှုတို့ကြောင့် စာသင်သား ရဟန်းသံဃာတို့ များပြားလာ၍ ဒကာ၊ ဒကာမတို့က ကျောင်းများ ဆောက်လုပ်လှူဒါန်း

ကြလေရာ၊ မင်္ဂလာကျောင်းတိုက်ဝင်းအတွင်းဝယ် ကျောင်းများပြည့်ကြပ်လျက်ရှိပေသည်။ ထို့ပြင် တရားအားထုတ်လိုသူ သီလရှင်နှင့် လူပုဂ္ဂိုလ်များ တရားနာ ပရိသတ်များ တိုးတက်များပြားလာသဖြင့် ဆရာတော်၏ဆန္ဒအရ မင်္ဂလာတိုက်အနီးတွင် မြေယာသစ်ကိုရှာဖွေ၍ အုတ်တံတိုင်းခတ်လျက် ဒကာ, ဒကာမတို့က "၁၃၁၆" ခုနှစ်တွင် မင်္ဂလာမဂ္ဂင်ရိပ်သာဟု ခေါ်တွင်သော ရိပ်သာကိုတည်ထောင်၍ ကမ္မဋ္ဌာန်းကျောင်းများကို ဆောက်လုပ်လှူဒါန်းကြလေသည်။

မဂ္ဂင်ရိပ်သာအတွင်း၌လည်း အဆောက်အဦတွေ တိုးတက်များပြားလာသလောက် နီးဝေးရပ်ရွာ မြို့တကာမှ တရားအားထုတ်လိုသူ ယောဂီတွေ အထူး များပြားလာလေတော့သည်။ "၁၃၂၀"ခုနှစ်တွင် ဟင်္သာတမြို့မှ စက်ပိုင်များဖြစ်ကြသည့် ဦးမာဒင်နှင့် ဟင်္သာတဦးမြတို့သည် တရားအားထုတ်ရန် ရောက်လာကြသည်။ဆရာတော်ကလည်း ၎င်းတို့ကိုအကြောင်းပြု၍ ရိပ်သာကျောင်းပေါ်၌ နေ့ ၁ နာရီမှ ၂ နာရီအထိ တရားဓမ္မအထူးဟောကြားလေသည်။ ဦးမာဒင်တို့သည် တရားလည်း နာ၊ အားလည်း ထုတ်၊ အသံဖမ်းစက်များနှင့်လည်း ဆရာတော်၏ တရားများကို ဖမ်းယူကြလေသည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့မှ လူချမ်းသာ ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များဖြစ်သည့် ဦးသံဒိုင်၊ဦးထွန်းရင်၊ကျွဲးပွဲ ဦးသန်းမောင်၊ သခင်ဝတင်၊ဝန်ကြီးဟောင်းများဖြစ်ကြသည့် ဦးတင်နှင့် ဦးအောင်ဇံဝေ" စသည့် ပုဂ္ဂိုလ်ကြီးများနှင့် ရဟန်းသံဃာများပါ

မပြတ်ရောက်လာကြသဖြင့် နေ့အထူးတရားပွဲကို အမြဲတမ်း တရားပွဲအဖြစ် အချိန်သတ်မှတ်၍ ဟောကြားလေသည်။

လေငန်းရောဂါစွဲကပ်ခြင်း။ ။ဆရာတော်သည် "၁၃၂၂"ခု တပို့တွဲ လဆန်း ၄-ရက်နေ့တွင် မန္တလေးမြို့ ရွှေလှန်ရပ်ရှိ စခမ်းသာ ပွဲရုံပိုင်ရှင် ဦးချစ်ဆွေ ဒေါ်ဒေါ်မတို့၏ ယာယီ စံကျောင်းသို့ ကြွရောက်သီတင်းသုံးပြီး တပို့တွဲလပြည့်နေ့မှစ၍ ညစဉ် ၇-နာရီမှ ၈ နာရီအထိ ပရိသတ် ငါးထောင်ကျော်မျှ ရှိသော မန္တလေးမြို့သူမြို့သားတို့အား တရားဓမ္မ ဟောကြား လေသည်။ ထိုနှစ် တန်ခူးလဆုတ် ၂-ရက်နေ့တွင် ဆရာတော် သည် အပလေ အအေးပတ်၍ ရုတ်တရက် လေငန်းရောဂါ စွဲကပ်ဖိစီးသဖြင့် တရားကို ဆက်လက်မဟောနိုင်တော့ပဲ ရပ် သိမ်းလိုက်ရသည်။ ဒကာ ဒကာမများက ဒေါက်တာ ဆိုနီကို လည်းကောင်း၊ မြန်မာလက်နှိပ်သည် ဆရာကြီးဦးထူးကိုလည်း ကောင်း ပင့်၍ ဆရာတော်ကိုအထူးဂရုစိုက်ကုသကြလေသည်။ ထိုသို့ ဂရုတစိုက်ကုသကြသဖြင့် ဆရာတော်၏ရောဂါမှာ တနေ့ တခြား သက်သာလာလေသည်။ ရောဂါမှာ သက်သာခါစ ဖြစ်၍ ဆရာဝန်ကြီးများက တရားမဟောရန် တောင်းပန်ကြ သော်လည်း ဆရာတော်သည် မိမိ၏ခန္ဓာကိုယ်ကို မငဲ့ညှာပဲ နေ့စဉ်ပင် တရားဓမ္မများကို ဆက်လက်ဟောကြားလေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိခြင်း

"၁၃၂၄" ခု ဝါဆိုလဆန်း ၅ ရက်(၆-၇-၆၂)နေ့တွင် ရန်ကုန်မြို့တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် လှူဒါန်းခြင်းကို

လက်ခံရန်အတွက် ဆရာတော်သည် မန္တလေးမှရန်ကုန်သို့ သီးသန့်အထူး မီးရထားတွဲလုံးဖြင့် ဒကာဒကာမအပေါင်းအချော များနှင့် ကြွကြလေသည်။ ပါးပုပ်ပြာသိုက်ရေခြားရွာမှ ပရိသတ် များလာရောက်၍ ဆရာတော်အား ဖူးမျော်ကြသည်။ ညောင်လေးပင်မြို့နှင့် ပဲခူးမြို့များ၌ကား လာရောက်ဖူးကြ သည့် ပရိသတ်ကြီးမှာ ဘူတာအတွင်းပြည့်လျှံသွားလေသည်။ ရန်ကုန်ဘူတာကြီး ရောက်သောအခါ "ဦးသဒိုင်,ဦးမာဒင်, ဦးတင်,ဦးအောင်ဇံဝေ" တို့ ဦးဆောင်လျက် လူထုပရိသတ် ကြီးက လာရောက်ဖူးမျော်ကြိုဆိုကြသည်။ ဆရာတော်သည် ဦးသဒိုင်၏ယာယီကျောင်း၌ သီတင်းသုံးလျက် ရောက်သည့် နေ့မှစ၍ ညစဉ် ၆ နာရီမှ ၇ နာရီအထိ တရားနာပရိသတ် ကြီးအား တရားဓမ္မ ဟောကြားလေသည်။ ဒကာပင်များ အား နေ့အထူးတရားများ ဟောကြား၍ မေးမြန်းသည့်မေး ခွန်းများကို စိတ်ရှည်ရှည်ဖြင့် ဖြေကြားပေးပြလေသည်။ ဆရာတော်သည် ဝါဆိုလဆန်း ၇ ရက် (၁-၇-၆၂) တနင်္ဂနွေနေ့တွင် နိုင်ငံတော်အစိုးရ သာသနာရေးဌာနမှ ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံ၍ လဆန်း ၁၄-ရက်နေ့တွင် ရန်ကုန်မှ အမရပူရမြို့သို့ ပြန်ကြွလေသည်။

## ဆရာတော်၏နောက်ဆုံးသုံးလ

ဆရာတော်သည် ၁၃၂၄ ခုနှစ်၊ ရန်ကုန်မှပြန်ရောက်၍ မင်္ဂလာကျောင်းတိုက်၌ နောက်ဆုံးဝါကပ်လေသည်။ ဆရာ တော်သည် မိမိ၏ခန္ဓာကိုယ်ကို မငဲ့ညှာပဲ ဒကာဒကာမအပေါင်း

အား တရားဟောခြင်း တရားစစ်ခြင်းများကို အချိန်ပြည့် ပြုလုပ်လေသည်။ ဆရာတော်မှာ ယခင်က သွေးတိုးနှင့် ဆီးချိုရောဂါ ရှိခဲ့ဖူးရာ၊ ဆရာတော်အား အစဉ်ကုသခဲ့သော ဆရာဝန်ကြီးများက ဆရာတော်၏ကျန်းမာရေးကို ၇ ရက် တကြိမ်ခန့် လာရောက်စမ်းသပ်ကြလေသည်။ ဆရာတော်သည် လေစိမ်းတိုက်လျှင် အခိုးငုပ်သဖြင့် "မိုးကုတ်အခိုးပွင့်ဆေး" ကို အမြဲမှီဝဲလေသည်။ သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နှင့် ၄-ရက်နေ့များတွင် မိုးကုတ်မြို့မှ ဦးချစ်လှ၊ ဒေါ်သောင်းတို့က လာရောက်၍ သားရှင်ပြုနှင့် ကထိန်ခင်းရန် ပြင်ဆင်ကြ လေသည်။ ဆရာတော်သည် ၃-ရက်နေ့တွင် ထိုရှင်ပြုပွဲ၌ ရှင် သာ မ ဏေ လောင်း အား ကိုယ်တိုင် ရှင် သာ မ ဏေ ပြုပေးပြီး။ ကထိန်အတွက် အကြိုရေစက်ချ တရားဟော လေရာ ပန်ကာလေမိ၍ အခိုးငုတ်သွားသဖြင့် အခိုးပွင့်ဆေးကို ဘုဉ်းပေးလေသည် (ထိုရေစက်ချတရားကို နောက်တွင်ဖေါ် ပြထားပါသည်)။ ဆရာတော်သည် မကျန်းမမာဖြစ်သော်လည်း ထိုနေ့ညတရားပွဲကို ဟောဖြစ်အောင် ဟောလိုက်သေးသည်။ ထိုတရားကား နောက်ဆုံးတရားဖြစ်၏။ (နောက်တွင်ဖော်ပြ ထားပါသည်။)

နောက်တနေ့ (၄-ရက်) ဗုဒ္ဓဟူးနေ့တွင် ရိပ်သာအတွင်းရှိ ဓမ္မာရုံ၌ ကထိန်သင်္ကန်း ကပ်လှူပွဲ ကျင်းပမည်ဖြစ်၏။ ထိုနေ့ နံနက် ၆-နာရီတွင် သံဃာတော် ၂၀၀ ကျော်တို့အား မင်္ဂလာတိုက်အတွင်းရှိ မိုးကုတ်တိုက်ကျောင်းကြီး၌ ဆွမ်းကပ်၍ ဓမ္မာရုံ၌လည်း သီလရှင်များနှင့် ညှော့ပရိသတ်အား ညှော့ခံ

ကျေးမွေးလေသည်။ သံဃာတော်များ ဆွမ်းဘုဉ်းပေး ပြီးသော် မိုးကုတ်ဆရာတော်သည် မထေရ်ကြီးများအား လှူဘွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး၊ ပြန်အကြွတွင် လည်း ကျောင်းပေါ်မှ ကားများဆီသို့အရောက် လိုက်ပို့ နှုတ်ဆက်လေသည်။ ထိုနောက် ဆရာတော်သည် ဦးလှဘူးကို ခေါ်၍ မင်္ဂလာရိပ်သာကျောင်းတိုက်သို့ ကြွသွားလေသည်။ ဆရာတော်သည် သံဃာတော်များအား ဆွမ်းကပ်စဉ်က ဟင်းနံ့တွေ နံသဖြင့်ဆွမ်းမဘုဉ်းပေးပဲ ကော်ဖီမျှသာဘုဉ်းပေး လေသည်။ ဆရာတော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် သီတင်းသုံးလျက် ရပ်ဝေးမှ တရားအားထုတ်လာကြသည့် ပုဂ္ဂိုလ်များအား တရားဓမ္မ ဟောပြလေသည်။

ရောဂါဖိစီးလာခြင်း။ ။ဆရာတော်သည် မနေ့က ရှင်ပြု ရေစက်ချပွဲမှာ ပန်ကာလေ မိ၍ အခိုးငုပ်သွားခဲ့သဖြင့် ၁၁-နာရီလောက်တွင် ဆရာတော်အား ကုသနေကျ မန္တလေး မြို့မှ ဒေါက်တာဆိုနီကို သွားပင့်ကြလေသည်။ ၁၁ နာရီခွဲ လောက်တွင် ဆရာတော်သည် တပည့်သံဃာ ၃ ပါးနှင့်အတူ လဘက်ရေနှင့်စွပ်ပြုပ်ကို ဘုဉ်းပေးပြီး အနီးရှိယောဂီများအား ဆုံးမဩဝါဒစကား ပြောကြားနေစဉ်၊ ရုတ်တရက် ဝေဒနာ ပြင်းထန်စွာ ဝင်ရောက်ဖိစီးလာလေသည်။ ၁၂-နာရီ လောက်တွင် ဒေါက်တာဆိုနီ ရောက်ရှိလာပြီး ဆရာတော်၏ ရောဂါဝေဒနာကို အစွမ်းကုန်ကုသလေသည်။ နောက် ဒေါက်တာဆိုနီကပင် မန္တလေးပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်

ကြီးစောမြအောင်ကို ထပ်မံအပင့်ခိုင်း၍ ရောက်လာသော ၂-ဦးသား တိုင်ပင်ညှိနှိုင်းပြီး ကုသကြလေသည်။ ထိုအခါ ဆရာတော်က အနီးရှိ ဝတ်ပြုနေကြသော ဒကာဒကာမများအား "ခန္ဓာရတဲ့လူတိုင်း ခံစားရတဲ့ဝေဒနာကို ကြည့်ထားကြ"ဟု ဆုံးမဩဝါဒပေးလေသည်။

ပျံလွန်တော်မူခြင်း။ ။ထိုနောက် မင်္ဂလာကျောင်းတိုက်၌ ပြုလုပ်နေသည့် ကထိန်သင်္ကန်းကပ်လှူပွဲကြီး၌ နေ့တနာရီတွင် တရားဟောရန် ကြွမည်ပြုသော်၊ ဒကာများကတရားဟောရန် မသင့်ကြောင်း လျှောက်ထားကြသဖြင့် အနီးရှိ ဦးပဏ္ဍိတအား မင်း ငါ့ကိုယ်စား ဓမ္မာရုံသို့သွား၍ တရားဟောချေ ရှော်တော်တော်မလုပ်နဲ့ဟု စေခိုင်းပြီး ဦးကုဏ္ဍလကိုလည်း မင်းကတော့ သွားပြီး ရေစက်ချချေဟု စေခိုင်းလေသည်။ ထိုနောက် ဆရာဝန်ကြီးများဘက်သို့လှည့်၍ နောက်ထပ် ဆေးထိုးရန် ရှိသေးရင် မြန်မြန်ထိုးကြ အချိန်မရှိတော့ဘူး။ မင်းတို့ဆေးကလဲ ဘာမှတတ်နိုင်မှာ မဟုတ်ဘူးဟု အမိန့်ရှိလေသည်။ နောက် ဦးချစ်ဆွေ ဒေါ်ဒေါ်မ (မန္တလေး) တို့ ရောက်ရှိလာရာ၊ ဆရာတော်က မောင်ချစ်ဆွေ ဒီတခါတော့မရတော့ဘူးဟု အမိန့်ရှိ၏။ နောက်အနီးရှိ ဦးတင်ငွေအား၊ ဟေ့ တင်ငွေကြီး ငါ့မျက်စိတွေ ပြာလာပြီဟု အမိန့်ရှိပြီး၊ အနီးရှိ ဒကာဒကာမများအား၊ ခန္ဓာရှိသူတိုင်း ခံရမည့်ဝေဒနာကို ကျော်လွန်အောင်ရှုကြ မမေ့မလျော့နေရစ်ကျဟု ဆုံးမဩဝါဒပေးပြီးနောက် (၁၅-မိနစ်ခန့်) တရားနှလုံးသွင်းလျက်

နေ့ ၁ နာရီမိနစ် ၂၀ (သက်တော် ၆၃တွင်) ပျံလွန်တော်မူသွားလေသည်။

**ပူဇော်ကြခြင်း။** ။သီတင်းကျွတ်လပြည့်ကျော် (၁၀) ရက်နေ့တွင် သံဃာတော် ၅၀၅-ပါးတို့အား ဆွမ်းကပ်ပြီး တစ်ပါးလျှင် "သက်န်းဒွိစုံ၊ ပိနပ်၊ မျက်နှာသုတ်ပုဝါ၊ သံသပိတ်၊ ပုဂံတစုံ"စီ လှူဒါန်းဆက်ကပ်ပြီးနောက် တပည့်သံဃာများကိုယ်တိုင် ဆရာတော်၏ ရုပ်ကလာပ်ကို ပခုံးပေါ်ထမ်း၍ ပင့်ဆောင်ကြပြီး မင်္ဂလာရိပ်သာအတွင်းရှိ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ကျောင်းအဖြစ် သတ်မှတ်ကာ ရုပ်နိုးရုပ်ဝေး တပည့်ဒကာ ဒကာမများ ဖူးမျှော်နိုင်ရန် ပြာသိုလ်လဆန်း ၉ ရက်နေ့အထိ "ဘော်ပြာသာဒ်"ဖြင့် ထားရှိလေသည်။ (လဆန်း ၇ ရက်နှင့် ၈ ရက်နေ့ညများတွင် ဆရာတော်အရှင်ဇနကာဘိဝံသနှင့် အနီးစခန်းဆရာတော် အသီးသီးက တရားဟောကြလေသည်။) လဆန်း ၉ ရက်နေ့ ၁၂-နာရီတွင် ဆရာတော်၏ ရုပ်ကလာပ်ကို အမရပူရမြို့ အိုးတော်ရပ်ရှိ ပွဲတော်အင်း ကွင်းပြင်သို့ ပတ္တမြားအခေါင်းဖြင့် နတ်မြင်းပျံယာဉ်ကြီးပေါ်တွင် တင်ပြီး ပင့်ဆောင်၍ လပြည့်နေ့အထိ ၇ ရက်တိုင်တိုင် အများပြည်သူကြည်ညိုပူဇော်နိုင်ရန် ခမ်းနားစွာ ထားရှိလေသည်။ ထိုသို့ပင့်ဆောင်ရာတွင် လာရောက်ဖူးမျှော်ကြသည့် ပရိသတ်ကြီးမှာ အသိန်းမက များပြားလှ၏။ မြန်မာ၊ ဟိန္ဒူ၊ တရုတ်၊ ရှမ်း အတီးအမှုတ် အကများ၊ အာရုံတော်ဝတ်သင်းနှင့် ဓမ္မစကြာ အမျိုးသမီးတို့၏ တရားသံများဖြင့် တမြို့လုံး ပွဲတင်ထပ်သွားလေသည်။

## ဈေးပန အခမ်းအနား

ဈေးပနပွဲကျင်းပရာ ကေ ၅၀-ကျော်ရှိသော ပွဲခင်းအတွင်း၌ ၂၄-ခန်းပတ်လည်ရှိသော ဗဟိုစံကျောင်းကြီး အပါအဝင် ၁၄-ခန်း ပတ်လည်ရှိ ဝဲယာမဏ္ဍပ်ကြီး ၇-လုံး လခြမ်းပုံသဏ္ဍာန် ဝိုင်း၍လည်းကောင်း၊ ထိုကွင်းအလယ်တွင် လောင်တိုက်ကြီး၊ ယင်း၏ ရှေ့တည့်တည့်တွင် ငှက်ချေးခံမဏ္ဍပ် (မီးသင်္ဂြိုဟ်ရန်အုတ်ပလ္လင်) မြင်းပျံ ၃-ကောင်တပ် နတ်မြင်းပျံရထားကြီးရှိလေသည်။ ဆရာတော်၏ ရုပ်ကလပ်ကို ကရဝိက်ဖေါင်ယာဉ်ပေါ်တင်၍ အများတကာ ပူဇော်နိုင်ရန် မဏ္ဍပ် ၇-ခုတွင် တမဏ္ဍပ်မှ တမဏ္ဍပ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်သောအခါ အလှည့်ကျမဏ္ဍပ်မှ တပည့် ရဟန်းရှင်လူတို့က ပါဝင် ပင့်ဆောင်ကြလေသည်။ အပူဇော်ခံသော မဏ္ဍပ်၌ အပူဇော်ခံနေချိန်တွင် ဆရာတော်၏ တရားတော်တိတ်ခွေများကိုဖွင့်၍ တရားနာကြသည်။ ထိုမဏ္ဍပ်မှ အတီးအမှုတ်အကာလုံးဝမပြုလုပ်ရပဲ အလှည့်မကျသေးသည့် မဏ္ဍပ်များ၌သာ ပွဲသဘင်များ ပြုလုပ်ရသည်။အနယ်နယ်မှ ဧည့်ပရိသတ်တို့အား မဏ္ဍပ်အသီးသီးက ကျွေးမွေးဧည့်ခံ၍ ရဟန်းတော်များအားလည်း ဆွမ်းကပ်ကြလေသည်။

**မျှားစွဲခြင်း။** ။လဆန်း ၁၄-ရက်နေ့ ညနေ ၃-နာရီခန့်တွင် ဆရာတော်၏ ရုပ်ကလပ်ကို ဗဟိုစံကျောင်းမဏ္ဍပ်မှ ဦးကျော်သိန်း-ဒေါ်တင်လှတို့၏ မဏ္ဍပ်သို့ ပင့်ဆောင်လာစဉ် မျှားကောင်များစွာတို့သည် တစီစီဖြင့် ရုပ်ကလာပ်ပင့်ဆောင်ရာ

လမ်းအတိုင်း ပျံသန်းလာကြပြီး ရုပ်ကလာပ်ကိန်းဝပ်မည့် အဆိုပါမဏ္ဍပ်တွင် ငင်ရောက်အုံဖွဲ့၍ စုံကြလေသည်။ ကျကာ တတိယအကြိမ် ပျားစုံခြင်းဖြစ်၏။

**မီးသင်္ဂြိုဟ်ခြင်း။** ။လပြည့်နေ့တွင် နောက်ဆုံးအကြိမ် အပူဇော်ခံခြင်းအားဖြင့် မဏ္ဍပ်တိုင်း၌ လှည့်လည်အပူဇော်ခံရာဝင် ကွင်းကြီးတခုလုံး ကြိတ်ကြိတ်တိုး စည်ကားလှသည်။ နေ့တနာရီတွင် ဒုံးပျံနှင့် ကမ္ဘာလုံးဝင်ပေါ်သို့ နတ်မြင်းပျံ ရထားဖြင့် ပင့်ဆောင်အပူဇော်ခံပြီး ၂ နာရီတွင် လောင်တိုက်ပေါ်သို့ ပင့်ဆောင်လေသည်။ ၂ နာရီခွဲတွင် လောင်တိုက်မှတဆင့် ယောဂီများကိုယ်တိုင် ပခုံးပေါ်ထမ်း၍ မီးသင်္ဂြိုဟ်ရာ အုတ်ပလ္လင်သို့ ပင့်ဆောင်ကာ မီးသင်္ဂြိုဟ်ရန် နံ့သာထင်းပုံကြီးပေါ်သို့ တင်၍ မီးသင်္ဂြိုဟ်လေသည်။ နံ့သာထင်းတွေများလွန်း၍ မီးတောက်မှာ ကြီးလွန်းနေသဖြင့် မီးသတ်ကားခေါ်၍ မီးအရှိန်လျှော့ရသည်။ ည ၉ နာရီလောက်တွင် မီးအပူရှိန် လျော့သွားသောအခါ မီးသင်္ဂြိုဟ်ရာ အုတ်ပလ္လင်မှ တွေ့ရှိသမျှပစ္စည်းများကို သိမ်းကြုံး၍ အိတ်ကြီးအိတ်ငယ်ဖြင့် ထည့်ပြီး မင်္ဂလာရိပ်သာကျောင်းတိုက်သို့ ပင့်ဆောင်လေသည်။ ရုပ်ကလပ်မှရသော အရိုးဓာတ်များကို မင်္ဂလာမဂ္ဂင် ရိပ်သာကျောင်းတိုက်၌ အများဖူးမျှော်နိုင်ရန် တနှစ်တာမျှ ထားရှိသည်။

**စေတီတည်ခြင်း။** ။ဆရာတော်၏ရုပ်ကလပ် မီးသင်္ဂြိုဟ်ရာ အရိုးဓာတ်များ ကျရာနေရာကို/ ဗဟိုပြုလျက် ကွန်ကရစ်

တိုင်ကြီး ၁၂-တိုင်နှင့်တကွ ကွန်ကရစ်အပြည့်လောင်းချပြီး ထိုနှစ် ပြာသိုလ်လကွယ်နေ့တွင် ပန္နက်ချတည်ဆောက်ခဲ့ရာ၊ ၁၃၂၆-ခု ပထမဝါဆိုလကွယ်နေ့တွင် ဌာပနာတိုက်၂-ထပ်ပါရှိသော မင်္ဂလာဓာတုမ္မ စေတီတော်ပြီးစီး၍ ဒုတိယဝါဆိုလပြည့်နေ့တွင် ထီးတင်လေသည်။ ဆရာတော်၏ အရိုးဓာတ်များကို ထိုစေတီ၏ ဌာပနာတိုက်ထဲ၌ ဌာပနာထားလေသည်။ ထို့ပြင် ထိုစေတီအနီးတွင် အဆင့်၃-ဆင့်ရှိသော အာရုံခံကျောက်စာတိုက်ကြီးတလုံးကို ဆောက်လုပ်၍ အလယ်ထပ်၌ ဆရာတော်ဟောခဲ့သည့် တရားအချို့ကို ကျောက်ချပ်ရေ (၃၃) ချပ်ပေါ်မှာ ရေးထိုး၍ စိုက်ထူထားလေသည်။

*  *  *

[၁၃၁၉-ခု တော်သလင်းလ၌ " ထေရုပ္ပတ္တိနှင့်ကျင့်စဉ် " ရေးသူ ဦးကျော်သိန်း အား ဟောကြားသော တရား ၃-ပုဒ်]

## ၂။ တရားအားထုတ်ရာ၌ ရှေးဦးမှတ်ဖွယ် (က)

မောင်ကျော်သိန်း မင်း တရားအားထုတ်ဖို့ အချိန်တော်ပြီ၊ အသေက ဦးသွားမယ်၊ ငါသည် ရခဲသောလူ့ဘဝ ကြုံကြိုက်ခဲလှသော ဘုရားသာသနာတော်ကြီးနဲ့ တွေ့ကြုံနေချိန်မှာ၊ အိုနာ သေ မွဲ ကျွဲ ဆိုတဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ဝိပဿနာအကျင့်မြတ်ကို အားထုတ်တော့မယ်လို့ ဆုံးဖြတ်ပါ။ ပြီးတော့ မင်းရဲ့ အရောင်းအဝယ်အလုပ်ဆိုကို လုံးဝစိတ်မရောက်ရဘူး။ ပစ္စည်း ဥစ္စာ သားမယားကို တခါတည်း ဉာဏ်နဲ့ စွန့်ပစ်ထားပါ။ အဓိပတိ၃ ပါးကို အားကားပြီး မင်း တရားအားထုတ်ရမယ်။ အဓိပတိ ၃ ပါး ဆိုတာက အတ္တာဓိပတိ၊ လောကာဓိပတိ၊ ဓမ္မာဓိပတိလို့ ၃-မျိုးရှိတယ်။

(၁) မိမိကိုယ်ကို အားထားပြီး တရားအားထုတ်ရမယ်။ ငါဟာ စားစရာ နေထိုင်စရာမရှိလို့ အားထုတ်တာမဟုတ်ဘူး။ အိုဘေး နာဘေး သေဘေး မွဲကျွဲတည်းဟူသော သံသရာဝဋ်ဆင်းရဲတို့မှ လွတ်မြောက်နိုင်အောင်လို့ တရားအားထုတ်ခြင်းဖြစ်တယ် အဲဒါ **အတ္တာဓိပတိ** လို့ခေါ်တယ်။

(၂) လောကကြီးကိုလဲ အဓိပတိထားပြီး အားထုတ်ရမယ်။ ငါသည် တရားအားထုတ်တယ်လို့အမည်ခံပြီး တရားအားထုတ်ချိန်မှာ လောဘ၊ ဒေါသ၊ မောဟတရားတွေ

ဖုံးလွှမ်းပြီး အရှေင်းအဝယ်ကိစ္စတွေ စဉ်းစား တွေးတော မနေနဲ့၊ ထိနမိဒ္ဓလဲမဖြစ်နဲ့ ပျင်းလဲမပျင်းနဲ့၊ အိပ်လဲမနေနဲ့၊ စိတ်ကလဲ လေလွင့်မနေနဲ့၊ မတော်တာတွေလုပ်နေယင် ကိုယ်စောင့်နတ်နှင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကလဲ သိတယ်။ အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်များကလဲ သိတယ်။ ဒါကြောင့် လောကကြီးကို ရှက်ကြောက်ပြီး အားထုတ်ရမယ်။ အဲဒါ လောကကို အဓိပတိထားပြီး အားထုတ်လို့ **လောကာဓိပတိ** လို့ ခေါ်တယ်။

(၃) တရားတော်ကိုလဲ အဓိပတိထားပြီး ရိုသေလေးစားပြီး တရားအားထုတ်ရမယ်။ တရားတော်ကို ဝိပဿနာဉာဏ်နဲ့ မမြင် မြင်အောင်ကြည့်ရမယ်။ တရားမမြင် တရားမပေါက်တာဟာ တရားကမရှိလို့မဟုတ်ဘူး။ ငါက တရားတော်ကို မလေးစားလို့ မမြင်တာလို့ ဆုံးဖြတ်ချက်ချပြီး တရားတော်ကို အဓိပတိထားပြီး အားထုတ်ရမယ်။ အဲဒါကို **ဓမ္မာဓိပတိ** လို့ခေါ်တယ်။

ပြီးတော့ တရားအားထုတ်တဲ့အခါ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာနဲ့ ကြိုးစားပြီးလုပ်ရမယ်။ တရားအားထုတ်တော့မယ်ဆိုယင် ရှစ်ပါးသီလကို အမြဲဆောက်တည်ရမယ်။ ပြီးတော့ **ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နဲ့ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင်မဂ်ရကြောင်း** ဆိုတဲ့ ဆောင်ပုဒ်ကို အရကျက်မှတ်ထားပြီး အဲဒီအတိုင်း လိုက်နာကျင့်သုံးရမယ်။ တရား

အားထုတ်တော့မယ်ဆိုယင် **ပုဗ္ဗကိစ္စ ၅** ပါး (ဦးစွာလုပ်ဆောင်ရမဲ့ကိစ္စ ၅ ပါး) ကို လုပ်ဆောင်ရမယ်။

(၁) တရားအားထုတ်တဲ့ အချိန်မှာ မိမိခန္ဓာကိုယ်ကို ဘုရားမှာလှူထား၊ (၂) ဆရာမိဘပုဂ္ဂိုလ်မြတ်တို့ကို ကံသုံးပါးဖြင့် ပြစ်မှားမိက ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းငှာ တောင်းပန်ခန့်ချ ကန်တော့ပါ၏လို့-ဆို (၃) ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာစောင့်နတ်နဲ့ တကွ သတ္တဝါအားလုံးအား ဘေးရန်ကင်း၍ ကျန်းမာချမ်းသာပါစေလို့ မေတ္တာစိတ်ကို ပွားများပေးရမယ် (၄) ရှေးဘဝ ယခုဘဝ ငါပြုသမျှသော ဒါနစတဲ့ကုသိုလ်တို့သည် ငါအလိုရှိသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်ခြင်းငှာ လျင်မြန်စွာ ကျေးဇူးပြုပါစေသတည်းလို့-ဆို (၅) မရဏာနုဿတိ=ငါသည် ဘဝများစွာက သေခဲ့တာများလှပြီ၊ ယခုဘဝမသေခင်မှာ တရားအားထုတ်မှပဲလို့ သေခြင်းတရားကိုပွားများပြီး အားထုတ်မှုအရှိန် ပြင်းထန်အောင် မိမိကိုယ်ကို တိုက်တွန်းပါ။

တရားအားထုတ်တော့မယ် ဆိုရင် ရှေးဦးစွာ ရုပ်နဲ့နာမ် ခွဲတတ်ရမယ်။ ငါပြောပြမယ်။ မင်းမြင်စရာအဆင်းနဲ့ မြင်တဲ့ မျက်စိကရုပ်ပဲ။ သိမှုက နာမ်လို့ခေါ်တယ်။ အာရုံ ၆ ပါးမှာ အဲဒီလို ရုပ်နဲ့နာမ်ဟာ အမြဲတွဲနေတာပဲ။ ပြီးတော့ တရားအားထုတ်ရာမှာ ပရိညာ ၃-ပါးနဲ့ သိ-သိသွားရမယ်။ (၁) **ဉာတပရိညာ**=ဖြစ်ဆဲရုပ်နာမ်ကို ဒီဟာကရုပ်၊ ဒီဟာ

ကနာမ်ဆိုတာ ခွဲခြားပြီး သိ-သိသွားရမယ် (၂) **တီရဏ ရိညာ**=ဖြစ်ဆဲရုပ်နာမ်တို့၏ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘောကို ပိုင်းခြားပြီးသိရမယ် (၃) **ပဟာနပရိညာ**=ရုပ်နာမ်တို့အပေါ်မှာ ငါရုပ်ဆိုတဲ့ တဏှာစွဲ၊ ရုပ်ဟာငါပဲဆိုတဲ့ မာနစွဲ၊ ဒီရုပ်ဟာ ငါကိုယ်ဆိုတဲ့ ဒိဋ္ဌိစွဲ ဒီအစွဲ ၃-ပါးကို မင်းသိအောင်လုပ်ပြီး ပြုတ်အောင်ဖြုတ်ရမယ်။

တရားအားထုတ်ရာမှာ မင်း ရုပ်နာမ်ကို ပိုင်းခြားသိရမယ်။ ပြီးတော့ ချွန်းသမ်းခေါ်တဲ့ သမထလမ်းကိုမလိုက်ပဲ၊ သမာဓိရရှိလောက်သာ သမထကိုအားထုတ်ပြီး၊ သမာဓိရလာတာနဲ့ တပြိုင်နက် ဝိပဿနာကို ပြောင်းပြီးလုပ်ရမယ်။ ဝိပဿနာကို ပြောင်းတယ်ဆိုတာ မီးရထားခေါင်းတွဲ လမ်းလွှဲလိုက်သလို၊ သမထ(သမာဓိ)လမ်းက ဝိပဿနာ(ပညာ)လမ်းကို စိတ်လွှတ်ပြီး ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်နေတဲ့လက္ခဏာကို ဆင်ခြင်တာပါပဲ။ အဲဒါ ဉာဏ်ကဦးစီးတယ်လို့မှတ်၊ အဲဒီတော့ မင်း အာနာပါနကမ္မဋ္ဌာန်းကို အယင်လုပ်၊ အာနာပါနဆိုတာ ဝင်လေထွက်လေ (ဝင်သက်ထွက်သက်)ကို ခေါ်တယ်။ ဒီ ဝင်လေထွက်လေကို ရှူရာမှာ လေကိုဝအောင်ရှူ၊ လျှော့ပြီးလဲ မရှူရဘူး၊ သိပ်ပြင်းပြင်းထန်ထန်လည်း မရှူရဘူး၊ မှန်မှန်ပဲ ရှူရမယ်။ ရှိုက်ရမယ်။ ပြီးတော့ မင်းစိတ်ကို နှာသီးဖျား, အထက်နှုတ်ခမ်း, ရင်ညွန့်ဆိုတဲ့ ၃-နေရာတွင် ကြိုက်ရာတနေရာမှာ ထားပါ။ သတိနဲ့ကပ်ထားရမယ် မလစ်စေရဘူး၊ ဝင်လေထွက်လေရှူရှိုက်တဲ့အခါမှာ နှာသီးဖျားမှာ ထိတာကို သိရမယ်။ သူ့သဘောအတိုင်း မှန်မှန်လေး(ဝင်သက်ထွက်သက်)

ကို သိနေတဲ့ အာရုံမှတပါး တခြားဘယ်ကိုမှ မရောက်ရဘူး အာရုံမပြုရဘူး။

အာနာပါနလုပ်ပြီး သမာဓိအားကောင်းလာတဲ့ ယောဂီဟာ ရုပ်နာမ် ၂ ပါးကို ပိုင်းခြားသိပြီး ခန္ဓာ ၅ ပါးကိုတော လည်း ပိုင်းခြားသိရမယ်။ (၁) ရုပ်က ရူပက္ခန္ဓာ၊ (၂) သိစိတ်က ဝိညာဏက္ခန္ဓာ၊ (၃) ခံစားမှု=ဝေဒနာက ဝေဒနာက္ခန္ဓာ၊ (၄) မှတ်သားမှု= သညာက သညာက္ခန္ဓာ၊ (၅) ဖဿစေတနာစတဲ့ ကျန်စေတသိက် ၅၀ က သင်္ခါရက္ခန္ဓာလို့ သိမှတ်ရမယ်။ ဒါတွေ သိပြီးတဲ့နောက် ပဋိစ္စသမုပ္ပါဒ်နည်းနဲ့လဲ အကြောင်းအကျိုးခွဲပြီး ပိုင်းခြားရဦးမယ်။ ဒီလိုသိမှုကို အယင်ပေးပြီးမှ အလုပ်ကိုပေးလို့ဖြစ်မယ်။ ဒီတော့ ခန္ဓာ ၅ ပါးကို ပိုင်းခြားပြီး သိမြင်ပြီးယင် ရုပ်နာမ်ခန္ဓာကို ဖြစ်စေတတ်တဲ့ ရှေးကဖြစ်ပြီးခဲ့တဲ့ အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရတို့ဟာ အကြောင်းတရား၊ ဒီရုပ်နာမ်ခန္ဓာတို့ဟာ အကျိုးတရားလို့ အကြိမ်းအားဖြင့် မင်း သိမြင်ရမယ်။

ကဲ....မင်း တရားအားထုတ်ဖို့ ကမ္မဋ္ဌာန်းတောင်း လိုက်ဆို၊ **ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ၊** သံသာရဝဋ္ဋဒုက္ခတော **မောစနတ္ထာယ။** ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ သံသာရဝဋ္ဋဒုက္ခတော၊ သံ သ ရာ ဝဋ် ဆင်း ရဲ မှ။ မောစနတ္ထာယ၊ ကျွတ်လွတ် ထွက်မြောက်ပါစေခြင်း အကျိုးငှါ။ ကမ္မဋ္ဌာနံ၊ မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးဖြစ်တဲ့ ကမ္မဋ္ဌာန်းကို။ ဒေထ၊ ကရုဏာရှေ့ထား ပေးသနား

တော်မူပါဘုရား။ အဲဒါ ၃ ခေါက်ဆိုပါ။ ကဲ ငါပြောသလို "အာနာပါန"ကို သွားအားထုတ်ချေတော့။

(နောက် တနာရီလောက် အားထုတ်ပြီး ပြန်လာတော့) မင်း အာနာပါနကို အားထုတ်တာ တနာရီလောက် သမာဓိ ရတယ်ဆိုတာလည်းရှိလို့၊ ဝီရိယရှိလို့ပေါ့၊ အဲဒါ **သမ္မာ ဝါယမ** လို ခေါ်တယ်။ မင်းစိတ်က လေကိုရှူတိုင်းရှူတိုင်း၊ ရင်ညွန့်ကို ရောက်တိုင်းရောက်တိုင်း သိရဲ့လား။ (သိပါတယ် ဘုရား) အေး.... မင်း အဲဒါကိုသိနေတယ်ဆိုတာ သတိကို လက်မလွှတ်လို့သိတာ၊ အဲဒါ **သမ္မာသတိ**လို့ ခေါ်တယ်။ မင်း အာနာပါနကို အားထုတ်နေတုန်း၊ မင်းစိတ်ဟာ ထားတဲ့ ရင်ညွန့်မှာပဲ ရှိနေပြီး တခြားအာရုံသို့ ရောက်မသွားတာကို **သမ္မာသမာဓိ** လို့ ခေါ်တယ်။ စိတ်ကကိုယ်ထားတဲ့နေရာမှာ တည်နေတာပေါ့။

အေး....မင်း သမာဓိတော့ရပါပြီ။ ဒါပေမယ့် ဒါထက် သမာဓိကောင်းကောင်းကြီးရဖို့ အား ထုတ် ရန် လို နေ သေး တယ်။ ဝင်လေထွက်လေရှူတဲ့အခါ နှာခေါင်းထဲက ရှူရ မယ်။ ပါးစပ်က မရှူရဘူး။ နှာခေါင်းကရှူလည်း ဘယ်ဘက် က ရှူတယ် ညာဘက်ကရှူတယ် ဆိုတာတွေ လိုက်နေဖို့မလို ဘူး။ သမာဓိရဖို့ပဲ အရေးကြီးတယ်။ နှာခေါင်းကရှူယင် ရှူတာသိရမယ်။ ရှိုက်ယင် ရှိုက်တာသိရမယ်။ မင်းကို ပထမ အာနာပါန အားထုတ်ခိုင်းစဉ်က စိတ်ကိုရင်ညွန့်မှာ အကပ် ခိုင်းတယ်။ အခုတခါအားထုတ်ရမှာက (**နှာသီးဖျား, ရင်ညွန့်, ချက်**)ရောက်တိုင်းရောက်တိုင်း ဝင်လေရှူလိုက်တဲ့အခါ နှာသီး

ဖျားကအစ၊ ရင်ညွှန့်အလယ်၊ ချက်အဆုံး ဝင်တာကိုသိရမယ်။ လေထုတ်လိုက်တဲ့အခါမှာလဲ ချက် အစ၊ ရင်ညွှန့် အလယ်၊ နှာသီးဖျားအဆုံး ထွက်တာကိုသိလိုက်ရမယ်။ ဒီလိုအားထုတ်ပြီး အသိလိုက်သွားယင် အာရုံတခြားထွက်မသွားပဲ၊ သမာဓိကောင်းကောင်းကြီး ရနိုင်တယ်။ နောက် အလေ့အကျင့်ကောင်းကောင်းရသွားယင် ၁၅ မိနစ်လောက်နဲ့ သမာဓိတူသောင်နိုင်တယ်။

မင်း သိဖို့ရာက မင်း အခုရှူရှိုက်နေတာကရုပ်၊ ဒီရှူရှိုက်နေတာကို သိတာက နာမ်၊ အဲဒီ ရုပ်နာမ် ၂ ပါး ပိုင်းခြားသိတဲ့အခါ **နာမရူပပရိစ္ဆေဒဉာဏ်**။ ဝိသုဒ္ဓိလို ပြောယင် **ဒိဋ္ဌိဝိသုဒ္ဓိ** တပေါင်းတည်း ဖြစ်လာတယ်။ မြဲမြဲမှတ်ထားနော်၊ မင်း ကမ္မဋ္ဌာန်းအလုပ်ဝင်တဲ့အခါ သိဖို့ရာက (၁) အာရုံနဲ့ သိမှတ်တဲ့စိတ်လို့ ၂ မျိုးမှတ်ထားရမယ် (၂) အာရုံနဲ့ သိမှတ်တဲ့စိတ်ဟာ တည့်တည့်နေအောင် ရှုရမယ်။ (၃) အာရုံထဲက စိတ်ထွက်မသွားအောင် သတိပြုရမယ် (၄) ကမ္မဋ္ဌာန်းအလုပ်ဝင်တဲ့အခါ စိတ်က ဘာတခုမှမစဉ်းစားနဲ့၊ ဘာအာရုံမှ ဝင်မလာစေနဲ့၊ မင်းဟာ စိတ်တလုံးကိုနိုင်အောင် ဆုံးမနိုင်ယင် ကိလေသာနှုနာအမြစ်ပြတ်နိုင်တယ်။ စိတ်တလုံးကို မနိုင်ယင်တော့ လောကီအလိုလည်း မင်းချမ်းသာရမှာ မဟုတ်ဘူး၊ လောကုတ္တရာအလိုလည်း ထောင့်ငါးရာကိလေသာ နှုနာအမြစ်ပြတ်မှာ မဟုတ်ဘူး။

မင်း စိတ်ကိုနိုင်အောင် ဒီလိုဆုံးမ၊ ငါ ဥပမာလေးပြမယ်၊ (၁) နွားကျောင်းသားဟာ နွားရိုင်းကို ဆုံးမချင်ယင်

ချိတိုင် ကို ခိုင်ခိုင်စိုက်၊ နွားရိုင်းကို **နဖားကြိုး** ထိုး ချိတိုင်မှာ ကြိုးနဲ့ မြဲမြဲချည်ပြီး ဆုံးမသလိုပဲ၊ ချည်တိုင်နဲ့တူတဲ့ ကမ္မဋ္ဌာန်း **အာရုံ** မှာ နွားရိုင်းနဲ့တူတဲ့ **စိတ်** ကို ကြိုးနဲ့တူတဲ့ **သတိ** တရားဖြင့် တင်းတင်းကြပ်ကြပ်ချည်ပြီး ဆုံးမရမယ်။ မင်း စိတ်ကို ဒီအတိုင်းဆုံးမ။ (၂) ကဲကွာ မင်းကို နောက်တမျိုး ထပ်ပြောအုံးမယ်။ အပေါက် ၆-ပေါက်ရှိတဲ့ တောင်ပို့ကြီးထဲမှာရှိနေတဲ့ ဖွတ်တကောင်ကို အမိဖမ်းချင်ယင် အပေါက် ၅ ပေါက်ကိုလုံအောင်ပိတ်၊ ကျန်တဲ့အပေါက်က နေပြီး စောင့်ဖမ်းယင် ဒီဖွတ်ကိုမိသလို မင်းရဲ့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်ဆိုတဲ့ ဒွါရ ၅ ပေါက်ကိုပိတ်ပြီး ကျန်တဲ့မနောဆိုတဲ့အပေါက်က စောင့်ဖမ်းယင် မင်းရဲ့ ဖွတ်နဲ့တူတဲ့စိတ်ကို မိရောပေါ့။ ကဲ.. ကဲ....မင်း သမာဓိကို ကောင်းကောင်းရအောင် ထပ်ပြီး အားထုတ်ချေဦး။

(နောက်တနေ့ရောက်တော့) မင်း မနေ့က သမာဓိကောင်းကောင်းရရဲ့လား (ထိနမိဒ္ဓဝင်လို့ သမာဓိပေါက်ကျဲကျဲပဲ ရတယ်ဘုရား)တယ် ရှော်တာကိုး။ အဲဒါ မင်းဝီရိယလွန်လို့ပဲ၊ ဝီရိယလွန်တော့လဲ ထိနမိဒ္ဓဝင်တာပဲ၊အဲဒီအချိန်မှာ မင်းထိုင်တဲ့ ဣရိယာပုထ်ကိုဖျက်ပြီး လမ်းလျှောက်ယင်း အားထုတ်ရတယ်။မင်း မြဲမြဲမှတ်ထား၊ သတိသာလွန်တယ်လို့မရှိတာ။ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ဝီရိယ၊ဆိုတာကို ညီတူတပြိုင်တည်းလွတ်ရတယ်။တပြိုင်တည်း တညီတည်းဖြစ်အောင် အားမထုတ်နိုင်ယင် ဥဒ္ဓစ္စ(စိတ်ပျံ့လွင့်မှု) ဖြစ်ဖြစ်၊ထိနမိဒ္ဓ (စိတ်ထိုင်းမှိုင်းမှု) ဖြစ်ဖြစ် တခုခုတော့ ဝင်မှာပဲ(အခုအားထုတ်ခိုင်းတာက သမထသက်သက် သမာဓိ

ဂုဏ်ရှိခိုင်းတာ။ ဝိပဿနာနဲ့ မလျော်တဲ့ဦးဆိုတဲ့သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတို့ကို အပိုအလိုမရှိ။ မလျော့မတင်းစောင်းကြိုးညှင်းဆိုသလို အားထုတ်ရမယ်။ မင်းက တခါမှအားမထုတ်ဘူးလို့ ငါက ဒါလောက် အချိန်အကုန်ခံပြီး ပြောပြနေရတာ၊ ဒီအာနာပါန ဝင်လေထွက်လေ ရှုရိုက်ပြီး အားထုတ်တာဘာခက်တာလိုက်လို့၊ ကဲအကျင့်ရအောင် သွားအားထုတ်စမ်း သမာဓိကောင်းကောင်းရမှ ငါ့ဆီလာခဲ့။

(၂ နာရီလောက် အားထုတ်ပြီးလာတော့) မင်း သမာဓိကောင်းကောင်းရပြီလား (ရပါပြီဘုရား) မင်းက သမာဓိကောင်းကောင်း ရတယ်လို့ပြောတာ၊ မင်းရဲ့ရုပ်လက္ခဏာက သမာဓိကောင်းကောင်းရတဲ့ လက္ခဏာမဟုတ်သေးဘူး၊ သမာဓိရတဲ့ လက္ခဏာက သမာဓိကောင်းကောင်းရတဲ့ လက္ခဏာနဲ့ မရသေးတဲ့ လက္ခဏာဟာ အပုံကြီးခြားနားတယ် ဆိုတာ နောက်တော့ ငါပြောပြမယ်။ မင်း အခု လမင်းစား ရေချိုးနောက် ခန္ဓာဝန်ကို ပြည့်စုံအောင် ဆောင်ရွက်၊ တရားထိုင်ချိန်ကျမှ အခင်းကြီး, အခင်းလေးတွေ မပေါ်စေနဲ့ ဒီကိစ္စတွေဟာ အများကြီးအနှောက်အယှက် ဖြစ်တယ်။ ကဲဒါတွေ ပြည့်စုံအောင်လုပ်ပြီး အားထုတ်ချေ။

(၂ နာရီ လောက် အားထုတ်ပြီး ပြန်လာတော့) မင်း သမာဓိ ကောင်းကောင်းရပြီလား၊ (ရပါပြီဘုရား) အေး ဒါလောက်ဆိုရင် တော်လောက်ပြီ၊ ဒီတခါ ဝိပဿနာရှုရမယ်။ ရှေးဦးစွာ သမာဓိကောင်းအောင် ထူထောင်ရမယ်။ နောက် ဝိပဿနာဘက်ပြောင်းပြီးရှုရမယ်။ ဝိပဿနာဆိုတာက ပညာ

လမ်းကို စိတ်ညွတ်ပြီး ရုပ်နာမ်လက္ခဏာ ဖြစ်ပေါ်လာတာတွေကို ဆင်ခြင်တာပါပဲ။ ယခုလက်ရှိခန္ဓာကြီးဟာ ပဋိသန္ဓေကစပြီး သေသည့်တိုင်အောင် မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေး ၃ ပါးတို့သာ မုချကေန် ဖြစ်ပျက်နေကြပါတကားလို့ သိမြင်ရတယ်။ ရုပ်နာမ် ၂ ပါး တို့ကား မမြဲ၊ ဆင်းရဲ၊ ငါလဲမဟုတ်၊ ရုပ်နာမ်တွေဟာ "အနတ္တ" ဟု ထင်မြင်မှု များလာတဲ့အခါ ဖြစ်လိုက်ချုပ်လိုက်နဲ့ ချုပ်ချုပ်နေကြတာကို တွေ့မြင်တဲ့အခါ၊ **ဉဒယဗ္ဗယဉာဏ်** ရောက်တယ်လို့ သိရမယ်။ နားလည်ပြီလား။ တရားမထိုင်ခင်က အသိဉာဏ်နဲ့ ဒီလိုမရှင်းရင် ခရီးရောက်မှာမဟုတ်ဘူး။ အဲဒီတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ထပ်ပြီးပယ်ပေးရဦးမယ်။ မင်းသောတာပန်ဖြစ်ချင်ရင် "ဒိဋ္ဌိ ဝိစိကိစ္ဆာကို" အယင်ပယ်ရမယ်။

**ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ**။ ။ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဆိုတာ ဘယ်မှာကပ်နေသလဲ၊ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ" ဆိုတာ ခန္ဓာ၅ ပါးမှာ ကပ်နေတယ်။ အဲဒီတော့ ဒိဋ္ဌိ, ဝိစိကိစ္ဆာကပ်နေတဲ့ ဒီခန္ဓာ ၅-ပါးက ဘယ်ကဖြစ်လာတာလဲ ဘယ်လိုလုပ်ပြီး ဖြစ် ပျက် နေ တာလဲဆိုတာ သိထားရမယ်။ ဒါမသိလို့ရှိရင် ဒီကပ်နေတဲ့ "ဒိဋ္ဌိ, ဝိစိကိစ္ဆာ"ဟာ ဘယ်လိုနည်းနဲ့မှ မခွာနိုင်ဘူး။ မပယ်နိုင်ဘူး အဲဒီတော့ ခန္ဓာ ၅ ပါးဟာ ဘာတွေလဲဆိုတာ ဆရာသမားပြောတာ ကြားဖူးလို့ သိပြီထား၊ ဒီခန္ဓာရဲ့ ဖြစ်ကြောင်း ချုပ်ကြောင်းကို မသိခဲ့လို့ရှိရင် "ဒိဋ္ဌိ"ကပ်ဦးမှာပဲ။ အဲဒါကြောင့် ခန္ဓာ ၅-ပါး အကြောင်း သိချင်လို့ရှိယင်

ပဋိစ္စသမုပ္ပါဒ်ကို အရင်သိအောင်လုပ်ရမယ်။ ကဲငါ့အခန်းထဲက ပဋိစ္စသမုပ္ပါဒ် ပုံစံကပ်ပြားကို သွားယူချေ။ ပဋိစ္စသမုပ္ပါဒ်က စာထဲမှာပါတဲ့ ပဋိစ္စသမုပ္ပါဒ်ကတချိုး၊ ခန္ဓာကြီးထဲမှာ အခု ဖြစ်ပျက်နေတဲ့ပဋိစ္စသမုပ္ပါဒ်က တချိုးလို့ ၂-မျိုးရှိတယ်။ စာထဲ ပါတဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်ရုံလောက်နဲ့တော့ မင်းခရီး မပေါက်ဘူး။ မင်းခန္ဓာကြီးထဲမှာ ဖြစ်ပေါ်နေတဲ့ပဋိစ္စသမုပ္ပါဒ် ကို နားလည်မှသဘောပေါက်မယ်။

ဒါကြောင့် ခန္ဓာ ၅ ပါး၏ ဖြစ်ကြောင်းချုပ်ကြောင်းကို ပြမယ်။ "အဝိဇ္ဇာပစ္စယာသင်္ခါရာ" ပုံစံလဲကြည့်။ မင်းတို့ ဟိုအတိတ်ဘဝကလုပ်ခဲ့တဲ့ အဝိဇ္ဇာသင်္ခါရတွေကြောင့် "သင်္ခါရ ပစ္စယာဝိညာဏံ"၊ ဒီဘဝမှာ ဒီခန္ဓာကြီး ဖြစ်လာရတယ် (အဝိဇ္ဇာ၊သင်္ခါရက)လွန်ပြီးအတိတ် ပဋိစ္စသမုပ္ပါဒ်မို့ မင်းတို့နဲ့ မဆိုင်တော့ဘူး။ နောက်ဖြစ်မယ့် အနာဂတ်ပဋိစ္စသမုပ္ပါဒ်လဲ မရောက်သေးလို့ မင်းနဲ့မဆိုင်ဘူး၊ အရေးကြီးတာက အခု ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့ပဲ၊ "ဒိဋ္ဌ ဝိစိကိစ္ဆာ"က ဒီခန္ဓာ ၅-ပါးမှာကပ်နေတာ၊ "ဒါဘယ်သူ့ဆံပင်လဲ"ဆိုယင် "ငါ့ဆံပင်လို့" မင်း ဖြေမှာပဲ။ ဆံပင်ဆိုတဲ့ ရူပက္ခန္ဓာမှာ ငါသွားခိုတယ်။ "ငါလဘက်ရည်သောက်လို့ ကောင်းလိုက် တာ"ဆိုယင် ဝေဒနာက္ခန္ဓာမှာ ငါသွားခိုတယ်။ "ငါမှတ် ထားတယ်"ဆိုယင် သညာက္ခန္ဓာငါသွားခိုတယ်၊ "ငါ ယက္ကန်း ခတ်တာချိုး ရှာမှရှား"ဆိုတော့ သင်္ခါရက္ခန္ဓာမှာ ငါသွားခို တယ်၊ "ငါ့စိတ် မစမ်းနဲ့"ဆိုတော့ ဝိညာဏက္ခန္ဓာမှာ ငါသွား

ခိုတယ်။ ဒါဖြင့် ခန္ဓာ ၅-ပါးဟာ "ဒုက္ခ"ခိုကပ်စရာ ဌာန ကြီးပဲ၊ ဒီတော့ ခန္ဓာနဲ့ "ဒုက္ခဝိစိကိစ္ဆာ" ခွာရလိမ့်မယ်။ စာအနေကတော့ ရုပ်နာမ်ကွဲယင် "ဒုက္ခဝိစိကိစ္ဆာ" ကွာတယ် လို့ ရေးကြလိမ့်မယ်။ တဆင့်ကျန်နေသေးတယ်။ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်းကိုလဲ နားလည်မှ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း ကိုလဲ နားလည်မှ၊ "ဒုက္ခဝိစိကိစ္ဆာ"ကွာမယ်။ မသိယင်တော့ "ဒုက္ခဝိစိကိစ္ဆာ"ကပ်နေမှာပဲ။

ဒီတော့ မင်းအလုပ်ခွင်ဝင်ရမဲ့ ပဋိစ္စသမုပ္ပါဒ်က ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဒီနေ့တနေ့လုံးဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဆိုလို တာမဟုတ်ဘူး။ ခုမြင်တဲ့အခိုက်၊ ကြားတဲ့အခိုက်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ခုတရားထိုင်မဲ့ အချိန်မှာ ပစ္စုပ္ပန်တည့်တည့် ရှုဖို့အရေးကြီးတယ်။ မင်းအသက်ဘယ်လောက်ရှိပြီလဲ (၄၀- ပါ ဘုရား) အေး-အသက် ၄၀-သာဆိုတယ် ငယ်ငယ်တုန်း ကလဲ ကိုယ့်ကိုယ်ကို ဒီရုပ်ရေပဲ၊ ခုကြီးလာတော့လဲ ဒီရုပ်ရေပဲ၊ ရုပ်မကျဘူးလို့ မင်းထင်မှတ်လို့ရှိယင် ဒါ "သဿတဒိဋ္ဌိ" ဖြစ်တယ်။ ဒီလိုဆက်ပြီးတည်တယ်လို့ မယူရဘူး၊ တခါ- "ငါ ပိုက်ဆံများများ ရမယ်ဆိုယင် ဘာမဆို လုပ်ရဲတယ်။ သေရဲတယ်။ သေယင်ပြီးတာပဲ"ဆိုလို့ရှိယင် ဒါ "ဥစ္ဆေဒ ဒိဋ္ဌိ"ဖြစ်တယ်။ ဒီလိုလဲအပြတ်မယူရဘူး၊ ကဲ- ဒီလောက်ဆို တော်လောက်ပြီ၊ မင်း- ဆိတ်ငြိမ်တဲ့နေရာသွားပြီး အလုပ် ထိုင်ပါ။ သမထကိုတော့ သမာဓိကောင်းကောင်းရအောင် အားထုတ်ပေါ့၊ ခန္ဓာကိုယ်တည့်တည့်(တဲ့တဲ့)ထိုင်ပါ၊ (ရှူလေ)

ဝင်လိုက်တာလဲသိ။ ထွက်လေထွက်သွားတာလဲသိ၊ သမာဓိအား ကောင်းလာလိမ့်မယ်၊ အဲ ဒီ အ ချိန် မှာ ဝိ ရိ ယ ကိုလဲ အလျှော့မပေးရဘူး။ သတိနဲ့ ပညာကိုလဲ တပါတည်းကပ် လိုက်ပါ။ ခန္ဓာကိုယ်ကြီးဟာ ဖောက်ပြန်ပြီး ဝေဒနာတွေ ပေါ်လာလိမ့်မယ်။ ပေါ်လာတာတွေကို သိလိုက်ပါ။ ဒီလိုသိ နေတဲ့ကြားထဲက အသံတခုခုကြားလိုက်ယင်လဲ "ကြားလိုက် ပြန်ပြီ"လို့ သိလိုက်၊ နားလည်ပြီလား၊ ကဲ သွားထိုင်ချေ။

❀

## ၃။ တရားထိုင်ပုံ ထိုင်နည်း (ခ)

(၂နာရီလောက်ထိုင်ပြီး ပြန်လာတော့) မင်း သမာဓိ ကောင်းကောင်း ရရဲ့လား (ရပါတယ်ဘုရား အလင်းရောင်လဲ မြင်ရပါတယ်ဘုရား) အို....ဒါတွေဂရုမစိုက်ပါနဲ့၊ ဒီလိုသမာဓိ ရလာရင် ပညတ်နိမိတ်အာရုံအမျိုးမျိုး၊ ပရမတ်နိမိတ်အာရုံ အမျိုးမျိုးတွေ မြင်ရမယ်။ ဒါတွေကိုဆက်မလိုက်နဲ့၊ မင်း ဝေဒနာကောတွေ့ရဲ့လား (တွေ့ပါတယ်၊ကြာကြာဖိထိုင်တော့ ထုံကျင်ကိုက်ခဲလာပါတယ်ဘုရား) အဲဒါကိုဆက်လိုက်သလား (လိုက်ပါတယ်ဘုရား) မင်းဟာ ဝေဒနာကို တမင် တကာ လုပ်ယူသလို ဖြစ်နေတယ်။ ထိုင်နည်းလိုသေးတယ်။ ထိုင်တဲ့အခါ တင်ပလ္လင်ခွေထိုင်ပါ၊ ခါးကို ဖြောင့်ဖြောင့် မတ်မတ်ထား၊ ရှေ့လဲမငိုက်နဲ့၊ ဘေးလဲမစောင်းနဲ့၊ ခေါင်းလဲ ဘယ်ဘက်မှ မစောင်းပါနဲ့၊ မင်းရဲ့ခါးအထက်ပိုင်းကိုယ် ကြီးဟာ ရှေ့နောက် ဘေး ယိမ်းယိုင်နေရင်၊ အရိုးအဆစ်တွေ အဆက်ချင်းတည့်တည့် (တဲ့တဲ့) မနေတဲ့အတွက် မကြာခင် နာလာလိမ့်မယ် ဝေဒနာကို တွေ့ဘို့ရာထားဦး သမာဓိကို ရအောင်တောင်မထိုင်နိုင်ပဲ နေရမှာစိုးရတယ်။ခါးအောက်ပိုင်း ကလဲ သိတ်တင်းကြပ်ပြီး ခြေထောက်ချင်ဖိမထားရဘူး။ ဖိထားလို့ရှိယင် သွေးလွှတ်ကြောသွေးပြန်ကြော ကိုက်ခဲ လာမယ်။ ဒီတော့ ထိုင်နည်းမမှန်ရင် ဝေဒနာကိုတမင်လုပ်ပြီး ယူရာကျမယ်။ ဒီအချက်တွေဟာ မင်းတို့လို တရားထိုင်စ ယောဂီတွေအတွက် အရေးကြီးတယ်။

ယောဂီများဟာ မိမိတို့ကြိုက်တဲ့ ဣရိယာပုထ်နဲ့ အားထုတ်နိုင်တယ်။ ဒါပေမဲ့ ထိုင်ခြင်းဣရိယာပုထ်ဖြင့်အားထုတ်တာက စိတ်တည်ငြိမ်မှု "သမာဓိ" ရလွယ်လို့ ပိုကောင်းတယ်။ ဝင်သက်,ထွက်သက်ကို မှန်မှန်ရှူရှိုက်ရမယ်။ သိပ်ပြင်းပြင်း ထန်ထန် မြန်မြန်သန်သန် ရှူရှိုက်လို့ရှိရင်၊ ကိုယ့်ကိုယ်ကို ညှဉ်းဆဲရာကျမယ်။ မင်းအသု(ဝင်သက်) ရှူလိုက်တဲ့အခါ၊ လေထဲမှာရှိတဲ့ တေဇောဓာတ်ဟာ အဆုတ်မှာရှိတဲ့ လေအိတ်ကလေးများစွာ ရှိတဲ့နေရာ ရောက်တဲ့အခါ ခန္ဓာကိုယ်အတွက် အပူခွန်အား (တေဇောဓာတ်) ရရှိတယ်။ ဒါကြောင့် အဆုတ် ရောက်အောင် အသက်ရှူလိုက်တဲ့အခါတိုင်း အဆုတ်ဟာ ကျယ်ပြန့်သွားနိုင်အောင် ခန္ဓာကိုယ်အထက်ပိုင်းကို တရားထိုင်တဲ့အခါ တည့်တည့်မတ်မတ်ထားရမယ်။ အဲဒီလိုထားယင် အဆုတ်လေအိတ် ကလေး တွေ လေ ပြည့် နေ မယ်။ လေ ပြည့် နေမှ မိမိခန္ဓာကိုယ်ကြီးကို နာရီများစွာ တရားထိုင်နိုင်မယ်။ အဆုတ်ကို လေအပြည့်မသွင်းနိုင်ရင် မောပန်းလာမယ်။ ဒီအချက်ဟာ တရားထိုင်တဲ့ယောဂီများအတွက် အရေးကြီးတယ်။ မင်းတို့ ဝင်လေကို တခါပြင်းပြင်း ရှူလိုက်ယင် နှလုံးဟာ ၄ ကြိမ်လှုပ်ရှားရမယ်။ ညှစ်ထုတ်ရမယ်။ တမိနစ်မှာ ၁၆ ကြိမ်မှ ၁၈-ကြိမ်အထိ အသက်ရှူရှိုက်ရတယ်။ နှလုံးကတော့ ၆၄ မှ ၇၂-အထိ လှုပ်ရှား ညှစ်ထုတ်ရတော့ အသက် (လေ) ကို မြန်မြန်ပြင်းပြင်းရှူလိုက်ယင် နှလုံးဟာ ဘယ်လောက်အလုပ်များပြီး ပင်ပန်းမလဲ တရားမရပဲ ရောဂါ ရဘို့သေချာတယ်။

အဆုတ်ရဲ့အင်အားနဲ့ ယူဆောင်လာတဲ့ တေဇောဓာတ်က အစာအိမ်၊ အူသိမ်၊ အူငယ်များကို ပြုပြင်ပေးလိုက်တော့ အစာအာဟာရကြေညက်ပြီး ခန္ဓာကိုယ်တခုလုံးကို ထောက်ပံ့ပေးတယ်။ ဒီအပြင် ဒီသွေးဟာ ခန္ဓာကိုယ် အစိတ်အပိုင်း အသီးသီးမှ ဘေးဖြစ်စေတဲ့ အညစ်အကြေးအဆိပ်အတောက် အပျက်အစီးများကို သက်ဆိုင်ရာ အစိတ်အပိုင်းများမှတဆင့် ချေး၊ အခိုး၊ အငွေ့၊ ကျင်ငယ်အဖြစ်ဖြင့် အပြင်ထုတ်ပေးတယ်။ အဆုတ်မှတဆင့် အဆိပ်အတောက်နဲ့ မကောင်းတဲ့ အခိုးအငွေ့များပါလာတဲ့လေကို ထွက်သက်လေဖြင့် ထုတ်ပစ်တယ်၊ သွေးဟာ နှလုံးတုန်ခြင်းအားဖြင့် သွေးကြောထဲမှ ဖြစ်လိုက်ပျက်လိုက်နဲ့ လည်ပတ်ပြီး မကောင်းတဲ့သွေးညို သွေးပုပ်တွေကို နှလုံးထဲက အဆုတ်ထဲ တွန်းထုတ်လိုက်တော့ မကောင်းတဲ့သွေးမှာ (တေဇောဓာတ်) အသစ်တဖန်နှလုံး ထဲမှ သွေးနီအကောင်း ပြန်လည်ရရှိတယ်။ အဲဒီကတဖန် မကောင်းတဲ့အညစ်အကြေး အဆိပ်အတောက် အပျက်အစီး များကို ချွေး၊ကျင်ငယ်၊အငွေ့၊အသက်ဖြင့် ပြန်ထုတ်ပြီး တပတ်လည်နေလို့ ငါတို့ မင်းတို့ အသက်ရှင်နေတယ်လို့ ခေါ်ရတာပဲ၊ ဒို့ရဲ့ နှလုံးဟာ လက်သီးဆုပ်ပမာဏရှိတယ်။ အတွင်းမှာ အခေါင်းကြီးရှိတယ်။ ဒီအခေါင်းကြီးအတွင်းမှာ တဆုပ်စာလောက် (အသစ်အသင်ဖြစ်နေတဲ့) နှလုံးသွေးနီ (တေဇော) ဟာရှိနေတယ်။ အဲဒီကောင်းတဲ့သွေးကို အသက်တခါရှူယင် တကိုယ်လုံးနှံ့အောင် ၄-ကြိမ်ညှစ်ပို့ရတယ်။နှလုံး သားကို ဖူးချောပါးလုပ်တဲ့ အမြှေးလွှာနဲ့ ဖုံးအုပ်ထားတယ်။

ဒီနှလုံးသားရဲ့ ညာဘက်ခန်းကတော့ မကောင်းတဲ့သွေးညို တွေကို အဆုပ်ထဲတွန်းပို့ပေးတယ်။

အဲဒီ လက်တဆုပ်စာရှိတဲ့နှလုံးသွေးကို "ဟဒယဝတ္ထုရုပ်" က မှီနေတယ်။ ဒီဟဒယဝတ္ထုရုပ်ကို မနောဓာတ်၊ မနောဝိညာဏဓာတ် စိတ်၊ စေတသိက်တို့က မှီတည်နေတယ်။ ဒီမနောဝိညာဏဓာတ်စိတ်တွေက စေခိုင်းရာကို ဒီရုပ်တွေက လိုက်လိုက်လုပ်နေရတာပဲ "အထည်ကိုယ်မရှိတဲ့စိတ်ဟာ နှလုံးတည်းဟူသော လိုဏ်ဂူထဲမှာ ကိန်းနေတယ်လို့" ဘုရားက ဓမ္မပဒပါဠိတော်မှာဟောတယ်။ စိတ်၊ စေတသိက်တို့ရဲ့ အစွမ်းအာနုဘော်ကြောင့် နှလုံးဗူးအတွင်းရှိ တဆုပ်စာမျှရှိတဲ့ နှလုံးသွေးဟာ အဆင်းအမျိုးမျိုးပေါ်လာရတယ်။ (၁) **ရာဂ** အားကြီးစွာ ဖြစ်ပေါ်လာတဲ့အခါ၊ ဟင်းသပြဒါးရေလို နီနီရဲရဲ ဖြစ်ပေါ်လာတယ် (၂) **ဒေါသ** အားကြီးစွာ ဖြစ်ပေါ်လာတဲ့အခါ၊ မဲပုပ်ပုပ် ဖြစ်ပေါ်လာတယ် (၃) **မောဟ** အားကြီးတဲ့အခါ၊ အမဲသားဆေးရေနီလို နီကျကျဲဖြစ်လာတယ်။ (၄) **ဝိတက်** အားကြီးတဲ့အခါ၊ ပဲပိစပ်ပြုပ်ရေလို နီနောက်နောက်ဖြစ်လာတယ်။ (၅) **သဒ္ဓါ** အားကြီးစွာ ဖြစ်ပေါ်လာတဲ့အခါ၊ ဝါဖြော့ဖြော့နေရာမှ အဝါရင့်ဖြစ်လာတယ်။ (၆) **ပညာ** အားကြီးစွာ ဖြစ်ပေါ်လာတဲ့အခါ၊ ဆွတ်ဆွတ်ဖြူရာမှ မှန်ကဲ့သို့ ကြည်လင်လာပြီး ပတ္တမြားလုံးလို အလင်းရောင်တွေ တောက်ပလာတယ်။ (စရိုက် ၆-ပါးအလိုက် သွေးအရောင်ပြောင်းလဲပုံကို ကောင်းကောင်းမှတ်ထားပါ)

ဒီနှလုံးက ညှစ်လွှတ်လိုက်တော့ ဗဟိုသွေးကြောက တကိုယ်လုံးပျံ့နှံ့သွားတော့ ဒေါသဖြစ်နေတဲ့လူဟာ မဲပုပ်ပုပ်သွေးများ တကိုယ်လုံးပျံ့နှံ့သွားတယ်။ အသားတွေလဲ ဒေါသဖြစ်လွန်းတော့ နီပြီး တုန်လာတာတွေရတယ်။ အေး.... နောက်တော့ ညိုပုပ်လာပြီး မကောင်းတဲ့ပြစ်မှုမျိုးစုံ ကျူးလွန် တဲ့ အထိ ဖြစ်လာတာပေါ့၊ ဘုရားရဟန္တာများကျတော့ နှလုံးသွေးဟာ အထူးကြည်လင်လို့ ကိုယ်ရောင်ကိုယ်ဝါတွေဟာ တကိုယ်လုံးတောက်ပလာပြီး ရောင်ခြည်တော်လွှတ်တဲ့အထိ ဖြစ်ပေါ်လာရတယ်။ ရူးသွားတာလဲ ဒီ နှလုံးသွေးပဲကွ၊ ကြောက်အားကြီးယင်လဲ ဒီ နှလုံးသွေးက အေးပြီး ပြစ်ခဲလာတော့ တကိုယ်လုံးအေးစက်လာတယ်။ အအေးလွန်လို့ ပြစ်ခဲလာပြီး နှလုံးသွေးရပ်သွားတော့ သေရတာပေါ့၊ဒီ နှလုံးသွေး ထွက်ရာဝင်ရာ အဝမှာ အဆို့ရှင် လိပ်ပြာတောင်ကလေး ၂ ခု ရှိတယ်။ စိတ်, စိတ္တဇ, ဥတုဇလေကြောင့် ဒီ လိပ်ပြာတောင် ၂ ခုဟာ အချက်ကျကျ ခတ်ပေးလိုက်လို့ ဒီသွေးတွေဟာ ဒိတ် ဒိတ် ဒိတ် ဒိတ်နဲ့ အချက်ကျကျ တကယ်လုံးပျံ့နှံ့နေတာပေါ့၊ ဒီ စိတ်ဟာ နှလုံးသွေးကိုမှီတယ်၊ဒီ နှလုံးသွေးဖောက်ယင် စိတ်လည်း ဖောက်ပြန်လာတယ်။ ဒါ သေသေချာချာမှတ်ထားနော်။

ကောင်းပြီ၊ လည်ပင်းသွေးကြော ၂-ခုကို ဖိနှိပ်ထားလိုက်ယင် နှလုံးသွေးကြောနဲ့ တဆက်တည်းဖြစ်နေတော့ သွေးဖောက်ပြန်ပြီး ဘဝင်ကျ မေ့သွားတတ်တယ်။ အေး....

ါကြောင့် တရားထိုင်ချိန်မှာ လည်ပင်းကို ရှေ့နောက်ဝဲယာ
စောင်းငဲ့နေယင် အချိန်ကြာမြင့်တော့ ထိုင်းမှိုင်း ငေးငေး
မှုမြောနေတတ်တယ်။ ဒါဟာ တရားအားယုတ်တဲ့ပယောဂ
တွေ့ ကြပ်ကြပ်သတိထားဖို့လိုတယ်လို့ အမြဲသတိပေးနေရ
တာပေါ့။ မင်းက လာပါမှအားမထုတ်ဘူးတော့ ဒန္တာကိုယ်
ကြီးကို ဓာတ်သဘောနဲ့ ဘယ်လိုဖွဲ့စည်းနေတယ်ဆိုတာ
ရှင်းအောင် ပြောရတာ။ ကဲ... ဒါလောက်ပဲ ပြောမယ်။
မင်းလဲသွားပြီး တရားအားထုတ်ချေတော့။

# (၄) ဓာတ် ၆ ပါးကမ္မဋ္ဌာန်း၊ ဆဓာတုဝိဘင်္ဂ (၈)

(နောက်တနေ့ကျတော့) မနေ့က တရားထိုင်ပုံထိုင်နည်းနဲ့ ခန္ဓာကိုယ်ကြီးဖွဲ့စည်းပုံ ပြောပြပြီးပြီ။ ဒီနေ့တော့ "ဓာတ် ၆ ပါး ရှုပုံရှုနည်း"ကို ပိုင်းခြားထင်ထင် သိမြင်နိုင်အောင် "ဆဓာတုဝိဘင်္ဂကမ္မဋ္ဌာန်း" ကို အသေးစိတ် ဟောမယ်။ သေသေချာချာမှတ်ထား။ ဓာတ် ၆ ပါး ဆိုတာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ ဝိညာဏ ဓာတ်ဆိုတဲ့ ဓာတ် ၆ ပါးပဲ။

(၁) **ပထဝီဓာတ်**။ ။ပထဝီလို့ခေါ်တဲ့ မြေဓာတ်က "ဗဟိဒ္ဓ"= အပြင်မြေဓာတ်၊ "အဇ္ဈတ္တ" - အတွင်းမြေဓာတ်လို့ ၂ ပါးရှိတယ်။ (က) **ဗဟိဒ္ဓမြေဓာတ်** ဆိုတာ တော တောင် သစ်ပင် ကျောင်း အိမ် တိုက်တာအစရှိတဲ့ မျက်စိနဲ့မြင်ကောင်းတဲ့ အထည်ဝတ္ထုဟူသမျှကိုခေါ်တယ်။ (ခ) **အဇ္ဈတ္တမြေဓာတ်** ဆိုတာ သက်ရှိသတ္တဝါ သန္တာန်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ-အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်းဆိုတဲ့ ၂၀ သောအစုကိုခေါ်တယ်။ ဒီ ၂၀ အပြင် "ကျောက်ကပ်၊ ကပ်ပါယ်အိတ်" ဆိုတဲ့ မြေဓာတ် ၂-ခုလဲ ရှိသေးတယ်။ ဒီမြေဓာတ်တွေမှာလဲ အဆင်း, သဏ္ဍာန်,တည်ရာဌာန တခုနဲ့တခုမရောမယှက်တဲ့ အပိုင်းအခြား(ပရိစ္ဆေဒ) ကို ရှေးဦးစွာမှတ်ထားပါ။

မင်း ရှုမှတ်ဖို့ရာ ဒီလိုလုပ်၊ မင်းရဲ့ဆံပင်၊ ခြေသည်း လက်သည်းတို့ကို ဉာဏ်နဲ့ယူ၊ လက်တဖက်မှာထား၊ သင့်တော်ရာ သချိုင်းမြေပုံပေါ်က မြေကြီးခဲကိုယူ၊ တခြားလက်တဖက်မှာ ထား၊ ဒီအတွင်း, အပြင် မြေဓာတ် ၂ ပါးကို ယှဉ်ထားပြီး ဒီမြေကြီးခဲသည် ငါမဟုတ် ငါ့ဥစ္စာမဟုတ်၊ ခက်မာခြင်း သဘောရှိတဲ့ မြေဓာတ်ပဲ၊ ဒီဆံပင် ခြေသည်း လက်သည်းလဲ ငါမဟုတ် ငါ့ဟာမဟုတ်၊ မြေဓာတ်ပဲ၊ ဘာမှမထူး၊ အတူတူပဲလို့ ကြပ်ကြပ်ရှုပေးပါ။ ဥပမာ မင်းရဲ့ အဇ္ဈတ္တဓာတ်ဖြစ်တဲ့ ခြေသည်း၊ လက်သည်းကို လှီးဖြတ်သုတ်သင်လိုက်က အပြင် မြေဓာတ်သာ ဖြစ်သွားတယ်။ ဒီမြေကြီးခဲနဲ့ အတူတူသာ ဖြစ်သွားတော့တယ်။ မင်းတို့ရဲ့ ဘိုးဘွားများ သေလို့ မြှုပ်ထားတဲ့ မြေပုံကို သူတပါးကလာပြီး တူရွင်းနဲ့တူးဆွယူငင်တာကို တားမြစ်လို့ မဖြစ်နိုင်သလို မင်းတို့အဘိုးအဘွားများရဲ့ အသားအရေတွေဟာ အဲဒီအချိန်မှာ မြေဓာတ်မို့ မြေ ပဲတွေ့ရတော့မယ်။ မင်းတို့က "ငါ့အဘိုး ငါ့အဘွား" ရယ်လို့ ဘာမျှ မပြောနိုင်ဘူး၊ မြေဓာတ်ဖြစ်နေပြီမဟုတ်လား။

**(၂) အာပေါဓာတ်။** ။အာပေါဆိုတဲ့ ရေဓာတ်ဟာလဲ "ဗဟိဒ္ဓ"=အပြင်ရေဓာတ်၊ "အဇ္ဈတ္တ"=အတွင်းရေဓာတ်လို့ ၂ ပါးရှိတယ်။ (က) **ဗဟိဒ္ဓ** = အပြင်ရေဓာတ် သန္တာန်မှာ သမုဒ္ဒရာရေ၊ မြစ်, အင်း, အိုင်, ချောင်း, မြောင်းရေ အခိုးအငွေ့မှတဖြစ်လဲပြီး ကောင်းကင်မှကျလာတဲ့ရေပေါင်းဖွဲ့ယိုစီးခြင်းသဘောဖြစ်သော ရေဟူသမျှကို အပြင်ရေဓာတ်လို့ခေါ်တယ်။ (ခ) **အဇ္ဈတ္တ = အတွင်းရေဓာတ်**သန္တာန်မှာ သက်ရှိ

သတ္တဝါတို့ရဲ့ "သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရေ၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်"လို့ ၁၂-ပါးသော ပေါင်းဖွဲ့ယိုစီးခြင်းသဘော ရှိတဲ့ အရည်တွေကို အတွင်းရေဓာတ်လို့ခေါ်တယ်။ ဒီ ၁၂-ပါးအပြင် "သုတ်သွေး၊ နို့ရည်" ဆိုတဲ့ ၂-ပါးလဲ ရှိသေးတယ်။

သက်ရှိသတ္တဝါစွန့်ပစ်လိုက်တဲ့ "ကျင်ငယ်, နှပ်, တံတွေး များဟာ အဇ္ဈတ္တသန္တာန်မှ ဗဟိဒ္ဓဓာတ်အဖြစ်သို့ ရောက်သွားတယ်။ အဲဒီတော့ မင်းညဏ်ယှဉ်ပြီး ခွက်တခုနဲ့ မြစ်ထဲက ရေကိုယူ၊ ပြီးတော့ မင်းတို့စွန့်ပစ်လိုက်တဲ့ ကျင်ငယ်ကို ခွက်တခုနဲ့ယူ၊ ယှဉ်ထားပြီးတော့ သေသေချာချာ စဉ်းစားကြည့်ပါ ကိုင်း - ထုံပေါင်းဖွဲ့ ယို စီး ခြင်း သ ဘော ရှိ တဲ့ ရေဓာတ်နဲ့ အတူတူပဲဆိုတာတွေ့ရမယ်။ ဒီရေသည်"ငါမဟုတ် ငါ့ရေမဟုတ်"လို့ သိရမယ်။

(၃) **တေဇောဓာတ်**။ ။တေဇောဓာတ် ဆိုတာ အပူဓာတ် = မီးဓာတ်ကိုခေါ်တယ်။ ဒီ တေ ဇော ဓာတ် မှာ လဲ "ဗဟိဒ္ဓ"=အပြင်မီးဓာတ်၊ "အဇ္ဈတ္တ"= အတွင်းမီးဓာတ်လို့ ၂-ပါးရှိပြန်တယ်။ (က) **ဗဟိဒ္ဓ=အပြင်မီးဓာတ်** သန္တာန်မှာ ကမ္ဘာဖျက်မီး၊ ငရဲမီး၊ ထင်းဟင်းချက်တဲ့မီး၊ အပူဓာတ်နဲ့ တွေ့ထိ၍ ဖြစ်တဲ့မီးတို့ ဖြစ်တယ်။ ကမ္ဘာ့အစွန်း၌ သက်ရှိ သတ္တဝါတို့ မနေနိုင်လောက်အောင်အေးတဲ့မီး၊ တောတောင် တွေမှာ ရေတွေအမြဲတမ်းခဲခြင်း ပူခြင်း အေးခြင်းစတဲ့ အပူ အအေးဟူသမျှကို ဗဟိဒ္ဓ = အပြင်မီးဓာတ်လို့ ခေါ်တယ်။

(ခ) **အဇ္ဈတ္တ**— အတွင်းမီးခတ်ဆိုတာ သက်ရှိသတ္တဝါများမှာ "ဥဒ္ဒမီး၊ ပါစကမီး၊ သန္တာပနမီး၊ ဒဟမီး၊ ဇီရဏမီး" လို့ ၅ မျိုးရှိတယ်။ ဒီအတွင်း မီးခတ် ၅ ပါးဆိုတဲ့ ပူမှု အေးမှုဟူသောသဘော လောင်ပုံကိစ္စ တည်ရာဌာနတို့ကို ရှေးဦးစွာ မှတ်ထားဦး။

**ဥဒ္ဒမီး** ဆိုတာ တကိုယ်လုံး၌အတွင်းအပြင်မလပ် လက်နဲ့ စမ်းသပ်ယင် နွေးနွေးတွေ့ရတဲ့ ပကတိကိုယ်ငွေ့ကိုခေါ်တယ်။ ဒီပကတိကိုယ်ငွေ့ဆိုတဲ့ ဥဒ္ဒမီးဟာ ပူတဲ့မီးဖြစ်တယ်။ အရေနဲ့ တကွ အရေအတွင်း တကိုယ်လုံးအနှံ့စွဲပြီး နွေး ရုံ သာ မ က လောင်နေတယ်။ ဒီ "ဥဒ္ဒမီး" လုံးဝချုပ်ငြိမ်းသွားယင် သတ္တဝါသေတယ်လို့ မှတ်။

**ပါစကမီး** ဆိုတာ အစာအာဟာရအမျိုးမျိုးကို နူးနပ်ကျေစေတတ်တဲ့ ဝမ်းမီးလို့ခေါ်တယ်။ ဒီ ဝမ်းမီးခေါ်တဲ့ ပါစကမီးလဲ လျှာခင် (ရှခင်) အောက် လည်ချောင်းဝမှ စပြီး ဘင် (ဖင်ဝ) တိုင်အောင် တည်ရှိတယ်။ ဒီ မီးဟာ အစာအာဟာရတို့ကို လောင်ချက်စေလျက် အစာသစ်အိမ်မှာ အားကြီးစွာစွဲ၍တည်တယ်။ ဒီပါစကမီး လုံးဝချုပ်ငြိမ်းယင်လဲ သတ္တဝါသေတယ်လို့ မှတ်။

**သန္တာပနမီး** ဆိုတာက ဥဒ္ဒမီးခေါ် ပကတိကိုယ်ငွေ့ထက် လွန်ကဲပြီး ဖြစ်ပေါ်လာတတ်တဲ့ "သူငယ်နာပူ၊ မီးယပ်ပူ၊ ဒူလာပူ၊ ဖျားတဲ့အပူ" စတဲ့ အပူနာမျိုး၊ ဥတုရာသီပတ် မပြောင်းလဲပဲနေလို့ ဖြစ်ပေါ်လာတဲ့အပူ၊ နေရှိန် မီးရှိန်သင့်ပြီး

ဖြစ်ပေါ်လာတဲ့အပူ၊ သောကပရိဒေဝအားကြီးလို့ ဖြစ်ပေါ်လာတဲ့အပူ၊ ဒီလိုအပူမျိုးကို "သန္တာပန" မီးလို့မှတ်။

**ဒဟမီး** ဆိုတာ သန္တာပနမီးထက်လွန်ကဲပြီးလူးလဲအော်နေရအောင် အပြင်းအထန် မခံနိုင်အောင် ပူပြီးလောင်တဲ့မီး၊ သေခြင်းသို့ ရောက်အောင် ပူပြီးလောင်တဲ့မီး၊ ပကတိအအေးထက် လွန်ကဲစွာအေးပြီး လောင်တဲ့မီး၊ သေခြင်းသို့ ရောက်အောင် အေးပြီးလောင်တဲ့မီး၊ ဒီ လောင်တဲ့မီးမျိုးများကို "ဒဟမီး"လို့ ခေါ်တယ်။

**ဇီရဏမီး** ဆိုတာ အထက်မီးလေးပါးမှ အလတ်ဖြစ်တဲ့တကိုယ်လုံးမှာရှိရှိသမျှအလုံးစုံ နွေးမှုအေးမှုဆိုတဲ့ "ဥဏှမီး၊ သီတမီး" နွေးတယ်အေးတယ်လို့ပင် မသိနိုင်လောက်အောင် နှံ့နေတဲ့မီး၊ ဒီမီးအားလုံးဟာ မိမိတို့စွဲရာ မြေခါတ်ရေခါတ်တို့ကို ငယ်ရွယ်စဥ်ကနဲ့မတူစေပဲ တနေ့တခြား ရင့်ရော်ဆွေးမြေ့စေတတ်တဲ့ ဘုတ်ယုတ်အိုမင်းစေတတ်တဲ့ သတ္တိရှိလို့ "**ဇီရဏမီး**"လို့ ခေါ်တယ်။

**ဒီမီးဓာတ်** ၅-ပါးတို့အကြောင်း,ကိစ္စ,တည်ရာဌာန အခိုက်အတန့်အားဖြင့် ၅ ပါးကွဲပြားပြီးနေတယ်။ သဘောတရားတရားကိုယ်မှာ "ပူမှု" ဟူသော "ဥဏှ" မီးနဲ့ "အေးမှု" ဟူသော "သီတမီး" ၂-ပါးသာရှိတယ်။ ဒါကို ရှေးဦးစွာမှတ်သား၍ ဉာဏ်တည်းဟူသောလက်ဖြင့် ဗဟိဒ္ဓ= အပြင်မီး၊ မီးခဲကြီးတွေ့ယူပြီး၊ အဇ္ဈတ္တ=ကိုယ်တွင်းက အသဲနှလုံးတည်းဟူသော "ဥဏှ-ဉဿာ မီးခဲကြီး" ကိုလဲယူ၊ ဒီ ၂-မျိုးကို

ယှဉ်ထားပြီးနောက်၊ လက်နဲ့ ကိုင်စမ်းရယင် ၂-မျိုးလုံးပူနေမယ်။ ပူနွေးမှုမှာ အတူတူပဲ၊ ဒီတော့ ဗဟိဒ္ဓ = အပြင်မီးဟာ "ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ပူခြင်းသဘော၊ လောင်ခြင်းကိစ္စရှိသော မီးဓာတ်ပင်တည်း၊ ထို့အတူ အဇ္ဈတ္တ=အတွင်းမီးဓာတ်လဲ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ပူခြင်းသဘော လောင်ခြင်းကိစ္စရှိတဲ့ မီးဓာတ်ပင် ဖြစ်၏။" ဒီလို အပြင်မီးဓာတ်နဲ့ အတွင်းမီးဓာတ်ကို အတွင်းအပြင် မခြားနားပဲ တထပ်တည်း တူအောင်ယှဉ်ပြီး ကြည့်ရှုပွားများရမယ်။

**(၄) ဝါယောဓာတ်။** ။ဝါယောဓာတ်ဆိုတာ လေဓာတ်ကို ခေါ်တယ်။ ဒီ လေဓာတ်မှာလဲ "ဗဟိဒ္ဓ"=အပြင်လေဓာတ်၊ "အဇ္ဈတ္တ"=အတွင်းလေဓာတ်လို့ ၂-ပါးရှိတယ်။ **(က) ဗဟိဒ္ဓ=အပြင်လေဓာတ်** ဆိုတာ အထက်ကောင်းကင်မှာ လွင့်တိုက်နေတဲ့ လေ၊ အောက်ကောင်းကင်မှာ လွင့်တိုက်နေတဲ့လေ၊ ကမ္ဘာဖျက်လေ၊ ဖိုထိုးတဲ့လေ၊ အစရှိတဲ့ လွင့်ပါးလှုပ်ရှားခြင်းသဘော၊ ထောက်ကန်တောင့်တင်းခြင်း သဘောဟူသမျှကို "အပြင်လေဓာတ်"လို့ ခေါ်တယ်၊ **(ခ) အဇ္ဈတ္တ=အတွင်းလေဓာတ်** ဆိုတာ သက်ရှိသတ္တဝါသန္တာန်မှာ ဝင်သက်ထွက်သက်ဆိုတဲ့ **အဿာသပဿာသလေ** ဝမ်းတွင်းမှ အထက်လှန်ပြီး အပေါက်ရှိရာထွက်တဲ့ **ဥဒ္ဓင်္ဂမလေ**၊ ဝမ်းတွင်းမှ အောက်စုန်ဆင်းတဲ့ **အဓောဂမလေ**၊ အတွင်းမှာအောင်းနေတဲ့ **ကောဋ္ဌာသယလေ**၊ အပြင်ဘက်ဝမ်းခေါင်း ရင်ခေါင်းထဲမှာ အောင်းနေတဲ့ **ကုစ္ဆိသယလေ**၊ ဝမ်းခေါင်း, ရင်ခေါင်းမှ လွတ်ရာ တကိုယ်လုံးအနှံ့ အင်္ဂါကြီးငယ်ကို လျှောက်သွား

လှည့်လည်နေတဲ့ **အင်္ဂမင်္ဂါနုသာရီလေ** လို့ ၆-ပါးရှိတယ်။ ဒီ ၆-ပါးသော လှုပ်ပါးလှုပ်ရှားခြင်းသဘော၊ ထောက်ကန် တောင့်တင်းခြင်း သဘောတွေကို အဇ္ဈတ္တ=အတွင်းလေ ဓာတ်လို့ ခေါ်တယ်။

ဒီ လေဓာတ်တွေနဲ့ ပတ်သက်ပြီး ရှေ့ ၄-မျိုး ကတော့ မင်းတို့ သိပြီးဖြစ်တယ်။ နောက် ၂-မျိုးနဲ့ ပတ်သက်ပြီး ဆိုးဝါးပုံကို ငါ အကျဉ်းမျှပြောပြမယ်။ "ကုစ္ဆိသယလေ၊" ပျက်စီး ဖောက်ပြန် ထကြွယင် ဝမ်းကို ရင်ကို ဖောက်ပြီး ထွက်တတ်တယ်။ အထက်အောက် ခြားနား ထားသော အမှေးလွှာတို့ကို ဆုတ်ဖြတ်ဖောက်ခွဲတတ်တယ်။ ဒီအခါမှာ သတ္တဝါသေရတယ်။ ဒီလေဟာ ဒီလိုဆုတ်ဖြဲ ဖောက်ခွဲတတ် သဖြင့် ဒါးငယ်ဦးချွန်းနဲ့တူလို့ လေ ဓါးမြှောင်လို့ခေါ် တယ်။ ပြီးတော့"အင်္ဂမင်္ဂါနုသာရီလေ၊"ဖျက်ဆီး ဖောက်ပြန် ထကြွသောင်းကျန်းယင်၊မျက်စိကြော၊နားကြော၊မေးကြော၊ လည်ပင်းကြော၊ ကိုယ်ကြော၊ ခြေထောက်ကြော - အစရှိတဲ့ အကြောငယ် အကြောဆက်တို့ကို ဖြတ်လိုက်ယင် ပါးစပ်ရွဲ့၊ လည်ပင်းစောင်း၊ ကိုယ်တခြမ်းသေ စတဲ့ အလွန်ဆိုးဝါးတဲ့ လေမျိုးကို "လေသင်ဓုန်း" လို့ခေါ်တယ်။

အလုပ်စခန်းမှာ - နှာခေါင်းဝမှ ဝင်လေထွက်လေနဲ့ ဖိနှုတ်သီးဝမှ ဝင်လေထွက်လေကို လက်ဝါးနဲ့ ခံစမ်းကြည့်၊ တိုးဝှေ့ တိုက်လှင့်ခြင်းကိစ္စရှိတဲ့ အဟုန်သဘော၊ လှုပ်ရှား သွားလာခြင်း အတုတုဆိုတာ တွေ့ရလိမ့်မယ်။ ဒီနှာခေါင်းက

ထွက်လာတဲ့လေဟာ "ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ် တိုးဝှေ့တိုက်ခတ်ခြင်း သဘောဖြစ်တယ်"လို့ သိရမယ်။ ငါ သာဓက တခုပြမယ်။

ဘုရားရှင်လက်ထက်က နာဂသမလ အမည်ရှိတဲ့ မထေရ်မြတ်တပါးဟာ မြို့တွင်းကို ဆွမ်းခံဝင်လာတဲ့အခါမှာ လမ်းဆုံတခုမှာ "ရုပ်ရေအဆင်းပြေပြေဖြစ်လှပတဲ့ ကချေသည်မတယောက် လူထုပရိသတ်ကြီးစုံလောက်အောင် ါး ုင် ေ်နဲ့ အမျိုးမျိုး လှုပ်ရှား ကပြ အသုံးတော်ခံနေတာ"ကို သွားပြီး တွေ့ရတယ်။ ဒီအခါမှာ မထေရ်မြတ်က "အင်း.. ရုပ်ရေရူပကာယ ကလဲ လှပပါပေတယ်၊ အက အခုန်ကလဲ ကောင်း ပါပေ တယ်၊ ဒါကြောင့်မို့လဲ ပုထုဇဉ်အကန်းတွေကို သူ့ရုပ်ရဲ့ ညွတ်ကွင်းနဲ့ အမိဖမ်းနိုင်တာပဲ"လို့ ယောနိသောမနသိကာရ (မှန်ကန်တဲ့ နှလုံးသွင်းမှု)ကို ဖြစ်စေပြီး "ဒီချောမောလှပတာဟာ မိန်းမ မဟုတ် ရုပ်နာမ်ခန္ဓာ ၅-ပါးသာ ဖြစ်တယ်၊ ယခုလို လှုပ်ရှား ကခုန်နေတာလဲ အတွင်းက လေဓာတ်, မြေဓာတ်,ရေဓာတ်တို့ လှုပ်ရှား တိုက်လှုင့်နေခြင်းသာဖြစ်တယ်၊ အတွင်းလေဓာတ်က တွန်းကန် လှုပ်ရှားနေလို့ မျက်လုံး, မျက်တောင်, မေး,လက်, ခြေတွေလှုပ်ရှားမှု ဖြစ်ရတာပဲ။ဗဟိဒ္ဓ အပြင်လေ တိုက်ခတ်ခြင်း ခံရတဲ့အခါ သစ်ပင်များ လှုပ်ရှားသကဲ့သို့ပါတကား" လို့ သတိသမ္ပဇဉ်နဲ့ ယှဉ်ပြီး ခန္ဓာဘက်သို့ ဝိပဿနာဉာဏ်လှည့် လိုက်တော့ ခဏလေးနဲ့ ရဟန္တာ ဖြစ်သွားတယ်။

အဲဒီလိုအဖြစ်သဘောအပျက်သဘောမသိ၊ဓာတ်အကြောင်း နားမလည်တဲ့ မင်းတို့အဖို့တော့ အလှန်ကြည့်ကောင်းနေ

မှာပေါ့၊ ဒါကြောင့် မင်းတို့ကို ဓာတ် ၆ ပါး၊ခန္ဓာ ၅-ပါး အကြောင်း ကျကျနန ရှင်းပြောနေတာ၊ ဒါတွေအရေးကြီး တယ်နော်။

(၅) **အာကာသဓာတ်**။ ။ အာကာသဓာတ်မှာလဲ ဗဟိဒ္ဓ=အပြင်အာကာသဓာတ် ၊အဇ္ဈတ္တ = အတွင်းအာကာသ ဓာတ်လို့ ၂ ပါးရှိတယ်။ (က) **အပြင်အာကာသဓာတ်**ဆိုတာ ရေမြေတို့၏ အောက်မှာရှိတဲ့ အာကာသ၊ ရေမြေတို့အပေါ် မှာရှိတဲ့ အာကာသ၊ ကျောင်း တိုက်တာ အဆောက်အဦးတို့ အတွင်း ရေဓာတ် မြေဓာတ်တို့နဲ့ မထိပဲ ရှိတဲ့နေရာအားလုံး ကိုလဲ အပြင်အာကာသလို့ခေါ်တယ်။ (ခ)**အတွင်းအာကာသ** ဆိုတာကတော့ နားပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက် စသော မြေဓာတ်မရှိပဲ ဟင်းလင်းပြင် အပေါက်ဟူသမျှကို အဇ္ဈတ္တ အတွင်းအာကာသလို့ ခေါ်တယ်။ အခေါင်းပေါက် ရှိတဲ့ တောင်ပို့ သစ်ပင်တွေတဲ့အခါ ဒါတွေဟာ အပြင် အာကာသတွေပဲ ငါ့ကိုယ်မှာရှိတာနဲ့ အတူတူပဲ၊ အတွင်း အပြင်သာ ကွဲတာပဲလို့ ရှုတတ်ရမယ်။

**ဟင်းအိုးနဲ့ဓာတ် ၅ ပါး**။ ။ဟင်းကို ဥပမာတခုပြအုံးမယ်။ ပွက်ပွက်ဆူနေတဲ့ဟင်းအိုးကို ဓာတ် ၅ ပါးကွဲပြားအောင်ခွဲ ပြမယ်။ သေသေချာချာ မှတ်ထား၊ ဟင်းအိုးအတွင်းက အတုံး တွေ၊ အဖတ်တွေဟာ **မြေဓာတ်** လို့မှတ်ထား၊ အရေဟူသမျှကို **ရေဓာတ်**လို့မှတ်ထား၊ အဲဒီ ဟင်းအိုးထဲကိုနှိုက်ယင် ပူတာ လောင်တာကိုတွေ့မယ်။ ဒါကို **မီးဓာတ်**လို့ မှတ်ထား၊

အဖတ်တွေ အရေတွေကို တိုးတက်တိုက်လှင့်နေတဲ့ အဟုန်၊ အပေါ်ကို တရှူးရှူး တရှဲရှဲ တက်နေတဲ့ အခိုးအငွေ့ကို **လေဓာတ်**လို့မှတ်ထား၊ အိုးနှုတ်ခမ်းဝအတွင်း ဟင်းလင်းလပ်နေတဲ့နေရာကို **အာကာသဓာတ်**လို့မှတ်ထား။

ကောင်းပြီ။ ဒီဟင်းအိုးထဲက အဖတ်ကို ကိုင်ကြည့်ယင် ပူမယ်။ ပူတာအဖတ်မဟုတ်၊ အဖတ်ဟာအပူမဟုတ်၊ အဖတ်က မြေဓာတ်ပဲ၊ ပူခြင်းသဘောက မီးဓာတ်၊ ဓာတ်ဆိုတာ အရုပ်ဝတ္ထု အကောင်အထည်မရှိဘူး၊ မီးတောက်ကို လက်နဲ့ ကိုင် [illegible] ကြည့်ပါ။ မင်း သိလိမ့်မယ်။ အရေတွေကို လက်နဲ့နှိုက်ကြည့်၊ ပူရမယ်။ အပူဟာ အရေမဟုတ်၊ အရေဟာ အပူမဟုတ်၊ အရေက ရေဓာတ်၊ ပူခြင်းသဘောကမီးဓာတ်၊ ကိုင်း တရှူးရှူး တရှဲရှဲ မြည်နေတဲ့အိုးထဲက အခိုးအငွေ့အဟုန်တွေကို လက်ဝါးခံပြီး ထားယင် ပူရမယ်။ ဒီပူတာဟာအခိုးမဟုတ်၊ အခိုးအဟုန်ဟာ အပူမဟုတ်၊ အခိုးအဟုန်တွေက လေဓာတ်၊ ပူခြင်းသဘောက မီးဓာတ်၊ ဒီ မီးဓာတ်ဟာ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်တို့ကို စွဲပြီးလောင်နေတယ်။ ဒါဟာ ပူတဲ့ ဥဏှမီးနဲ့ယှဉ်တဲ့ ဓာတ် ၅-ပါးပဲ၊ အေးတဲ့ သီတမီးနဲ့ယှဉ်ပြီးဖြစ်တဲ့ ဓာတ် ၅-ပါး ကတော့ ရေခဲထည့်ထားတဲ့ ဘိလပ်ရေပုလင်းကို ကြည့်ပေါ့။

(၆) ဝိညာဏဓာတ်။ ။ဝိညာဏဓာတ်ဆိုတာ အာရုံဆီသို့ ရှေးရှုပြေးသွားတတ်၊ သွတ်တတ်တဲ့ အနက်သဘောကြောင့် နာမ်လို့ခေါ်တယ်။ စောစောကပြောခဲ့တဲ့ ဓာတ် ၅-ပါး တွေဟာ အပူအအေးစသည်တို့ကြောင့် ဖောက်ပြန်တတ်တဲ့

သဘောရှိလို့ ရုပ်လို့ခေါ်တယ်။ ဒါကြောင့် ခေတ် ၆-ပါးကို အကျဉ်းချုံးပြီး "ရုပ်ခေတ် နာမ်ခေတ်" လို့ ၂ ပါးပဲခေါ်ရတယ်။ ယခင်က ခေတ် ၅-ပါးဟာ ရုပ်ခေတ်၊ ဒီရုပ်တွေ လှုပ်ရှား ပျက်ပြားခြင်း၊ ကောင်း ဆိုး ဝေဖန်ခံစားခြင်းကို သိမှုက "ဝိညာဏခေတ်" လို့ ခေါ်တယ်။

ကဲ....မင်းသဘောပေါက်ကဲ့လား။ မင်းတို့ကဗဟိဒ္ဓ အပြင် ရုပ်ခေတ် ၅-ပါးကိုတော့ "သူပဲ၊ ငါပဲ၊ ယောကျ်ား၊ မိန်းမ မခွဲခြားပဲ" အဇ္ဈတ္တ=အတွင်းခေတ်၅-ပါးကိုသာ ယောကျ်ား, မိန်းမ,သူ,ငါ,ခွဲခြားပြီး စွဲမှတ်နေကြတာ။ မင်းတို့ရဲ့ အတွင်းခေတ်တွေဟာ အခုလိုတလုံးတစည်းတည်း ပေါင်းစပ်မနေပဲ၊ အပြင်ခေတ်တွေလို တကွဲတပြားစီနေမယ်၊ ပိုင်းခြားတတ်မယ်ဆိုယင် ပုဂ္ဂိုလ်,သတ္တဝါ,သူ,ငါ,ယောကျ်ား,မိန်းမ,လို့ စွဲထင်နေမှာမဟုတ်ဘူး။ ယောကျ်ားမိန်းမဆိုတာ ခေတ် ၆ ပါးပဲရှိတယ်။ "ပညတ်" အဆိုသာ ယောကျ်ားမိန်းမခွဲကြတာပါ။ အဟုတ်မရှိ တကယ်မရှိပါဘူး။ အဟုတ်ရှိ တကယ်ရှိတာက တကိုယ်လုံးမှာရှိတဲ့ မာမှု၊ ပျော့မှုဆိုတဲ့ **ပထဝီခေတ်**၊ ဖွဲ့စည်းမှု ယိုစီးမှုဆိုတဲ့ **အာပေါခေတ်**၊ ပူမှု အေးမှုဆိုတဲ့ **တေဇောခေတ်** တောင့်တင်းမှု ဖေါင်းပွမှု ထောက်ကန်လှုပ်ရှားမှုဆိုတဲ့ **ဝါယောခေတ်**၊ ရုပ်ကလာပ်တွေအချင်းချင်း မရောစပ်ရအောင် ပိုင်းခြားထားတဲ့ **အာကာသခေတ်**၊ သိမှုဆိုတဲ့ **ဝိညာဏခေတ်**၊ ဒီခေတ် ၆ ပါးသာ ပေါင်းစပ်နေခြင်းဖြစ်တယ်။ သဘောပေါက်ပြီလား။

## ဓေထရုပ္ပတ္တိနှင့် ဩဝါဒတရားများ

ကဲ....–မင်းအခု “ ရုပ် ဓာတ် နာမ် ဓာတ် ” ဆိုတာ ကွဲကွဲပြားပြားသိပြီနော်၊ “ ဒိဋ္ဌိ ” ခွါပုံလဲပြပြီးပြီ။ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့လဲ ခွဲပြပြီးပြီ။ ဒီတော့ မင်းရဲ့တာဝန်က အလုပ်လုပ်ဖို့ပဲ ကျန်တော့တယ်။ ကဲ မင်းပြန်ပြီး တရား အားထုတ်ချေတော့။

## ၅။ ဉာဏ်စဉ်အကြောင်း၊

(၁၃၁၇–ခု တော်သလင်းလဆန်း ၁၃ ရက်နေ့၌ ဟောကြားသည်)

ဒီနေ့တော့ လူသစ်တွေရောက်လာလို့ ဝိပဿနာလက်တွေ့ လုပ်နည်းကိုစပြီးဟောရလိမ့်မယ်။ ဝိပဿနာအလုပ်စမယ်ဆိုယင် မိမိစိတ်ဟာ အဓိပတိ ၃–ပါး အားထားရမယ်။ တရားထိုင်တဲ့ အခါမှာ ဆိတ်ငြိမ်တဲ့နေရာမှာထိုင်ပါ။ ဆိတ်ငြိမ်တဲ့နေရာဟာ တောပါပဲ၊ ဘုရားကိုရှိခိုးကန်တော့၊ မိမိခန္ဓာကို တရားမထိုင်မီ ဘုရားကိုလှူထားပါ။ ပြီးတော့ သမ္မာဒေဝ=နတ်ကောင်း နတ်မြတ်တွေကို မေတ္တာပို့ အမျှဝေပါ။ ခန္ဓာကိုယ် ထားပုံ ထားနည်းကတော့ အချိန်ကြာကြာတရားအားထုတ်နိုင်အောင် တည့်တည့်မတ်မတ်ထိုင်ပါ။ ဝင်သက် - ထွက်သက် = အာနာပါနကို စိတ်တည်ငြိမ်ပြီး သမာဓိရအောင် လုပ်ပါ။ ဝင်လေလဲသိ ထွက်လေလဲသိပြီးနေယင် ကြာတော့ သမာဓိလဲ အားကောင်းလာမယ်။ အဲဒီ သမာဓိအားကောင်းလာတဲ့အချိန်မှာ ဝီရိယကိုအလျှော့မပေးပဲ သတိနဲ့ပညာကိုကပ်ပြီးလိုက်ပါ။

တရားထိုင်ရတာကြာတော့ ရုပ်တွေက ဖောက်ပြန်လာပြီး ဝေဒနာတွေ ပေါ်လာတယ်၊ တောင့်လာတာ ညောင်းလာတာကို ဉာဏ်ကသိလာတယ်။ ညောင်းတာရယ် ညောင်းမှန်းသိတာရယ် ဒီ ၂-ခုကို ဖြစ်ပြီးပျက်သွားတာပဲလို့ သိလိုက်ပါ။ ဒီလိုသိလိုက်တဲ့အခါမှာ ညောင်းတဲ့ရုပ်နဲ့ ညောင်းတဲ့စိတ် မရှိတော့ပြီလို့ နောက်က ဉာဏ်နဲ့ သိလိုက်ပါ။ ညောင်းတာ

တောင့်တာကို ပြုပြင်ပြီးမပေးသမျှ အညောင်းခံတတ်တွေ တခုပြီးတခု ဖြစ်ပြီးပျက်နေအုံးမှာမို့၊ ဒုးကလေး ခြေကလေး ဆန့်ချင်တဲ့စိတ် ပြောင်းရွှေ့ချင်တဲ့စိတ်ပေါ်လာလိမ့်မယ်။ အဲဒီ ဆန့်ချင် ကွေးချင် ပြောင်းရွှေ့ချင်တဲ့စိတ် ဖြစ်တာကို ကိုယ့်ဉာဏ် နဲ့သိလိုက်ပါ။ ဒီလို သိပြီးတဲ့အခါ၊ ထိုဆန့်ချင် ကွေးချင် ပြောင်းရွှေ့ချင်တဲ့ ရုပ်နာမ်တွေ မရှိတော့ပြီလို့အပ်သိလိုက်ပါ။ အဲဒီလိုသိနေတုန်းမှာ ဖြစ်ဆိုအသံတခုကြားလိုက်ယင် "ကြား တယ်"လို့သိပါ။ အဲဒီလို ၁ခွာ ၅ ပါးမှာ တခုခုပေါ်လာတိုင်း ပေါ်လာတိုင်း သိပြီး ဖြစ်ပြီး ပျောက်ပျက်သွားပါကလားလို့ သိရမယ်။ အဲဒီလို အသိတရားတွေကို စိပ်သကက်စိပ်ပြီးလာ တာတွေကို ဉာဏ်နဲ့မှတ်။ တဖြည်းဖြည်း ရုပ်နာမ်တရားတွေ တခုပြီးတခု ဖြစ်ပြီးပျက်သွားတာတွေကို သတိနဲ့ စိုက်ကြည့်က တွေ့လိမ့်မယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ပါဠိလို့ရွတ်မနေနဲ့တော့၊ ဖြစ်ပြီးပျက်သွားပါကလားလို့ တခုတည်းကိုသာ သတိနဲ့ စိုက်ပြီး ကြည့်သိနေယင်၊ ဆင်းရဲတဲ့သဘော၊ အစိုးမရတဲ့ သဘောကို ပိုရှိထင်ထင် သိမြင်လာလိမ့်မယ်။

ဒီလို မိမိတို့ခန္ဓာကိုယ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက် တွေ ရှုကြည့်ဖန်များလာယင် မိမိရဲ့ခန္ဓာကိုယ်ကို ငြီးငွေ့လာ တော့တာပဲ၊ အဲဒီအခါမှာ မိမိရဲ့ ခန္ဓာကိုယ်ကို စွန့်လွှတ်ချင်တဲ့ စိတ် ဖြစ်လာမယ်။ ခန္ဓာကိုယ်ရှိယင် ဒီလို ဖြစ်ပျက်ဒုက္ခနဲ့ မကင်း နိုင်ပဲ၊ အို၊ နာ၊ သေ၊ ဆိုတဲ့ ဒုက္ခသစ္စာနဲ့ တွေ့ကြရဦးမှာပဲလို့ ကြောက်ရွံ့ပြီး မိမိခန္ဓာကိုယ်ကိုပဲ ငြီးငွေ့လာမယ်။ ဖြစ်ပျက်ကို ရှုဖန်များလာယင် လောဘ ဒေါသ-မောဟ ၃-ပါးစလုံး

တဖြည်းဖြည်း ခေါင်းပါးပြီး၊ နောက်ဆုံး ဖြစ်ပျက်ဆုံးအောင် ပွားများ အားထုတ်ဖန်များယင် ယခုဘဝမှာပင် မဂ်ဖိုလ်ကို ရနိုင်ဘယ်။ ဒါကြောင့် ကြိုးစားပြီး မိမိတို့ ခန္ဓာကိုယ်ကို ဖြစ်ပျက်ရှုကြပေတော့၊ ဖြစ်ပြီးပျက်တဲ့သဘောမှတပါး ဘာမှ မရှိဘူးဆိုတာ တွေ့ရလိမ့်မယ်။

**ညာဏ်စဉ်**။ ။အဲဒီလို ရှုဖန်များလာယင် (၁)ဤကားရုပ်၊ ဤကားနာမ်လို့ ပိုင်းခြားသိလာတော့ နာမရူပ **ပရိစ္ဆေဒညာဏ်** ရလာတယ်။ (၂)နောက် နာမ်ရုပ်တို့၏ဖြစ်ပေါ်ရင်းအကြောင်း တရားတို့ကို ဆင်ခြင်ပြီး ဒီနာမ်ရုပ်ဟာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုတဲ့ အကြောင်း ၄-ပါးကြောင့် ဖြစ်လာတဲ့ အကျိုးတရားပါကလား၊ အကြောင်းလဲ ဖြစ်ပျက်၊ အကျိုးလဲ ဖြစ်ပျက်ပဲလို့ ရှေးအတိတ်ဘဝက "အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ" အကြောင်း တရားတို့ကို ရှာမှီး သိမ်း ဆည်း နိုင် တဲ့ **ပစ္စယ ပရိဂ္ဂဟညာဏ်** ရလာမယ်။ (၃) နောက် ရုပ်နာမ်တို့၏ "ဖြစ်ပြီး၊ ပျက်လတ္တံ့၊ ဖြစ်ဆဲ" တို့ကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလ ၃-ပါးကို ပိုင်းခြား၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေး ၃ ပါးဖြင့် ဆင်ခြင် သုံးသပ်ခြင်းတည်းဟူသော **သမ္မသနညာဏ်** အဆင့်သို့ ရောက်လာမယ်။ (၄) နောက် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ရုပ်နာမ်တို့၏ ခဏမစဲ တသဲသဲ ဖြစ်ပျက်နေမှုကို ရှုခြင်းဆိုတဲ့ **ဥဒယဗ္ဗယညာဏ်** ပေါ်လာမယ်။ (၅ နောက် ရှုဖန်များလာယင် အပျက်ကိုသာ သိမြင်လာတဲ့ ဘင်္ဂညာဏ် ပေါ်လာမယ်။ (၆, ဒီလိုရှုဖန်များလာယင် ရုပ်နာမ်

တို့၏ ပျက်မှု ချုပ်မှုကိုသာ မြင်လာသဖြင့်၊ ကြောက်ဖွယ်ရာ ဘေးကြီးလို့ထင်လာတဲ့ **ဘယဉာဏ်** ပေါ်လာမယ်။ (၇)နောက် ရုပ်နာမ်တို့၏ ချုပ်ပျက်မှုစသော အပြစ်တွေကို ထင်မြင်လာတဲ့ **အာဒီနဝဉာဏ်** ရလာမယ်။ (၈) နောက် မိမိခန္ဓာကိုယ်တည်း ဟူသော ရုပ်နာမ်တို့ကို ငြီးငွေ့စိတ်ပျက် မနှစ်သက်တဲ့ နိဗ္ဗိန္ဒ ဉာဏ် ဖြစ်လာမယ်။ (၉) နောက် မိမိခန္ဓာကိုယ်တည်းဟူသော ရုပ်နာမ် ဓမ္မသင်္ခါရတို့မှ လွတ်ချင်လိုတဲ့ မုဉ္စိတုကမျတာဉာဏ် ရောက်လာမယ်။ (၁၀) ထိုမှတဆင့် ရုပ်နာမ်တွေရဲ့ မမြဲမှု ဆင်းရဲမှု အစိုးမရမှုတွေကို အပြင်းအထန်အားထုတ်မှုကြောင့် အလွန် ထင်မြင်လာတဲ့ ပဋိသင်္ခါဉာဏ် ရောက်လာမယ်။ (၁၁) နောက် ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို မချစ်မမုန်းပဲ လျစ်လျူ ရှုတတ်တဲ့ **သင်္ခါရုပေက္ခာဉာဏ်** ပေါ်လာတယ်။ (၁၂) နောက် ပြီးတော့ ရှေ့ဉာဏ် နောက်ဉာဏ်ကို လက္ခဏာရေးသုံးပါးဖြင့် အနုလုံပဋိလုံ ရှုပွားတဲ့အခါမှာ ၂-ဉာဏ်လုံးနဲ့ သင့်လျော်တဲ့ **အနုလောမဉာဏ်** ဖြစ်ပေါ်လာမယ်။ (၁၃) နောက် ပုထုဇဉ် တို့၏ အနွယ်ကိုဖြတ်၍ အရိယာတို့၏ အနွယ်ကို ဖြစ်စေတဲ့ **ဂေါတြဘူဉာဏ်** ပေါ်လာမယ်။ (၁၄) နောက် (သဥပါဒိ သေသ) နိဗ္ဗာန်ကိုသိမြင်တဲ့ **မဂ်ဉာဏ်**နှင့် (၁၅) မရှေးမနှောင်း ပင် ထိုနိဗ္ဗာန်၏အကျိုးကို ခံစားတဲ့ **ဖိုလ်ဉာဏ်** ပေါ်လာမယ်။ (၁၆) နောက် မဂ်ကိုဆင်ခြင်ခြင်း၊ ဖိုလ်ကို ဆင်ခြင်ခြင်း၊ နိဗ္ဗာန်ဆင်ခြင်ခြင်း၊ ပယ်ပြီးသော ကိလေသာကိုဆင်ခြင်ခြင်း၊ မပယ်ရသေးသော ကိလေသာကို / ဆင်ခြင်ခြင်းဆိုတဲ့ ဉာဏ် ၅-ပါးကို ဆင်ခြင်တဲ့ **ပစ္စဝေက္ခဏာဉာဏ်** ရောက်လာလိမ့်မယ်။

ဒါကြောင့် အလွန်တွေ့ကြုံခဲလှစွာသော ဘုရားသာသနာတော်နဲ့ကြုံခိုက်၊ ဆရာသမားကောင်းနဲ့လဲတွေ့ခိုက် ရခဲလှတဲ့ လူ့ဘဝကိုရနေခိုက်မှာ ယခုအချိန်ကစပြီး အရိုးကြီးပွားရေးကို မလုပ်ကြပဲ အရိုးကဓာတ်တော်ဖြစ်အောင် ကြိုးစားကြပါ။ အရိုး အသွေး အသားက ဓာတ်တော်ဖြစ်တယ်ဆိုတာ၊ အမေမွေးကတည်းက ဖြစ်လာတာ မဟုတ်ဘူး။တရားကိုအားထုတ်လို့ တရားကပြုပြင်သောကြောင့် တရားသဘောအရ ဓာတ်တော်ဖြစ်လာရတယ်လို့မှတ်ပါ။ဒါကြောင့် တရားအလုပ်ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်ဖို့ သတိပေးလိုက်ပါတယ်။

(မှတ်ချက်။ ။ဆရာတော်သည် တရားအားမထုတ်ဖူးသေးသည့် လူပြိန်းများကိုသာ ထိုစဉ်က ပဟုသုတ အလို့ငှာ အထက်ပါအတိုင်း ဉာဏ်စဉ်ကို အထူးသီးသန့်ဟောခဲ့ပါသည်။ များသောအားဖြင့် ဉာဏ် ၃ ဆင့်ကိုသာ ဟောပြောလေ့ရှိပါသည်။)

## ၆။ "မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ" တိုင်း ဖြစ်ပျက်ရှု

(၁၃၁၇-ခု တော်သလင်းလဆန်း ၁၄-ရက်နေ့၌ ဟောကြားသည်)

ရခဲလှတဲ့ "ဒုလ္လဘတရား ၅-ပါး" မှာ ဘဝတိုင်း ဘဝတိုင်းမှာ သဒ္ဓါတရားနဲ့ပြည့်စုံမှု ရှိချင်မှရှိမယ်။ ဒါကြောင့် ယခုအခါ သဒ္ဓါတရားနဲ့ပြည့်စုံတုန်း မြန်မြန်မဂ်ဉာဏ်ရအောင် လုပ်ပါ၊ သေမှာကိုကြောက်ယင် မဂ်ဉာဏ်ကို ရအောင်ယူ၊ မဂ်ဉာဏ်ကိုရယင် သေမင်း မမြင်နိုင်တော့ဘူး၊ သေမင်း ရှာမတွေ့နိုင်တော့ဘူး။ ဒါကြောင့် ဝိပဿနာအလုပ်ကို မလုပ်ပဲနေနေယင် "နင်သေချင်လို့လား" လို့ ကိုယ့်ကိုယ်ကိုပြန်မေးပါ။ မသေချင်ယင် ခန္ဓာ ၅-ပါး အပေါ်မှာ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကိုသာ ရှုပေတော့။ ဘုန်းကြီးတရားကိုတော့ ကုသိုလ်ရချင်ရုံနဲ့ မနာကြနဲ့၊ နိဗ္ဗာန်ရောက်အောင်လုပ်ကြဖို့ တရားဟောပေးနေတာ၊ ရအောင်လုပ်ကြပါ။ ဝိပဿနာရဲ့ အကျိုးကျေးဇူးများပုံကို ပြောပြရဦးမယ်။

ဘုရားရှင်လက်ထက်က ဘိက္ခုနီမ ၅၀၀ က သွန်သင်ဆုံးမပါဦးဘုရားလို့ လျှောက်ထားတာနဲ့၊ ရှင်နန္ဒက ဟောကြားဆုံးမတယ်။ သူဟောကြားဆုံးမတဲ့ တရားကတော့၊ "ကိုယ်ရယ်၊ လေရယ်၊ နေရယ်၊" ဒီ ၃-ခုရှိနေမှ "ဖဿ" ဆိုတဲ့ တွေ့ထိမှု ဖြစ်ပေါ်လာတယ်။ **အခံဓာတ်၊ အပိဓာတ်၊ အထိဓာတ်**လို့ ခေါ်တယ်။ ဒီ ၃-မျိုးကြောင့် အပေါ်ဓာတ် ပေါ်လာတယ်။

ဒီ ပေါ်လာတဲ့ အပေါ်ခေတ်ဟာ အကြောင်း ၃-မျိုးကြောင့် ပေါ်လာတာ၊ဝေဒနာပေါ်လာတာဟာ အကြောင်းကြောင့် ပေါ်တာ။ ရေ၊ မြေ၊ လေ၊ နေတို့နဲ့ လွတ်အောင်မနေနိုင် တော့ဘူး၊ ၎င်းတို့နဲ့တွေ့ယင် "ဝေဒနာ" ပေါ်ရမယ်။ "မွေးတယ်, နံ့တယ်, အေးတယ်, ပူတယ်"ဆိုတာ ဝေဒနာ တွေပဲ၊ ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်လာတဲ့ "ကာယ၊ ဖောဋ္ဌဗ္ဗ၊ ဖဿ၊ ဝေဒနာ (ကိုယ်၊ တွေ့ထိဖွယ်၊ တွေ့ထိမှု၊ ခံစားရမှု၊) ပေါ်တိုင်း ဖြစ်ပျက်ရှုပေး" လို့ ရှင်နန္ဒ က ဟောလိုက်တယ်။ ဥပမာပြုရယင်၊ မီးထွန်းတဲ့အခါ "ဆီ၊ မီးစာ၊ မီးတောက်၊" ဒီ ၃-ခု ပေါင်းမှ အလင်းရောင်ထွက်လာတာလိုပဲ၊ဝေဒနာ၊ ဟာမမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တ တရား တွေပဲလို့ ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ကိုသာ ရှုကြပေတော့။

စိတ်တမျိုးတမျိုးပေါ်တိုင်းလဲ ဖြစ်ပျက်ရှု၊ ရုပ်ကလေး တမျိုးတမျိုး ပြောင်းလဲတိုင်းလဲ ဖြစ်ပျက်ရှုပါ၊ ခင်ဗျားတို့ အတိုးအဘွားတွေ ဘယ်ရောက်ကုန်သလဲလို့မေးယင် အနိစ္စ ရောက်ကုန်ပြီလို့ ပြောကြပါမယ်။ ခင်ဗျားတို့လဲ အနိစ္စတွေက မွေးခဲ့လို့ အနိစ္စတွေပဲ၊ ခင်ဗျားတို့က မွေးမယ့်ဝလေးတွေလဲ အနိစ္စပဲ၊ သူတို့ကတဆင့် မွေးမှာလဲ အနိစ္စချည်းပဲ၊ ဒါကြောင့် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ တိုင်း ဖြစ်ပျက်ရှုပါ၊ ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာလဲဒုက္ခလို့ မြင်အောင်ရှုပါလို့ရှင်နန္ဒ က ဟောပြ တော့ ဘိက္ခုနီမ(ရဟန်းမ)၅၀၀-ဟာ သောတာပန်၊ သကဒါ ဂါမ်၊ အနာဂါမ်၊ ရဟန္တာတွေ အသီးသီး ဖြစ်ကုန်ကြတယ်။

ဒါကြောင့် ဝေဒနာရှိယင် တဏှာကုန်တယ်၊ တဏှာကုန်ယင် နိဗ္ဗာန်ရောက်တော့တာပါပဲ။

ရှုပုံရှုနည်းချည့် ဟောနေပါတယ်။ ရှုပုံရှုနည်း နားလည်တဲ့ လူတွေများပြီ။ ဒီ "ဖဿဝေဒနာ" တို့ဟာ ရောနေတော့၊ တခုရှိယင် အကုန်ပါတော့တာပဲ၊ ဝိပဿနာအရာမှာ စိတ်ပေါ်ပေါ် ဝေဒနာပေါ်ပေါ် ဖြစ်တာနဲ့ပျက်တာလိုသာ ရှုပေးဖို့ လိုပါတယ်။ ကိုယ်ပေါ်မှာ "သုခ" ပေါ်ပေါ် "ဒုက္ခ" ပေါ်ပေါ် ဖြစ်တာနဲ့ ပျက်တာပဲ ပေါ်တာပါ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ စိတ်စေတသိက်ရုပ်တွေကိုလဲ ပေါ်လာတိုင်းပေါ်လာတိုင်းသာ စောင့်ရှုပါ၊ရှုယင် ရွံစရာ မုန်းစရာတွေပါကလားလို့ ငြီးငွေ့တဲ့စိတ်တွေ ပေါ်လာတော့တာပဲ၊ ဖြစ်ပျက်ကိုသာ ရှုဖန်များလာယင်၊ ဉာဏ်တွေ အဆင့်ဆင့် ရင့်သန်လာပြီး ဒီခန္ဓာကြီးကို မလိုချင်တော့ဘူး၊ ရွံမုန်းလာပြီး ခန္ဓာရဲ့ လွတ်ရာလွတ်ကြောင်းကို သူကြံစည်တော့တာပဲ၊ ဒါဟာ ဒုက္ခပိုင်းခြားသိတဲ့ဉာဏ်ပဲ၊ ဖြစ်ဖြစ်သမျှဟာ ဒုက္ခတွေချည့်ဖြစ်နေလို့ ဖြစ်ပျက်ကိုသာရှု၊ ဖြစ်ပျက်မှတပါး ဘာမျှမရှိဘူး၊ ဖြစ်ပေါ်ပြီး ပျက်တာချည်းပဲ၊ ဒါကြောင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခသာရှုကြ။ သတိ,ပညာနှင့် ရုပ်ပျက်,နာမ်ပျက်တို့ကို ကြည့်ရှုနေလို့ ဖောက်ပြန်ပျက်စီးပြီးနေတာပါကလားလို့ သိလာပြီး၊ ဒုက္ခသစ္စာကို ပိုင်းခြားသိလာယင် မဂ်ဉာဏ် ပေါ်လာတော့တာပဲ။

ဘုရားသခင်က ဟောတယ်။ ဝိပဿနာမရှုသော သူဟာ အပါယ်ငရဲဘေးတွေနဲ့တွေ့ရမယ်။ သေခါနီး သား, သမီး,

လင်မယား, ပစ္စည်းဥစ္စာတွယ်တာတွေကြောင့် အပါယ်ဘေးနဲ့ နီးလွန်းလှတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကို ရအောင်ရောက်အောင် လုပ်ကြရမယ်။ ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကူးမှ အပါယ်ငရဲဘေးမှလွတ်ကြရမယ်။ သောတာပန် များဟာ သေရမှာမကြောက်ကြတော့ဘူး၊ အပါယ်ငရဲဆိုတဲ့ အောက်သံသရာဘေး မကျရောက်တော့လို့ မကြောက်ကြတာ၊ မဂ်ဉာဏ်ရောက်မှ ဒီ ဘေးကလွန်ပြီး (လွတ်ပြီး) လားရာဂတိ မြဲမယ်။ ဘုရားတောင်မှ တရားကျင့်မှ ဘုရားဖြစ်ရတယ်။ဘုရား တောင် တရားကို ပူဇော်ကိုးကွယ်သေးတယ်။ ရှေးတုန်းက တက္ကသိုလ်ပြည့်ရှင် "ပက္ကုသာတိ" မင်းကြီးဟာ ဤတရား ရတနာကို "ရတနာအမှန်ကောန်ဖြစ်ကြောင်း" သိသဖြင့် ထီးနန်း ကိုစွန့်ပြီး တက္ကသိုလ်ကခွါ၍ ဘုရားရှင်ထံ အရောက်သွားရန် ရည်မှန်းပြီး ၁၉၂-ယူဇနာဝေးတဲ့ ခရီးခဲကြီးကို ထီးမဆောင်း ဖိနပ်မစီးပဲ ငွေကြီးစွာဖြင့် ဒုက္ခအမျိုးမျိုးခံလျက် သွားလေရာ ရာဇဂြိုဟ်ပြည်၌ ဘုရားရှင်ထံမှောက်ရောက်ပြီး တရားနာယူ ကျင့်သုံးတာနဲ့ ကျွတ်တမ်း ဝင်သွားတယ်။ ဒီတော့ အဲဒီ "ပက္ကုသာတိမင်းကြီး" ကို နှလုံးမူပြီး ငင်းတို့ ကြိုးစားကြ ပါလို့ သတိပေးပါတယ်။

အဲဒီ "ပက္ကုသာတိ" မင်းကို ဟောတဲ့ တရားကတော့ "ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်" လို့ ဓာတ်ခြောက်ပါး ရှိတယ်။ ဓာတ်ဆိုတာ သူ့သဘောသူ လုပ်၊ သူ့သဘောသူ ဆောင်တာပဲ။ လူတို့ရဲ့သဘောကို မလိုက်ဘူး၊ သတ္တဝါဆိုတာ

ဒီ ဓာတ် ၆-ပါး အစုအဝေးကြီးပဲ၊ ဒီ ဓာတ် ၆-ပါးဟာ သူ့သဘောအတိုင်း ဖြစ်ပေါ်လာပြီး ပျက်သွားတာပဲ၊ သူ့သဘော သူဆောင်တာပဲ၊ ဒီလို ဓာတ် ၆ ပါးရဲ့ ဖြစ်ပျက်သဘောကို မြင်အောင်ရှု၊ "သတ္တဝါဆိုတာ ဓာတ်ကောင်၊ ဓာတ်စု၊ ဓာတ်ခဲပါလား၊ သူ့သဘော သူဆောင်နေတာပါလား၊ မိမိ အလို မလိုက်ပါကလား အစိုးမရပါကလား အနတ္တတရားပါကလား"လို့ ဓာတ်တွေရဲ့ ဖောက်ပြန် ပျက်စီး ယိုယွင်း ပျက်စီးနေပုံကို အထပ်ထပ် ဆင်ခြင် မပြတ်မလပ် ထင်မြင်လျှင် ပက္ကုသာတိမင်းကြီးလို မဂ်ဖိုလ်ကိုရက်တိုတိုနဲ့ ရမှာမို့၊ **ဓာတ် ၆-ပါး**ကိုသာ ဖြစ်ပျက်ရှုကြပေတော့ ဒကာ.... ဒကာမတို့။

## ၇။ ပုန်းအောင်းပြီး ချောင်းဖမ်းပါ

(၁၃၁၇-ခု တော်သလင်းလပြည့်နေ့၌ ဟောကြားသည်)

မိလိန္ဒမင်းကြီးက ရှင်နာဂသိန်ကို၊ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့တရားကို ဘယ်လိုများ ဝိပဿနာ ရှုရပါသလဲ" လို့ မေးလျှောက်တယ်။ ရှင်နာဂသိန်က ဒီလို ပြောလိုက်တယ်။ မင်းကြီး၊ ကျား ခြသေ့ သစ်တို့ဟာ သားသမင်တွေကိုဖမ်းတဲ့ အခါ သူတို့ပြေးရာကို လိုက်ဖမ်းလို့ အလွယ်တကူ မရဘူး။ စောင့်ဖမ်းမှ ချောင်းဖမ်းမှ အလွယ်တကူနဲ့ ရနိုင်တယ်။ အဲဒီ လိုပဲ ယောဂီပုဂ္ဂိုလ်ဟာ ပေါ်လာတဲ့ အာရုံတွေနောက်ကို လိုက်မနေရဘူး၊ ပေါ်လာတာကလေးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ မိအောင် စောင့်ပြီးကြည့်ရမယ်။ စိတ်ပေါ်တိုင်း ဖြစ်ပျက်ကိုသာ ရှုပါ။ စိတ်ပြေးတိုင်း လိုက်ဖမ်းနေဖို့မလိုဘူး။ စောင့်ပြီး ပေါ်တာကို ကြည့်၊ ဖြစ်ပျက်ကိုသာ ရှုပါ။ သတိကလေးနဲ့ ချောင်းပြီး ဖမ်းရမယ်လို့ ဟောလိုက်တယ်။ အဲဒီတော့ ဒင်ဗျား တို့ သန္တာန်မှာ နာမ် တရားပေါ်ပေါ် ရုပ် တရားပေါ်ပေါ် ဝေဒနာပေါ်ပေါ် ပေါ်တာကို ချောင်း ဖမ်းပေတော့။ ဒါကြောင့် ယောဂီများဟာ **အောင်းလဲအောင်း ချောင်းလဲ ချောင်း** ဆိုတဲ့ စကားလို မိမိတို့အိမ်မှာပဲဖြစ်ဖြစ် ဆိတ်ငြိမ်တဲ့ နေရာ ဆိတ်ငြိမ်တဲ့ အချိန်ကို ရွေးချယ်ပြီး အားထုတ်ပါ။ ဆိတ်ငြိမ်တဲ့နေရာကတော့ တောပါပဲ၊ ဒီလိုဆိတ်ငြိမ်တဲ့နေရာ မှာနေပြီး သွားကောင်နဲ့တူတဲ့ စိတ်အမျိုးမျိုးပေါ်လာတာကို မိအောင် သတိနဲ့ စောင့်ပြီး မိအောင် ဖမ်းပါ။

အဲဒီတော့ ဝိပဿနာအားထုတ်တဲ့အခါမှာ "ပုန်းအောင်းမှုနဲ့ ချောင်းမြောင်းမှု"ဒီ ၂-ခုကို စွဲကိုင်သွားပါ။ ပုန်းအောင်းမှုတွက် ဆိတ်ငြိမ်ရာကိုရှာပါ။ ထိုင်ပါ၊ ထိုင်ပြီးတော့၊ သတိ၊ သမာဓိနဲ့ချောင်းမြောင်းပြီး ပေါ်လာတာဘူသမျှကို ပညာနဲ့ မိအောင်ဖြစ်ပျက်ရှုပါ။ ဒီတော့ဆိတ်ငြိမ်တဲ့နေရာမှာအောင်းပြီး ပေါ်လာတဲ့ ျပ်နာမ် (သားကောင်)ကို သတိသမာဓိနဲ့ချောင်းပြီး ပညာနဲ့အနိစ္စ၊ဒုက္ခ၊ အနတ္တ၊မိအောင်ပစ်ပါ။ ရှုတဲ့အခါမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ဝိညာဏ ဆိုတဲ့ ဓာတ် ၆ ပါး ကို ရှုနိုင်တယ်။ ဓာတ်ဆိုတာ သူ့သဘော သူဆောင်ပြီး ဖြစ်ပျက်နေကြတာပဲ၊ ဒီ ဓာတ်တွေ ဖြစ်ပျက်နေကြတာကို သိလိုက်ယင် ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကို ရနိုင်တယ်၊ ဒုက္ခသစ္စာကို တကယ်မြင်ယင် နိဗ္ဗာန်ရတော့တာပဲ။ ဒါကြောင့် ဓာတ် ၆ ပါးကို ရှုကြပါ။ ဝိညာဏဓာတ်ဆိုတဲ့ စိတ် ပေါ်တိုင်း ဖြစ်ပျက်ရှုပါ၊ ဓာတ် ၆-ပါး ကိုကြိုက်ရာရှုပါ၊ သို့မဟုတ် ဝေဒနာ တွေကိုလဲ ပေါ်ရာရှုပါ။ ဒါမှမဟုတ် မျက်လုံးနဲ့ အဆင်း၊ နားနဲ့ အသံ၊ လျှာနဲ့ အရသာ၊ ကိုယ်နဲ့ အထိအတွေ့၊ စိတ်နဲ့ အာရုံ တွေ့တာ တွေ့ဟာ ဖဿ ပေါ်တာပဲ။ ဒီ ဖဿဟာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြီး ချုပ်ပျောက်သွားတာပဲလို့ သိနေပါ။

ဒီ လို သိ လိုက် တော့၊ "ဩော်........ဒီ တ ရား တွေ ဟာ သူ့အကြောင်းနဲ့သူ၊ သူ့သဘောနဲ့သူ ဖြစ်ပေါ်ပြီး ပျောက်ပျက်သွားပါကလား၊အစိုးမရတဲ့ အနတ္တတရားတွေပါကလား"

ဆိုတာသိတော့ အနုတ္တညာဏ်ရလာတော့တာပဲ။ အနုတ္တညာဏ် ရယင် နိဗ္ဗာန်ရောက်တော့တာပဲ၊ ဥပမာ–ခန္ဓာကိုယ်မှာ ဝေဒနာ ပေါ်တယ်။ ဒီဝေဒနာဟာ သူ့သဘောနဲ့သူ၊ အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတာပဲ။ ဖြစ်ပြီးပျက်သွားတာပဲလို့ သိပေးပါ။ ဒီလိုဝေဒနာ သဘောကိုမသိပဲ ငါနာတယ် ငါဖျား တယ်လို့ ငါစွဲ စွဲနေယင် တဏှာလိုက်နေမယ်။ တဏှာလိုက်ယင် ဥပါဒါန်၊ ကံတွေလိုက်ပြီး သံသရာလည်တော့တာပဲ၊ ဒီတော့ ဝေဒနာပေါ်တိုင်းဖြစ်ပျက်ရှု၊ သူ့သဘောအတိုင်း အကြောင်း တိုက်ဆိုင်လို့ ပေါ်လာတာပဲ၊ ဒါ "ဓာတ်သဘောပဲ၊ ငါမဟုတ် ဘူး ငါနဲ့မဆိုင်ဘူး" လို့ သိယင် ဝေဒနာ နောက်က တဏှာ မလိုက်တော့ဘူး။ တဏှာချုပ်သွားတယ်။ တဏှာချုပ်ယင် ဥပါဒါန်၊ ကံတွေချုပ်တော့၊ နိဗ္ဗာန်ရောက်တာပဲ၊ ဒီတော့ ဝေဒနာနောက်က တဏှာမလိုက်အောင် ဝေဒနာကိုဖြစ်ပျက်ရှု၊ ဝေဒနာ ဖြစ်ပျက်မြင်ယင် တဏှာချုပ်တယ်။ အဲ....တဏှာချုပ် ယင် နိဗ္ဗာန်ရတာပဲ။

# ဂ။ မဂ်တား ဖိုလ်တား နီဝရဏတရား

နီဝရဏတရားဆိုတာ မဂ်ဖိုလ်ကို (မရအောင်) ပိတ်ပင်တားဆီး ဖုံးလွှမ်းထားတဲ့တရားလို့မှတ်၊ နီဝရဏတရားမှာ "လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ" လို့ ၅-ပါးရှိတယ်။ ဒီ နီဝရဏတရား ၅-ပါးက ဝင်ရောက်နှောက်ယှက်လို့ရှိယင်၊ ခန္ဓာထဲ ဉာဏ်စိုက်ရှုသော်ငြားလဲပဲ၊ ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်=အနိစ္စသဘောကို မမြင်နိုင်ဘူး၊ မမြင်တော့ **ခန္ဓာအရှိနဲ့ ဉာဏ်အသိ** မကိုက်တော့ မဂ်ဖိုလ်မရနိုင်ဘူး၊ မဂ်ဖိုလ်မရတော့ သံသရာတလျှောက်လုံးမှာ တဒိုင်းဒိုင်းပြေးနေရတာပေါ့၊ ဒုက္ခစက်ဟုတ်ကြီး ချာချာလည်နေရတာပေါ့၊ ဒါကြောင့် ဒီ နီဝရဏတရား ၅-ပါးကို မိမိဉာဏ်အပေါ် မဖုံးလွှမ်းနိုင်အောင် ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်မှသာလျှင် ခန္ဓာထဲရှိ ဖြစ်ပျက်အနိစ္စတွေကို မြင်နိုင်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရ၍ မိမိ၏ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကြီးပြတ်လို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းသွားမယ်။

**စိတ်၏သဘော**။ ။စိတ်ဝိညာဏ်ဟာ ၆-မျိုးရှိတယ်။ ဆိုင်ရာဝတ္ထုရုပ်အသီးသီးမှာ မှီပြီးဖြစ်တယ်။ စက္ခုဝိညာဏ်စိတ်က မျက်လုံးမှာ ပေါ်တယ်။ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်တို့ဟာလဲ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ အသီးသီးမှာပေါ်တယ်။ မနောဝိညာဏ်စိတ်ကတော့ ဟဒယရုပ်ခေါ်တဲ့ နှလုံးသွေးထဲမှာ ပေါ်တယ်။ ဒီစိတ်ဟာ အာရုံနဲ့ဒွါရ တိုက်ဆိုင်တဲ့အခါမှာ

ဖျပ်ကနဲဖျပ်ကနဲ ပေါ်ရတယ်။ ဟဒယဝတ္ထုနှလုံးသွေးဟာ အသစ်အသစ်ဖြစ်ပြီး အမြဲ ပြောင်းလဲနေတယ်။ နှလုံးသွေးကဖြူနေယင် ကြည်နေယင် ဒီမှာပေါ်တဲ့စိတ်ကလဲ ကြည်လင်နေပြီး ဉာဏ်ပညာကလဲ ထိုးထွင်းသိတော့တာပဲ၊ အကယ်၍ နှလုံးသွေးက နောက်နေယင် ဒီအထဲမှာ ပေါ်တဲ့ စိတ်ကလဲ နောက်တောက်တောက်ဖြစ်နေတော့၊ ဉာဏ်က ထိုးထွင်းပြီး မသိနိုင်တော့ဘူး၊ ဒီတော့ ခုနကပြောခဲ့တဲ့ နိဝရဏတရားတွေက ဝင်ရောက်နှောက်ယှက်လို့ရှိယင်၊ စိတ်ဟာမကြည်မလင် နောက်တောက်ဘောက်ဖြစ်ပြီး ဉာဏ်ကထိုးထွင်းမသိနိုင်တော့ဘူး။

ဒီ နိဝရဏအကြောင်းကို ပဥ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတဲ့ ဝတ္ထုနဲ့တကွ ရှင်းပြမယ်။ ဘုရားရှင်ဟာ စမ္ပာနဂိုပြည်မှာ သီတင်းသုံးနေတယ်။ သင်္ဂါရဝဆိုတဲ့ သတို့သားတယောက်ဟာ ဘုရားရှင်ဆီလာပြီး တပည့်တော် ပုဏ္ဏားထုံးစံအတိုင်း ဗေဒင်ကျမ်းဂန်တွေ ညည့်ဦးဖတ်သရဇ္ဈာယ်တဲ့အခါ၊ တခါတလေ တလုံးမှသတိမရဘူး၊ အကုန်မေ့ကုန်တယ်ဘုရား။ တခါတလေကျပြန်တော့ ပြီးသားတွေအပြင် မရသေးတာတွေတောင် ဉာဏ်ထဲမှာ ထင်လာပါတယ်ဘုရား၊ အဲဒါ ဘာကြောင့်ပါလဲဘုရားလို့ မေးလျှောက်တယ်။ ဒီတော့ ဘုရားက ငါရှင်းပြမယ်ကွ ဆိုပြီး ဥပမာကလေးနဲ့ ဒီလို ရှင်းပြလိုက်တယ်။

(၁) ခွက်တခုထဲမှာ ကြည်နေတဲ့ရေထည့်လိုက်၊ နောက် ဒီရေထဲကို ဆေးနီ ဆေးဝါ ဆေးပြာတွေ ဖျော်ထည့်လိုက်၊

ရေကို ငြိမ်အောင်ထားပြီး မင်းမျက်နှာဟပ်ကြည့်လိုက်စမ်း၊ မျက်နှာရုပ် ထင်ထင်ရှားရှား မြင်နိုင်ပါ့မလား။ မမြင်နိုင်ဘူး။ ဒီလိုပဲ နဂိုစိတ် (ဘဝင်စိတ်)ဟာ ကြည်နေတယ်။ သူ့ပုံရာ နှလုံးသွေးဟာလဲ ကြည်နေတယ် ဒီနှလုံးသွေးအကြည်ထဲမှာ လောဘစိတ် ကလေး ဝင်လာပေါ်လာလို့ရှိယင်၊ စိတ်ဟာ နောက်ကျိသွားပြီး သိပြီးသားစာတွေတောင် မမှတ်မိမသိနိုင် တော့ဘူး။ ဒီမှာလဲဝိပဿနာအားထုတ်ရာမှာလဲ ထို့အတူပဲ၊ သားသမီး အတွက် စီးပွားရေးအတွက် လောဘစိတ် ဝင်လာယင် ခန္ဓာထဲမှာ နဂိုကရှိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာအရုပ်တွေကို ဉာဏ်နဲ့ဆင်ခြင်တဲ့အခါမှာ မသိမမြင်နိုင်တော့ဘူး၊ ဒီတော့ ရေထဲမှာရှိတဲ့ ဆေးနီ ဆေးဝါ၊ ဆေးပြာတွေ ဖယ်ပစ်ပြီး ရေငြိမ်အောင်ထားပြီး မျက်နှာ ဟပ်ကြည့်မှ မျက်နှာရုပ်ကို ထင်ထင်ရှားရှား မြင်နိုင်သလို၊ ဒီပေါ်လာတဲ့လောဘစိတ်ကို ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ရမယ်။ အဲဒါ ဖယ်ရှားပစ်ပြီးမှ မိမိရှုနေတဲ့ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီး ခန္ဓာထဲဉာဏ်စိုက်ကြည့်လိုက်ယင် ခန္ဓာထဲမှာ နဂိုရှိနေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာ အရုပ်တွေ တခုခုဟာ ထင်ထင်ရှားရှား မြင်နိုင်တယ်။ ဒီတော့ ခင်ဗျားတို့ ခန္ဓာထဲဉာဏ်စိုက်ပြီး ဖြစ်ပျက်ရှုလို့မမြင်တာဟာ ဒီ လောဘစိတ်ကဝင်ရှုပ်လို့ မမြင်ရတာ။ ဒီတော့ လောဘစိတ် ဝင်လာယင် သူ့ကိုအယင် ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီးရှုပါ။ ဒါမှဖြစ်ပျက်=အနိစ္စ တွေမြင်လာမယ်။

(၂) ဒုတိယအချက်က ဒေါသပဲ၊ ဒေါသစိတ်ဖြစ်နေယင် နှလုံးသွေးဟာ ပွက်ပွက်ဆူနေတာပဲ၊ ပွက်ပွက်ဆူနေတဲ့ရေနွေးထဲကို မျက်နှာရိပ်ဟပ်ကြည့်ပါ။ ရေကပွက်ပွက်ဆူနေပြီး အခိုးတွေထနေတော့ မျက်နှာရိပ်မမြင်နိုင်ဘူး။ ဒီလိုပဲ ဒေါသစိတ်ကဝင်ရှုပ်နေတဲ့အခါ နဂို ရ ထားတဲ့စာတွေတောင်အကုန်မေ့သွားရတယ်။ ဒီမှာလဲ ဝိပဿနာရှုတဲ့နေရာမှာလဲ ဒေါသစိတ်ဖြစ်နေတဲ့အခါ ခန္ဓာကိုယ်ထဲကို ဉာဏ်နဲ့ကြည့်ပါ။ ခန္ဓာမှာရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာကြီးကို ဘယ်တော့မှမမြင်နိုင်ဘူး။ ဒေါသဆိုတဲ့ရေဆူပြီး အခိုးထနေတာကို။ ဒီတော့ ရေအခိုးငြိမ်အောင် ရေအေးရေငြိမ်အောင်ထားပြီး မျက်နှာရိပ်ဟပ်ပြီးကြည့်တော့ မျက်နှာရိပ်မြင်ရသလို၊ ဒီပေါ်လာတဲ့ဒေါသကို ဖြစ်ပျက်ရှုပြီး အယင်ဖယ်ပစ်ရမယ်။ ဒီလိုဖယ်ရှားပစ်ပြီးမှ မူလကမ္မဋ္ဌာန်းကိုပြန်ကောက်။ ဒီလိုရှုတော့မှ ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်အနိစ္စရိပ်တွေကို မြင်လာလိမ့်မယ်။

(၃) တတိယအချက်က ထိနမိဒ္ဓပဲ။ ထိနမိဒ္ဓဆိုတာ ကိုယ့်စိတ်ကို ကိုယ်မနိုင်တာ၊ ငိုက်မျည်းသွားတာ။ ရေကန်ထဲက ရေပြင်မှာ ရေမှော်တွေဖုံးအုပ်နေတဲ့အခါ၊ မျက်နှာကို ဟပ်ကြည့်ယင်မျက်နှာရိပ်ကိုမမြင်နိုင်ဘူး။ ဒီလိုပဲ၊ ဟဒယဝတ္ထုနှလုံးသွေးထဲမှာထိနမိဒ္ဓ၊ ငိုက်မျည်းတဲ့စိတ်က ဝင်ရောက်နှောင့်ယှက်နေယင် ရပြီးသားစာတွေ မေ့မှာပဲ၊ အခု ဝိပဿနာရှုတဲ့နေရာမှာလဲ ထိနမိဒ္ဓ ဆိုတဲ့ ငိုက်မျည်းတဲ့စိတ်က ဟဒယဝတ္ထုနှလုံးသွေးမှာ

ဝင်ရောက်ဖုံးလွှမ်းနေယင် ဉာဏ်ဝင်ခွင့်မရလို့ ခန္ဓာထဲရှိတဲ့ ဖြစ်ပျက်အနိစ္စတွေ မမြင်နိုင်ဘူး။ ဒီတော့ ဖုံးနေတဲ့မှော်တွေ ဖယ်ရှားပစ်ပြီး မျက်နှာရိပ်ကိုဟပ်ကြည့်မှ ထင်ထင်ရှားရှား မြင်ရမယ်။ ဒီမှာလဲ ဉာဏ်ပေါ်မှာဖုံးနေတဲ့ ဒီ ထိနပိဒ္ဓကို အယင်ဖြစ်ပျက်ရှုပြီး-ဟဒယဝတ္ထုနှလုံးသွေးမှ ဖယ်ရှားပင်ပြီးမှ ရှုနေတဲ့မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပါ။ ဒီတော့ မိမိရှုနေတဲ့ ဖြစ်ပျက်အနိစ္စတွေ ထင်မြင်လာမယ်။

(၄) စတုတ္ထအချက်က ဥဒ္ဓစ္စ ကုက္ကုစ္စ ဖြစ်တယ်။ ဥဒ္ဓစ္စ ကုက္ကုစ္စဆိုတာ စိတ်ပြန့်လွင့်တာ။ စိတ်မငြိမ်တာ။ ထားရာမှာ မနေတာပဲ။ ရေကန်ထဲကရေဟာ လေတိုက်ပေ်လှိုလှုပ်နေတဲ့ အခါ မျက်နှာရိပ်ကို ဟပ်ကြည့်ပါ။ မျက်နှာရိပ်ကိုမမြင်ရဘူး။ ဒီမှာလဲ ဝိပဿနာရှုရာမှာလဲ စိတ်ပြန့်လွင့် လှုပ်ရှားနေတဲ့အခါ ဝိပဿနာရှုယင် ခန္ဓာထဲရှိတဲ့ အနိစ္စတွေကို မမြင်နိုင်ဘူး။ ရေကို ငြိမ်အောင်လုပ်ပြီး မျက်နှာရိပ်ဟပ်ကြည့်မှ မြင်ရတယ်။ ဒီမှာလဲ ပြန့်လွင့်နေတဲ့စိတ်ကို ဖြစ်ပျက် ရှုပြီး ဖယ်ရှားပစ်ပါ။ ပြီးမှ မူလကမ္မဋ္ဌာန်းကို ပြန်ကောက်ပြီးရှုယင် ခန္ဓာထဲရှိတဲ့ ဖြစ်ပျက် အနိစ္စတွေကို မြင်နိုင်တယ်။ ထို့အပြင် ကုက္ကုစ္စဟာ အရေး ကြီးလို့ အထူးရှင်းပြပါဦးမယ်။

ခင်ဗျားတို့ငယ်စဉ်တုန်းက မသိမလိမ္မာလို မိုက်ခဲ့တာတွေကို တွေးပြီးပူမနေနဲ့ ကြောက်လန့်မနေနဲ့၊ ငယ်တုန်းကမိုက်ခဲ့ တာတွေကို နှလုံးသွင်းနေယင် ဒါမဂ်တားဖိုလ်တားဖြစ်တယ်။

ငယ်ငယ်တုန်းကစပြီး တောက်လျှောက်လိမ္မာတဲ့ အမျိုးလို့မရှိပါဘူး။ အနည်းနဲ့ အများ မိုက်မှားခဲ့တဲ့လူတွေများပါတယ်။ ဒါတွေတွေးမနေနဲ့ တွေးနေယင် ကုက္ကုစ္စဖြစ်ပြီး ဝိပဿနာမှာ အနှောင့်အယှက်ဖြစ်တယ်။ ဒီတော့ ကုက္ကုစ္စစိတ်တွေလာယင် ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ပါ။ ဘုရားလက်ထက်က လူဆိုးကြီးတွေ မဂ်ဖိုလ်ရသွားကြတာ ရှိခဲ့သားပဲ၊ ပြီးတော့ သေခါနီးမှာ ကုက္ကုစ္စစိတ်တွေဖြစ်ယင်တိရစ္ဆာန်ဖြစ်တတ်တယ်။ ပြိတ္တာဖြစ်တတ်တယ်။ ဒါကြောင့် သင်များတို့ကို သေနည်းသင်ပေးနေရတာ။ သေခါနီးယင် ကိုယ့်ခန္ဓာကို ဖြစ်ပျက်ရှုပေးပါ။ သားသမီးပစ္စည်းဥစ္စာတွေအတွက် စိတ်မချတာ စွဲလမ်းတာတွေလာယင်၊ ပြိတ္တာနဲ့ တိရစ္ဆာန်ဖြစ်တတ်တယ်။ ဒါကြောင့် ဝိပဿနာလုပ်တဲ့အခါ ရှေ့ကဒုစရိုက်မှုတွေကို မတွေးတော့ပဲ ဖြစ်ပျက်ရှု ဖယ်ရှားပစ်ပြီး မိမိရှုနေတဲ့ မူလကမ္မဋ္ဌာန်းကိုသာ စိုက်စိုက်မတ်မတ် ရှုသွားရမယ်။

(၅) ပဉ္စမအချက်က **ဝိစိကိစ္ဆာ**ဖြစ်တယ်။ **ဝိစိကိစ္ဆာ**ဆိုတာ သံသယရှိတာ၊ ဘုရား၊ တရား၊ သံဃာအပေါ် သံသယရှိမှု၊ မိမိကျင့်နေတဲ့ ဝိပဿနာအကျင့်ပေါ်မှာ သံသယရှိမှုတွေဟာ မဂ်တားဖိုလ်တားပဲ။ မိမိဉာဏ်မမှီတာတွေကို စဉ်းစားပြီး သံသယဖြစ်နေယင် ဒါအန္တရာယ်တခုပဲ၊ သဒ္ဓါကိုရှေ့သွားပြုပြီး တဖြည်းဖြည်းဉာဏ်နဲ့ဆင်ခြင်သွားမှသာ အမှန်ရောက်နိုင်တာ။ ဒီလို တွေးတော ယုံမှား သံသယစိတ်တွေ ဝင်လာယင် ဒါကို ဖြစ်ပျက်ရှုပြီး ဖယ်ရှားပစ်ရမယ်။ ဖယ်ရှားပြီးမှ မိမိ

ရှုနေတဲ့ မူလကမ္မဋ္ဌာန်းကိုပြန်ကောက်။ ရေကန်ထဲကရေတွေ အနယ်ထနေယင် မျက်နှာရိပ်မထင်နိုင်ဘူး အနယ်တွေဖယ်ရှားပစ်မှ မျက်နှာရိပ်ထင်နိုင်တယ်။ ဝိပဿနာရှုရာမှာလဲ ဝိစိကိစ္ဆာတွေ ဝင်ရှုပ်လာယင် ခန္ဓာအရိုကို ဉာဏ်မျက်စိကမမြင်နိုင်ဘူး။ ဒီတော့ ဒီဝိစိကိစ္ဆာကိုဖယ်ရှားပစ်မှသာ **ခန္ဓာအရှိ**န့် ဉာဏ်အသိကိုက်မယ်။ ခန္ဓာထဲမှာ ရှိတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေကို တွေ့မြင်နိုင်မယ်။

# ၉။ တကျော နှင့် ကံ

(၁၃၁၈–ခု တော်သလင်းလဆန်း ၁၀–ရက်နေ့၌ ဟောကြားသည်)

ခင်ဗျားတို့ကိုယ်မှာ ရုပ်နာမ် ၂–မျိုးပဲရှိတယ်။ ထိုင်နေတာကရုပ်တရား၊ နာနေတာကနာမ်။ ယောကျ်ားရယ် မိန်းမရယ်လို့ ဆိုကြတာက သမုတိသစ္စာနယ်မှာ ပညတ်အားဖြင့်မှန်တယ်။ ပရမတ္ထသစ္စာနယ်အားဖြင့် ရုပ်နဲ့ နာမ်ပဲ ရှိတယ်။ ဥပမာ မြစ်ဟိုဘက်ကမ်းကို လှေနဲ့ကူးသွားမယ်ဆိုယင်၊ လှေကြောင့်လဲ ဟိုဘက်ကမ်းရောက်တယ် ဆိုရမယ်။ လူကြောင့်လဲ ဟိုဘက်ကမ်းရောက်တယ်ဆိုရမယ်။ တခုနှင့်တခု အမှီပြုနေရတာပဲ။ အကြောင်းနဲ့ အကျိုးပဲရှိတယ်။ ရုပ်ကြောင့်လဲ နာမ်ဖြစ်တယ်။ နာမ်ကြောင့်လဲ ရုပ်ဖြစ်ပေါ်လာရတယ်လို့ မှတ်ပါ။ ဒီခန္ဓာမှာ ရှိတဲ့ ရုပ်နာမ်ဟာ ခင်ဗျားတို့ပြုခဲ့တဲ့ **ကံ** ၏အစွမ်းကြောင့် ဖြစ်ရတယ်။ ကံရှိသရွေ့ ဒီရုပ်နာမ်အစဉ်ဟာ ပြတ်မသွားဘူး။ သေယင် ဘာမှ မဖြစ်ဘူးဆိုတဲ့ အယူဟာ **ဥစ္ဆေဒဒိဋ္ဌိ** အယူပဲ။ ဒါ မှားတဲ့အယူပဲ။ ကုသိုလ်အကုသိုလ်ကံတွေကြောင့် ရုပ်နာမ် အစဉ်တွေ အဆက်မပြတ် ဖြစ်နေရတယ်။ ကံ၊ ကံ၏အကျိုး ပေးဆိုတာရှိတယ်။ ကံကို၏ အကျိုးပေးတရားဟာ ဉာဏ်နဲ့ မှန်းဆပြီး သိနိုင်တယ်။ အကြောင်းတရားတိုင်းမှာ အကျိုး တရားရှိတာချည်းပဲ၊ အတိတ် ပစ္စုပ္ပန် အနာဂတ်ဆိုတဲ့ ကာလ ၃–ပါးရှိနေတာပဲဟာ၊ ကာလ ၃–ပါးရှိနေတော့ အတိတ်

ဘဝလဲရှိရမယ်။ ယခုလက်ရှိဘဝလဲရှိရမယ်။ နောက်အနာဂတ်ဘဝလဲရှိရမှာပေါ့။

လူတွေဟာ အတိတ်ဘဝက အကြောင်းတရားအမျိုးမျိုးကြောင့် ယခုဘဝမှာ အကျင့်အမျိုးမျိုး၊ ရုပ်ရည်အမျိုးမျိုး၊ စိတ်နေသဘောထားအမျိုးမျိုး၊ ပညာမှာလဲ ထူးချွန်မှု၊ မထူးချွန်မှုအမျိုးမျိုး၊ ဆင်းရဲချမ်းသာအမျိုးမျိုး ကွဲပြားခြားနားနေကြတာပေါ့။ ဒီလိုကွဲပြားမှုတွေဟာ ရာသီဥတုနဲ့ ပတ်ဝန်းကျင် အတွေ့အကြုံ ကြိုးစားမှုအပေါ်မှာ အနည်းအပါးတော့တည်တယ်။ ဒါပေမယ့် ခင်ဗျားတို့ပြုခဲ့တဲ့ စေတနာကံကပဓာနပဲ။ သူကစိုးတာပဲ။ ဒီတော့ အခု ဘဝ ၃-ပါး ဆက်စပ်ပုံကို ရှင်းပြမယ်။

လွန်ခဲ့တဲ့ အတိတ်ဘဝ၊ ယခုရောက်ဆဲ ပစ္စုပ္ပန်ဘဝ၊ နောက်လာမယ့်အနာဂတ်ဘဝ-လို့ ဘဝ ၃ ပါးကို တန်းပြီးတော့ မှတ်ထားပါ။ ဘာကြောင့်များ ဒီဘဝ ၃-ပါးဟာ တခုနဲ့တခု ဆက်မိအောင် ဆက်စပ်နေပါသလဲ၊ ဒီဘဝတွေကိုဆက်မိအောင် လုပ်တဲ့ လက်သည်ကိုရှာကြစို့။ အပ်ချုပ်သမားဟာ အထည်စက်ရုံ၊ ယက္ကန်းစင်တို့ကထွက်လာတဲ့ အဝတ်အထည်တွေကို ခင်ဗျားတို့ကိုယ်နဲ့ အံကျဖြစ်အောင် ဆက်စပ်ချုပ်လုပ်ပေးလို့ ခင်ဗျားတို့ရဲ့ လုံချည်အင်္ကျီတွေဖြစ်လာရတာ၊ ဒီတော့ သမုဒယသစ္စာဆိုတဲ့ တဏှာလောဘဟာ ဒီ အပ်ချုပ် သမားလိုပဲ ဒုက္ခသစ္စာ=ဘဝတွေကို ဆက်စပ်ပေးနေတယ်။ တဘဝပြီး တဘဝ မပြတ်ရအောင် ဆက်ပေးနေတယ်။ အတိတ်ဘဝက

စုတေပြီးသည်နှင့်တပြိုင်နက် ယခုရောက်ဆဲ ပဋိသန္ဓေဘဝကို ဆက်ပေးတယ်။ ဒီ ပဋိသန္ဓေဘဝက သေကြရဦးမယ်။ သေယင် ပဋိသန္ဓေဘဝ စုတိစိတ်ကလေးနဲ့ အနာဂတ်ဘဝ ပဋိသန္ဓေ စိတ်ကလေးကို ဆက်ပေးဦးမယ်။ ဒီတော့ "တဏှာလောဘ" မသေသရွေ့တော့ ဘဝ=ဒုက္ခ အဆက်မပြတ်တော့ပါဘူး။ ဒီတော့ "တဏှာလောဘ"ဟာ အတိတ်ဘဝနဲ့ ပဋိသန္ဓေဘဝ၊ ပြီးတော့ ပဋိသန္ဓေဘဝနဲ့ အနာဂတ်ဘဝတွေ အဆက် မပြတ်အောင် ဆက်ပေးနေတာပဲ၊ ဒီ တဏှာလောဘ မသေ သရွေ့တော့၊ "စုတိပြီးပဋိသန္ဓေ၊ ပဋိသန္ဓေပြီးစုတိ" ဆက်စပ် ပေးနေမှာပဲ။

တသံသရာလုံး မင်းတို့ငါတို့ကို ဒုက္ခအားလုံးနဲ့ ဆက်စပ် ပေးနေတာဟာ ဒီ"တဏှာလောဘ"ပဲ။ ဒီ တဏှာလောဘကို အသေမသတ်နိုင်သရွေ့ကာလပတ်လုံး ဘယ်တော့မှ ဒုက္ခဆက် ပြတ်တော့မှာ မဟုတ်ဘူးလို့ မှတ်ပါ။ ခင်ဗျားတို့ကတော့ ဒီ ဘုံဘဝကို ကုသိုလ်ကံကဆက်သလိုလို ထင်ချင်ထင်နေမယ်။ ကုသိုလ်ကံပေမယ့်၊ ဒီ တဏှာမရှိယင် ဒီ ကုသိုလ်ကံဟာ နိဗ္ဗာန် ပို့တယ်။ သူက ဘဝတွေဆက်ပေးနေလို့ နိဗ္ဗာန်မရောက်တာ။ ကုသိုလ်ကံဟာ တဏှာရဲ့ လက်အောက်ခံ ဖြစ်တဲ့အတွက် လူ့စုတိနဲ့နတ်ပဋိသန္ဓေ ဆက်ပေးလိုက်တာပဲ။ စုတိနဲ့ပဋိသန္ဓေ အဆက်မပြတ်ရအောင် ဆက်ပေးတဲ့ လက်သည်ရင်းကတော့ ဒီ တဏှာလောဘပဲ။ ခင်ဗျားတို့က သာမညဉာဏ်ကလေးနဲ့ ကြည့်တော့ ဩော်....ကံကောင်းလို့ လူ့ပြည်ရောက်လာတယ်။ ကံကောင်းလို့ နတ်ပြည်ရောက်လာတယ်လို့ ထင်ကြမယ် ဒီ-ကံ

တွေဟာ ဘယ်လိုကောင်းကောင်း၊ တဏှာသေယင် အဟော သိကံဖြစ်သွားရတယ်။ အကျိုးမပေးနိုင်တော့ဘူး။ ဘုရား ဖြစ်ခါနီး ဝေဿန္တရာမင်းကြီးဟာ ဒါနကုသိုလ်ကံတွေ အများကြီးပြုလုပ်ခဲ့တယ်။ ဘုရားအဖြစ်သို့ ရောက်တော် သူ့ရဲ့ဒါနကုသိုလ်ကံတွေဟာ ကုန်ပြီလို့မဆိုနိုင်ဘူး။ တဏှာရှိတဲ့ ပုဂ္ဂိုလ်သာဆိုယင် အကျိုးပေးလို့ မကုန်နိုင်ဘူး။ သို့သော် ဗောဓိပင်နဲ့ရွှေပလ္လင်မှာ ဝိပဿနာအလုပ်ကိုလုပ်လိုက်တဲ့အတွက် တဏှာလောဘက သေသွားတော့ ဘုရား ပရိနိဗ္ဗာန်စံပြီးယင် ဘယ်ဘဝမှ မဆက်တော့ဘူး။ ဒါ တဏှာကုန်လို့မဆက်တာ။ "ကံ" ကတော့မကုန်ဘူး။ တဏှာကုန်လို့သာ မဆက်နိုင်တာ။ ဒါဖြင့် ဘဝဆက်လေသမျှဟာ တဏှာလောဘလို့သာမှတ်ကြ။

ဒါဖြင့် "ကံ" ဟာ ကြောက်စရာကောင်းသလား၊ "တဏှာ" ဟာကြောက်စရာကောင်းသလားဆိုတော့၊ တဏှာက ကြောက်စရာကောင်းတာ၊ ခင်ဗျားတို့ကတော့ အကုသိုလ်ကံ နှိပ်စက်မှာ ကြောက်လိုက်ကြတာ။ တဏှာကြောက်တယ်လို့ မပါဘူး။ အကုသိုလ်ကံ အကျိုးပေးလို့ ဒိုင်းကနဲ သေမှာ၊ စီးပွားရေးပျက်သွားမှာပဲ ခင်ဗျားတို့ ကြောက်နေကြတာ၊ တသက်လုံး မုဆိုးလုပ်စားနေတဲ့ မုဆိုးကြီးဟာ အကုသိုလ် ကံတွေမနည်းဘူး လုပ်ထားတာ၊ သို့သော်လဲ ဘုရားနဲ့တွေ့လို့ ဘုရားရဲ့ တရားကိုနာပြီး ဝိပဿနာအလုပ် လုပ်လိုက်တော့ အဲဒီ အကုသိုလ်ကံတွေဟာ အကျိုးဆက်မပေးနိုင်တော့ဘူး။
ဘ-၆ ဘာပြုလို့ တဏှာ ချုပ်သွားလို့၊ ဒီတော့ ခင်ဗျာတို့တတွေ

"ကုသိုလ်ကံ"တွေကိုလဲ ဒီလောက်အားကိုးစရာ မလိုပါဘူး။ "အကုသိုလ်ကံ"တွေကိုလဲ ဒီလောက်ကြောက်စရာ မရှိပါဘူး။ ခင်ဗျားတို့ ဘဝများစွာက ဝဋ်ထဲလည်မယ့် ဝဋ်ကုသိုလ်ကံတွေ အကုသိုလ်ကံတွေ တပုံကြီးရှိမှာပဲ။ အဲဒီအကုသိုလ်ကံတွေကို မကြောက်ပါနဲ့၊ ဘဝဆက်တတ်တဲ့ "တဏှာ" သေယင် အဲဒီ ကုသိုလ်ကံအကုသိုလ်ကံတွေဟာ "အဟောသိကံ"ဖြစ်ပါတယ်။ အကျိုးမပေးတော့ပါဘူး။ တဏှာခေါင်းဆောင်တဲ့ကံကသာ အကျိုးပေးနိုင်တော့ ခေါင်းဆောင်တဏှာကို သတ်လိုက်ယင် "ကံ"က မဆက်နိုင်တော့ပါဘူး။ ဒါကြောင့် "ကံ"ကို မကြောက်ပါနဲ့၊ သစ္စာ ၄-ပါးမှာ ကုသိုလ်အကုသိုလ်ကံတွေ ဒီလောက်မဟောပါဘူး။ သမုဒယ = တဏှာသေယင်ပြီးတာပဲလို့ ဘုရားက ဗိတလုံးတည်း ဟောထားတယ်။ တဏှာ = သမုဒယကို မဂ်နဲ့ ပယ်သတ်လိုက်ယင် ဘာမှပူစရာမရှိပါဘူး။

ခင်ဗျားတို့က ကုသိုလ်ကံ လေးတွေ ငင်လာယင် တပြုံးပြုံးနဲ့ အကုသိုလ်ကံလေးတွေ ဝင်သာယင် တမဲ့မဲ့ တရှဲ့ရှဲ့နဲ့ မဟုတ်လား။ ဒီတော့ ကုသိုလ်ကံကို ဝမ်းမြောက်တာလဲ မှားတယ်။ အကုသိုလ်ကံကို ကြောက်တာလဲ မှားတယ်။ သစ္စာနဲ့ဝေဖန်လိုက်တော့၊ သမုဒယသစ္စာ တဏှာလောဘကို ကြောက်မှ အကြောက်မှန်၊ ဘုရားက "တဏှာအပ်ချုပ်သမား" လို့သာ ဟောတယ်။ "ကံအပ်ချုပ်သမား"လို့ မဟောခဲ့ဘူး၊ ခင်ဗျားတို့ကို ဟာကယ်ဒုက္ခပေးနေတာဟာ ဒီတဏှာပဲ။ ဒုက္ခ အပေးဆုံးဖြစ်တဲ့တဏှာက အရှောင်ကောင်း အပုန်းကောင်း

ဆိုတော့ သူ့ကိုဖမ်းရတာမလွယ်ဘူး။ ဉာဏ်နဲ့ဖမ်းမှမိတယ်။ ဘုရားတောင်မှ ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်ရောက်မှ တဏှာကို မင်းအကြောင်း ကောင်းကောင်း သိပြီ၊ နောက်ကိုမင်း ဘယ်တော့မှ ငါ့ကို ဒုက္ခပေးလို့မရတော့ဘူးလို့ ကြွေးကြော် ရဲတာ။ ခင်ဗျားတို့ကတော့ တဏှာကိုခေါင်းငုံ့ပြီး ခံနေတယ်။ မခက်ဘူးလား။ ဒီတော့ ဒီတဏှာကိုသတ်ရမယ်။

တဏှာကို သတ်တော့မယ်ဆိုယင် ဒီ တဏှာ မှီနေတဲ့၊ ကပ်နေတဲ့ နေရာကိုရှာရမယ်။ ဒီ တဏှာက ဘယ်နေရာတွေမှာ ကပ်နေသတုံး။ ဒီတဏှာက ခင်ဗျားတို့သန္တာန်မှာရှိတဲ့မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရ ၆-ပါး (အတွင်းအာယတန ၆-ပါး)မှာ ကပ်နေတယ်။ ပြီးတော့ "ရူပါရုံ"စတဲ့အာရုံ ၆ ပါး(အပြင်အာယတန ၆ ပါး)မှာလဲ ကပ်နေတယ်။ ပြီးတော့ ဒွါရ ၆ ပါးနဲ့ အာရုံ ၆ ပါး အသီးသီးတွေ့ဆုံလို့ သိလာတဲ့ "မြင်စိတ်၊ ကြားစိတ်၊ နံစိတ်။ စားစိတ်၊ တွေ့ထိစိတ်၊ ကြံသိစိတ်"ဆိုတဲ့ စက္ခုဝိညာဏ် စတဲ့ ဝိညာဏ် ၆-ပါးမှာလဲ ကပ်နေတယ်၊ ဒီတော့ တဏှာကပ်နေတဲ့ နေရာဟာ အချုပ်အားဖြင့် ၁၈ ပါးတောင်ရှိနေတာ။ အို.... တကိုယ်လုံးကို ဒီ တဏှာကကပ်နေတာ။ ဒီတော့ ဒီ တဏှာကို သတ်ရမယ်။ ဘယ်လိုသတ်မလဲ၊ ဝိပဿနာလုပ်ပြီးသတ်ရမယ်။ ဒီတဏှာနေတဲ့ ၁၈-နေရာကို ဝိပဿနာဉာဏ်နဲ့ ဖြစ်ပျက်အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ မြင်အောင်ရှုရမယ်။ ဒါတွေမြင်သိလာတော့ ဒီ ၁၈-ပါးသောအရာတွေကို သာယာနှစ်သက်မှုမရှိတော့ဘူး။

ရှုံမုန်းလာမယ်။ မရချင်တော့ဘူး။ ဒါတွေမရှိတာ ကောင်း တယ်လို့သိလာတော့။ တဏှာဟာ တဖြည်းဖြည်း ပါးပါး သွားပြီး၊ နောက်ဆုံး လုံးဝချုပ်သွားမယ်။ အဲတဏှာချုပ်ယင် နိဗ္ဗာန်ရောက်တာပဲ။ ဒါဖြင့် ဝိပဿနာလုပ်ကြပေတော့။ ။

## ၁၀။ အမဲရိုးကိုက်တဲ့ခွေးလို

(၁၃၂၀-ခုနှစ်က ယောဂီများအား ဟောကြားသည်)

သား လင် ခင်ပွန်းနဲ့ ပစ္စည်းတွေခင်တွယ်နေတဲ့ ပုဂ္ဂိုလ်များဟာ "ခွေး အမဲရိုးကိုက်" တာနဲ့ တူတယ်။ အမဲရိုးရထားတော့ ခွေးက ကံကောင်းတယ်လို့ထင်တယ်။ အမဲရိုးက ရိုးတွင်းချဉ်ဆီအနံ့ကလေးနဲ့မို့ အရသာရှိသလိုလိုနဲ့ နောက်ဆုံး ပိတ်ကျတော့ ဝါးယင်းမောလာတာနဲ့ပစ်ချလိုက်ရတယ်။ ဝပြီး ပြန်ရတာလား၊ အညှီနံ့ကလေးရရုံနဲ့ ပြန်ရတာလားဆိုတော့ အညှီနံ့ကလေး ရရုံနဲ့ ပြန်ရတာ။ နက်ဖြန်ကျတော့လဲ ဒီအတိုင်းပဲ၊ လာပြီးဝါးရပြန်တယ်၊ ဝါးရတော့လဲ ဝပြီး ပြန်ရတာ မဟုတ်ပဲ အညှီနံ့ကလေးရရုံနဲ့ ပြန်ရတာပဲ။ ဝါးရတာနဲ့ အညှီနံ့ကလေးရရုံနဲ့ ပြေပလောက်အောင် ချမ်းသာမှုမရကြပါဘူး။ ထိုအတူပဲ သား လင် ခင်ပွန်း ပစ္စည်းတွေ ခင်တွယ်ကြရတာ တနေ့လဲ ဒီဆိုင်နဲ့ ဒီသားသမီးနဲ့ သွားပြီးဝါးရပြန်တာပဲ၊ နက်ဖြန်သဘက်ကျတော့လဲ သွားပြီး ဝါးရပြန်တာပဲ၊ မိုးချုပ်နေဝင်ကျတော့လဲ ဝသလားဆိုတော့ မဝပဲနဲ့ ပြန်ခဲ့ရတာပဲ၊ နောက်လဲ ဒီသား လင် ခင်ပွန်းများ အတွက် သွားရပြန်တာပဲ။ ⁄ တနေ့လုံးဝါးနေတော့တာပဲ။ ညနေရောက်လို့ စာရင်းတွက်တော့ ၂၀—ကျပ်၊ ၂၅—ကျပ်၊ ၃၀—ကျပ် အမြတ်ကလေးကျန်မယ်၊ ဒီအညှီနံ့ကလေးခံပြီး

ပြန်ခဲ့ရတာပဲ၊ ဘယ်လောက်ကြာကြာ ဝါးရမှာလဲလို့မေးယင် အို….သွားတွေသာ ကျိုးစရာအကြောင်းရှိတယ်၊ ဝမှာတော့ မဟုတ်ဘူး။

အဲဒီတော့ ခင်ဗျားတို့ အရေးအဝယ်လုပ်ကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ဖြစ်စဉ်က ခွေးအမဲရိုးကိုက်သလိုပဲ။ ကိုက်လို့မောတာနဲ့ အညှိနံ့ကလေး ခံရတာနဲ့ မမျှပါဘူး။ အနံ့ကလေးက မဖြစ်လောက်ပါဘူး။ ဒါကို တနေ့လုံးလောက် ဝါးနေရတယ်။ ဒါကြောင့် ဘုရားရှင်က ငါးပါးအာရုံ ကာမဂုဏ်တွေဟာ သာယာစရာ နဲနဲကလေးသာရှိတယ်။ ဒုက္ခတွေက သိပ်များတယ်လို့ ဟောထားခဲ့တယ်။ ဒီ နေ့တိုင်းဝါးနေရတဲ့အမဲရိုးကို စိတ်မပျက်သေး ခင်ဗျားတို့သွားပြီး ဝါးနေမှာပဲ။ သေသည့်အထိ ဝါးနေမှာပဲ။ သေတော့လဲ ဝရဲ့လားဆိုတော့၊ အို…. မဝပဲနဲ့သေရတာ၊ သေပွဲဝင်တော့လဲမပြီးသေးဘူး။ ရောက်ရာဘဝမှာလဲ ကိုက်အုံး ဝါးအုံးမှာပဲ။ ဝပြီးသေတဲ့သဘောကို မပါဘူး။ တန်းလန်းနဲ့ပဲ ပစ်ထားခဲ့ရတာပဲ၊ အမဲရိုးဟာ သာယာစရာ အညှီနံ့လောက်ပဲရှိသလို၊ ခင်ဗျားတို့မှာလဲ သားသမီး ပစ္စည်းတွေကို ချစ်ခင်တာ သာယာတာက နည်းနည်းလေး၊ သူတို့အတွက် ဒုက္ခခံရတာတွေက အများကြီးပဲလို့ ဘုရားက ဟောခဲ့တယ်။

ဒါ ဘာဟောနေတာလဲဆိုတော့ တဏှာ သတ်ဖို့ဟောနေတာ၊ ဒီတဏှာက ဘယ်တော့မှ ဝ—မှာမဟုတ်ဘူး။ ဒုက္ခ ပေးလိုက်တာကတော့ နေ့ညဉ်နဲ့အမျှပဲ။ ဆိုင်ခင်တဲ့သူကို

ဒီဆိုင်ကဒုက္ခပေးနေတယ်။ သားငင်တဲ့သူကို ဒီသားကဒုက္ခပေးနေတယ်။ မယားခင်တဲ့သူကို ဒီမယားကဒုက္ခပေးနေတယ်။ ဒါပေမယ့် ခင်ဗျာတို့ဟာ အမျိုးရတဲ့ခွေးလို ငင်လို့မဝ ဝါးလို့မဝ-ပဲနဲ့ သေရတာပဲ။ ဝ-ပြီး- သေတယ်လို့မရှိဘူး။ စားချင်ရက်တန်းလန်းနဲ့ပဲ သေသွားရတယ်။ အိုလို့သာ သေသွားရတယ်။ ဝ-တော့မဝဘူး။ တဏှာက ဘယ်တော့မှ ဝ-မှိုး-ထုံးစံမရှိဘူး။ ဒီ သားငင်ရတာ တော်ပြီ။ ဒီ သမီးခင်ရတာ တော်ပြီ။ ဒီ မယားခင်ရတာ တော်ပြီ၊ ဒီ စီးပွားရေးလုပ်ရတာ တော်ပြီလို့များ ခင်ဗျားတို့လာကြရဲ့လား။ မလာဘူး။ ဪ.... နေ့တိုင်း လုပ်နေရတာလဲမဝဘူး။ သေခါနီးကျပြန်တော့လဲ တဏှာနဲ့ငင်လျက် ဥပါဒါန်နဲ့စွဲလမ်းလျက်နဲ့ပဲ သေသွားရတော့ ဘယ်ရောက်သွားမလဲ၊ အပါယ် ၄-ပါးပဲရောက်မယ်။ ဒါဘယ်သူ့သတ္တိလဲ မဝနိုင်တဲ့တဏှာ့သတ္တိပဲ။ ဒီတဏှာမသေသရွေ့တော့ဖြင့် အပါယ် ၄-ပါးကလွတ်ဖို့ရာ အကြောင်းမမြင်ဘူး။ ဒါကြောင့် ဝိပဿနာလုပ်ကြပါလို့ တိုက်တွန်းတာ။ ဝိပဿနာလုပ်ကြဆိုတာ ဒါတွေကို စွန့်လွှတ်လိုက်လို့ ပြောတာ။

**မြက်မီးရှူး**။ ။နောက်ပြီး ဘုရားရှင်က "မြက်မီးရှူး" ဥပမာနဲ့ ဟောပြန်သေးတယ်။ သားသမီးနဲ့ ပစ္စည်းဥစ္စာ တည်းဟူသော ငါးပါးအာရုံကာမဂုဏ်တွေဟာ မြက်မီးရှူးနဲ့ တူတယ်။ မြက်ခြောက်ကလေးတွေကိုကြိုးနဲ့စုစည်းပြီးအဖျားကို မီးရှို့ပြီး ညအခါလမ်းသွားတာနဲ့တူတယ်။ လေတိုက်တဲ့ဘက်

သွားတော့။ လေကလဲတိုက်ပြန်၊ မီးကလဲ လောင်ပြန်ဆိုတော့ ကိုယ့်ဘက်ကိုလောင်မှာသေချာတယ်။ ဒီမီးကိုလွှတ်ပစ်လိုက်ယင် မလောင်နိုင်ဘူး။လောင်မှာသိလျက်နဲ့ ဘာကြောင့် မလွှတ်ပစ်နိုင်သလဲ။ဒီမီး ရှူးကိုင်တွယ်နေလို့ လွှတ်မပစ်နိုင်ယင် ငေဗျားတို့ အလောင်ခံပြီး သေရုံပဲရှိတော့မှာပဲ။ ဒီမီးအလင်းကလေး မရှိယင်မဖြစ်ဘူးဆိုပြီး တအားဆုပ်ကိုင်ထားတာလို ဒီသားသမီး ပစ္စည်းဉစ္စာကိုလဲ မရှိယင်မဖြစ်ဘူးဆိုပြီး ဆုပ်ထားတယ်။ ဘုရားရှင်က ဒါတွေဟာ မီးတွေကွ ဆုပ်ထားတဲ့လူကို လောင်လိမ့်မယ်လို့ဟောတယ်။ ဒီမီးကိုလွှတ်ပစ်ယင်တော့ မလောင်ပါဘူး။ မလွှတ်ပဲနေယင်တော့ လောင်မှာပဲ။

ဒါဖြင့် ဒီမီးကို လွှတ်လိုက်ပါလားဆိုတော့၊ "မလွှတ်ချင်ဘူး။ ဆုပ်ထားပါရစေတဲ့၊" ဘာပြုလို့ဆုပ်ထားရသလဲ ဆိုတော့၊ အပူခံချင်လို့ အလောင်ခံချင်လို့ပေါ့။ လောင်တာ တောင်မှ မလွှတ်ချင်သေးဘူး။သားပူကလဲလောင်၊သမီးပူကလဲ လောင်၊ ပစ္စည်းပူကလဲ လောင်၊ အိမ်ယာလေး-မီးတွေဝိုင်းပြီး လောင်နေပါလား။ ဒီမီးတွေ လောင်မှန်းလဲ မသိဘူး။ လောင်မှန်းသိယင် လွှတ်ပစ်လိုက်ပေါ့။ လွှတ်ပစ်လိုက်ယင် မလောင်တော့ဘူး။ ငေဗျားတို့ကလဲ လွှတ်ကိုမလွှတ်ဘူး။ အလောင်ခံမိုက်နေကြတယ်။ သူတို့နဲ့ဝေးယင် အေးတယ် ဆိုတဲ့ သဘောကိုမလာဘူး။ သူတို့နဲ့ မခွဲနိုင်ဘူးဆိုတော့ ဒါဆုပ်ထားတာပဲ။ ဒါတွေကို ခင်တွယ်လို့ ဆုပ်ထားတာပဲ။ ဒါတွေဆုပ်ထားတော့ လောင်တာပေါ့။ သူတို့အတွက် နေ့မအိပ်ရ၊ ညမအိပ်ရ၊ စိုးရိမ်ရ၊ ကြောင့်ကြ၊ အပူတွေ

ဝမ်းထဲလောင်နေတာပဲ။ မီးတွေမှ လွတ်ပဲလိုက်ပါတော့လား ဆိုတော့ ဘယ်ပစ်နိုင်ပါ့မလဲတဲ့၊ မင်းတို့မိုက်ချက်ကသွန်နေပြီ။ ဘုရားက သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဒီမီးတွေလောင်မယ်၊ လွှတ်ပစ်လိုက်လို့ ပြောပေမယ့် ခင်ဗျားတို့က နားမထောင်ဘူး။ အသေ ဆုပ်ထားတယ်။ ဘုရားပြောတာကို ကန့်လန့် လုပ်တယ်။ ပြီးတော့ ခင်ဗျားတို့ကပဲ ဘုရားပြောတာကို ကန့်လန့်လုပ်တယ်လို့ ထင်ကြသေးတယ်။ ဘုရားကအမှန်ပြောတာ။ ခင်ဗျားတို့ကသာ ကန့်လန့်လုပ်တာ။

ခင်ဗျားတို့ ဒီမီးတွေနဲ့လောင်ပြီးသေတဲ့အခါ၊ အပါယ် သွားရုံပဲ ရှိတော့တယ်။ တချို့များ သေခါနီးမှာ ဝိညာဉ် မချုပ်နိုင်ပဲ အမောဆိုက်နေတာတောင်မှ၊ "သားသမီးတွေ၊ ပစ္စည်းတွေ မခင်နဲ့၊ မစွဲလမ်းနဲ့၊ လွှတ်ပစ်လိုက်ပါ" လို့ အနားကပြောတာတောင်မှ မကြားချင်ယောင် ဆောင်ပြီး လွှတ်မှာမဟုတ်ဘူး။ ခင်ဗျားတို့ဟာ "မီးကိုင်မိနေတာလဲ မသိဘူး၊ လွှတ်ပစ်ယင် အလောင်လွတ်မယ်ဆိုတာလဲ မသိဘူး" မလွှတ်ပဲသေယင် အပါယ်သွားမယ်ဆိုတာလဲ မသိဘူး" ဆိုတော့ မသိ ၃ မျိုး လွှမ်းမိုးနေတယ်။ မသိ ၃-မျိုး လွှမ်းနေတဲ့ ပုထုဇဉ်အကန်းတွေဖြစ်နေတယ်။ မီးလောင်ပြီး သေခြင်းဆိုးနဲ့သေယင် အပါယ်ရောက်တော့မှာပဲ၊ ဒီတော့ အကန်းလက်စ အမိုက်လက်စ သတ်ကြပါတော့။ ဝိပဿနာ အလုပ်လုပ်ပြီး မိုက်-ကန်းမှု လက်စ သတ်ကြပါတော့။ ဒီသားသမီးပစ္စည်းတွေဟာ ကိုယ်မပိုင်တဲ့ အနတ္တသဘော တွေလို့ ဝိပဿနာဉာဏ်နဲ့ရှုပေးပါ။ ဒီလိုရှုပေးလို့ အမှန်

တကယ်သိလာယင် အဲဒါတွေကိုမခင်တော့ဘူး။ ဆုပ်မထားတော့ဘူး။ ဆုပ်မထားယင် မပူမလောင်တော့ဘူး။ မခင်တွယ်တာက "တဏှာ"ချုပ်တာ၊ ဆုပ်မထားတာက "ဥပါဒါန်"ချုပ်တာ၊ အဲ့-တဏှာဥပါဒါန်ချုပ်ယင် အပါယ်လေးပါးတံခါးပိတ်သွားတာပဲ။ အဲဒီတော့ ဝိပဿနာအလုပ်မှတပါးခင်ဗျားတို့မှာ ကယ်မဲ့သူမရှိဘူးလို့မှတ်၊ ဝိပဿနာလုပ်လို့မဂ်ဉာဏ် ရသွားယင် တဏှာ သမုဒယချုပ်တယ်။ သမုဒယချုပ်ယင် ဒုက္ခချုပ်သွားတာပဲ။ ဒုက္ခချုပ်ယင် နိဗ္ဗာန်ရောက်ပြီမှတ်။

## ၁၁။ သားတစ်ရတဲ့ကျီး-လို

စီးပွားရှာလို့ ပစ္စည်းဥစ္စာပြည့်စုံနေတဲ့ပုဂ္ဂိုလ်ဟာ ဘာနဲ့တူသလဲဆိုယင်၊ ကျီးတကောင် အမဲသားတစ်ရတာနဲ့ တူတယ်လို့ ဘုရားကဟောတယ်။ ကျီးကန်းတကောင်ဟာ သားတစ်တခုကိုရထားတယ်၊ ဒီသားတစ်ကို ဟိုကျီးကလဲ စားချင်၊ ဒီကျီးကလဲစားချင်တော့၊ အမဲသားတစ်ရထားတဲ့ ကျီးနောက်ကို အကုန်ပြုလိုက်ကြပြီး ထိုးကြ ဆိတ်ကြ လုကြတယ်။ ဒီကျီးဟာ နဂိုကအထိုးမခံရဘူး။၊ အခုသားတစ် ရမှ အထိုးခံရတာ၊ ပါးစပ်ထဲကသားတစ် ပြုတ်ကျလောက် အောင် နာကျင်အောင် နှုတ်သီးနဲ့ထိုးဆိတ်လိုက် အတောင် နဲ့ရိုက်လိုက်နဲ့ လုယက်ကြတယ်။ ဒါသားတစ်ကြောင့် အထိုးအဆိတ်ခံရတာ။သားတစ်ကိုလွှတ်လိုက်တော့ဒီကျီးအထိုး မခံရတော့ဘူး။ ဒီကျီးကိုမထိုးတော့ပဲ ဒီသားတစ်ရသွားတဲ့ နောက်ကျီးကိုပဲ တခြားကျီးတွေက လိုက်ပြီး ထိုးကြဆိတ်ကြ ပြန်တာပဲ။

ခင်ဗျားတို့လဲ ဒီလိုပဲ ကိုယ့်-ကိုယ်ကို ငင်နေတာဟာ သားတစ်ချီထားတာပဲ။ ပစ္စည်းဥစ္စာတွေ ခင်နေတာလဲ သားတစ်ချီထားတာပဲ။ သားလင်ခင်ပွန်းနဲ့ တိုက်တာတွေ ခင်နေတာလဲ သားတစ်ကိုချီထားတာပဲ။ ဒါတွေချီထားတော့ အစိုးရက "ပေးပါအိမ်ခွန် ပေးပါအမြတ်တော်ကြေး" ဆိုတော့ ဒါ အထိုးခံရတာပဲ။ သူခိုးဓားပြကလဲ ချောင်းပြီး လစ်ယင် လူသတ်ပစ္စည်းယူမယ်ဆိုတာတွေလဲ လာမှာပဲ။ ဒါ

ခင်ဗျားတို့က မလွှတ်နိုင်ယင် သေရမှာပဲ။ ခင်ဗျားတို့က ကိုယ်ရထားတာကိုကိုက်ထားတော့ငိုင်းပြီး ထိုးဆိတ်ခံကြရမှာပဲ၊ ခင်ဗျားတို့က အထိုးခံရတဲ့ဘက်ကချည်းပဲ နေကြရတယ်။ ဘာဖြစ်လို့၊ သားတစ်နဲ့တူတဲ့ ပစ္စည်းတွေကို ကိုက်ထားလို့၊ "ငါ့ဟာ၊ ငါ့ဟာ"နဲ့၊ ငါ့ဟာဟော့ အထိမခံနိုင်ဘူးဆိုပြီး၊ တအားကိုက်ထားကြတယ်။ ဒီတော့ မင်း၊ ခိုးသူ၊ ရန်သူ့မျိုး ငါးပါး၊ အမွေလိုချင်တဲ့လူတွေက လာလာပြီး ထိုးကြ ဆိတ်ကြတော့ ခင်ဗျားတို့ စိတ်မချမ်းမသာတာတွေများ ရတယ်။ ဘာကြောင့်တုံးဆိုတော့ ချီထားလို့ပေါ့။

ခင်ဗျားတို့ကုန်သည်တွေ ဆိုင်ကလေးကြီးလာတော့ ဟိုက မလို ဒီကမလိုနဲ့ ထိုးဆိတ်ခံကြရတယ်။ မနာလိုသူတွေက အစိုးရဆီသွားပြီး တိုကြ ရှို့ကြတယ်။ ခင်ဗျားတို့က ချီထားတော့ အထိုးအဆိတ်ခံရတာပေါ့။ ဒါဖြင့် လွှတ်ပစ်လိုက်ပါသား။ လွှတ်ပစ်လိုက်ယင် ဘယ်ဆိုင်နီးချင်းကမှ မျက်စောင်းထိုးတော့မှာ မဟုတ်ဘူး ခင်ဗျားတို့က ဒါကြီး ချီထားပြီး "ကိုယ်က လူတလုံးသူတလုံး လုပ်နေတာ"လို့ ထင်နေသေးတယ်။ လူပုံအလယ်မှာ ဆိုင်ကြီး ကနားကြီး ပိုင်ရှင်ကြီး အနေနဲ့ နေရတာ ဂုဏ်ရှိတယ်လို့ထင်နေကြတယ်။ အထိုးခံရတာသဲ လွန်နေပြီ" အမျိုးမျိုးအဖုံဖုံ အညှဉ်းခံရတာလဲ မနည်းဘူး။ ဒါတွေကို မလွှတ်ပဲ ကိုက်ထားတော့ ဘယ်နေ့များ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ အသက်မှန်မှန် ရှူရတဲ့နေ့များ ရှိသဘုံးသိုဘော့ တနေ့မှမရှိဘူး။ ဟိုကြောက်ရ ဒီလန့်ရ စိုးရိမ်ကြောင့်ကြ ဗျာပါဒတွေနဲ့ပဲ နေကြရတယ်။ ဒါတွေဟာ

ကိုယ်ရှာထားတဲ့ပစ္စည်းတွေကို မလွှတ်လို့ပဲ။ သားတစ်ရတဲ့ကျီး ဝိုင်းပြီးအထိုးအဆိတ် ခံနေရသလိုပဲ။

ဒါကြောင့် ငါးပါးအာရုံ ကာမဂုဏ်ဆိုတဲ့ ပစ္စည်းတွေကို ခင်ဗျားတို့ သိမ်းပိုက်ထားတာ ကျီးကန်းသားတစ်တုံးနဲ့ အတူတူပဲ။ "ဆွေမျိုးတွေကလဲ သူတို့ဆိုင်ကြီး ကနားကြီးနဲ့ နေတာတောင်မှ ဒို့ဘက်ကို တပြားတချပ်မှ မကျပါဘူး" ဆိုပြီး ထိုးလိုက်သေးတာပဲ။ ကိုယ်နဲ့ တန်းတူတွေကလဲ "ဒီကောင် ဘယ်တော့ပြုတ်ပါမလဲ" ဆိုပြီးတော့ ထိုးဆိတ် နေတာပဲ။ ဘယ်အချိန်မှ အထိုးအဆိတ်က မလွတ်ဘူးနော်၊ ဒါကြောင့် ဘုရားရှင်က "ခန္ဓာရှိယင် ဒီပစ္စည်းတွေလဲရှိရမယ်။ ဒီပစ္စည်းတွေရှိယင် ဒီလိုအထိုးခံရမယ်" လို့ ဟောထားတာ။ ခင်ဗျားတို့ကလဲ ဒါတွေလွှတ်ပစ်ယင် ချမ်းသာမယ်ဆိုတာ မသိတော့ ဒီအထုပ်ကြီးတွေပဲ ချီပြီး ပြေးနေကြတယ်။ စစ်အတွင်းကများဆိုယင် ပြေးလိုက်ရတာ ဘယ်ဆီ ချီသွားရမတုံးဆိုပြီးတော့ အင်းဝဘက်များ ချီပြေးလိုက်သေးတယ်။ ခင်ဗျားတို့က ပါးကိုမပါးဘူး။ ဒါတွေရှိမှ ချမ်းသာတယ် ဆိုတဲ့ အကြံမှဉာဏ်မှုကလဲ လာသေးတယ်။ ဒါတွေမရှိမှ ချမ်းသာတာ၊ ဒါတွေမရှိတော့ အိမ်ပြင်ထွက် လေညှင်းခံပြီး အိပ်လိုက်၊ ဘာမှမဖြစ်ဘူး။ အခုတော့ အခန်းတွေ တံခါးတွေ အထပ်ထပ်လုံအောင်ပိတ်ပြီး ခြင်ထောင်ထဲ ချွေးတဒီးဒီးနဲ့ နေရတာ ချမ်းသာရဲ့လား။ မချမ်းသာပါဘူး။

မချမ်းသာပေမဲ့ **တဏှာ** က ချော့ထားတော့ ခင်ဗျားတို့က ချမ်းသာတယ်လို့ ထင်နေကြတယ်။ တဏှာက "ရွှေရှိမှ

ချမ်းသာတယ်။ ငွေရှိမှချမ်းသာတယ်''လို့ပြောဘော့ ခင်ဗျား တို့ကလဲယုံဘာပဲ။ တချို့များ အင်္ဂတော်ခံပြီ ဂျာဖွဲ့ကြတယ်။ ဒါ တကျာက အင်္ဂတော်ခိုင်းတာပဲ။စစ်အတွင်းက နောက်ကနေပြီး ဗုံးတွေကလဲကြဲရက်၊ စစ်ကလဲတိုက်ရက်၊ ကိုယ်ကလဲ သားတစ် ကြီးကိုမလွှတ်နိုင်လို့ချီရက်။ အံမာလေး အရူးကျလိုက်တဲ့ ဖြစ်ခြင်း၊ ဗုံးကြဲမဲ့လေယာဉ်ပျံတွေလာတယ်ဆိုယင် ကိုယ့်ကိုယ် ကိုတောင် ဂရုမစိုက်နိုင်ဘူး။ ပစ္စည်းထားတဲ့နေရာကိုပဲ လွှတ်မှ လွှတ်ပါ့မလားဆိုပြီး ကြောင့်ကြပူ စိုးရိမ်ပူ သောကပူ ဗျာပါ ပူတွေ အကုန်လာတော့တာပဲ။ ဒီအပူတွေဟာ ဒီ သား တစ် (ဥစ္စာထုပ်)ကြီး ကိုက်ထားလို့ရတာ။ သူ့လွှတ်လိုက်ယင်တော့ အေးသွားမယ်။ အေးချင်လို့ရှိယင် သူ့ကိုလွှတ်ပစ်ရမယ်။ ကိုက် မ ထား ရ ဘူး။ ခင် ဗျား တို့ က တော့ ကိုက် ထားမှ အေးတယ်လို့ထင်နေတယ်။ ကိုက်ထားယင် အများရဲ့ အထိုး အဆိတ်ခံရမယ် ခင်ဗျားတို့စားရတဲ့အချိန်နဲ့ အထိုးအဆိတ် ခံရတဲ့အချိန် ဘယ်အချိန်ကများသလဲဆိုယင် အထိုးအဆိတ် ခံရတဲ့အချိန်က များတယ်။

နောက်ဆုံးပိတ် ဒီပစ္စည်းတွေကိုမလွှတ်ပဲ မစွန့်ပစ်ပဲ ခင်တွယ် စွဲလမ်းပြီ သေသွားယင် အပါယ်လေးပါးကျအောင် တွန်းပို့ လိုက်ဦ့မယ်။ စွဲလမ်းပြီးသေဘဲ့ ပုဂ္ဂိုလ်ဟာ အပါယ်ကျတာ များတယ်။ ဒါတွေကို စွန့်ပစ်လိုက်ပြီး ခင်တွယ်စွဲလမ်းမှုမရှိတဲ့ ပုဂ္ဂိုလ်ကျတော့ နေဘော့လဲ **အနေကောင်း**၊ သေတော့သဲ သုဂတိရောက်ရလို့ **အသေကောင်း** ဖြစ်တယ် ''စွန့်ပစ်'' ဆိုတာ သူ့ဘပါးကိုဝေပစ်ရမှာလားဆိုတော့ ဒီလိုသဲလုပ်ဖို့

မလိုပါဘူး။ "ဉာဏ်နဲ့သာငါ့ကိုယ်မဟုတ် ငါ့ဥစ္စာမဟုတ်"လို့ သိပြီး မခင်တွယ်ယင် စွန့်လွှတ်တာမည်ဘယ်။ ဒါတွေဟာ မမြဲတဲ့အနိစ္စတွေပဲ။ မပိုင်တဲ့အနတ္တတွေပဲလို့" မဂ်ဉာဏ်နဲ့ မြင်အောင်ကြည့်။ အနိစ္စမြင်အောင် ကိုယ့်ခန္ဓာကိုလဲကြည့်။ ပစ္စည်းတွေကိုလဲကြည့်ရမယ်။ ကြည့်လို့ အနိစ္စမြင်လာတဲ့ အခါကျတော့ "ဩော်....ငါ့ခန္ဓာနဲ့တကွ ပစ္စည်းတွေဟာမမြဲ ပါကလား"ဆိုပြီး အငယ်ကလို မခင်တော့ဘူး မတွယ်တာ တော့ဘူး။ မမြဲမှန်းသိတော့ လိုချင်တပ်မက်မှုလဲ မရှိတော့ဘူး။ ရန်သူမှန်းသိတော့ မကပ်ချင်တော့ဘူး။ ဒါကြောင့် ဒီခန္ဓာနဲ့ ပစ္စည်းတွေကို ဝိပဿနာရှုပေးလို့ပြောတာ။ ဝိပဿနာမရှုလို့ အနိစ္စမထင်ပဲ နိစ္စထင်နေတော့ "တဏှာ"နဲ့ ပျော်ပြီး ကိုက်ထား တာပေါ့။

ကိုက်ထားဆို ပါးစပ်ထဲကလွှတ်ကိုမလွှတ်တာ။ တချို့များ အငတ်ခံပြီး စီးပွားရှာကြတယ်။ ဒါ ခင်တဲ့တဏှာက အငတ် ခိုင်းတာ။ အငိုခိုင်းတာလဲ သူကအငိုခိုင်းတာပဲ။ အပြုံးခိုင်း တာလဲ သူကအပြုံးခိုင်တာပဲ။ "မြတ်ယင်ပြုံး၊ ရှုံးယင်ငိုပေါ့"။ ဟုတ်လား၊ ဒါ အရှုးပြုံး ပြုံးတာ အကောင်းပြုံးတာ မဟုတ်ဘူး။ စက္ကူက စိန်ကလေးဖြစ်လာယင် ပြုံးပြီ၊ ကားကလေး ဖြစ်လာယင် ပြုံးပြီ။ အရောင်းအဝယ် မဖြစ်၊ စီးပွားပျက်လာတော့ မဲ့ပြီ။ ငိုပြီ။ ဒီတော့ ခင်ဗျားတို့ဟာ "တဏှာ"က ပြုံးဆိုပြုံးလိုက်ရပြီ၊ မဲ့ဆိုမဲ့လိုက်ရပြီ၊ ဒါဖြင့် ခင်ဗျားတို့ဟာ အရှုးပြုံးနဲ့ အရှုးမဲ့ ဒီ ၂-မျိုးပဲရှိတယ်။ ဒီ "ပြုံး-မဲ့"ဇာတ်ကြီးပဲ ခင်းနေကြတယ်။ မလွှတ်နိုင်လို့

ဒီ ဇာတ်ကြီးခင်းနေရတာ၊ လွတ်လိုက်ယင် ဒီ ဇာတ်ကြီးသိမ်းတာပဲ။ ဒီတော့ ဉာဏ်နဲ့စွန့်လွှတ်ရမယ်။ ဝိပဿနာဉာဏ်နဲ့ "ဒါတွေဟာ အနိစ္စတရားတွေပဲ။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဆိုတဲ့ အနတ္တတွေပဲ" လို့ ခန္ဓာက ပစ္စည်းတွေက ပြောတဲ့အတိုင်းမြင်အောင် ကြည့်ရမယ်။ ဒီလို ဉာဏ်ကမြင်လာယင် ဒါတွေကို ခင်တွယ်စွဲလမ်းချင်တဲ့သဘော ချိုကိုက်ထားချင်တဲ့ သဘောမရှိဘူး။ ဒါဖြင့် ဉာဏ်ဝင်လိုက်ရုံရှိတာပဲ။

ခင်ဗျားတို့ကလဲ ဒီရောက်အောင်ဉာဏ်ကမလှည့်နိုင်ကြဘူး။ မလှည့်နိုင်တော့ မိမိခန္ဓာနဲ့ပစ္စည်းတွေကို "တဏှာဥပါဒါန်" နဲ့ ခင်တွယ်-စွဲလမ်းပြီး တခါတည်း မလွှတ်ပဲ ကိုက်ထားမျိုထားတော့တာပဲ။ ဒီလိုခင်တွယ်-စွဲလမ်းယင်းနဲ့ပဲ သေသွားမယ်ဆိုယင် အပါယ်ရောက်ရတယ်ဆိုတော့ နေတုန်းကလဲ **အနေဆိုး**။ သေတော့လဲ **အသေဆိုး**ပဲ။ "အနေဆိုးအသေဆိုး" ဟာ ခင်ဗျားတို့ကိုယ်ပိုင်ပစ္စည်းမှတ်၊ အဲဒါ ဉာဏ်မဝင်ယင် ဒီအတိုင်းသွားပယ်။ ဉာဏ်ဝင်လိုက်ယင် သိတ်ပြီးအဖိုးတန်မှာပဲ။ "ဒါတွေဟာ အနိစ္စတွေပဲ ဒုက္ခတွေပဲ အနတ္တတွေပဲ" လို့ တခုခုမြင်အောင်ရှုပေးပါ။ ရှုလိုက်ယင် ခင်ဗျားတို့ဉာဏ်ထဲမှာ "ငါလဲမဟုတ်ပါလား ငါ့ဥစ္စာလဲမဟုတ်ပါလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပဲ" လို့သိလာမယ်။ ဒီလိုသိလာယင် "ပစ္စည်းတွေအခိုးခံရလဲ မတုန်လှုပ်တော့ဘူး။ မိးလောင်သွားလဲ မတုန်လှုပ်တော့ဘူး"။ ဟာအခုမှ အထိုးအဆိတ် လွတ်ပြီး ချမ်းသာရသွားတာပဲ။ ဝိပဿနာရှုဖန်များလို့ ဉာဏ်အမြင်

သန်လာယင် ဒါတွေမခင်တွယ်တဲ့အပြင် မလိုချင်တော့ဘူး။ ဒါတွေကို ငြီးငွေ့လာမယ်၊ ရွံလာမယ်၊ မုန်းလာမယ်၊ အဲ....မုန်းလာတဲ့အခါဆက်ရှုပါ၊ ဆက်ရှုတော့မဂ်ဉာဏ်တွေရပြီး ဒါတွေကို ခင်တဲ့တဏှာဟာ အမြစ်ပါ ပြုတ်သွားမယ်။ အဲ .. တဏှာ=သမုဒယချုပ်ယင် ဒုက္ခဟာ အလိုလိုချုပ်တော့တာပဲ၊ ဒုက္ခချုပ်ယင် နိဗ္ဗာန်ရောက်တာပဲ။

## ၁၂။ သပိတ်သွတ်လွှတ်တရားတော်

(၁၃၂၄-ခု သီတင်းကျွတ်လပြည့်နေ့၌ ဟောကြားသည်)

သီတင်းကျွတ်ပြီ ဆိုတော့ ခင်ဗျားတို့က ဆရာသမား ကန်တော့ရလို့ မီးတွေထွန်းရလို့ ဝမ်းသာကြတယ်။ တကယ် တော့ ဒါသေခါနီးသွားတာပဲ။ ခန္ဓာကတော့ ဝါဆိုလက ထက် အခုသီတင်းကျွတ်လက သေဖို့ရာ ပိုနီးသွားတာပဲ။ ဒီတော့ မသေရာရှာဖို့ရာ အလုပ်ခရီးရောက်ထားဖို့ အရေးကြီး တယ်။

ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ "သစ္စာသိပြီးသေတဲ့ ပုဂ္ဂိုလ်များမှာ ဘာမှပူစရာမရှိပုံ"ကို ပြန်လည်ဟောကြား ထားတယ်၊ ဘုန်းကြီးကလဲ သစ္စာသိဖို့အရေးကိုပဲ ပြန်ပြီး ဟောပါမယ်။ ဒကာဒကာမတို့၊ နောက်ဘဝကော သစ္စာ ၄-ပါး မသိတော့ "အဝိဇ္ဇာ"နဲ့ နေခဲ့ကြတယ်။ သစ္စာမသိတော့ နောင်ဘဝကို တောင့်တပြီး ကုသိုလ်သင်္ခါရတွေကို လုပ်ခဲ့ ကြတယ်။ လုပ်ခဲ့တော့ ရုပ်တမင်နေသေလွန်တဲ့အခါ၊ ပဋိသန္ဓေ ဝိညာဏ်နဲ့တကွ ရုပ်နာမ်ခန္ဓာ ၅-ပါး ပေါ်တယ်။ ဒီခန္ဓာ ၅-ပါးဟာ ဒုက္ခသစ္စာပဲ။ ဒီဘဝမှာ ခန္ဓာ ၅-ပါး=ဒုက္ခ သစ္စာကြီး ရတယ်။ ခင်ဗျားတို့ သစ္စာ သိစေချင်တယ်။ သစ္စာသိစေချင်တာက ဒီဘဝတွင် ကိစ္စပြီးစေချင်လို့မှတ်။ အဲဒါကြောင့် ငါသေယင် ဘာများ ဖြစ်ဦးမှာလဲလို့ ဘယ်တော့မှ မတွေးနဲ့၊ ဒီနေ့ကပေါ်သရွေ့ ဒုက္ခသစ္စာပဲ၊

ဒါကိုသိတဲ့ ပုဂ္ဂိုလ်သေယင် နတ်ရွာသုဂတိမှာတပါး ဘယ်မှ မသွားဘူး၊ သစ္စာသိတော့ အောက်သံသရာ=အပါယ်မသွား တော့ဘူး။

ကဲ....ဒကာ....ဒကာမတို့ အလောင်းကောင် အသုဘကြီး တခုကို ဒီကျောင်းပေါ်မှာ မလှဲသာလို့ထားမယ်ဆိုပါတော့။ ဒီ အသုဘကြီးထဲက ဘာတွေထွက်လာမှာလဲဆိုတော့၊ နားထဲက ထွက်လဲ အသုဘထွက်မှာပဲ။ ပါးစပ် နှာခေါင်း မျက်စိက ထွက်လဲ အသုဘထွက်မှာပဲ။ နဂိုက အသုဘကြီးမို့ အသုဘတွေ ထွက်လာတာပေါ့။ ဒီအသုဘခန္ဓာကြီးထဲက ကျင်ကြီးထွက်လာ ကျင်ငယ်ထွက်လာ ချွေးထွက်လာ ရောင်ဖောလာ ပြည်သွေး ထွက်လာ အသုဘမို့အသုဘတွေထွက်လာတာပဲ။ ဒီတော့ ဒီခန္ဓာ ကိုယ်ကြီးဟာဒုက္ခသစ္စာဆိုတာသေချာပြီ။ ရုပ်နာမ်ခန္ဓာ ၅-ပါး စလုံးဟာ အသုဘတွေချည့်ပဲ။ ဒီခန္ဓာကြီးဟာ အသုဘကြီး ဒုက္ခသစ္စာကြီးလို့ သိအောင်လုပ်။ ဒီအသိနဲ့သေယင် အပါယ် မကျဘူး။ သေခြင်းဆိုးမရှိတော့ဘူး။ သစ္စာသိတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာကနေ တဏှာမကူးပဲ တခါတည်းမဂ်ဉာဏ်ပေါ်တာပဲ။

ဒါကြောင့် သစ္စာကိုကိုယ်ပိုင်ဉာဏ်နဲ့ သိအောင်လုပ်ပါ။ သစ္စာသိတဲ့လူဟာ အောက်အပါယ် သံသရာ ပြတ်တယ်။ အောက်အပါယ် "ပြိတ္တာ" ဘုံရောက်မှ ဆွမ်းသွတ်ရတာ။ သစ္စာသိတဲ့ ပုဂ္ဂိုလ်မှာ အောက်အပါယ် မလားဘူးဆိုတော့ ဆွမ်းသွတ်စရာမလိုတော့ဘူး။ ဒါကြောင့် သစ္စာသိလို့ရှိယင် "ငါသေယင် ဆွမ်းမသွတ်နဲ့တော့" လို့ အိမ်မှာ မှာခဲ့၊ ကြား

လား ဒကာကြွယ်၊ မှာရဲရှဲလား။ မမှာရဲသေးလို့ရှိယင် သစ္စာ မသိသေးလို့ပဲ။ သစ္စာမသိသေးယင် ပြိတ္တာဖြစ်နိုင်သေးတယ်။ ဒီလိုမမှာရဲသေးလို့ရှိယင် ကိုယ့်ကိုယ်ကို သစ္စာမသိ၊ သိအောင် လုပ်ပါလို့ တိုက်တွန်းပါတယ်။ ဒါဖြင့် ခန္ဓာကိုယ်ထဲကပေါ် လာတာတွေဟာ ဘာသစ္စာ၊ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဆိုတော့ သိတာက-မဂ္ဂသစ္စာ၊ သေတာက-သမုဒယသစ္စာ၊ သမုဒယ သစ္စာသေယင် - ဒုက္ခနိရောဓသစ္စာ လာမယ်။ ဒီခန္ဓာကြီး ခန္ဓာ ၅-ပါးက ပေါ်လာတာတွေ ရှုနေတော့ **အရှုခံက** ဘာသစ္စာ။ ဒုက္ခသစ္စာ။ **ရှုတဲ့ဉာဏ်** ကဘာသစ္စာ။ မဂ္ဂသစ္စာ။ ဒါကိုအဖန်ဖန်ပွားများနေယင် သမုဒယသေတယ်။ သမုဒယ သေယင် နောက်ခန္ဓာ ဒုက္ခသစ္စာချုပ်တော့ နိရောဓသစ္စာ ပေါ်လာတော့တာပဲ။

အဲဒီတော့ ဒီခန္ဓာကြီးကို ဖြစ်ပျက်ရှုပါ။ ခန္ဓာပြတဲ့အချိန် ရှုလိုက်၊ ရှုတော့ ဒုက္ခသစ္စာကို မြင်လာမယ်၊ သိမယ်၊ သိယင် ဒုက္ခသစ္စာသိတာပဲ။ သစ္စာသိတာပဲ။ သစ္စာသိယင်သေတဲ့အခါ သပိတ်သွတ်လွတ်တယ်။ အဲဒီတော့ဒီတရားဟာ သစ္စာသိအောင် ဟောတဲ့တရားဖြစ်လို့ **သပိတ်သွတ်လွတ်တဲ့တရားလို့** မှတ်။

## ၁၃။ ကထိန်ရေစက်ချ တရားတော်

(၁၃၂၄-ခု သီတင်းကျွတ်လဆုတ် ၃-ရက်နေ့၌ဟောသည့် ဒုတိယနေ့ကဆုံးတရား)

ဒကာ ဒကာမတို့၊ အလှူပေးတဲ့ဥစ္စာဟာ အလှူခံပုဂ္ဂိုလ်လက်ထဲကိုယ့်ပစ္စည်းရောက်သွားတာပဲလို့ ဆိုယင် လွဲတယ်။ ဘုရားရှင်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်မှာ၊ နတ်တွေ စုရုံးရောက်လာပြီး၊ အလှူပေးဘယ်ဆိုဘာ တခြားလားအောက်မေ့တယ်ဘုရား တကယ်တော့ တညည့်ဘော်တို့ ရလိုက်ဘာပဲလို့၊ သူတို့ရဲ့ ကိုယ်တွေ့တွေကို လျှောက်ထားကြဘယ်။ ဒီတော့ အလှူပေးတဲ့ဥစ္စာ သူများ ရသွားတယ်ဆိုဘာ လွဲတယ်။ ကိုယ်ရလိုက်ဘာပဲလို့ မှတ်ရမယ်၊ ဥပမာနဲ့ ရှင်းပြဦးမယ်၊ အိမ်တအိမ်မီးလောင်နေတာကို ရပ်ကြည့်နေလို့ရှိယင် အိမ်ပေါ်ကပစ္စည်းတွေဟာ အိမ်နဲ့အတူလောင်ပြီး ပြောင်သွားမှာပဲ။ ရသလောက် မီးထဲက ဆွဲထုတ်ပြီး မီးလွတ်တဲ့နေရာကို သယ်ယူသွားမယ်ဆိုယင်၊ ဒါရလိုက်တာပဲ၊ မီးလောင်တာကို ရပ်ကြည့်နေယင်တော့ မရတော့ဘူး၊ သယ်ယူနိုင်သလောက် သယ်ယူလို့ရှိယင် ထိုက်သလောက် ရလိုက်မှာပဲ။

ဒီမှာလဲ ထို့အတူပဲ မှတ်ရမယ်။ ခန္ဓာကြီးဟာ "ဇာတိမီး၊ ဇရာမီး၊ မရဏမီး (အို-နာ သေ)"တွေက လောင်နေတယ်။ လောဘ၊ ဒေါသ၊ မောဟစတဲ့ ၁၁-ပါးသော မီးတွေကလဲ လောင်နေတယ်။ ဇရာမီးကလဲ နေ့တိုင်း အိုအောင် လောင်နေတယ်၊ မရဏမီးကလဲ နေ့တိုင် သေအောင် လောင်နေတယ်။

ရန်သူမျိုး ၅-ပါးဆိုတဲ့ မီးတွေကလဲ ပစ္စည်းတွေကို ယူမလို လောင်မလို ဝိုင်းလျက်ပဲ။ အဲဒီလို ခန္ဓာကိုယ်ကြီးကလဲ မီးလောင်ခံနေရပြီး ပစ္စည်းတွေကိုလဲ ရန်သူမျိုး ၅-ပါးက ယူသွား ဆောင်သွား လောင်သွားသလို ဖြစ်ပြီးနေတော့၊ ဒီအထဲကနေပြီး ဒို့သားကလေး ရှင်ပြုပြီး၊ ကထိန်ခင်းမယ် သံဃာ ၂၀၀-ကျော်ကိုလဲ သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ ခြင်ထောင်တွေ မျက်နှာသုတ်ပဝါတွေ လှူမယ်ဆိုတော့ ဒါမီး လောင်နေတဲ့အထဲက ကိုယ့်ဖို့ရအောင် မီးမလောင်တဲ့နေရာကို ဆွဲထုတ်လိုက်တာပဲလို့ မှတ်ပါ။ ဒါနကို ပြုတယ်ဆိုတာ မီးမလောင်တဲ့နေရာကို ပို့ထားတာဖြစ်တော့ ကိုယ်ကဆွဲ ထုတ်လိုက်တဲ့အတွက် မီးမလောင်တဲ့ပစ္စည်းဟာ ကိုယ့်ပစ္စည်း ဖြစ်တယ်။ အခု ဒီလိုလှူလိုက်တော့ ကိုယ့်မီးထဲကဆွဲထုတ်လို့ ကိုယ်ရလိုက်တာပဲလို့ မှတ်။

ရှေးကတော့ ''မင်းအလှူပေးတာ ဘယ်လောက်ကုန်သွား သလဲ''လို့ မေးတတ်ကြတယ်။ အဲဒါ လွဲတယ်။ နောင်ကို ခင်ဗျားတို့ပညာမျက်စိတပ်ပြီး ''မင်း အလှူလှူတာဘယ်လောက် ရလိုက်သလဲ''လို့ မေးပါ။ ပစ္စည်းဆိုတာ မီးလောင်ယင် ကုန်တာပဲ။ လောဘမီး ဒေါသမီး မောဟမီးတို့နဲ့လဲ စားသုံး ပစ်လိုက်လဲကုန်သွားမှာပဲ။ ပြီးတော့ရန်သူမျိုး၅-ပါးမီးလောင် ယင်လဲ ကုန်သွားမှာပဲ။ အဲဒီလို ကုန်သွားမှာသိနေတော့၊ မီးလောင်တဲ့အထဲက ဆွဲမထုတ်ဘူးဆိုယင် ကိုယ်ပိုင်ရလိုက်စရာ မမြင်တော့ဘူး။ အခုလို လှူဒါန်းလိုက်တော့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့နိဗ္ဗာန်သွားမယ့်ရတနာတွေရလိုက်တယ်၊

အခုလို ဉာဏ်မျက်လုံးပွင့်လာလို့ လှူလိုက်လို့ ဒါတွေရတာ။ ဉာဏ်မျက်လုံးမပွင့်ခင်ကတော့ ပစ္စည်းဥစ္စာစုသာနေမယ်ဆိုယင်၊ စုယင်းနဲ့ပဲ လောဘမီး ဒေါသမီး မောဟမီးစသည်တို့က လောင်ပစ်လိုက်ယင်း ကုန်ယင်း၊ ရန်သူမျိုး ၅-ပါးမီးက လောင်ယင်း ကုန်ယင်းဖြစ်ခဲ့တယ်။ အခုလို လှူလိုက်တော့ မီးထဲကဆွဲထုတ်ပြီး မီးလွတ်ရာယူသွားတော့ ဒါရလိုက်တာပဲ။

ကဲ....မီးထဲကဆွဲထုတ်လို့ရလိုက်တာတော့ ဟုတ်ပြီ၊ မီးထဲက ဆွဲထုတ်မှုကလဲ အသိဉာဏ်မပါပဲနဲ့ အရမ်းဆွဲထုတ်မှု၊ ဉာဏ်မျက်လုံးအမြင်နဲ့ ကောင်းတာဆွဲထုတ်မှုလို့ ၂-မျိုးရှိသေးတယ်။ ဘယ်လို ၂-မျိုးရှိသလဲဆိုယင် (၁) နိဗ္ဗာန်တည်းဟူသော ရတနာမြတ်ကြီးကို လိုချင်လို့ ဆွဲထုတ်တာက တမျိုး၊ (၂) လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ချင်လို့ ဆွဲထုတ်တာကတမျိုး၊ ဒီလို ၂-မျိုးရှိတယ်။မီးထဲကဆွဲထုတ်ပေမယ့် ဆွဲထုတ်တတ်ဦးမှနော်၊ မီးလောင်နေတုန်း "စဉ့်အိုးကြီးတွေ၊ ဒယ်အိုးကြီးတွေ၊ ထင်းတွေကိုသာ ဆွဲထုတ်နေယင် အလကားပဲ၊" ဒါတွေလောင်သွားလို့ ဘာမှအရေးမကြီးဘူး။အဖိုးတန်ပစ္စည်းတွေ ရတနာတွေကို ဆွဲထုတ်တတ်ဖို့ အရေးကြီးတယ်။ ဒါမှ ဆွဲထုတ်ရကျိုး နပ်မယ်။ ဒီတော့ ပညာမျက်စိနဲ့ကြည့်ပြီး နိဗ္ဗာန်ရောက်ကြောင်းနဲ့တူတဲ့ အဖိုးတန်ရတနာပစ္စည်းတွေကို ဆွဲထုတ်မယ်ဆိုယင် မှန်တယ်။ အဲဒါ ဉာဏ်မျက်လုံးအမြင်နဲ့ ဆွဲထုတ်တာမျိုးပဲ။ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ကြောင်းတွေ ဆွဲထုတ်မယ်ဆိုယင်တော့ ဆွဲထုတ်မိတဲ့နေရာမှာနောက်ထပ်မီးက

ကူးပြီး လောင်အုံးမှာပဲ၊ အဲဒါကျတော့ အသိဉာဏ်မပါတဲ့ အရမ်းဆွဲထုတ်တာမျိုးပဲ။

အဲဒီတော့—ဒီနေ့လူတာက နိဗ္ဗာန်ရောက်ကြောင်း ပစ္စည်းတွေကိုသာ ဆွဲထုတ်တာမျိုးဖြစ်ရမယ်။ နတ်ပြည်ရောက်ကြောင်း ပစ္စည်းတွေကို ဆွဲထုတ်တာမျိုးမဖြစ်ရဘူး၊ ဒီလိုဆွဲထုတ်တာ မျိုးကတော့ မီးကူးပြီးလောင်အုံးမှာပဲ။ ဒီမှာလဲလောင်ရက်ပဲ။ ဟို ရောက်ရာ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တွေမှာလဲ ခန္ဓာနဲ့ ပစ္စည်းတွေ လောင်မှာပဲ၊ ဒါဖြင့် မီးကူး လောင်တာပေါ့။ ဒီနေရာကတော့ မီးထဲက ဆွဲထုတ်ပါရဲ့၊ ဟိုနေရာကျတော့ ဆက်ကူးပြီးလောင်တယ်။ အေး ဒါကြောင့် မအိုမသေအမြဲ နေတဲ့ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်(ဉာဏ်)နဲ့သာ ဆွဲထုတ် လို့ရှိယင် နောက်တဖန် မီးမလောင်တဲ့ မပျောက်ပျက်တဲ့ ပစ္စည်း ကြီးရလိုက်တာပဲ့။ မီးလောင်တဲ့အထဲကဆွဲထုတ်ပေမယ့် "အကန်း ဆွဲထုတ်တာ"နဲ့ "အမြင်ရှိတဲ့လူဆွဲထုတ်တာ" အင်မတန်ခြား နားသွားတယ်။ မီးထဲကဆွဲထုတ်ပေမယ့် ဆွဲထုတ်နည်းကမှန်အုံး မှနော်။ မီးကင်းရာဘက် နိဗ္ဗာန်ကျအောင် ၃၁-ဘုံအပြင် ဘက်ရောက်အောင် ဆွဲထုတ်မှ မှန်တာ၊ ၃၁ ဘုံအတွင်း မှာပဲ ဆွဲထုတ်မိယင်တော့ ရောက်ရာဘုံမှာ မီးလောင်ဦးမှာပဲ၊ ၃၁ ဘုံဆိုတာ မီးဟုန်းဟုန်းတောက်နေတာ၊ သမ္မာဒိဋ္ဌိမျက် လုံးနဲ့ မီးမလောင်ရာ နိဗ္ဗာန်အရောက်ဆွဲထုတ်မှ မှန်တာ။ မီးတကယ်လွတ်တဲ့နေရာသို့ ဆွဲထုတ်မှုကျတော့ တကယ်ကိုသိမှ သာ အဖိုးတန်တယ်နော်။

ဇာတိဒုက္ခ။ ။အဲဒီတော့ ခင်ဗျားတို့ အမိဝမ်းခေါင်းထဲက လာခဲ့ကြတယ်။ ယခုဘဝ လူတယောက်အဖြစ် အမိဝမ်း ခေါင်းထဲမှာ "ကလလရေကြည်" ကလေးက စ ခဲ့ရတယ်။ ဒီရေကြည်ကလေးဟာ အပေါ်ကအစာသစ်တွေ၊ အောက်က အစာဟောင်းတွေကြားမှာ တည်နေခဲ့တယ်။ ဒါကလေးဟာ ပူလွန်း အေးလွန်းတဲ့ အစာအာဟာရကို မိခင်က စားသောက် မိယင် ပျက်လိုက် မိခင်ကလှုပ်ရှားလိုက်ယင် ပျက်လိုက်ဆိုတော့ လူတယောက်ဖြစ်ဖို့ရာ မလွယ်ဘူးနော်။ နောက်တဖြည်းဖြည်း ကိုယ်သဏ္ဍာန် ပေါ်လာတယ်။ အဲဒီ အမိ ဝမ်းခေါင်း ထဲမှာ အမိကျောဘက်ကို မျက်နှာမူပြီး ဒူး ၂-ဖက်ပေါ်မှာ တထောင်ဆစ် ၂-ခုထောက်ပြီး ခေါင်းပေါ်မှာလက်နှစ်ဖက် ယှက်ပြီး နေခဲ့ရတယ်။ အမိက ရှေ့ကုန်းလိုက်ယင် လည်ပင်း ချိုးလိုက်သလို၊ အမိက နောက်ကော့ လိုက်ယင် ကုပ်ချိုး လိုက်သလို ခံရတယ်။ နေရတာ ကလဲ အင်မတန် ကျဉ်း မြောင်းတယ်။ အောက်ကလဲ အမေရဲ့ ကျင်ကြီးအိမ်ပေါ်မှာ ထိုင်ရ၊ အပေါ်ကလဲ အမေစားတဲ့ ခွေးအန်ဖတ်နဲ့ တူတဲ့ အစာသစ်အိမ်ကို ရွက်ထားရတယ်။ အသက်ရှူလို့လဲ မရဘူး၊ ကွေးလို့ ဆန့်လို့လဲမရဘူး။ ၉ လခွဲ၊ ၁၀-လအတွင်း ထမင်း ကျွေးမဲ့သူလဲ မရှိဘူး၊ စောင်းပေးမယ့် လှည့်ပေးမယ့်သူလဲ မရှိဘူး။ အဘီးကျန် တကောင်ကြွက် တမျက်နှာ ဒုက္ခိတမို့ ဘယ်ကမှ ကူမဲ့သူ မရှိဘူး။

အခုနေရတာက မျက်နှာကကျောဖက်လှည့်နေပြီး ခေါင်း ကအထက်ကနေတယ်။ နောက်မွေးခါနီးကျတော့ ကမ္မဇလေက

အောက်ကနေပြီး တွန်းမှုတ်တင်လိုက်တော့၊ အမိရဲ့ မွေးဖွားရမယ့်နေရာသို့ ဂျွမ်းပြန်ပြီး ခေါင်းက အောက်ဖက်ရောက်သွားတယ်၊ ဒီတော့ ကလေးက "ငါတော့ အလွန်တရာနက်တဲ့ ချောက်ကြီးထဲ ဇောက်ထိုးဆင်းပြီး သေပွဲဝင်ရတော့မယ်"လို့ ကြောက်လန့်ပြီး တက်သွားတာပဲ။ ဖွားတော့မယ်ဆိုတော့ စဉ်းစားကြည့်ပေါ့။ ၂-လက်မလောက်ရှိတဲ့ ကြွက်တကောင်ဟာ နောက်ကရိုက်လို့ကြောက်တာနဲ့ ၁-လက်မရှိတဲ့ အပေါက်ကလေးက တိုးထွက်ရတော့၊ ကိုယ်မှာ အမွေးတွေ အရေတွေ မကျန်တော့ သွေးရဲရဲနဲ့ အပြင်ထွက်သွားရတယ်။ ဒီလိုပဲ ကလေးဟာ ကျဉ်းမြောင်းလှတဲ့ မွေးဖွားရာအပေါက်ကနေပြီး တိုးထွက်ရတော့ ခုနက ကြွက်ထွက်ရသလို ဖြစ်နေတယ်။ အပြင်ရောက်တော့လဲ ဝမ်းဆွဲဆရာမတွေက ကိုင်လိုက်တယ်လိုက် ရေနဲ့ပက်ချိုးလိုက်ဆိုတော့ တခါတည်း ငရဲရောက်သလို ခံစားရပြီး ငိုတော့တာပဲ။ ကဲ-ပဋိသန္ဓေနေရတဲ့ဒုက္ခ၊ မွေးဖွားရတဲ့ဒုက္ခဟာ ဘယ်လောက်ကြီးသလဲ၊ စဉ်းစားကြည့်၊ တခါ မွေးစကလေးဟာ သူတပါးပြုသမျှခံရတယ်။ ကျင်ကြီးကျင်ငယ်တွေ အလူးလူးနဲ့ နေရတယ်။ ရေဆာယင် အမေက နို့ပေးလို့ပေး။ နို့ဆာယင် အမေကရေပေးလိုပေး။ မပြောတတ်တော့ ငိုရုံသာ ငိုတတ်တယ်။ မသွားနိုင်တော့ ကိုယ်နေတဲ့ နေရာမှာပဲ ကျင်ကြီးကျင်ငယ် စွန့်ရတယ်။ ခြင်ကိုက်လဲခံရဆိုတော့ သူပေးလူပေးနဲ့ နေရတဲ့ ဒုက္ခတကလေးပေါ့။

အေး...ဒါကြောင့် ဘုရားက "ခန္ဓာ ၅-ပါးဟာ ဒုက္ခသစ္စာ"လို့ ဟောတာ။ ဒီဒုက္ခတွေကို ခင်ဗျားတို့ မေ့နေပြီ။

ဉာဏ်နဲ့မကြည့်တော့လဲ မသိတော့ဘူး။ အခုဘုန်းကြီးပြောတဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့မှ "ဩော်........ ငါတို့ ဒီလိုနေခဲ့ရပါလား" ဆိုတဲ့ ဉာဏ်ကလေးပေါ်လာတာ။ ဒီဉာဏ် သမ္မာဒိဋ္ဌိ (မဂ္ဂင်) နဲ့ကြည့်လိုက်တော့မှ ဒီနေရာမနေချင် တော့ဘူးဆိုတာ လာတာ၊ ဒီတော့ ဒီဇာတိဒုက္ခကြီးကို ရွံ့ခြင်း မုန်းခြင်း ငြီးငွေ့ခြင်း မလိုချင်ခြင်းဖြစ်ပါ၍၊ ဒီ ဒုက္ခကြီးကို နောင်ဘယ်တော့မှ မတွေ့ချင်ပါ၍၊ ဘယ်ခန္ဓာမှ မဖြစ်ချင် တော့ပါ၍ **အဇာတိ=ပဋိသန္ဓေ** မနေရာ၊ ဇာတိ ဒုက္ခကြီး လွတ်ကျွတ်ရာနိဗ္ဗာန်ကို ရောက်ချင်ပါ၍ "ဤသင်္ကန်းစသည် တို့ကို သံဃာတော်အရှင်မြတ်များအား လှူဒါန်းပါ၏" လို့ စိတ်ပြောင်းလိုက်ပါ။

**ဇရာဒုက္ခ။** ။မွေးခါစဒုက္ခတဘဝပြီးတော့ ကလေးကြီး ဖြစ်လာတယ်။ ကြီးတယ်ဆိုတာ အိုတာပဲ။ "ဇရာဒုက္ခ" ရောက် တာပဲ။ သရက်သီးဟာ ရင့်ရင့်ပြီး ကြီးလာတာဟာ မှည့်ပြီး ကြွေမလို့ပဲ။ အဲ အိုတယ်ဆိုတာလဲ သေမလို့ အိုတာပဲ။ ဇာတိ ဒုက္ခပြီး ဇရာဒုက္ခနဲ့နေရတော့ ချမ်းသာတာပါသေးရဲ့လား၊ မပါဘူး။ ဒီဇရာဒုက္ခကြီးကိုလဲ ရွံ့ခြင်း မုန်းခြင်း ငြီးငွေ့ခြင်း မလိုချင်ခြင်းဖြစ်ပါ၍၊ **အဇရံ=မအိုရာ**ဖြစ်သော နိဗ္ဗာန်ကိုသာ ရည်မှန်း၍ "ဤသင်္ကန်းစသည်ကို သံဃာတော် အရှင်မြတ် များအား လှူဒါန်းပါ၏" လို့ စိတ်ပြောင်းလိုက်ပါ။

**ဗျာဓိဒုက္ခ။** ။ကောင်းပြီ ဒီခန္ဓာကြီးဟာ ဇရာက ဘယ်သွား မယ်ထင်သလဲ၊ ဒီခန္ဓာကြီးဟာ သူ့လမ်းစဉ်အတိုင်း "ဗျာဓိ" (အနာရောဂါ)ဘက် သွားရမယ်။ ဗျာဓိဆိုတဲ့ ရောဂါတွေ

ဖိစီးလာမှုဖြင့် ဆရာဝန်တွေက ဝိုင်းပြီးကုကြသော်လဲ ရောဂါ မသက်သာ၊ ကိုယ့်ကျင်ကြီး ကျင်ငယ်ကိုမှ ထပြီးမစွန့်နိုင်၊ ကိုယ့်အဝတ်မှ ကိုယ်မဖုံးနိုင်တဲ့ "ဗျာဓိဒုက္ခ"ကို ရောက်အုံး မှာပဲ။ ဒါဟာ ခန္ဓာကြီးရဲ့လမ်းစဉ်မို့ ဘယ်မရောက်ပဲနေပါ မလဲ၊ ခန္ဓာကြီးဟာ ရောဂါတွေဖိစီးပြီး အိပ်ရာဖျာကပ် ဗျာဓိ ဒုက္ခနဲ့ တွေ့အုံးမှာပဲ။ ဒီတော့ အဲဒီဗျာဓိဒုက္ခကြီးကို ရောက် ရမှာ ဧကန်သိသည်ဖြစ်သောကြောင့် ဤဗျာဓိ ဒုက္ခကြီးကို နောင်တဖန်မရလိုတဲ့စိတ် ပြင်းပြသည်ဖြစ်ပါ၍၊ **အဗျာဓိ**၊ ဆိုတဲ့ မနာရာဖြစ်သော နိဗ္ဗာန်ကို ရည်မှန်း၍ ဤအလှူပွဲကြီးကို ရေစက်ချပြီး လှူဒါန်းပါ၏လို့ စိတ်ပြောင်းလိုက်ပါ။

မရဏဒုက္ခ။ ။နောက် ဒီကနေပြီး ဘယ်ဆက်သွားပြန် သလဲဆိုတော့ ခန္ဓာကြီးရဲလမ်းစဉ်အတိုင်း မဆုံးသေးပဲကိုး။ နာဘေးကြီးက သေဘေးကြီး မရဏဒုက္ခဆီကို သွားရအုံးမယ်။ သေခါနီးဒုက္ခဆိုတာလဲ ရှိသေးတယ်။ ဒီဒုက္ခကလဲ မသေးဘူး နော်။ အကုသိုလ်ကံတွေလုပ်ထားတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ သေခါနီးမှာ နာလိုက်တာ ကိုက်လိုက်တာ အကြောတွေက ပုံဆွဲဒီဆွဲနဲ့ဆိုတော့ သေခါနီးဒုက္ခကလဲ အင်မတန်ကြီးတယ်။ အဲဒီမရဏဒုက္ခကြီးဟာလဲ ခန္ဓာရှိလို့ပေါ်လာတာ။ အဲဒီလိုမရဏ ဒုက္ခကြီးကလဲ တွေ့လတ္တံ့ဖြစ်သောကြောင့် ဒီမရဏဒုက္ခကြီးကို နောင်မတွေ့ ချင်ပါ၍ **အမတ**၊ အသေကင်းရာ နိဗ္ဗာန်ကို ရည်မှန်းပြီး " ဤ သင်္ကန်းစသည်ကို လှူဒါန်းပါ၏ " လို့ စိတ်ပြောင်းလိုက်ပါ။

ဒီလိုလှူတော့ ဒုက္ခသိပြီးမဂ်ဉာဏ်နဲ့လှူတဲ့အလှူ ဖြစ်သွားတယ်။ ဒီလိုလှူယင် ဉာဏ်နဲ့လှူတဲ့အလှူလို့မှတ်ပါ။ ဒုက္ခမှလွတ်ချင်လို့လှူတဲ့အလှူမို့ သဒ္ဓါကနောက်လိုက်ဖြစ်ပြီး ဉာဏ်ကရှေ့ဆောင်တယ်လို့မှတ်ပါ။ ဒီဉာဏ်ဟာ သာမညဉာဏ်မဟုတ်ဘူး။ ဒုက္ခသစ္စာကိုသိတဲ့ဉာဏ် ဖြစ်သောကြောင့် မဂ်ဉာဏ်နဲ့လှူတဲ့အလှူမို့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့နိဗ္ဗာန်မှတပါး တခြားဘာမှအကျိုးမပေးတော့ဘူးလို့ ယုံယုံကြည်ကြည်နဲ့ မှတ်ပါ။ ဒီလိုမှမဟုတ်ပဲ ဒီနေရာရောက်ချင်ပါသေးတယ်ဆိုယင် ဇာတိပြန်လှည့်တော့မယ်။ သေပြီးနောက် ဇာတိ ပဋိသန္ဓေပြန်လှည့်မယ်ဆိုယင် ဝိုင်းသွားပြီ၊ "ဇာတိ"ကလႊပြီးနောက် "ဇာတိ" ပြန်ရောက်ပြန်တယ်။ "ဇာတိ" ပြန်ရောက်ပြန်တော့ ဒီလိုအပတ်ပေါင်း နောက်ကဘယ်လောက် လည်ခဲ့သတုံးဆိုတော့ မရေတွက်နိုင်ဘူး။

အဲဒီတော့ ဒီလိုသံသရာမလည်ချင်တဲ့ ဉာဏ်သည် သံသရာဖြတ်ချင်တဲ့ဉာဏ်ပဲ။ အဲဒီ ခန္ဓာ သံသရာကြီးဖြတ်ချင်တဲ့ဉာဏ်နဲ့ သံသရာဖြတ်ချင်တဲ့ဆန္ဒ ပြင်းပြသည်ဖြစ်ပါ၍ ဤသင်္ကန်းစသည်ကိုလှူဒါန်းပါ၏လို့ စိတ်ပြောင်းလိုက်ပါ။ အဲ "ဇာတိ ဇရာ ဗျာဓိ မရဏ"စတဲ့ ဒုက္ခခပ်သိမ်းတို့၏ ငြိမ်းရာအမှန် နိဗ္ဗာန်ကို တခုတည်းကိုသာရည်မှန်းပြီးလှူကြပါစို့ ကဲ....ရေစက်ချကြစို့။

# ၁၄။ ရထားထွက်ခါနီးပြီ

(၁၃၂၄-ခု သီတင်းကျွတ်လဆုတ် ၃-ရက်ညဥ့်ဟောသည့် နောက်ဆုံးတရား)

ကဲ....တရားနာတဲ့လူကလဲ ခန္ဓာကြည့်ပြီးနာရတယ်။ ဟောတဲ့ ပုဂ္ဂိုလ်ကလဲခန္ဓာကြည့်ပြီးဟောမယ်။ ဘာဝနာပွားပြီးဟောတဲ့ အတွက် ဘာဝနာပွားပြီးနာရမယ်။ ခင်ဗျားတို့ဟာ တရားက ပို့လိုက်လို့ ဒီလူ့ပြည်ရောက်လာတာ။ အဲ တရားပို့လိုက်တာနဲ့ လူ့ပြည်ရောက်လာတာပဲ၊ ဒါကြောင့် ခင်ဗျားတို့ **တရားသာ အမိ၊ တရားသာ အဖပါပဲ**။ ဒီတော့ တရားပဲ အားကိုးစရာ ရှိတော့တယ်လို့ သေသေချာချာမှတ်ပါ။ သာဓကလုံလောက် အောင် ရှင်းပြမယ်။ မြတ်စွာဘုရားဟာ ဘုရားဖြစ်လာတော့ ဩော်... ငါ့အတုမရှိတဲ့ ဘုရားတော့ဖြစ်လာပြီ၊ ငါ့ထက် သီလ သမာဓိ ပညာအားဖြင့်သာတဲ့ ပုဂ္ဂိုလ်ရှိယင် ကိုးကွယ်ဆည်းကပ် ပူဇော်မယ်ဆိုပြီး ၃၁-ဘုံမှာ လျှောက်ပြီး ကြည့်လိုက်တော့၊ သူ့ထက်သာတဲ့ ပုဂ္ဂိုလ် တယောက်မှ မမြင်ဘူး၊ မမြင်တော့ ငါ ဘယ်နှယ့်ကြောင့် ဘုရားဖြစ်လာရပါလိမ့်မတုံးလို့ တွေးဆင် ခြင်လိုက်တော့ တရားကြောင့် (တရားအားထုတ်လို့) ဘုရား ဖြစ်လာတာပဲ တရားပဲ ကိုးကွယ်မှဖြစ်မယ်လို့ ဆုံးဖြတ်တော်မူ တယ်။

ဒါဖြင့် ခင်ဗျားတို့လဲ တရားကပို့လို့ ဒီ လူ့ပြည်ရောက် လာတာ၊ ဒီကနေ သေလွန်တဲ့ အခါမှာလဲ တရားပို့တဲ့ဆီ သွားရမှာပဲ။ ဒီတော့ ဘယ်တရားပို့တာ ကြိုက်တယ်ဆိုတာ

တရားကို ရွေးရမယ်။ ဘုန်းကြီးက ဝေဖန်ပြမယ်။ တရားက ၅-မျိုးရှိတယ်။ "အကုသိုလ်တရား၊ ဒါနကုသိုလ်တရား၊ သီလကုသိုလ်တရား၊ သမထ ကုသိုလ်တရား၊ ဝိပဿနာကုသိုလ်တရား"လို့ ၅-မျိုးရှိတယ်။ ဘယ်တရားပို့တာ ကြိုက်သလဲ။

(၁) **အကုသိုလ်** တရား ကတော့ အပါယ် ၄-ပါးပို့တယ်။ ဒါကို ခင်ဗျားတို့မကြိုက်ဘူး။ (၂) **ဒါနကုသိုလ်က** လူ့ပြည်နဲ့ နတ်ပြည်ပို့တယ်။ လူ့ပြည်,နတ်ပြည်မှာ အိုဘေး နာဘေး သေဘေးတွေရှိတယ် ဆိုတော့ ဒါလဲ ကြိုက်စရာမဟုတ်ဘူး။ (၃) **သီလကုသိုလ်** ကလဲ နတ် ပြည် စ ပြီး "အကနိဋ္ဌ" ဗြဟ္မာ့ဘုံထိအောင်ပို့တယ်။ ဘယ်ဘုံပို့ပို့၊အိုဘေး နာဘေး သေဘေးတွေရှိတော့ ဒါလဲ ကြိုက်စရာမဟုတ်ဘူး၊ အိုနာသေ ဒုက္ခသစ္စာရှိတဲ့ဆီသွားလို့လဲမတော်ဘူး။ (၄) **သမထ** ကုသိုလ် အားထုတ်တော့ သူက ဗြဟ္မာ့ဘုံ ၂၀-လုံးကိုပို့မယ်။ ဗြဟ္မာ့ဘုံတွေမှာ အသက်တမ်းကရှည်လွန်းတော့ သက်ဆိုးရှည်နေတာပဲ၊ ခန္ဓာဝန်ထမ်းပြီးအိုဘေး နာဘေး သေဘေးတွေနဲ့ အတူတူနေရတာဖြစ်လို့၊ ဒီတရားပို့တဲ့ဆီကိုလဲ ကြိုက်လို့မတော်ဘူး။ ဒီ ၄-ချက်ကို ခင်ဗျားတို့မကြိုက်သင့်ဘူး။ နောက်ဆုံးဖြစ်တဲ့ (၅) **ဝိပဿနာကုသိုလ်** တရားကတော့ ဒုက္ခခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ပဲ ပို့မယ်။ ဒါကိုကြိုက်ရမယ်။

ကိုင်းဒါဖြင့် ခင်ဗျားတို့ တရားပို့လို့ ခုဒီလူ့ပြည်ရောက်လာပြီ။ နောက်တခါ ဘယ်တရားပို့တဲ့ဆီ သွားမတုံး၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်ဆိုယင် ဒုက္ခသစ္စာဆီ မသွားချင်တော့ဘူး၊

ဒုက္ခသစ္စာမရှိတဲ့ဆီပဲ သွားချင်မယ်။ ဒါဖြင့် ဒုက္ခသစ္စာမရှိတဲ့ ဆီသွားချင်တယ်ဆိုယင် ဝိပဿနာကိုကြိုးစား။ မဂ်ဆိုက်အောင် လုပ်၊ မဂ်ကတော့ နိဗ္ဗာန်မှတပါး ဘယ်မှမပို့ဘူး။ ဒုက္ခထဲမပို့ တော့ဘူး။ ဝိပဿနာ (မဂ်) ကတော့ ကိလေသာဝဋ်ကိုလဲ ဖြတ်တယ်။ ကမ္မဝဋ်ကိုလဲဖြတ်တယ်။ ကမ္မဝဋ်ပြတ်တော့ ဝိပါက ဝဋ်မလာတော့ဘူး။ ဒီတော့ ဝိပဿနာ(မဂ်)ဟာ ဝဋ် ၃ ပါး ကျွတ်တဲ့ဆီ ပို့တယ်။ ခင်ဗျားတို့ တရားပို့တဲ့ဆီ မရွေးတတ် မှာစိုးလို့ အခုလို ဝေဖန်ရှင်းပြနေရတာ။

ဘယ်တရားက ဘယ်ပို့တယ်ဆိုတာ သိထားရမယ်။ တချို့ တရားကပို့လိုက်တာ အပါယ် ၄-ပါး ရောက်သွားတာပဲ။ တချို့ တရားကပို့လိုက်တာ နတ်ပြည်ရောက်ပြီး ဂျွမ်းထိုး မှောက်ပုံ ဖြစ်ပြီး အပါယ်ပြန်ကျတယ်။ တချို့ တရားက ပို့လိုက်တာ ဗြဟ္မာ့ပြည်ရောက်ပြီး ဂျွမ်းထိုးမှောက်ခုံဖြစ်ပြီး အပါယ်ပြန်ကျတာပဲ။ ဒီတရားတွေကို ခင်ဗျားတို့အားထား လို့ တော်ပါ့မလား။ မတော်ဘူး။ မတော်ဘူးဆိုတာ သစ္စာ သိလို့ ထွက်လာတဲ့အသံပဲ။ အဲဒီလို သစ္စာသိတော့ ဘယ်နတ် ပြည် ဗြဟ္မာ့ပြည်ကိုမှ မသွားချင်တော့ဘူး။ ဘာဖြစ်လို့ "အို နာ သေ" ရှိနေလို့၊ ပထမ ပျော်သလိုလိုနဲ့ နောက်ဒုက္ခကြီးနဲ့ ဇာတ်သိမ်းရလိမ့်မယ်၊ အဲ... သစ္စာသိတဲ့ပုဂ္ဂိုလ်ကျတော့ အို နာ သေ ရှိတဲ့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို မသွားချင်တော့ ဘူး၊ "အို၊ နာ၊ သေ" မရှိတဲ့ နိဗ္ဗာန်ပဲ သွားချင်မှာပဲ။

ကုသိုလ်ဆိုတာ ၂-လမ်းရှိတယ်။ သစ္စာမသိပဲပြုလုပ်တဲ့ "ဒါန၊ သီလ၊ သမထ"ကုသိုလ်တွေကတော့ လူ့ပြည် နတ်ပြည်

ဖြဟွာ့ပြည်ဆိုတဲ့ "အို နာ သေ"ရှိရာ ပို့လိုက်မယ်။ အဲ....ဒုက္ခ မလိုချင်လို့ သစ္စာသိပြီးပြုတဲ့ "ဒါန၊ သီလ၊ သမထ"ကုသိုလ် တွေဟာ လမ်းဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုပဲ့ပို့ပေးတယ်။ အဲ...."ဝိပဿ နာ"ကတော့ ကိလေသာဖြတ်၊ ကံဖြတ်၊ အကျိုးပေးဖြတ် (ဝဋ္ဋ ၃-ပါး) ဖြတ်လေတော့၊ ဝဋ္ဋကျွတ်တဲ့နေရာပဲ ပို့မှာပဲ။ ငင်ဗျားတို့က ပို့ပါလို့ ဆိုဖို့မလိုဘူး၊ ဒါတရားရွေးတတ် အောင် ပြောနေတာ၊ သစ္စာမသိတဲ့ ပုဂ္ဂိုလ်ကျတော့ တရား ပို့တဲ့နေရာ မရွေးတတ်တော့ ဖြစ်သမျှအကြောင်း အကောင်း ချည့်လို့ ပြောမှာပဲ။ ဖြစ်သမျှအကြောင်း အကောင်းချည့် ဆိုတာ ကံစီမံသလိုခံမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ သစ္စာသိတဲ့ပုဂ္ဂိုလ် ကျ ကံစီမံသလိုမခံဘူး၊ ဉာဏ်စီမံသလိုခံလိုက်မယ်။ ဝိပဿနာ ဆိုတာ ဉာဏ်လမ်း၊ ဉာဏ်ကမှဖြစ်ပျက်မြင်တာ။ ဒီတော့ ဉာဏ် စီမံရာ သွားပါ။ ကံစီမံတာက ၃၁-ဘုံ၊ ဉာဏ်စီမံတာက ၃၁- ဘုံ အပြင်ဘက်မှ နိဗ္ဗာန်၊ ရှင်းပြီလား။

ဉာဏ်စီမံသလိုသွားမယ်ဆိုတော့ ဉာဏ်ကလဲ တခါခွဲရဦး မယ်။ ဉာဏ်ကလဲ "ကမ္မဿကတာဉာဏ်ကတမျိုး၊ နာမရူပ ပရိ- စ္ဆေဒဉာဏ်ကတမျိုး၊ ပစ္စယပရိဂ္ဂဟဉာဏ်က တမျိုး၊ ဝိပဿနာ ဉာဏ်က တမျိုး၊မဂ်ဉာဏ်ကတမျိုး"လို့ ၅-မျိုးရှိပြန်တယ်။

(၁) **ကမ္မဿကတာဉာဏ်**။ ။"ကောင်း တာ လုပ် ကောင်းကျိုး ပေးတယ်" ဆိုတဲ့ ဒီ ဉာဏ်ကလေးလောက်လဲ အားကိုးလို့မဖြစ်သေးဘူး။ ဒီဉာဏ်က သုဂတိတော့ပို့လိုက် တာပဲ၊ ပို့ပေမယ့် ဒိဋ္ဌိတန်းလန်းပါသွားတယ်။ ငါလုပ်လို့ငါရ

တယ် ဆိုတော့ ဒိဋ္ဌိကပါသွားတယ်။ ဒီတော့ ဒိဋ္ဌိပါသွားတဲ့ ကမ္မဿကတာဉာဏ် ပို့ရာကိုလဲမလိုက်နဲ့၊ ဒီဉာဏ်က ဒိဋ္ဌိတန်းလန်းနဲ့ တက်သွားတော့ ပြန်ကျဦးမှာပဲ။ ဥပမာနဲ့ရှင်းပြမယ်။ အင်မတန်ကြီးတဲ့ ငှက်ကြီးတကောင်ကို အဆိပ်လူးတဲ့ မြှားကလေးနဲ့ ပစ်လိုက်တော့ မြှားတံအဖျားက သေးသေးလေးဆိုတော့ အဆိပ်ကပြုံးကနဲ ချက်ချင်းမပြန့်ဘူး။ မပြန့်သေးတော့ ငှက်ကြီးဟာ ပျံတက်သွားတယ်။ ဒါပေမယ့် အဆိပ်မပြန့်ခင်သာ ပျံနိုင်တာ၊ အဆိပ်ပြန့်တော့ မပျံနိုင်တော့ဘူး။ ဗုံးကနဲပြန်ကျတယ်။ အဲဒီလိုပဲ ကမ္မဿကတာဉာဏ်ဟာ ဒိဋ္ဌိ=အဆိပ် မပြန့်ခင်သာ တက်တယ်။ ဒိဋ္ဌိ-အဆိပ် ပြန့်တဲ့အခါကြတော့ ဗုံးဆိုထိုးကျတာပဲ။ ကုသိုလ်မကုန်ခင်သာ အထက်တက်တာ။ ဒိဋ္ဌိအဆိပ် ပြန့်တာနဲ့တပြိုင်နက် တချက်ထဲကျတာပဲ။ ကမ္မဿကတာဉာဏ်ဟာ ဒိဋ္ဌိကို မဖြတ်နိုင်ဘူး။ ဒိဋ္ဌိအဆိပ်ပြန့်လာယင် အပါယ်၄ ပါးပြန်ကျတာပဲ။ ဒီတော့…ဒီဉာဏ်ဟာ အားမကိုးလောက်သေးဘူး။

(၂) နာမရူပပရိစ္ဆေဒဉာဏ်။ ပေါ်ဖြင့် ဘယ်ဉာဏ်အားကိုးရမလဲလို့ မေးတော့၊ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာရှိတယ်။ ဒုတိယဉာဏ်တက်လာတယ်။ နာမ်နဲ့ရုပ် ခွဲခြားသိတဲ့ ဒီဉာဏ်ကိုအားကိုးပါ။ ဒီဉာဏ်ကိုအားကိုးလိုက်တော့ "ဩြော်…သွားချင်တာက နာမ်၊ သွားတာက ရုပ်၊ စားချင်တာက နာမ်၊ စားတာက ရုပ်" ဆိုတော့ နာမ်ရုပ်ကွဲတဲ့ဉာဏ်ကလေးကို ရတယ်။ ဒီဉာဏ်ဟာ ခုနက "ကမ္မဿကတာ" ဉာဏ်ထက်တော့

သာတယ် ။သာပေမယ့်လဲ ဒါကို တကယ်အားကိုးလောက်ပြီလို့ မယူနဲ့ဦး။ ဘာပြုလို့တုံးဆိုတော့ သူက တဘဝသာ "စူဠသောတာပန်"ဖြစ်တယ်။ တဘဝသာ အပါယ်လွတ်တယ်။ နောက်ဘဝတွေမလွတ်သေးတော့ ဒီဉာဏ်လောက်နဲ့လဲ အားမကိုးနဲ့ဦး။ တဘဝသုဂတိသွားပြီး တဘဝ အပါယ်လွတ်တာကလေးနဲ့ မကြေနပ်နဲ့ဦး၊ နောက်ဘဝတွေ စိတ်မချရသေးဘူး။

(၃) **ပစ္စယပရိဂ္ဂဟဉာဏ်**။ ။ဒါဖြင့်ဘယ်ဉာဏ်ကိုအားကိုးရမလဲ၊ "ပစ္စယပရိဂ္ဂဟဉာဏ်"ဆိုတာရှိတယ်။ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်သိတဲ့ဉာဏ်ပဲ။ အဲဒီဉာဏ်က "အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်တယ်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။ ဩော်....သံသရာကြီးထဲမှာ ဒီလိုလူ့အကြောင်းနဲ့ သူ့အကျိုးနဲ့ ဖြစ်ပျက်နေတာပဲ။ ပုဂ္ဂိုလ်သတ္တဝါဆိုတာမရှိဘူး။ အကြောင်းအကျိုးဆက်ဖြစ်နေတဲ့ ဓမ္မတွေသာ ရှိတယ်"လို့ သိတယ်။ ဒီဉာဏ်ကလဲ "စူဠသောတာပန်" အဆင့်ထဲမှာပဲရှိသေးတယ်။ ဒါကြောင့် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် နားလည်ရုံနဲ့လဲ သေပျော်ပြီလို့ မယူလိုက်နဲ့ဦး။ တဘဝအပါယ်လွတ်တာပဲ ရှိသေးတယ်။

(၄) **ဝိပဿနာဉာဏ်**။ ။ဒါဖြင့်ဘယ်ဉာဏ်အားကိုးရမလဲ၊ "ဝိပဿနာဉာဏ်" ဆိုတာရှိတယ်။ ဒီဉာဏ်က လက္ခဏာရေး ၃-ပါးသိတဲ့ဉာဏ်ပဲ။ ဒီဉာဏ်လောက်နဲ့လဲ မတင်းတိမ်နဲ့ဦး၊ ဘာပြုလို့၊ သူကသုဂတိဘဝတွေ လှည့်ဖြစ်ဦးမှာ ဆိုတော့

"ဇာတိ ဇရာ ဗျာဓိ မရဏ"ဆိုတဲ့ ဒုက္ခတွေနဲ့ တွေ့ရဦးမယ်။ သစ္စာသိတဲ့ပုဂ္ဂိုလ်အဖို့ တကယ်အကောင်းအစစ်ကြီး မဟုတ်သေးဘူး။

(၅) **မဂ်ဉာဏ်**။ ။ဒါဖြင့်ဝိပဿနာဉာဏ်ကနေ မဂ်ဉာဏ် ၄-ပါး ရအောင်လုပ်လိုက်။ မဂ်ဉာဏ် ၄-ပါးဟာ ဆိုင်ရာကိလေသာကိုဖြတ်ပြီး ဆိုင်ရာဒုက္ခကို ချုပ်ငြိမ်းစေတယ်။ ဒုက္ခ ၄-ဆင့် ၄-ခါ ချုပ်အောင်လုပ်လိုက်၊ ဒုက္ခတဆင့်ချုပ်ငြိမ်းတာနဲ့ မကြေနပ်နဲ့ဦး။ ၂-ခါချုပ်နဲ့လဲ မကြေနပ်နဲ့ဦး။ ၃-ခါချုပ်နဲ့လဲ မကြေနပ်နဲ့ဦး။ ၄-ခါချုပ်အောင်လုပ်လိုက်၊ ၄-ခါချုပ်တော့ ဓိဘဝ သေပြီးတဲ့နောက်၊ မအို၊ မသေ၊ အမြဲနေတဲ့ နိဗ္ဗာန်ရောက်တော့ ပဋိသန္ဓေလဲ မနေတော့ဘူး။ ပဋိသန္ဓေမနေလို့ ခန္ဓာ ၅-ပါးမရှိလေတော့ အိုနာသေ ဒုက္ခတွေ အကုန်လုံး ချုပ်ငြိမ်း သွားတယ်၊ ဒါဖြင့် ဓိဉာဏ်ဟာ အကောင်းဆုံးဉာဏ်ပဲ၊ မဂ်ဉာဏ်ဟာ အကောင်းဆုံးပဲလို့မှတ်။

ဓိတော့ ချုပ်လိုက်ယင် ဓမ္မ (တရား) ၅-မျိုးရှိတယ်။ ဓိဓမ္မ ၅ မျိုးထဲက ဉာဏ်ကနေ ဉာဏ်စဉ်ရွေးထုတ်လိုက်တာ ဓိဉာဏ် ၅-မျိုးရတယ်။ ဓိဉာဏ် ၅-မျိုး ခွဲထုတ်ပြတယ်။ ဝိပဿနာဓမ္မတွေ အားကိုးရမယ်ဆိုငြားသော်လဲ၊ ဒါတွေကို တခါအဆင့်ဆင့် အယုတ်အညံ့ရွေးထုတ်လိုက်တဲ့ အခါကျတော့၊ မဂ်ဉာဏ်ဟာ အကောင်းဆုံးဆိုတာပေါ်လာတယ်။ မဂ်ဉာဏ်မှတပါး အားကိုးစရာ အစစ်မရှိတော့ဘူး။ ဓိတော့ မဂ်ဉာဏ်ရအောင် လုပ်ရလိမ့်မယ်။ မဂ်ဉာဏ်ကမှ ဒုက္ခတွေကို ချုပ်ငြိမ်း

စေတာ။ အဲဒီတော့ ကိုယ်ခန္ဓာကြီးက ဒုက္ခသစ္စာ=ဖြစ်ပျက်။ ဒီဒုက္ခသစ္စာကြီး ချုပ်အောင်ကြိုးစားရမယ်။ဒုက္ခချုပ်သွားယင် တခါတည်းကိစ္စပြီးမယ်။ ဒါကြောင့် ခန္ဓာ (ဒုက္ခ) ဇာတ်သိမ်း ရာရောက်တဲ့မဂ်ဉာဏ် ၄-ခုကိုသာလျှင် အကြီးဆုံး အားကိုး ထိုက်တဲ့ တရားပဲလို့ဆိုပြီး ကြိုးစားပါ။

ဘုန်းကြီးကမသိတာပြောမယ်၊ ခင်ဗျားတို့ကကိုယ်ပိုင်ဉာဏ် နှင့် ကိုယ့်ခန္ဓာ ကြည့်ပါ၊ ဘုန်းကြီးလဲအသက်ကြီးပြီ၊ ခင်ဗျား တို့က ဘုန်းကြီးနဲ့ မှီလိုက်ရုံပဲရှိတော့၊ မြန်မြန်လုပ်လိုက်၊ ရထား **ကထွက်ခါ**နီးနေပြီ မှီရုံကလေးရှိတယ်၊ရထားထွက်လုနီးပြီဆိုတာ ရိပ်မိကြပြီလား (ဤ တရားကား....ဆရာတော်၏ နောက်ဆုံး တရားပေတည်း။ ။)

❀

# " သစ္စာအနက် ၁၆-ချက် "

## ဒုက္ခသစ္စာ၏အနက် ၄-ချက်

ဒုက္ခသာ=ဒုက္ခသစ္စာ၏ (၁) ပီဠနဋ္ဌော=သတ္တဝါကိုညှာတာမဖက် အမြဲနှိပ်စက်တတ်သည့် သဘော လည်းကောင်း၊ (၂) သင်္ခတဋ္ဌော=အဖန်ဖန်ပြုပြင် ထူထောင်တပ်သည့်သဘော (ဝါ) တဏှာ ယောက်ျား လက်သမား၏ ဆိုးဝါးယုတ်မာ ပြုပြင်ရာကို ရံခါမသေ့ အမြဲခံနေသည့် သဘောလည်းကောင်း၊ (၃) သန္တာပဋ္ဌော=သတ္တဝါကို အမြဲတစေပူလောင်စေတတ်သည့် သဘောလည်းကောင်း၊ (၄) ဝိပရိနာမဋ္ဌော=ခန္ဓာငါးပါး၏ အမြဲမပြတ် ဖေါက်ပြန်ပျက်စီးတတ်သည့် သဘောလည်းကောင်း။

## သမုဒယသစ္စာ၏အနက် ၄-ချက်

သမုဒယသာ=သမုဒယသစ္စာ၏ (၁) အာယူဟနဋ္ဌော=ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို စုဆောင်းဆည်းပူးတတ်သည့် သဘောလည်းကောင်း၊ (၂) နိဒါနဋ္ဌော=ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို တရံမစဲ အမြဲပေးအပ် ဆောင်နှင်းတတ်သည့် သဘောလည်းကောင်း၊ (၃) သံယောဂဋ္ဌော=ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနှင့် အမြဲယှဉ်တွဲ ဖွဲ့နှောင်တတ်သည့် သဘော လည်းကောင်း၊ (၄) ပလိဗောဓဋ္ဌော=ဒုက္ခလက်မှ မလွတ်ရအောင် နှောင့်ယှက်တားမြစ်တတ်သည့် သဘောလည်းကောင်း။

## နိရောဓသစ္စာ၏အနက် ၄–ချက်

နိရောဓဿ=နိရောဓသစ္စာ၏၊ (၁) နိဿရဏဋ္ဌော=ဒုက္ခဝဋ်မှ ဝဋ်ရ ၃–ပါးမှ ကျွတ်လွတ်သည့် သဘောလည်းကောင်း၊ (၂) ဝိဝေကဋ္ဌော=ရုပ်နာမ်တို့၏ နှောင့်ယှက်ခြင်း ရှုပ်ယှက်ခတ်ခြင်းမှ ကင်း ဆိတ်ခြင်း သဘော လည်းကောင်း၊ (၃) အသင်္ခတဋ္ဌော=အကြောင်းတရားတို့က မပြုပြင်ရပဲ ပကတိအားဖြင့် ခိုင်ခံ့တည်မြဲသည့် သဘောလည်းကောင်း၊ (၄) အမတဋ္ဌော=မအိုမနာမသေ အမြဲတည်နေသည့် သဘောလည်းကောင်း။

## မဂ္ဂသစ္စာ၏အနက် ၄–ချက်

မဂ္ဂဿ=မဂ္ဂသစ္စာ၏။ (၁) နိယျာနဋ္ဌော=ဝဋ်သုံးပါးမှ ထွက်မြောက်ကြောင်း (ဝါ) ထုတ်ဆောင်တတ်သည့် သဘောလည်းကောင်း၊ (၂ ဟေတွဋ္ဌော=နိဗ္ဗာန်သို့မကွေ့မထောင့် ဖြောင့်ဖြောင့် သွားတတ်သည့် သဘော လည်းကောင်း၊ (၃) ဒဿနဋ္ဌော=အနမတဂ္ဂသံသရာက တခါမှမမြင်ဘူးသည့် နိဗ္ဗာန်ကြီးကို ထင်လင်းစွာ မြင်စွမ်းနိုင်သည့် သဘောလည်းကောင်း၊ (၄) အဓိပတေယျဋ္ဌော=မိမိကိုယ်ကို မိမိအစိုးရသည့်အဖြစ်သို့ ရောက်ခြင်း သဘောလည်းကောင်း။

## အခန်း (၂)

# သစ္စာအနက် ၁၆-ချက်တရားတော်များ

### ၁၅။ ဒုက္ခသစ္စာ၏ပီဠနဋ္ဌအနက်

ဒုက္ခသစ္စာတခုတည်းမှာ အနုဗောဓဉာဏ်နှင့် ပဋိဝေဓဉာဏ် ၂-ပါးရှိတယ်။ ဒုက္ခသစ္စာကို ဒီဉာဏ် ၂-ပါးနှင့် ကြည့်ရမယ်။ **အနုဗောဓဉာဏ်** ဆိုတာ ဆရာသမားဟောတာကို အစဉ်လျောက်ပြီး မှတ်လို့ ကြည့်လို့ ဖြစ်လာတာ။ တရားနာလို့ စာအုပ်ကြည့်လို့ ရလာတဲ့ဉာဏ်ပေါ့။ ပဋိဝေဓဉာဏ် ဆိုတာက ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်းဝေဖန်ပြီး ခန္ဓာထဲမှ မဂ်ဉာဏ်နှင့် သေသေချာချာကြည့်လို့ ဒုက္ခသစ္စာအစစ်ကို တကယ်မြင်တဲ့ ဉာဏ်မျိုးဖြစ်တယ်။ ဒါဖြင့် တရားနာလို့ စာကြည့်လို့ ကိစ္စ မပြီးသေးဘူး၊ ဝိပဿနာပွား ဉာဏ်ပွားတတ်ရုံနှင့် ကိစ္စမပြီး သေးဘူး။ ဒုက္ခသစ္စာကို တကယ်ကို ဒုက္ခသစ္စာလို့ ပိုင်းခြားပြီး သိတဲ့ ပဋိဝေဓဉာဏ်ရောက်မှ ကိစ္စပြီးမယ်လို့မှတ်ပါ။

ခန္ဓာ ၅-ပါး၊ ရုပ်နာမ် ၂-ပါးရှိတယ်။ ဒီခန္ဓာ ၅ ပါး၊ ရုပ်နာမ် ၂-ပါးဟာ ဖြစ်ပျက်မို့ ဒုက္ခသစ္စာပဲလို့ ဆရာသမားက ဟောပြတာကို မှတ်ထားတာက အနုဗောဓဉာဏ်နှင့် သိထား

တာ။ ရုပ်နာမ် ၂—ပါးလုံး ဖြစ်ပျက်မို့ ဒုက္ခသစ္စာ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခမို့ ဒုက္ခသစ္စာလို့သိယင် ဝိပဿနာဉာဏ် ဖြစ်နေပြီ၊ ဖြစ်ပျက်သာသိပြီး ဒုက္ခသစ္စာလို့ တကယ် မသိသေးတော့ ဒါ အနုဗောဓဉာဏ်ပဲ ရှိသေးတယ်။ အဲ.... ဝိပဿနာ ဉာဏ်နှင့် ရှုဖန်များလို့ ဒုက္ခသစ္စာကို ပိဋ္ဌနဋ္ဌေသနှင့်သိလာမှ ပဋိဝေဓ ဉာဏ်ဖြစ်တာ။ ဒုက္ခသစ္စာကို ပိဋ္ဌနဋ္ဌေ=သတ္တဝါကိုညှဉ်းတာ မဖက် အမြဲနှိပ်စက်တတ်တဲ့ သဘောရှိတယ်လို့ တကယ်သိလာမှ ပဋိဝေဓဉာဏ်ဖြစ်တာ။

အခု ရုပ်နာမ်က နှိပ်စက်ပုံကို ပဋိဝေဓဉာဏ်နှင့် သိပုံ ရှင်းပြမယ်။

အပေကယောက်က ရုပ်နှင့်နာမ်ဆိုတဲ့ အမှာပူးကလေး မွေးတယ်။ ရုပ်နှင့်နာမ်က ပဋိသန္ဓေနေကတည်းက အမိဝမ်း ခေါင်းထဲမှာ အတူတူနေခဲ့တာကိုး၊ ဝင်ဗျားတို့ခန္ဓာကိုယ်ဟာ ခန္ဓာ ၅-ပါးပဲရှိတယ်။ ခန္ဓာ ၅-ပါးကို ချုံးလိုက်တော့ ရုပ်နှင့် နာမ်ပဲရှိတယ်၊ ရုပ်မမွှနှင့် နာမ်မမွှပဲရှိတယ်။ နာမ်တရားက ခြေကျိုး လက်ကျိုးနှင့် သည်းခြေပျက်၊ ဝမ်းတွင်းရူးဖြစ်တယ်။ ရုပ်တရားဟာ ခြေလက်တွေ သန်မာပေမယ့် မျက်စိနှစ်ကွင်း ဘလင်းမရတဲ့အပြင် သူငယ်နာဝမ်းပျက်က ပါလာသေးတယ်။ ဒီ ရုပ်နာမ်ဆိုတဲ့ သူတို့ ၂-ဦးက သူတို့ကိန်းရာ သတ္တဝါကို ချစ်ခင်ပြီး ယှဉ်းကျောင်းနေတဲ့သတ္တဝါကို အမြဲနှိပ်စက်တော့ ယယ်။ သူတို့ကို ငါကိုယ် ငါဟာ ငါ့ဥစ္စာလို့ နှစ်သက်ခင်မင် ကြင်နာတဲ့ အမေလုပ်သူကို အမြဲနှိပ်စက်တော့မယ်။

**နာမ်-အကျိုး၊အခွး။** ။နာမ်တရားက ရုပ်မပါပဲ သွားလို ရာကိုမသွားနိုင်တော့ ခြေကျိုးလက်ကျိုးပေါ့၊ ကျိုးရတဲ့အထဲ သည်းခြေပျက်ရောဂါက ပါလာသေးတယ်။ သည်းခြေပျက် ဆိုတာရူးတာ။ ဝမ်းတွင်းရူးကိုခေါ်တယ်။ သူက ရုပ်နာမ် အနိစ္စတွေကိုပဲ ယောကျ်ားမိန်းမထင်လိုထင်၊သားရယ်သမီးရယ် မြေးရယ် ထင်လိုထင်၊ ဒီလိုထင်နေတော့ သူထင်တဲ့အတိုင်း လိုက်လုပ်ရတာ။ သူ့ထိန်းကျောင်းရတာမလွယ်ဘူး၊ သူ့အလို လိုက်ရတာ အားကိုမအားနိုင်ဘူး။ သူကခြေလက်ကလဲကျိုး၊ အရူးထတာကလဲခဏခဏ။ သူအရူးထတာနဲ့ သားပူ သမီးပူ ဆွေပူ မျိုးပူတွေနဲ့ မအားနိုင်ကြဘူး။ ပြီးတော့ သူက ခြေကျိုးလက်ကျိုးနဲ့ ဟိုဟိုဒီဒီမသွားနိုင်တော့ အမေကပိုချစ် သကိုဗျ။ ပိုချစ်တော့ သက္ကာယဒိဋ္ဌိက သူ့အပေါ်မှာပိုစွဲတယ်။ သူက သည်းခြေရူး ဝမ်းတွင်းရူး (ဝိပ္ပလ္လာသ) ဆိုတော့ အချို ပေးလဲ ခါးတယ်ပြောချင်ပြော၊ အချဉ်ကျွေးလဲ ဖန်တယ် ပြောချင်ပြော၊ သူက ကိန်းရာအမေပေးတာနဲ့ တော်ပြီတန်ပြီ လို့ မလာဘူး။ ခြေကျိုးလက်ကျိုး ဘယ်မှမသွားနိုင်တော့ သူ့ပြုစုနေရတာနဲ့ အားကိုမအားနိုင်ဘူး။

သူကဝမ်းတွင်းရူးဆိုတော့ မျက်လုံးပေါက် တခုတည်းက တော်ပြီ တန်ပြီလို့ကိုမရှိဘူး။ နားပေါက် တခုတည်းက တော်ပြီ တန်ပြီလို့ကိုမရှိဘူး။ ရေဒီယို အမြဲဖွင့်ပေးရတယ်။ ဒါ နားပေါက်ကို အခွန်ဆက်နေရတာတွေ၊ အချိုကျွေးလဲ ဝမ်းတွင်းရူးက ချိုလွန်းတယ်ဆိုပြီး မစားပြန်တော့ အချို

လျှော့ချက်ရ ကျွေးရတာနဲ့ ဝမ်းတွင်းရှူးကို ချစ်တဲ့ပုဂ္ဂိုလ် အားသေးရဲ့လား၊ ဝမ်းတွင်းရှူး နှိပ်စက်တာ အကုန်ခံရတယ် မဟုတ်လား၊ သူက တောင်သွားချင် မြောက်သွားချင်နဲ့ သူသွားချင်ရာကို ပို့နိုင်ရဲ့လား။ သူသွားချင်ရာ လိုက်ပို့ ရတော့လဲ ၎မ်းတယ်ပြောလို့ ကားဝယ်ပေးရတယ်။တခါတလေ ကိစ္စကြီးတယ်ဆိုလို့ လေယာဉ်ပျံနဲ့ သွားရတယ်။ သည်းခြေ ပျက် ဝမ်းတွင်းရှူး ကြိုက်တာလဲ အကုန်ဝယ်ပေးရတယ်။ အစားဘက်က အဝတ်ဘက်က ကြိုက်တာ ဝယ်ပေးရတယ်။ ဝယ်ပေးလို့ကြိုက်ယင်းမတ္တနဲ့ သည်းခြေကထလာလို့ ဟာ........ ဒါကြီးက ခေတ်နောက်ကျသွားပြီ မဝတ်တော့ဘူးလို့ ဆိုချင် ဆိုတာ၊ ကားဝယ်ပေးပြန်လဲ ဒီကားမစီးချင်ဘူး နောက်ဆုံး ပေါ်ကားမှ စီးချင်တယ်တဲ့။ နာမ်တရား သည်းခြေရှူးက ဘယ်လောက်နှိပ်စက်သတုံး။ သူ့ကိုခင်တဲ့မိဘကတော့ နေ့လဲ မအားရ ညလဲမအားရ။ ရှာဟဲ့—ဖွေဟဲ့—လုပ်ဟဲ့—ကိုင်ဟဲ့— ပြုစုဟဲ့နဲ့ အလုပ်နဲ့ လက်နဲ့ကို မပြတ်ရဘူး။ အမောဆို့ပြီးမှ အိပ်ချလိုက်ရတာပဲ။

သူ့ချစ်တဲ့ပုဂ္ဂိုလ်တော့ အောင့်အည်းသည်းခံပြီး လုပ်ပေ တော့။ သူကတော့ ဘယ်တော့မှ အလိုပြည့်တယ် မရှိဘူး။ သူကတော့ အဖိုးကြီး အဖွားကြီးဖြစ်တော့လဲ ချမ်းသာမ ပေးဘူး၊ အဖိုးကြီးခိုင်းအဖွားကြီးနိုင်း ခိုင်းမှာပဲ။ တောင်ဝှေး ထောက်ပြီး နင့်မြေးအိမ် သွားပါလား၊ နင်သွားနိုင်တုန်း သွားရတာဆိုပြီး ခိုင်းတယ်။ သည်းခြေပျက်သားကို မွေးမိတဲ့

အတွက် ခင်ဗျားတို့ခုအထိမအားတာ မိဋ္ဌနဋ္ဌတဲ့။ သူကတော့ ကိန်းရာသတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တတ်တယ်။ သေတဲ့အထိ သူကနှိပ်စက်တယ်။ ဘိုင်းဘိုင်းလဲသေလဲ သူက တော့ အနှိပ်အစက်မလျော့ဘူး။ သေလမ်းလဲ သူကပို့မှာပဲ။ မိုးရွာထဲသွားကွ။ မိုးရွာတာများ အရေးလုပ်မနေနဲ့။ နေပူလဲ ခိုင်းတာပဲ။ သူခိုးဒမြတွေ ထူတဲ့နေရာလဲ သွားခိုင်း၊ မြစ်ထဲ ပင်လယ်ထဲ လှိုင်းတွေ ဝဲတွေရှိလဲ ခိုင်းတာပဲ။

ခင်ဗျားတို့ဟာ ဒီရုပ်နာမ်ကို မွေးထုတ်တဲ့အမေအဖေတွေပဲ၊ နာမ်ရုပ် ခင်တဲ့လူတော့ ဒီသည်းခြေရူးအကျိုး နှိပ်စက်သမျှကို ခံကြပေတော့။ နာမ်ဓမ္မအရူးကတော့ အချိန်ရှိသရွေ့ခိုင်းနေ တာပဲ။ သူကရေတိုက်ပါဦး၊ နို့တိုက်ပါဦး၊ ရေတိုက်တော့လဲ ရေနွေးကြီးမတိုက်ပါနဲ့ ရေကြည်မှတိုက်ပါတဲ့။တခါတလေ ရေထဲအဖတ်ပါထည့်ယူခဲ့၊ ဖါလူဒါတို့ပေါ့၊ ရေချည်းမသောက် ချင်ဘူး၊ အဖတ်ပါမှတဲ့၊ သည်းခြေရူးက တောင်းတာ။ အဲဒီ တော့အားသေးရဲ့လား၊ ဥတုသုံးလီအလိုက် သူ့ကိုအခွန်ဆက် ပေးရတယ်။ နွေအခွန်ဆက်ရ၊ မိုးအခွန်ဆက်ရ၊ ဆောင်းအခွန် ဆက်ရနဲ့ လမ်းသွားယင်းများ ဇီဇာကြောင်လိုက်တာလဲမပြော ပါနဲ့၊ ရေတိုက်ပြန်တော့လဲ အို....ဒီမြေခွက်ကြီးနဲ့မသောက် ချင်ဘူး၊ ဖန်ခွက်နဲ့မှ သောက်ချင်တယ်ပြောသေး၊ အိမ်မှာလဲ သုံးနေကျပန်းကန်တွေတောင် ဟိုပန်းကန်နဲ့မှ၊သည်ပန်းကန်နဲ့မှ တဲ့၊ ရှုပ်နေတာပဲ။ သုံးနေကျပန်းကန်တွေ အဝတ်တွေတောင် သည်းခြေရူးထလာတော့ဒါကြီးကခေတ်နောက်ကျနေပြီခေတ်

ဆန်ဆန်မှဝတ်ချင်တာဆိုတော့ အိမ်မှာအဝတ်တွေတပုံကြီးရှိနေတဲ့အထဲကအသစ်ချပ်ချွတ်ဝယ်ပေးတယ်။ မိန်းမတွေပိုဆိုးသေး။ သည်းခြေရှး အလိုကို အလိုက်ဆုံးပဲ။ အဝတ်အထည်တွေဘယ်လောက်များများ သူ့လောဘကမလုံလောက်၊ အရင်ဟာမကြိုက်ဘူး နောက်ဟာဝယ်ပေးဦးလို့ သည်းခြေရှးကတောင်းတိုင်း ဝယ်ပေးရတာပဲ။ ဘယ်လောက်ဝယ်ပေးပေးသည်းခြေရှးက တော်ပြီတန်ပြီလို့ မလာဘူး။

ဒီလို ပိဋ္ဌနဋ္ဌော=အမြဲနှိပ်စက်တာကိုသိယင်၊ ပိဋ္ဌနဋ္ဌတလုံးသဘောကျယင် ခင်ဗျားတို့ကိစ္စ ပြီးပါတယ်။ ပိဋ္ဌနဋ္ဌ = နှိပ်စက်တာကို အလိုအတိုင်းလိုက်ပြီး အလိုက်ပြုစုနေယင်တော့ မပြီးဘူး။ ခင်ဗျားတို့က သည်းခြေရှးအကြိုက်တိုင်း ခိုင်းသလောက် အကုန်လုပ်ပေးနိုင်တယ်ဆိုတော့၊ ကျွန်ပီသလို့ပဲ။ မွေးတဲ့သားကလေးက အကျိုးကလေး အရှုးကလေးဆိုတော့ ခင်ဗျားတို့က ပိုချစ်ပေါ့ဗျာ။ သူ့ကို ထိန်းရကျောင်းရတာနေ့ရောညပါ အားတယ်လို့မရှိဘူး။ အလုပ်တွေဟူသမျှ သည်းခြေ ရှးကြောင့် လုပ်နေရတာချည်းမှတ်။ စာရေးကြီးပဲလုပ်လုပ်၊ တရားသူကြီးပဲလုပ်လုပ်၊ ဘာပဲလုပ်လုပ်၊ လုပ်ရတာဟူသရွေ့ သည်းခြေရှးကြောင့် လုပ်ရတာချည်းပဲ။ ခင်ဗျားတို့သည်းခြေရှး အလို ဖြည့်နေရတာဟာ သူနှိပ်စက်တာကို မသိလို့ပဲ။ မသိလို့ သားဝတ် သမီးဝတ် လင့်ဝတ် မယားဝတ်တွေ ပြုနိုင်ကြတာပေါ့။ တချို့များ မပြုစုရမှာစိုးလို့တောင် 'သူများသားသမီးတွေကို လိုက်ရှာပြီး မွေးစား ချင်ကြသေးတယ်။ ဒါကြောင့် ပုဏ္ဍဥဆိုတာ အရှးလို့ပြောတာ။

မွေးတဲ့အမေကလည်း၊ သားကျိုး သားရှုးဆိုတော့ မစွန့်နိုင်ဘူး၊ မစွန့်ရက်ဘူးပေါ့ဗျာ။ မစွန့်ရက်တဲ့အပြင် ပိုတောင်ချစ်လိုက်သေး၊ အချစ်ဆုံးလေးပေါ့ဗျာ။ ဒီတော့ ဒုက္ခသစ္စာကိုပင်လျှင် သမုဒယသစ္စာက အမြဲချစ်နေတော့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာဟာ ဘယ်မှာပေါ်နိုင်ပါမလဲ။ သူက အမြဲမပြတ် ဒုက္ခပေးနေပေမယ့် သမုဒယရဲ့အပြစ်မမြင်တဲ့အမြင် ပိုရှုပင်ချစ်ခင်နေတော့၊ ပီဠနဋ္ဌ=အမြဲနှိပ်စက်နေတဲ့ ဒုက္ခသစ္စာကွယ်နေပြီပေါ့။ ဒုက္ခသစ္စာ၏ ပီဠနဋ္ဌ သဘောကိုသိမှ ဒုက္ခသစ္စာကို ပဋိဝေဓ ဉာဏ်နဲ့ တကယ့်ကိုသိမှ ဝိပ္ပလ္လာသ ဆိုတဲ့ အရှုးကပျောက်မှာ။ ဒီတော့ ဒီသည်းခြေရှုးက မဂ်ရေစင်တိုက်မှပျောက်မယ်၊ မဂ်ရေစင် မတိုက်နိုင်ဝယ်င် မပျောက်ဘူး။ **မဂ်ရေစင်**ဟာ သည်းခြေရှုးပျောက်တဲ့ဆေးပဲ။ မဂ်မှတပါး သည်းခြေရှုး ဝမ်းတွင်းရှုးပျောက်တဲ့ဆေးမရှိဘူး။ မဂ်ကမှ ဝိပ္ပလ္လာသပယ်နိုင်တာ။ ဒီသည်းခြေရှုးကို ဝိပဿနာဉာဏ်တွေကတောင်မပယ်နိုင်ဘူး၊ ဒါကြောင့် ဘုရားက မဂ်မရသေးသမျှ မဂ်မရသေးတဲ့ ပုထုဇဉ်ဟူသမျှ ဥမ္မတ္တက=အရှုးချည်းပဲလို့ ဟောတာ။

**ရုပ်=အကန်း၊ လူနာ**။ ။ရုပ်နာမ်အမှာပူးထဲက နောက်တယောက်က ရုပ်တရားပေါ့။ သူက မျက်စိနှစ်ကွင်းအလင်းမရတဲ့ အကန်း။ ပြီးတော့ သူငယ်နာဝမ်းပျက်ကပါသေး၊ ဒီတော့ ရုပ်တရားဟာ အကန်းလူမမာပေါ့။ ဒီတော့ သူခိုင်းသမျှအလိုကျပြုစုရုံပဲပေါ့။ ဓာတ်ကြီးလေးပါးဟာ ဘယ်တော့မှညီညွတ်တယ် မရှိဘူး။ အမြဲပျက်နေတာပဲ၊ ပထဝီဓာတ်ပျက်တော့ ဝမ်းလျောတာပေါ့။ ပထဝီဓာတ်ခိုင်နေယင် ဝမ်းချုပ်

အခုတော့ အကျိုးနဲ့ အကန်းကိုပဲ ခင်ဗျားတို့ ဆုတောင်း ယူကြတယ်။ ရုပ်နာမ်ဆိုတဲ့ အကျိုးနဲ့ အကန်းပေါင်းမိတော့ သွားချင်တဲ့နေရာသွားမှာပဲ။ တယောက်က အပေါ်ကလမ်းပြ၊ တယောက်က အောက်ကသွား။ ၃၁-ဘုံမှာ အကုန်လျှောက် သွားမှာပဲ။ အရမ်းသွားမှာပဲ။ အရမ်းသွားတော့ အမေဖြစ်သူ က ရုပ်အလိုလိုက်ရ၊ နာမ်အလိုလိုက်ရနဲ့ အပါယ်လေးပါး ဒယ်အိုးထဲဆင်းလိုက်ရတာပဲ။ **ဒီသားဆိုး ၂ ယောက်** နှိပ်စက် တာ မသိတော့ ၃၁-ဘုံအတွင်း အကောင်းအဆိုးမရွေးနဲ့ တော့။ တို့နေရာချည်းပဲသာ မှတ်ပေတော့။ ကျင်ကြီးပုံလည်း တို့နေရာ။ ရေပုပ်ထဲလည်း တို့နေရာ၊ ပိုးလောက်ဖြင့်ရဦးမှာကိုး၊

အိပ်ရာထဲရောက်ယင် ဟိုဟာ စိတ်ကူး ဒီဟာ စိတ်ကူး။ သားကူး သမီးကူး ဆွေကူး မျိုးကူးနဲ့ စုံလို့ပေါ့။ ဒီစိတ်ကူး တွေဟာဘာတုံး၊ သည်းခြေရူးထနေတာ။ မနက်မိုးလင်တော့ ညကအရူးထ ထားတဲ့အတိုင်း နှစ်ယောက်ပေါင်းပြီး ကားနဲ့ ဟိုသွားလိုက် သည်သွားလိုက်နဲ့ ။ခြေလျင်ပြေးလိုက်နဲ့။ ခင်တို့ အမေကတော့ ဘေးကင်းမှကင်းပါ့မလားနဲ့ စိုးရိမ်နေရတာပဲ၊ သည်းခြေရူးကလဲ မဟုတ်တာမှကြိုက်တာ။ စီးပွားရှာမယ်ဆို ဘယ်သွားရသွားရ၊ သေချင်သေပစေ သူကကြိုက်တယ်။ သစ္စာ တရားတွေဟောယင် သူကမကြိုက်ဘူး။ ရုပ်ကလဲ သားဆိုး၊ နာမ်ကလဲသားဆိုး၊ ဒီတော့ သားဆိုးအမေတပေပေပေါ့။ သူတို့က သေသည့်အထိနှိပ်စက်မှာ၊ ဒီတော့ သေသည်အထိ သူ့ဒဏ်ခံပေါ့ ဒုက္ခခံပေါ့။ ဆုတောင်းခဲ့တာကိုး။ ဒီလောက်

မညှာမတာ အမြဲနှိပ်စက်နေသောကြောင့် ရုပ်နာမ်ဓမ္မကဖြင့် ဒုက္ခသစ္စာအစစ်ပါပဲ။

ဝိပဿနာကုသိုလ်က ကျေးဇူးပြုလိုက်တဲ့ မဂ်ကုသိုလ်ကျမှ ရုပ်ရော၊ နာမ်ရော ဒုက္ခသစ္စာတွေဆိုတာ သဘောကျတာ။ ဆရာသမားကောင်းက ဟောတဲ့တရားတွေ မနာရသရွေ့ သည်ရုပ်နာမ်က နှိပ်စက်နေ ဒုက္ခပေးနေတယ်လို့ မထင်ဘူး။ မသိဘူး။ နှိပ်စက်မှန်းမသိလို့ ခင်ဗျားတို့ခင်နေတာ လိုချင်နေတာ၊ သိယင်မခင်တော့ဘူး။ မလိုချင်တော့ဘူး။ **နှိပ်စက်မှန်းသိတာ ကမဂ်ဉာဏ်**။ နှိပ်စက်မှန်းသိလို့မလိုချင်ယင်၊ ယခင်က သူ့ခင်နေတဲ့အမေဖြစ်တဲ့ တဏှာကသေသွားတယ်။ ဒီ **တဏှာအမေသေသွားတဲ့**အခါ၊ သားဆိုး ၂-ယောက်လဲ ပြုစုပေးမယ့် သူမရှိတော့ သူတို့လဲ နောက်ဆုံး သေကြ ရတော့မှာပဲ။ သားဆိုး ၂-ဦးသေတော့ ဒုက္ခချုပ်ငြိမ်း သွားတာပေါ့။ ဒီတော့ ဒုက္ခချုပ်ငြိမ်း ထာဝရအေးငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ ရောက်သွားမှာပဲ။

## ၁၆။ သောတာပန်ဖြစ်ကြောင်း အင်္ဂါနှစ်ပါး

သောတာပန်ဖြစ်ကြောင်း အင်္ဂါနှစ်ပါးရှိပါတယ်။ **သစ္စာတရားနာမှုနှင့် သစ္စာတရားနှလုံးသွင်းမှု**။ သည်နှစ်ပါးစုံလျှင် သောတာပန်ဖြစ်နိုင်တယ်။ သစ္စာတရား နှလုံးသွင်းမှုဆိုတာ ခန္ဓာကိုယ်ကြီး၌ နှလုံးသွင်းမှန်ကန်မှု (ယောနိသောမနသိကာရ) ကိုခေါ်တယ်။ သစ္စာတရားနာမှုပြည့်စုံပြီး၊ သစ္စာတရားကို အမှန်အတိုင်း နှလုံးသွင်းလို့ရှိယင် ဒိဗ္ဗဝကျွတ်တမ်းဝင်နိုင်တယ်။ သစ္စာတရားနာမှုမရှိယင် သစ္စာတရားနှလုံးသွင်းမှုဆိုတာမပေါ်နိုင်ဘူး။ သစ္စာမသိ သစ္စာနှလုံးမသွင်းလို့ရှိယင် ဘာအားထုတ်ထုတ်အပိုပါပဲ။ သောတာပန်မဖြစ်နိုင်ဘူး။ နိဗ္ဗာန်မရောက်နိုင်ပါဘူး။ ဒါကြောင့်- **သစ္စာသိယင် သံသရာဝဋ်တိုတယ်။ သစ္စာမသိယင်သံသရာရှည်တယ်**။ သစ္စာမသိတဲ့သတ္တဝါ ရှေးရှေး သံသရာတလျှောက် ဘုံဘဝတွေ လျှောက်ပြီးလာခဲ့ရာမှာ အဖေသေလို့ငိုရတာနဲ့၊ ကိုယ့်သားကိုယ့်သမီးသေလို့ငိုရတာနဲ့ ကျခဲ့ရတဲ့မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းထဲက ရေထက်ပင် များသေးတယ်လို့ ဘုရားကဟောထားတယ်။

**ပေဋကောပဒေသကျမ်း**။ ။ဘာ့ကြောင့် သစ္စာသိပြီး၊ သစ္စာနှလုံးသွင်းလို့ရှိယင် အရိယာဖြစ်ရသတုန်းဆိုတာကို ပေဋကောပဒေသကျမ်းက ရှင်းပြထားပါတယ်။ ထင်းတုံးအစိုကြီးကိုမီးရှို့ယင် မလောင်ဘူး။ အခြောက်ကို မီးရှို့ယင်လောင်တယ်။ ထို့အတူပဲ သစ္စာတရားနာလို့ရှိယင် ကိလေသာခြောက်တယ်။ သစ္စာတရားနှလုံးသွင်းပြီး ကျင့်ကြံပွားများတဲ့အခါ

နဂိုကခြောက်နေတဲ့ ကိလေသာဟာ ဒီ မဂ်မီးနဲ့ရှို့လိုက်ယင် အကုန်လောင်၊ အကုန်ပြောင်သွားတာပဲ။ ဒါနတရားလုပ်ပြီး နတ်ပြည်ရောက်ချင်ယင်၊ သီလဆောက်တည်ပြီး အသက်ရှည်ချင်ယင်၊ သမထအားထုတ်ပြီး ဗြဟ္မာကြီးဖြစ်ချင်ယင် သက္ကာယဒိဋ္ဌိဝင်ပြီး တဏှာဝင်ပြီး ကိလေသာတွေမခြောက်တော့ဘူး။

ဒါတွေဟာဒုက္ခထဲနစ်မြုပ်စေပြီး ဒုက္ခပေးတဲ့တရားတွေပါလားလို့ နှလုံးသွင်းလို့ရှိယင် ကိလေသာတွေခြောက်ပါတယ်။ ဘုန်းကြီးက ရုပ်နာမ်ဓမ္မတွေဟာ ခဏခဏဖြစ်ပြီး ခဏခဏ ပျက်နေတယ် (ဝိပရိဏာမ လက္ခဏံဒုက္ခသစ္စံ=ဖောက်ပြန်ပျက်ခြင်းလက္ခဏာရှိတဲ့ ဒုက္ခသစ္စာတွေ) လို့ ဖြစ်ပျက်တွေချည်း ဟောနေတော့၊ တရားနာနေတုန်းမှာ ကိလေသာတွေခြောက်နေတာပဲ။ နောက် ဒါတွေကို နှလုံးသွင်းပြီး ကျင့်ကြံပွားများတဲ့အခါကျတော့ ဒုက္ခအစစ် ကိုယ်တိုင်တွေ့မြင်လာတယ်။ လာယင် ကိလေသာတွေ မဂ်မီးနဲ့ ရှို့လိုက်လို့ လောင်သွားပျောက်သွားတဲ့အခါ သောတာပန်တည်တာပဲ။ ဒါကြောင့် သစ္စာတရားနာမှုရယ်၊ သစ္စာတရားနှလုံးသွင်းမှုရယ်၊ ဒီ ၂-ခု ရှိယင် သောတာပန်တည်တယ်လို့ ပေဋကောပဒေသမှာ ရှင်းပြထားပါတယ်။

သစ္စာကိုနှလုံးသွင်းပြီး ခန္ဓာကိုယ်ထဲကြည့်ပါ။ သူကနှိပ်စက်သလား မနှိပ်စက်ဘူးလားဆိုတာကြည့်ပါ။ ကြည့်လို့ နှိပ်စက်တာတွေ ခဏခဏတွေ့မယ်။ ခင်ဗျားတို့ အခု ရောင်းဝယ်ဖောက်ကား ပြေးလွှားလုပ်ကိုင်နေရတာဟာ သည်ခန္ဓာကြီးထဲ

မှာရှိနေတဲ့ တရားတွေရဲ့ ဆူပူမှုကြောင့်လုပ်ရတာပဲ။ **ဝေဒနာ** ကလဲခံစားချင်တယ်။ **သညာ**ကလဲမှတ်သားချင်တတ်။ **သင်္ခါရ** ကလဲစေ့ဆော်ချင်တယ် ပြုပြင်ချင်တယ်။ **ဝိညာဏ်**ကလဲနေရာ တိုင်းသိချင်တယ်။ ဒီတော့ ခင်ဗျားတို့ ရှေင်းဝယ်ဖောက် ကား သွားလာမှုဟာ မရပ်စဲတော့ဘူး၊ မရပ်စဲတော့ သူတို့ ဒဏ်ချက်ကြောင့် ခင်ဗျားတို့ဒုက္ခရောက်နေရတယ်။ သူ့ခင်တဲ့ ပုဂ္ဂိုလ် ဒုက္ခရောက်တာပဲ့။ နာမ်ခန္ဓာ ၄-ပါး သည်းခြေရှူးက အမြဲနှိပ်စက်တော့ သူ့ကိုခင်တဲ့အမေဟာ ဒုက္ခရောက်တာပဲ။

ဒါတွေကို ဉာဏ်နဲ့ကြည့်ပေးပါ။ သွားတော့မယ်ဆိုယင် သူနှိပ်စက်လို့၊ လာတော့မယ်ဆိုယင် သူနှိပ်စက်လို့ဆိုတာကို ဉာဏ်နဲ့ကြည့်ပေတော့။ သူ၏ပင်ကိုယ်သဘောကို တခါထိုးထွင်း ပြီးကြည့်လိုက်ပြန်တော့လဲ ဝိပရိဏာမဒုက္ခသစ္စာကြီးလို့ သူက ခဏခဏပြနေတာပဲ့။ ဒုက္ခသစ္စာဆိုတာ ဘယ်သူ့ကိုမှမညာတာ ပါလား၊ ခဏခဏဖောက်ပြန်ပျက်စီးနေတဲ့ သဘောပါလားလို့ ဝိပဿနာဉာဏ်နဲ့ ခဏခဏကြည့်ပေးပါ။ ကြည့်ပေးတော့ မဂ်၏ ရှေ့ပြေးသမ္မာဒိဋ္ဌိဖြစ်လာမယ်။ ခဏသဘောကို အမှန်အတိုင်း သိလာမယ်။ (ယထာဘူတဉာဏ်ဖြစ်လာမယ်။) ဒီလိုဒုက္ခသစ္စာ ကြီးကို အမှန်အတိုင်း တကယ်သိလာတော့ နှိပ်စက်တဲ့တရား ကြီးကိုဖြင့် မလိုချင်မရချင်တော့ပါဘူးဆိုတာလာမယ်။ ငြီးငွေ့ တဲ့ မုန်းလာတဲ့ ငြီးလာတဲ့ ဉာဏ်လာမယ်။ (နိဗ္ဗိန္ဒဉာဏ်လာ မယ်)နောက် ငြီးငွေ့တဲ့ဉာဏ်လာတဲ့အခါနိကျတော့ ဒီဒုက္ခသစ္စာ တရားကြီး ချုပ်သွားတယ်၊ ရှုယင်းမဂ္ဂနဲ့ ဒုက္ခချုပ်သွားတယ်။ ဒုက္ခချုပ်သွားယင် မဂ်ဉာဏ်အစစ်လာတာပဲ။

ဒုက္ခသစ္စာရှုနေတုန်းက ဝိပဿနာဉာဏ်ပဲ ရှိသေးတယ်။ ဖြစ်ပျက်ပဲမြင်နေတယ်။ ဝိပဿနာဉာဏ်မှာ မဂ္ဂင် ၅ ပါးပဲ ရှိသေးတယ်။ မဂ်အစစ်ဝင်လာတဲ့အခါမှာ မဂ္ဂင် ၈ ပါးဖြစ်လာတယ်။ မဂ္ဂင် ၈ ပါး မဂ်ဉာဏ်အစစ် ဝင်လာတဲ့အချိန်မှာ ဖြစ်ပျက်ဒုက္ခသစ္စာမရှိတော့ဘူး။ ဖြစ်ပျက်ဒုက္ခသစ္စာချုပ်သွားမယ်။ ဒုက္ခချုပ်သွားမှမဂ်ဉာဏ်က ဒုက္ခချုပ်ရာနိဗ္ဗာန်ကို အာရုံပြုတော့တယ်။ ဝိပဿနာဉာဏ်နဲ့ရှုနေတုန်းကတော့ ဖြစ်ပျက်ဒုက္ခသစ္စာကိုသာ အာရုံပြုတယ်။ မဂ်ဉာဏ်ကျတော့ ဒုက္ခချုပ်ရာ နိရောဓသစ္စာ နိဗ္ဗာန်ကိုအာရုံပြုတယ်။

**အနာနှင့်ဒုက္ခ။** ။အနာပေါက်နေတဲ့အခါ အနာပေါက်တာကိုကြည့်နေရတယ်။ အနာပေါက်တုန်း ဆင်းရဲရတယ်။ အနာပျောက်တဲ့အခါ ပျောက်တာအစားထိုးတယ်။ အနာပျောက်သွားတော့ ချမ်းသာခြင်းရတာပဲ။ ထို့အတူပဲ ဖြစ်ပျက်ဟာဒုက္ခသစ္စာ။ ဒါကိုဝိပဿနာဉာဏ် အရိယာမျက်လုံးနဲ့ တပ်ကြည့်နေတော့ ဖြစ်ပျက်ဒုက္ခသစ္စာပဲမြင်နေရတယ်။မဂ်အစစ်ဝင်လာတဲ့အခါ ရှုယင်းမတ္တနဲ့ ဖြစ်ပျက် (ဒုက္ခသစ္စာ) ကို မလိုချင်တော့ယင် ဒီဖြစ်ပျက်ဒုက္ခသစ္စာကြီးဟာ ချုပ်သွားတယ်။ ဖြစ်ပျက်ဒုက္ခသစ္စာကြီးချုပ်သွားတော့ ချမ်းသာတာအစားထိုးလာတယ်။ ဒုက္ခနေရာ သုခအစားထိုးတော့ နိဗ္ဗာန်မြင်တာပဲ။ ဒီတော့ ဖြစ်ပျက်=ဒုက္ခသစ္စာချုပ်အောင်သာရှု။ ဒုက္ခသစ္စာချုပ်သွားယင်နိဗ္ဗာန်ကိုမြင်လာလိမ့်မယ်။ဖြစ်ပျက်ရှုတဲ့ဝိပဿနာဉာဏ်သည်ဖြစ်ပျက်ဒုက္ခသစ္စာကိုပဲအာရုံပြုတယ်။ မဂ်စစ်ဝင်လာတဲ့အခါကျတော့ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို အာရုံပြုလာလိမ့်မယ်။

ဒုက္ခသစ္စာသင်္ခါရတရားဟာ ဖြစ်ပျက်ချည်ပဲ။ ဖြစ်ပျက်တွေ ရှုတော့ သင်္ခါရေဝိပဿတိ ဖြစ်ပြီ။ (သင်္ခါရေဝိပဿတိ= သင်္ခါရတရားတွေကိုရှုမြင်ခြင်း)။ ဒီတော့ ရှေ့ပိုင်းကဝိပဿနာ ဉာဏ်ဖြစ်တယ်၊ ဝိပဿနာဉာဏ် ရင့်လာတဲ့ အခါကျတော့ ဒီ ဖြစ်ပျက် ဒုက္ခသစ္စာကြီးကို မလိုချင်တော့တဲ့ နိဗ္ဗိန္ဒာဉာဏ် (ငြီးငွေ့တဲ့ဉာဏ်)ရပြီ။ ဒီတွင်သင်္ခါရုပေက္ခာဉာဏ် (သင်္ခါရ တွေကို လျစ်လျူရှုတဲ့ဉာဏ်)က တခါတည်းလျစ်လျူရှုပြီး နောက်မလိုချင်တဲ့ အစဉ်တွေဖြစ်လာတယ်။ ဖြစ်လာသည်နှင့် တပြိုင်နက် မလိုချင်တဲ့သဘော ပေါ်လာတယ်၊ ပေါ်လာ တော့ ဒီဖြစ်ပျက်တွေချုပ်သွားတယ်။၊ ဖြစ်ပျက်ချုပ်သည်နှင့် တပြိုင်နက်၊ ဖြစ်ပျက် (ဒုက္ခသစ္စာ) မရှိတဲ့ နိရောဓ (နိဗ္ဗာန်) အစားထိုးလာတာပဲ။ ဖြစ်ပျက်ဒုက္ခသစ္စာက ဝိပဿနာစိတ်၏ အာရုံဖြစ်ပြီး၊ နိဗ္ဗာန်ကမဂ်စိတ်၏အာရုံဖြစ်လာတယ်။ ဒီခြား နားချက်ကို မှတ်ထားပါ (သင်္ခါရေဝိပဿတိ) နိဗ္ဗာနံမဂ္ဂဿ နိဗ္ဗာနံဖလဿ-သင်္ခါရတရားတွေကို ဝိပဿနာရှု၍၊ သင်္ခါရ ချုပ်သွားတော့ သင်္ခါရချုပ်ရာနိဗ္ဗာန်ဟာ မဂ်ဖိုလ်၏အာရုံ ဖြစ်လာတယ်။)

**ဉာဏ်၃-ဆင့်**။ ။ထို့ကြောင့် (၁ ဖြစ်ပျက်မြင်အောင် ကြည့်ပါ။ (၂) ဖြစ်ပျက်မုန်းအောင်ကြည့်ပါ။ (၃) ဖြစ်ပျက် ဆုံးအောင်ကြည့်ပါ။ ဒီ ၃-ချက်မှတ်။ (၁) ဖြစ်ပျက်မြင် အောင်ကြည့်တာက **ယထာဘူတဉာဏ်** (၂) ဖြစ်ပျက်မုန်း အောင် ကြည့်တာက **နိဗ္ဗိန္ဒာဉာဏ်** (၃) ဖြစ်ပျက်ဆုံးအောင် လုပ်ပြီး အဆုံးမြင်တာက **မဂ်ဉာဏ်**၊အလုပ်စဉ်မှာ ဉာဏ် ၃-မျိုး

နဲ့ တက်လို့ရှိယင် ကိုးပြီးပါတယ်။ မဂ်ပြီးဖိုလ်ဆိုတော့ မဂ်ဉာဏ်နဲ့ ဖိုလ်ဉာဏ်ဟာ ဆက်တိုက်ဖြစ်၍ တွဲလျက်ပါပဲ။ ဘုရားရှင်သည် ဒီအတိုင်းပဲ ဉာဏ်စဉ်တက်သွားတယ်။

ဧဝ မေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ-ရှေးဦးစွာ ယထာဘူတဉာဏ်နဲ့ ရှုရမယ်။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော (ဝေဒနာရှုယင်) ဝေဒနာယ နိဗ္ဗိန္ဒတိ- နောက် တခါတည်း နိဗ္ဗိန္ဒဉာဏ်သို့ တိုးတက်သွားတယ်၊ (အနတ္တလက္ခဏသုတ်ကို ကြည့်ပါ၊ ဒီအတိုင်းပါပဲ) ဒုတိယဉာဏ်က နိဗ္ဗိန္ဒဉာဏ်။ ဒီတော့ ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ် ၂ ခု စလုံးဟာ ဝိပဿနာဉာဏ်ချည်းပဲ။ ဖြစ်ပျက်သင်္ခတ တရားကို အာရုံပြုတာချည်းပဲ။ နိဗ္ဗိန္ဒဉာဏ်ပြီးတော့၊ နိဗ္ဗိန္ဒံဝိရဇ္ဇတိ-ငြီးငွေ့ပြီးသည်ရှိသော် တပ်နှစ်သက်ခြင်းကင်း၏(ဝါ)မဂ်ဖြစ်ပေါ်၏။ တပ်နှစ်သက်ကင်းတဲ့ မဂ်ပေါ်ရမယ်။ ဒီတော့ ဖြစ်ပျက်အာရုံဟာ မလိုချင်လို့ချုပ်သွားတယ်မှတ်၊ သည်နိဗ္ဗိန္ဒ ငြီးငွေ့လာကတည်းက ဒီဖြစ်ပျက်မလိုချင်တော့ဘူးဆိုတော့ ဒီဖြစ်ပျက်ဟာ ချုပ်သွားတာပဲ။ သည်ဖြစ်ပျက်ချုပ်တဲ့နေရာမှာ နိဗ္ဗာန်အစား ထိုးလာတယ်။

သစ္စာတရားနာတဲ့ဉာဏ်အတိုင်း ပွားများနေတော့ ဒီကြား (ဝေဒနာနှင့် တဏှာကြား)၊ ထဲမှာရှိတဲ့ ကိလေသာတွေဟာ ခြောက်နေတယ်။ နောက် ကိလေသာကြောင့် ဖြစ်တဲ့ဒုက္ခကို မလိုချင်တော့ဘူး။ ဒီတော့ လိုချင်တဲ့တဏှာမနေနိုင်၊ မလိုချင်တဲ့ မဂ်က သတ်ပစ်လိုက်တယ်။ မဂ်က ဒုက္ခ၏အကြောင်းဖြစ်တဲ့

တဏှာကို သတ်ပစ်လိုက်တော့ သည်ကဖြစ်ပျက် ဒုက္ခသစ္စာ အကျိုးဟာလည်း ချုပ်ရမယ်။ ချုပ်သွားတော့ မဂ်ဉာဏ်ဟာ နိဗ္ဗာန်ကိုပဲ အာရုံပြုတော့တယ်။

ဒီတော့ အလုပ်စဉ်မှာ ရှေးဦးစွာ ယထာဘူတဉာဏ် ရအောင်သာလုပ်ပါ။ **ယထာဘူတဉာဏ်** ဆိုတာ ခန္ဓာကိုယ်ထဲမှာ **ဝေဒနာ** ရှိတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာဖြစ်ပျက်ကိုမြင်ရမယ်။ ရုပ်ရှိတဲ့ပုဂ္ဂိုလ်ဟာ ရုပ်ဖြစ်ပျက်ကိုမြင်ရမယ်။ **စိတ်**ရှိတဲ့ပုဂ္ဂိုလ်ဟာ စိတ်ဖြစ်ပျက်ကိုမြင်ရမယ်။ သတိပဋ္ဌာန် ၄ ပါးထဲက တပါးပါး၏ ဖြစ်ပျက်ကိုမြင်ယင် ပြီးတာပဲ။ ဒါဟာ ယထာဘူတဉာဏ် ဖြစ်တာပဲ။ သတိပဋ္ဌာန် ၄-ပါးထဲက တပါးပါးကို အားထုတ်လို့ တပါးပါးကို မုန်းလာလို့ရှိယင် **နိဗ္ဗိန္ဒဉာဏ်** ဖြစ်တာပဲ။ တပါးပါးဆုံးလို့ရှိယင် **မဂ်ဉာဏ်** ဖြစ်ရမယ်။တပါးပါး ဆုံးတော့ ရုပ်နဲ့နာမ်ဆိုတာ အချင်းချင်းမှီပြီး နေတာဖြစ်တော့ ရုပ်ကိုမုန်းလိုက်လို့ မလိုချင်တော့ဘူးဆိုယင် အတူတကွဖြစ်တဲ့ နာမ်ကို မလိုချင်တော့ဘူး။ ဒီတော့ သတိပဋ္ဌာန် ၄-ပါးထဲက တပါးပါးကို ကြိုးစားလို့ရှိယင် ၄ ပါးစလုံးပါတယ်ဆိုတော့ ရုပ်နာမ် ၂-ပါးမှာနာမ်ကိုမလိုချင်ယင် ရုပ်ကိုပါမလိုချင်တာ ပါသွားတာပဲ။ ဒီတော့ သတိပဋ္ဌာန် ၄-ပါးထဲက တပါးပါးအားထုတ်ယင် ကျန် ၃ ပါး ပါသွားတာပဲ။

**ဝေဒနာနုပဿနာ**။ ။အားထုတ်နည်း ကတော့၊ ဥပမာ ဝေဒနာရှိတဲ့ပုဂ္ဂိုလ်ဟာ ရှေးဦးစွာဝေဒနာကို ဖြစ်ပျက်မြင်အောင် ကြည့်ရမယ် (ရှုရမယ်) နောက် ဝေဒနာဖြစ်ပျက်

အပေါ်မှာ မုန်းရမယ်။ တရားသဘောနဲ့ အလိုလိုမုန်းလာရမယ်။ နောက်တော့ ဒီဝေဒနာက္ခန္ဓာကြီးဟာ တို့ကိုသတ်နေတာပဲ ဆိုပြီး ဒီဝေဒနာကြီးကို မလိုချင်တဲ့ဉာဏ်ပေါ်အောင်ရှု။ ရှုယင်းရှုယင်းနဲ့ ဒီဝေဒနာကြီးဟာ ချုပ်သွားမယ်။ (ဝေဒနာနံ့ ခယော ဘိက္ခု-အနိစ္စတော ပရိနိဗ္ဗုတော) တဲ့။ ဝေဒနာကုန်အောင် ရှုနိုင်တဲ့ပုဂ္ဂိုလ်ဟာ တဏှာမရှိသည်ဖြစ်၍ ကိလေသာချုပ်ငြိမ်းသွား၏လို့ ဘုရားဟောထားတယ်။ ဝေဒနာချုပ်အောင် ရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာမရှိတဲ့အတွက် ချုပ်သွားတဲ့အတွက် တဏှာချုပ်သွားရတယ်။ ဝေဒနာဟာ ရှုယင်းမတွေ့နဲ့ ချုပ်သွားပြီး မလိုချင်တော့ဘူးပေါ့။ ဒီတော့ **ဝေဒနာချုပ်သွားယင် တဏှာချုပ်တယ်**။ တဏှာချုပ်ယင် ဉပါဒါန်ချုပ်၊ ဉပါဒါန်ချုပ်တော့ ကမ္မဘဝချုပ်။ ကမ္မဘဝချုပ်တော့ ဇာတိချုပ်။ ဒီဝေဒနာအစ ဇာတိအဆုံးရှိတဲ့ ဒုက္ခအစုတွေဟာ ချုပ်သွားတော့ နိရောဓချည်းဖြစ်တယ်။ နိရောဓဆိုတော့ ဒါနိဗ္ဗာန်ပေါ်လာတာပဲ။

ဒီတော့ ပေဋကောပဒေသကျမ်းလာအတိုင်း ရှေးဦးစွာ ကိလေသာခြောက်ဖို့ အရေးကြီးတယ်။ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တွေကို တောင့်တယင် တောင်းယင် ကိလေသာတွေ တိုးပွားနေမယ်၊ ခြောက်မှာမဟုတ်ဘူး။ ဒါကြောင့် သစ္စာတရားနာပြီး ကိလေသာခြောက်အောင်လုပ်။ နောက်ပွားများတော့ မဂ်မီးနဲ့ ကိလေသာတွေကို ပြောင်အောင်ရှို့နိုင်ယင် နိဗ္ဗာန်ရောက်တော့တာပဲ။

*

## ၁၇။ ဒုက္ခသစ္စာ၏ သခ္ခတဥ္ဌအနက် (၂)

သခ်တဋ္ဌော-တဏှာယောကျ်ား လက်သမား၏ ဆိုးဝါး ယုတ်မာ ပြုပြင်ရာကို ရခါမသေ့ အမြဲခံနေတဲ့သဘော။ ခင်ဗျား တို့၏ ခန္ဓာ ၅-ပါးဟာ တဏှာယောကျ်ား လက်သမား၏ ပြုပြင်ရာကို အမြဲခံနေရတယ်။ အမြဲခံနေရသောကြောင့် ဒုက္ခ သစ္စာ။ အခုရထားတဲ့ ခန္ဓာ ၅ ပါးဟာ ဒုက္ခသစ္စာ၊ ဘာ့ ကြောင့် နှိပ်စက်ခံနေရလို့၊ ဒါဖြင့် လူဆိုတာလဲ ဒီခန္ဓာ၅ ပါးပဲ။ နတ်ဆိုတာလဲ ဒီခန္ဓာ ၅-ပါးပဲ။ ဗြဟ္မာဆိုတာလဲ ဒီခန္ဓာ ၅ ပါးပဲ။

ဒါဖြင့် ခန္ဓာဆုတောင်းတဲ့ ပုဂ္ဂိုလ်များဟာ အနှိပ်စက်ခံရ ဖို့ရာ အနှိက်စက်ခံစရာပစ္စည်းကို တောင်းယူတာပဲ့။ ခန္ဓာ၅-ပါး သည် အနှိပ်စက်ခံရဖို့ ဖြစ်ပေါ်လာတယ်။ ဇာတိမီး၊ ဇရာမီး၊ ဗျာဓိမီး၊ မရဏမီးတွေဟာ ခန္ဓာ ၅-ပါးကို အမြဲလောင်နေ တော့ ခန္ဓာ ၅-ပါးဟာ လောင်စာကြီးပဲ။ ခန္ဓာဟူသမျှ လောင်စာကြီးပဲ။ သူများနှိပ်စက်ခံရဖို့ ဒုက္ခရောက် ရမယ့် သဘောကြီးပဲလို့ ဒီလိုသစ္စာတရားကို နားလည်ရတယ်။ ဒါ သိနားလည်တာနဲ့ ကိလေသာခြောက်တယ်။ နောက်ဉာဏ် ၃-ဆင့်နဲ့ ပွားလိုက်မယ်ဆိုယင် မဂ်ဆိုက်တာပဲ။ ဒါကြောင့် သောတာပန်ဖြစ်ဖို့ရာ သစ္စာတရားနာဖို့ရယ် သစ္စာတရား အတိုင်း နှလုံးသွင်းနေဖို့ရယ် ဒီ ၂-ချက်ပဲ အရေးကြီးတယ်။ ဒီ ၂-ချက်နဲ့ ကိစ္စပြီးပါတယ်။

ခန္ဓာ ၅-ပါးဟာ **တဏှာ** ပြုပြင်သလို ခံနေရတယ်။ ခံနေရတော့ တဏှာက ဘယ်ဘုံသွားလိုက်ဆို သွားသေရတယ်။ သူ (တဏှာ) နဲ့ ဆုတောင်းယူထားတာကိုး။ သူနဲ့ဆုတောင်းယူ ထားတော့ သူစီမံသလို ခံနေရတာပေါ့။ သူက ခြေ ၄-ချောင်းနဲ့ ဖြစ်လိုက်ဆိုယင် ဖြစ်ရ၊ ခြေ ၂-ချောင်းနဲ့ ဖြစ်လိုက်ဆိုယင် ဖြစ်ရ။ ခြေမပါတာဖြစ်လိုက်ဆိုယင် ဖြစ်ရ၊ နကင်းကြီးတွေနဲ့ ဖြစ်လိုက်ဆို ဖြစ်ရ၊ ၃၁-ဘုံမှာဖြင့် တဏှာက ဘုရင်လုပ်ပြီး အုပ်ချုပ်နေတာ စီမံနေတာ။ ဒါကြောင့် အကုသိုလ်စိတ် ၁၂-ပါး၊ တထောင့်ငါးရာ ကိလေသာ များချင်တိုင်းများ၊ ဘုရားက သစ္စာကျတော့ သမုဒယသစ္စာ တဏှာဟာ အဆိုးဆုံးပါကွာဆိုပြီး တဏှာသတ်ယင်တထောင့်ငါးရာတွေ အကုန်သွားတာပဲ။

**တဏှာဆိုးပုံ**။ ။တဏှာက တလောကလုံးကို ဒုက္ခမျိုးစုံ ပေးနေတာပဲ။ မနိုင်ဝန် ထမ်းခိုင်းတာလဲ သူပဲ။ နိုင်တဲ့ဝန် ထမ်းခိုင်းတာလဲသူပဲ။ ကောင်းကောင်းနေရတဲ့ အချိန်လို့ကို မရှိဘူး။ တဏှာဘုရင်အောက်မှာ နေရတဲ့ **ကျွန်သပေါက်သည်** ဘယ်အချိန်မှ စိတ်ချမ်းသာမှုမရဘူး။ ဘယ်အချိန်မှ မအားရဘူး။ နေပူမရှောင် မိုးရွာမရှောင် လုပ်ကိုင်ကြရတာလဲ တဏှာကခိုင်းတာပဲ။ ဒါလုပ်မှရမှာ၊ ဒါကိုင်မှရမှာဆိုတော့၊ တဏှာကို ခင်ဗျားတို့ဖီဆန်ရဲရဲ့လား၊ မဖီဆန်ရဲဘူး။

တဏှာက ၃၁-ဘုံမှာ ပိပြားနေအောင် အုပ်ချုပ်နိုင်တယ်။ ဘယ်လောက်များ အုပ်ချုပ်ရေးပိသတုံးဆို-သူ့ကို ဖီဆန်ရဲ

ကောင်းတယ်လို့တောင် မသိကြဘူး။ လူဖြစ်ယင် လုပ်စားရလိမ့်မယ်သာ သိတယ်။ ဒီအပြင်ဘာမှမသိကြဘူး။ သင်းကြောင့်တို့ဆင်းရဲဒုက္ခရောက်ရတယ်လို့ တဏှာကိုစွဲချက်မတင်ရဲကြဘူး။ သူ့ကိုသတ်လိုက်ယင် တို့ချမ်းချမ်းသာသာနေ့ရရဲ့လို့ သည်လိုကိုမလာဘူး။ တဏှာကိုဦးတင်ပြီး၊ ဟုတ်ပါဘုရား၊ မှန်ပါဘုရားလို့သာ လုပ်နေကြတယ်။ အလုပ်အကိုင်ဟူသမျှကို တဏှာလောဘနဲ့ ကြံစည်ကြတယ်။ လုပ်ကိုင်လို့ရလာတော့ တဏှာလောဘကိုပင် ကျေးဇူးတင်ကြသေးတယ်။ ဒီတော့ ခင်ဗျားတို့တဏှာကိုဦးတင်ပြီး တဏှာပြုပြင်သလို စီမံသလို ခံနေရတယ်ဆိုတာ သေချာတယ်။ ဘုရားက တဏှာကို ရန်သူလုပ်ပြီး၊ သူ့ကိုပယ်ရမယ်ကွလို့ ဟောထားတယ်။ ခင်ဗျားတို့က ဦးတိုက်နေတော့ ဘုရားနဲ့ ကန့်လန့်လုပ်နေကြတာပေါ့။

ဒီခန္ဓာ ၅-ပါးဟာ တဏှာအကြိုက် လိုက်နေရတယ်နော်၊ မယုံယင် ၃၁-ဘုံသားတွေ မေးကြည့်ကြ။ မင်းနတ်ပြည်ရောက်အောင် ဘယ်သူပို့လိုက်တာတုံး တဏှာပို့လိုက်တာ။ ငရဲပို့လိုက်တာလဲ တဏှာပဲ။ မင်းမသွားချင်ပဲနဲ့ တဏှာကပို့လိုက်တာ လိမ်လည်ကောက်ကျစ်ပြီး စားဖြစ်အောင်စားတဲ့ တဏှာကခိုင်းတယ်။ စားဖြစ်အောင်စားဆိုတော့ ဒါအပါယ်သွားခိုင်းတာ၊ တဏှာပို့လိုက်တော့ ၃၁-ဘုံမှာ ပုပ္ပုရွရွ ဖြစ်သမျှသတ္တဝါတွေဟာ တဏှာစီမံသလို ခံနေရတာ။ တဏှာကသွားဆိုသွားလိုက်ရ၊ တဏှာက လာခဲ့ဆိုလာခဲ့ရ။ တဏှာကငြိမ်းထိုးနေလိုက်ဆို ငြိမ်းထိုးနေရတယ်။ ခန္ဓာက ဒီလိုခံနေရတယ်။ သတ္တဝါတွေ ဒီလိုခံနေရတယ်။ ခံနေရတော့ နေ့ခွာ

၅-ပါးဟာ ဒုက္ခရောက်ရတယ်။ ဒီလို တဏှာ၏အနှိပ်အစက်ကို အမြဲခံနေရသောကြောင့် ခန္ဓာ ၅-ပါးကို ဒုက္ခသစ္စာလို့ ခေါ်ရတာ။ဒါကြောင့် ဘယ်ခန္ဓာဆုတောင်းဆုတောင်း၊ဆုတောင်းယင် ကျွန်ဆုတောင်းတာပဲ၊ ဒုက္ခဆုတောင်းတာပဲ။

ခန္ဓာ ၅-ပါးဟာ တဏှာပြုပြင်ရာကို ခံနေရတယ်။ တခါတလေ တဏှာက ဘောလုံး ကန်သလို ကန်တင်လိုက်တော့ နတ်ပြည်ရောက်သွားတယ်။ တခါတလေ တဏှာက နတ်ပြည်က ကန်ချလိုက်တော့ အပါယ်ရောက်သွားတာပဲ။ တခါထဲ တဏှာက ကန်တင်လိုက်တာ နတ်ပြည်မှာ နတ်သမီးတွေ တဖက်ငါးရာနဲ့ပဲတော့လား။ တော်တော်ကြာ တဏှာဒိဋ္ဌိက ဆွဲချလိုက်တော့ တခါထဲ အပါယ်အထိကျသွားတာပဲ။ တဏှာက ကန်တင်တဲ့နေရာမှာ တဏှာသက်သက်နဲ့တော့ မရောက်ဘူးပေါ့။ ကုသိုလ်အပေါ်မှာ တဏှာကအုပ်ချုပ်ပြီး တက်သွားတယ်။ ကုသိုလ်ပေါ်မှာ တဏှာကလွှမ်းမိုးထားတယ်။ ဒီကုသိုလ်မျိုးကို **အာသဝါပုညာဘိသင်္ခါရ**လို့ ခေါ်တယ်။ ခင်ဗျားတို့ပြုထားတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်တွေဟာ အာသဝေါတရား၏ အာရုံတွေဖြစ်နေတယ်။ ပုညာဘိသင်္ခါရ ကုသိုလ်တွေဟာ့ပါရဲ့။ သို့သော် တဏှာရိပ်ကမကင်းသေးဘူး။ မကင်းတော့ ခန္ဓာ ၅-ပါး ပဲပြန်ရမယ်၊ နိဗ္ဗာန်တော့မရဘူးတဲ့။ ဘုရားက တဏှာအုပ်ချုပ်ရေးမကင်းတဲ့ ကုသိုလ်ဟူသရွေ့ဟာ ခန္ဓာ ၅-ပါးပဲ-ပြန်ရမယ်။ ခန္ဓာ ၅-ပါးဟာ ဒုက္ခသစ္စာဆိုတော့၊ ဒုက္ခသစ္စာဒုက္ခကြီးပဲပြန်ရမယ်တဲ့။ ဒါဖြင့် ဒုက္ခသစ္စာကို မရချင်မလိုချင်လို့

ကြောက်ကြလို့ရှိယင် တဏှာမခြံရံစေနဲ့တဲ့။ ပဏ္ဏာသပါဠိတော်မှာ ဟောထားတယ်။

ခင်ဗျားတို့ပြုတဲ့ ကုသိုလ်တွေမှာ လောဘနဲ့ တောင်းတဲ့ ကုသိုလ်တွေလဲပါတယ်။ ဒေါသနဲ့တောင်းတဲ့ ကုသိုလ်တွေလဲ ပါတာပဲ။ သည်သား သည်မယားနဲ့ ဘယ်တော့မှ မခွဲပါရစေနဲ့ ဆိုတော့ ဒါ လောဘနဲ့ဆုတောင်းတာ။ သည်သားသည်မယား နဲ့ဖြင့် ဘယ်တော့မှမတွေ့ပါရစေနဲ့ဆိုတော့ ဒါဒေါသနဲ့တောင်း တာ။ ဒီလိုလောဘနဲ့တောင်း ဒေါသနဲ့တောင်း မောဟနဲ့ တောင်းဆိုတော့၊ ဒီကုသိုလ်တွေဟာ အာသဝနယ်ကမလွတ်ဘူး၊ အာသဝနယ်က မလွတ်တဲ့တရား ဟူသရွေ့ (ကုသိုလ်ရော အကုသိုလ်ပါ) အာသဝနယ်ထဲပဲ ခန္ဓာ ၅-ပါးပြန်ရမယ်၊ ဒီလိုဆိုတော့ပေးလဲပေးရ လှူလဲလှူရသေး ဒုက္ခလဲရောက်ရသေး၊ ဒုက္ခသစ္စာကြီးလဲ ပြန်ရသေးဆိုတော့ အာသဝအုပ်ချုပ်ရေး မကင်းတဲ့ ကုသိုလ်ဆိုတာသေချာတယ်။

နောင်ဘဝအသက်ရှည် ကျန်းမာချင်လို့ သီလဆောက်တည် တယ်ဆိုတော့ ဘဝပါနေတဲ့အတွက် အာသဝနယ်ကမလွတ်ဘူး။ တန်ခိုးကြီးတဲ့ ဗြဟ္မာကြီး ဖြစ်ချင်လို့ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတွေ သမထစျာန်တရားတွေ ပွားများ အားထုတ်နေတယ်ဆိုတော့ ဗြဟ္မာဖြစ်ချင်တဲ့ အာသဝက အုပ်ချုပ်လျက်ပဲရှိနေတယ်။ ဗြဟ္မာခန္ဓာလဲ ဒုက္ခသစ္စာပဲလို့မသိ တော့ အဝိဇ္ဇာသဝဖြစ်တယ်၊ ဒီတော့ အခုလုပ်နေတဲ့ကုသိုလ် တွေဟာ ဒုက္ခသစ္စာကြောက်လို့လုပ်နေတဲ့ ကုသိုလ်တွေမဟုတ်ပဲ

ဒုက္ခသစ္စာ ကြီးကြီးကျယ်ကျယ်ရဖို့ အလုပ်တွေလုပ်နေတာက များတယ်။ ဒါကြောင့် ဒုက္ခသစ္စာမသိလို့ တောင့်တပြီးလုပ်တဲ့ ကုသိုလ်ဟူသရွေ့ဟာ ကိလေသာပွားတာပဲ။ ဒီ လူ နတ် ဗြဟ္မာ ခန္ဓာတွေဟာ **တဏှာအရှင်သခင်ကြီး**က ခင်ဗျားတို့ဝမ်းထဲက နေပြီး တခါထဲစီမံလိုက်တာပဲ။

**ခန္ဓာကခိုင်းဖတ်။** ။ဘယ်ကုန်ရောင်းလိုက်၊ ဘယ်ကုန်ဝယ်လိုက်၊ ဘယ်လိုပြောလိုက်၊ ဘယ်ကိုသွားလိုက်၊ ဘယ်လိုချိန်လိုက်၊ ဒီလိုတဏှာကခိုင်းတော့ ခန္ဓာ ၅-ပါးက တဏှာခိုင်းရာ လုပ်နေရတာပဲ။ တောင်ဘက်မှာဈေးကောင်း၊ တောင်ဘက် သွားရောင်းရ၊ မြောက်ဘက်မှာဈေးကောင်း၊ မြောက်ဘက် သွားရောင်းရ၊ အောက်ပြည်မှာဈေးကောင်းယင် အောက်ပြည် မှာ သွားရောင်းရ၊ အထက် (အညာ) မှာ ဈေးကောင်းယင် အထက်မှာ သွားရောင်းရ၊ ဒီလိုပဲ ခန္ဓာ ၅-ပါးကြီးဟာ မင်းဘေး ခိုးသူဘေး ဒမြဘေးတွေ အန္တရာယ်တွေထဲမှာ ပြေးလွှား နေရတာပဲ။ အန္တရာယ်မကင်းတဲ့လမ်းတွေ အတင်း သွားခိုင်းတာပဲ။ မွေးတနေ့-သေတနေ့ သွားမှာသာသွားကွ စသည်နဲ့ အတင်းခိုင်းတော့တာပဲ။ ဒီတော့ **တဏှာကအခိုင်း သမား ခန္ဓာကခိုင်းဖတ်**ပေါ့။ ခင်ဗျားတို့ အပြေးအလွှား လုပ်စားရတဲ့ ခန္ဓာကြီး ရ-ထားပေါ့။

တဏှာကတော့ ပျိုလည်းမရှောင် အိုလည်းမရှောင် အတင်းခိုင်းမှာပဲ။ ကျုပ်က အသက်ကြီးနေပြီ ဆရာကြီးက သိပ်ခိုင်းတာပဲ၊ အခိုင်းရက်စက်လိုက်တာလို့များ ပြန်ပြောရဲ့

လား။ မပြောရဲဘူး။ မျက် မှန် တပ် ပြီး လုပ် လေ ကွာ။ တောင်ဝှေးထောက်သွားပြီး လုပ်လေကွာလို့ တကျော့ကခိုင်းနေတာပဲ။ နေရဲ့ရဲ့လား။ မနေရဲဘူး။ လုပ်ပါ့မယ်။ လုပ်ပါ့မယ်လို့သာ သံတော်ဦးတင်ရတာပဲ မဟုတ်လား။ အိုခြင်းတရားနဲ့တွေ့တော့လည်း ဒီခန္ဓာကြီးကို တကျော့က ချမ်းသာမပေးဘူး။ နေမကောင်း ထိုင်မကောင်းဖြစ်လို့ နေပါရစေဦး ဆိုတော့၊ ဟာ-နေမကောင်းဘူးလို့ ဆင်ခြေပေးနေယင် မင်းမှဲ့မှာပေါ့။ သွားမြန်မြန်၊ ကပျာကယာဆေးထိုး ဆေးဖိုး မနှမြောနဲ့။ မင်းမြန်မြန်ပြေးဖို့သာ အရေးကြီးတယ်ဆိုပြီး ခိုင်းတာပဲ။ မပြေးမလွှားပဲ နေရတဲ့အချိန်မျှားရှိရဲ့လား။ မရှိဘူး။ တကျော့ခိုင်းသမျှ လုပ်နေရတော့ ဒီခန္ဓာ ၅-ပါးကြီးဟာ တကျော့ကျွန်ကြီးပေါ့။ ကျွန်ကြီးပီပီ တကျော့ခိုင်းရာ လုပ်နေရတာပဲမဟုတ်လား။ လူလားမြောက်ကတည်းက လုပ်လိုက်ရတာ သေသည်အထိ တခိုင်းတည်း ခိုင်းနေတာပဲ။ သူ့အလုပ်တွေ လုပ်လိုက်ရတာ သေသည်အထိ မပြီးဘူး။ ကျွန်အလုပ် ကျွန်ကိစ္စတန်းလန်းနဲ့ချည်းပဲ သေသွားကြရတယ်။ ရစရာတန်းလန်း၊ ပေးစရာတန်းလန်း ခင်စရာတန်းလန်း၊ ဒီတန်းလန်းတွေနဲ့ပဲ သေသွားရတယ်။

ခန္ဓာ ၅-ပါးက တကျော့စိမံသမျှခံနေရတော့၊ တကျော့ဟာ ခင်ဗျားတို့အပေါ်မှာ အရှင်သခင်ပဲ။ ခင်ဗျားတို့ တကျော့အရှင်သခင်ကိုမော်ကြည့်ရဲ့ရဲ့လား။ မကြည့်ရဲဘူး။ ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းသွားလိုက်ဆိုယင် သွားရတာပဲ။ နေဝံ့သလား။ မနေဝံ့ဘူး။ ခင်ဗျားတို့ ပြေးယင်းလွှားယင်း

ဟပ်ထိုးလဲလဲ အမောဆို့ပြီးသေသေ တဏှာကတော့ အခိုင်းရပ်မှာ မဟုတ်ဘူး။ ရွှေမှာရန်သူတွေ သူခိုးဒမြတွေရှိတယ်။ မသွားပါရစေနဲ့ဆိုတော့၊အို မွေးတနေ့သေတနေ့ကွာသွားတိုင်းတွေ့တာမှ မဟုတ်ပဲလို့ပြောတော့ သွားပါမယ်တဲ့။ကျွန်ုပ်ပိကိုး။ မျက်နှာကောင်းရအောင် လုပ်ကြရတာ။

**ခန္ဓာကခံဘက်က။** ။ဒီခန္ဓာကြီးဟာ နှိပ် စက် တတ် တဲ့ တရား၊ နှိပ်စက်ခံရတဲ့ တရားကြီး။ **နှိပ်စက်တတ်**ဆိုတာ ခင်ဗျားတို့ကို နှိပ်စက်တာ။ **နှိပ်စက်ခံ**ရတဲ့ တရားဆိုတာက ဒီခန္ဓာကြီးဟာ ဘေးရန်တွေ၊ ၉၆-ပါးသော ရောဂါဝေဒနာတွေ၊ ၂၅-ပါးသောဘေး၊ ၃၂-ပါးသော ကံကြမ္မာတွေ လာတဲ့အခါ၊ ခန္ဓာကြီးကခံရတာပဲ။ နှိပ်စက် ခံရသောကြောင့် ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ ခင်ဗျားတို့ ဒီခန္ဓာကြီး ရထားတာဟာ အနှိပ်စက်ခံရဖို့ ရထားတာပဲ။ မိုးကောင်းလည်းအအေးမိတာပဲ။ မိုးခေါင်လည်းအပူမိတာပဲ။ ခန္ဓာခင်တော့ မိုးလည်းအပြစ်မတင်နဲ့၊ နေလည်းအပြစ်မတင်နဲ့၊ လေလည်းအပြစ်မတင်နဲ့၊ ဆုတောင်းပြည့်တယ် လို့သာမှတ်။ ငါကံမကောင်းအကြောင်းမသင့်လို့ တွေ့ရတယ်လို့မျက်ရည်ခံမထိုးနဲ့။ တောင်းတဲ့ဆု အကုန်ပြည့်နေတာ အောက်မေ့။ ခန္ဓာက ခံဘက်ကသက်သက်ဆိုတော့ နေပူလွန်းလို့ ကာလဝမ်းတွေဖြစ်ယင်လည်း ခံရုံပဲ။ ပလိပ်တွေဖြစ်လာလည်း ခံရုံပဲ။ ရောဂါဟူသမျှကို သူကအကုန်ခံယူမှာပဲ။ သည်ခန္ဓာကြီးဟာ ဘယ်တော့မျှ ကံဇာတာကောင်းမှာတုံးလို့ ဗေဒင်မေးမနေနဲ့၊ ဘယ်တော့မှ ကောင်းမှာမဟုတ်ဘူး။ သူကခံဘက်ကချည်းကိုး။ နေပူလာ

လည်းခံ၊ မိုးရွာလည်းခံ၊ ဝမ်းလျှောလည်းခံ။ ကျောက်ပေါက် လည်းခံ။ မျက်စိနာလည်းခံ။ ခေါင်းဖြူလည်းခံရုံပဲ။နောက် ကျောတက် ဇက်လေးခေါင်းကိုက်လည်းခံရုံပဲ။ သွက်ချာပါဒ လာလည်း ခံရုံပဲ။ ဒါတွေခံရလို့ မညည်းနဲ့။ ဆုတောင်း ပြည့်နေတာသာမှတ်။ ဒီလိုဝေဒနာအစုစု ဒုက္ခအစုစုကိုခံရလို့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီး။

**တဏှာအလှူ**။ ။စားဝတ်နေရေးအတွက် တဏှာ ခိုင်း သမျှ ခန္ဓာကြီးက လုပ်ရရှာတယ်။ ဒါကစီးပွားရေးကိစ္စဆိုတော့ အကုသိုလ်ကိစ္စ ထားလိုက်ပါတော့။ နောက် အသက်နဲ့ရင်းပြီး ဒုက္ခမျိုးစုံခံပြီး ပစ္စည်းကလေး အသင့်အတင့်ရှိလာတော့ သားရှင်ပြု သမီးနားထွင်း တသက်မှတခါဆိုတော့ လုပ်လိုက် ဦးကွ။ အံမယ်....အသံအတော်ကောင်းတယ်။ ကောင်းပေမယ့် အလှူဝိမ်ပြ ဆိုကတည်းက တဏှာက ခေါင်းဆောင်လာတယ်။ စားစရာမရှိယင်နေပစေ၊ ကုန်ချင်သလောက်ကုန်ကွာ။ ကြွေးယူ ပြီး ပြန်ဆပ်တာပေါ့။ ဒါမှ လူသာစုခေါ်၊ နတ်သာစုခေါ် မယ့် ခမ်းခမ်းနားနား အလှူကြီးဖြစ်မှာပေါ့တဲ့၊ ဟော....မလှူခင် က တဏှာအယင်ရောက်လာတယ်။ ဘယ်ဘုန်းကြီးတော့ မပင့် ယင် မကောင်းဘူး၊ ဘယ်သူတွေတော့ မဖိတ်ယင်မကောင်း ဘူး၊ ဟော....တဏှာက စီမံပြန်တယ်။ စီမံတော့ ဒါ တဏှာ့ အလှူပေါ့။ တဏှာကစီမံတဲ့ သည်အလှူဟာ ပုညာဘိဂိယာ ကုသိုလ်တော့ ဖြစ်ပါတယ်။ ခန္ဓာပြန်ရမယ့်ဝဋ္ဋကုသိုလ်ပါပဲ။ (ဝဋ္ဋနိဿိတ=ဝဋ္ဋကိုမှီပြီးပြုတဲ့ကုသိုလ်) ဒီပြင် ဘာမှမရနိုင်ဘူး တဲ့။ အလှူကို **တဏှာ** က အုပ်ချုပ်ပေမယ့်လည်း၊ သူကသစ္စာ

မသိဘဲ **အဝိဇ္ဇာနဲ့** တွဲပြီးအုပ်ချုပ်တယ်။ ၂-ယောက်အုပ်ချုပ်တော့ ပိုကောင်းတာပေါ့။ ဒီတော့ အလှူ လှူတော့မယ်ဆိုယင် အဝိဇ္ဇာနဲ့ တဏှာဟာ စန္ဒလီစောင့်သလို အမြဲစောင့်ကြပ်အုပ်ချုပ်နေတာပဲ။ သူတို့က အလှူကြီးလှလှပဖြစ်အောင်ဆိုပြီး သင်္ကန်းလေး ထီးလေး ဖိနပ်ကလေး ဝယ်ခိုင်းတာပဲ။ ဒီတော့ ဒီအလှူဟာ ဝင့်ကိုဘောင့်ဘတဲ့ **တဏှာအလှူ**၊ သစ္စာမသိပဲနဲ့လှူတဲ့ **အဝိဇ္ဇာအလှူ**ချည်းပေါ့။ သူတို့ ၂ ဦးက အုပ်ချုပ်ယင် သည်အလှူဟာ မျောရော့။ ဒုက္ခသစ္စာကြီးပဲပြန်ရမယ်။ ဒီတော့ နှိပ်စက်တတ်တဲ့ တရားဆိုတာ သူပဲ။

ဒီတော့ ခင်ဗျားတို့ လှူတဲ့အလှူတွေဟာ အဝိဇ္ဇာနဲ့ တဏှာအုပ်ချုပ်တဲ့ အလှူတွေကများတယ်။ လူချမ်းသာ နတ်ချမ်းသာ နောင်ဘဝ ကြီးပွားရေးကိုရချင်လို့ ဘောင့်တပြီး လှူတာဟာ တဏှာပဲ။ ခန္ဓာဟူသမျှ ဒုက္ခသစ္စာကြီးလို့ မသိတာဟာ အဝိဇ္ဇာပဲ။ လိုချင်ရချင်တာကတဏှာ။ တဏှာဆိုတော့ နောင်ဘဝမှာ ပြည့်ပြည့်စုံစုံနဲ့ ဒီသား သမီး မြေးတွေနဲ့ အတူ နောင်ဘုရားပွင့်တဲ့အခါ တခါတည်းအတူတူ နိဗ္ဗာန်ဝင်ရအောင် ဆုတောင်းလှူတော့ ဒါ ဒုက္ခရှည်တဲ့ အလှူချည်းတွေပဲ။ ဒီအလှူတွေဟာ ဒုက္ခသစ္စာဆိုးကျိုးကြီးပဲ ပြန်ရမှာပဲ။

**ဝိဝဋ္ဋကုသိုလ်။** ။ဒီလို လူ့ခန္ဓာ နတ်ခန္ဓာ ဒုက္ခသစ္စာကြီးကို တကယ်သိပြီး မတောင့်တပဲ မလိုချင် မရပဲ ဒုက္ခသစ္စာခန္ဓာကြီးမှ ကျွတ်လွတ်ချင်လို့ လှူပါတယ်ဆိုမှ သမ္မာဒိဋ္ဌိနဲ့ သမ္မာ

သက်ပွတို့က ဦးစီးတဲ့အလှူဖြစ်တယ် (ဝိဝဋ္ဋနိဿိတ၊ ဝဋ္ဋကိုမမှီပဲ မတောင့်တပဲ လှူတဲ့ကုသိုလ်) ဒီလိုလှူယင် ဝဋ္ဋကျွတ်ပါတယ်။ ခန္ဓာ၅-ပါး ဒုက္ခသစ္စာကြီး မရတော့ဘူးပေါ့။ ဒီအလှူမျိုးမှ ဒုက္ခသစ္စာသိပြီး လှူတဲ့အလှူ၊ အရိယာတို့၏ အလှူမျိုးဖြစ်တာ။ ဒီလိုသိပြီးလှူတော့ လှူတဲ့ပုဂ္ဂိုလ်၏စိတ်တွေဟာ အရိယာတို့၏ အလှူမျိုး စိတ်မျိုးတွေပဲ။ အနာသဝ=အာသဝေါတရားတွေ ကင်းတဲ့စိတ်မျိုးတွေပဲ၊**သမ္မာဒိဋ္ဌိ**(မှန်ကန်တဲ့အမြင်)**သမ္မာသင်္ကပ္ပ** (မှန်ကန်တဲ့အကြံအစည်) တွေ ဦးစီးတဲ့ အလှူတွေဖြစ်တော့ ဒါ ဉာဏ်ယှဉ်လှူတဲ့ ကုသိုလ်မျိုး (ဉာဏသမ္ပယုတ် ကုသိုလ်မျိုး) ဖြစ်တာ။ သတ္တဝါတွေကို နှိပ်စက်တတ်တဲ့ခန္ဓာကြီး အဝိဇ္ဇာ တဏှာတို့၏ အနှိပ်စက်ခံရတဲ့ခန္ဓာကြီးဟာ ဒုက္ခသစ္စာကြီးပဲ။ ဒီဒုက္ခသစ္စာကြီးကိုတော့ဖြင့် မလိုချင်တော့ပါဘူး။ ဒီဝဋ္ဋကြီးမှ ကျွတ်ပါရစေလို့ဆိုပြီး လှူတော့ ဒုက္ခသစ္စာမရတော့ဘူး။ **သုခ သစ္စာပဲရမယ်**။

**ဝိဇ္ဇာနဲ့အဝိဇ္ဇာ**။ ။အခုဟောပြောလို့ နာရလို့ ခန္ဓာကြီး ဟာ အနှိပ်စက်ခံရတဲ့ ဒုက္ခသစ္စာကြီးပါလားလို့ သိမြင်ယင် **ဝိဇ္ဇာ**ဖြစ်ပြီ။ **သမ္မာဒိဋ္ဌိ**ဖြစ်ပြီ။ သမ္မာဒိဋ္ဌိဖြစ်ယင် သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့လည်း တပြိုင်နက် ဖြစ်တော့တာပဲ။ ဒီမဂ္ဂင် ၅ ပါးဖြစ်ယင် လောကီမဂ်ရပြီ။ ဒါ အခုပြောဟောနေတုန်းမှို လောကီမဂ် ၅-ပါး ရနေတာ။ အိမ်ရောက်ယင် ဒါတွေပြေးပြီ။ အကုန်ပျောက်ပြီ။ ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာတွေ ဖြစ်တော့မှာပဲ။

ဒီတော့ တဏှာတို၊ မာနတို၊ ဒိဋ္ဌိတိုအကုန်လာတော့မှာပဲ။ ဒါတွေလာယင် သမ္မာမဂ္ဂင် ၅-ပါးပြေးပြီ။ သမ္မာမဂ္ဂင် ၅-ပါး ပြေးယင် မိစ္ဆာမဂ္ဂင် ၅-ပါးလဲ တခါတည်း ရောက်လာမှာပဲ။ မိစ္ဆာမဂ္ဂင် ၅-ပါးဆိုတာက မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊မိစ္ဆာသတိ၊မိစ္ဆာသမာဓိတွေပေါ့။မိစ္ဆာဆိုတာ မှားယွင်းတာ မမှန်တာ၊ ဒါတွေဟာ ကိလေသာ ၅-ခုပဲ။ ဒီတော့ မိစ္ဆာမဂ္ဂင်တွေ မလာအောင်၊ သမ္မာမဂ္ဂင်တွေ ဝင်လာအောင်လုပ်။ သမ္မာမဂ္ဂင်တွေသာလာနေယင် ဒီကိလေသာတွေ ၅-ခုခြောက်သွားတယ်။ ကိလေသာတွေခြောက်ပြီး ဒါကိုတကယ်ပွားများကြည့်တော့ခန္ဓာ ၅-ပါး၏ တကယ်နှိပ်စက်တာကြီးကို မြင်မယ်။ မြင်ယင် လောကုတ္တရာမဂ်အစစ်ရပြီ။ မဂ္ဂင် ၈-ပါးပြည့်သွားပြီ။ အဲဒီကျမှ ကိစ္စပြီးမယ်မှတ်။

## ၁၈။ သစ္စာတရားနှာပွားများ

မဂ္ဂသစ္စာမှာ ဘာဝေတဗ္ဗကိစ္စ–ပွားများရတဲ့ကိစ္စရှိတယ်။ သစ္စာတရား နှာရုံနဲ့မရဘူး။ ပွားမှရမယ်။ စကားပြောနေတာ စာကျက်နေတာဟာ ပွားတာမဟုတ်ဘူး။ သတိပဋ္ဌာန် ၄–ပါး ထဲက တပါးပါးကို၊ ဥပမာ၊ ရုပ်ကိုရှုတဲ့ပုဂ္ဂိုလ်သည် ရုပ်တွေ့ ရုံနဲ့ ပွားတာမဟုတ်ဘူး။ ရုပ်၏ သဘာဝဖြစ်ပျက်တွေ့မှ ပွားတယ် လို့မှတ်။ **ဝေဒနာ** ရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာတွေ့ရုံနဲ့ ပွားတာ မဟုတ်ဘူး။ ဝေဒနာကို **ကျော်လွန်ပြီး**၊ ဝေဒနာ၏ အဖြစ် အပျက်ကိုသိမှ၊ ဒါကို အဖန်တလဲလဲကြည့်နေမှ ပွားတယ်လို့ မှတ်။

ဒီတော့ နိဗ္ဗာန်ရောက်တဲ့အလုပ်ဟာ ပွားများမှုအလုပ်ပါပဲ။ ပွားများမှရမယ်။ ပွားများမှုအလုပ်လုပ်မှ ကိလေသာသေမှု (သတ်မှု) ကိစ္စပြီးတယ်။ ပွားများရာမှာ ဝေဒနာရှုတော့ ဝေဒနာတွင် တွေ့နေသေးတယ်ဆိုယင် လိုသေးတယ်။ ဝေဒနာ ၏ပင်ကိုယ်သဘာဝကဖြင့် ဖြစ်ပြီးပျက်တဲ့ သဘောပါလားလို့ ရှုနေရမှာ၊ ဖြစ်ပြီးပျက်တဲ့သဘောကိုရှုတော့ ဝေဒနာမဟုတ် တော့ဘူး။ ဩော်အနိစ္စပါလား၊ ဖြစ်ပြီးပျက်တာလေးပါလား လို့ သိလာတယ်။ ဒီဖြစ်ပျက်ကို အဖန်ဖန်ကြည့်–ရှုနေယင် ဘာဝေတဗ္ဗ–ပွားများမှုဖြစ်ပြီ။

ဘုန်းကြီးကဟောတဲ့ တရားကို နှာထောင်တဲ့အခါမှာ၊ ဒီက ဟောလိုက်တဲ့တရားကို နှာထဲကကြားပြီး၊ ဟောတဲ့

ဒေသနာဉာဏ်ကို အစဉ်လျှောက်ပြီး (**ဒေသနာဉာဏာနုသာရေန**) ဉာဏ်ကခန္ဓာထဲလှည့်လိုက်ပါ။ စိုက်ကြည့်ပါ။ ဉာဏ်ကို ခန္ဓာကိုယ်ပေါ်မှာ စေလွှတ်ပါ (**ဉာဏံပေသေန္တဿ**) သည် ခန္ဓာ ၅-ပါးထဲက တပါးပါးကို ဉာဏ်ကစိုက်ကြည့်ပေးပါ။ (**ဉာဏုတ္တရဿဟောတိ**-)တဲ့ -ဟောယင်းမတ္တနဲ့ ဉာဏ်တက်လာပြီး၊ ဪ....တကိုယ်လုံးဟာ အဖြစ်အပျက်မှတပါး ဘာမှမရှိပါလားလို့ အဖြစ်အပျက်မြင်တဲ့ဉာဏ် တက်လာလိမ့်မယ်။ အဲဒါ (ယထာဘူတဉာဏ်)ပဲ။နောက် အဖြစ်အပျက်မုန်းတဲ့ဉာဏ် တက်လာလိမ့်မယ်။အဲဒါ(နိဗ္ဗိန္ဒာဉာဏ်)ခေါ်တယ်။နောက် အဖြစ်အပျက်ကိုပင် ဖြစ်ဒုက္ခ ပျက်ဒုက္ခ ပါလားလို့ ပိုင်းခြားတဲ့ဉာဏ် အလိုလိုတက်ပြီးဒေသနာအဆုံးမှာ သောတာပန်တည်နိုင်တယ်။ ဒေသနာဉာဏ် အစဉ်လျှောက်ပြီး ခန္ဓာထဲ ဉာဏ်ရောက်ပြီး (ဉာဏ်က ပွားများပြီး) ဉာဏ် ၃-ဆင့်နဲ့ တက်သွားလို့ သောတာပန်ဖြစ်လာတာ။ နားက ကြားတာကို ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်ကိုလှည့်နိုင်းလို့ရှိယင် ဉာဏ်တက်လာပါလိမ့်မယ်။ ဒီဉာဏ်ဟာ သစ္စာသိတဲ့ဉာဏ်ဖြစ်ပြီး သစ္စာကျအောင်တက်လို့ရှိယင် တရားပွဲအတွင်းမှာ ကိစ္စပြီးတယ်လို့မှတ်။

ဒီတော့ တရားနာနည်း မှန်ဖို့ အရေးကြီးတယ်။ ဘယ်လိုမှန်ရမတုံး။ ဒေသနာဉာဏ် ဝမ်းထဲရောက်အောင်လုပ်၊ဒေသနာတွေကို ဝမ်းထဲကဉာဏ်က ဖမ်းထား၊ ဖမ်းထားတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ပေါ်မှာ လိုက်လိုက်၊ ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်က ဖြစ်ပျက်ရှုပေး။ သည်လိုဆိုယင် တရားနာတဲ့အဆုံးမှာ ကိစ္စ

ပြီးတယ်။ ဒီ သဘောဟာ ဘုရားလက်ထက်ကတည်းကပဲ။ ဒီက ဟောလိုက်တဲ့တရားကို ဉာဏ်နဲ့လိုက်ပြီး ခန္ဓာထဲဉာဏ်လှည့်ပြီး ဖြစ်ပျက်လိုက်၊ ဉာဏ်ဆိုတာက ပြောတော့သာ ၁၆-ဉာဏ်၊ ၁၀-ဉာဏ်အစရှိသည်ဖြင့် ပြောနေရတာ။ စင်စစ်တော့ တစက္ကန့်ဆိုအကုန်ပြီးတာပဲ။ **နားကနာပြီး၊ ဉာဏ်ကခန္ဓာထဲ စိုက်လိုက်**။ ဘယ်ဝတ္ထု၊ ဘယ်တရားနာလိုက်တာနဲ့ ကျွတ်တမ်းဝင်သွားတယ်ဆိုတော့၊ ဘာဝေတဗ္ဗ=ပွားများတဲ့ ကိစ္စတွေ မပါသလိုဖြစ်နေတယ်။ အမှန်ဒီဝတ္ထုတွေဟာ သုတ္တန်တရားဖြစ်လေတော့ သုတ်တွေမပျောက်အောင် စီရေးရတယ်ဆိုတော့ အဘိဓမ္မာမထည့်နိုင်ဘူး။ သုတ္တန်ဆိုတာ ကျင့်စဉ်ပါတာက နည်းတယ်။ အဲဒီ တရားနာလို့ ကိစ္စပြီးသွားတယ်ဆိုငြားသော်လဲ သုတ္တန်နောက်ကနေပြီး အဘိဓမ္မာမလိုက်ယင် ဖြစ်ကို မဖြစ်ဘူး။

**ဘုရားတရားဟောစဉ်**။ ။ ဘုရားက လူတယောက်ချွတ်တော့မယ်ဆိုယင် တရားဟောစဉ်ရှိတယ်။

(၁) ရှေးဦးစွာ ဒါနပြုကွ၊ ကြပ်ကြပ်ပြုကွလို့ ဟောချလိုက်တယ်။ ဒါနဆိုတာ လူချမ်းသာ နတ်ချမ်းသာဆိုတဲ့ ချမ်းသာတွေကို သူကပေးနိုင်တယ်ဆိုပြီး သူ့အကျိုးတွေ တခါလောက်ဟောလိုက်တယ်။ ပန်းလှူလို့လှပပုံ။ ကျောင်းဆောက်လို့ နတ်ပြည်မှာ ဘုံပေါက်ပုံစသည့် အကျိုးပေးပုံတွေ ဟောလိုက်တယ်။

(၂) နောက် ဒါနလှူပြီးတော့ ဒီလို အကျိုးပေးပြီးသော်လဲ အသက်မရှည်ယင်အလကားကွ။ လက်ထဲငွေရှိပေမယ့်

မစားရခင် သေသွားယင်မကောင်းဘူး။ ဒီတော့ သီလလေး လုပ်ကွ သီလလုပ်မှအသက်ရှည်မယ်လို့ တဆင့်တက်ဟောတယ်။

(၃) ဒါနသီလဟောပြီးတော့မှ ဒါနကြောင့် ဘုံဗိမာန် တွေ ပဒေသာပင်တွေပေါက်၊ သီလကြောင့် အသက်ရှည်တဲ့ နတ်မင်းကြီးဖြစ်လာပြီး စည်းစိမ်ဥစ္စာရတနာနဲ့ အပြည့်အစုံကွ။ ဘယ်လောက်ကောင်းသတုံးကွလို့ **သဂ္ဂကထာ**ခေါ် နတ်ပြည် အကြောင်း ဆက်ဟောပြန်တယ်။

(၄) ဒါတွေပြီးတော့မှ **ကာမာနံအာဒီနဝဂ ထာ**=ဟောဒီ အကျိုးတွေဟာ ငါးပါးအာရုံကာမဂုဏ်တွေကွ။ ဘာမှအသုံး မကျဘူး—မျောက် မီးရှူးပန်းကိုင်ထားသလို ကိုယ့်ချည်းလောင် တာပဲကွ။ အမဲသားရတဲ့ကျီးလိုပဲ၊ တခြားကျီးတွေကလိုက် လုတာနဲ့ ချမ်းသာခွင့်မရဘူးကွ၊ ဒါတွေလဲ အကုန်ဟောချလိုက် တယ်။ အပြစ်တွေပြဟောလိုက်တယ်၊ ရသရွေ့ဟာ တခုမှ မကောင်းဘူးကွ။ ဒီရောက်အောင်တဖြည်းဖြည်းဆွဲခေါ်လာပြီး တော့မှ ပင်ကိုယ်အပြစ်တွေ ဟောချလိုက်တယ်။ (ဒီလိုဟော ပြနေတာဟာ ဘာဝနာမပါပဲနဲ့ ကိစ္စပြီးတယ်လို့ ခင်ဗျားတို့ ထင်နေမှာစိုးလို့ ပြောပြရတာ)။

(၅) ပြီးတော့မှ **နေက္ခမ္မကထာ** ကာမမှထွက်ကွ။ ကာမ ဂုဏ်အာရုံတွေက ထွက်ဆိုတော့၊ ဒါ အလုပ်လုပ်ရတော့မယ်လို့ ပြောတာ။ ကာမအာရုံတွေကို အနိစ္စ ဒုက္ခ အနတ္တမရှုယင် ကာမမှ မထွက်နိုင်။ ဒီတော့ ဝိပဿနာ စ လုပ်တော့လို့ ပါလာတယ်။

(၆) မဂ္ဂကထာ ဟောချလိုက်တယ်။ သစ္စာဟောချ လိုက်တယ်။

အဲဒီတော့ မဂ္ဂကထာမဟောခင် ကာမာနံအာဒီနဝကထာ ဟောတယ်။ ကာမဂုဏ်၏အပြစ်တွေ၊ လူဖြစ်ရတာလည်း ဒုက္ခ သစ္စာကွ။ ငါးပါးအာရုံကာမဂုဏ် တထောင့်ငါးရာကိုလေသာ မီးတွေ အကုန်လောင်နေတာ တဟုန်းဟုန်းပဲကွ-လို့ ဟော လိုက်တယ်။ ဟောတော့ ကာမဂုဏ်အာရုံတွေ၏ အပြစ်တွေကို မြင်ပြီး၊ ဒါတွေဟာ သက်သက်အသုံးမကျတဲ့တရားတွေပဲ လို့ သူ့ကို ဝိပဿနာလိုက်လိုက်တယ်။ လိုက်တဲ့အခါကျတော့မှ သူ့ စိတ်ထဲမှာ လောဘ ဒေါသ မောဟတွေ၊ တဏှာ မာန ဒိဋ္ဌိတွေ ကင်းသွားတာ။ ကင်းသွားတော့မှ စိတ်ကဖြူစင်သွားတယ်။ ဖြူနေတဲ့အဝတ်ဟာ ဆိုးချင်တာနဲ့ဆိုးစွဲတယ်။ ဂျီးအပေ တွေနဲ့ဆိုယင် မစွဲဘူး၊ ဒီလိုပဲ ဒီမှာလဲ ကာမာနံအာဒီနဝ ကထာဟောတော့ စိတ်ဖြူစင်သွားပြီ။ ငါးပါးအာရုံ ကာမ ဂုဏ်တွေဟာ စိန်တွေ ရွှေတွေ ငွေတွေဟာ အလကားဟာတွေ၊ ဘာမှလိုချင်စရာမရှိဘူး။ ဒီလိုဖြစ်လာတော့ စိတ်ထဲမှာဖြူစင် လာတယ်။ ဖြူစင်လာတဲ့အခါကျတော့မှ မင်းတို့ခန္ဓာကြီးဟာ ဒုက္ခသစ္စာကွ။ ဒီဒုက္ခဖြစ်စေတာဟာ သမုဒယသစ္စာကွ၊ ဒီသမု ဒယသစ္စာ မသေသရွေ့ ဒုက္ခမငြိမ်းဘူးဆိုပြီး၊ မဂ္ဂသစ္စာကို ဆက်ဟောလိုက်တယ်။ ဒီတော့ အလုပ်တရားတွေရောက်လာ တယ်။ ရောက်လာတော့ သစ္စာဟောလိုက်သည်နှင့်တပြိုင်နက် ဒီပုဂ္ဂိုလ်တွေဟာ ဒီကျမှမင်ဖိုလ်ဆိုက်လာရတယ်။ သစ္စာကျမှ

ဆိုက်တယ်။ ဒါတရားဟောစဉ်ပဲ၊ ဘယ်သူ့ကိုမဆို ဒီလိုပဲ ဟောတယ်။

**သစ္စာအဓိဂ**။ ။ဘုရားဟောစဉ် ရှေ့ပိုင်းမှာ ဒုက္ခတိက သုဂတိရောက်အောင် ဟောလိုက်သေးတယ်။ နောက်တော့မှ သုဂတိရောက်လည်း ခန္ဓာ ၅ ပါးဖြစ်တာပဲဆိုတော့ ဒုက္ခသစ္စာ ဖြစ်တာပဲ။ ခန္ဓာ ၅-ပါးက မထွက်လို့ရှိယင်၊ ဒုက္ခသစ္စာထဲက မထွက်ပဲနေဦးမှာပဲ၊ နောက်ဆုံးပိတ် ဖြူစင်တဲ့အခါကျမှ သစ္စာ သွင်းတယ်။ ဒီ ဘုရားဟောစဉ်ကိုမှတ်၊ ဘုန်းကြီးတို့ကတော့ ဒီလိုမဟောတော့ဘူး။ ဟိုဟာတွေ တခြားဆရာတွေဆီက နာခဲ့ကြပြီ။ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာတွေ မလိုတော့ဘူး။ ဘုန်းကြီးတာဝန်က သစ္စကထာ (မဂ္ဂကထာ)ဟောဖို့ပဲ။ ဒီပြင်ဟာတွေက ခင်ဗျားတို့ကြားဖူးလှပြီ။ သစ္စကထာတော့ မကြားဘူးသေးပါဆိုတော့၊ ဒါဖြင့် ဖြူစင်နေတဲ့စိတ်ကို ဆိုး ပေးရတော့မှာပဲ။ သစ္စကထာက စိတ်ဖြူစင်နေတဲ့အချိန်မှာ ဟောရတာ။ ရှုပ်ပွေနေတဲ့အချိန်မှာ ဟောကိုမဟောနိုင်ဘူး။ မဟောနဲ့။ စောင့်ပေးပါ။ ဘုရားကလည်းစောင့်တာပဲ။ ဒီတော့ သစ္စာတရားဟာ ကျွတ်တမ်းဝင်တဲ့ တရားလို့မှတ်။

**သစ္စာ နာ ပွား**။ ။သစ္စာတရားနာမှုနဲ့ သစ္စာတရား နှလုံး သွင်းမှုနှင့် (ပွားများမှု) သည် ၂-ခုရှိယင် သာဝကပါရမီမှာ ကိစ္စပြီးပြီ။ သစ္စာတရားနာတုန်းက ကိလေသာအစေးတွေ ခြောက်တယ်။ နောက်သစ္စာအလုပ်ကို လုပ်တဲ့အချိန်ကျ တော့ မီးတောက်တာပဲ။ ကိလေသာအစေးတွေ ကုန်သွားတာ

ပဲ။ ရှေးဦးစွာ သစ္စာတရားနာပြီး သစ္စာပွားရမှာပဲ။ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပိုင်းပိုင်းခြားခြား သိမြင်အောင်(ပရိညေယျ)နဲ့ သိအောင် လုပ်ပေတော့။ သစ္စာနာမှုရှိပြီး သစ္စာပွားမှုသာ တို့တာဝန်လေးရှိတော့တယ်လို့ စွဲမြဲစွာမှတ်ကြပါ။ ၂–ပိဿာရှိနေတဲ့အနက်က ၁–ပိဿာကို ဆရာကထမ်းပုံးပြီး ကျန်တဲ့ ၁–ပိဿာကို ကိုယ်တိုင်ထမ်းဖို့ ဝန်မလေးယင် ရပြီသာမှတ်။ သစ္စာပွားမှုအလုပ်မှာ ပျင်းမှု ဖျင်းမှုပဲ စိုးရိမ်ပါတယ်။

ခင်ဗျားတို့ အပါယ်လေးပါးသွားမယ့်ကံ လုပ်ထားတာတွေ အများကြီးပဲ။ ဘယ်လောက်များသတုံး၊ မရေတွက်နိုင်ဘူး။ အဲသလောက်များတဲ့ ကံတွေဟာ သစ္စာတရားနာပြီး သစ္စာပွားလို့ ဒုက္ခကို ပိုင်းခြားမြင်နိုင်တဲ့ အခြေအနေရောက်ယင် အဟောသိကံ ဖြစ်သွားတယ်။ အကျိုးမပေးတော့ဘူး။ နောက်ကကံတွေ အဟောသိကံဖြစ်သွားယင် သံသရာမှာလုံးဝပြန်မဖြစ်တော့ဘူး။ ဒီအလုပ်ကလေး မလုပ်ဖြစ်ယင် ကျောက်ခဲကလေး ရေထဲကျသလို မကယ်နိုင်တော့ဘူး။ ဒါကြောက်အောင်ဟောနေတာ မဟုတ်ဘူး။ ဖြစ်စဉ်ကိုက် ဟောနေတာ။ တခါကျသွားယင် ပြန်တက်ဖို့မလွယ်ဘူး၊ ဇာတ်တော်ထဲက ဥပရိမိဖုရားကြီးဟာ စုတေပြီးနောက် နွားချေးပိုးသွားဖြစ်တယ်၊ နွားချေးပိုးဘဝက ကျွတ်သွားတယ်ဆိုတာမကြားရဘူး။ ဘယ်လောက်မှပြန်တက်မယ်ဆိုတာ မပြောနိုင်ဘူး။ ဒီတော့ အခုရရှိတဲ့ အခွင့်အရေးကလေး လက်မလွှတ်စေနဲ့။ သစ္စာတရားနာမှုနှင့် သစ္စာတရားပွားမှု မဆုံးရှုံးစေနဲ့။ ဒါ ဆုံးရှုံးယင် အကုန်ဆုံးမယ်မှတ်။ ရွှေတွေ ငွေတွေ စိန်တွေ ဆိုတာကအရေးကြီးတဲ့အခါ ဝေဒနာ

တခုသက်သာအောင် မတတ်နိုင်ဘူး။ အိုသွားတာကို မအိုအောင် မတတ်နိုင်ဘူး။ သေခန်းကျတော့ ဒါတွေက အကူအညီတွေ ရသေးရဲ့လား။ မရဘူး။ မရတဲ့အပြင် ဒါတွေက အပါယ် တွန်းချလိုက်သေးတယ်။

အဲဒီတော့အားကိုးစရာအစစ်က အတ္တာဟိ အတ္တနော နာထော ဆိုတဲ့အတိုင်း မိမိအားထုတ်တဲ့ တရားကိုသာလျှင် မိမိအားကိုး ရတော့မှာပါလား ဆိုတာ ဆုံးဖြတ်ချက်ချ။ တခြားဘာမှ အားကိုးစရာမရှိဘူး။ အခုနာနေတဲ့ သစ္စာတရားရယ်၊ကိုယ်တိုင် သစ္စာပွားတာလေးရယ်၊ ဒါပဲ အားကိုးစရာရှိတယ်။ ဒီအလုပ် ဟာ အပါယ်လေးပါး တံခါးလဲပိတ်တယ်။ အားကိုးစရာ အစစ်လဲဖြစ်တယ်။ ဒီတော့ သစ္စာဓမ္မပဲ အားကိုးစရာရှိတော့ တယ်။ သစ္စာဓမ္မ ပွားများမှုအလုပ်သာ လုပ်ကြပေတော့။ ဘုရားကလဲ ငါသည်သစ္စာလေးပါးသိမှ ဘုရားဖြစ်ပြီလို့ ဝန်ခံ တယ်လို့ ဟောထားတာ။ သစ္စာမသိပဲနဲ့ ငါ သောတာပန်၊ ငါ သကဒါဂါမ်၊ ငါ အနာဂါမ်၊ ငါရဟန္တာ ဖြစ်လာတယ် ဆိုယင် ဘယ်တော့မှမယုံနဲ့ကွတဲ့။ သစ္စာတရားမသိပဲနဲ့ နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့။ တခြားတရားတွေဟာ သာမညအားကိုးရာပဲ ရမယ်၊ ခဏပဲရမယ်၊ ပြန်ကျက မလွတ်ဘူး။ ဒီတော့ **သစ္စာ နာမှုနဲ့ သစ္စာပွားမှု**၊ ဒီ ၂-ခုသာလျှင် ဒို့၏ အားကိုးရာ အား ထားစရာအစစ်ရှိတော့တယ်လို့ ဆုံးဖြတ်။

သစ္စာတရားနာမှုကို ရှေးဦးစွာ ဘုန်းကြီးကဟောမယ်။ ပြီးတော့မှ သစ္စာပွားမှုအလုပ်ကို ဉာဏ်စဉ်နဲ့ တက်ပေးမယ်။ သစ္စာနားမလည်သေးယင် ခင်ဗျားတို့ ဒုက္ခ ဘယ်တော့မှ

မကုန်နိုင်ဘူး။ သစ္စာမနာရပဲနဲ့ သစ္စာအားထုတ်မယ်ဆိုယင် ဒုက္ခ ဘယ်တော့မှမကုန်ဘူးလို့ သစ္စသံယုတ်မှာဟောထားတယ်။ ဒီတော့ သစ္စာတရားနာမှုသည် အရေးအကြီးဆုံးအလုပ်ပဲ။သစ္စာ နာပြီးယင် သစ္စာပွားပေတော့၊ ကဲ—ဒုက္ခသစ္စာ၏ သန္တာပဋ္ဌ သဘောကို ဟောတော့မယ်။

## ၁၉။ ဒုက္ခသစ္စာ၏ သန္တာပဋ္ဌအနက်(၃)

သစ္စာအနက် ၁၆ ချက်ဟာ သိရမယ့်ကိစ္စ ပွားများရမယ့် ကိစ္စ ရယ်လို့ကိစ္စ ၂ ခု ရှိပါတယ်။ သန္တာပဋ္ဌ = ခန္ဓာကိုယ်ကြီး ရထားတာဟာ မီးလောင်စာကြီးရထားတာပဲ။ သည်မီးက သာမညမီးမဟုတ်ပါဘူး တဲ့။ဒီခန္ဓာကြီးထဲမှာ တထောင့်ငါးရာ ကိလေသာမီးတွေ အောင်းနေတယ်။ တ ထောင့် ငါး ရာ ကိလေသာမီးတွေဟာ မင်္ဂနဲ့မပယ်ရသေးသရွေ့ အောင်းနေ မှာပဲ။ အောင်းနေတော့ ရုပ်နာမ်ခန္ဓာတွေဟာ မီးစာတွေပဲ။ ၁၅၀၀-ကိလေသာက မီး၊ ခန္ဓာကြီးကလောင်စာ။**မီးနဲ့လောင် စာ** နဲ့ တွဲနေတာပဲ။ မီးက သူတော်ကောင်းဆိုယင် မလောင် ဘူး။

ခင်ဗျားတို့ ချမ်းချမ်းသာသာ နေရအောင်ဆိုပြီး အိမ် ဆောက်ကြ တိုက်ဆောက်ကြတယ်။ အခြံအရံတွေနဲ့ နေကြ ထိုင်ကြတယ်။ ဒါပေမယ့် ကိလေသာမီးလောင်လို့ အိမ်မှာနေ နိုင်ကြရဲ့လား။ မနေရဘူး။ ကိုယ့်အိမ်က ထွက်ပြေးနေရတာ၊ ဟိုသွားဒီသွားငွေရှာရတယ်။ ဟိုဈေးစုံစမ်းရေးထွက်ရ။ ဟိုမှာ ရစရာကိစ္စနဲ့သွားရ၊ ဒါ **လောဘမီးလောင်လို့** ပြေးနေရတာ။ ဒီ ခန္ဓာကြီးဟာ လမ်းမှာလဲ လောင်ယင်း သွားတာပဲ။ လမ်းမှာ ကားနဲ့တိုက်မိမလား။ /စက်ဘီးနဲ့ တိုက်မိမလား။ ခွေးကိုက်ခံရမလား။ ဒါတွေကြောင့်ကြတဲ့ ဒေါ**သမီး** လောင် လျက်နဲ့ သွားနေရတာ။ အိမ်ကထွက်တုန်းက လောဘမီးနဲ့၊ လမ်းကျတော့ အန္တရာယ်တွေတော့ ဒေါသမီးနဲ့၊ ဒီလိုလောင်

ပြီး ကိုယ့်အလုပ်ခွင် ကိုယ်ရစရာရှိတဲ့ဆီ သွားနေရသဖြင့် ဒီအိမ်ဆောက်ပြီး အိမ်မနေရတာ ထွက်ပြေးနေရတာဟာ မီးလောင်လို့၊ အိမ်ဆောက်ပြီး အိမ်မှာနေရတဲ့ပုဂ္ဂိုလ် အတော်ပဲရှားတယ်။ ခြေလျင်သွားနေယင် နှေးမှာစိုးလို့ စက်ဘီးနဲ့သွားရ၊စက်ဘီးနဲ့ နှေးမှာစိုးလို့ ကားနဲ့သွားရ၊ တခါ ကားနဲ့နှေးတယ်ဆိုပြီး လေယာဉ်ပျံနဲ့တောင် အပြေးအလွှား သွားကြရတယ်။ ဒါ ကိလေသာမီးက လောင်လွန်းလို့ အမြန်ပြေးကြရတာ။ တခါ လေယာဉ်ပျံ မြန်လှပြီအောက်မေ့နေတာ။ ကိလေသာမီးက တအားလောင်တော့ လေယာဉ်ပျံတောင် နှေးသွားတယ်။ အိမ်ဟိုင်းအိမ်တိုင်းမှာ နေ့တိုင်း ထွက်ထွက် နေကြတာဟာ နေ့တိုင်းမီးလောင်နေလို့မှတ်၊ ဘယ် အိမ် သွား ကြည့် ကြည့် နေ့တိုင်းမီးလောင်နေတာပဲ တွေ့ရမယ်။

အခု ဘုရားဟောတဲ့ သစ္စာတရားတွေ နာနေရတာဟာ ထိုက်တန်တဲ့ ပါရမီရှိလို့ပဲ။ ဒါပေမယ့် ပါရမီပြည့်မယ်ကြံယင်း လောင်ယင်း ဖြစ်နေတော့ ဘယ်တော့မှ ပြည့်မှာမဟုတ်ဘူး။ မီးက ခန္ဓာကိုယ်တွင် လောင်တာမဟုတ်ဘူး။ သူတော်ကောင်း ရတနာပါတောင် လောင်ပစ်တာ။ သစ္စာမသိတုန်းကဆိုယင် လောင်မှန်းလဲ မသိဘူး။ လောင်တာလဲ အမှန်ပဲ။ ဒီတော့ ခင်ဗျားတို့ပါလာတဲ့ အရင်းတွေ (ပါရမီကုသိုလ်တွေ) အကုန်ရှုံးပေါ့။ ခန္ဓာလဲ ရှုံး သူတော်ကောင်း ရတနာတွေလဲ ရှုံးပေါ့။ ဘာကြောင့် အရှုံးကြီးရှုံးရပါလိမ့်။ သစ္စာသိတဲ့ ဉာဏ်မလာလို့။ သစ္စာသိတဲ့ဉာဏ်သာ ဒီခန္ဓာမှာ ကိန်းနေတယ် ဆိုယင် ကိလေသာဝင်ခွင့် မရပါဘူး။ ဝင်ခွင့်မရယင် မလောင်

နိုင်ဘူး။ ကိလေသာကသာ ထွက်ပြေးရတော့တယ်။ မဂ်က အနိုင်ရသွားဘော့ဘယ်။ ဒါကြောင့် မဂ်ဉာဏ်သည် ၁၅၀၀ ကိလေသာမီးတွေကို အကုန်လောင်ပြီး အနိုင်ယူနိုင်ဘယ်။ ဒါ ဒုက္ခသစ္စာပဲကွသို့ ဉာဏ်ကဆုံးဖြတ်ချက်ချ။ ဖြစ်ဒုက္ခ၊ ပျက် ဒုက္ခမှတပါး ခန္ဓာကိုယ်ထဲမှာ ဘာမှမရှိဘူး။ ဒီဒုက္ခ ၂ ခုစလုံး ဘယ်ဒုက္ခမှ မကြိုက်နိုင်ဘူး။ ဒုက္ခမှန်းသိပြီလို့ ဒုက္ခကိုပိုင်းခြား လိုက်ပါ။ သံယုတ်ပါဠိတော်မှာ ဒုက္ခပိုင်းခြားပုံ ဒီလိုလာတယ်။ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာမှတပါး မင်းတို့ခန္ဓာထဲမှာ ဘာမျှ မရှိဘူးတဲ့။

ဒုက္ခကို ကြိုက်နေတာကတော့ ဝိပ္ပလ္လာသ (အသိ အမြင် ဖောက်ပြန်မှု) ကြောင့်ပဲ။ ဝိပ္ပလ္လာသသတ္တိရှိလို့ တဏှာကကြိုက် တာ။ ရှေးကတဏှာကြိုက်လို့ အခုမကြိုက်အောင် သစ္စာတရား အနာခိုင်းနေတာ။ ဒါ ဒုက္ခသစ္စာလို့ ပိုင်းခြား သိကြပါ။ ခင်ဗျားတို့ သန္တာန်မှာ ရုပ်နာမ်ပဲရှိတယ်။ ရုပ်ကလဲ ဖြစ်ပြီး ပျက်တာပဲ။ နာမ်ကလဲ ဖြစ်ပြီးပျက်တာပဲ။ဖြစ်ပျက် ၂-ခုစလုံး ဖြစ်တာလဲ ဒုက္ခပဲ၊ ပျက်တာလဲ ဒုက္ခပဲ၊နာမ်ကလဲဒုက္ခပဲ။ရုပ်ကလဲ ဒုက္ခပဲ။ဘာဝေဝတဗ္ဗ(မဂ်)နဲ့ပွားကြည့်လိုက်တော့ခန္ဓာကိုယ်ထဲမှာ ဖြစ်ပြီးပျက်သွားတာမှတပါး ဖြစ်ဒုက္ခပျက်ဒုက္ခမှတပါး ဘာမှ မရှိဘူးလို့ တွေ့ရမယ်။ ဖြစ်ပျက်ပဲ တွေ့မယ်။ ဒီလိုဖြစ်ပျက်တွေ (မြင်) လာယင် ရုပ်နာမ် ၂—ခုထွင် တခုခုကိုပဲ လိုက်ပြီး ရှုလိုက်။ ရုပ်နာမ် ၂—ခုက အချင်းချင်း မှီနေတာဖြစ်တော့ တခုပျက်တာမြင်ယင် ကျန်တခု ပါသွားတာပဲ။ ဒီတော့

ဖြစ်ပျက်ကိုမြင်အောင်ကြည့်၊ ဆက်ကြည့်၊ ဆက်ရှု၊ ဖြစ်ပျက်မုန်းလာအောင်ကြည့်၊ ရှု။ ဖြစ်ပျက်မုန်းလာလို့ ဒီဒုက္ခသစ္စာကြီးတော့ မလိုချင်တော့ပါဘူးဆိုယင် ဒုက္ခသစ္စာချုပ်ပြီ။ သမုဒယသစ္စာလဲ ချုပ်ပြီ။ သည် ၂ ခုချုပ်သွားယင် နိရောဓ= နိဗ္ဗာန်ကိုမြင်တော့တာပဲ။ ဖြစ်ပျက်ဆုံးယင် နိဗ္ဗာန်ရောက်ပြီ။ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်။

## ၂၀။ ဒုက္ခသစ္စာ၏ ဝိပရိဏာမဋ္ဌအနက် (၄)

**ဓမ္မာနုဓမ္မပဋိပတ္တိ**။ ။သောတာပန်တည်ခြင်း၏ အကြောင်း ၄-ပါးရှိတယ်။ ဒီ ၄-ပါးက (၁) ကလျာဏမိတ္တ=သူတော်ကောင်းနဲ့ ပေါင်းမှု (၂) သူတော်ကောင်းတရား နာမှု (၃) သူတော်ကောင်းတရားကို နှလုံးသွင်းမှု (၄) ဓမ္မာနုဓမ္မပဋိပတ္တိ = သူတော်ကောင်းတရားအားလျော်စွာ တရားကို ကျင့်မှု။ ဒီ ၄-ချက်ကို လုပ်ဆောင်ယင် သောတာပန်တည်နိုင်တယ်လို့ အင်္ဂုတ္တိုရ်မှာ ဘုရားကဟောထားတယ်။ ဒီတော့ သောတာပန်တည်ချင်လို့ရှိယင် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ဟာ အရေးကြီးတယ်။ ဓမ္မာနု=ဓမ္မအားလျော်စွာ၊ ဓမ္မပဋိပတ္တိ=ဓမ္မကိုကျင့်ကြံအားထုတ်မှု၊ ပဋိပတ္တိဆိုတာ အကျင့်ကိုပြောတာ။ ဒီတော့ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဓမ္မသဘောကို ဓမ္မသဘောနဲ့ ကြည့်ပါလို့ပြောတာ။

ဓမ္မဆိုတာက နာမ်တွေလဲဓမ္မပဲ၊ ရုပ်တွေလဲဓမ္မပဲ၊ ဒီရုပ်နာမ် ဓမ္မတွေဟာ အမြဲဖောက်ပြန် ပျက်စီးနေတာပဲ။ ဖောက်ပြန် ပျက်စီးနေတာကို အမြဲပြကြတယ်။ ဒီလို ရုပ်နာမ်ဓမ္မတွေက အမြဲဖောက်ပြန် ပျက်စီးနေတာကို ပြလို့ရှိယင် ဒီကညာဏ်က (မဂ္ဂင် ၅-ပါးက) အဲဒီ ဖောက်ပြန်ပျက်စီးနေတဲ့ ရှေ့ဓမ္မ၏ (ရှေ့ရုပ်နာမ်ဓမ္မ၏) သဘောကို နောက်ဓမ္မက (နောက်ကညာဏ်က) နေပြီး ကြည့်ပေးပါတဲ့။ ဒီလို ဓမ္မာနုဓမ္မပဋိပတ္တိ ကျင့်မယ်ဆိုယင် ဒီဘဝမှာ သောတာပန် တည်ရမယ်လို့ အင်္ဂုတ္တိုရ်က ၄-ချက်ပြတဲ့အထဲမှာ ဒါအရေးကြီးဆုံးအချက်ပဲ။

ခင်ဗျားတို့ခန္ဓာကြီးဟာ ဓမ္မသဘော မပြောတဲ့အချိန်ရယ်လို့ မရှိဘူး။ အမြဲပြောနေတာပဲ။ ဒါပေမယ့် ခင်ဗျားတို့က မကြည့်ဘူး။ ပြောတဲ့အချိန်တိုင်း လိုက်ကြည့်ပါ။ ပြောတာကဖြင့် မရေတွက်နိုင်ဘူး၊ မရေတွက်နိုင်အောင်ပြောနေပေမယ့်၊ကြည့်မှုကမရေတွက်နိုင်အောင် မကြည့်ပဲနေသောကြောင့် ကိလေသာ ခပ်သိမ်း ရုပ်သိမ်းတဲ့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန် မရောက်တာ။ ဒါဖြင့် ဓမ္မကပြောတိုင်း မကြည့်တာသည် နိဗ္ဗာန်မရခြင်း၏ အကြောင်းပဲလို့မှတ်။ ဓမ္မကိုကျင့်ယင် သောတာပန်ဖြစ်မယ်။ မကျင့်မိတဲ့အတွက် သောတာပန်မဖြစ်တာ။ သည်ဓမ္မဟာ နာမ်ဓမ္မကြည့်ကြည့်၊ ရုပ်ဓမ္မကြည့်ကြည့်၊ ကြည့်လိုက်တိုင်းဟာ အဲဒီ ဓမ္မထဲမှာ ဖောက်ပြန်ပျက်စီးနေတာ တွေ့ရမှာပဲ။ ဒါဟာ ဓမ္မရဲ့ ဖောက်ပြန် ပျက်စီးနေတာကို သိတာလို့မှတ်။ ဒီလိုသိယင် ဒီဓမ္မကိုငင်တွယ်တဲ့ တဏှာဟာ အခွင့်မရတော့ဘူး။

အခုတော့ ဓမ္မရဲ့ ဖောက်ပြန် ပျက်စီးနေတာကို (ဝါ) ဖောက်ပြန်ပျက်စီးနေတဲ့ ဓမ္မကို မကြည့်မိလို့၊ ဝိပဿနာဉာဏ်နဲ့ မကြည့်မိလို့ ငါနာတယ် ငါကိုက်တယ်ဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ ကြည့်နေတာ၊ သမ္မာဒိဋ္ဌိနဲ့ မကြည့်မိဘူး၊ ဒါကြောင့် မဂ္ဂင်နဲ့ဝေးနေတာ။ တရားနာပြီး ကျင့်ရမယ့် အလုပ်ကဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်ပဲ။ ဒီတော့ ရုပ်နာမ်ဓမ္မတို့၏ ဖောက်ပြန်ပျက်စီးတဲ့သဘောကို ဝိပဿနာဉာဏ်မျက်စိနဲ့ ကြည့်ပေး။ ဒီလို ဓမ္မာနုဓမ္မပဋိပတ္တိနဲ့ ကြည့်ပေးလို့ရှိယင် **သစ္စဉာဏ်**

ဖြစ်တယ်။ သစ္စဉာဏ် ဖြစ်လို့ရှိယင်၊ **ကိစ္စဉာဏ်** နောက်က လိုက်ရလိမ့်မယ်၊ ကိစ္စဉာဏ်လိုက်လို့ရှိယင် **ကတဉာဏ်**ဟာ အလိုလို ရောက်သွားမှာပဲ။

**ဝိပရိဏာမဋ္ဌနှင့် ကိစ္စဉာဏ်။** ။ကဲ....ကိစ္စဉာဏ်ကို ရှေးဦးစွာ ပြမယ်။ ဝိပရိဏာမဋ္ဌော=ပင်ကိုယ်သဘောအားဖြင့် ဖောက်ပြန်ပျက်စီးတတ်တဲ့သဘော၊ ရုပ်နာမ်အစုဖြစ်တဲ့ လက်ရှိခန္ဓာကြီးဟာ အမြဲပဲ ဖောက်ပြန်နေတယ်။ ခင်ဗျားတို့ လက်ရှိ ခန္ဓာကြီးထဲ၌ တရားနာယင်းမတ္တာနဲ့ စိတ်အမျိုးမျိုးပြောင်းသွားတယ်၊ ရုပ်အမျိုးမျိုးပြောင်းသွားတယ်။ ဒီလို နာမ်အမျိုးမျိုး ရုပ်အမျိုးမျိုး ပြောင်းနေပုံကို သတိထားပါ၊ သတိထားပြီး ပြောင်းနေတဲ့ဆီကို ဉာဏ်ရောက်သွားပြီဆိုယင်၊ ဩော်.... ရုပ် နာမ်တွေဟာ ဖြစ်ပြီး ပျက်သွားပါလားဆိုတာ တွေ့မယ်၊ သိမယ်။ ဒီလို ဉာဏ်က ခန္ဓာကိုယ်ထဲမှာ တည့်တည့်ပြီးပေး လိုက်ယင် တရားအပြီး နာပြီးတဲ့အဆုံးမှာ ကိစ္စပြီးနိုင်ရာယ် လို့မှတ်။

ရုပ်နာမ် ခန္ဓာကြီးဟာ အမိဝမ်းခေါင်းထဲက ထွက်လာ ကတည်းက ဇရာ၊ မရဏ (အို-သေ)ကို ရွက်ပြီး ထွက်လာ ခဲ့တာ။ ဇရာမရဏကို ယူဆောင်လာခဲ့လို့ ခန္ဓာ ၅-ပါးဟာ ဝိပရိဏာမဋ္ဌဖြစ်ရရှာတယ်။ ဖောက်ပြန် ပျက်စီးရရှာတယ်။ ရုပ်နာမ် ခန္ဓာကြီးကို ဝိပဿနာဉာဏ်နဲ့ စိုက်ကြည့်လိုက်တဲ့အခါ ကျတော့ ရုပ်နာမ် ၂-ပါးစလုံးဟာ ဇရာမရဏ ဒဏ်ချက်နဲ့ အချိန်မရွေး ဖောက်ပြန် ပျက်စီးနေတာကို တွေ့ရတယ်။ ဇရာ

မရဏာသည် ခန္ဓာထဲမှာမွေးကတည်းက တခါတည်း ပါလာသောကြောင့် ခန္ဓာ ၅-ပါးသည် ဝိပရိဏာမ သဘောလည်း တခါတည်းပါလာတော့တာပဲ။ ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ။ (ဖောက်ပြန်ပျက်စီးတတ်တဲ့လက္ခဏာသည်ဒုက္ခသစ္စာ) ဆိုသောကြောင့် ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ=ဆင်းရဲတာအမှန်ပဲ။ ဒီလိုခန္ဓာကြီးကိုဒုက္ခသစ္စာလို့သိယင် သစ္စဉာဏ်ရပြီ။ခန္ဓာကြီးကိုဉာဏ်နဲ့စိုက်ကြည့်လိုက်တဲ့အခါ ရုပ်နာမ်ခန္ဓာကြီး (ဝါ)ခန္ဓာ ၅-ပါးဟာ ခဏခဏ ဖောက်ပြန် ပျက်စီးနေပါလား။ ဖောက်ပြန်ပျက်စီးတတ်တဲ့ ကိစ္စသာ ရှိပါလားလို့သိယင်၊ ဒီသိတဲ့ဉာဏ်ဟာ ကိစ္စဉာဏ်ပါပဲ။ ကိစ္စဉာဏ်ပြီးယင် ကတဉာဏ် ရောက်တာပဲ။ ကတဉာဏ်ဆိုတာ မဂ်ဉာဏ်ကိုပြောတာ။

ဒီတော့ ကတဉာဏ် (မဂ်ဉာဏ်) ရချင်လို့ရှိယင် ကိစ္စဉာဏ်ရအောင် လုပ်ရမယ်။ ခန္ဓာကိုယ်သဲကို ဉာဏ်နဲ့စိုက်ပြီး ကြည့်ကြည့်ပေးပါ။ ကြည့်ကြည့်ပေးသွားတော့ ခန္ဓာကိုယ်ထဲရှိ ရုပ်ဓမ္မနာမ်ဓမ္မတွေဟာ သူတို့ယူလာခဲ့တဲ့ ဇရာမရဏာ (အိုမှု၊ သေမှု) ဒဏ်ချက်ကြောင့် ဖြတ်ဖြတ် ဖြတ်ဖြတ်နဲ့ ပျက်စီးသွားတာကိုတွေ့ရမယ်။ ရှုတဲ့အခါ ဝေဒနာတလုံးထဲရှုလဲ ဒီကိစ္စဉာဏ်နဲ့ရှု။ သညာတလုံးထဲရှုလဲ ဒါနဲ့ရှု။ ကာယာနုပဿနာခေါ်တဲ့ ရုပ်ရှုယင်လဲ ဒါနဲ့ပဲရှု။ စိတ်ရှုလဲ ဒါနဲ့၊ ကိစ္စဉာဏ်နဲ့ရှုပေး။ ဒီလိုရှုပေးလို့ရှိယင် မိမိခန္ဓာကြီးဟာ ဝိပရိဏာမကိစ္စ=ဖောက်ပြန် ပျက်စီးတဲ့ ကိစ္စမှတပါး ဘာကိစ္စမှ မရှိဘူး။ ဒီတော့ ခန္ဓာ ၅-ပါးဟာ ဝိပရိဏာမ=ဖောက်ပြန်ပျက်စီးခြင်းကိစ္စရှိတယ်။ ဇရာမရဏာဒဏ်ချက်နဲ့ ရုပ်နာမ်တွေ

ပျောက်ပျက်သွားတာကို ဒီကအသိနဲ့= ဝိပဿနာ မဂ်ဉာဏ်နဲ့ လိုက်ပေး။ ဒီလို ခန္ဓာ ၅-ပါး၏ ဖောက်ပြန်ပျက်စီးနေတာကို သေသေချာချာမြင်ယင် ကိစ္စဉာဏ်ရပြီမှတ်။

**ကတဉာဏ်။** ။ကိစ္စဉာဏ်ပြီးယင် ကတဉာဏ် ရောက်တာပဲ။ ကတဉာဏ်ရောက်တော့ ခင်ဗျားတို့ကိုယ်တိုင်ပဲ ခန္ဓာမရှိတဲ့နေရာ (နိဗ္ဗာန်)ကို မြင်ရမယ်။ မြင်တော့ ဩော်-ဒီနေရာက အသေလွတ် ဇရာမရဏတို့ မရောက်နိုင်တဲ့ နေရာပါလားဆိုတာကို ကိုယ်တိုင်အားထုတ်ပြီး ကတဉာဏ်ရယင် မြင်ရ ပါ လိမ့် မယ်။ ဝိပဿနာ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှာ ကိစ္စဉာဏ်ဆုံးသွားယင် ခန္ဓာချုပ်သွားမယ်။ ဒါကြောင့် ခန္ဓာချုပ်အောင်ကြည့်ရမယ်။ ခန္ဓာချုပ်သွားတော့ အဲဒီခန္ဓာချုပ် - ဒုက္ခချုပ်တဲ့နေရာမှာ သုခ နိဗ္ဗာန်လာမယ်။ ကတဉာဏ်ရယင် ခန္ဓာချုပ်=ဒုက္ခချုပ်တဲ့ နိရောဓ=နိဗ္ဗာန်ကိုမြင်ရပြီ၊ မျက်မှောက်ပြုရပြီ။ နိရောဓဆိုတာ ဒုက္ခချုပ်ငြိမ်းပြီး သန္တိသုခ=အေးငြိမ်းချမ်းသာမှုရှိတာကိုပြောတာ။ ဥပမာ-လက်မောင်းမှာအနာပေါက်တယ်၊ ဆေးကုလို့ ပျောက်သွားတော့ အနာမရှိတော့ဘူး။ ဒီမှာသဲ ထို့အတူပဲ။ နဂိုက ဒုက္ခနဲ့ဆက်သွယ်နေတာ ဝိပဿနာမဂ်ဉာဏ် ဆေးနဲ့ ကုလိုက်လို့ရှိယင် အကုန်ပျောက်တာပဲ။ ဥဒါန်းပါဠိတော်မှာ အတ္ထိဘိက္ခဝေ နိဗ္ဗာနံ (ရဟန်းတို့ နိဗ္ဗာန်ဆိုတာကေန်ရှိတယ်) လို့ ဟောထားတော့၊ နိဗ္ဗာန်ဟာ ကေန်ရှိ တကယ်ရှိ။ ဒုက္ခနဲ့ ဆက်သွယ်တာသာ မရှိတာ။ ဒုက္ခနဲ့ဆက်သွယ်တာကတော့ ဇီဇရာမရဏနဲ့ ဆက်သွယ်တဲ့ ရုပ်နာမ်ပဲ။ နိဗ္ဗာန်ဟာ ဇရာမရဏနဲ့

မဆက်သွယ်တော့ဘူး။ ကတညာဏ်နဲ့ကြည့်ယင် မြင်ရတယ်။ ဘုရားက နိဗ္ဗာန်ရှိတယ်လို့ ဟောထားပြီ၊ ခင်ဗျားတို့က မယုံဘူး။ ဒီကိစ္စညာဏ်ကို ရအောင်လုပ်ပြီး ကတညာဏ်ရသွားယင် နိဗ္ဗာန်ရှိတာကို သေသေချာချာ မြင်မယ်လို့မှတ်။

အဲဒီတော့ အိုတာရှိယင် မအိုရာ၊ နာရာရှိယင် မနာရာ။ သေရာရှိယင် မသေရာရှိတာပေါ့။ အပူရှိယင် အအေးရှိတယ်၊ ဒါကြောင့် ကတညာဏ်ရအောင် လုပ်ကြည့်။ကတညာဏ်ရချင်ယင် ကိစ္စညာဏ်ကို အယင်လုပ်။ ကိစ္စညာဏ်ဆိုတာ ခန္ဓာ ၅–ပါး၏ ခဏခဏ နိုပ်စက်နေတာကို သိတဲ့ညာဏ်ပဲ။ ခန္ဓာ ၅-ပါးကို ကိစ္စညာဏ်နဲ့ ကြည့်ကြည့်ပြီးသွားတော့၊ ဒီခန္ဓာကြီးကိုဖြင့် မကြည့်ချင်တော့ပါဘူး၊ မရချင် – မလိုချင်တော့ပါဘူး ဆိုတာ လာမယ်။ လာယင် သမုဒယချုပ်တယ်။ သမုဒယဆိုတာ ခန္ဓာ ၅-ပါး=ဒုက္ခ၏ဖြစ်ကြောင်းတဏှာပဲ။ သမုဒယ=တဏှာ ချုပ်သွားယင် ဒုက္ခလဲ ချုပ်သွားတာပဲ။ မကျန်ရစ်တော့ဘူး။ မီးငြိမ်းသွားယင် အပူပျောက်ရသလိုပဲ။ မီးက သမုဒယသစ္စာနဲ့ တူတယ်။ အပူကတော့ ဒုက္ခသစ္စာနဲ့တူတယ်။ သူတို့ ၂ ခု မီးနဲ့အပူပျောက်သွားတဲ့အခါ အေးတဲ့သတ္တိပဲ ကျန်ရစ်တော့ တယ်။ဒီတော့ ကတညာဏ်ဆိုတာ မီးနဲ့အပူ ငြိမ်းပြီ အေးပြီပေါ့။ ဒီဒုက္ခနဲ့ဝဋ် ကျွတ်ပေပေါ့လို့ သိတဲ့ညာဏ်ပဲ။

အချုပ်။ ။**သစ္စညာဏ်** ကတော့ ဘုန်းကြီးဟောတာနဲ့ ရပါတယ်။ **ကိစ္စညာဏ်** ကတော့ ခင်ဗျားတို့ ပွားယူမှရမယ်၊ ပွားလိုက်ယင်ရတယ်။ ကိစ္စညာဏ်နဲ့ ပွားတဲ့အခါကျတော့ ရုပ်နာမ်ခန္ဓာကြီးဟာ ပျက်နေတာပဲ။ ဘယ်ခန္ဓာဖြင့်ဖြစ် ပျက်

မှာပဲ။ အတိတ်ကလဲ ဒီလိုချည်းပဲ။ အခုလဲ ဒီလိုပဲ။ နောင် အနာဂတ်လဲ ဒီလိုနေမှာပဲ။ ဒီ **ခန္ဓာ**ခင်တဲ့ တဏှာကုန်ယင် **ခန္ဓာချုပ်**တာပဲ။ ခန္ဓာခင်တဲ့တဏှာရှိယင် ခန္ဓာရမှာပဲ။ ဒီတော့ ဒီခန္ဓာခင်တဲ့ တဏှာမရှိတော့ယင် ခန္ဓာချုပ်ငြိမ်း ဒုက္ခသိမ်း၍ အေးငြိမ်းတဲ့နိဗ္ဗာန် ရောက်တော့တာပဲ။ ဒီတော့ နိဗ္ဗာန်ရောက် ချင်ယင် နိဗ္ဗာန်မြင်တဲ့ **ကတဉာဏ်** ရချင်ယင် ကိစ္စဉာဏ်ရအောင် ဖိပြီးအလုပ်လုပ်။ ကိစ္စဉာဏ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဘုန်းကြီးက ဖြစ်ပျက်အရှုခိုင်းတဲ့ အလုပ်ပါပဲ။ ဖြစ်ပျက်ရှု ဖြစ်ပျက်ရှုလို့ သင်ထားတယ်၊ ခိုင်းထားတယ်။ ဖြစ်ပျက်ရှုဖို့ ဝေဒနာတွေသင်ထား စိတ်တွေသင်ထား ရုပ်တွေသင်ထား ကြိုက်ရာရှုလို့ သင်ထားပြီးပြီ။ ဒါတွေဟာ ကိစ္စဉာဏ်ရအောင် သင်ထားတာပဲ။ ကိစ္စဉာဏ် ရင့်သွားလို့ ဒီခန္ဓာကြီး မလိုချင် တော့ပါဘူးဆိုယင် ကတဉာဏ်ဖြစ်ပြီ၊ ရပြီ။ ကိစ္စဉာဏ်က ဖြစ်ပျက် =ဒုက္ခကို အာရုံပြုတယ် မြင်တယ်)။ ကတဉာဏ်က ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို အာရုံပြုတယ် (မြင်တယ်)။ ဒါဖြင့် ခင်ဗျားတို့ ဖြစ် ပျက် မြင်အောင်ရှု။

ဒီတော့ ပထမ ဘုန်းကြီးတာဝန်က **သစ္စဉာဏ်** ရအောင် ပြောပြောရတဲ့အလုပ်။ ခင်ဗျားတို့တာဝန်က **ကိစ္စဉာဏ်**ရအောင် ဝိပဿနာ ပွားများရတဲ့အလုပ်။ ပွားများဖန်များလို့ ကိစ္စ ဉာဏ်ပြီးတဲ့အခါကျတော့၊ ကိစ္စဉာဏ်သာ ဆုံးအောင်လုပ်ခဲ့လို့ ရှိယင် **ကတဉာဏ်** ဟာ အလိုလိုပေါ်မယ်။ ဒီတော့ ကတဉာဏ် ဆိုတာ အားထုတ်ရမယ့်ဉာဏ်မဟုတ်ဘူး၊ ကိစ္စပြီးပြီလို့ သိတဲ့ ဉာဏ်ပဲ။

## ၂၁။ ဝေဒနာနှင့်တဏှာ

ဝေဒနာပစ္စယာတဏှာ (ဝေဒနာကြောင့် တဏှာဖြစ်၏)လို့ ဘုရားကဟောထားတယ်။ ခင်ဗျားတို့ သန္တာန်မှာ ဝေဒနာ သာပေါ်လို့ရှိယင် တဏှာလာမှာပဲတဲ့။ ဘုရားပွင့်ပွင့် မပွင့်ပွင့် ဝေဒနာပစ္စယာတဏှာ....တော့ ရှိနေတာပဲ။ ဒါပေမယ့် ဘုရား မပွင့်ယင် ဝေဒနာပစ္စယာတဏှာ-ချည်းဖြစ်မယ်။ ဘုရားပွင့် တော့ ဝေဒနာနိရောဓာ တဏှာနိရောဓော (ဝေဒနာချုပ်ယင် တဏှာချုပ်တယ်)ဖြစ်နိုင်ဘယ်။ ဒါ ထူးခြားတာပဲ။ ဝေဒနာ နိရောဓာ တဏှာနိရောဓောဆိုတာကလဲ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှ ဖြစ်တာ။ အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်မှာ ဖြစ်ကိုမဖြစ်ဘူး (ဝေဒနာ ပစ္စယာတဏှာ-ပဲဖြစ်မယ်)။

ဝေဒနာဖြစ်ယင် တဏှာလာမယ်။ တဏှာလာလို့ရှိယင် ဒီဘက်က ဉပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏတွေဟာ ပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်း သွားတော့မှာပဲ။ ဒါ နိယာမပဲ၊ ဘုရားပွင့်လို့ ဘုရားရဲ့တရားတော်ကို နာရလို့ ခင်ဗျားတို့ ကျုပ်တို့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ဝေဒနာနိရောဓာ တဏှာနိရောဓော=ဖြစ်နိုင်တယ် ။ဒါ ဘုရားပွင့်ခြင်း၏ ကျေး ဇူးပဲ။ ဘုရားဆီက နည်းရပြီး ကျင့်ယင်တော့ ဝေဒနာနိရောဓာ တဏှာနိရောဓော=ဖြစ်မယ်။ကိုယ့်အိမ်မှာ ဘုရား တရား သံဃာ ကြည်ညိုဘယ် ဆိုတာက **သဒ္ဓါ** ပြဋ္ဌာန်းတယ်။ဝိပဿနာအလုပ် လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ **ပညာ** ပြဋ္ဌာန်းတယ်။ ဒီအလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ သဒ္ဓါပဲပြဋ္ဌာန်းနိုင်တယ်။ ပညာယံ သဒ္ဓေါ

လောကသို့ (လောက ၃-ပါး၌ ပညာသည်သာ တရားတကာ တို့ထက်အမြတ်ဆုံး)လို့ ဘုရားကဟောတယ်။ဘာ့ကြောင့် ပညာ အမြတ်ဆုံး ဖြစ်ရတာလဲ။

တခြားတရားတွေ မဖောက်ထွင်းနိုင်တဲ့ အဝိဇ္ဇာတဏှာထု ကြီးကို ပညာက ဖောက်ထွင်းနိုင်တယ်။ ကျန်တဲ့တရားတွေက မဖောက်ထွင်းနိုင်ဘူးတဲ့။ဒါကြောင့် ရှိသမျှတရားတကာတွေထဲ မှာ ပညာဟာအမြတ်ဆုံးလို့မှတ်။ ဒါဖြင့် ဝေဒနာနိရောဓာ= ဝေဒနာမရှိတာကိုမြင်ပါမှ တဏှာနိရောဓော=ဆိုတဲ့ မဂ်ဉာဏ် လာမယ် = ပဋိစ္စသမုပ္ပါဒ်ပြတ်မယ်လို့ ဘုရား က ဟော ထား တယ်။ ဝေဒနာချုပ်တာကိုမြင်တဲ့ ဝိပဿနာမဂ်ပေါ်လာတော့ မှ တဏှာနိရောဓာ = ဖြစ်တယ်။နို့ မ ဟုတ် ယင် မ ဖြစ် ဘူး။ သေသေချာချာရှုလို့ ဝေဒနာဖြစ်ရာက ချုပ်ပျောက်သွားတော့ မှ ဝေဒနာချုပ်ပျောက်သွားရာကိုမြင်လိုက်မှ တဏှာနိရောဓ= ဖြစ်မယ်။ ဝေဒနာနိရောဓ = မမြင်တဲ့ပုဂ္ဂိုလ်မှာ တဏှာ နိရောဓမဖြစ်။ဒါဖြင့် ဝေဒနာနိရောဓ ဖြစ်အောင်အလုပ်လုပ်မှ ရမယ်လို့မှတ်။

**ဝေဒနာရှု။** ။ဝေဒနာက ခန္ဓာကိုယ်ထဲမှာသုခပေါ်ပေါ် ဒုက္ခပေါ်ပေါ် ဥပေက္ခာပေါ်ပေါ် ရှုလိုက်လို့ ပျောက်ပျက်တဲ့ နိရောဓကို နောက်ကရှုတဲ့ဉာဏ်က မြင်ပါမှ တဏှာနိရောဓဖြစ် တယ်။ (ဒါအလုပ်သဘောပဲ) နို့မဟုတ်ယင် ဝေဒနာဖြစ်တိုင်း တဏှာကလာမှာပဲ၊ ဒါဖြင့် ဝေဒနာပေါ်တုန်း ပေါ်ဆဲကို နိရောဓမြင်အောင် ကြည့်ရလိမ့်မယ်။ ဝေဒနာနိရောဓ=မြင်တဲ့

မဂ်လာယင် တဏှာနိရောဓဖြစ်ပြီ။ ဒီနေရာမှာ (ဝေဒနာနဲ့ တဏှာကြားမှာ) မဂ်မလာဘူးဆိုယင် တဏှာ ဥပါဒါန် ကံတွေ ဖြစ်မှာပဲ။ ဒါဖြင့် တဏှာချုပ်အောင် ဘယ် လို လုပ် မ လဲ။ ဝေဒနာကို ရှုရှုပေး။ ကြပ်ကြပ်ရှုပေး။ ရှုပြီး ဝေဒနာ ချုပ်တာ မြင်အောင်ရှုနိုင်တဲ့ အလုပ်လုပ်။ ချုပ်ပြီ ချုပ်ပြီလို့ နောက်ကမြင်နေမယ်ဆိုယင် တဏှာချုပ်နေဘာပဲ။ ဝေဒနာ ချုပ်တာ မြင်မြင်နေတဲ့ပုဂ္ဂိုလ်ဟာ တဏှာချုပ်တာပဲ။ တဏှာ ဟာ ပေါ်ခွင့်မရပဲနဲ့ချုပ်သွားတော့ တဏှာနိရောဓော–နိဗ္ဗာန် ဖြစ်တာပဲ။ သံယုတ်မှာ ဒီတိုင်းလာတယ်။

**ဝေဒနာချုပ်တော့ တဏှာချုပ်**။ ။တ ဏှာ ချုပ် တော့ နိဗ္ဗာန်လာတာပဲ။ တဏှာသာစွန့် နိဗ္ဗာန်ရပြီလို့ ဘုရားကဟော တယ်။ ဒီတော့ ဝေဒနာကိုကြည့်ကြည့်ပေး (ရှုရှုပေး)။ ကြည့်တဲ့အခါ မဂ္ဂင် ၅-ပါးက ဝေဒနာကိုမြင်တယ်။ နောက် ဝေဒနာနဲ့ မတွေ့စေနဲ့။ ချုပ်တာချည်း တွေ့နေပစေ။ဝေဒနာ တွေ့နေယင် တဏှာလာဦးမယ်။ ချုပ်တာနဲ့တွေ့တော့ တဏှာ မလာတော့ဘူး။ တဏှာချုပ်ယင် နိဗ္ဗာန်ပဲ။ မဂ်ဉာဏ်နဲ့နိဗ္ဗာန် ကို မြင်တာပဲ။ ဒီတဏှာချုပ်တာကို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တွေနဲ့ မမြင်နိုင်မသိနိုင်ဘူး။ ဉာဏ်နဲ့မှမြင်တယ်၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဥပေက္ခာ ဖြစ်ဖြစ် ဘယ်ဝေဒနာမှ မတွေ့တော့ဘူး။ ဝေဒနာမရှိတာ ချုပ်တာ (နိရောဓ)ကို သိတော့တယ်။ ဒီတော့ မရှိတာက အနိစ္စ (နိရောဓ)။ သိတာက မဂ္ဂ၊ မဂ်လာကတည်းက တဏှာ မလာတော့ဘူး။ တဏှာမလာတော့ ဥပါဒါန်မလာ၊ ဥပါဒါန်

မလာတော့ ကမ္မဘဝမလာ၊ ကမ္မဘဝမှ မလာလို့ရှိယင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတွေလဲ မလာတော့ဘူး၊ ဒီဘက်လာမယ့် ဒုက္ခတွေ ချုပ်သွားတယ်။ ဒါ မဂ်ဝင်လာသောကြောင့် တဏှာသမုဒယချုပ်သွားလို့ ဒုက္ခသစ္စာတွေ ချုပ်သွားရတာ။

ဝေဒနာရှုတဲ့အခါမှာ ဝေဒနာမြင်ရုံနဲ့ မပြီးသေးဘူး။ ချုပ်သွားတာမြင်မှ ပြီးတယ်။ ရှေ့က (ဝေဒနာက)ချုပ်သွားလိုက် နောက်က (မဂ်က) မြင်လိုက်၊ ဒီလိုချည်း လိုက်ပေးတဲ့အခါကျတော့ တဏှာဟာ ချုပ်သွားဘယ်။ ဒါဖြင့် တဏှာချုပ်အောင် လုပ်တဲ့အလုပ်ဟာ သံသရာစခန်းသတ်တဲ့အလုပ် တဏှာမချုပ်စေတဲ့ အလုပ်ကတော့ သံသရာလည်ဘဲ့အလုပ်လို့မှတ်။ သံသရာလည်တာက ဝေဒနာ၊ တဏှာချုပ်အောင်မလုပ်တဲ့ပုဂ္ဂိုလ်၏ လမ်းစဉ်။ သံသရာစခန်း သတ်တာဟာဝေဒနာ တဏှာချုပ်အောင် လုပ်တဲ့ပုဂ္ဂိုလ်၏ လမ်းစဉ်။ ဒီလိုလမ်းစဉ် ၂-မျိုးကွဲသွားတယ်။ ဝေဒနာချုပ်တာ မြင်မှုသည် နိဗ္ဗာန်ရောက်တဲ့ အလုပ်ပဲ။ ဝေဒနာကို နောက်ကသိတာကတဏှာနဲ့သိတာ။ ခံစားလို့ ကောင်းလိုက်တာဆိုတာဟာ တဏှာပဲကိုး။ ဒါဟာ သံသရာရှည်တဲ့အလုပ်ပဲလို့မှတ်။ တဏှာ ဥပါဒါန်ဘဝ ဇာတိ ဇရာမရဏလို့ ဒုက္ခထဲလည်တဲ့ အလုပ်ပဲ။

**တဏှာ၏ဆိုးဝါးယုတ်မာပုံ။** ။အခု သမုဒယသစ္စာဆိုတဲ့ တဏှာ=လောဘ၏ ဆိုးဝါးယုတ်မာပုံကို ပြောတော့မယ်၊ ဘာ့ကြောင့်ပြောရသတုံး၊ ခင်ဗျားတို့က တဏှာကိုမိတ်ဆွေဖွဲ့ထားလို့၊ ဒီအရှယ်ရောက်ယင် လုပ်တတ်ကိုင်တတ်ပြီ၊ ငွေရှာ

တတ်ပြီ၊ လောဘဖြစ်တတ်ပြီ။ လူကြီးတွေကတော့ ကလေးတွေကို နင်တို့က တဏှာလောဘနည်းသေးတယ်၊ ပိုက်ဆံမဝင်သေးတော့ နင်တို့ များများရအောင်ကြိုးစားရမယ် စသည်ဖြင့် သင်ပေးကြတယ်။ ဒါ တဏှာသင်ပေးနေတာပဲ။ ဒီတဏှာလေး ရှိလာတဲ့ ပုဂ္ဂိုလ်ကျတော့ ပစ္စည်းကို ရှာဖွေလာတယ်။ ပစ္စည်းကလေးရမှန်းသိတော့ စွဲလမ်းလာတယ်။ ဒီတော့ တဏှာ ဥပါဒါန် ကမ္မဘဝလာတော့တာပဲ။ ကမ္မဘဝဖြစ်တော့ ဇာတိ ဇရာမရဏဘက် သွားတော့တာပဲ။ လောကီမျက်လုံးနဲ့ ကြည့်လိုက်ယင်တော့ အမေအဖေတွေ အသင်အပြကောင်းတယ်လို့ ဆိုမယ်။ လောကုတ္တရာမျက်လုံးနဲ့ ကြည့်တော့ ဒါဂျောက်တွန်းတာပဲ။

တဏှာရဲ့ ဆိုးသွမ်းပုံကို ပြောနေတာ။ ဒီလို တဏှာဆိုးသွမ်းပုံကို သိမှသာ ခင်ဗျားတို့ သူနဲ့ မပေါင်းချင် မသင်းချင်ဆိုတာ လာမှာ။ ဘုရားက **တဏှာဒုတိယာပုရိသော**=လို့ ပြောထားတယ်။ ခင်ဗျားတို့ တဏှာအပြစ်ကိုမသိသေးသရွေ့ တဏှာနဲ့ နေရတာ ပျော်နေမှာပဲ။ တယောက်တည်း စိတ်ကူးကလေးနဲ့ပေါ့၊ နက်ဖြန် ဟိုက ဘယ်လောက်ရမယ်၊ ဘယ်သွားယင် ဘယ်လိုအမြတ်ထွက်မယ်ဆိုပြီး ဒီလိုနဲ့စိတ်ကူးကလေးနဲ့ ပျော်နေကြတာ၊ တခါတလေ အကြောင်းမညီညွတ်လို့ တဏှာ့သဘောအတိုင်း ဖြစ်မလာဘူးဆိုယင်၊ ဒေါသနဲ့ နှစ်ယောက်ထဲများ ရန်ဖြစ်နေကြသေး။ ဒေါသ နဲ့ ခန္ဓာ ရန်ဖြစ်ကြတယ်။ ခင်ဗျားတို့က အခါကောင်းပြန်တော့ " **လောဘ** " နဲ့ အဖော်လုပ်။ အခါမကောင်းပြန်တော့လဲ " **ဒေါသ** " နဲ့

အဖော်လုပ်။ ဒီ ၂-ခုနဲ့ အဖော်လုပ်နေရာမှာလဲ မောဟက တွဲလျက်ပါနေတာပဲ။ဘုရားက တဏှာဖြတ်ခန်းဟောနေတယ်။ ခင်ဗျားတို့က တဏှာနဲ့ မိတ်ဆွေဖွဲ့နေတယ်။ ဒါ ဘုရားကို ဂွတိုက်တာပဲ။

ဝေဒနာပစ္စယာတဏှာ=ဟာ နေရာမရွေးဘူး။ သွားယင်း လာယင်းလဲ တယောက်နဲ့တယောက်ဖြစ်ဖြစ် ကိုယ့်စိတ်ကူး ကလေးနဲ့ကိုယ်ဖြစ်ဖြစ် တဏှာဟာဖြစ်နေတာပဲ။ အိပ်ရာထဲမှာ နေယင်း တဏှာနဲ့အဖော်လုပ် နေတာလဲ ရှိတာပဲ၊ ဒါကြောင့် ဘုရားက တဏှာနဲ့သာ အဖော်လုပ်နေလို့ရှိယင် ဘယ်တော့မှ သံသရာကမထွက်ပါဘူးတဲ့၊ တဏှာအဖော်လုပ်တဲ့ ပုဂ္ဂိုလ်ဟာ သံသရာရှည်တော့မှာပဲ၊ ဟိုဘဝ ဒီဘဝနဲ့ ကူးနေမှာပဲတဲ့။ အို နာ-သေ ကွဲ မွဲဆိုတဲ့သံသရာကြီးကို ကျော်မသွားနိုင်ဘူးတဲ့။ ဘုရားက သုတ္တနိပါတ် သံယောဇနသုတ်မှာ ဟောထားတယ်။ ဒါ တဏှာအဖော်လုပ်မိလို့ ဒုက္ခတွေပြီး သံသရာရှည်နေတာ။ ခင်ဗျားတို့ကတော့ ရရာရကြောင်းကလေးမှ စိတ်မကူးရလို့ရှိ ယင် ခြောက်တောက်တောက်ကြီး ဖြစ်နေတယ်။ ပျင်းလာ တယ်။ စိတ်ပျက်လာတယ်။ ငွေကလေး မှန်မှန်ဝင်ဝင်နေတဲ့ ပုဂ္ဂိုလ်ရဲ့မျက်နှာကိုကြည့်၊ ပြုံးနေတာပဲ။ ဒါ တဏှာနဲ့အဖော် လုပ်တာ။ အကြောင်းမညီညွတ်လို့ ငွေမဝင်ဘူးဆိုယင် ပျင်း တယ်တဲ့။ လူပေါင်းတော့မှားပေါ့။ လူပေါင်းမှားလို့ ဒုက္ခ ရောက် သံသရာရှည်ရပေါ့။ အို နာ သေဘေးတွေ အပါယ်
၁၂ ဘေးတွေနဲ့ သံသရာထဲက ထွက်တော့မှာ မဟုတ်တော့ဘူး။

ဘယ်သူ့ကြောင့် အဲဒီတဏှာနဲ့ အဖော်လုပ်ဖြစ်တာတုံး။ ဟောဒီ ကောင်းကောင်းကလေးဆိုတဲ့ **သုခဝေဒနာလေးကို** ကြိုက်တာနဲ့ တဏှာဖြစ်နေတာ။ **သုခဝေဒနာဟာတဏှာရဲ့ ရေသောက်မြစ်ပဲ**။ ချမ်းသာချင်လို့ လိုချင် ရချင်တာ ရှိနေတာပဲ။ မချမ်းသာချင်တဲ့ ပုဂ္ဂိုလ်မှာ လိုချင် ရချင် မရှိပါဘူး။ ဒါဖြင့် တဏှာကိုမကြောက်နဲ့။ သုခဝေဒနာကိုကြောက်ပါ။ ဒီတော့ သုခဝေဒနာ=ချမ်းသာတာဝမ်းထဲမှာ (ဟဒယဝတ္ထုပေါ်မှာ) ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်သာရှုစမ်းပါ။ ရှုယင်တဏှာအဖော်မလာတော့ဘူး။ တဏှာမလာယင် သံသရာပြတ်ပြီ။ နိဗ္ဗာန်ရောက်ပြီ။ ဒီတဏှာအကြောင်း ကောင်းကောင်းသိယင်သူ့ကို ပေါင်းသင်းတော့မှာ မဟုတ်တော့ဘူး။

တဏှာနဲ့မပေါင်းချင်အောင် ဟောရမှာပဲ။ တဏှာဟာ ဘာလုပ်တတ်တုံး။ သူ့လုပ်ငန်းကိစ္စ ဘာတုံး။ တဏှာဟာ သမုဒယသစ္စာပဲ။ သမုဒယသစ္စာဟာ ဒုက္ခဖြစ်ကြောင်းပဲ၊ ဒါဖြင့် တဏှာဟာ အလွန်ဒုက္ခပေးတတ် နှိပ်စက်တတ်တဲ့ တရားအစစ်ပဲ။ တဏှာဟာ ခင်ဗျားတို့ရဲ့ ငယ်ပေါင်းဖြစ်တယ်။ ပဋိသန္ဓေ တည်လာကတည်းက သူနဲ့လာခဲ့တာကိုး။ ကြီးတော့လဲ မခွဲကြဘူး။ သူနဲ့သာအဖော်လုပ်ပြီး နေခဲ့ကြတယ်၊ ဒီနေ့တော့ ငယ်ပေါင်း၏ အမြဲနှိပ်စက်တတ်တဲ့သတ္တိကို အကုန်ဟောရမှာပဲ။ ငယ်ပေါင်းကိုထိတော့ ငယ်ပေါင်းနဲ့ ခွဲရတော့မယ်ဆိုတော့ ခင်ဗျားတို့ မျက်ရည်များ ကျမလား မပြောတတ်ဘူး။

တဏှာ နာမည်က သမုဒယသစ္စာတဲ့။ သမုဒယဆိုတာ ဖြစ်ကြောင်း။ ဒုက္ခဖြစ်ကြောင်း၊ သစ္စာက မှန်တာ။ ခင်ဗျားတို့ ဒုက္ခရောက်အောင် မကောင်းအောင် ဆိုးသွမ်းယုတ်မာအောင် သူ့ထက်မှန်အောင် လုပ်နိုင်ဘဲ့တရား မရှိဘူး။ တဏှာက မကောင်းမှုသာ လုပ်ရမယ်ဆိုယင် ကျုပ်အလုပ်နိုင်ဆုံးပဲတဲ့။ မကောင်းတဲ့အကြောင်းကို မှန်မှန်လုပ်ဖို့အလုပ်ဟာသူ့ ဝတ္တရားပဲတဲ့။ ဘယ်သူ့မှ ချမ်းသာမပေးဘူး။ မကောင်းတဲ့အလုပ် လုပ်ပေးရမှာ ဘယ်အခါမဆို မှန်မှန်လုပ်နိုင်တဲ့တရားပဲ။ နဲနဲမှ မတိမ်းဘူး။ ပြီးတော့ သူကလဲ လူမိုက် မိုက်တဲ့နေရာမှာ ၂-ယောက်မရှိဘူး။သူဝင်လာပြီဆိုယင် မကောင်းတာဟူသရွေ့ မိုက်မိုက်ကန်းကန်းလုပ်တော့တာပဲ။မကောင်းတဲ့ အလုပ်တွေဟူသရွေ့ သူ့လက်ရာချည်းပဲ။ မကောင်းတဲ့ ဆိုးကျိုးတွေ ဒုက္ခတွေဟူသရွေ့ သူ့လက်ရာချည်းပဲ။ ဒီတော့ ဝမ်းထဲ သူဝင်လာတယ်ဆိုယင် ဒါဂြိုဟ်ဝင်တာပဲ။ သူ့လက်ခံထားယင် ဂြိုဟ်မွှေတော့မယ်သာမှတ်။ ခင်ဗျားတို့ကလဲ ဒီဂြိုဟ်ကလေးနဲ့မှ အတူနေချင်တာ။ သူ့အဖော် မလုပ်ရယင် ပျင်းတယ်တဲ့။ ဒီတော့ခင်ဗျားတို့က ရန်သူကို မိတ်ဆွေမှတ်ပြီးပေါင်းနေတော့ မကောင်းတာ ဆိုးတာဟူသရွေ့ ဒုက္ခဟူသရွေ့ အကုန်တွေ့ရတော့တာပဲ။ ဒါကြောင့် ခင်ဗျားတို့ ဒုက္ခရောက်တာ သနားစရာမဟုတ်ဘူး၊ ဘာဖြစ်လို့၊ ဖျင်းလွန်း အ့လွန်း....လို့။

သမုဒယ (တဏှာ) ဆိုယင် ဘယ်သမုဒယမှ ကောင်းတယ်လို့ မပြောနိုင်ဘူး။ နတ်ပြည်တောင့်တတဲ့တဏှာလဲ ကောင်းတယ်လို့ မပြောနိုင်ဘူး။ ဗြဟ္မာ့ပြည်ကြိုက်တတ်တဲ့ တဏှာလဲ

ကောင်းတယ်လို့မပြောနိုင်ဘူး။ နတ်ပြည်တောင့်တတဲ့တဏှာကြောင့် နတ်ဒုက္ခရမှာ၊ ဗြဟ္မာ့ပြည်တောင့်တတဲ့တဏှာကြောင့် ဗြဟ္မာ့ဒုက္ခရမှာ။ လူ့ပြည်တောင့်တတဲ့တဏှာကြောင့် လူ့ဒုက္ခရမှာ၊ သားတွေငါးတွေစားချင်တဲ့တဏှာကြောင့် သားတွေ ငါးတွေသတ်စားလို့ရှိယင်အပါယ်ဒုက္ခရမှာ။ဒီတဏှာကိုတော့ သတ်မှတော်မယ်။ ချမ်းသာပေးလို့ မဖြစ်ဘူးလို့ စိတ်မွေးထားမှဖြစ်မယ်။ တဏှာဆိုတာ လောဘပဲ။ ဒီတော့ လောဘလေးပေါ်တိုင်း သမုဒယလေး အဆိုးတရားလေး ပေါ်လာတယ်လို့သိပေးပါ။ ဒီလိုသိယင် သမုဒယသစ္စာကိုသိတယ်မည်၏။ သမုဒယဆိုတာ ဒုက္ခဖြစ်ကြောင်း၊ သစ္စာဆိုတာ အမှန်၊ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ ကြည့်လိုက်တော့ သမုဒယဟာ ဒုက္ခဖြစ်ကြောင်း အမှန်တခုထဲပဲတွေ့တယ်။ဒုက္ခဖြစ်ကြောင်း အမှန်ဟာ သမုဒယသစ္စာတခုပဲတွေ့တယ်။

တဆောင့်ငါးရာ ကိလေသာဆိုတာ ဘုရားက ဉာဏ်ကျယ်လို့ပြောတာ။ ဒါတွေဟာ တဏှာ၏ အခြံအရံတွေ အကူအညီတွေပဲ။ ဒီတော့ **အဝိဇ္ဇာထက် တဏှာကထက်တယ်** လို့မှတ်ပါ။ သစ္စာနဲ့ဝေဖန်ကြည့်တော့မှ တဏှာက ပိုထက်တာကိုသိရတယ်။ အဝိဇ္ဇာက ဒီလောက်မထက်ဘူး။ သစ္စာ ၄-ပါးဖွင့်ကြည့်တော့မှ ပယ်ရမယ့်တဏှာလဲသူပဲ။သူ့ပယ်ယင် တဖွဲ့ကြီးပါတယ်ဆိုသောကြောင့် သူ ခေါင်းဆောင်ပဲ။ တဏှာက ခေါင်းဆောင်ပဲ။ ခင်ဗျားတို့က တဏှာကို ကြည်ညိုလွန်းလို့ ခေါင်းပေါ်ရွက်ထားတယ်။ သူ့ကို ခေါင်းဆောင်တင်ထား

တယ်။ သူ့ကို အဖေါ်လုပ်နေရတာ သိပ်ပျော်တယ်ဟုတ်လား။ ဘုန်းကြီးက သမုဒယသစ္စာ၏ ဆိုးဝါးပုံ ညစ်ပတ်ပုံကို သိအောင်လို့ ကိစ္စဉာဏ်ကို ဟောပေးနေရတာ။ သူ့ကို ပယ်ချင်စိတ်ပေါ်လာအောင် ဟောပေးရတာ။ သူ့အကြောင်း သူ့ကိစ္စကိုသာ ကောင်းကောင်းသိယင် သူ့ကို သတ်ချင်တယ်ဆိုတာဖြစ်လာမှာ။ သူ့အကြောင်း သူ့ကိစ္စ မသိယင်တော့ သူ့ကိုသတ်ချင်မှာမဟုတ်ဘူး။ အဖော်လုပ်ချင်နေမှာပဲ။

## ၂၂။ သမုဒယသစ္စာ၏ အာယူဟနရသအနက်

တဏှာ=သမုဒယသစ္စာက အာယူဟနရသ အနက်သဘော ရှိတယ်လို့ ဘုရားကဟောထားတယ်။ အာယူဟနရသ ဆိုတာ ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို စုဆောင်း ဆည်းပူးတတ်တဲ့သဘောပဲ။ ဒီ ၂-ခုကို သူကရှက်ဆောင်တတ်တယ်။ ရှက်ဆောင်တတ်တဲ့ ကိစ္စရှိတယ်။ သူက ဒုက္ခဝတ္ထုတွေကို အိမ်သို့ သယ်ပို့ပေးမယ်။ ဒုက္ခမှုတွေကိုလဲ ဘယ်တော့မှ မပြတ်ရအောင် လုပ်ပေးမယ်။ မင်းတို့ အိမ်မှာထိုင်နေလို့လဲမရအောင် ငါလုပ်ပေးမယ်။ ဒုက္ခမှု ဟူသရွေ့ မင်း အလုပ်နဲ့လက်နဲ့ မပြတ်ရအောင် မင်းသေတာ မသေတာ အပထား၊ ဒုက္ခမှုနဲ့တော့ မင်းနဲ့မခွဲရအောင် ငါလုပ် ပေးမယ်တဲ့၊ သူက။ အံမယ်လေး စေတနာကောင်းလိုက်တဲ့ဖြစ် ခြင်း။ ဒုက္ခဝတ္ထုတော့ အိမ်တိုင်ယာရောက် ငါပို့ပေးမယ်၊ အိမ်ကရှိတာတွေဟာ မင်းပစ္စည်းချည်းပဲ၊ မင်းစောင့်ရှောက်၊ ဒါတွေ မီးမလောင်အောင် ချမစားရအောင် မင်းပဲ နေ့တိုင်း ကြည့်၊ဒီလိုချည်းခိုင်းနေမှာပဲ။အိမ်ထဲက ဒုက္ခဝတ္ထု ဒုက္ခမှုတွေ အိမ်ပြင်မှာရှိတဲ့ အမှုကိစ္စကြီးငယ်တွေကို မင်း မအားလပ်ရ အောင်လုပ်။ အိမ်လဲမအားရအောင်၊ ဈေးလဲမအားရအောင် လုပ်ပေးမယ်တဲ့။

ဈေးထဲမှာ ထမင်းမစားဟင်းမစားနဲ့လုပ်ရပြီးအိမ်ကျတော့ နားလိုက်မဟာဆိုပေမယ့် အိမ်မှုကိစ္စတွေလဲ မအားအောင် လုပ် နေတာပဲ။ အိမ်ထဲလဲ မနေနိုင်အောင်၊ အိမ်ထဲနေတော့လဲ မအားမနားရအောင် ဒုက္ခဝတ္ထု ဒုက္ခမှုတွေပေးမယ်တဲ့၊ သူက။

ဒီတော့ တဏှာလောဘဟာ ဂြိုဟ်ပဲဟေ့။ ဂြိုဟ်ဆိုးပဲ။ မင်းဒုက္ခရောက်ဖို့ ဒုက္ခဝတ္ထုတွေကို သူ သယ်ပေးမယ်။ အိမ်ရောက်လို့ရှိယင် ဒီပစ္စည်းတွေကို ရေတွက်မှုနဲ့ မအားရအောင် လုပ်ပေးမယ်-တဲ့၊ ဒီပစ္စည်းက အိမ်သယ်ရမှာ၊ ဒီပစ္စည်းက ဒီမှာ ထားရမှာ။ ပြင်ဘက်ဒုက္ခမှုတွေကိုလဲ ပေးမယ်၊ ဟို မိတ်ဆွေ ဒီ မိတ်ဆွေတွေနဲ့ဆက်သွယ်၊ ပေါင်းသင်းတန် ပေါင်းသင်း၊ ပေးတန်ပေး ကျွေးတန်ကျွေး၊ ဒီလိုဒုက္ခမှုတွေကိုလဲ မအားရအောင် တဏှာကလုပ်ပေးတယ်။ အိမ်မှာ မအားရအောင် ဒီပစ္စည်းတွေနဲ့ ချိန်ရတွယ်ရ မှတ်ရ စာရင်းချုပ်ရတာတွေလဲ တဏှာ=သမုဒယရဲ့သတ္တိပဲ။ အိမ်ထဲမအားရသလို အိမ်ပြင်ထွက်တော့လဲ ပြင်ဘက်အမှုတွေနဲ့ ဘယ်တော့မှ မပြတ်အောင်လွှဲပေးတာပဲ။ တဏှာက။

တဏှာ့အကြောင်း ကောင်းကောင်း ထိုးထွင်း၍ သိယင် မင်းတို့ နိဗ္ဗာန်ရောက်မယ်တဲ့၊ ဘုရားက သုတ္တနိပါတ်မှာ ဟောထားတယ်။ တဏှာအကြောင်း ကောင်းကောင်း မသိယင် တဏှာအဖေါ်လုပ်ယင် သံသရာလည်တယ်။ နိဗ္ဗာန်မရောက်နိုင်ဘူးတဲ့။ တဏှာအကြောင်း ကောင်းကောင်းသိဖို့အရေးဟာ ကိစ္စညာဏ်နဲ့မပြောလို့ရှိယင် မသိနိုင်ဘူး။ သူ့ကိစ္စဆိုးပုံကို အကုန်ဖေါ်ထုတ်ရမယ်။ ဖေါ်ထုတ်ပြီး သူ့ကို ဝိပဿနာညာဏ်နဲ့ သတ်ပစ်ရမယ်။ ခင်ဗျားတို့ တမြို့လုံး အငြိမ်မနေနိုင်အောင် လုပ်နေတာဟာ ဒီ တဏှာတခုတည်းပဲ။ ဒီ တမြို့လုံး အုပ်ချုပ်နေတာ သူဘယောက်ထဲပဲ။ ဘယ်သူမှ မအားရဘူး။ တဏှာခိုင်းသလိုလုပ်နေရတာပဲ။ တဏှာဖြစ်ချင်တိုင်း ဖြစ်နေရတာပဲ။

မင်းတို့ ၃၁–ဘုံမှာ ဘယ်ဘုံကမှ မထွက်နဲ့။ မင်းတို့ကို ငါထင်သလို ကြိုးဆွဲနေမယ်ဆိုပြီး ဘယ်သူမှ အလုပ်နဲ့ လက်နဲ့ မပြတ်ရအောင် ဒုက္ခနဲ့ မပြတ်ရအောင် တဏှာက လုပ်ထားတယ်။

တဏှာက အကုသိုလ်မှုတွေမှာ ထင်သလိုချယ်လှယ်တယ်။ တဏှာရဲ့ တိုက်တွန်းမှုကြောင့် ကြွယ်ဝချမ်းသာချင်ကြတဲ့ပုဂ္ဂိုလ်တွေဟာ အကုသိုလ်ဒုစရိုက်မှုတွေကို တွင်တွင်ကြီးလုပ်ရကြတယ်၊ မင့်သားမယား ကောင်းကောင်း ဝတ်နိုင် စားနိုင် နေနိုင်ဖို့အရေးဟာမင်းတာဝန်ပဲလို့တဏှာကမြှောက်ပေးတယ်။ အကုသိုလ်နေရာမှာ မပြောနဲ့။ ကုသိုလ်ပြုတဲ့နေရာမှာတောင် သူက ငင်ရှုပ်သေးတယ်။ သံသရာမှာ မဆင်းရဲရအောင် ပေးကြကမ်းကြဆိုတာ တဏှာကခိုင်းတာ။ ဒီတော့ သတ္တဝါတွေ ၃၁–ဘုံ အတွင်းမှာ ထက်အောက်စုန်ဆန်–လှည့်ပတ် ဖြစ်နေအောင် တဏှာကလုပ်တယ်။ ၃၁–ဘုံမှ ထွက်သွားမှာတော့ သူက အလွန်စိုးရိမ်တယ်။ ကုသိုလ်ပြုတဲ့နေရာမှာ သံသရာကောင်းစားရေးကို ဘမ်းပြုပြီး အလုပ်ခိုင်းတယ်၊ သံသရာမှ လွတ်မြောက်စေမယ့် ကုသိုလ်မျိုးကျတော့ သူက ကန့်ကွက်တယ်။

ဒီတော့ တဏှာဦးစီးတဲ့ ကုသိုလ်ဟူသရွေ့ဟာ ဒုက္ခပဲ အကျိုးပေးမှာပဲ။ တဏှာပါတဲ့ ကုသိုလ်တွေဟာ ဘာကြီးပဲ လုပ်နေနေ ဒုက္ခပဲ ပြန်ရမှာပဲ။ ဒုက္ခမှလွတ်မှာမဟုတ်ဘူး။ အလှူပေးတော့မယ်ဆိုယင် တဏှာအာရုံအပြုဆုံး–အခင်ဆုံး–အနီးစပ်ဆုံးပုဂ္ဂိုလ်က အယင်ဆုံးပေါ်လာတယ်။ ဘယ်ဘုန်းကြီး

မပင့်ယင် မကောင်းဘူး။ ဘယ်လူမဖိတ်ယင် မကောင်းဘူးနဲ့ တဏှာက ရှေ့ကဝင်လာပြန်တယ်။ ကုသိုလ်ပြုပြီးတော့လဲ လူချမ်းသာ နတ်ချမ်းသာ ဖြစ်ရပါလို၏ဆိုတော့ ဝဋ္ဋဒုက္ခပဲ တဏှာနဲ့ဆုတောင်းတယ်။ ဝဋ္ဋဒုက္ခမှကျွတ်ပြီး နိဗ္ဗာန်ရောက်ရပါလို၏လို့ ဆုမတောင်းကြဘူး၊ ဒီတော့ ကုသိုလ်အလုပ်ထဲ တဏှာကဝင်ဦးတာကို ခင်ဗျားတို့ မသိလိုက်ကြဘူး။

တဏှာက ခင်ဗျားတို့အတွက် ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကိုသာ စုဆောင်းပေးတာမဟုတ်ဘူး။ ခင်ဗျားတို့ ဒုက္ခရောက်ကြောင်း ဖြစ်တဲ့ ကုသိုလ် အကုသိုလ်ကံတွေကိုလဲ မပျောက်ပျက်အောင် သူက သိမ်းဆည်းထားတယ်။ ခင်ဗျားတို့ပြုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာတွေဟာ ဖြစ်ပြီးယင် ချုပ်ပျောက်သွားတာပဲ။ ဒါပေမယ့် နောင်အကျိုးပေးဖို့အတွက် ဒီစေတနာတွေရဲ့သတ္တိကို ပျောက်မသွားအောင် တဏှာက သိမ်းထားတယ်။ နောက်နောက်က ဘဝများစွာသံသရာက ခင်ဗျားတို့ ပြုခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံတွေဟာ မရေတွက်နိုင်ဘူး။ ဒီ ကံတွေ အကျိုးမပေးရသေးသရွေ့ ပျောက်ပျက်မသွားရအောင် တဏှာက စုသိမ်းထားတယ်။ တဏှာက စုသိမ်းထားလို့ပေါ့၊ ဒီကုသိုလ်အကုသိုလ်ကံတွေဟာ သံသရာမှာ ကောင်းကျိုးဆိုးကျိုးတွေ ပေးနေနိုင်တာ၊ ဒုက္ခတွေမပြတ်အောင် ပေးနိုင်တာ။ တဏှာမရှိတဲ့ပုဂ္ဂိုလ်မှာကျတော့ အဲဒီ ကုသိုလ် အကုသိုလ်တွေဟာ ဝဋ္ဋဒုက္ခအကျိုးမပေးတော့ဘူး၊ အဟောသိကံဖြစ်သွားတယ်၊ ဒါကြောင့် **တဏှာ ချုပ် ယင် ဒုက္ခ ငြိမ်း တယ်** လို့ ပြောတာ။

ကုသိုလ်လုပ်တဲ့ အခါမှာ နိဗ္ဗာန်ကို တကယ်လိုချင်ယင် ဤ— ကုသိုလ်ကောင်းမှုကြောင့်နိဗ္ဗာန်ရရပါလို၏လို့တိုက်ရိုက်တောင်း လိုက်ပါလား။ မဟုတ်ဘူး။ နိဗ္ဗာန်မရမီ စပ်ကြားကပါလိုက်သေး။ နိဗ္ဗာန်မရမီ စပ်ကြားဆိုယင် တဏှာပါပြီသာမှတ်။ နိဗ္ဗာန်ရရပါလို၏ဆိုယင် တဏှာမပါဘူး။ ကုသိုလ် စိတ် သက်သက်နဲ့တောင်းတာ၊ သဒ္ဓါဆန္ဒနဲ့တောင်းတာ၊ နိဗ္ဗာန် မရမီစပ်ကြား ဆိုကထဲက တဏှာအသံသာ မှတ်ပေရော့။ စပ်ကြားပါယင် တဏှာက ကြိုက်ပြီ။ နိဗ္ဗာန်ဆိုယင် သူက ကန့်ကွက်ပြီ။ ဝဋ်လည်မယ့်အလုပ်တွေကျတော့ သူက သဘော ကျတယ်၊ အားပေးတယ်။ နေရာတကာမှာ တဏှာနဲ့ပေါင်း နေလို့ ခင်ဗျားတို့ မဂ်ဖိုလ်မရတာ နိဗ္ဗာန်မရောက်တာ။ ဉပုသ်ရက်ရှည် သွားစောင့်တော့မယ်ဆိုယင် သွား တော့ သွား တာပေါ့တဲ့။ ဒီမှာ လုပ်စရာတွေကနိမ့် စိတ်အေးလက်အေးနဲ့ သွားတာပေါ့တဲ့။ အရေးမကြီးယင် မပြန်ခဲ့နဲ့တဲ့။ ဒီလို ၂-ဘက် သွားလုပ်တာ တဏှာက။ တော်တော်ကြာ အရေးကြီးတာက လာဦးမှာ။ ရှေ့က အရေးကြီးတာတွေနဲ့၊ နောက်ကအရေး ကြီးတာတွေနဲ့ဆိုတော့ ဉပုသ်ရက်ရှည်တောင် မစောင့်ဖြစ်ပါ ဘူး။ ဒါကြောင့် အိမ်ကထွက်မယ်ကြံယင် မလွယ်ဘူးဗျ။ ပြန်မယ်ကြံယင်သာလွယ်တာ။ တဏှာက အတင်းပြန်ခေါ်တာ ကိုး။ အိမ်ကနေပြီး ကျွန်တွင်းက လွတ်ကင်းတဲ့ဆီ သွားမယ် ကြံဘော့ ဆိုင်းပါဦးတဲ့။ တဏှာက။

**အချုပ်။** ။**တဏှာဆိုတာ ဝေဒနာက လာတာ။** သုခ ဝေဒနာက လာတာ။ လောကီအာရုံတွေ သာယာလို့ တဏှာ

ဖြစ်လာတာ။ ဒီတဏှာကိုလက်ခံယင် ခင်ဗျားတို့ ဒုက္ခရောက်ပြီ သာမှတ်။ ယခု ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ မခွဲသာအောင် လုပ်ထားတာသဲ တဏှာပဲ။ ဒုက္ခရောက်ကြောင်းကံတွေကို မပျောက်ပျက်အောင် စုသိမ်းထားတာလဲ တဏှာပဲ။ ဒီလို တဏှာရဲ့ ဆိုးယုတ်ပုံ သူ့ကိစ္စတွေကို ကိစ္စညာဏ်နဲ့သိမှသာ ကတညာဏ်ရမယ်။ ကတညာဏ်ရမှ နိဗ္ဗာန်ရောက်မယ်။ ဒီတော့ တဏှာမလာအောင်လုပ်ရမယ်။ တားရမယ်။ ဘယ်လိုတားရမလဲ။ တဏှာဖြစ်လာယင် ဝင်လာယင် သူ့ကို ဖြစ်ပျက်-ဝိပဿနာမဂ်နဲ့ ရှုရမယ်။ ဖြစ်ပျက်ရှုလိုက်ယင် တဏှာချုပ်သွားတယ်။ တဏှာနိရောဓ ဖြစ်သွားတယ်။ တဏှာ နိရောဓ ဖြစ်အောင် တဏှာကို ကိစ္စညာဏ်နဲ့ အပြန်ပြန်ရှုပေး။ တဏှာကို ကိစ္စညာဏ်နဲ့ အပြန်ပြန်ရှုမှ သူလူဆိုးမှန်းသိမှ သူ့ကိုမုန်းမှာ၊ အဝင်မခံမှာ၊ နှင်ထုတ်မှာ၊ ချေမှုန်းပစ်မှာ။ ချေမှုန်းပစ်လို့ တဏှာသေယင် နိဗ္ဗာန်ရောက်ပြီမှတ်။ သူ့ မတော်လှန်ယင် တဏှာ့ကျွန်ဘဝမှ မထွက်ရတော့ဘူးမှတ်။

## ၂၃။ ဝေဒနာနုပဿနာ

တဏှာ=သမုဒယဆိုတာ သတ္တဝါတွေအား ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို တခုမကျန် တရံမစဲ အမြဲပေးအပ်ဆောင်နှင်း တတ်တဲ့ သဘောရှိတယ်။ ဒီတော့ တဏှာ = သမုဒယဟာ တရားတကာတို့တွင် အဆိုးဆုံးတရားပဲ၊ ဒီတရားကို မသတ် နိုင်လို့ရှိယင် ဒုက္ခတွင်းက ဘယ်တော့မှ ကျွတ်လွတ်မှာ မဟုတ် ဘူး။ တဏှာကိုသတ်ချင်ယင် သူ့ကို တိုက်ရိုက်မသတ်ရဘူး။ သတ်လို့ မဖြစ်ဘူး။ သူ့သတ်ချင်ယင် သူ့ ကို ဖြစ် စေ တဲ့ အကြောင်းတရားကို သတ်ရမယ်။ အကြောင်းသတ်မှ အကျိုး သေမှာကိုး။ ဝေဒနာပစ္စယာတဏှာတဲ့။ ဝေဒနာကြောင့် တဏှာဖြစ်တာတဲ့၊ ဘုရားက ဟောတယ်။ ဝေဒနာနိရောဓာ တဏှာနိရောဓော=ဝေဒနာချုပ်မှ တဏှာချုပ်မယ်တဲ့။ ဘုရား က ဟောပြန်တယ်။ ဒါကြောင့် တဏှာချုပ်ချင်လို့ရှိယင် တဏှာ၏အကြောင်းဖြစ်တဲ့ ဝေ ဒ နာ ကို ဖြစ် ပျက် ရှု ရ မယ်။ ဝိပဿနာရှုရမယ်။

ဝမ်းထဲမှာ ဝေဒနာပေါ်လာပြီဆိုယင် တဏှာကဝင်ပူး တာပဲ။ သူဝင်လာယင် ဒုက္ခပေးမလို့သာ မှတ်ပေတော့။ အကျိုးဖြစ်တဲ့တဏှာသေအောင် အကြောင်းဖြစ်တဲ့ ဝေဒနာကို သတ်ရမယ်။ အာရုံနဲ့ဒွါရ (အာရုံက ၆ ပါး၊ ဒွါရက ၆- ပါး) တွေ့ဆုံတဲ့အခါမှာ ဝေဒနာတွေပေါ်တယ်။ ဒီလိုတွေ့ တဲ့အခါ မနောဒွါရနဲ့ လှမ်းပြီးသာယာလိုက်တယ်။ အာရုံက သာယာစရာတရား။ ဝေဒနာက ခံစားတာ။ မနောဒွါရထဲက

တဏှာက သာယာတဲ့တရား။ စက္ခုဒွါရနဲ့ ရူပါရုံ (မျက်စိနဲ့ အဆင်း) တွေ့တယ်။ သောတဒွါရနဲ့ သဒ္ဒါရုံ (နားနဲ့ အသံ) တွေ့တယ်။ ဃာနဒွါရနဲ့ ဂန္ဓာရုံ (နှာခေါင်းနဲ့ အနံ့) တွေ့တယ်။ ဇိဝှာဒွါရနဲ့ ရသာရုံ (လျှာနဲ့ အရသာ)တွေ့တယ်။ ကာယဒွါရနဲ့ ဖောဋ္ဌဗ္ဗာရုံ ( ကိုယ်နဲ့ တွေ့ထိဘွယ်ဝတ္ထု ) တွေ့တယ်။ မနောဒွါရနဲ့ ဓမ္မာရုံ ၊ စိတ် နဲ့ အ ကြံ အ စည် သဘော)နဲ့ တွေ့တယ်။ ဒီလို ဒွါရ ၆-ပါးနဲ့ အာရုံ ၆-ပါး တွေ့တဲ့အခါမှာ ခံစားမှုဝေဒနာဖြစ်တယ်။ ပြီးတော့ တဏှာက သာယာတယ်။ ဒီတော့ ဝေဒနာကို မနောဒွါရက ဖြစ်ပျက် ရှုယင် တဏှာမလာနိုင်ဘူး။ ဖြစ်ပျက်မရှုယင် တဏှာကလာ မှာပဲ။

ဝေဒနာကို ဖြစ်ပျက်ရှုယင် (သမ္မာဒိဋ္ဌိ=ပညာ၊ သမ္မာ သင်္ကပ္ပ= သမ္မာဝါယာမ=ဝိရိယ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့) မဂ္ဂင် ၅—ပါး ဝင်လာတယ်။ ဝိပဿနာရှုရာမှာ သမ္မာဒိဋ္ဌိဆိုတဲ့ပညာက ဦးစီးပေမယ့်၊ ဒီ မဂ္ဂင် ၅ ပါးဟာ အမြဲပါတာချည်းပဲ။ ဝိပဿနာဆုံးတဲ့အခါမှာ(သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့)မဂ္ဂင် ၃-ပါးထပ်ပါလာလို့ မဂ္ဂင် ၈—ပါး ပြည့်လာတယ်။ မဂ္ဂင် ၅ ပါးက လောကီ မဂ္ဂသစ္စာ။ မဂ္ဂင် ၈-ပါးက လောကုတ္တရာ မဂ္ဂသစ္စာ။ လောကီ မဂ္ဂသစ္စာမရှိပဲနဲ့ လောကုတ္တရာ မဂ္ဂသစ္စာမဖြစ်နိုင်ဘူး။ တနည်း ပြောရယင် လောကီမဂ္ဂင် ၅-ပါး **ပုဗ္ဗဘာဂမဂ်**=ရှေ့ပြေးမဂ်။ လောကုတ္တရာမဂ္ဂင် ၈-ပါးဆိုတာ **ပစ္ဆာဘာဂ** မဂ်=နောက်က ဖြစ်တဲ့မဂ်ပဲ။ ဒါကြောင့် ဝိပဿနာမဂ်၊ **လောကီမဂ်** ဟာ

ပုဗ္ဗဘာဂမဂ် (မဂ်အတု)လို့ ခေါ်ပြီး၊ လောကုတ္တရာမဂ် အစစ်ကတော့ ပစ္ဆာဘာဂမဂ်လို့ ခေါ်တယ်။ ဒီတော့ ဝိပဿနာ လောကီမဂ်၊ ပုဗ္ဗဘာဂမဂ်မဖြစ်ပဲနဲ့ မလုပ်ပဲနဲ့၊ လောကုတ္တရာမဂ်အစစ်=ပစ္ဆာဘာဂမဂ်ဆိုတာ မပေါ်နိုင်ဘူးလို့ မှတ်ပါ။

လက်တွေ့နားလည်ရမှာကတော့ ဝေဒနာပေါ်တယ်။ပေါ်လာတဲ့ဝေဒနာကြီးကို ဖြစ်ပျက်ရှုပြီး၊ ဝေဒနာမရှိတာ= ချုပ်ပျောက်သွားတာကို သိအောင်လုပ်။ ဝေဒနာကို ဖြစ်ပျက်ရှုလို့ ဝေဒနာချုပ်တာ–မရှိတာကိုသိယင် လောကီမဂ်ပေါ်ပြီ။ ဖြစ်ပြီ။ ဒီ လောကီမဂ်ပေါ်ယင် တဏှာမပေါ်ဘူး။ ဒီတော့ ဒီ လောကီမဂ်ဟာ တဏှာ မလာအောင် တားနိုင်တယ်။ လောကီမဂ်က တဏှာမလာအောင် တားရုံသာ တားနိုင်တာ။ အမြစ်ပြုတ်အောင် တခါထဲသေသွားအောင် နောက်ထပ် မပေါ်အောင်တော့ မလုပ်နိုင်သေးဘူး။ ဒီ လောကီမဂ်ရင့်လာလို့ မဂ္ဂင် ၈-ပါးစလုံးပေါ်ပြီးလောကုတ္တရာမဂ်ပေါ်တော့မှတဏှာ အမြစ်ပြုတ်တာ။ ဝေဒနာကို ဖြစ်ပျက်ရှုယင် ဟဒယဝတ္ထုပေါ်မှာ မဂ္ဂင် ၅ ပါးပေါ်နေတယ်။ ဒီမဂ္ဂင် ၅–ပါး ဝိပဿနာမဂ်ဟာ ဝေဒနာကိုဖြစ်ပျက်ရှုလို့ တဏှာမလာအောင် ချုပ်အောင် လုပ်နိုင်တယ်ဆိုတော့၊ သတ္တိဟာ မသေးဘူး။အတော်ထက်မြက်တယ်။ သူ့ထက် ထက်မြက်တဲ့ လောကုတ္တရာမဂ်အစစ်ကျတော့ တဏှာဟာ တခါထဲသေသွားတယ်။နောက်မရှုလဲ မပေါ်တော့ဘူး။ လောကီဝိပဿနာမဂ်ကတော့ ရှုတုန်းသာ တဏှာမပေါ်အောင် လုပ်နိုင်တာ။ မရှုတဲ့အခါ တဏှာပြန်ပေါ်တာပဲ။ ဒါကြောင့် ဝေဒနာကို ဖြစ်ပျက်ရှုလို့ ဝေဒနာချုပ်ချုပ်သွား

တာတွေ့ယင် မြင်ယင် တဏှာမလိုက်တော့ဘူး။ ဒီ ဖြစ်ပျက်ဝိပဿနာရှုနေတုန်းမှာ တဏှာဟာ တဒင်္ဂ=တခဏ တော့ ချုပ်သွားတယ်။ သမုစ္ဆေဒအနေနဲ့ အမြစ်မပြတ်သေးဘူး။ ဒီတော့ လောကီမဂ်က တဏှာကို တားရုံတင်တားနိုင်ပြီး၊ လောကုတ္တရာမဂ်က အသေသတ် အမြစ်ဖြတ်နိုင်တယ်လို့ မှတ်ပါ။

**ဝေဒနာ ၃-မျိုး။** ။အာရုံနဲ့ ဒွါရ တိုက်ဆိုင်တဲ့အခါ ဝေဒနာဟာ ၃-မျိုးပေါ်နိုင်တယ်။ ကောင်းတဲ့ခံစားမှုကလေး ပေါ်ယင် **သုခဝေဒနာ**၊ မကောင်းတဲ့ ဆင်းရဲတဲ့ ခံစားမှုကလေး ပေါ်ယင် **ဒုက္ခဝေဒနာ**၊ ကောင်းသည်လည်းမဟုတ်၊ မကောင်းသည်လည်းမဟုတ် အလယ်အလတ်ဖြစ်တဲ့ ခံစားမှုကလေးပေါ်ယင် **ဥပေက္ခာဝေဒနာ**၊ ဒီလို ဝေဒနာ ၃-မျိုးပေါ်နိုင်တယ်။ ဒီ ဝေဒနာ ၃-မျိုးထဲက ပေါ်တဲ့ဝေဒနာဟူသရွေ့ ဖြစ်ပျက်ရှုရမယ်။မရှုလို့ရှိယင် သုခဝေဒနာပစ္စယာတဏှာ၊ဒုက္ခဝေဒနာပစ္စယာဒေါသ၊ ဥပေက္ခာဝေဒနာပစ္စယာမောဟ ဆိုတော့ သုခဝေဒနာမရှုယင် **တဏှာ**လာမယ်။ ဒုက္ခဝေဒနာ မရှုယင် **ဒေါသ** လာမယ်။ ဥပေက္ခာဝေဒနာမရှုယင် **မောဟ** လာမယ်။ ဒီလို ဆဆက္ကသုတ်မှာ ဘုရားကဟောထားတယ်။ ဒီ တဏှာ၊ ဒေါသ၊ မောဟတွေဟာ ပဋိစ္စသမုပ္ပါဒ်အကြောင်းတရားတွေပဲ။ အကြောင်းတရားဟူသရွေ့ သမုဒယချည်းပဲလို့မှတ်။

ဒီတော့ (၁) သုခဝေဒနာကို ဖြစ်ပျက်ဝိပဿနာမရှုလို့ တဏှာလာယင် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏ ဆက်သွားမယ်။ (၂) ဒုက္ခဝေဒနာကို ဖြစ်ပျက်မရှုလို့ ဒေါသ

လာယင် သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿတွေ လာမယ်။ (၃) ဥပေက္ခာဝေဒနာကို ဖြစ်ပျက်မရှုလို့ မောဟ=အဝိဇ္ဇာ လာယင် သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်ဘက် လှည့်သွားမယ်။ တဏှာ၏ ရှေ့ဆောက်မြစ်ဟာ ဝေဒနာပဲ။ ဒေါသ၏ ရှေ့သောက်မြစ်လဲ ဝေဒနာပဲ။ မောဟ = အဝိဇ္ဇာ ဆိုတဲ့ ကိလေသာတွေမလာရအောင် ဝေဒနာကို ဖြစ်ပျက်ရှုရမယ်။ ဝိပဿနာမဂ်နဲ့ ရှုရမယ်။

ဒီလိုရှုလို့ (၁) သုခဝေဒနာကိုရှုယင် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာမရဏတွေမလာတော့၊ ပဋိစ္စသမုပ္ပါဒ်ဟာ အလယ်ကပြတ်သွားတယ်။ (၂)ဒုက္ခဝေဒနာကိုရှုယင် သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿတွေမလာတော့၊ ပဋိစ္စသမုပ္ပါဒ်ဟာ အဆုံးနားက ပြတ်သွားတယ်။ (၃) ဥပေက္ခာဝေဒနာကိုရှုယင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်တွေ မလာတော့၊ ပဋိစ္စ သမုပ္ပါဒ် အစကပြတ်သွားတယ်။ တနည်းပြောရယင် (၁)သုခ ဝေဒနာရှုယင် သံသရာစခန်းအလယ်က ပြတ်တယ်။ (၂) ဒုက္ခ ဝေဒနာရှုယင် အဆုံးနားကပြတ်တယ်။ (၃) ဥပေက္ခာဝေဒနာ ရှုယင် အစကပြတ်တယ်။ ဒါဖြင့် ဝေဒနာကို ဖြစ်ပျက်ရှုတဲ့ အလုပ်သည် ပဋိစ္စသမုပ္ပါဒ်(ဝါ)သံသရာစခန်းပြတ်တဲ့အလုပ်လို့ မှတ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခင်ဗျားတို့ သံသရာတလျှောက်လုံး ပြေးနေတဲ့ အဝိုင်းပြေးပုံကို ပြောတာ။ ဒီတော့ သုခဝေဒနာ နောက်က တဏှာကိုမသတ်နိုင်ယင်၊ ဒုက္ခဝေဒနာနောက်က ဒေါသကို မသတ်နိုင်ယင်၊ ဥပေက္ခာဝေဒနာနောက်က မောဟ=အဝိဇ္ဇာကို မသတ်နိုင်ယင်၊ မင်းတို့ ဒီဘဝ နိဗ္ဗာန်

ရောက်မှာ မဟုတ်ဘူးတဲ့ ဘုရားက ဆ ဆက္ကသုတ်မှာဟောထား တယ်။ ဝေဒနာကို ဝိပဿနာမဂ်နဲ့ ဖြစ်ပျက်ရှုလို့ အဲဒါတွေ သတ်နိုင်ယင် ဖြတ်နိုင်ယင် နိဗ္ဗာန်ရောက်မယ်တဲ့။

ဒါကြောင့် နိဗ္ဗာန်ရောက်ချင်ယင် ဝေဒနာကို ဖြစ်ပျက်ရှု၊ ဝေဒနာကိုသတ်။ ဝေဒနာနဲ့တဏှာမှာ ဝေဒနာသတ်မလား၊ တဏှာသတ်မလားဆိုတော့ အကျိုးဖြစ်တဲ့ **တဏှာကိုသတ်မနေ** နဲ့။ တဏှာ၏ဖြစ်ကြောင်း - ရေသောက်မြစ်ဖြစ်တဲ့ **ဝေဒနာကို သတ်ပါ**။ ဒါကြောင့် ဝေဒနာနုပဿနာကို အမြဲလုပ်။ ဝေဒနာ ကို အမြဲဖြစ်ပျက်ရှု။ နေ့တိုင်းရှု-အမြဲရှု။ ခင်ဗျားတို့ခန္ဓာကိုယ် ကြီးဟာ တရွေ့ရွေ့နဲ့ အမြဲပဲ သုသာန်ကိုသွားနေတယ်။ ဒီတော့ သုသာန်သွားနေယင်း ဝေဒနာကိုအမြဲရှု။ ဝိပဿနာ အလုပ် လုပ်။ သုသာန်သွားယင်းလုပ်တော့ ဒီ တ ခါ သာ သုသာန်သွားရမယ်။ နောက်တော့ သွားဖို့မလိုတော့ဘူး။ သုသာန်သွားယင်းမှ မလုပ်တော့ပါဘူးဆိုယင် ဒီသုသာန် ပြန်ရောက်ဦးမှာပဲ။ ဒါကြောင့် သုသာန် သွား ယင်း လုပ်။ သူများအသုဘတွေ သုသာန်သွားပို့ပြီး စကားတပြောပြောနဲ့ ထီးဆောင်းပြန်လာတာတွေကများတယ်။ ကိုယ်လဲ ဒီသုသာန် တနေ့ရောက်ရမှာပါလားလို့ တ ရား နှ လုံး မ သွင်း ကြဘူး။ ခင်ဗျားတို့လဲ သုသာန်ရောက်လုနီးနေပြီ။ ဒီတော့ အိုခြင်းဆိုး၊ **နာခြင်း** ဆိုး၊ သေခြင်းဆိုးမှ လွတ်ချင်ယင် ဝေဒနာကို အမြဲ ဖြစ်ပျက် ရှုပေတော့။

## ၂၄။ သမုဒယသစ္စာ၏ နိဒါနဌအနက် (၂)

အခုဟောမယ့်တရားက သမုဒယသစ္စာ၏ နိဒါနဋ္ဌ အနက်သဘောပါပဲ။ နိဒါနဋ္ဌော=တဏှာသမုဒယ ကိန်းနေတဲ့ ပုဂ္ဂိုလ်အား ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို တခုမကျန် တရံမစဲ နားခွင့်မရအောင် အမြဲပေးအပ် ဆောင်နှင်းတတ်သည့် အနက်သဘော။ ဒါ သမုဒယရဲ့သဘောပဲ။ အမေတယောက်ကိုကြည့်ပါ၊ သူ့သားသမီးနဲ့ စားစရာမရှိတော့ အရောင်းအဝယ်သွားယင်း လာယင်းသာ ခွဲရမယ်၊ ခွဲချင်တဲ့စိတ် မရှိဘူး။ ဒီကလေး ကျင်ကြီးကျင်ငယ် ထွက်လာယင် တကျုံးထဲကျုံးချင်တယ်၊ နှပ်ကလေး ထွက်လာယင် ညှစ်ပေးချင်တယ်။ တခါသည်း သူ့အညစ်အကြေးတွေ ဟုသရွေ့ အကုန်လုပ်ချင်တဲ့ဆန္ဒဟာ မခွဲချင်တဲ့ဆန္ဒပဲ။ ဒုက္ခတွေနဲ့မခွဲချင်တဲ့ဆန္ဒပဲ။ မထားခဲ့ချင်ဘူး။ ဝမ်းရေးက အရေးကြီးလို့ စိတ်လက်မကောင်းပဲနဲ့ ထွက်သွားရတာ။ သူ ပြုရမယ့် ဒုက္ခတွေကို မပြုရလို့ရှိယင် သူ မကျေနပ်၊ မိဘတာဝန် မကျေဘူးတဲ့။ ဒါ သမုဒယရဲ့ သတ္တိပဲ။ သမုဒယကလေး ဝမ်းထဲရောက်လာယင်၊ ကိန်းရာပုဂ္ဂိုလ်အား ဒုက္ခဝတ္ထု၊ ဒုက္ခမှုတွေကိုသာ ပေးမှာပဲ။ ကိန်းရာပုဂ္ဂိုလ်ကို သူက အမြဲ နှိပ်စက်မှာပဲ။ ဘုရား ရဟန္တာတွေကျတော့ သူမရှိတော့တဲ့အတွက်၊ သူ့ကို ပယ်ထားတဲ့အတွက် ဒုက္ခဝတ္ထု ဒုက္ခမှုတွေကို မပေးတော့ဘူး။

သူ့အကြောင်း ကောင်းကောင်းသိယင် မုန်းလာမယ်။ မသိယင်တော့ သူ့ကိုကြည်ညိုနေမှာပဲ။ သူ့ကြောင့်ပဲ နေ့မအား၊

ညမအား၊ သူခိုးဘေး၊ မီးဘေးတွေကြားထဲက အသက် အသေခံပြီးတော့ ပစ္စည်းဝင်လုတဲ့အခါလဲ ပါသေးတယ်။ နင်လုပ်တာ မီးလောင်ခံပြီးယူပေါ့၊ ရေထဲပုပ်နေလို့ ဘယ်ရမတုံးတဲ့၊ သူကတွန်းတာ။ နင်သေတာ ငါ့တာဝန်မဟုတ်ဘူး၊ ခိုင်းတာ ငါ့တာဝန်တဲ့။ သနားတဲ့စိတ် နဲနဲမှ မပါဘူး။ သူက ဂျောက်တွန်းတဲ့တရား သက်သက်ပဲ။ ခင်ဗျားတို့ကတော့ သူမရှိယင်ပျင်းတယ်။ သူရှိယင်ပျော်တယ်တဲ့။ ဒါကြောင့် ဒုက္ခဝတ္ထု ဒုက္ခမှုတွေဟာ ခင်ဗျားတို့ သည်းခြေကိုက်ဖြစ်နေတာ။ သမုဒယဟာ ပဟာတဗ္ဗ=ပယ်ရမယ့်တရား။ သူက ဒုက္ခဝတ္ထု ဒုက္ခမှုတွေ အကုန်ပေးတတ်တဲ့ကိစ္စ ရှိတယ်။ သူ့ကိစ္စကိုသိမှသာ သူ့ကိုပယ်ချင်တဲ့ မဂ်ဉာဏ်လာမှာ။ သူ့ကိစ္စ မသိယင် မပယ်ချင်ဘူး။ သူ့ကို မုန်းတီးခြင်း မရှိသေးယင် ဖက်ထားမှာပဲ။ သူ့ကို အဖော်လုပ်နေလို့ ခင်ဗျားတို့ မဂ်ဖိုလ်မရတာ။ သမုဒယ အဖော်မရှိတဲ့အခါ **ဉာဏ်ကိုအဖော်လုပ်ရမှာ**။ အခုတော့ သူမရှိယင် ဒေါသကိုအဖော်လုပ်နေတယ်။ လောဘဒေါသနဲ့ပဲ အဖော်လုပ်နေတယ်။

သမုဒယတန်ခိုးဟာ သိပ်ကြီးတယ်။ သူက ရော့ ဒုက္ခ၊ ရော့ ဒုက္ခလို့ပေးနေတာပဲ။ ခင်ဗျားတို့ကလဲ ပေးတာ မယူဘူးဟေ့လို့ တခါမှ မလာဘူး။ ပေးတာအကုန်ယူတာပဲ။ သူနဲ့ မခွဲနိုင်တော့ သူနဲ့ပတ်သက်တာ ခံရုံပဲရှိတယ်။ ဒီ မိန်းမနဲ့ မခွဲနိုင်လို့ရှိယင် ဒီ မိန်းမဆွေမျိုးတွေ၊ မိဘမောင်ဖွား တူသားနှောင်မယ်တွေ၊ ဒီမိန်းမနဲ့ ပတ်သက်ဘာတွေ ကြိုးစားပြီး ထောက်ပံ့ပြုစုရစ်ကြပေတော့။ သမုဒယနဲ့ မခွဲနိုင်ယင် သူပေးတဲ့

ဒုက္ခတွေကိုသာ ခါးစည်းခံပေတော့။ သမုဒယဟာ ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေကို ပေးတတ်တဲ့သတ္တိရှိတယ်။ ခင်ဗျားတို့က ခံယူတတ်တဲ့ သတ္တိရှိနေတယ်။ ခံယူတတ်တဲ့သတ္တိမရှိယင် အအေးသားပဲ။ အခုတော့ခင်ဗျားတို့က ကျေးတော်မျိုး ကျွန်တော်မျိုး ပီသလိုက်တဲ့ဖြစ်ခြင်း။ ကျွန်ပီသတော့ ဘယ်ဒုက္ခ ပေးပေး ယူမှာပဲထဲက။ အရောင်းဒုက္ခပေးလဲ ယူ၊ အဝယ်ဒုက္ခပေးလဲ ယူ၊ ချက်ပြုတ်ကျွေးမွေးတဲ့ ဒုက္ခလဲယူ၊ အငတ်ခံ အသေခံ ထောင်ကျခံ ရှာကျွေးရတဲ့ ဒုက္ခလဲယူ၊ သူပေးတဲ့ဒုက္ခ မယူတာကို မပါဘူး။

ဒီ ခန္ဓာကိုယ်ကြီးဟာ ခင်ဗျားတို့ကို သမုဒယကပေးတာပဲ။ မင်းလူ့ပြည်သွားပြီး ဒုက္ခတွေခံလိုက်ဦးကွာတဲ့-သူက နှင်းလိုက်တယ်။ ဒီတော့ လူ့ပြည်သွားပြီး အမိဝမ်းထဲမှာ ကလေး တယောက်ကို ၉-လ၊ ၁၀-လ ထောင်ချလိုက်တယ်။ လူ့ပြည် လိုချင်လို့ရတာ။ ဝမ်းထဲမှာ ရေလဲပြုတ်ရမယ်၊ အစာလဲ ပြုတ်ရမယ်၊ ရေပူသောက် ငရုတ်သီးစားယင် မင်းပူရမယ်၊ လောင်ရမယ်၊ မင်းမလှုပ်နိုင်တဲ့ ဒုက္ခကို ငါပေးမယ်။ စာချုပ်နဲ့ ပေးမှာ။ လူ့ဒုက္ခဟူသရွေ့ ဘာမှမစိုးရိမ်နဲ့၊ ငါအကုန်ပေးမယ်။ မင်းကိုယ်တိုင် ခံစားရစေမယ်။ အကြွေးမဟုတ်ဘူး။ လက်ငင်း ခံစားရစေမယ်။ ဝမ်းထဲမှာ ၉-လကျော် ၁၀ လ လောက် အစာမစားရပဲနဲ့ ငှက်ကောင် ကလေး ဖြစ်ရမယ်။ ခင်ဗျားတို့ တမင်းတနပ်လောက် မစားရယင် ဆူလိုက် ပူလိုက် လုပ်ကြတယ်။ ဟို ဝဋ်ကောင်ကလေးကျတော့ ၉-လ ၁၀-လ စားကို မစားရဘူး၊ ဗိုက်ထဲမှာ မလှုပ်နိုင်အောင် ချုပ်လဲချုပ်

ထားသေးတယ်။ ဒူး၂-လုံးကြား ခေါင်းထားပြီး ခေါင်းပေါ် လက်အုပ်မိုးပြီး ကျုံ့ကျုံ့လေးဆောင့်ကြောင့်ထိုင်နေရတယ်။ ဂုံနီအိတ်နဲ့ ထုပ်ထားသလို ထုပ်ထားတော့ နဲနဲမှ မလှုပ်နိုင်ဘူး။ ဒါ သမုဒယကပေးတဲ့ ဒုက္ခကို ခံနေလိုက်ရတာ။

ဗိုက်ထဲကထွက်လာတော့လဲ သူ့ပေး လူ့ပေးနဲ့ပဲ နေရတယ်။ အငတ်ထားလဲ ခံနေရတာပဲ၊ ရိုက်လဲခံ၊ နေပူထဲ ပစ်ထားလဲခံ၊ သေးတွေချေးတွေထဲ ပစ်ထားလဲ လူးလိမ့်ခံ။ဟုတ်လား။တော်တော်ကြာကျတော့ မင်းဟာမင်း ရှာစားဆိုတော့ ပညာတွေသင်ရ၊ အရောင်းအဝယ်တွေလုပ်ရ၊ကိုယ်ပင်ပန်းစိတ်ဆင်းရဲစွာနဲ့ လုပ်စားရတယ်။ နောက်ကျတော့ ယောကျ်ားဆိုတာမိန်းမ ရှိမှ၊ မိန်းမဆိုဘာ ယောကျ်ားရှိမှ၊ ဒီလိုမှ သင့်တော်မယ်။ မင်းဒုက္ခနဲသေးတယ်။ ဒုက္ခတွေ ထပ်ပေးဦးမယ်တဲ့။သမုဒယကပေးတာ။ ခင်ဗျားတို့ကတော့ ကံကောင်းလို့ အိမ်ထောင်ဖက်ကောင်းရတယ်သို့ ပြုံးလိုက်သေး၊ သူက ဒုက္ခပေးတာလို့ မရိပ်မိဘူး။ အယင်က တဝန်ထမ်း၊ အခုတော့ နှစ်ဝန်ထမ်းဖြစ်လာပြီ။ နောက် တော်တော်ကြာတော့ သားသမီးဝန်တွေပါ ထမ်းရတယ်။ ထမ်းရတာ ပြုံးလို့ဗျ။ သားဦးကလေးများ မွေးလာယင် ပြုံးလိုက်သေး၊ကိုယ့်သားကိုယ့်မယားဆိုတာ ခင်ရတယ်။ လုပ်ကျွေးရတယ်။ မခင်ယင် မင်းတိရစ္ဆာန် ဖြစ်မှာပေါ့တဲ့။ သမုဒယက ပြောဘာ။ဒီတော့ ကိုယ့်လဲခင် သူ့လဲခင်၊ ကိုယ့်ဒုက္ခ သူ့ဒုက္ခတွေ အကုန်သာကုန်းခံရတော့တာပဲ။ ခံရတာတောင် ပြုံးခံတာ။

ရှေးဘဝက တဏှာပေးသမျှကို ဒီဘဝတဏှာက ချော့ပြီး လက်သာခံ၊ လက်သာခံ၊ ဒုက္ခဟူသရွေ့ မင်းချည်းယူဆိုပြီး ပေးတာပဲ။ ဟိုဘဝတဏှာက ပေးတဲ့သဘော။ ဒီ ဘဝ တဏှာက လက်ခံတဲ့သဘော။ ဒီလက်ခံလို့ပေါ့။ ရောက်ရာ ဘဝမှာ ပျော်နိုင်တာ။ ကြက်လို ချေးကျရာ ပျော်တော့တာပဲ။ ရှေးဘဝက တဏှာအရှင်သခင် ပေးတာလဲ လက်ခံ၊ ဒီ ဘဝက တဏှာ အရှင်သခင် ပေးတာလဲ လက်ခံတယ်ဆိုတော့ နှစ်ထပ် ကွမ်းကျွန်ကြီးပေါ့။ ဒါ ခင်ဗျားတို့ရဲ့ ဖြစ်စဉ်၊ တဏှာလိမ် ထားသာက ပိလိုက်တာလွန်ရော။ ပေးတုန်းကလဲ ဒုက္ခပေး ထား။ ဒုက္ခမှန်းလဲ မသိရဘူး။ ယူထားတော့လဲ ဒုက္ခယူထား။ ဒုက္ခရမှန်းမသိအောင် မင်းရထားတာ၊ လူ့ဘဝ တော်သေး သဟေ့။ အရတော်သဟေ့။ တကယ့် ဒုက္ခရထားတာကို တော် သေးတယ်လို့ လုပ်ထားတာကိုး။ ဒီတဏှာဟာ ဘယ်လောက် ဆိုး ဝါးတဲ့တရားတုံး။ ဆိုးပေမယ့် အဟောအပြောကောင်းတော့၊ သူ့ကို သူတော်ကောင်း မိတ်ကောင်းထင်နေတာ၊ ခင်ဗျား တို့က....။

နွားတွေ နွားသတ်သမားလက်ထဲရောက်တော့ မရှူမလှ သေရတယ်။ နွားရိုးတွေ (အမဲရိုးတွေ) ရန်ကုန်ကို ရထားတွဲ တွေပေါ် တင်ထားတာ ဖွေး ဖွေး ဖြူ နေ တာ ပဲ။ အင်္ဂလိပ် လက်ထက်က။ ဒီမှာလဲ သမုဒယ တဏှာ့လက်ချက်ကြောင့် တမြို့လုံး နေ့တိုင်းပို့နေတဲ့မသာတွေဟာ နည်းတာမဟုတ်ဘူး။ ဒါ သမုဒယလက်ချက်ပဲ။ သူ ဆုတောင်းလို့ သူကနေပြီး ဇာတိ

ဘေး ဇရာဘေး မရဏဘေးတွေပေးတာ။ သမုဒယက နွားသတ်သမားထက်ဆိုးသေးတယ်။ တကမ္ဘာလုံး တနေ့ကို ထောင်နဲ့ချီ သတ်နိုင်ဘယ်။ တမြို့လုံး ဆင်ဖြူကန်သင်္ချိုင်းတို့ ရွာဟိုင်း သင်္ချိုင်းတို့ ပုဏ္ဏားကုန်းသင်္ချိုင်းတို့ သွား ကြည့် ကြပေါ့။ ကြည့်ချင်တဲ့သင်္ချိုင်းကြည့်၊ အလောင်းမပြတ်ဘူး။ ဒီအသေတွေဟာ သမုဒယလက်ချက်ပဲ။ သူ့လက်ချက်ပါလား သူ့ကို ပေါင်းလို့ မတော်ပါလားလို့ မသာပို့ယင်းမျှား ပေါ်ကြရဲ့လား၊ မပေါ်ပါဘူး။ တမြို့လုံး မပြတ်မစဲ အမြဲသေနေတာတွေမြင်ရတာတောင်မှ သမုဒယလက်ချက်လို့ မသိဘူး။ ခင်ဗျားတို့က အိုလို့သေတာ၊ အစားမှားလို့သေတာ၊ နာလို့ အပြုစုညံ့လို့သေတာ၊ ဆေးမှားလို့သေတာတဲ့။ သူ့ ကိုမ ပေါ် ဘူး။ လက်သယ်ကိုမသိဘူး။ အခု လက်သယ်အစစ်ကို ဖမ်းပြတော့မှ သမုဒယဆိုတာ ပေါ်လာတာ။ ဖော်မပြောယင် ပေါ်မှာ မဟုတ်ဘူး။

သမုဒယဟာ မပေါင်းသင်းထိုက်တဲ့တရားပဲ။ ဘုန်းကြီးက သမုဒယနဲ့ ခင်ဗျားတို့ မပေါင်းသင်းရယင် အပျင်းဝင်မှာစိုးတယ်။ ပေါင်းသင်းပြန်တော့လဲ ကျွန်ဖြစ်မှာစိုးတယ်။ ဒီကြားထဲ ဟောရတာ ဘယ်လောက်ခက်သတုံး။ တဏှာမရှိတော့ အရောင်းအဝယ် မကောင်းတော့ ပျင်းတယ်။ သားသမီးမရှိတော့ ပျင်းတယ်တဲ့၊ ဒီအစားမျိုးတွေ ဖြစ်နေတယ်။ ခင်ဗျားတို့ကို ဘယ်နည်းနဲ့ချတ်ရ ကယ်ရမယ်ဆိုတာ ဘုရားတောင် မလွယ်ဘူးဗျ။ ခင်ဗျားတို့က တဏှာခိုင်းတာကို ကျွန်ပီပီ သပေါက်ပီပီ လက်ခံနေတာနဲ့ မအားလို့ တရားအားမထုတ်

နိုင်ဘူး။ နောက်ဘုရားပွင့်လဲ မအားဘူးထဲကဖြစ်မှာပဲ။ စိတ် သာချ။ ခင်ဗျားတို့ အားမှာမဟုတ်ဘူး။ အရှယ်ကောင်း တုန်းက လောကီကိစ္စတွေလျှောက်လုပ်နေတာနဲ့ ကိစ္စဉာဏ်တွေ မရတော့ဘူး။ အသက်ကြီးပြန်တော့လဲ သတိတွေက ချွတ်ယွင်း မျက်စိကမွဲ နားကထိုင်း ခါးကကိုင်း ဘာမှမတတ်နိုင်တော့ဘူး။ အဲဒီကျတော့ ဘုတ်ထိုင်ထိုင်ပြီး နောက်ဆုတ်ပစ်လိုက်တာပဲ။ ဒီတော့ ကိစ္စဉာဏ် (သမုဒယ၏ကိစ္စကိုသိတဲ့ဉာဏ်) ပေါ်ဖို့ အချိန် ကို မပေါ်တော့ဘူး။ အရှယ်ကောင်းတုန်းကတော့ တကျောခိုင်း တာနဲ့ အချိန်တွေဖြုန်းနေတယ်။ အရှယ်ကောင်းတွေ ကုန်ပြီ ဆိုယင် နဲ့ သတိရလာပြီး (တရားအလုပ်)ခိုင်းလို့ဖြစ်ပြီဆိုမှ ကျောင်းရောက်လာတယ်ဆိုတော့ အခု ပြောတဲ့ အဓိပ္ပာယ် သိဖို့ရာ အတော်ခဲယဉ်း သွားပြီ။

ဒီတော့ သမုဒယရဲ့ကိစ္စကိုသိဖို့ (ကိစ္စဉာဏ်ရဖို့) အရေးကြီး တယ်။ သူ့ကိစ္စမသိယင် နိဗ္ဗာန်လိုချင်တဲ့စိတ် မပေါ်ဘူး။ သံသရာခရီးသည် လုပ်နေမှာပဲ။ နိဗ္ဗာန်ရောက်ချင်ယင် တကျော (တကျော့ကိစ္စ)ကို ထိုးထွင်းသိမှကွတဲ့ ဘုရားက။ သူ့အကြောင်း ကောင်းကောင်းသိမှ နိဗ္ဗာန်ကို မြင်နိုင်တယ် တဲ့။ ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်မရောက်တာဟာ သူ့အကြောင်း ကောင်း ကောင်းမသိလို့ပဲမှတ်။ သမုဒယဟာ အဆိုးဆုံး။ သူ့ကြောင့် ခင်ဗျားတို့ မသေချင်ဘူး။ လူသေ သေတော့ သေချင်တယ်။ ဘယ်လိုသေသေ အတူတူပါပဲ။ လူသေ သေချင်တယ်။ နတ်သေ သေချင်တယ်ဆိုတော့ သူ့အကြောင်း မသိသေးဘူးပေါ့။

လူသေ သေသေ၊ ခွေးသေ သေသေ၊ သေတာဟာ သူ့လက်ချက်ချည့်ပဲ။ ၃၁-ဘုံအတွင်းမှာ အရိုးတွေဖွေးဖွေးဖြူပြီး တောင်လိုပုံအောင်လုပ်နိုင်တာ သမုဒယပဲ။

ခင်ဗျားတို့ကို ရှင်တုန်းနှိပ်စက်ပြီး နောက် အသေသတ်ဘာဟာ သူပဲ။ ရှင်တုန်းတော့ သားဝန် သမီးဝန် မယားဝန်တွေ မနိုင့်တနိုင်နဲ့ သူက ထမ်းခိုင်းတယ်။ ခင်ဗျားတို့မှာ သားဝန် သမီးဝန် မယားဝန်တွေနဲ့ ပိပြီးနေတာ။ တ ခါ တ လေ သက်ပြင်းကြီးမျှားချပြီး ညည်းသေးတယ်။ ရှာလိုက်ရတာလဲ အမောဆို့လို့၊ အိမ်ကျတော့ တပြားမှလဲ အဖတ်မတင်ဘူး။ အခု ညည်းရုံညည်းရသေးတာ။နောက် သေခြင်းဆိုးနဲ့ သေရဦးမယ်။ အသက်ကြီးလေလေ ဝန်တွေကများလေလေ (မြေးဝန်တွေပါ တိုးလာတယ်)ဆိုတော့ ဇရာကထောင်း၊ အားကမရှိ၊ ဗျာဓိက ထောင်းဆိုတော့၊ သေခြင်းဆိုးနဲ့သေရမှာ သေချာတယ်။ ကားလမ်းပေါ်မှာ သစ်တုံးကြီးတွေ တင်ရုန်းရတဲ့ ကျွဲကြီးတွေ ကားယားကြီးသေသလိုပေါ့ဗျာ။ ဒီတော့ ခင်ဗျားတို့အမှားတွေဟာ နဲနဲသေးသေး မဟုတ်ဘူးနော်၊ ခင်ဗျားတို့ မနိုင်ဝန်တွေထမ်းနေယင်ဘော့ ညည်းပြီးသေရတော့မှာပဲ။

ဒါ သမုဒယရဲ့သတ္တိပဲ။ သူ့ကိစ္စပဲ။ ဒီတော့ သူဟာ အဆိုးဆုံးရန်သူပဲ၊ဒီရန်သူကြီးကိုခင်ဗျားတို့က မိတ်ဆွေရင်းလိုပေါင်းသင်းနေတယ်။ ဒီမိတ်ဆွေရင်းက ခင်ဗျားတို့ကိုသတ်မှာ။ သူက နှိပ်စက်တာ သတ်တာကျတော့ ခင်ဗျားတို့က ပြုံးခံတယ်။ သူနဲ့ ခွဲရတော့မယ် သူ့ကိုသတ်ရမှယ်ဆိုတော့ ခင်ဗျားတို့က

မျက်ရည်မျှားကျသေးတယ်။ အံမယ်လေး တော်တော်ဖျင်းတဲ့၊ အ တဲ့လူတွေပါလား။ သမုဒယရဲ့ကိစ္စပေါ်အောင် အတော်ကို ပြောနေရတယ်။ သူ့ကိစ္စကိုမသိယင် ကိစ္စညာဏ်မရယင် နိဗ္ဗာန် ဆိုတာ မရနိုင်ဘူး။ ဒီတော့ ဒုက္ခဘာတ်သိမ်း ချုပ်ငြိမ်းတဲ့နိဗ္ဗာန် ကို ရချင်ယင် တဏှာ=သမုဒယကို အဝင်မခံနဲ့။ သူ့ကိုအသေ သတ်။ ဝိပဿနာရှုကြ—လုပ်ကြပေတော့။ သူ့သတ်နည်းကို သိဖို့အရေးကြီးတယ်။ သူ့ကို မသတ်နဲ့ဦး။ ဝေဒနာဟာ သူ့ရဲ့ ရေသောက်မြစ်ပဲ။ **ဝေဒနာရေသောက်မြစ်ရှိလို့ တဏှာအပင် ပေါက်တာ။** ဒီတော့ **ဝေဒနာကိုသတ်။ ဝေဒနာသတ်ယင် တဏှာဟာ အလိုလိုသေတယ်။** ဒါကြောင့် ဝေဒနာကို ဖြစ်ပျက် မြင်အောင်ရှု။ မုန်းအောင်ရှု၊ ဆုံးအောင်ရှု၊ ဆုံးယင် နိဗ္ဗာန် ရောက်ပြီမှတ်။

***

## ၂၅။ ဝေဒနာနှင့် သက္ကာယဒိဋ္ဌိ

ဒီနေ့ဟောရမှာက ဝေဒနာတို့၏ သက္ကာယဒိဋ္ဌိဖြစ်ပုံနှင့် သက္ကာယဒိဋ္ဌိချုပ်ပုံကို ဟောပြမယ်။ ရှေးဦးစွာ သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်းကို ဟောမယ်။ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ခန္ဓာ ၅-ပါးရှိတယ်။ ဒီခန္ဓာ ၅-ပါးထဲက ဝေဒနာကနေပြီး နိဗ္ဗာန် ကူးကြမယ့်ပုဂ္ဂိုလ်တွေ၊ ဝေဒနာတခုကို ကြိုးစားယင် ကျန်တာ တွေ အကုန်ပါတယ်။ ဝေဒနာနဲ့အတူတကွ ဖြစ်တာတွေဟာ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ ဝေဒနာနဲ့ အတူ ဖြစ်တဲ့ ဝေဒနာရုပ်တွေပါသွားတယ်။ဒီတော့ ဝေဒနာချုပ်ယင် ခန္ဓာ ၅-ပါးစလုံး အကုန်ချုပ်သွားတယ်။

**ဝေဒနာ ၃-မျိုး၊ ၅-မျိုး။** ။ခင်ဗျားတို့ သန္တာန်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာ ၃-မျိုးရှိတယ်။ (၁)ချမ်းသာတယ်ဆိုယင် ကိုယ်၏ချမ်းသာမှု၊ စိတ်၏ချမ်းသာမှု ဒီ ၂-ခုပါတယ်။ ဒါဟာ သုခဝေဒနာပဲ။ ကိုယ်ချမ်းသာတယ်ဆိုယင် **သုခဝေဒနာ၊** စိတ်ချမ်းသာတယ် ဆိုယင်လဲ **သုခဝေဒနာပဲ။** ခွဲခြားပြီးမှတ်ချင်ယင် စိတ်ချမ်းသာ တာကို **သောမနဿဝေဒနာ** လို့လဲ ခေါ်တယ်။ ဒီတော့ ဝိပဿနာရှုရာမှာ သုခဝေဒနာဟာ ကိုယ်ပေါ်မှာပေါ်တယ်၊ သောမနဿဝေဒနာဟာ ဝမ်းထဲ(ဟဒယထဲ)မှာပေါ်တယ်လို့၊ ဒီ ၂-ခု၏ နေရာမှန်ကို မှတ်ထားရမယ်။ သောမနဿဝေဒနာ ရှုယင် ဟဒယဝတ္ထုပေါ်မှာ ရှုရမယ်။

(၂) ဆင်းရဲတယ်ဆိုယင် ကိုယ်၏ဆင်းရဲမှု၊ စိတ်၏ဆင်းရဲမှု ဒီ ၂-ခုပါတယ်။ ဒါဟာ ဒုက္ခဝေဒနာပဲ။ ကိုယ်ဆင်းရဲတယ်ဆိုယင် ဒုက္ခဝေဒနာ၊ စိတ်ဆင်းရဲတယ်ဆိုယင်လဲ ဒုက္ခဝေဒနာပဲ။ သို့သော် ခွဲခြားပြီးမှတ်ချင်ယင် စိတ်ဆင်းရဲမှုကို ဒေါမနဿဝေဒနာလို့လဲ ခေါ်တယ်။ ဒီတော့ ဝိပဿနာရှုရာမှာ ဒုက္ခဝေဒနာဟာ ကိုယ်ပေါ်မှာ ပေါ်တယ်။ ဒေါမနဿဝေဒနာဟာ ဝမ်းထဲမှာ(ဟဒယဝတ္ထုပေါ်မှာ)ပေါ်တယ်လို့ ဒီ ၂-ခု၏ နေရာမှန်ကို မှတ်ထားရမယ်။ ဒေါမနဿဝေဒနာရှုယင် ဟဒယဝတ္ထုပေါ်မှာ ရှုရမယ်။

(၃) ဥပေက္ခာဝေဒနာကတော့ ၅ နေရာမှာ ပေါ်တယ်။ ဥပေက္ခာဝေဒနာ ပေါ်နိုင်တဲ့နေရာဟာ ၅-နေရာ ရှိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ စိတ်— ဒီ ၅-နေရာမှာ ပေါ်တယ်။ မျက်စိနဲ့မြင်ကာမျှမတ္တ၊ နားနဲ့ကြားကာမျှမတ္တ၊ နှာခေါင်းနဲ့ နံကာမျှမတ္တ၊ လျှာနဲ့စားကာမျှမတ္တ၊ ဒီ ၄-မျိုးဟာ ဥပေက္ခာဝေဒနာပဲ။ ဝမ်းထဲမှာတော့ ဥပေက္ခာဝေဒနာဟာ ဘယ်လိုပေါ်သတုံး။ သားသမီးတွေ ဆွေမျိုးတွေ ပစ္စည်းတွေအားလုံး ကံသာလျှင် အမိအဖ ကမ္မဿကာပဲလို့ ထားလိုက်တဲ့အခါမှာ ဝမ်းထဲမှာ ဥပေက္ခာဝေဒနာပေါ်တယ်။

ဒီတော့ မျက်စိ နား နှာ လျှာ ဒီ ၄-နေရာမှာ ဥပေက္ခာဝေဒနာတခုထဲ ပေါ်တယ်၊ ကိုယ်ပေါ်မှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာလို့ ၂-ခုပေါ်တယ်။ ဝမ်းထဲမှာ=ဟဒယဝတ္ထုပေါ်မှာ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ

လို့ ဝေဒနာ ၃-ခုပေါ်တယ်။ဝိပဿနာရှုတဲ့နေရာမှာ ဝေဒနာ အကျယ် ၅ မျိုးကို သုံးရမယ်။ အထက်ကပြထားတဲ့ ဝေဒနာ အသီးသီး ပေါ်ရာနေရာတွေကို ကောင်းကောင်း မှတ်ထား ရမယ်။

**သက္ကာယဒိဋ္ဌိဖြစ်ပုံ။** ။ဒီဝေဒနာတွေပေါ်မှာ သက္ကာယဒိဋ္ဌိ ဘယ်လိုဖြစ်သတုံး။ **သုခဝေဒနာမှာ** ငါ့ကိုယ်ဖြင့် နေရထိုင်ရ တာ သိပ်ချမ်းသာတာပဲဆိုတော့ သုခဝေဒနာကို ငါစွဲတယ်။ ငါနေရတာ ချမ်းသာတယ်ဆိုတော သုခဝေဒနာကို ငါထင် တယ်။ သုခဝေဒနာကို ငါထင်သောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါဝမ်းသာလိုက်တာဆိုတော့ **သောမနဿဝေဒနာ** ကို ငါစွဲတယ်၊ သက္ကာယဒိဋ္ဌိဖြစ်တယ်။သုခဝေဒနာကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ စွဲထင်လို့ရှိယင် သက္ကာယဒိဋ္ဌိသာမှတ်၊ ဒါကြောင့် ဆ—ဆက္ကသုတ်ပါဠိတော်မှာ "သုခဝေဒနာ ဧတံ မမ ဧသောဟမသ္မိ ဧသောမေအတ္တာတိ သမနုပဿတိ။ အယံ ဝုစ္စတိ ဘိက္ခဝေ သက္ကာယသမုဒယော"လို့ ဟောထားတော့၊ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ထင်နေယင် သက္ကာယ ဒိဋ္ဌိဖြစ်တာပဲ။ ငါ့ကိုယ်ဖြင့် ချမ်းသာလိုက်တာဆိုယင် ကိုယ် ပေါ်မှာရှိတဲ့ သုခဝေဒနာမှာ သက္ကာယဒိဋ္ဌိဖြစ်တယ်၊ ငါဝမ်း သာလိုက်တာဆိုတော့၊ ဝမ်းထဲက သောမနဿဝေဒနာမှာ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

**ဒုက္ခဝေဒနာမှာ။** ငါ့ကိုယ်ဖြင့် ဆင်းရဲလိုက်တာဆိုယင်၊ ဒုက္ခ ဝေဒနာမှာ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါစိတ်ဆင်းရဲလိုက်တာ

ဆိုယင်၊ စိတ်နဲ့ ငါနဲ့ ရောသွားတော့ ဒေါမနဿဝေဒနာ ပေါ်မှာ သက္ကာယဒိဋ္ဌိဖြစ်တယ်။ ဒေါမနဿဝေဒနာကို သက္ကာယ ဒိဋ္ဌိစွဲတာ။

**ဥပေက္ခာဝေဒနာ**မှာ။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါနံ တယ်၊ ငါစားတယ်ဆိုယင် ဒါတွေဟာ ဥပေက္ခာဝေဒနာကို သက္ကာယဒိဋ္ဌိစွဲတာပဲ။ ငါတော့ သွားရေး သမီးရေး ပစ္စည်း ရေးတွေကို ဘာပဲဖြစ်ဖြစ်ဆိုပြီး ပစ်ထားလိုက်တာပဲ ဆိုယင်၊ ဒါ ဝမ်းထဲမှာပေါ်တဲ့ဥပေက္ခာဝေဒနာကို သက္ကာယဒိဋ္ဌိစွဲတာပဲ။ ဒီတော့ ဝေဒနာက္ခန္ဓာ၊ သုခ ဒုက္ခ ဥပေက္ခာဝေဒနာအစုကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်လို့ သက္ကာယဒိဋ္ဌိဖြစ်တာ။ သက္ကာယ ဒိဋ္ဌိဆိုတာ ဝေဒနာကို ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ထင် တာပဲလို့မှတ်၊ အချုပ်ကတော့ **ဝေဒနာနဲ့ငါ ရောတာပဲ**။

ဥပမာ။ မီးနဲ့အလင်းရောင်၊ မီးကပူတယ်။ အရောင်က လင်းတယ်။ ဒီလိုကွဲပြားနေတာ အရောင်သည်ပင်မီး၊ မီးသည် ပင် အရောင်ဆိုလို့ရှိယင် ဒါဟာ တသားတည်း ယူလိုက်မယ် ဆိုယင်၊ ဒါ ရောတာပဲ။ မီးနဲ့အရောင်ဟာ အတူတူပဲလို့ ယူလိုက်ယင်၊ ရောယူလိုက်ယင်၊ သက္ကာယဒိဋ္ဌိပဲ။ မီးနဲ့အရောင်၊ မီးကပူတယ်။ အရောင်ကလင်းတယ်၊ အဲဒါ မတူတာကြီးကို အတူတူပဲလို့ ယူလိုက်ယင် ဒါ မှားတာပဲ။ ဒီမှာလဲ ဝေဒနာနဲ့ ငါ၊ ဝေဒနာက ခံစားတယ်၊ ငါဆိုတာက ရှိတာမဟုတ်ဘူး၊ တကယ်ရှိတာမဟုတ်ပဲနဲ့ ဝေဒနာနဲ့ငါ မတူပဲနဲ့ မတူတာကြီးကို အတူတူပဲလို့ ယူလိုက်တော့ သက္ကာယဒိဋ္ဌိ ဖြစ်သွားတာပေါ့။

ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဆိုတဲ့ စကား ၃-လုံးကို ပါဠိတော်က၊ "ဝေဒနာ ဧတံမမ ဧသောဟမသ္မိ ဧသော မေအတ္တာ" ဆိုတော့ တဏှာရော မာနရော ဒိဋ္ဌိရော စွဲတာကွတဲ့။

(၁)ဧတံ=ဤဝေဒနာသည်၊မမ=ငါ့ဥစ္စာပဲဆိုတော့၊ ဝေဒနာကို ငါ ဥစ္စာထင်လိုက်တယ်တဲ့။ ဝေဒနာကလေးကို ခင်တတ်တဲ့ တဏှာသဘောနဲ့ ငါ့ဥစ္စာပဲလို့ ထင်လိုက်တယ်။ ဒီတော့ **တဏှာ** ဖြစ်တယ်တဲ့၊ (၂) ဧသော=ဤဝေဒနာသည်။ အဟံ= ငါသည်၊ အသ္မိ=ဖြစ်၏ဆိုတော့ ဒါ **မာန** တက်လာတာ။ (၃) ဧသော=ဤ ဝေဒနာသည်၊ မေ=ငါ၏၊ အတ္တာ=အတ္တတည်း၊ ကိုယ်တည်းဆိုတော့၊ ဝေဒနာကို အတ္တအနေနဲ့ယူလိုက်တော့၊ ဒါ **ဒိဋ္ဌိ** ဖြစ်တာပဲ။ ဒီတော့ ဝေဒနာ ၃-ခု တခုခုမှာ တဏှာ မာန ဒိဋ္ဌိ ၃ ခုစွဲသောကြောင့် သက္ကာယဒိဋ္ဌိဖြစ်တယ်။

ဒီ သက္ကာယဒိဋ္ဌိ မပြုတ်သရွေ့ ၆၂-ပါးသော ဒိဋ္ဌိ တွေ ဖြစ်ဦးမှာပဲ။ သက္ကာယဒိဋ္ဌိက ၆၂-ပါးသော ဒိဋ္ဌိတွေကို ကျေးဇူးပြုတယ်။ ဝေဒနာကို ဝေဒနာလို့မသိ၊အနိစ္စလို့ မသိလို့ရှိယင်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ ဖြစ်နေကြမှာပဲ။ ငါချမ်းသာတယ်ကွဆိုတော့၊ ချမ်းသာတဲ့ ဝေဒနာနဲ့ ငါဆိုတာနဲ့ရောပြီး၊ ဝေဒနာကို ငါ့ဟာထင်လိုက်တယ်။ ငါ ချမ်းသာနေတဲ့ဥစ္စာ ဘယ်သူ့ ဂရုစိုက်ရမှာတုံးဆိုတော့၊ ဒါ မာနတက်တာ၊ ချမ်းသာတဲ့ဥစ္စာတွေဟာ ငါ့ဟာချည်းပဲလို့ထင်တော့၊ အနိစ္စလို့ မသိတော့ဘူး။ ဒိဋ္ဌိ ဖြစ်သွားတယ်။ ဒါဖြင့် ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ၃-ခုစွဲတယ်။ ဒီလို ၃-ခုစွဲသောကြောင့်

သက္ကာယဒိဋ္ဌိဖြစ်တယ်။ ဒီလို သုခဝေဒနာဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ၃-မျိုးကို ငါ့ကိုယ် ငါ့ဟာ ငါဥစ္စာလို့ စွဲသဖြင့် သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ခင်ဗျားတို့ ဒီ ဒိဋ္ဌိ ၃-မျိုးသာ ဖြစ်နေမယ်ဆိုယင် သေပြီးတာပဲလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ တွေ၊ ဒီ ဝိညာဏ်ကလေးဟာ ဟိုဘဝ၊ ဒီဘဝလှည့်လည် ကူးပြောင်းနေတာပဲလို့ယူတဲ့ သဿတဒိဋ္ဌိ တွေလာကြမယ်။ ဒီတော့ ဒီ သက္ကာယဒိဋ္ဌိကို သတ်လိုက်ယင် ဟို ဒိဋ္ဌိတွေ အကုန်သေလိမ့်မယ်။

သက္ကာယဒိဋ္ဌိဟာ မဂ်တားဖိုလ်တား ဒိဋ္ဌိ အကြီး ဆုံး ပဲ။ သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ကုသိုလ်တွေလုပ်ယင် နတ်ပြည် ဗြဟ္မာ့ပြည်တွေတော့ ရောက်နိုင်ပါတယ်။ ဒါပေမယ့် နိဗ္ဗာန်တော့ မရောက်နိုင်ဘူး။ သက္ကာယဒိဋ္ဌိ ရှိလျက်နဲ့ အလှူ ပေး ပြီး ငါကောင်းစားချင်လို့ ငါလှူတာပဲဆိုတော့ သက္ကာယဒိဋ္ဌိပါနေတယ်။ ဒီလိုလှူတော့ လှူတဲ့စေတနာကို ငါထင်ပြီး လှူတာ။ လှူတာက စေတနာကလှူတာ။ ငါက လှူတယ်လို့ထင်နေ့တော့ အလှူထဲမှာ သက္ကာယဒိဋ္ဌိ ရောပါနေတယ်။ ဒီ သက္ကာယဒိဋ္ဌိနဲ့ လှူတဲ့ ပုဂ္ဂိုလ်ဟာ နတ်ရွာသုဂတိတော့ ရောက်နိုင်ပါတယ်။ သို့သော် ဒိဋ္ဌိကဝင်တားနေတဲ့အတွက် နိဗ္ဗာန်ကိုတော့မရောက်နိုင်ဘူး။ သက္ကာယဒိဋ္ဌိ ရောပါနေတယ်။ သက္ကာယဒိဋ္ဌိနဲ့ လှူတဲ့ အလှူဟူသရွေ့ နတ်ပြည်သာ ရောက်နိုင်တယ်။ နိဗ္ဗာန်တော့ မရောက်နိုင်ဘူး။ သမုတိသစ္စာအနေနဲ့ ငါလှူတယ်လို့တော့ ပြောကောင်းပါတယ်။ အထင်သာမထင်ဖို့ အရေးကြီးတယ်။ ငါလို့ အထင်ပါနေယင် သက္ကာယဒိဋ္ဌိ ပါသွားပြီ။ လှူတဲ့ စေတနာကို ငါထင်တဲ့အတွက် စေတနာသည်ပင် ငါ၊ ဒီလို

ဖြစ်နေတယ်။ ငါထင်ယင် သက္ကာယဒိဋ္ဌိဖြစ်သွားပြီ။ ဒီကုသိုလ်ဟာ နတ်ပြည်အထိတော့ တက်နိုင်ပါတယ်။ ဒါပေမယ့် သက္ကာယဒိဋ္ဌိအဆိပ်ပါသွားတော့ နတ်သက်ကုန်ယင် ပြန်ကျမှာပဲ။ သက္ကာယဒိဋ္ဌိက ဆွဲချလိုက်တာ။

**သက္ကာယဒိဋ္ဌိပြုတ်နည်း။** ။ဝေဒနာဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူး၊ ဝေဒနာဟာ ဝေဒနာပဲ၊ အနိစ္စပဲလို့ ယူလိုက်မယ်ဆိုယင် သက္ကာယဒိဋ္ဌိပြုတ်မယ်။ ဝေဒနာဟာ ငါ့ကိုယ်လဲမဟုတ်ဘူး၊ ငါ့ဟာလဲမဟုတ်ဘူး၊ (ဝေဒနာနေတံမမ နေ့သော ဟမသ္မိ န မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ၊ ဣန္ဒိယဝုတ္တိဘိက္ခုဝေ သက္ကာယနိရောဓဂါမိနီ ပဋိပဒါ) ဒီလို ဝေဒနာရှုနေတဲ့ ပုဂ္ဂိုလ်များကျတော့ ဝေဒနာကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ နောက်ကဉာဏ်က (မဂ္ဂင် ၅-ပါး က) သိတယ်။ ဒီလိုရှုလို့သိတော့ သက္ကာယဒိဋ္ဌိပြုတ်တယ်။

**ပြုတ်နည်း ၂-မျိုး။** ။သက္ကာယဒိဋ္ဌိပြုတ်တာလဲ **သညာပြုတ်၊ ပညာပြုတ်**လို့ ၂ မျိုးရှိတယ်။ဝေဒနာဟာ ငါမဟုတ်ဘူးဆိုပြီး ဒါလောက်တင်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ဟာ **သညာပြုတ်**ဖြစ်တယ်၊ ငါမဟုတ်ကြောင်းကို ဘ၀၊ ဘ၀က ပေါက်ပြန်ပျက်စီးတာတွေ မြင်လိုက်တဲ့ပုဂ္ဂိုလ်ကျတော့ **ပညာပြုတ်** ဖြစ်တယ်။ ပညာပြုတ်ကတော့ အလုပ်နဲ့ဖြုတ်မှ ပြုတ်မယ်။ အလုပ်နှင့်မှာတော့ ဒီဝေဒနာကို ဖြစ်ပျက်ရှုလိုက်တဲ့အခါ၊ ဝေဒနာဟာ ဖြစ်ပြီးပျက်သွားတာပါလား၊ အနိစ္စမို့ ပျက်စီးသွား

တာပါလား၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်လို့ ပျက်စီးသွားတာပဲလို့ ဒီလို သိ....သိ....ပေးပါ။ ဒီလို ဝိပဿနာအလုပ်နဲ့ ရှုပြီးသိသွားမှ သေသေချာချာပြုတ်တာ။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ သေသေချာချာသိတော့မှ **တဏှာ, မာန**, ဒိဋ္ဌိတွေ ပြုတ်မယ်။ ဒီလိုပြုတ်မှ သက္ကာယဒိဋ္ဌိပြုတ်တယ်။ တဏှာလေးပြုတ်ရုံ ဒိဋ္ဌိလေးပြုတ်ရုံ မာနလေးပြုတ်ရုံနဲ့ မရဘူး။ ၃ ခု စလုံးပြုတ်မှ သက္ကာယဒိဋ္ဌိ တကယ်ပြုတ်တာ။

ဒီတော့ ဝိပဿနာနဲ့ ဖြစ်ပျက်ရှုမှ တကယ်ပြုတ်မယ်။ ဒီလို ဝိပဿနာရှုလို့ ပြုတ်တယ်ဆိုငြားသော်လဲ၊ စိတ် ထဲ က သာ ပြုတ်နေတာ၊ အနုသယသဘောနဲ့တော့ မပြုတ်သေးဘူး။ (အနုသယကို မဂ်ကမှ ပယ်နိုင်တော့ မဂ်ရမှအစစ်ပြုတ်မယ်) ဒါဖြင့် ဝေဒနာကို ဝိပဿနာရှုလို့၊ ဖြစ်ပျက်မြင်လို့၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်လို့ ပျက်သွားတာပဲ၊ ပျောက်သွားတာပဲလို့ မြင်ပြီဆိုတော့ တဏှာ မာန ဒိဋ္ဌိ အမြစ်ပါပြုတ်ပြီး သေရော့လား။ မသေသေးဘူး၊ ဒီ ဝိပဿနာဉာဏ်ဟာ ၅-ပါးသာ ရှိသေးတော့၊ မသေသေးဘူး၊ အမြစ်မပြုတ်သေးဘူး၊ အမြစ် မပြုတ်သေးလို့ရှိယင် ဘာတွေပြုတ်သတုံးလို့မေးယင် ၃-မျိုး ခွဲပြောရမယ်။ တဏှာလောဘ ဖြစ်တဲ့အခါ ၃-မျိုး ခွဲပြောရ လိမ့်မယ်။

**ကိလေသာ ၃ - မျိုး**။ ။ကိလေသာ မှာ အနုသယကိလေသာ၊ ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမကိလေသာရယ်လို့ ၃-မျိုး ရှိတယ်။ (၁) ဘယ်အခါမှ ရှိမှန်းတောင် မသိရတဲ့

လောဘတဏှာ က လေးဟာ ဝမ်း ထဲ မှာ အနုသယသမုဂ်ဳ
သဘောနဲ့ ငုပ်နေတယ်။ ဥပါဒ် ဌီ ဘင်သဘော၌ မရှိဘူး။
ဥပမာ.... မီးခြစ်ဆံထဲမှာ ဘောက်တတ်တဲ့မီးမပါဘူး။ မီးခြစ်
ဗူး၌ ယမ်းသုတ်ထားတဲ့နေရာမှာလဲ မပါဘူး။ ၂-ခု ခြစ်လိုက်
ယင်တော့ မီးတောက်တယ်။ မီးခြစ်ထဲမှာ မီးတောက်နိုင်တဲ့
သတ္တိ ရှိတယ်။ ရှိလို့သာ တောက်တာပဲ။ ဒီထဲမှာ ငုပ်နေတဲ့
မီး ရှိတယ်။ ဒါ ငုပ်မီးသဘောပေါ့။ အနုသယကိလေသာ
ဖြစ်နေတဲ့ တဏှာ မာန ဒိဋ္ဌိဟာ ငုပ် နေ တဲ့ မီး နဲ့ တူ တယ်၊
(၂) ၂-ခုခြစ်လိုက်တဲ့အခါကျတော့ တောက်တဲ့မီးဖြစ်တယ်။
အဲဒါက ပရိယုဋ္ဌာနကိလေသာနဲ့ တူတယ်၊ (၃) အဲဒီမီးကနေ
ပြီး အိမ်တွေဆက်လောင်တယ်ဆိုတော့၊ ဝီတိက္ကမကိလေသာနဲ့
တူတယ်။ ဒါဖြင့် အနုသယမီး ( **ငုပ်မီး** )၊ ပရိယုဋ္ဌာနမီး
(**တောက်မီး**)၊ ဝီတိက္ကမမီး (**ကူးစက်မီး**)ရယ်လို့ မီး ၃-မျိုး
ရှိတယ်။

ဝိပဿနာရှုလို့ အနိစ္စ ဒုက္ခ အနတ္တ သဘောနဲ့ ဖြစ်ပျက်
မြင်ယင်၊ ဒါ မဂ္ဂင် ၅-ပါးနဲ့ ရှုတာဖြစ်တယ်။ မဂ္ဂင် ၅-
ပါးက ဝီတိက္ကမနဲ့ ပရိယုဋ္ဌာန ကိလေသာ ၂ - မျိုး ကို သာ
သေအောင်လုပ်နိုင်တယ်။ အ နု သ ယ ကိ လေ သာ ကို တော့
သေအောင် မသတ်နိုင်ဘူး။ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဆိုတဲ့
တဏှာ မာန ဒိဋ္ဌိ ကိလေသာ ၃-မျိုးဟာ ပြုတ်ပင်ပြုတ်ငြား
သော်လဲ အညွန့်အတက်သာ ပြုတ်တယ်။ အရင်း (အမြစ်)
မပြုတ်ဘူး။ အညွန့်အတက်ဆိုတာက ဝီတိက္ကမနဲ့ ပရိယုဋ္ဌာန

ကိလေသာပေါ့။ ဒီ ၂—ခုသာပြုတ်တယ်။ အနုသယ ကျန်နေသေးတယ်။ ဝိပဿနာကမနိုင်လို့ ကျန်ရတာပဲ။ ဝိပဿနာမဂ်က ရှေ့ ၂—ခုကိုရှင်းပြီး၊ ကျန်တခု(အနုသယကိလေသာ)ကိုနောက်လာမယ့် မဂ္ဂင် ၈-ပါးက ရှင်းပေါ့၊ ဒီလိုသွားရမှာ။ (ဝိပဿနာမဂ်မှာ မဂ္ဂင် ၅ ပါး ပါရှိလို့ ပဉ္စင်္ဂိကမဂ်လို့ခေါ်တယ်။ လောကုတ္တရာမဂ်အစစ်မှာ မဂ္ဂင် ၈·ပါး ပါရှိလို့ အဋ္ဌင်္ဂိကမဂ်လို့ ခေါ်တယ်။)

သက္ကာယဒိဋ္ဌိ ဖြုတ်တဲ့နေရာမှာ လောကီ မဂ္ဂင် ၅ - ပါး (ပဉ္စင်္ဂိကမဂ်)က ၂—ခုသာဖြုတ်တယ်။ နောက် ရုပ်ပါမျှားလို့ ဖြစ်ပျက်အနိစ္စတွေ ဖြစ်ပျက်အနတ္တတွေမြင်လို့ ဖြစ် ပျက် ကိုမုန်းလို့ ဖြစ်ပျက်တွေကို မရှိအောင် ဆုံးအောင် ရှုနိုင်တဲ့အခါကျတော့ မဂ္ဂင် ၈·ပါး ဖြစ်တယ်။ မဂ္ဂင် ၈-ပါး (အဋ္ဌင်္ဂိကမဂ်=လောကုတ္တရာမဂ်)က အနုသယအမြစ်ပါ ဖြုတ်တာ။ မဂ်အစစ်ပေါ်လာမှ ၈-ပါးပြည့်မှ ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တာ။ အနုသယတွေပါ ပြုတ်သွားတယ်။ အဲဒီကျမှ သက္ကာယဒိဋ္ဌိအစစ်ပြုတ်တော့တယ်။ အမြစ်ပါ ပြုတ်တော့တယ်။ ဒါကြောင့် အပါယ် ၄-ပါးလွတ်တာကလဲ မဂ္ဂင် ၈-ပါးပြည့်မှလွတ်တာ၊ မဂ္ဂင် ၅-ပါးကဖြင့် အပါယ် ၄-ပါးလွတ်ပြီလို့ မဆိုနိုင်သေးဘူး။ အမြစ် ကျန်နေသေးတယ်။ ဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်ဖို့အရေးမှာ ဝိပဿနာကြပ်ကြပ်လုပ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ဘယ်လိုလုပ်ရမလဲဆိုတော့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပြီးပျက်တာကို မြင် အောင် ရှု ပေး နေ ပေါ့။

ဒီလိုရှုပေးလို့ ဖြစ်ပျက်မြင်လာယင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်လို့ ပျက်တာပဲလို့သိရမယ်။ ဒီလို သိအောင်လုပ်လို့ရှိယင် သက္ကာယဒိဋ္ဌိ ၃-ပုံ ၂-ပုံပြုတ်တယ်။ ဒီလို ပြုတ်သွားလို့ ဒီဇောနဲ့သေယင် သုဂတိသေချာတယ်။ ဝိပဿနာဉာဏ်=မဂ္ဂင် ၅-ပါးက ပို့မှာပဲ။ ကျန်တခု (အနုသယကိလေသာ)ကို လောကုတ္တရာမဂ်နဲ့ အမြစ်ပါပြုတ်နိုင်ယင် ဘယ်တော့မှ အပါယ် မလားတော့ဘူး၊ မဂ်အဆင့်ဆင့်တက်သွားပြီး နိဗ္ဗာန်ဝင်ဖို့သာ ရှိတော့တယ်။

❀

## ၂၆ သမုဒယသစ္စာ၏ သံယောဂဠ အနက် (၃)

အခုဟောရမှာက သမုဒယသစ္စာ၏ သံယောဂဠ အနက် သဘောဖြစ်တယ်။ သံယောဂဠ=ကိန်းရာပုဂ္ဂိုလ်တွေကို ဒုက္ခ ဝဋ္ဋ ဒုက္ခမှုတွေနဲ့ ယှဉ်တွဲတတ်တဲ့သဘော။ လောဘ=တဏှာ ဟာ အာရုံနဲ့ဒွါရ တိုက်ဆိုင်လို့ ခင်ဗျားတို့သန္တာန်မှာ(ဟဒယ ဝတ္ထုမှာ) ပေါ်လာတယ်။ လောဘကလေး ဖြင်လာဖို့ရာ သူ့အာရုံက လှုံ့ဆော်ပေးတယ်။ဟိုဘက်သွားတော့ ဟိုဘက်မှာ ရစရာရှိတဲ့ အာရုံက ဒီက မနောအကြည် (မနောဒွါရ)နဲ့ တွေ့ လိုက်တော့ လိုချင်တဲ့လောဘဇောက ဖြတ်ဆိုပေါ်လာတယ်။ ဟဒယဝတ္ထု (မနောအကြည်)ဟာ မှန်ပဲ။ မှန်က ဟိုမှာ ကြေး ရှိတဲ့လူဆီ သွားတဲ့လိုက်တယ်။ သွားတဲ့လိုက်တော့ ဒီ လောဘ ဇောအရိပ်က ဒီမှာလာပေါ်တယ်။ ဒီလောဘဇောက ကိန်းရာ ပုဂ္ဂိုလ်ကို ခိုင်းတော့တာပဲ။ ခိုင်းတော့ ဟိုကျယင် ပြောရ ဆိုရ လိမ်ရ ကောက်ရလို့ မောရပန်းရတဲ့ ဒုက္ခတွေ တွေ့ရတယ်။ တခါတလေ တယောက်နဲ့တယောက် စကားများပြီး ရန်ဖြစ် ရတဲ့အလုပ်တွေ တွေ့ရတယ်။ ဒီတော့ လောဘသာဝင်လာယင် ဒုက္ခဝဋ္ဋ ဒုက္ခမှုတွေနဲ့ တွဲပေးတော့မယ်။ ဒီ ခန္ဓာကိုယ်ကြီးကို ရိုက်ခိုင်းတော့မယ်၊ မရောက် ရောက်အောင် ရိုက်ခိုင်းတာပဲ။

မနက်မိုးလင်းယင် လောဘက ဆွမ်းတော်ထက် စောသေး တယ်။ သူက အယင်ကြွလာတယ်။ အိပ်ရာက ထလို့ရှိယင် ဘယ်သူ့ဆီမှာ ယူစရာရှိတယ်။ တောင်းစရာ ပေးစရာရှိတယ် စသည်နဲ့ မလာဘူးလား။ ဒီတော့ ခင်ဗျားတို့မှာ ဒုက္ခဆိုးတွေနဲ့

ကြုံတော့တာပဲ။ သူလာတဲ့နေ့ တနေ့လုံး နက္ခတ်ဆိုးကြုံတဲ့နေ့၊ ဆိုးဝါးတဲ့နေ့ပဲလို့မှတ်၊ လောဘက သူကြွလာယင် သူချည်း သက်သက်လာတာမဟုတ်ဘူး။ ဣဿာရော၊ မစ္ဆရိယရော၊ မာနရော၊ ဒိဋ္ဌိရော၊ အကုသိုလ်စေတသိက် အဖော်တွေနဲ့လာတာ။ အခြွေအရံတွေနဲ့ လာတာ။ဒီအခြွေအရံတွေနဲ့လာတာ။ ဒီအခြွေအရံတွေဟာ အစိမ်းသရဲ သဘက်တွေပဲ။

လောဘက ဒုက္ခဝတ္ထု ဒုက္ခမှုတွေ ပေးမလို့လာတာ၊ခင်ဗျားတို့က ဒါမသိတော့ လောဘကလေးတွေကို လက်သပ်မွေးတားတယ်။ အမွေးလွဲပြီပေါ့။ သူက အခြွေအရံနဲ့ တကွလာပြီး ခင်ဗျားတို့ကို စီမံတော့မယ်။ အပြေးခိုင်းယင် ပြေးရမယ်။ ဟာ နောက်ကျသွားလိမ့်မယ်။ဟိုမှာ ရစရာတွေ ဘာတွေရှိတယ် ဆိုတော့ အပြေးအလွှား သွားရတယ်မဟုတ်လား။ လမ်းများ ခလုတ်တိုက်လဲလဲ လဲပစေ။ ထမင်းမစားရ အငတ်နေပေါ့ကွ။ ထမင်း အရေးလုပ်လို့။ နေ့တိုင်းစားနေရတာ။ အချိန်လွန်သွားမယ်။ တခါတလေ ၂-ထပ်ကို တထပ်တည်းစားရတာဟာ လောဘကြောင့်ပဲ့။ သူရောက်လာယင် ငမ်းအငတ်ပြဿနာ နဲ့လဲ တွေ့ရမယ်။ဆန်အိတ် ဆီပုံးတွေရှိလျက်နဲ့ ကောင်းကောင်း မစားရတဲ့ ဒုက္ခ....(ငတ်တဲ့ဒုက္ခ)ကို ငါပေးမယ်တဲ့။ ငမ်းတို့နဲ့ ဒီ ဒုက္ခဝန်ထုပ်ကြီးတွေနဲ့ မကွဲအောင် အမြဲတွဲထားပေးမယ်တဲ့။ ဝန်ထုပ်နဲ့အထမ်းသမား မကွဲရအောင် ရုန်းထွက်လို့မရအောင် ငါတွဲပေးမယ်ဟဲ့။ လောဘက။

ခင်ဗျားတို့ကလဲ ထမ်းနေရတဲ့ ဒီ ဝန်ထုပ်ကြီး ကျသွားမှာပဲ စိုးရိမ်နေတယ်၊ကျောပေါ်က မချချင်အောင်ကိုသူက စေတနာ

ဗလဝနဲ့ လုပ်ထားတယ်။ သားကလေးတယောက်မွေးလာယင် ကျောပေါ်တင်ထား၊ သမီးကလေးမွေးပြန်လဲ ကျောပေါ် တင်ထား၊ ဆွေမျိုးရင်းချာလေးရောက်လာပြန်လဲ ကျောပေါ် တင်တာပဲ။ မိတ်ဆွေရင်းချာလေး ရောက်လာပြန်လဲ ကျော ပေါ်တင်တာပဲ။ ဒီ လူတွေကို ပစ်လိုက်ပါတော့လားဆိုတော့၊ ပစ်လို့မဖြစ်ဘူးတဲ့။ သူတို့နဲ့ပဲ အလုပ်လုပ်နေရတယ်တဲ့။ ပစ်တာ ကို မပါဘူး။ ဒါတွေအကုန် ကျောပေါ်တင်တာပဲ။ ဒါတွေဟာ လောဘကတင်ပေးတာ။ လောဘက ခင်တဲ့လူကိုတင်ပေးတာ။ မခင်တဲ့လူကို မတင်ဘူး။ သားသမီး ဆွေမျိုး မိတ်သင်္ဂဟတွေ လာတော့ ကျွေးလိုက်မွေးလိုက်၊ ပေးစရာကမ်းစရာရှိ ပေးလိုက် ဟုတ်လား။ သူတို့ကိစ္စအားလုံး လုပ်ပေးရ၊ ပူစရာဟူသရွေ့လဲ ကိုယ်ပါရောပူရ၊ ပူတာဟူသရွေ့လဲ ကျောပေါ်တင်တာပဲ၊ ဝန်ထုပ်ဟူသရွေ့လဲ ကျောပေါ်တင်တာပဲ။ အတွင်းကလဲ အပူတွေ ကျောပေါ်ကလဲ ဝန်ထုပ်တွေနဲ့ လောဘက တွဲပေး တာနော်။

တယောက်ထဲနေယင် ကိုယ့်ခန္ဓာတထုပ်ထဲ ထမ်းရမယ်။ ဒီလို ထမ်းရတော့ ဝန်ပေါ့တော့ တော်သေးတယ်။ တကျော သမုဒယ ရောက်လာတဲ့အချိန်ကစ၍ ခင်ဗျားတို့က၊ ဒီလိုနေလို့ တော်မထင်ဘူးဖြစ်လာတယ်။ ယောကျ်ားဆို မိန်းမ ရှိမှ၊ မိန်းမဆို ယောကျ်ားရှိမှတဲ့၊ ဒါမှတော်မယ်တဲ့။ ဒါသမုဒယက အိမ်ထောင် ပြုခိုင်းတာ။ ဒီတော့ ယောကျ်ားဝန်လဲ မိန်းမက ထမ်းရ။ မိန်းမဝန်လဲ ယောကျ်ားကထမ်းရ၊ နောင် သားသမီးတွေ

မေးလာပြန်တော့ ဝန်တွေပိုထမ်းရပြန်တယ်။ နောက် သားသမီးတွေက ဆက်လက်ပြီး မြေးတွေ မြစ်တွေ မွေးပြန်တော့ ထပ်ပြီးပိုထမ်းရပြန်တာပဲ၊ ဝန်ထုပ်နဲ့ခွဲလို့ကိုမရဘူး၊ ဒီ သားသမီးတွေ၊ဒီမြေးတွေနဲ့မျှားခွဲရတော့မယ်၊စွန့်မျှားသွားရတော့မယ်ဆိုယင် မျက်ရည်များတောင် ကျသေးတယ်။ ဝန်ကျမှာ သိပ်စိုးရိမ်တယ်။ ဝန်ပိပြီးသေမှ ကျေနပ်တဲ့အမျိုး။ ဝန်ပိပြီး သေပါရစေ။ ဝန်ကျပြီးဆွေကွဲမျိုးကွဲနဲ့ သားကွဲသမီးကွဲနဲ့ မသေပါရစေနဲ့တဲ့။ ဆုတောင်းလိုက်သေး။ ဒါ ခင်ဗျားတို့ရဲ့ ဖြစ်စဉ်။ ဖြစ်စဉ်က အင်မတန် ဆိုးဝါးတယ်။ဆွေတွေ မျိုးတွေ သားတွေ သမီးတွေ အကုန်လုံး ဝိုင်းရံပြီး နှိပ်စက်သရွေ့ခံပြီးမှ ဝန်ပိသေပါရစေတဲ့။ဝန်ကျပြီး သေပါရစေလို့ကို မလာဘူး။

ဘုရားကတော့ ဝန်ကျသေမှကြိုက်တယ်။ ခင်ဗျားတို့က ဝန်ပိသေမှ ကြိုက်တယ်။ သေခြင်းဆိုးသေမှ ကျေနပ်တယ်ဆိုတော့ ဆိုးဝါးလှတယ်။ ဒါ သမုဒယအကြောင်း မသိလို့ ဝန်တင်တဲ့သူကိုသာ သတ်မယ်ဆိုယင် ဝန်တင်မယ့်လူ မရှိတော့ဘူး။ မရှိယင် ခင်ဗျားတို့ ဝန်တွေပေါ့သွားမှာ၊ ဒါပေမယ့် ခင်ဗျားတို့က သေတာတောင် ဆွေထဲ မျိုးထဲ သားနဲ့ သမီးနဲ့ ကိုယ့်အိမ် ကိုယ့်ယာမှာ သေပါရစေ။ တကောင်ကြွက်တော့ မသေပါရစေနဲ့တဲ့။ သစ်တုံးကြီးတွေ တင်ပြီး ဆွဲရတဲ့ ကျွဲကြီးတွေ လမ်းပေါ်မှာ ကားယားကြီး တခါထည်း ရင်ကွဲပြီး သေတာဟာ ဝန်လေးလွန်းလို့၊ မြင်းတွေလဲ ရထားဆွဲရတာကတမျိုး၊ရထားပေါ်တင်တဲ့ ဝန်တွေဆွဲရတာကတမျိုး

ဆိုတော့၊တခါထည်း ကျောက်လမ်းနဲ့ရင်ပတ်နဲ့ သွားဆောင့်ပြီး သေတာဟာ ဝန်ပိသေတာ။ခင်ဗျားတို့လဲ ဒီ ကျွဲတွေ မြင်းတွေလိုပဲ ဝန်ပိပြီး ရင်ဆို့သေတာကများတယ်။

**ခန္ဓာဆိုတဲ့မြင်းက အထမ်းသမား အရှန်းသမား။ တဏှာက အမောင်းသမား၊ ဝန်တင်သမား။** တဏှာဆိုတဲ့ မြင်းမောင်းသမားက သူ့ငွေရဖို့သာ အရေးကြီးတာ။ မြင်း ပျော့တာ ပိန်တာ သူဂရုမစိုက်ဘူး။ လမ်းပေါ်မှာ မနိုင့်တနိုင်နဲ့ဆွဲရလို့ ခြေချော်ပြီး ရင်ကွဲသေလဲသေပစေတဲ့။ ခိုင်းဖို့ရာက သူ့အလုပ်ပဲတဲ့။ ခင်ဗျားတို့ကလဲ ဒီလိုပဲ ဝန်ပိပြီးသေကြတာပဲ။ တခါတလေ ဝန်ပိပြီး သက်ပြင်းကြီးများချနေလိုက်သေး။ အိပ်ရာထဲမှာ ဝန်ပိနေတာ။ သားသမီးကလဲ နေရာမကျ၊ အရောင်းအဝယ်ကလဲမဟန်၊ ဒီလိုဖြစ်တော့ ဟင်း....ဟင်းနဲ့ သက်ပြင်းကြီးချရတယ်။ ဝန်ထမ်းရတာက နဲတာမှမဟုတ်ပဲ။ ဝန်ထမ်းယင်း အပြေးအလွှားသွားကြရ၊ လမ်းမှာ သေခြင်းဆိုးနဲ့ သေကြရနဲ့။ ဝန်ပိနေတာ။ အိမ်မှာနေလဲ အလုပ်ဟာ အမြဲကပ်နေတယ်။ ဟိုဟာလေးလဲ အမြင်မတော်လို့ ကိုယ်တိုင်လုပ်လိုက်ရ၊ ဒီဟာလေးလဲ ကြားမကောင်းလို့ ကိုယ်ပဲသွားပြီး ပြုပြင်လိုက်ရနဲ့ အမြဲဖြစ်နေတယ်။

ကျောင်းကန်ဘုရား တရက်တက်သွားရတာတောင် ခက်နေတယ်။ ဘာလို့တုံးဆို ဝန်တွေထဲက ထွက်သွားရမှာစိုးလို့။ ဝန်မရှိတဲ့နေရာ အလုပ်မရှိတဲ့နေရာမှာ သွားနေဖို့ကျတော့ အချိန်ဆွဲနေတာနဲ့ပဲ မသွားဖြစ်ဘူး။ ဝန်မရှိတဲ့ ကျောင်းကန်

ဘုရားသွားမယ်ဆို နေ့းလိုက်တာ။ ဝန်ရှိတဲ့ - ဝန်ပိတဲ့နေရာ အိမ်ပြန်ရတော့မယ်ဆိုတော့ သွက်လိုက်တဲ့ဖြစ်ခြင်း။ ဝန်ပိတဲ့ ဆီကို သုတ်သုတ်ကလေးပြန်ကြတာပဲ။ ဝန်ပိတဲ့ဆီမှာပျော်ကြ တယ်။ နေချင်ကြတယ်။ ဝန်မရှိတဲ့ဆီကျတော့ မပျော်ဘူး မနေချင်ဘူး။ ဝန်ကျသွားယင်ကို မကြိုက်ကြတာ။ ကျောင်း မှာ တရားနာ၊ တရားအားထုတ်ပြီး အေးအေးဆေးဆေး နေပါတော့လားဆိုတော့ မဖြစ်သေးဘူးဘုရားချည်း လာကြ တာပဲ။ ဝန်ကင်းတဲ့နေရာ ဒီနေရာမှာတော့ ခဏပဲနေနိုင် တယ်။ အိမ်မှာဝန်နဲ့နေမယ်ဆိုယင်တော့ တနေကုန် နေနိုင် တယ်။ အံ့မာလေး.... အမောဆိုက်မှ ကျေနပ်တဲ့ ကြိုက်တဲ့ အမျိုးတွေပါလား။

ပါးစပ်က ဆုတောင်းတော့ ချမ်းချမ်းသာသာနေရပါ လို၏တဲ့။ အလုပ်သဘောကတော့ အမောဆိုက်မှကျေနပ်တယ်။ အမောမဆိုက်ယင် မကျေနပ်ဘူး။ အမောခံနိုင်လို့ ဝန်တင် သမားကို ကျေးဇူးတင်လိုက်သေး။ ဒီဖြင့် အထမ်းသမားက လျှာထွက်နေပြီမဟုတ်လား။သားသမီးဝန်၊ ဆွေမျိုးဝန်တွေနဲ့ ၉၆-ပါး ရောဂါဝေဒနာဘေးတွေရှိတဲ့ လမ်းခရီးကြီးမှာ သွားနေရတယ်။ လမ်းခရီးကလဲ ဘေးတွေစုံနေတာပဲ။ အဲဒီ အထဲမှာ ဝန်တွေကလဲ အပြည့်တင်ပြီး ထမ်းပြေးရတယ်။ ဒါဖြင့် ဝန်ထုပ်နဲ့ခွဲပါလားဆိုတော့ မခွဲချင်ဘူးတဲ့။ ဒီဝန် ကြီးမှ ထမ်းနေချင်တာ။ လမ်းကကြမ်းကြမ်း လူကြီးမှ အိုမှ ဝန်ထုပ်ကလဲ ပိုမရှုန်းနိုင်တဲ့အချိန်ကျမှ ဝန်ထုပ်ကများလာ တယ်။ အိုလာတော့မှ သားသမီးဝန်၊ မြေးမြစ်ဝန်တွေ

ထမ်းနေရတာ စိတ်အေးလက်အေး နေရတဲ့အချိန်ကို မရှိပါဘူး။ လမ်းမှာ မနိုင်ဝန်တွေထမ်းပြေးရတော့ မြင်းသေနွားသေ သေမှာပဲ။ ကားယားကြီးနဲ့ သေရမှာ။ ခင်ဗျားတို့က သတိထားမှပေါ့။ သမုဒယကတော့ လျှော့မှာမဟုတ်ဘူး။ ဒုက္ခဝတ္ထု ဒုက္ခမှုတွေနဲ့ မကွဲရအောင်တဲ့ထားဖို့က ငါ့တာဝန်တဲ့။ သေတောင်မကွဲစေရဘူးတဲ့။ သမုဒယသတ္တိက မသေးဘူးနော်။ အသက်တရာမနေရသော်လဲ အမှုတရာတော့ တွေ့ရမှာပဲ။ ဒါ သူက ပေးတာ။ ဒါတွေဟာ သမုဒယ = တဏှာလောဘရဲ့ ဒဏ်ချက်တွေပဲ။ သူကတော့ ရောက်တဲ့အချိန်က စပြီး ဆိုးကျိုးပဲပေးမှာ၊ ကောင်းကျိုးတခုမှ မပါဘူး။

နွားဆိုတာ ထမ်းပိုးနဲ့ကင်းလို့ဆိုယင် နေကိုမနေတတ်ဘူး။ သူ့ကို ခိုင်းပြီးလွှတ်လိုက်ပေမယ့် ည နေ ကျ တော့ ထန်းပိုးတပ်မယ့်ဆီ ပြန်လာတာပဲ။ ခိုင်းမယ့်အိမ်ကို ပြန်လာတာပဲ့။ ခင်ဗျားတို့လဲ နွားလိုဖြစ်နေပြီ။ ဘယ် သွား သွား ကိုယ့်အိမ် ကိုယ့်ယာပဲပြန်တာပဲ၊ ထမ်းပိုးရှိတဲ့ဆီ ပြန်တာပဲ။ ထမ်းပိုးထမ်းရလို့ ပခုံးပွန်းတာလဲ အတော်ကြာခဲ့ပြီ။ ဒါပေမယ့် ရှုန်းရတာ အားမရသေးဘူး။ နောက်ထပ် ပခုံးပွန်းချင်နေသေးတယ်။ ကိုယ့်အိမ်ကို မြန်မြန် ပြန်ချင်တာဟာ မြန်မြန်ရှုန်းချင်တဲ့အဓိပ္ပာယ်ပဲ။ ဒီမှာဆို တံမြက်စည်း တချက်မလှည်းရဘူး။ အိမ်မှာဆိုယင် တံမြက်စည်းကအစ နောက်ဆုံးအိမ်သာအထိ ကိုယ့်တာဝန်ချည်းပဲ၊ ဒါပေမယ့် ဒီမှာပျော်သလားဆိုတော့ မပျော်ဘူးတဲ့၊ အိမ်မှာပျော်တယ်တဲ့။

ဒါဖြင့် ထမ်းပိုးလျှို့နေချင်တဲ့ အခိုပ္ပာယ်ပဲ။ ထမ်းပိုးထမ်းချင်လို့ပေါ့။ ထမ်းပိုးနဲ့ကင်းယင် မနေတတ်ဘူးပေါ့။

လောဘက ဒီလောက်တောင် ခင်ဗျားတို့ကို ပခုံးနဲ့ ထန်းပိုးနဲ့ မခွဲနိုင်အောင် လုပ်ထားတာ။ ဇနီးက ကျောင်းကန် သွားနေပေါ့ဆိုယင်၊ နင်တို့က မသိလို့လွှတ်တာ။ ငါကတော့ ရွှေရေးနောက်ရေးသိတယ်လို့ ဆိုလိုက်သေး။ ဘာသိတာတုံး ထမ်းပိုးထမ်းရတယ်ပြောတာ။ ထမ်းပိုးက လွှတ်တာတောင် မရဘူး။ ဒီတော့ ခင်ဗျားတို့ဟာ ဘယ်လိုပဲဘေးမဲ့လွှတ်လွှတ် ရကိုမရဘူး ဖြစ်နေတယ်။ ကိုယ့်သား ကိုယ့်သမီးကလေးတွေ ကိုယ့်အိမ်ကိုယ့်ယာနဲ့ လူလားမြောက်တဲ့အထိ ကျွန်ခံပါရစေ ဦးလို့ လာသေးတာ။ ဒိဝန်တွေလဲ ထမ်းပါရစေဦးလို့ ပြော သေးတာ။ ထမ်းပိုးရှန်းယင်း ဝန်ထမ်းယင်း သေမယ်ဆိုတဲ့ အခိုပ္ပာယ်၊ ဝန်ပိပြီး သေခြင်းဆိုးသေချင်တဲ့ သဘောပေါ့။ သားသမီးကြည့်လဲ စိတ်မချ။ ဝန်ပိတယ်။ ပစ္စည်းတွေ ကြည့်လဲ စိတ်မချ၊ ဒီလို စိတ်မချလက်မချနဲ့ဆိုတော့ ရင်ကြပ်ပြီး သေတာပေါ့။ အဲဒါ ဝန်ပိသေတဲ့အခိုပ္ပာယ်၊ လွှတ်ရာကျွတ်ရာ ကို သွားပါတော့ဆိုတော့လဲ၊ ခင်ဗျားတို့က နှင်လို့ကိုမရဘူး။ ထမ်းပိုးပိချင်နေတာပဲ။ ပခုံးနဲ့ ထမ်းပိုးနဲ့ ပြတ်ယင်ကို မနေ တတ်ကြတာ။ တောင်ဝှေးထောက်ပြန်တဲ့အဖိုးကြီးတွေတောင် ဒီမှာ လွတ်လွှတ်လပ်လပ် အေးအေးဆေးဆေး နေပါလား ဆိုတောင် မရဘူး။ ထမ်းပိုးထမ်းရမယ့်နေရာပဲ ပြန်တာပဲ။ ဒီတော့ သမုဒယဆိုတဲ့လောဘက သတ္တဝါတွေကို ထမ်းပိုးနဲ့ ပခုံးနဲ့ မကွဲရအောင် အမြဲတွဲပေးတဲ့သတ္တိ ရှိတယ်။

ဒီလို သမုဒယရဲ့ ဆိုးကျိုးတွေကို သိအောင်လုပ်။ ဒီဆိုးကျိုးတွေတ လွတ်အောင်အားထုတ်။ ဒီတော့ ဆိုးကျိုးတွေပေးမယ့် လောဘသာယင် ဖြစ်ပျက်ရှုကြ။ အမှန်က ဒီတဏှာလောဘမလာခင် သူ့ရှေ့ရောက်မြစ်ဖြစ်တဲ့ ဝေဒနာကို ဖြစ်–ပျက်ရှုကြ။ တဏှာမလာခင် ဝေဒနာလာတုန်း ရှုတာပိုကောင်းတယ်။ တဏှာလာမှရှုယင်လဲ နိုင်အောင်ရှုပေါ့။ ဒီ ၂-ချက်မှတ်ထား။ အနာပေါက်မှ ကုတာထက် အနာမပေါက်ခင် မပေါက်အောင်လုပ်တာက ပိုကောင်းသလိုပေါ့။ ဒီတော့.... ဝေဒနာဖြစ်ပျက်မြင်အောင်၊ နောက်—မုန်းအောင်၊ နောက်—ဆုံးအောင်ရှု၊ ဆုံးယင် သမုဒယလက်တွင်းမှ လွတ်ပြီ။

## ၂၇ ။ ခန္ဓာငါးပါးနှင့် သက္ကာယဒိဋ္ဌိ

သွားမှု ရပ်မှု ထိုင်မှု လျောင်းမှု ပြုပြင်ပြောင်းလဲတာတွေဟာ ရူပက္ခန္ဓာ။ ကောင်း မကောင်း ခံစားတတ်တဲ့ ဝေဒနာက **ဝေဒနာက္ခန္ဓာ**။ ဖြူတယ် နီတယ် မဲတယ်လို့ မှတ်ထားတဲ့ သညာက **သညာက္ခန္ဓာ**။ သွားဖို့ လာဖို့ နေထိုင်ဖို့စေ့ဆော်နေတဲ့ စေတနာက **သင်္ခါရက္ခန္ဓာ**။ အာရုံမှတွေကို သိတဲ့ စိတ်ဝိညာဏ်က ဝိညာဏက္ခန္ဓာလို့ ခန္ဓာ ၅-ပါးရှိတယ်။ ဒီ ခန္ဓာ ၅-ပါးကို ခန္ဓာ ၅-ပါးပဲလို့ မှတ်ရမယ်။ ဒါတွေကို ငါ ငါ့ဥစ္စာလို့ မှတ်ထင်ထားတဲ့သဘောက လာပြီဆိုမှဖြင့် ခင်ဗျားတို့ ဒုက္ခ ဒေါမနဿ သောက ပရိဒေဝတွေလိုက်လာမယ်၊ မနေ့က သက္ကာယဖြစ်ပုံ ပျက်ပုံကိုပြတယ်။ ဒီနေ့တော့ သက္ကာယဒိဋ္ဌိ ချုပ်ပုံကို တမျိုးပြပါမယ်။

ရုပ်။ ။ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ရုပ်တရားကြီးရှိတယ်။ မျက်လုံးရုပ်ရှိတယ်။ မျက်လုံးဟာ ရုပ်တရား၊ ကံကြောင့်ဖြစ်တဲ့ ရုပ် ဖြစ်တယ်။ ကံက လုပ်ထားသောကြောင့် ဒီ မျက်လုံးဟာ ကံက ပိုင်တယ်။ ခင်ဗျားတို့ပိုင်တာ မဟုတ်ဘူး။ ဒီတော့.... ခင်ဗျားတို့က ကြားကဝင်ပြီး ဒါ ငါ့မျက် လုံး ငါပဲ လို့ သွားမလုပ်လိုက်နဲ့၊ သွားလုပ်လိုက်ယင် သူ များ ပ စ္စည်း ကို ကိုယ့်ပစ္စည်းရယ်လို့ အထင်မှတ်မှားခြင်းပဲ။ ဒီလို အထင်အမှတ် မှားယင် အတ္တဆိုတဲ့သက္ကာယဒိဋ္ဌိဖြစ်တယ်။ အထင်မှတ်မှားတော့ စက္ခုရုပ်က အနိစ္စတရားမို့ အနိစ္စရောက်သွား ပျက်စီးသွားတဲ့ အခါမှာ ငါ့မှ ဖြစ်ရလေခြင်းဆိုတော့ သောက ပရိဒေဝ ဒုက္ခ

ဒေါမနဿတွေ လိုက်လာတယ်၊ဒါတွေဟာ အစွဲမှား လို့ ဖြစ်တာ။ နဂိုက မျက်လုံးဟာ ကံကလုပ်ထားတာ။ ကံက ပြုပြင်ထားတာ။ ကံကဖြစ်လာတဲ့ ကမ္မဇရုပ်ပဲ။ ဒီတော့ ကံကြောင့်ဖြစ်လာတဲ့ မျက်လုံးကို ငါပဲ ငါပိုင်တဲ့ဥစ္စာပဲလို့ မထင်ကြနဲ့ မစွဲကြနဲ့၊ ခင်ဗျားတို့ ဥစ္စာမဟုတ်ဘူး။

**ဝေဒနာ**။ ။ဝေဒနာဆိုတာ ဥပမာ—ကိုယ်နဲ့အပူနဲ့တွေ့ယင် ပူတဲ့ဝေဒနာပေါ်တယ်။ ဒုက္ခဝေဒနာပေါ်တယ်။ ပူတဲ့အခါ အေးတဲ့လေတိုက်လိုက်ယင် ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာပေါ်တယ်။ဝမ်းသာစရာတွေ့ယင် ဝမ်းသာတယ်။သောမနဿဝေဒနာဖြစ်တယ်။ ဝမ်းနည်းစရာနဲ့တွေ့ယင် ဝမ်းနည်းတယ်။ ဒေါမနဿဖြစ်တယ်။ဒါဖြင့် ဝမ်းနည်းတဲ့ ဝမ်းသာတဲ့ သဘောလေးဟာ ရှေးကအယင်က ပေါ်တာ မဟုတ်ဘူး။ဒွါရနဲ့ အာရုံဆိုတဲ့ အကြောင်းတရား တိုက်ဆိုင်လို့ အခုမှ ပေါ်လာတာဖြစ်တယ်။ ဒါဖြင့် ဝေဒနာကို တိုက်ဆိုင်တဲ့ အကြောင်းတရား ၂-ခုကသာ ပိုင်တယ်ပေါ့။ဒီတော့ ဒီ ဝေဒနာကို ငါပဲ ငါ့ဥစ္စာပဲလို့ မလုပ်ပါနဲ့။ ဝေဒနာဟာ ခင်ဗျားတို့ ပိုင်တဲ့ ဥစ္စာမဟုတ်ဘူး။

**သညာ**။ ။မှတ်ထားတဲ့ သညာလေးတွေဟာလဲ-ခင်ဗျားတို့ မှတ်လိုက် မေ့လိုက်၊ မှတ်လိုက် ပျောက်လိုက် ဖြစ်နေတယ် မဟုတ်လား။ သညာဟာ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်တော့ ဒါ အနိစ္စတရားလေးပဲ။ အနိစ္စတရားဖြစ်လို့ အနိစ္စ မမြဲတဲ့သဘောကို ပြတာပဲ၊ ဒီ မှတ်ထားတဲ့ သညာလေးဟာ

မမြဲဘူး။ အာရုံ—ဒွါရဆိုတဲ့ အကြောင်းတရား ၂-ပါး တိုက်ဆိုင်လို့ ပေါ်လာတာ။ ဒီတော့ သညာလေးဟာ အကြောင်း ၂-ပါးကပဲ ပိုင်ဆိုင်တာပေါ့၊ ခင်ဗျားတို့ပိုင်ဆိုင်တာ မဟုတ်ဘူး။ မဟုတ်တော့၊ ငါ ငါ့ဥစ္စာလို့ သွားမလုပ်ပါနဲ့။

**စေတနာ**။ ။စေတနာလဲ ထို့အတူပဲ။ စေတနာဆိုတာ လှူဒါန်းချင်တယ်၊ ပေးကမ်းချင်တယ်၊ သွားချင်လာချင်တယ် ဆိုတဲ့ စေတနာတွေဟာ သွားစရာရှိတဲ့ အာရုံကြောင့် ပေါ်လာတာ။ဒီလို အာရုံကြောင့် ပေါ်လာတဲ့စေတနာကို ငါစေတနာ ကောင်းတယ်ဆိုပြီး ငါ့ဟာ ငါပဲလို့ ကြားကဝင်ပြီး မစွဲပါနဲ့။ ကြားကဝင်စွဲမှုကြောင့် သက္ကာယဒိဋ္ဌိဖြစ်တယ်။

**စိတ်**။ ။စိတ်ကိုလဲ ငါ့စိတ်လို့မထင်လိုက်ပါနဲ့။ ငါ့စိတ်ဆိုတာ ရှိကိုမရှိဘူး။ ထမင်းနဲ့တွေ့မှ ထမင်းစားချင်တဲ့စိတ်ပေါ်တယ်။ မုန့်စရာနဲ့တွေ့မှ မုန့်စိတ်ပေါ်တယ်။ ခင်စရာလူနဲ့တွေ့မှ ခင်စိတ်ပေါ်တယ်။ မုန့်စရာ ခင်စရာဆိုတဲ့ အာရုံနဲ့တွေ့မှ စိတ်ကပေါ်တာ။ ဒီတော့ စိတ်ကို ငါပဲ ငါ့ဥစ္စာပဲလို့ မစွဲပါနဲ့။ စွဲယင် သက္ကာယဒိဋ္ဌိဖြစ်တယ်။

ရုပ်။ ။ရုပ်ကို ငါပဲ ငါ့ဥစ္စာပဲလို့မထင်နဲ့၊ မိမိကိုယ်ကျတော့ ငါပဲလို့ထင်ကြတယ်။ အဲဒါကို အတ္တလို့ခေါ်တယ်။ မိမိရဲ့ သားသမီးတွေ ပစ္စည်းတွေကျတော့ ငါ့ဥစ္စာပဲလို့ ထင်ကြတယ်။ ဒီလို အတ္တ အတ္တနိယနဲ့ပတ်သက်ပြီး ငါ ငါ့ဥစ္စာလုပ်ယင်
၁၅ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

**သညာ** ဆိုတဲ့ နာမ်ဓမ္မလေးကို ငါမှတ်ထားတာ။ ငါ့သညာ ငါ့ဥစ္စာလို့မဆိုပါနဲ့။ သညာဟာ သညာပဲ၊ ငါလဲမဟုတ်ဘူး။ ငါ့ဥစ္စာလဲမဟုတ်ဘူး။

**စေတနာ** ဟာ စေတနာပဲ။ နာမ်ဓမ္မသက်သက်ပဲ၊ သင်္ခါရက္ခန္ဓာပဲ။ ငါ ငါ့ဥစ္စာမဟုတ်ဘူး။ ငါ ငါ့ဥစ္စာလို့ သွားမစွဲနဲ့။ ပြီးတော့ စိတ် ကလေးတခု ဘယ်စိတ်ပေါ်ပေါ် ငါ့စိတ်ဆိုတာမျိုး မသုံးလိုက်ပါနဲ့။ စိတ်ကို ငါထင်ယင် ငါ့စိတ်ထင်ယင် ဒါ သက္ကာယဒိဋ္ဌိ ဖြစ်သွားတယ်။

ဒီခန္ဓာ ၅-ပါးကို ချုံးလိုက်ယင် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာလို့ ၂-မျိုးပဲရှိတယ်။ ရုပ်နာမ်ပဲရှိတယ်။ ရုပ်ဆိုတာ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရား ၄-ပါးက ဖြစ်လာတာ။ နာမ်ဆိုတာ အာရုံနဲ့ ဒွါရဆိုတဲ့ အကြောင်းတရား ၂-ပါး ကြောင့် ဖြစ်လာတာ။ ဒီတော့ ဒီရုပ်နာမ်တွေဟာ အကြောင်းတရားတွေက ပြုပြင်စီမံလုပ်ထားလို့ ဖြစ်လာတာ။ အကြောင်းတိုက်ဆိုင်ဖြစ်လာယင် ရုပ်နာမ်တွေဖြစ်လာတယ်။ အကြောင်းတရားမရှိယင် ရုပ်နာမ်တွေဟာ မဖြစ်နိုင်ဘူး။ အကြောင်းတရားချုပ်ယင် ဒီရုပ်နာမ်တွေဟာ ပျောက်သွားတာပဲ။ ဒီတော့ ဒီရုပ်နာမ်ဓမ္မတွေဟာ အနိစ္စတွေ ဒုက္ခတွေ အနတ္တတွေပဲ။ အနိစ္စက အနိစ္စသဘောပြတယ်။ ဒုက္ခက ဒုက္ခသဘောပြတယ်။ အနတ္တက အနတ္တသဘောပြတယ်။ သူ့တို့သဘော သူ့တို့ပြကြမှာပဲ။ ဘုရားက သင်္ခတသင်္ခါရအနိစ္စာ၊ ဒုက္ခာ၊ အနတ္တာလို့ ဟောထားတာပဲ။ ဒီတော့ သူ့သဘောနဲ့သူ၊ သူ့သဘော

အတိုင်း သူဖြစ်နေတဲ့ ရုပ်နာမ်ဓမ္မတွေကို ငါ ငါ့ဥစ္စာလို့ ထင်မှတ်ယင် ဒါဝိပ္ပလ္လာသပဲ။ ဝိပ္ပလ္လာသဆိုတာ ဖောက်ပြန်တာ၊ မှားတာ။ အမှတ်မှား၊ အသိမှား၊ အယူမှားဆိုတာ ဝိပ္ပလ္လာသ လို့ ခေါ်ပါတယ်။ ဒီဝိပ္ပလ္လာသဖြစ်ယင် **သက္ကာယဒိဋ္ဌိ** ဖြစ်တော့ တာပဲ။

ဒီခန္ဓာ ၅-ပါး ရုပ်နာမ်တရားတွေဟာ အနိစ္စဖြစ်ပျက်ချည်း ပဲ။ ဒါတွေကို ခင်ဗျားတို့က အမှတ်မှားကြီးနဲ့ ငါ ငါ့ဥစ္စာ လုပ် နေကြတယ်။ ငါဆိုတာက မိမိကိုယ်ကိုပြောတာ **အတ္တ** ကို ပြောတာ။ ငါ့ဥစ္စာဆိုတာက မိမိ၏သားမယား မိမိ၏ပစ္စည်း တွေကို ပြောတာ။ ဒါကို **အတ္တနိယ** လို့ ခေါ်တယ်။ ငါဆို တစ်ပဲ။ ငါ့ဥစ္စာဆို နှစ်ပဲ။ ခင်ဗျားတို့က မိမိခန္ဓာ၊ သားသမီး ခန္ဓာ၊ မိမိပစ္စည်းတွေကို အမှတ်မှားကြီးနဲ့ ငါ ငါ့ဥစ္စာလို့ တစ် နှစ် ရေးနေကြတယ်။ ဒီလို ၁၊ ၂ တွေ ရေးတော့ ဒီ အနိစ္စတရားတွေက အနိစ္စသဘောလဲပြပါရော၊ ခင်ဗျားတို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေဖြစ်ပြီး ငိုပွဲဆင်ကြတာပဲ။ ဖြစ်မှ ဖြစ်ရလေခြင်း ကိုယ်ကျိုးနည်းပေါ့။ လက်မောင်းကြီးပြုတ်အောပေါ့ စသည်ဖြင့် ငိုကြတယ်။ မျက်ရည်ကျကြတယ်။ ရင်ထုကြတယ်။ မြေလူးကြတယ်။ ဘာဖြစ်လို့တုံး ငါ ငါ့ဥစ္စာလို့ အမှတ်မှားလို့ ၁၊ ၂ အရေးမှားလို့။

ဒီတော့ မိမိခန္ဓာအပေါ်မှာ ငါထင်တယ်။ မလုပ်နဲ့ (၁-မရေးနဲ့) သားသမီးတွေအပေါ်မှာ ငါ့ဥစ္စာမလုပ်နဲ့ ပစ္စည်း တွေကိုလဲ ငါ့ဥစ္စာမလုပ်နဲ့ (၂-မရေးနဲ့) ဒါတွေဟာ ဖြစ်ပျက်

အနိစ္စတွေပဲ။ သညာတွေပဲ။ အနတ္တ=ကိုယ်ပိုင်တာမဟုတ်ဘူး။ ဒီလို **သညာ** ရေးလိုက်ပါ။ သညာ ရေးတတ်ယင် ရေးနိုင်ယင် မျက်ရည်မကျဘူး။ ဒီတော့ ငါ ငါ့ဥစ္စာဆိုတဲ့ ၁၊ ၂ အစွဲကို ဖြုတ်ပါ။ ငါလဲဖြုတ်၊ ငါ့ဥစ္စာလဲဖြုတ်၊ ဒါတွေဟာ သူတို့သဘောအတိုင်း အနတ္တ (အစိုးမရမှု) ချည်း ပြနေမှာပဲ။ နဂိုကတည်းက ငါ ငါ့ဥစ္စာနဲ့ မဆိုင်ပါလား။ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းပါလားဆိုတဲ့ သညာချည်းရေးလိုက်ပါ။ သညာချည်း ရေးလိုက်ယင် မျက်ရည်မကျတော့ဘူး။

ခင်ပွန်းသည်က မိမိကိုယ်ကိုငါ၊ ဇနီးကိုတော့ ငါ့ဥစ္စာ။ ဇနီးသည်ကလဲ ထို့အတူပဲ ခင်ဗျားတို့က ကိုယ့်ကိုယ်ကိုငါလုပ် (၁-ရေး) ကိုယ့်သားမယား ပစ္စည်းဥစ္စာတွေကို ငါ့ဥစ္စာလုပ် (၂-ရေး) ဒီလို ဂဏန်းအရေးမှားထားတော့၊ အဲဒါတွေက သူ့သဘောအတိုင်း အနိစ္စသဘော အနတ္တသဘောတွေလဲ ပြပါရော။ ခင်ဗျားတို့က ဖြစ်မှဖြစ်ရလေခြင်းလို့ အော်ကြငိုကြတာပဲ။ ဒါ **ကိုယ့်အတတ်နဲ့ကိုယ်စူးတာ**၊ ဒါကြောင့် သုသာန်များ တယောက်ပျက်စီးလို့ ဝိုင်းပြီးကျိုးလိုအာပြီး ငိုကြ ယိုကြ ရင်ထု မြေလူး အနှိပ်သည်တွေနဲ့နေကြတာတွေဟာ သနားစရာမဟုတ်ဘူးဗျ၊ ဘာပြုတုံးဆိုတော့ ဒါသူ့အတတ်နဲ့သူ့စူးနေတာဖြစ်လို့ တဘက်က ခင်ဗျားတို့ ကြည့်နေရက်သလားဆိုတော့ ခင်ဗျားတို့ကလဲ ကပျာကရာပျာကြမှာပဲ။ ခင်ဗျားတို့ကလည်း ၁-၂ ရေးတဲ့အထဲက ဖြစ်နေတော့ အိမ်ရှေ့ပူအိမ်နောက်မချမ်းသာ ဆိုသလို ကူးသွားမှာပဲ။ ဒီတော့ ခင်ဗျားတို့အမွေခံလဲ့ပြီပေါ့။ ဟိုကအပူရတာ ခင်ဗျားတို့က အပူခံနေတယ်။ အဲဒီ

အပူစွဲ စွဲတာဟာ နံ့ဂိုက အမှတ် လွဲလို့။ ဂဏန်းအရေးလွဲလို့ ဖြစ်လာတာ။ ရိပ်မိပလား၊ အဲဒါတွေဟာ အနိစ္စတွေ သုည တွေမို့ ဖြစ်ပျက်နေဘာပဲလို့ သုညရေးလိုက်ယင် အပူငြိမ်း တာပဲ။ သူတို့ကလဲသုည၊ ကိုယ်ကလဲသုညရေးထားတော့ ကိုက် နေတာပေါ့။ ဒါကြောင့် သုညရေးနိုင်ယင် အနတ္တညာဏ် ကောင်းကောင်းရပါတယ်။

ခင်ဗျားတို့က ကိုယ့်သားသမီးကလေးတွေ၊ ကိုယ့်ပစ္စည်း ကလေးတွေနဲ့ စိတ်ကူးယဉ်ပြီး ပျော်နေကြတာပဲ။ ကိုယ့်ရှိတဲ့ ပစ္စည်းကလေးတွေကိုတိုးပြီး ရှိတာကလေးနဲ့ ရင်းလိုက်လို့ရှိ ယင် အိုတောင်ကုန်နိုင်စရာမရှိဘူး။ ဒီလို စိတ်ကူးကလေးနဲ့ ပျော်နေတယ်။ ငါ့သားငါ့သမီးတွေ နောင်အားကိုးရမှာ အထောက်အပံ့ရမှာ မျှော်လင့်ပြီး ပျော်နေလိုက်သေးတယ်။ နောက်ကျတော့၊ ဒီဇာတ်ထုပ်ပေါ်တာပဲ။ အယင်ကအားကိုး ခဲ့တာ အခုတော့ ကိုယ်ကျိုးကြီးနည်းပေါ့လို့ လာတော့တာပဲ။ နောက်ဆုံးပိတ် အနိစ္စမို့ အနိစ္စပြပြီး၊ အထင်နဲ့အမြင် တက်တက် စင် လွဲတော့ ခဲလေသမျှသဲရေကျဖြစ်ပါပေါ့ဆိုပြီး အော်ကြ တာပဲ။ အဲဒါ အူရှင်လို့အော်ရတာ။ နဂိုက အူမရှင်ယင် ဒီလို ဖြစ်မှာ မဟုတ်ဘူး။

ခင်ဗျားတို့လူကြီးတွေ ဘယ်သူကမှရိုက်လို့ငိုတာမဟုတ်ဘူး။ ကိုယ့်အမှတ်လွဲလို့ ငိုတာချည်းပဲ။ လူကြီးတွေ စိတ်မချမ်းသာ လက်မချမ်းသာ မစားနိုင် မသောက်နိုင် ဖြစ်ရတာတွေဟာ နဂိုက အမှတ်မှားလို့၊ ကိုယ်က မသွားနိုင်မလာနိုင် ဖျားလို့

နာလို့ရှိယင်လဲ ကိုယ့်အတွက်နဲ့ကိုယ်ပဲ စိတ် မ ချမ်း သာ ဘူး၊ ကိုယ့်သားသမီးတွေ မကျန်းမာ မချမ်းသာယင်လဲ ကိုယ်ပဲ မချမ်းမသာဖြစ်ရတာပဲ။ ဒါ အမှတ်မှားလို့၊ ၁-၂- အရေးမှားလို့ ငိုရတာ၊ စိတ်ဆင်းရဲတာ။ နဂိုက သုညရေးထားလို့ရှိယင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမဖြစ်တော့ဘူး။ မျက်နှာမကြည်မသာဖြစ်နေပြီဆိုယင် တစ် နှစ် နှိပ်စက်ပြီလို့မှတ်၊ ရွာထဲမြို့ထဲမှာ လူတွေ မျက်နှာမကြည်မသာ နေကြထိုင်ကြ စားမဝင် အိပ်မပျော်ဖြစ်ကြတယ်။ ဘယ်သူမှ အလိုကျမှုဆိုတာ မရှိဘူး။ သူ့အချိုးနဲ့သူတော့ စိတ်ဆင်းရဲစရာ ပါတာချည်းပဲ။ ဒီလိုဖြစ်နေကြတာဟာ တစ် နှစ် နှိပ်စက်လို့မှတ်။

ကိုယ့်အတွက်လဲ ကိုယ်ပူရတာပဲကွ။ ကိုယ့် သား မ ယား ကိုယ့်ပစ္စည်းတွေအတွက်လဲ ကိုယ်ပူရတာပဲကွ။ မပူတတ်ဘူးဆိုတဲ့လူ တိရစ္ဆာန်မို့ကွတဲ့။ ဟုတ်လား.... ခင်ဗျား တို့ က ပြောင်းပြန်ပြောသေးတယ်။ သုညရေးနိုင်တဲ့လူက တိရစ္ဆာန်ဖြစ်သွားရတယ်။ သားမှန်း သမီးမှန်းမသိလို့တဲ့။ သုညရေးနိုင်တဲ့လူက နဲ၊ တစ် နှစ် ရေးနိုင်တဲ့လူက များများဆိုတော့၊ မခွဲတော့ နိုင်သွားတာပေါ့။ ဘယ်သွားသွား မသာအိမ်သွားသွား၊ မသာအိမ်သွားတယ်ဆို မျက်နှာသေနဲ့သွားရတယ်။ မျက်ရည်ကျအောင် ကြက်သွန်ဖြူတောင် ဆောင်သွားရသတဲ့။ သူများကငိုယင် ခင်ဗျားတို့ကပါ ဝိုင်းပြီးငိုကြရတာပဲ။မျက်ရည်မကျကြယင် မသာနှယ် ခြောက်ကပ်ကပ်ကြီးလို့တောင် ပြောကြသေးတယ်။ ခင်ဗျားတို့ ဘယ် လောက် ရူး တယ် ဆို တာ စဉ်းစားကြည့်။ ရပ်ထဲရွာထဲမှာ အရူးတွေဟာ များတော့

သူတို့က လူကောင်းဖြစ်ပြီး မရှုးတဲ့လူက (သုညရေးတဲ့လူက) အရှုးကြီး ဖြစ်ရရှာတယ်။ ရပ်ထဲရွာထဲနေရတာမလွယ်ဘူးဗျ။

ခင်ဗျားတို့ ဘဝများစွာသံသရာက ကိုယ့်အတွက်နဲ့ ကိုယ့်သားမယား ကိုယ့်ပစ္စည်းအတွက်နဲ့ ငိုခဲ့ရလို့ မျက်ရည်ကျရတာတွေဟာ သမုဒ္ဒရာလေးစင်းထဲရှိ ရေတွေထက် များသေးတယ်တဲ့။ ဘုရားကဟောတယ်။ ရှေးဘဝများစွာကလဲ ငိုခဲ့ရပြီ။ ယခုဘဝမှာလဲ ငိုဆဲပဲ။ နောင်ဘဝမှာလဲ ငိုရဦးမှာပဲ။ ဒီ ၃-ချက်ဟာ အမှတ်မှားတဲ့ တစ် နှစ် အရေးလွဲတဲ့ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်းချည့်မှတ်ပေတော့။ ကဲ.... အခု အငိုတိတ်ကြပါတော့။ အငိုတိတ်အောင်ဆို သုညရေးရမယ်။ ဒီသုညဟာ မျက်ရည်သိမ်းတဲ့တရားပဲ။ ဒီဘဝမှာလဲ မျက်ရည်သိမ်း။ နောင်ဘဝမှာလဲ မျက်ရည်သိမ်းမယ်။

ဒီတော့ မျက်ရည်သိမ်းချင်ယင် သုည ရေး နိုင် အောင်ကြိုးစားပါ။ အိမ်မှာရေးနိုင်ဖို့ အရေးကြီးတယ်။ အိမ်ကျသားထင် သမီးထင် ငါ့ပစ္စည်းထင်တော့မယ်ဆိုယင် ဟော.... အရှုးမထနဲ့ တစ် နှစ် မရေးနဲ့၊ ရေးယင် မင်း ငိုရလိမ့်ဦးမယ်လို့ ကိုယ့်ကိုယ်ကို ဆုံးမပါ။ သူတပါးဆုံးမရတာလွယ်တယ်။ ကိုယ့်ကိုယ်ကို ဆုံးမရတာ အခက်ဆုံးကွတဲ့ ဘုရားကဟောတယ်။ ဘုရားကတော့ ခန္ဓာ ၅-ပါးအပေါ်မှာ သုညရေးနိုင်တဲ့ပုဂ္ဂိုလ်ကို အလွန်ချီးမွမ်းတယ်။ သုညရေးနိုင်တဲ့ပုဂ္ဂိုလ်ဟာ မျက်ရည်သိမ်းပြီး နိဗ္ဗာန်ရောက်မှာပဲ၊ သုညမရေးနိုင်တဲ့ပုဂ္ဂိုလ်ကတော

မျက်ရည်နဲ့ အပါယ်လေးပါးပေါ့။ ခင်ဗျားတို့က နိဗ္ဗာန်လဲ ရောက်ချင်တယ်ဆိုသေး၊ သုညရေးပါဆိုတော့ လက်ကိုတုန်နေတာပဲ။ အထွေးဆုံးကလေးကို သုညရေးပါဆိုယင် လက်ကို တုန်နေတာပဲ။ သုညရေးဖို့တုန်နေယင် ဘယ်တော့မှ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးမှတ်။

ကဲ....အခု သမုဒယ၏ ပလိဗောဓဌ အနက်သဘောကို ဆက်ပြောမယ်....

❀

## ၂၈။ သမုဒယသစ္စာ၏ ပလိဗောဓဋ္ဌအနက် (၄)

ခန္ဓာ ၅-ပါးကိုစွဲလို့ ငါ ငါ့ဥစ္စာဆိုတာ လာတာ။တဏှာ သမုဒယရှိလို့လာတာ၊(သမုဒယ)ဟာ သက္ကာယဒိဋ္ဌိနဲ့အတူတကွ ဖြစ်ဖက်ပဲ။ဒီတော့လောဘရှိယင်သက္ကာယဒိဋ္ဌိဖြစ်တာပဲ။လောဘ သတ်လိုက်လို့ရှိယင် သက္ကာယဒိဋ္ဌိ အကုန်ပြုတ်တာပဲ။ ဒီတော့ တဏှာ=လောဘဟာ အဆိုးဆုံး ကြောက်စရာအကောင်းဆုံး တရားပဲ။ အခု သမုဒယ၏ **ပလိဗောဓဋ္ဌ** အနက်သဘောကို ဟောရမယ်။ **ပလိဗောဓဋ္ဌ**ဆိုတာက သမုဒယဆိုတဲ့လောဘဟာ ထွက်ရပ်လမ်းမကြီး မဂ်ခရီးကို တားဆီးနှောက်ယှက် ကန့်ကွက် တတ်တဲ့သဘောပဲ။ ထွက်ရပ်လမ်းဟူသရွေ့ကို ကန့်ကွက်တယ်။ မဂ်ဖိုလ်ကို ကန့်ကွက်တယ်ဆိုပါတော့။သမုဒယက သံသရာဆိုတဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံထဲမှာ ခင်ဗျားတို့ အိုဘေး နာဘေးကြီး ထမ်းပြီး လှည့်လည်နေတာကို ကြိုက်တယ်၊ သံသရာအပြင်ဘက် ထွက်သွားမှာတော့ သူကကြောက်တယ်။ ခင်ဗျားတို့ သံသရာ ကြီးထဲမှာ ဒုက္ခပင်လယ်ဝေနေလေ သူကကြိုက်လေပဲ။

နွားသောင်ဘဝပေါ်များဖို့ အလှူလေးပေးနော်။ အသက်ရှည်ဖို့ သီလလေးဆောက်တည်နော်-တဲ့။ နွားသောင်ဘဝ ကောင်းစားဖို့ တော့ သမုဒယကတိုက်တွန်းတယ်။နိဗ္ဗာန်ရောက်ကြောင်းတော့ သူကအလုပ်မခိုင်းဘူး။ဒီတော့ မင်းတို့ ဝဝစားပြီး သေခြင်းဆိုး သေကြကွာလို့ ပြောတာနဲ့ အတူတူပဲ။ ဗုဒ္ဓဘာသာထုံးစံအတိုင်း ပေးကြလှူကြလို့ရှိယင်၊ တခါတည်း နွားသောင်ဘဝတောင့်တတဲ့ သဘောကလေးကပါလာတယ်၊နွားသောင်ဘဝတပ်နှစ်သက်တာဟာ

သမုဒယတဏှာပဲ။ သူကနောင်ဘဝကို တောင့်တခိုင်းတယ်။ ဘဝဆုံးရာကိုတော့ အသွားမခိုင်းဘူး။ ဘဝဆုံးရာနိဗ္ဗာန်ကို တော့ ကန့်ကွက်တယ်။ ၃၁–ဘုံအတွင်းမှာ လှည့်လည်နေဖို့ အတွက် ဘဝကောင်းစားရေး လုပ်ပေါ့တဲ့။ တဏှာကဝဋ်လည် အောင်သာ အလုပ်ခိုင်းတာ။ ဝဋ်မှထွက်အောင်တော့ အလုပ် မခိုင်းဘူး။

ဘာကလေးလူလူ အနတ္တရာယ်ကင်း ဘေးရှင်းဖို့ဆိုတော့ ဒီ ခန္ဓာကြီးခင်လို့လာတာ။ ဒီ ခန္ဓာကို ခင်မင်မှုနဲ့လုပ်တဲ့။ ဒီခန္ဓာ လွတ်ငြိမ်းတဲ့ နိဗ္ဗာန်ဆီသွားဖို့တော့ မလုပ်နဲ့တဲ့၊ သမုဒယက ပြောတာ။ ခင်ဗျားတို့မှာ တဏှာအခြယ်အလှယ်ခံနေရတော့။ ကုသိုလ်ပြုယင် သုဂတိရောက်ချင်တဲ့စိတ်က အယင်လာတာ။ နိဗ္ဗာန်ရောက်ချင်တဲ့စိတ်တော့မလာဘူး၊ အခုတို့စားနေရတာဟာ နောင်ဘဝက ဒီလိုပြုခဲ့လို့–ဟုတ်လား။ ဒီတော့ အဟောင်းစား မဖြစ်ရအောင် အသစ်ကိုလဲမျိုးကြဲ၊ နောင်ဘဝ စားသောက် ရအောင်ဆိုတာ ပါပြီးသား ဖြစ်နေတယ်။ နိဗ္ဗာန်တော့မပါ ဘူး။ နောင်ဘဝ စားဖို့သာပါတယ်။ အဲဒီလို နောင်ဘဝ များစွာစားဖို့ကို သူက ကန့်သတ်လိုက်သဖြင့် နိဗ္ဗာန် ဆီ ကို မရောက်တော့ဘူး။ ဘဝအကြိမ်ကြိမ် သူက စားချင်သောက် ချင်တယ်၊ ကြီးပွားချင်တယ်၊ သဌေးသူကြွယ်ဖြစ်ချင်တယ်၊ ဒါ သမုဒယသတ္တိပဲ။ ခင်ဗျားတို့ ဘယ် ကုသိုလ်လုပ်လုပ်- သူမပါ တာ အတော်နည်းတယ်။

ဒီဘဝ သားသမီးနည်းလို့ နောင်ဘဝကျလို့ရှိယင် ခြွေရံပရိ သတ် များအောင် အိမ်နီးချင်းလဲထည့်ဟာ လာသေးတာပဲ။

ကိုယ်လဲကြိုးစားပြီး မျှားမျှားတဲ့။အိမ်နီးနားချင်းလဲ မျှားမျှား တဲ့ပစေ။ ဒါမှ နောင်ဘဝ တို့အခြေအရံများမယ်တဲ့။ ပစ္စည်း လဲ့ပေါ အခြေအရံလဲပေါချင်တဲ့ သဘောပေါ့၊ နိဗ္ဗာန်တော့ မပါဘူး။ ဒီတော့ အလှူကြီးတလှူသာ ပြီးသွားတယ်၊ ဝဋ်မှ ထွက်အောင် လှူတဲ့အလှူ ဘော်တော်ရှားတယ်။

ဓမ္မပဒပါဠိတော်မှာ တဏှာဟာ အမိနဲ့တူတယ်။ အဝိဇ္ဇာက အဖနဲ့တူတယ်လို့ ဟောထားတယ်။တဏှာကအချော့ကောင်းလို့ သားသမီးများ ပျော်အောင် ချော့နိုင်တဲ့ အမိနဲ့တူတယ်တဲ့။ တဏှာကလဲ အင်မတန် အချော့ကောင်းတယ်။ ခင်ဗျားတို့ သန္တာန်မှာရှိတဲ့ မိခင်ကြီးက တဏှာသမုဒယပဲ။ သမုဒယက ကျောင်းကန်ဘုရား သွားတော့မယ်ဆိုယင် ရက်ရှည်ကလေး စောင့်နိုင်မှ သွားပါလားတဲ့၊ ချော့ထားတယ်။ မသွားနဲ့လို့ တော့မဆိုဘူး၊ သွားပါလို့လဲ မဆိုဘူး၊ ရက်ရှည်စောင့်နိုင်မှ သွားပါတဲ့။ ဒီ နောက်ပိုင်းကလေးလုံတော့ သာ မကောင်း ဘူးလားတဲ့။နောက်ပိုင်း.ကလဲ ဘယ်တော့မှမလုံဘူး၊နောက်ပိုင်း စိတ်ချရမှသွားတာပေါ့တဲ့။ နောက်ပိုင်းကလဲ ဘယ်တော့မှ စိတ်မချရဘူး၊ မချတော့သွားဖြစ်သေးရဲ့လား။ မသွားဖြစ် တော့ဘူး။ ဒီတော့ ကျောင်းနဲ့ဝေး။ ဘုရားနဲ့ဝေး။ တရားနဲ့ ဝေး။ အလုပ်တရားတွေနဲ့ ဝေးတာသည် သမုဒယလက်ချက်ပဲ။ ဒီလိုချော့ထားလိုက်တော့ ခင်ဗျားတို့ကလဲ ပျော့သွားတာပဲ။

ချော့ထားတာမှ ဟောဒီကုန်တွေ ခေတ်စားနေတယ်။ ဒီကုန်တွေ ဒီအချိန်ပဲ တွင်ကျယ်နေတယ်။ ဒါလေးပြီးမှ သွား တာပေါ့တဲ့။ ရောင်းကောင်းပြန်တော့ ကောင်းလို့ဆိုင်းပါဦး၊

အရောင်းအဝယ်ပျက်နေတော့လဲ နေရာမကျသေးလို့ ဆိုင်းပါဦး။ အကြောင်းမညီညွတ်လို့ ကြွေးတင်တော့ ဒီကြွေးလေးကျေမှတဲ့။ ဒီလို ချော့ထားတာ။ ထွက်ရပ်လမ်းကိုမပါဘူး။ ဒီနေရာမှာ ဝန်ပိပြီး၊ ပိပြားပြီးသေလို့ရှိယင် သူ့အကြိုက်ပဲ။ တရားအားထုတ်ဖို့ ထွက်သွားမှာတော့ သူကစိုးရိမ်တယ်။

ပိတ်ပင်တာက သမုဒယ။ ပိတ်ပင်လို့ရရှိတာက ဒုက္ခမျိုးစုံ ဖြစ်နေတယ်။ခင်ဗျားတို့အခုရထားတဲ့ဒုက္ခမျိုးစုံဟာ သမုဒယက လာတာချည်းပဲ။ သမုဒယဟာ ဒုက္ခမျိုးစုံရဲ့ လက်သည်ပဲ၊ဒီတော့ လက်သည်အကြောင်းကို ကောင်းကောင်းသိမှ ဒုက္ခမှထွက်ချင်မှာ။ မသိယင်ထွက်ချင်မှာ မဟုတ်ဘူး။ ဒါဖြင့် လက်ရှိ ဒုက္ခမျိုးစုံမှ ထွက်မြောက်ချင်ယင် ဒုက္ခရဲ့အကြောင်း လက်သည်ကို သတ်လိုက်ပေါ့။ အကြောင်းသမုဒယ (တဏှာ)ကို ဖြစ်ပျက်ရှုပေး။ ရှုပေးလို့ သမုဒယချုပ်ယင်၊ အကျိုးဖြစ်တဲ့ ဒုက္ခမျိုးစုံဟာ မလာတော့ဘူး။ သမုဒယမလာတော့ ဒုက္ခချုပ်တာပဲ။ ဒုက္ခချုပ်ယင် နိဗ္ဗာန်ရောက်တာပဲ။ ဒီတော့ တဏှာ=လောဘ (သမုဒယ)လာတိုင်းလာတိုင်း ဖြစ်ပျက်သာနာနာရှုကြတော့။ တနည်းအားဖြင့်-ဒီတဏှာဟာ သုခဝေဒနာကလာတာဖြစ်သောကြောင့်၊ တဏှာမလာခင်မှာ သုခဝေဒနာကို ဖြစ်ပျက်ရှုပေး၊ ဝေဒနာဝိပဿနာကိုဖိပြီးရှု၊ ရှုလို့ဝေဒနာမလာယင်၊တဏှာဟာ အလိုလိုချုပ်သွားတာပဲ။ တဏှာချုပ်ယင် ဒုက္ခလဲ အလိုလိုချုပ်သွားတာပဲ။ ဒီတော့ ဝဋ်ဒုက္ခမှလွတ်ချင်ယင်၊ **နိဗ္ဗာန်ရောက်ချင်ယင် ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုပေတော့။**

## ၂၉။ ဝဋ်သုံးပါးလည်ပုံ

**နိဿရဏဋ္ဌ**ဆိုတာ ဝဋ် ၃-ပါး ကျွတ်လွတ်တဲ့ အနက်သဘော ဒီဝဋ် ၃-ပါးမှ ကျွတ်လွတ်ရာ ဌာနကို နိရောဓသစ္စာ (နိဗ္ဗာန်)လို့ ခေါ်တယ်။ ဝဋ်လည်တာသိမှ ဝဋ်ကျွတ်ချင်မှာ ဖြစ်သောကြောင့် ဝဋ်လည်နေတာကို ရှေးဦးစွာ ဟောပြရမယ်။

အဝိဇ္ဇာနဲ့ တဏှာကို **ကိလေသဝဋ်**လို့ ခေါ်တယ်။ ကုသိုလ်ကံနဲ့ အကုသိုလ်ကံကို **ကမ္မဝဋ်**လို့ ခေါ်တယ်။ **ဝိပါကဝဋ်**ဆိုတာကတော့ ရုပ်နာမ်ခန္ဓာလို့မှတ်ထားပေါ့။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်တယ်။ ပါဠိလို ဝဋ္ဋ၊ မြန်မာလို ဝဋ်ဆိုတာက လုံးနေတာ၊ လည်နေတာ၊ ဝိုင်းနေတာကို ခေါ်တယ်။ (၁) ကိလေသဝဋ်က (၂) ကမ္မဝဋ်ဖြစ်။ (၂) ကမ္မဝဋ်က (၃) ဝိပါကဝဋ်ဖြစ်တယ်။ အခု ခင်ဗျားတို့ ဝိပါကဝဋ်ထဲမှာ ရောက်နေတယ်။ တဖန် (၃) ဝိပါကဝဋ် ထဲကနေပြီး (၁) ကိလေသဝဋ် ပြန်သွားဦးမယ်ဆိုယင် (၂) ကမ္မဝဋ်လာတော့မှာပဲ။ (၃)ကမ္မဝဋ်ဖြစ်ယင် နောက်ဘဝဆိုတဲ့ ဝိပါကဝဋ်ထဲ ရောက်ဦးမှာပဲ။ ဒီမှာတော့ ဩော်.... ဝဋ်ဆိုတာ ဒီလိုလည်တာကို ဆိုတာပဲ။ ခြေမပါ လက်မပါတာကို ဆိုတာမဟုတ်ဘူး။ အခု ငါတို့ ဝိပါကဝဋ်ထဲ ရောက်နေပါလားလို့ သိထားရမယ်။

အခု ခင်ဗျားတို့ လူဖြစ်နေတာဟာ ကံကောင်းလို့ လူဖြစ်နေတာမဟုတ်ဘူး။ ဒါ ဝဋ်သင့်နေတာ။ ခင်ဗျားတို့က လူဟာ

ဝဋ်ကောင်ဆိုတာကို မရိပ်မိသေးဘူး။ ခင်ဗျားတို့ အခုရှိနေတဲ့ ရုပ်နာမ်ခန္ဓာဟာ သစ္စာနဲ့ဖွဲ့ကြည့်တော့ ဒုက္ခသစ္စာပဲ။ ဒါဖြင့် ဒုက္ခဝဋ် မကျွတ်သေးဘူးပေါ့။ နောက်က ကိလေသာဝဋ် ကမ္မဝဋ်တို့က ပြုပြင်စီမံလိုက်တဲ့ ဒီရုပ်နာမ်ခန္ဓာကြီးထဲမှာ အို-နာ-သေတွေ ပါနေတယ်။ ပါနေတော့ ဒုက္ခသစ္စာလဲ ဟုတ်တယ်။ အသုဘကောင်ကြီးလဲဟုတ်တယ်။ ဒီတော့ ဒီ အို-နာ သေ ရုပ်နာမ်ခန္ဓာကြီး အသုဘခန္ဓာကြီးကို ခင်ဗျားတို့ ဘယ်သွားသွား ထမ်းသွားနေရတော့ ဒါ ဝဋ်ကြီးလိုက်နေတာ။ ဒီ ရုပ်နာမ် ခန္ဓာဝန်ကြီးကို ထမ်းထမ်းသွားနေရတော့ ခင်ဗျားတို့ဟာ **ဝန်ထမ်းသမား**သက်သက်ပဲ။ ဒီဝန်ကြီးကို မချနိုင်သေးဘူး။ ဒီခန္ဓာကြီးကို အခုလဲ ထမ်းကောင်းတုန်းပဲ။ နောင်လဲ တောင်ဘွေးထောက်ပြီး ထမ်းရဦးမှာပဲ။ နောက်.... လေးဘက်ထောက်သွားပြီးတော့လဲ ထမ်းရဦးမှာပဲ။ ဒီလို အိုတတ်၊ နာတတ်၊ သေတတ်တဲ့ ခန္ဓာကိုယ်ကြီးကို သွားလေရာ ထမ်းသွားနေရတာဟာ အရိယာမျက်လုံး၊ သမ္မာဒိဋ္ဌိမျက်လုံးနဲ့ ကြည့်ယင် ဝဋ်ကောင်ကြီးအစစ်ပဲဆိုတာ မြင်ရတာပဲ။

ခင်ဗျားတို့က "ခွေး နာလည်ပတ်ကြီး" မြင်မှ "ဝဋ်ခွေးကြီး" လို့ ထင်တယ်။ ခြေမပါလက်မပါ။ မျက်စိတဖက်မပါ နူနာ ကျိုးကန်းတွေကိုမြင်မှ ဝဋ်ကောင်လို့ထင်နေတာ။ မဟုတ်ဘူး။ ခင်ဗျားတို့လဲ ဝဋ်ကောင်ပဲ။ ဝဋ်ကောင်မှ ဝဋ်ကောင်အစစ်။ အခု ခင်ဗျားတို့ ဝိပါကဝဋ်ထဲရောက်နေတော့။ ခင်ဗျားတို့ ခန္ဓာကြီးဟာ ၉၆-ပါး ရောဂါဝေဒနာတွေ လာပြန်ယင်လဲ ဒီခန္ဓာကြီးက အကုန်လက်ခံရတယ်။ ဒီခန္ဓာကြီးထဲမှာ ဘယ်

တော့မှ အနာရောဂါမကင်းဘူး။ ထမင်းဆာတဲ့ရောဂါ။ ရေဆာတဲ့ရောဂါ။ ကျင်ကြီး ကျင်ငယ်စွန့်ရတဲ့ရောဂါ။ အအေးဒဏ်အပူဒဏ်ခံရတဲ့ရောဂါ စသည်ဖြင့် အနာရောဂါတွေဟာ ခန္ဓာကိုယ်ထဲမှာ ထုပ်ကြီးရှိတယ်။ ဒီခန္ဓာဝန်ကြီးရထားတော့ ဘယ်နေရာမှ စိတ်တိုင်း ကိုယ်တိုင်းကျ နေလို့ရသတုံး။ မရဘူး။ ညောင်းညာကိုက်ခဲတဲ့ ရောဂါတွေနဲ့တွေ့ရ။ ဘေးဥပဒ်အန္တရာယ်အမျိုးမျိုးနဲ့ တွေ့ရ။ ဒီခန္ဓာကိုယ်ကြီး ကျွေးဖို့မွေးဖို့အတွက် ဆင်းရဲဒုက္ခတွေ အမျိုးမျိုးနဲ့ကြုံရတော့၊ ဒီခန္ဓာကြီးရထားတာဟာ တကယ့်ကို ဝန်သင့်နေတာပဲ။ ဘယ်တော့မှ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေရတယ်မရှိဘူး။ ဒါကြောင့် ဒီခန္ဓာကြီး ရထားတဲ့ပုဂ္ဂိုလ်ဟာသရွေ့ ဝန်ကောင်ကြီးပဲလို့ ဆုံးဖြတ်။

ခင်ဗျားတို့ အခု ဝန်ထဲရောက်နေတယ်။ ဝိပါကဝန်ထဲရောက်နေတယ်။ ဒီဝန်က ဘယ်တော့မှ ကျွတ်မှာတုံးဆိုတော့ ဟောဒီ အဝိဇ္ဇာ၊တဏှာဆိုတဲ့ကိလေသဝန်ကိုဖြတ်နိုင်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရသေးသရွေ့ ဒီဝန်က ဘယ်တော့မှ မကျွတ်ဘူး။ ကိလေသဝန် မချုပ်သေးသရွေ့ ကမ္မဝန်ဆက်ဖြစ်နေမှာပဲ။ ကမ္မဝန်မပြတ်သရွေ့ ဝိပါကဝန်ကတော့ ဆက်ဖြစ်နေမှာပဲ။ ဒီတော့ ခင်ဗျားတို့မှာ ကံကစီမံသလိုခံရတော့ ရောဂါမျိုးစုံပေါက်လာပြီး "ကံနာဝန်နာ"သင့်နေတာပဲ။ ကိလေသာစီမံသလိုလဲ ခံနေရတယ်။ အင်း....အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသာက ခိုင်းလိုက် စီမံလိုက်ပြန်ယင်လဲ၊ ဒီ ရုပ်နာမ် ခန္ဓာကြီးဟာ မသွားမ္မလာပဲ နေလို့မရဘူး။ မငြင်းဆန်ရဲဘူး။ ကိလေသာ

စေခိုင်းရာလုပ်ရတယ်။ လုပ်ရတော့ သူဟာ"ကျွန်ဝဋ်ကောင်" ပဲ။ ဒီဝဋ် ၃-ပါး တပါးပါးကစိမ့်လိုက်တော့ ခံရတာပဲ။ ဒါဖြင့် ကျွန်ဝဋ်ကောင်ပေါ့။ ဝဋ်ကျွတ်ကြောင်းတရားက မရသေးတော့ ဝဋ်မကျွတ်သေးဘူးပေါ့၊ အခု ကိုယ့်အဖြစ်ကိုယ်သိပြီလား။

ဒီတော့ ကိလေသဝဋ်မချုပ်သရွေ့ ကမ္မဝဋ်မချုပ်သရွေ့ ဝိပါကဝဋ် (အကျိုးပေးဝဋ်)တော့ ခံရမှာပဲ။ ဒါဖြင့် ကိလေသဝဋ်ဖြတ်မှပဲ။ ဒါဖြတ်မှ ကမ္မဝဋ်ပြတ်မယ်။ ကမ္မဝဋ်ပြတ်မှ ဒီ ဝိပါကဝဋ်ကကျွတ်မှာ။ အခု ဝိပါကဝဋ်ထဲရောက်နေတုန်းမှာ ဒီကိလေသဝဋ် ပြန်ပေါက်ယင် နောက် ဒီ ဝိပါကဝဋ်ကြီးမျိုး ပြန်ရဦးမှာပဲ။ အခု ခင်ဗျားတို့မှာ အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသဝဋ်တွေ ပေါက်ပွားပြန်နေတယ်။ ဒီတော့ ဒီအဝိဇ္ဇာတဏှာခိုင်းသမျှ လုပ်နေကြရတယ်။ အဝိဇ္ဇာတဏှာက လဲ ခင်ဗျားတို့ကို မဟုတ်မတရားဟောပြီး ကံတွေတွန်းလုပ်ခိုင်းတာပဲ။

အဝိဇ္ဇာက မင်းဟာ လူထဲမှာ စီးပွားဥစ္စာရတနာအားဖြင့် အမျိုးအားဖြင့် ရုပ်ရည်အားဖြင့် ညံ့သေးတယ်လို့ ဟောလိုက်တော့၊ တဏှာက ဒီထက်ကောင်းတာ ရချင်တယ်ဆိုတာလာတယ်။ မင်းဟာ သူများကိုကြည့်။ သူများတွေ တိုက်နဲ့ ကားနဲ့ နေရတယ်။မင်းဖြစ်တွေက ညံ့သေးတယ်လို့ မိစ္ဆာဉာဏ် အဝိဇ္ဇာက ဟောလိုက်တယ်။ ဟောတော့ သူတို့လို ကြီးပွားချင်တဲ့ တဏှာက ကပ်ပါလာတယ်။ ဒီ အဝိဇ္ဇာတဏှာက ကိလေ

သဝင်္ဂ ပေါက်ပွားတော့ ကာယကံ ဝစီကံ မနောကံနဲ့ ကြိုး စားလိုက်ယင် ဒါ ကမ္မဝဋ် လာပြီပေါ့။ ကမ္မဝဋ် ဖြစ်တော့ ဒီမှာ စုတေမနေသေလွန်ယင် ဝိပါကဝဋ်ဆိုတဲ့ ရုပ်နာမ်ခန္ဓာကြီး ပေါ်မယ်။ အခုတပတ်ရပြီမဟုတ်လား။

အခု ခင်ဗျားတို့ ဝိပါကဝဋ်ထဲမှာ ရောက်နေ ကြတယ်။ ဒီ ဝိပါကဝဋ်ထဲကနေပြီး တခါလူချင်းတူတူ သူချင်းမျှမျှ ဖြစ် ချင်တာ။ နတ်ချင်းတူတူ နတ်ချင်းမျှမျှ ဖြစ်ချင်တာဆိုတော့ ခုနက ကံတွေလုပ်တယ်။ ဒီခန္ဓာထဲက ပေါက်ပွားလာတဲ့ အဝိဇ္ဇာ တဏှာက တရားဟောတာနဲ့ ဒီကုသိုလ်အကုသိုလ်ကံတွေလုပ် ဖြစ်ကြတယ်။ ကမ္မဝဋ် လုပ်ပြန်တော့ ဒီ ဝိပါကဝဋ်ရောက် ပြန်တာပဲ၊ ဒါဖြင့် ဝိပါကဝဋ်ထဲမှ ကိလေသဝဋ် ပေါက်ပွား တယ်။ ကိလေသဝဋ် ပေါက်ပွားလို့ ကမ္မဝဋ်လုပ်ဖြစ်တယ်။ ကမ္မဝဋ် လုပ်ဖြစ်တော့ နောက်ဘဝဆိုတဲ့ ဝိပါကဝဋ်လာရ မှာပဲ။ နောင်ဘဝ ဝိပါကဝဋ်လာယင် ဒီအထဲက ကိလေသဝဋ် ပေါက်ပွားဦးမှာပဲ။ ဒီတော့ ခင်ဗျားတို့မှာ ထွက်ပေါက်ကို မရှိဘူး။ အဝိုင်းပြေးပဲ ပြေးနေတယ်။ တသံသရာလုံး ဒီအဝိုင်း ပြေး ပြေးနေဘယ်။ အဝိုင်းပြေး-ပြေးနေတော့ နားခွင့်ပါ သေးသလားဆိုတော့ မပါဘူး။ တပြေးထဲ ပြေးနေတာပဲ။ ကရွတ်ကင်းလျှောက်သလို၊ တပတ်ပြီးတပတ်၊ အပတ်ပေါင်း မရေမတွက်နိုင်အောင် ပြေးနေရတယ်။ ဘယ်တော့ဆုံးမှာတုံး။ မဆုံးဘူး။ ဒါ တသံသရာလုံး နေခဲ့ရတာ။ ဘုရားတောင် အစ ရှာမတွေ့ဘူး။ ဒီလို ဝိုင်းနေ-လည်နေ (ပတ်ပြေးနေ) တာ

လူတယောက်၏အစရှာမတွေ့နိုင်ဘူး။ ဝိုင်းနေတာတော့ ကြက်ဥလိုပဲ အစရှာမတွေ့ဘူး။ ဒီ အဝိုင်းဇာတ် အခုသတ်ယင်သတ်၊ မသတ်ယင် နောက် ဒီအဝိုင်းဇာတ်သိမ်းဖို့ မမြင်တော့ဘူး။

ကဲ....ဝဋ် ၃ ပါး ကိုယ်တိုင် လည်တတ်ပြီလား။ ကိုယ်တိုင် လည်တတ်လို့ပဲ မူးနေလောက်ပြီမဟုတ်လား။ ဒီတော့ ဒီဘဝမှာ အလည်ရပ်ဖို့ အလုပ် လုပ်သင့်ပြီပေါ့။ အခုတော့ လည်တဲ့ အလုပ်တွေပဲ ကြိုးစားနေကြတယ်။ အခုပဲ ဝိပါကဝဋ်မကျွတ်ခင်က ကိလေသဝဋ်ကပ်နေပြီ။ ကိုယ့်အဖြစ် ကိုယ်မသိသေးတော့။ လူဆိုတာ ဒီလိုလုပ်စားရတယ်။ မလုပ်ယင် ဘယ်လူဖြစ်ပါမလဲ။ လူအောက်ကျမှာပေါ့ ဆိုပြီး၊ ခင်ဗျား တို့ "အဝိဇ္ဇာ" က တရားဟော။ "တဏှာက" နာသမား။ ဟုတ်ထင်ပါရဲ့ဆိုပြီး ကံတွေလျှောက်လုပ်နေကြတာပဲ။ ကံလုပ်တော့ အကျိုးပေးဦးမှာပဲဆိုပြီး လူ့နာမ်ရုပ်ကနေပြီး တိရစ္ဆာန် နာမ်ရုပ် လုပ်လိုက်တယ်။ တိရစ္ဆာန် နာမ်ရုပ်ဖြစ်တော့ တိရစ္ဆာန် အဝိဇ္ဇာနဲ့ တိရစ္ဆာန်တဏှာက လာပြန်တာပဲ။ ကိလေသဝဋ်ပေါက်ပွားနေပြန်တာပဲ။ဒီတော့ ခင်ဗျားတို့ဟာ အဝိုင်းပြေးရပြီပေါ့။ အဝိုင်းပြေးရပေမယ့် ခင်ဗျားတို့ မမူးနိုင် မမိုက်နိုင်သေးဘူး။ ဝိပါကဝဋ်ထဲမှာ ကိလေသဝဋ် ကမ္မဝဋ်တွေ တည်ထောင်ပြန်တယ်။ လည်လက်စမသတ်ချင်လို့ လည်စရှိ လည်ချင်လို့ပေါ့။ ဦးခေါင်းပြောင်း ချင်တဲ့ သဘောပေါ့။ ဒီဝိပါကဝဋ်လဲကျွတ်ပါရော တခါတည်း တိရစ္ဆာန်ခေါင်း ပြောင်းပြီးသွားရမှာပဲ။ ဒီဝဋ်လဲကျွတ်ရော ခေါင်းပြောင်း ထွက်သွားတယ်။

ဇာတ်တော်ထဲပါတဲ့ ဥပရိမိဖုရားကြီးဟာ သေသော့ နောက်ချေးပိုး သွားဖြစ်တယ်။ နောက်ချေးပိုးဘဝကနေပြီး ကိုယ့်ဟာကိုစဉ်းစားဝမ်း၊ တခါထဲ ကျောက်ခဲရေထဲ ချလိုက် သလိုမြုပ်သွားတာပဲ။ ပြီးတော့ ရှေးတုန်းက အမေ တယောက် ဟာ သားကလေးခင်ပြီး သေသွားတာနဲ့ တောထဲမှာခွေးကြီး သွားဖြစ်တယ်။ လူ့ခေါင်းက ခွေးခေါင်းပြောင်းသွားတယ်။ သားကလေးခင်တဲ့ ကိလေသဝဋ်ကြောင့် စိုးရိမ်ကြောင့်ကြ တဲ့ ကမ္မဝဋ်လုပ်လိုက်တော့။ ကမ္မဝဋ်၏ တန်ခိုးသတ္တိကြောင့် စုတေစိတ်ကျပြီး ခွေးကြီးသွားဖြစ်ရတယ်။ မင်းတို့ကော ဒီလို ဖြစ်ချင်သလား။ မဖြစ်ချင်ဘူးတဲ့။ အပြောကတော့ မဖြစ်ချင် ပေမယ့် အလုပ်ကတော့ ဖြစ်ချင်တဲ့အလုပ် လုပ်နေတယ်။ ခင်ဗျားတို့ ခေါင်းပြောင်းချင်ကြသလား။ အခုခေါင်းနဲ့ပဲ တော်ပြီလား။ မပြောင်းချင်ဘူးတဲ့။ ဒါပေမယ့် ဘုန်းကြီး ပြောတဲ့အလုပ်ကို မလုပ်ယင်တော့ မပြောင်းချင်လဲပြောင်းရ မှာပဲ။

ဘုရားလက်ထပ်က **ဦးတိဿ** ကြီးဟာ ဇေတဝန်ကျောင်း မှာ သူ့သင်္ကန်းကိုစွဲတဲ့ ကိလေသဝဋ်ကြောင့် သူ့သင်္ကန်း မှာပဲ သန်းကြီးသွားဖြစ်တယ်။ ရဟန်းခေါင်းက သန်းခေါင်းသွား ဖြစ်တယ်။ ခင်ဗျားတို့ခေါင်းပေါ်က သန်းတွေဟာ ဘယ်က လာတယ်ထင်သတုံး။ ခင်ဗျားတို့အပေါ် သံယောဇဉ်ဖြစ်ကြတဲ့ ဖိုးအေ ဖွားအေ အမေ အဖေတွေက လာဘာဗျ။ ဓာတ်သဘာဝ ချည်း ထင်မနေနဲ့ဦး။ ခင်ဗျားတို့က မသိတော့ သန်းဥဘွေကို တုပ်ရတာနဲ့ သန်းရှာလှင့်ပစ်ရတာနဲ့၊ အဖိုး အဖွား အမေ

အဖေတွေကို ဖျက်ဆီးကြတယ်။ ခင်ဗျားတို့လဲ ဒီအတိုင်းပဲ အဝိဇ္ဇာနဲ့တဏှာချုပ်အောင် မလုပ်နိုင်ယင် ဒီလိုခင်တွယ်တဲ့ သား သမီး ခေါင်းပေါ်သွားပြီး ပျော်ဦးမှာ။ ဒီတော့ ဝဋ်ကျွတ်အောင် လုပ်ယင်လုပ်။ မလုပ်ယင် ခေါင်းပြောင်းရမှာတော့ သေချာပြီ။ ပြုံးတော့မနေနဲ့တော့။ ပြုံးချိန်လဲမရှိတော့ဘူး။ နက်ဖြန်ကံကုန်ယင် နက်ဖြန်ခေါင်းပြောင်းရမယ်။ သုတ္တနိပါတ်ထဲမှာ လူတယောက် ဟာ သူ့မိန်းမကို စွဲလမ်းသေသွားတာနဲ့ သူ့မိန်းမအိမ်မှာ ခွေးသွားဖြစ်တယ်။ သူ့မိန်းမကိုခင်လို့ ခွေးသွားဖြစ်တာ။ ခွေးက သံယောဇဉ်ရှိလို့ သူသွားတိုင်း နောက်ကလိုက်နေတော့ သူ့မှာ ခွေးမဆိုးမလို့ အခေါ်ခံရတဲ့အတွက် သူက ခွေးကို တိတ်တဆိတ်သတ်ပစ်လိုက်တယ်။

အဲဒီတော့ သိပ်ပြီးကြွားမနေနဲ့။ ဝဋ်ကျွတ်မှကြွားပါ။ အခုကြွားနေတာကတော့ ခဏလေးပဲ။ ခေါင်းမပြောင်းခင်ပါ။ တော်တော်ကြာ ဂျိုကြီးကားယားနဲ့ လာချင်လာမှာ။ အစွယ်ငေါငေါနဲ့ လာချင်လာမှာ။ ဝဋ်မကျွတ်သရွေ့ စိတ်ချလက်ချနေတဲ့ ပုဂ္ဂိုလ်ဟာ လောဘနဲ့ရူး၊ ဒေါသနဲ့မူး၊ မောဟနဲ့ရူး တဲ့လူပဲ ဖြစ်တယ်။ ဒီအရူး ၃-ပါး တပါးပါးဖြစ်လို့သာ ခင်ဗျားတို့ ဝဋ်မကျွတ်ချင်တာပဲ။ ခင်ဗျားတို့ဟာ လောကအနေနဲ့ လူကြီးလူကောင်းတွေပါပဲ။ ဒါပေမယ့် သစ္စာအနေနဲ့ပြောရယင် အဝိဇ္ဇာနဲ့တဏှာချုပ်အောင် မလုပ်သရွေ့ ဥမ္မတ္တကအရူးပဲဖြစ်တယ်။ ဖြစ်ယင်စိတ်မချရဘူး။ ခေါင်းပြောင်းတာ သူ့အလုပ်ပဲ။ ခေါင်းပြောင်းပြီး ခွေးကြီးဖြစ်တော့ ကိုယ်သား

အရင်း၏ အရိုက်ခံရမှာပဲ။ သူ့အမေခွေးဖြစ်မှန်း မသိလို့ရိုက်တာ။ ခွေးဖြစ်အောင်လုပ်တဲ့လူဟာ အရိုက်ခံရတာနည်းသေးတယ်။ ခင်ဗျားတို့ အဖြစ်ဆိုးလွန်းလို့ပြောတာ။ ခင်ဗျားတို့ သားသမီးအတွက် ကြပ်ကြပ်သတိထား။ သူတို့နဲ့ ပတ်သက်ပြီး ခွေးဖြစ်ရတဲ့ဝတ္ထုပေါင်း အတော်များတယ်၊ အရှုးမပျောက် သရွေ့ အဝိုင်းပြေးရုံပဲ။ ခေါင်းပြောင်းရုပ်။ ဒီတော့ ခင်ဗျားတို့ အရှုး ဗုံတီးမြောက် တဲ့ အလုပ်တွေ မလုပ်နဲ့တော့။ ကိုယ့်အရှုးပျောက်အောင်လုပ်ကြ။ အရှုးပျောက်ဖို့ရာ အဝိဇ္ဇာ တဏှာဆိုတဲ့ "ကိလေသာ အရှုး" ကို မဂ်ဓားနဲ့ဖြတ်ကြပေတော့။

## ၃၁။ နိရောဓသစ္စာ၏ နိဿရဏာဋ္ဌအနက် (၁)

နိဗ္ဗာန်ဆိုတာ **နိဿရဏဋ္ဌ**သဘောရှိတယ်။ **နိဿရဏဋ္ဌ**ဆိုတာ ဒုက္ခဝဋ်မှကျွတ်လွတ်တဲ့ အနက်သဘော။ နိဗ္ဗာန်ဆိုတာ ဝဋ် ၃ ပါးမှ ကျွတ်တဲ့နေရာပဲ။ ဒါဖြင့် ဝဋ်လည်မှန်းသိမှ ဝဋ်ကျွတ်ချင်မှာပေါ့။ ဝဋ်လည်မှန်းမသိယင် ဝဋ်မကျွတ်ချင်ဘူး။ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ခန္ဓာရှိနေယင်လဲ နိဗ္ဗာန် မဟုတ်ဘူး။ ဝိပါကဝဋ်ဖြစ်နေတာ။ ကုသိုလ်ကံ အကုသိုလ်ကံတွေရှိနေယင်လဲ နိဗ္ဗာန်မဟုတ်ဘူး။ ကမ္မဝဋ်ဖြစ်နေတာ။ အဝိဇ္ဇာနဲ့ တဏှာရှိနေပြန်လဲ နိဗ္ဗာန်မဟုတ်ဘူး။ ကိလေသဝဋ် ဖြစ်တယ်။ ဒါဖြင့် ဝဋ်ကျွတ်ရာဌာန (နိဗ္ဗာန်) မှာ ရုပ်နာမ်လုံးဝမရှိဘူး။ ရုပ်ရှိရှိ နာမ်ရှိရှိ ရုပ်နာမ်အတွဲရှိရှိ ဒါဝိပါကဝဋ်ပဲ။ နိဗ္ဗာန်သည် ဝဋ်ကျွတ်ရာဌာနဆိုသဖြင့် ကုသိုလ်အကုသိုလ်ကံ၏ အစွမ်းသတ္တိ မရှိတဲ့နေရာ ကိလေသာ၏အစွမ်းသတ္တိ မရှိတဲ့နေရာ၊ ဝိပါကဝဋ်နဲ့လဲ မဆက်သွယ်တဲ့နေရာပဲ။ နိဗ္ဗာန်သည် ဝဋ် ၃-ပါးနဲ့ မဆက်သွယ်ဘူး။ မဆက်သွယ်ပဲ သူ့ဟာသူ သီးသန့်နေတာ။ ဒါဖြင့် အဝိုင်းပြေးက ဒီကျမှ လွတ်မယ်။

အခုဝဋ်ကျွတ်ရာနေရာဌာန (နိဗ္ဗာန်) ၏ ကောင်းတာကို ပြောရမယ်။ ဒီဝဋ် ၃-ပါးအကြောင်း သိမှသာ ဒီဘက် (နိဗ္ဗာန်) က ကောင်းသကိုးဆိုတာသိမယ်။ ဝဋ်အကြောင်း မသိယင် ဒီဘက်က နိရောဓ (နိဗ္ဗာန်) တောင်းတာကိုလဲ မသိပါဘူး။ ဒါဖြင့် နိဗ္ဗာန်မသိပဲနဲ့ ငေးပျားတို့ လှူဒါန်းကြ

ပေးကမ်းကြတဲ့အခါ သူများကောင်းတယ်ဆိုလို့သာ ကိုယ်ရချင်တာ။ ဒီဝဋ်ကြီးကို လိုချင်ဘာပဲရှိမယ်။ တကယ်တော့ ဒီဝဋ်ကြီး ကိုယ်တိုင်ခံစားရတာမြင်ပြီး ကျွတ်ချင်တဲ့သဘောမျိုးနဲ့ နိဗ္ဗာန်သို့ တကယ်အရောက်ပြေးချင်တာ မဟုတ်ပါဘူး။ ဒါဖြင့် သိတဲ့ပုဂ္ဂိုလ်လှူတာနဲ့ မသိတဲ့ပုဂ္ဂိုလ်လှူတာ။ သိတဲ့ပုဂ္ဂိုလ်အားထုတ်တာနဲ့ မသိတဲ့ပုဂ္ဂိုလ်အားထုတ်တာ အင်မတန်ကွာတယ်။ သိတဲ့ပုဂ္ဂိုလ်က ဒီဝဋ်ကြီး ကိုယ်တိုင်ခံစားပြီးလာခဲ့တော့ ဝဋ် ၃-ပါးအကြောင်း ကောင်းကောင်းသိပြီး ဒီဝဋ်ကြီး ကျွတ်လွတ်ရပါလို၏ဆိုတာ လာမယ်။

အခု ဝဋ်ပြတ်ပုံကို ဟောပြမယ်။ သစ်ပင်တပင်မှာ အမြစ်-**ပင်စည်ပင်လုံး - အကိုင်းအခက်** ရယ်သို့ ၃-ပိုင်း ရှိတယ်။ (၁) အဝိဇ္ဇာတဏှာဆိုတဲ့ **ကိလေသဝဋ်** ဟာ ရေသောက်မြစ်နဲ့တူတယ်။ ရေသောက်မြစ် ၂-ခုပေါ့ (၂) **ကမ္မဝဋ်** က ပင်စည်၊ ပင်လုံးနဲ့တူတယ်။ (၃) ရုပ်နာမ်ခန္ဓာဆိုတဲ့ **ဝိပါကဝဋ်** ကြီးဟာ အကိုင်းအခက်တွေပဲ။ ဒီတော့ ဒီအပင် (ခန္ဓာသစ်ပင်ကြီး) သေစေချင်ယင်၊ အမြစ်ကိုဖြတ်ရမယ်။ ဒီ ကိလေသာအမြစ်ကလဲ ဝိပဿနာဓား၊ မဂ်ဓားနဲ့ ဖြတ်မှ ရမယ်။ **ဝိပဿနာဓား** က တော်တော် ကိုခုတ်ထားပြီး တဲတဲကျန်တဲ့အချိန်မှာ မဂ်ဓားနဲ့ ဖြတ်ရမယ်။ **မဂ်ဓား** က ကိလေသာထု (ဒု) သိပ်ကြီးနေယင် မရဘူး။ ဝိပဿနာဓားက အတော်ကို အယင်တေထားဦးမှ၊ ဒီဓား ၂-ခုကိုကိုင်ပြီး ဒီအမြစ်ကိုဖြတ်လိုက်ယင် ဒီအပင် (ကမ္မဝဋ်) ဟာလဲ ခြောက်သွားမှာပဲ။ ဒီ အကိုင်းအခက်တွေ (ဝိပါကဝဋ်)လဲ ခြောက်မှာပဲ၊ အခု

သီးပွင့်နေတာတွေလဲ လေသီးလေပွင့် ဖြစ်သွားမှာပဲ။ ဝိပါက ဝဋ်ထဲမှာရှိတဲ့ အဝိဇ္ဇာနဲ့ တဏှာကံတွေဟာ လေသီးလေပွင့် ဖြစ်သွားမယ်။ ဒီ လေသီးလေပွင့်တွေဟာ နောက်အပင်ကို မပေါက်စေနိုင်တော့ဘူး။

ဒီအမြစ်ကိုဖြတ်ဖို့ရာ ဒါန သီလ သမထ လောက်နဲ့တော့ ဖြတ်လို့မရဘူး။ ဝိပဿနာဓား မဂ်ဓားနဲ့ ဖြတ်မှရမယ်။ အဲဒီတော့ ဒီအမြစ်ဖြတ်ဆေး ကိုတော့ဖြင့် ဒီဘဝမှာ သောက်ဖြစ်အောင် သောက်လိုက်။ လုပ်ဖြစ်အောင် လုပ်လိုက်လို့ရှိယင် စိတ်ချရပြီ။ ဒီအမြစ်(ကိလေသာ) မပြတ်သရွေ့တော့ ဝိပါက ဝဋ်ထဲမှ ကိလေသဝဋ်က ပေါက်နေဦးမှာ။ အမြစ်မပြတ်တော့ ဒီအသီးတွေက မအောင်မြင်တော့ဘူး။ ဒီလိုဖြစ်အောင် ဝိပဿနာအလုပ် လုပ်ရမယ်။ ရှေးဦးစွာ ဝိပဿနာမဂ်ဉာဏ် ၅-ပါးနဲ့ လုပ်။ နောက်ဆုံးကျယင် မဂ်ဉာဏ် ၈-ခုနဲ့ဖြတ်။ ဒါမှ တပါး အမြစ်ဖြတ်ဆေးမရှိဘူး။ ဒီတော့ လူဒါန်းတဲ့အခါ မှာလဲ ဒီ ဝဋ်ကျွတ်ရပါလို၏ဆိုပြီး လှူပါ။ ဒီ ဝဋ် ၃-ပါးမှ ကျွတ်လွတ်ချင်တဲ့ အလှူအတန်းမျိုးလုပ်ယင် အထောက်အပံ့ ရမှာ သေချာတယ်။ ဒီဝဋ်ကို လိုချင်တောင့်တတယ်ဆိုယင် သွားပြီ ခေါင်းပြောင်းပြီး အငိုင်းပြေးပေတော့။ ဝဋ်ကောင်တွေပဲ လှည့်ဖြစ်ပေတော့။

ဒါဖြင့် ခင်ဗျားတို့ ဝိပါကဝဋ်ကျွတ်ချင်ယင် ကမ္မဝဋ်ကိုလဲ ဖြတ်မနေပါနှင့်။ ဝိပါကဝဋ်ကလဲ အကျိုးပေးပြီးသားဖြစ်လို့ ဖြတ်လို့မရတော့ဘူး။ ကမ္မဝဋ်ကလဲ အကျိုးပေးတဲ့နေရာမှာ

သူ ဆက်အကျိုးပေးနေမှာပဲ။ ဒီတော့ ကမ္မဝဋ်လဲ အားနည်းသွားအောင် **ကိလေသဝဋ်** ကို ဖြတ်လိုက်ရမယ်။ ဖြတ်လိုက်လို့ ကိလေသဝဋ်မရှိတော့ယင် ကမ္မဝဋ်လဲ မရှိဘော့ဘူး။ ဝိပါကဝဋ်ကြီးလဲ မရှိဘော့ဘူး (ထပ်မလာတော့ဘူး) ဒီတော့ ဝဋ် ၃ ပါး ကျွတ်သွားတယ်။ အဲဒီ ဝဋ် ၃ ပါး ကျွတ်သွားတယ်ဆိုတာ (နိဗ္ဗာန်ရောက်တယ်ဆိုတာ) ကိလေသာအညစ်အကြေးဆိုတဲ့ သဘောမရှိဘူး။ ကမ္မဝဋ်ဆိုတဲ့ သတ္တဝါတွေကို ဆင်းရဲအောင်လုပ်တဲ့ ထင်သလိုစီမံတဲ့ ကံတွေလဲမရှိဘူး။ ကံမရှိယင် ဖြစ်ချင်သလိုဖြစ်ရတဲ့ ဘဝတွေနဲ့လဲ မကြုံတော့ဘူး။ ဒါဖြင့် ကိလေသဝဋ်ကျွတ်လို့ ကမ္မဝဋ်ကျွတ်တယ်။ ကမ္မဝဋ်ကျွတ်လို့ ဝိပါကဝဋ် ကျွတ်ရတယ်။ ဒီတော့ကိလေသဝဋ်သာ ကျွတ်အောင်လုပ်။ ကံကိုလဲမကြောက်နဲ့။ ဝိပါကဝဋ်လဲမကြောက်ပါနဲ့။ ကိလေသဝဋ်ကိုသာ ကြောက်ရမယ်။ ကိလေသဝဋ်ကို ကြောက်ယင် ကိစ္စပြီးပြီ။ ဒီတော့ အဝိဇ္ဇာတဏှာ ဆိုတဲ့ ကိလေသဝဋ်ကို နိုင်အောင်သတ်။ သတ်တဲ့နေရာမှာ ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ်မှတပါး အားကိုးစရာမရှိဘူး။ ဒါတောင် အခုလုပ်ယင်လုပ်၊ နောင်ဝိပဿနာကွယ်တော့မှာ။ သာသနာကွယ်ယင်=သာသနာပဆိုယင် ဝိပဿနာဆိုတာ မရှိတော့ဘူး။ မရှိတော့ ကျွတ်ချင်ယင် အခု အချိန်ပိုင်းသာ ကျန်တော့တယ်။

ဘုရားက။ **ကမ္မံ**ခေတ္တံ၊ ဝိညာဏံဗီဇံ၊ တဏှာသိနေဟော။ လို့ဟောထားတယ်။ **ကံဆိုတာလယ်နှင့်တူတယ်။ တဏှာဆိုတာရေနှင့်တူတယ်။** ခင်ဗျားတို့ **စိတ်ဝိညာဏ် (ပဋိသန္ဓေဝိညာဏ်)**

ဟာ မျိုးစေ့နဲ့တူတယ်လို့ ဟောထားတယ်။ ဒါဖြင့် ကံဟာ လယ်နှင့်တူတော့ ဒီလယ်ထဲ ရေသွင်းမပေးယင် လယ်ခြောက်ကြီးဖြစ်မယ်။ ဖြစ်ယင် ဘာစိုက်စိုက်မရဘူး။ မပေါက်ဘူး။ (လယ်နဲ့တူတဲ့ကံဆိုတာ ကမ္မဝဋ္ဋ၊ ရေနဲ့တူတဲ့ တဏှာဆိုတာ ကိလေသဝဋ္ဋ။ မျိုးစေ့နဲ့တူတဲ့ ဝိညာဏ်ဆိုတာ ဝိပါကဝဋ္ဋလို့ မှတ်။) ဒီတော့ (အဝိဇ္ဇာ တဏှာ) ဆိုတဲ့ရေကို ဒီကံထဲသွင်းလိုက်ယင် မျိုးစေ့ဆိုတဲ့ ခင်ဗျားတို့ရဲ့ ပဋိသန္ဓေစိတ်ဝိညာဏ်ဟာ ရုပ်နာမ်ခန္ဓာ အပင်ကြီးပေါက်တော့မှာပဲ၊ ခင်ဗျားတို့လယ်ထဲမှာ ရေတွေရှိတယ်။ မျိုးစေ့ချလိုက်တယ်ဆိုယင် ဒီအပင် (ခန္ဓာ)ပေါက်ပြီပေါ့။ အသီးအပွင့်တွေနဲ့ ဝေဆာလာမှာပဲ။

ကံ့ကလယ်နဲ့တူတယ်။ ခင်ဗျားတို့ သားသမီး ပစ္စည်းတွေ ခင်တဲ့တဏှာက ရေနဲ့တူ။ ခင်ဗျားတို့က မျိုးစေ့နဲ့တူ။ ဒါဖြင့် **မြေလဲကောင်း, ရေလဲကောင်း** ဆိုတော့ ဒီ မျိုးစေ့ကလဲ ကောင်းတော့ ပေါက်ချင်တဲ့အပင် ပေါက်တော့မှာပဲ။ တိရစ္ဆာန်အပင်တွေ ပေါက်မှာ။ အပါယ်ပင်တွေ ပေါက်မှာ။ ဒီလို ပေါက်ချင်တဲ့အပင်ပေါက်တာဟာ ဟောဒီကံရှိနေလို့။ ဟောဒီရေ သွင်းနေလို့။ ဟောဒီမျိုးစေ့ ပေါက်ရတယ်။ ဒီတော့ လယ်လဲမရှိမှ၊ ရေလဲမရှိမှ၊ ဒီမျိုးစေ့သုဉ်းသွားမယ်။ ခင်ဗျားတို့က ရေမရှိလဲမနေတတ် ကံမရှိလဲမနေတတ်တော့ ခက်တာပေါ့။ ဒီမျိုးစေ့ပေါက်ယင် အသီးအပွင့်တွေထွက်ဦးမှာ။ ထွက်ယင် အပင်ပေါင်း မရေမတွက်နိုင်အောင် ပေါက်ဦးမှာပဲ။ အဲဒါအဆိပ်ပင်တွေပဲ။ အဆိပ်တွေက အဆိပ်သီးတွေ

သီးလို၊ အဆိပ်သီးတွေက တခါ အဆိပ်ပင်တွေပေါက်တော့မှာပဲ။ **ခွေးပင်**၊ နွားပင် တွေပေါက်တော့မှာပဲ။ ဒီအပင်တွေ နောက်မပေါက်ချင်ယင် ရေလဲမရှိအောင် မြေလဲမရှိအောင် လုပ်ကြပေတော့။

# ၃၁။ ရုပ်နာမ်တို့၏ နှောင့်ယှက်ခြင်းသဘော

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတိုင်းဟာ နိဗ္ဗာန်သိဖို့အရေးကြီးတယ်။ နိဗ္ဗာန်ကိုမသိပဲနဲ့ ရမ်းပြီးရချင်သူနဲ့၊ နိဗ္ဗာန်ကိုသိပြီးမှ တကယ်ရချင်သူဟာ မတူဘူး။ ကွာခြားတယ်။ ပြောသံကြားနဲ့ နိဗ္ဗာန်ကိုလိုချင်တာက အဟုတ်လိုချင်လို့မဟုတ်ပဲ။ ထုံးစံအတိုင်း ရချင်တာဖြစ်နေတယ်။ နိဗ္ဗာန်ကို သေသေချာချာမသိတော့ ရချင်မှန်းမသိဘူး။ လူတုန်းမှာ နိဗ္ဗာန်ရောက်ရပါလို၏လို့ အသံထွက်ပေမယ့် စိတ်ထဲကတော့ မပါဘူး၊ ဒါဟာ နိဗ္ဗာန်ရဲ့အရသာကို မသိလို့ပဲ။ ဒါကြောင့် နိဗ္ဗာန်ကို သိဖို့ အရေးကြီးတယ်လို့ ပြောတာ။

**ဝိဓဝကဌော**= နှောင့်ယှက်ခြင်းမှ ကင်းဆိတ်ခြင်းသဘော၊ ဆိတ်ငြိမ်ခြင်းသဘော။ နှောင့်ယှက်ခြင်းမှ ကင်းဆိတ်ရာသည် နိဗ္ဗာန် မည်၏။ အနှောင့်အယှက် ဘာမှမရှိပဲ ပင်ကိုယ်သဘောအားဖြင့် ကြည်လင်အေးမြပြီး ဘယ်သူ(ဘယ်တရား)ကမှ မနှောင့်ယှက်တဲ့ နေရာမျိုးကို နိဗ္ဗာန်ခေါ်တယ်။ နိဗ္ဗာန်အကြောင်း ပြောမယ်ကြံယင် နှောင့်ယှက်မှုကိုသိမှ သဘောကျမယ်။

အခု ခင်ဗျားတို့ နေထိုင်ကြရတာက အနှောင့်အယှက်နဲ့ အမြဲ ဒွန်တွဲနေတယ်။ ဘာတွေ နှောင့်ယှက်သလဲ။ တရားနာနေစဉ်မှာ ခန္ဓာကိုယ်ကြီးဟာ ဟိုဘက်ပြောင်းလိုက်၊ ဒီဘက်

ပြောင်းလိုက်၊ ကြာကြာပိထိုင်ထားလို့ ထုံကျင်ကိုက်ခဲလာကြတာတွေဟာ အနှောင့်အယှက်မကောင်းလို့ပေါ့။ ဒီခန္ဓာကြီးဟာ ဘယ်လိုထားလို့မှ ကြာရှည်မရဘူး။ ဘာ့ကြောင့် အနှောင့်အယှက်တွေများလို့။ တော်တော်ကြာ အပူက နှောင့်ယှက်လိုက်၊ အအေးကနှောင့်ယှက်လိုက်၊ ကျင်ကြီးကျင်ငယ်တွေက နှောင့်ယှက်လိုက်၊ ဆာလောင်မွတ်သိပ်မှုတွေက နှောင့်ယှက်လိုက်၊ ဝမ်းထဲရှိ လေတွေကနှောင့်ယှက်လိုက်၊ အပြင်ဘက်ကလဲ မှက်ခြင်ယင်အစရှိတဲ့ ရန်သူတွေက နှောင့်ယှက်လိုက်၊ ဝေဒနာအမျိုးမျိုးက နှောင့်ယှက်လိုက်နဲ့ အငြိမ်ကိုမနေရဘူး။

ဒီလို အနှောင့်အယှက်ကင်းတဲ့ဆီ သွားဖို့ရာအတွက် ဝိပဿနာအားထုတ်ပြန်ယင်လဲ လိုရင်းပန်းတိုင်ကိုသိမှ စိတ်အားပြင်းပြမယ်။ နှောင့်ယှက်ခြင်းကင်းတာ သိထားမှ နိဗ္ဗာန်ကို သဘောကျမယ်။ နိဗ္ဗာန်ဟာ ဝိဝေကဋ္ဌသဘောရှိတယ်။ ဝိဝေကဋ္ဌဆိုတာ နှောင့်ယှက်ခြင်း ရှုပ်ယှက်ခတ်ခြင်းမှ ကင်းဆိတ်ပြီး ဆိတ်ငြိမ်ခြင်း အေးချမ်းခြင်းသဘောပဲ။ နှောင့်ယှက်တဲ့ ရှုပ်ယှက်ခတ်တဲ့သဘောတွေဟာ ရုပ်နာမ်တွေပဲ။ ရုပ်နာမ်ဆိုတာဟာ ခဏခဏ ဖြစ်ပျက်နေတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတွေပဲ။ ဉာဏ်မျက်လုံးပေါ်တဲ့ပုဂ္ဂိုလ်မှာ ဘယ်အချိန် ကြည့်လိုက်ကြည့်လိုက် ဉာဏ်မျက်လုံးထဲမှာ ရှုပ်ယှက်ခတ်နေတာပဲ။ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုတ်တဲ့အခါ နိဗ္ဗာန်မှာ ဒီလို ရှုပ်ယှက်ခတ်တဲ့သဘောမရှိဘူး။ ရှင်းလင်းကြည်လင်နေတယ်။ ဆိတ်ငြိမ်တဲ့ အေးချမ်းတဲ့ နေရာပဲလို့ ဉာဏ်မျက်လုံးနဲ့ကြည့်ယင်

မြင်တယ်။ ဝိပဿနာရှုတဲ့ကိစ္စ ပြီးဆုံးသွားတော့၊ ရုပ်ယှက်ခတ်နေတာမှကင်းလွတ်ပြီး ဒီနေရာမှာပင် ရုပ်ယှက်ခတ် ချုပ်ငြိမ်း ရုတ်သိမ်းပြီး ငြိမ်းအေးငြိမ်သက်နေတဲ့ သဘောပါလားဆိုတာ ကိုယ့်ဉာဏ်ထဲမှာ မြင်လာလိမ့်မယ်။

နိဗ္ဗာန်ကို ဉာဏ်မျက်စိနဲ့ အာရုံပြုသောအားဖြင့် ကြည့်လိုက်ယင် ကိလေသာအနှောင့်အယှက်တွေမှ ကင်းဝေး၊ **ကံ**အနှောင့်အယှက်တွေမှ ကင်းဝေး၊ **ရုပ်နာမ်ခန္ဓာ** အနှောင့်အယှက်တွေမှ ကင်းဝေးတာကို သိမြင်ရတယ်။ နိဗ္ဗာန်မရောက်သေးခင်မှာ **ကိလေသာဘေး** တွေ ကြောက်နေရသေးတယ်။ အဝိဇ္ဇာ၊ တဏှာတို့၏ နှောင့်ယှက်မှုတွေ ကြောက်နေရသေးတယ်။ **ကံ**ဘေး ကိုလဲ ကြောက်နေရသေးတယ်။ မကောင်းတဲ့ကံက ဝင်နှောင့်ယှက်လိုက်ယင် ဗြုံးကနဲ ချောက်ကျဦးမှာလားလို့ ပူဆွေးရဦးမယ်၊ ရုပ်နာမ်ခန္ဓာကြီး ဆင်းရဲဒုက္ခ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးဖို့လဲ ကြောင့်ကြနေရတယ်။ နိဗ္ဗာန်မှာ ဒီသဘောဆိုးတွေမရှိတော့ဘူးလို့ ဉာဏ်မျက်စိထဲမှာ မြင်ရတယ်။ ဒီတော့ နိဗ္ဗာန်ဟာ (၁) ကိလေသာတည်းဟူသော အနှောင့်အယှက် (၂) ကံတည်းဟူသော အနှောက်အယှက် (၃) ကိလေသာကံတို့၏ အကျိုးတရားဖြစ်တဲ့ ရုပ်နာမ်ခန္ဓာတည်းဟူသော အနှောင့်အယှက်၊ ဒီ **အနှောင့်အယှက်** ၃ မျိုး (ဝဋ် ၃–မျိုး) မှ အကုန်ကင်းဆိတ်ပြီးနေတဲ့သဘော ရှိတယ်။

**ဝေဒနာနုပဿနာ**။ ။ ဒီနေရာမှာ ဝိပဿနာ အလုပ်ကလေးနဲ့ရှင်းပြမှ နှောင့်ယှက်ခြင်းမှ ကင်းဆိတ်တဲ့သဘော

ဟာ နိဗ္ဗာန်ပါလားဆိုတာ ရှင်းသွားမယ်။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကျင့်စဉ်ကလေးကို ရှေးဦးစွာပြမယ်။ ဘုန်းကြီးက ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာဆိုတဲ့ အနုပဿနာ ၃ ပါးနဲ့ နိဗ္ဗာန်ရောက်ကြောင်းကို ပြမယ်၊ ဒီ ၃-ပါးမှာ ဝေဒနာနုပဿနာက အရေးအကြီးဆုံးပဲ။ ဝေဒနာဟာ စေတသိက်ပဲ။ သူဟာ တခြားစေတသိက်တွေနဲ့ တွဲပြီးဖြစ်ဘယ်။ အဲဒီ စေဘသိက်တွေဟာ ဓမ္မာနုပဿနာဖြစ်တယ်။ ပြီးတော့ဝေဒနာဟာ ဘယ်တော့မှ စိတ်နဲ့ ကင်းပြီးမဖြစ်တော့။ ဝေဒနာဖြစ်တိုင်း စိတ်လဲအမြဲပါတယ်။ ဒီတော့ စိတ်ဟာ စိတ္တာနုပဿနာ ၃-ပါးဖြစ်တယ်။ ဒါဖြင့် ဝေဒနာရှုယင် ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ ၃-ပါးစလုံးပါတယ်လို့မှတ်။ သတိပဋ္ဌာန် ၄-ပါးမှာ ၃ ပါးစလုံး တပြိုင်နက် ပြီးတဲ့တရားဟာ ဝေဒနာနုပဿနာပဲလို့မှတ်။

ဝေဒနာမှာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ၃ မျိုးရှိတယ်။ ခန္ဓာကိုယ်ထဲမှာ ဝေဒနာက္ခန္ဓာ=ဝေဒနာအစုကြီးရှိတယ်။ ဒီဝေဒနာ ၃ မျိုးဟာ ၃-မျိုးစလုံး တပြိုင်နက်မဖြစ်ဘူး။ တခုစီ(တလှည့်စီ)သာဖြစ်နိုင် ရှိနိုင်တယ်။ ဥပမာ-ဒုက္ခဝေဒနာ ပေါ်တဲ့အခါ ကျန်ဝေဒနာ ၂ ပါး မရှိဘူး။ ငင်ဗျားတို့ သန္တာန်မှာ ဝေဒနာကင်းတဲ့ အချိန် မရှိဘူး။ ဝေဒနာ ၃-ခု တခုခုတော့ ရှိနေတာပဲ။ အခု ဝေဒနာကို ရှုတော့မယ်။ ဝေဒနာ၏ သက်တမ်းဟာ ၁—နဲ့

၂-ပဲ၊ အဖြစ်နဲ့အပျက်ပဲ ရှိတယ်လို့မှတ်။ ၁-မှာ ဖြစ်ပြီး ၂-မှာ ပျက်တယ်။ ဝေဒနာတွေ တခုခုပေါ်လာတဲ့အခါ၊ ဥပမာ-ခန္ဓာ ကိုယ်မှာယားတာတွေ ပေါ်လာယင်၊ ယားတဲ့ နေရာကလေးကို စိုက်ကြည့်။ တော်တော်ကြာ ယားတာကလေးက ဖြစ်ပြီး ပျက်သွားတာပဲ၊ မရှိတော့ဘူး-လို့သိတယ်။ မရှိတာကိုအနိစ္စ၊ သိတာကို မဂ္ဂလို့ခေါ်တယ်။ ဒီမှာရှုရမှာက အနိစ္စရှုရမှာ။ ဝေဒနာရှုလို့ ဆိုလိုတာမဟုတ်ဘူး။ဘာရှုရမယ်ဆိုတာကို နာမည် တပ်ပေးရုံသာရှိတယ်။ တကယ်တော့ ဝေဒနာရှုရမှာမဟုတ်။ ဝေဒနာပျက်တာ-အနိစ္စဖြစ်တာကို ရှုရမှာ၊ ဖြစ်ပျက်ကို ရှုရမှာ၊ ရှုနိုင်းတာ။

ရှုပုံလေး ရှင်းပြမယ်-ဥပမာ သုခဝေဒနာ =ချမ်းသာ တာလေး ကိုယ်ပေါ်မှာ ပေါ်တယ်။ ကိုယ်ပေါ်မှာပေါ်တဲ့ ဝေဒနာပဲလို့မှတ်ထား။ ဝေဒနာ ကိုယ်ပေါ်မှာ ပေါ်တုန်း ငမ်းထဲမှာ ရှုတဲ့စိတ်က မပေါ်နိုင်ဘူး။ သုခဝေဒနာက ကာယ ဒွါရ=ကိုယ်ပေါ်မှာပေါ်တယ်။ ရှုတဲ့စိတ်က မနောဒွါရ=ဝမ်း ထဲမှာ=ဟာဒယဝတ္ထုပေါ်မှာ ပေါ်တယ်။ ဝမ်းထဲကနေပြီး ဟာဒယဝတ္ထုပေါ်ကနေ ရှုရတော့၊ ဝေဒနာရှိတုန်းး ရှုတဲ့ ဉာဏ်က ပေါ်တာ မဟုတ်ဘူး။ ဝေဒနာ မရှိတဲ့အခါမှ ပေါ်တာ။ ထို့ကြောင့် ဝေဒနာမရှိတာကို အရှုခိုင်းတာ။ ဒါဖြင့် မရှိတာကအနိစ္စ၊ မရှိမှန်းသိတာက မဂ္ဂ လို့မှတ်။ ဝေဒနာမရှိတဲ့အချိန်မှ ဒီကဉာဏ်က ရှုရတာဖြစ်လို့ ဝေဒနာကို တွေ့တာမဟုတ်။ မရှိတာကိုတွေ့တာ။ ဒါဖြင့် ဝေဒနာနုပဿနာ

ဆိုတာ ဆိုင်းဘုတ်ဆွဲတာသက်သက်ပဲ တကယ်တော့ ဖြစ်ပျက်အနိစ္စကို ရှုခိုင်းတာ။

အရှုပ်ရှု။ ။ဝေဒနာစတဲ့ ရုပ်နာမ်ဓမ္မတွေ ဖြစ်ပြီးပျက်၊ ဖြစ်ပြီးပျက်သွားတာတွေဟာ ရှုပ်ယှက်ခတ်နေတာပဲ။ ဝိပဿနာရှုတဲ့နေရာမှာ အဲဒါတွေကို ကြည့်ကြည့်ပေးရတာပဲ။ ဒီတော့ ဝိပဿနာ ရှုတာဟူသည် နှောင့်ယှက်တာဘေ့=ရှုပ်ယှက်ခတ်နေတာတွေကို အရှုခိုင်းတာပဲလို့မှတ်။ ဟိုနေရာကြည့်လိုက်လဲ ဖြစ်ပြီးပျက်သွားတာတွေ တွေ့တာပဲ။ ဒီနေရာ ကြည့်လိုက်တော့လဲ ဖြစ်ပြီးပျက်သွားတာတွေ တွေ့တာပဲ။ ကြည့်ချင်တဲ့ဆီကြည့်၊ ဖြစ်ပျက်တွေချည်း တွေ့မှာပဲ။ ဝိပဿနာရှုလိုက်တော့ ဖြစ်ပျက်တည်းဟူသော အနှောင့်အယှက်တွေချည်း ဉာဏ်ထဲမှာ အမြဲတမ်းမြင်နေရတာပဲ။ ဝိပဿနာ ဉာဏ်အောက်မှာ ဖြစ်ပျက်တွေဟာ ရှုပ်နေတာပဲ။ ရှုပ်ယှက်ခတ်တာတွေဟာ ဒုက္ခတွေဖြစ်တော့၊ ဝိပဿနာ ရှုတယ်ဆိုတာ ဒုက္ခအကြည့်ခိုင်းတာပဲ။ နိဗ္ဗာန်ဆိုတာ ဒီရုပ်နာမ်ဓမ္မ ရှုပ်ယှက်ခတ်နေတာတွေမှ ရှင်းလင်းနေတဲ့ သဘောဖြစ်တော့ နိဗ္ဗာန်ဆိုတာ အရှင်းခေတ် အလင်းခေတ်ပဲ။ ဒီတော့ အရှုပ်မြင်မှ အရှင်းကို သိနိုင်မယ်၊ သဘောကျနိုင်မယ်။ အိမ်ဝင်းထဲက အမှိုက်တွေ ရှုပ်ယှက်ခတ်နေတာ မနက်ကျ မြူနီစီပယ်က လာသိမ်းသွားလို့ ရှင်းသွားတာကို မြင်ရသလိုပဲ။ ရှုပ်တာကိုမြင်ပြီးမှ ရှင်းတာကို သဘောကျမယ်၊ ရှုပ်တာမြင်မှ ရှင်းတာကြိုက်မယ်။

ဝိပဿနာဉာဏ်နဲ့ ခန္ဓာကိုယ်ထဲကြည့်လိုက်တော့ ဝေဒနာတွေဟာ အခုမွေး အခုသေ (အခုဖြစ်၊ အခုပျက်) တာချည်း

တွေ့ရမယ်။ ဝိပဿနာ ရှုဖန်များလို့ ဝိပဿနာ ဉာဏ်က စိပ်လေလေ ဖြစ်ပျက်အရှုပ်တွေက များလေလေပဲ။ မိမိခန္ဓာကိုယ်ကို ဝိပဿနာဉာဏ် မှန်ပြောင်းကြီးနဲ့ ကြည့်မှ ဒီရုပ်နာမ်ဓမ္မတွေ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက်နဲ့ ရှုပ်ယှက်ခတ်နေတာကို မြင်ရမှာ။ ဒီလိုမကြည့်ယင် မမြင်ရဘူး။ မမြင်တော့ ရှုပ်တာ ရှင်းတာကိုလဲ မသိဘူး။ မသိတော့ ရှုပ်တာကို မကြိုက်ရမှန်း၊ ရှင်းတာကို ကြိုက်ရမှန်းလဲ မသိတော့ဘူး။ ဒီတော့ ဝိပဿနာမရှုယင်၊ ရုပ်နာမ်ဓမ္မတွေ မကောင်းမှန်း၊ နိဗ္ဗာန်ကောင်းမှန်လဲ မသိတော့ဘူး။ မသိယင် နိဗ္ဗာန်ဆိုတာကို ဘယ်သူမှ အိမ်မက်မက်မှာ မဟုတ်ဘူး။ လိုချင်မှာမဟုတ်ဘူး။ ဒါကြောင့် ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်အရှုပ်တွေကို ရှုနေခြင်းသည် ဒုက္ခကိုနှံ့မှန်းပြီး နိဗ္ဗာန်လိုချင်တဲ့စိတ်တွေ တဖွားဖွား ပေါ်လာပါလိမ့်မယ်။

ဒီတော့ ဝိပဿနာဉာဏ်နဲ့ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်မှု-ပျက်မှု အရှုပ်တွေကို စိုက်စိုက်မတ်မတ် ရှုနေရမယ်။ ရှုဖန်များလာယင် ဒီဖြစ်ပျက်တွေကို မကြည့်ချင်တော့ဘူး ဆိုတဲ့အမြင်ရလာတယ်။ သို့သော်လဲ ဒါတွေကို မကြည့်ချင်ပေမယ့် မိတ်သာရှု။မှန်းလျက်နဲ့ပဲ ပေရှုရတယ်။ အဲဒီတော့ ခုနကဖြစ်ပျက် ရှုပ်ယှက်ခတ်တာတွေ မြင်တာက ယထာဘူတဉာဏ်၊ ရှုပ်ယှက်ခတ်တာတွေ မကြည့်ချင်ပဲနဲ့ ကြည့်နေရတာက နိဗ္ဗိန္ဒဉာဏ်၊ ရှုဖန်များလို့ မိမိခန္ဓာကြီးဟာ မုန်းစရာကြီးပါလားလို့ ဉာဏ်အမြင်ပြောင်းလာယင် ဒါ နိဗ္ဗိန္ဒဉာဏ်ရောက်လာတာပဲ။ ငြီးငွေ့တာ သန်လေလေ ကောင်းလေလေပဲကွလို့ ဘုရားကဟောထားတယ်။

ငြီးငွေ့တာသန်ယင် မလိုချင်တာမြင်တာပဲကွဘဲ့။ ငြီးငွေ့ပေမယ့်လဲ ပေစိုက်ပြီးရှုနေ၊ နောက်ရှုရာကနေ ဒီခန္ဓာကြီးဟာ ဒုက္ခအစစ်ပါပဲလို့ ဆုံးဖြတ်ချက်ချလိုက်တဲ့အချိန်မှာ ဖျတ်ဆို ဖြစ်ပျက် (ဆိုတဲ့ဒုက္ခသစ္စာဟာ) ချုပ်သွားတယ်။ ချုပ်သွားတော့ ဖြစ်ပျက်တွေမတွေ့တော့ဘူး။ မတွေ့တော့ ဒီနေရာမှာ ဖြစ်ပျက်မရှိတာပဲ ကျန်တော့တယ်။ အဲဒီ ဖြစ်ပျက်မရှိတာ (ချုပ်သွားတာ ဆုံးသွားတာဟာ) ကို မြင်တဲ့ဉာဏ်ဟာ **မဂ်ဉာဏ်** ပဲ။ ဖြစ်ပျက်တွေလဲ ချုပ်သွားပါရော ဒီမဂ်ဉာဏ် ပေါ်လာပြီး ဖြစ်ပျက်အရှုပ်တွေ ရှင်းလင်းနေတဲ့ နိဗ္ဗာန်ကို မြင်ရတော့တာပဲ။

ဖြစ်ပြီးပျက်တဲ့ တရားတွေဆိုတာ ရုပ်နာမ် ဓမ္မတွေပဲ (ဝိပါကဝဋ်ပဲ) ဒီရုပ်နာမ်ဓမ္မတွေဟာ ကုသိုလ်ကံ အကုသိုလ်ကံဆိုတဲ့ ကံကြောင့် (ကမ္မဝဋ်ကြောင့်) ဖြစ်လာတာပဲ။ ဒီကံဆိုတာ=ကမ္မဝဋ်ဆိုတာလဲ **အဝိဇ္ဇာ၊ တဏှာဆိုတဲ့ ကိလေသာ အရင်းခံ ၂ ပါး** (ကိလေသဝဋ်) ကြောင့် ဖြစ်ရတာပဲ။ ဒီတော့ ရုပ်နာမ်ဓမ္မတွေ ရှုဖန်များလို့ နောက်မုန်းလာပြီး ဒီခန္ဓာကြီးဟာ ဒုက္ခအစစ်ပါပဲ့လို့ မြင်လိုက်ပါရော၊ ဖြစ်ပျက် ဒုက္ခသစ္စာလဲ ချုပ်သွားတာပဲ။ ဒီဖြစ်ပျက် ဒုက္ခသစ္စာကြီး ချုပ်သွားတာဟာ အရင်းစစ်တော့ အမြစ်မြေကဆိုသလို အကြောင်းဖြစ်တဲ့ (တဏှာ အဝိဇ္ဇာ) ဆိုတဲ့ ကိလေသာ ချုပ်သွားလို့ အကျိုးဖြစ်တဲ့ ဒုက္ခချုပ်သွားတာ (တဏှာ နိရောဓော ဒုက္ခနိရောဓော ပေါ့)။ မဂ်ကနေပြီး ခွာ ပယ်) လိုက်တော့ တဏှာချုပ်သွားတယ်။ အကြောင်း တဏှာလဲချုပ်

ရော အကျိုးဒုက္ခလဲ ချုပ်သွားရတာပဲ။ ကိလေသာဆိုတဲ့ အမြစ်ကြီးကို မဂ်ကဖြတ်လိုက်တာနဲ့တပြိုင်နက် ပင်မနဲ့တူတဲ့ ရုပ်နာမ်တို့၏ရုပ်ယှက်ခတ်တာကြီးဟာပျောက်ထွက်သွားတယ်။ ဝိပဿနာဉာဏ်က ဖြစ်ပျက်ရုပ်တာတွေကိုမြင်တယ်။ မဂ်ဉာဏ်ကတော့ ဖြစ်ပျက်အရုပ်မှ ရှင်းသွားတာကို မြင်တယ်။ ဒီတော့ မဂ်ဉာဏ်ဟာ ကိလေသာရုပ်နာမ် အရုပ်တွေလဲ ရှင်းပစ်တယ်၊ အဲဒါတွေရှင်းသွားတဲ့ ဆိတ်ငြိမ်ချမ်းသာတဲ့ နိဗ္ဗာန်ကိုလဲမြင်တယ်။ မျက်မှောက်ပြုတယ်လို့မှတ်။

❀

## ၇၂။ နိရောဓသစ္စာ၏ ဝိဝေကဋ္ဌအနက် (၁)

နိဗ္ဗာန်သည် ဝိဝေကဋ္ဌသဘောရှိတယ်။ ဝိဝေကဋ္ဌဆိုတာ နှောင့်ယှက်ခြင်းနှင့် ရှုပ်ယှက်ခတ်ခြင်းမှ ကင်းဆိတ်ခြင်း ဆိတ်သုဉ်းခြင်း သဘောရှိတယ်။ ဥပမာ၊ မီးရှို့ထားတော့ မီးခိုးတွေ တမြို့လုံးတရွာလုံး အညှော်မှိုင်းတွေတိုက်တာ ရှုပ်ယှက်ခတ်နေတာပဲ။ ဒီကိလေသာဘဏ္ဍာ ရှုပ်ထားတာနဲ့ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်တွေချည်းဖြစ်နေတယ်။ မီးငြိမ်းသွားတော့ မီးခိုးတွေ ပျောက်သွားသလို ဒီရှုပ်တဲ့တဏှာကို နောက်မဂ်က သတ်လိုက်တာနဲ့ တပြိုင်နက် ဖြစ်ပျက်အရှုပ်တွေဟာလဲချုပ်ငြိမ်းကင်းဆိတ်သွားတာပဲ။ ဒီတော့ ရှင်းတာသည် နိဗ္ဗာန်။ အရှင်းမြင်တာသည် မဂ်ဉာဏ်ပဲ။ ဒီမဂ်ဆိုတာလဲ ဝိပဿနာ ဉာဏ်ကနေ အစဉ်ဘက်လာမှုဖြစ်တာ။ ကိလေသာ အကြမ်းစားလဲသိ၊ ကိလေသာအနုစားလဲသိဦးမှ၊ ဒုက္ခပိုင်းခြားတဲ့ ဉာဏ်လာမှ ရှုပ်ယှက်ခတ်တာတွေရှင်းမယ်။ ဒီတော့ နိဗ္ဗာန်ဟာ ကိလေသာ နှောင့်ယှက်ခြင်းမှ ကင်းဆိတ်တဲ့ သတ္တိရှိတယ်။

ဝိပဿနာရှုတဲ့အခါ ဝိပဿနာဉာဏ်က ဖြစ်ပျက် ဒုက္ခသစ္စာ ရှုပ်ယှက်ခတ်တာတွေ မြင်မယ်။ နောက် ဒီ ဖြစ်ပျက်တွေကို ရွံမုန်းလာမယ်။ မလိုချင်တော့ဘူး နောက်မဂ်ရောက်လာတဲ့ အခါမှာ ဒီဖြစ်ပျက်ဒုက္ခသစ္စာ ရှုပ်ယှက်ခတ်တာတွေ ချုပ်ငြိမ်း ကင်းသွားတယ်။ ဒါတွေ ကင်းရှင်းနေတဲ့ နိဗ္ဗာန်ကိုမြင်တယ်။ အမှိုက်တွေရှုပ်နေတုန်း ကြည့်ရတာနဲ့ အမှိုက်ရှင်းမှကြည့်ရတာ ဘယ်ဟာက ကြည့်ကောင်းသတုန်း။ ရှင်းတာကကြည့်ကောင်း

တယ်။ နိဗ္ဗာန်ကရှင်းတာ။ ကြည့်ကောင်းတာ။ မဂ်ဉာဏ်က ကြည့်တာ။ မြင်တာ။ နိဗ္ဗာန်က အကြည့်ခံရတဲ့ အာရုံတရား၊ မဂ်ဉာဏ်(က)ကြည့်တဲ့ အာရမ္မဏိကတရားလို့မှတ်၊ ဒီတော့ နိဗ္ဗာန်က **အ**ကြည့်ခံ၊ မဂ်က အကြည့်ဉာဏ် ဆိုတော့ နိဗ္ဗာန်နဲ့ မဂ်ဟာ တွဲနေတယ်လို့ ဆိုနိုင်တယ်။

နိဗ္ဗာန်ဟာ ရှင်းလင်းတယ်။ ဘာရှင်းတာလဲ ဆိုတော့ ကိလေသာ အရှိန်အစော်တွေရှင်းတယ်။ ကိလေသာရှုပ်ထား တာတွေကတော့ သေပွဲကြီးတွေ့ရမယ်။ သေပွဲ၊ အိုပွဲ၊ နာပွဲ၊ ရင်ထုပွဲ၊ မြေလူးပွဲ။ ဒီကိလေသာ ရှုပ်တာတွေချည်းတွေ့ ရမယ်။ နိဗ္ဗာန်မှာ ဒီအရှုပ်တွေရှင်းတယ်ဆိုတော့၊ အေးငြိမ်း ချမ်းသာတဲ့သဘောပဲ။ နိဗ္ဗာန်ဟာ ကိလေသာ အရှုပ်တွေ ရှင်းနေတယ်ဆိုတော့၊ ကိလေသာကလွတ်ယင် နိဗ္ဗာန်ပဲ။ ဘာကမှမပြုပြင်နိုင်ဘူး။ မပြုပြင်နိုင်တော့ အထည်ကိုယ်မရှိဘူး။ ကိလေသာက ရုပ်နာမ်အထည်ကိုယ်သာ လုပ်တတ်တာကိုး။ ဒါဖြင့် နိဗ္ဗာန်မှာ ရုပ်နာမ်မရှိဘူး။ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ် ကတော့ အနိစ္စတွေကိုး။ သို့သော် နိဗ္ဗာန်ဟာ ရုပ်လား နာမ်လားလို့မေးယင် နာမ်ဓမ္မလို့ဖြေ။ ကျုပ်တို့မှာရှိတဲ့ နာမ် မျိုးလားဆိုတော့လဲ ဒီလိုမဟုတ်ဘူး။ ဥပါဒ် ဌီ ဘင် (ဖြစ်ပျက်) ရှိတဲ့ နာမ်မျိုးမဟုတ်ဘူး။ ဒီတော့ နိဗ္ဗာန်ဟာ ဖြစ်ပျက်မရှိဘူး။ ဒါဖြင့် ဖြစ်ပျက်မရှိတဲ့ နာမ်ဓမ္မလို့မှတ်လိုက်။

နိဗ္ဗာန်ဟာ နိဗ္ဗာန်ရောက်ကြောင်း အားထုတ်တဲ့ပုဂ္ဂိုလ် တို့၏ ကျက်စားရာဌာန၊ နိဗ္ဗာန်ရောက်ကြောင်း ဓမ္မတို့၏

တည်ရာ (အာရုံပြုရာ) ဌာနဖြစ်တယ်။ ဒီပုဂ္ဂိုလ် ဒီဓမ္မတွေဟာ နိဗ္ဗာန်ဆီချည်းလာပြီး အကုန်ဦးတိုက်ရတယ်။ ကျုပ်တို့မှာရှိတာက အာရုံတွေရှိရာကို ပြေးတတ်တဲ့နာမ်ပဲ။ ဒီနိဗ္ဗာန်က ငါ့ဆီအကုန်လာညွတ်ကြဆိုတဲ့ ညွတ်အပ်တဲ့ နာမ်ဓမ္မပဲ။ နိဗ္ဗာန်အလိုရှိတဲ့ ပုဂ္ဂိုလ်တွေ ရောက်အောင် အားထုတ်လို့ရှိယင် သူတို့၏ နိဗ္ဗာန်ရောက်ကြောင်းစိတ်တွေဟာ သူ့ဆီပဲညွတ်ကြရတယ်။ နိရောဓသမာပတ် ဝင်စားတဲ့ ပုဂ္ဂိုလ်များဟာ ၇-ရက်တိတိ နိဗ္ဗာန်ကိုညွတ်နေနိုင်တယ်။ အာရုံပြုနေနိုင်တယ်။

ဒီတော့ နိဗ္ဗာန်ဟာ ဘယ်လောက် ကောင်းသတုန်းဆိုတော့ ပြောဖို့တောင် မလိုတော့ပါဘူး။ ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်တွေဟာ နာရီပေါင်းများစွာ ဝင်စားနိုင်တယ်။ ဖလသမာပတ် ဝင်စားတယ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုနေတဲ့ ဖိုလ်စိတ်တွေချည်း ဖြစ်နေတာ။ ဖလသမာပတ် ဝင်စားနေတုန်းမှာဆိုယင် ဖိုလ်စိတ်ဟာ နိဗ္ဗာန်နဲ့ တခါတည်း တွဲနေတာပဲ။ ဒီတော့ နိဗ္ဗာန်ဟာ သာမညပျော်စရာမဟုတ်ပဲ အလွန်အထူး ပျော်စရာဖြစ်လို့ ဒီလောက် ပျော်ပိုက်နေနိုင်တာပေါ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်တော့မှ နိဗ္ဗာန်ကိုမကြည့်ပဲ အာရုံမပြုပဲ မနေနိုင်ဘူး။ ဒီတော့ နိဗ္ဗာန်ဟာ အေးငြိမ်းချမ်းသာ ကြည်နူးစရာကောင်းလှတဲ့ နာမ်ဓမ္မပဲ။ အစဉ်အမြဲ ခိုင်မြဲနေတဲ့ နာမ်ဓမ္မပဲ။ နိစ္စ၊ ဓုဝတရားပဲ။

ဒီနိဗ္ဗာန်ဟာ ဘယ်နှစ်ရက် ကြည့်နေရ ကြည့်နေရ ရောင့်ရဲတယ် တင်းတိမ်တယ်လို့ မရှိဘူး။ ကြည့်နေတဲ့ အခါမှာ

ဘယ်တော့မှ တော်ပြီတန်ပြီလို့မလာဘူး။ ဒီတော့ နိဗ္ဗာန်ဟာ အကောင်းတကာ့ အကောင်းဆုံးပဲလို့ မှတ်။ဘာကြောင်တုန်း။ မသာစုံမရှိလို့။ အရင်က ကြည့်နေရတာတွေဟာ မသာတွေချည်းပဲ၊ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် မသာ တွေ မရှိတော့ဘူး။ မမြင်ရတော့ဘူး။ မသာပွဲလဲမရှိဘူး။ ဒုက္ခရောက်တာ ဘာမှရှာမတွေ့ဘူး။

ဒီတော့ ဒီနေရာဟာအကောင်းဆုံး။ အကောင်းဆုံးမို့ပေါ့ အရိယာပုဂ္ဂိုလ်တွေဟာ စားရေးသောက်ရေး ကိစ္စကလေးတွေပြီးလို့ အားတဲ့အချိန်တိုင်းမှာ ဆိတ်ငြိမ်ရာသွားပြီး နိဗ္ဗာန်ကို အာရုံပြုနေကြတာပဲ။ ဘာပြုလို့ အာရုံပြုနေပါလိမ့်။ သက်သာရာရအောင်လို့။ နိဗ္ဗာန်ဟာ သက်သာမှုကို ပေးနိုင်တယ်။ သူ့ကြည့်နေတဲ့ပုဂ္ဂိုလ်အား အေးငြိမ်းချမ်းသာမှုကို ပေးနိုင်တယ်။ ဒီတော့ နိဗ္ဗာန်ဟာ ချမ်းသာအစစ် သုခအစစ်ပါပဲ။ နိဗ္ဗာန်က သူ့ကိုမှီနေတဲ့ပုဂ္ဂိုလ်တွေကို ချမ်းသာမှု ပေးလေ့ရှိတယ်။ နိဗ္ဗာန်မှတပါး ကျန်တာတွေကတော့ အားကိုးလိုက်တိုင်းဒုက္ခရောက်တာပဲ။ ရွှေတွေငွေတွေ အားကိုးလိုက်ယင် ရွှေငွေကြောင့် ဒုက္ခရောက်ရတာပဲ၊ စိန်ရွှေရတနာတွေ အားကိုးလိုက် စိန်ရွှေရတနာကြောင့် ဒုက္ခရောက်တာပဲ။ နိဗ္ဗာန်ကျတော့ အားကိုးတိုင်း ချမ်းသာရရမယ်။ ဒါကြောင့် နိဗ္ဗာန်ဟာ ချမ်းသာခြင်းလက္ခဏာ၊ ငြိမ်းအေးခြင်းလက္ခဏာ၊ စိတ်နှလုံးကို ရွှင်ပြုံးစေခြင်း လက္ခဏာရှိခဲ့တယ်။

နိဗ္ဗာန်ဟာ ဘာအထည်နဲ့တူသတုံး။ နိဗ္ဗာန်ရောက်တဲ့ပုဂ္ဂိုလ် ဘယ်လိုနေထိုင်သတုံးလို့ မေးချင်မေးမယ်။ မေးခွင့်လဲရှိတယ်။

သို့သော် အထည်ကိုပေးလို့ရှိယင် အထည်အကြောင်းကို အယင် ပြောရလိမ့်မယ်။ အထည်ဆိုတာက အထည် (ဒြဗ်) ရှိယင် ဖောက်ပြန်တဲ့သဘော။ ဆွေးမြေ့ပျက်စီးတဲ့ သဘောရှိတယ်။ ဒီသဘောမှ မလွတ်ကင်းနိုင်ဘူး။ နိဗ္ဗာန်လဲ အထည်ရှိယင် ဆွေးမြေ့ဖောက်ပြန် ပျက်စီးမှာပဲ။ ဒါဖြင့် နိဗ္ဗာန်ဟာ အထည် (ဒြဗ်)ရှိသလားလို့မေးယင်၊ နိဗ္ဗာန်ဟာ အထည်မရှိဘူး။လုံးရပ် သဏ္ဌာန် ပုံဟန်နိမိတ် လုံးဝမရှိဘူး။ အဲဒါတွေရှိယင်-ဖောက် ပြန် ပျက်စီးမှာပဲ။ ဒီသဘောမှ မလွတ်ကင်းနိုင်ဘူး။ အရိယာ ပုဂ္ဂိုလ်တွေဟာ ခန္ဓာရှိနေတုန်း နိဗ္ဗာန်ကြည့်နေ (အာရုံပြုနေ) ရတာ ချမ်းသာနေတယ်။ ဘာပြုလို့ ချမ်းသာနေသတုံး၊နိဗ္ဗာန် ဟာ အအိုလဲမရှိ၊ အနာလဲမရှိ၊ အသေလဲမရှိ၊ အကွဲလဲမရှိ၊ အမွဲလဲမရှိ။ သောကပရိဒေဝလဲမရှိလို့။ နိဗ္ဗာန်ဟာ အိုမှု၊နာမှု၊ သေမှု၊ ကွဲမှု၊ မွဲမှုဆိုတဲ့ မကောင်းတဲ့အမှုတွေ အကုန်ငြိမ်းတဲ့ နေရာဖြစ်တယ်။ ဒါကြောင့် နိဗ္ဗာန်ဟာ အကောင်းဆုံး အချမ်းသာဆုံးဖြစ်တယ်။ ဝိပဿနာအားထုတ်လို့ မဂ် ရယင် ဒီနေရာကို မြင်ရတယ်။ နိဗ္ဗာန်မြင်တဲ့ အရိယာပုဂ္ဂိုလ်တွေဟာ ဒီနေရာအကောင်းဆုံးလို့ ဆုံးဖြတ်ကြတယ်။

ဒီနေရာဟာ အကောင်းဆုံးပဲ။ ဒါပေမယ့် မသွားဘူး မရောက်ဘူး မစားဘူးတဲ့ ပုဂ္ဂိုလ်က မကြိုက်ဘူးပြောတာကို အမှန်မယူနဲ့။ မစားဘူးသေးပဲနဲ့ မကြိုက်ဘူးပြောတာဟာ အဓိပ္ပာယ်မရှိဘူး။စားဘူးလို့ မကြိုက်ဘူးဆိုယင်တော့ အဓိပ္ပာယ် ရှိတယ်။ နိဗ္ဗာန်ဘာမှမရှိတာကြီးကို တပည့်တော်တို့ မကြိုက်

နိုင်ဘူးလို့ပြောယင် ခင်ဗျားတို့က ကိုယ်တိုင်လုပ်ပြီး တွေ့ရသေးတာမှ မဟုတ်ပဲ။ စားဘူးပြီး မကြိုက်တာမဟုတ်သေးဘူး။ မစားဘူးပဲနဲ့ ရမ်းပြီးမကြိုက်တာ၊ ပြောသံကြားနဲ့မကြိုက်တာ။ ဒီတော့ စားဘူးတဲ့ အရိယာပုဂ္ဂိုလ်တွေကို မေးကြည့်မှ အဖြေမှန်ရမယ်။ အရိယာတွေဟာ ဆွမ်းကိစ္စ ရေကိစ္စစသည်တွေပြီးတော့ အားလပ်တဲ့အချိန်တိုင်းနိဗ္ဗာန်ကိုအာရုံပြုနေကြတယ်။ နေ့တိုင်း ဒီလိုနေကြတယ်။ ဘာပြုလို့ ဒီလိုချည်းနေကြသတုံး-သူတို့က စားကောင်းလို့ စားနေကြတာ။ သူတို့က ကိုယ်တိုင်စားရလို့ ကောင်းမှန်းသိလို့ ကြိုက်နေကြပြီ၊ နေ့တိုင်းစားကြတယ်။ ဒီကို ရောက်ပြီးမှ မကြိုက်ဘူးဆိုပြီး ပြန်လာတဲ့ အရိယာပုဂ္ဂိုလ်တွေ တယောက်မှမရှိဘူး။

ဒါဖြင့် နိဗ္ဗာန်ဟာ ဉာဏ်အမြင် ကြီးကျယ်တဲ့ပုဂ္ဂိုလ်တို့ ကြိုက်ရာ ကျက်စားရာ ဌာနပဲ၊ နိဗ္ဗာန်မကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ အမြင်ကျဉ်းလို့ပဲ။ ဒီလိုပဲပြောရမှာပဲ။အရိယာပုဂ္ဂိုလ်အဖို့တော့ နိဗ္ဗာန်ဟာ အကြိုက်ဆုံး အကောင်းဆုံးပဲ။ ဒီတော့ နိဗ္ဗာန်ဟာ အကောင်းဆုံး အမြတ်ဆုံးတရားလို့ ဆုံးဖြတ်။ ဘုရားကလဲ ဒီအတိုင်းဟောတာပဲ။ အရိယာတွေကလဲ ဒီအတိုင်း ပြောကြတာပဲ။ တခါ ပုထုဇဉ်ဉာဏ်နဲ့ဆပြီး ဒုက္ခမရှိဘူးဆိုယင် ကောင်းတာပဲ၊ကြိုက်စရာပဲလို့ ဆိုရမှာပဲ။ တခါ ပုထုဇဉ်ဉာဏ်နဲ့ နိဗ္ဗာန်မှာ ဒုက္ခလုံးဝမရှိတော့ ကောင်းရမှာပဲ ကြိုက်ရမှာပဲ၊ ပုထုဇဉ်ကတော့ ဒီလောက်ပဲမှန်းဆသိနိုင်မယ်။ ဒါ သူတပါး ပြောသံကြားနဲ့ သိရတာပေါ့။ အနုမာန မှန်းဆပြီးသိတဲ့အသိပေါ့။ အရိယာ ပုဂ္ဂိုလ်တွေကတော့ ပစ္စက္ခသိ၊ ကိုယ်တိုင်သိပေါ့။

ခင်ဗျားတို့က လက်တွေ့မှ ယုံတယ်ဆိုယင်လဲ လုပ်ကြတာပေါ့။ ခင်ဗျားတို့က ဘာဖြစ်ဖြစ် လက်တွေ့မှယုံတဲ့ခေတ်၊ ပြောသံကြားနဲ့ ယုံတဲ့ခေတ်မဟုတ်ဘူးဆိုယင် အလုပ်လုပ်ကြည့်ပေါ့။ခင်ဗျားတို့ဟာတချိန်မှာ စကြဝတေးလောင်းတွေဖြစ်နိုင်တယ်။ စကြာမင်းကြီး ဖြစ်တော့ စကြာရထားကြီးနဲ့ လောကီစည်းစိမ်တွေ အကုန်ရမှာပဲ။ ဒါပေမယ့် စကြာမင်းကြီးဟာ ဝိပဿနာဉာဏ်နဲ့ တက်ပြီသွားတဲ့အခါကျတော့၊ စကြာရတနာနဲ့ လောကီစည်းစိမ်ကြီးကို သတိမရတော့ဘူး။ ဘာပြုလို့၊ နိဗ္ဗာန်ရလို့၊ ဒါဖြင့် နိဗ္ဗာန်ဟာ စကြာရတနာထက်=စကြဝတေးစည်းစိမ်ထက် ချမ်းသာမယ်ဆိုတာ ထင်ရှားပြီ။

ခင်ဗျားတို့ အခုရထားတဲ့ လောကီစည်းစိမ်ဆိုတာ ဘာမှပြောပလောက်တာ မဟုတ်ဘူး။ ဒုက္ခတွေအဖုံဖုံနဲ့ အမြဲတွေ့ကြုံနေရတာပဲ။ ဒါတောင် ချမ်းသာဆိုတာ ဘာမှပြောပလောက်အောင် မရှိတဲ့ ကိုယ့်စည်းစိမ်ကလေးကို အဟုတ် ထင် ပြီး နိဗ္ဗာန်ကို မကြိုက်နိုင်တာကဖြင့် တော် တော့ ကို ကန်းတဲ့အကန်းပဲ။ ဒီလိုပဲ ပြောရတော့မှာပဲ။ ဘုရားလက်ထက်က၊ ဇောတိက၊ ဇဋိလ၊ စတဲ့ လောကီစည်းစိမ်ရှင်ကြီးတွေ၊ ရှင်ဘုရင်တွေ၊ မင်းသားတွေဟာ မင်းစည်းစိမ်လူ့စည်းစိမ်ကြီးတွေကို စွန့်ပြီးရဟန်းပြုပြီးရဟန်းချမ်းသာနဲ့နေသွားကြတယ်။အဃင်ကစည်းစိမ်တွေကိုသတိတောင်မရကြတော့ဘူး။ဘာဖြစ်လို့-ဝိပဿနာအားထုတ်လို့။ မဂ်ဖိုလ်တွေရပြီး နိဗ္ဗာန်ရောက်သွားလို့၊ စားသောက်မှု၊ ကျင်ကြီးကျင်ငယ်စွန့်မှုဆိုတဲ့ မလွဲသာတဲ့ကိစ္စကလေးတွေ ပြီးယင် တခါထည်း ဖလသမာပတ်တွေ နိရောဓ

သမာပတ်တွေ ဝင်စားပြီး နိဗ္ဗာန်ရဲ့အရသာကို ခံစားနေကြတာပဲ။ ကာမဂုဏ်စည်းစိမ်တွေ မှီလိုပေါက်နေတဲ့ နတ်ပြည်မှာဆိုယင် အဆင့်မြင့်တဲ့ အရိယာတွေဟာ မနေနိုင်ဘူး။ တခါတည်း ဗြဟ္မာ့ပြည်ထွက်ပြေးပြီး နိဗ္ဗာန်ချမ်းသာကို ခံစားကြတော့တာပဲ။ ဘာဖြစ်လို့—နိဗ္ဗာန်ချမ်းသာဟာ နတ်စည်းစိမ်တွေထက် မယှဉ်သာအောင် အဆပေါင်းများစွာ သာလွန်လို့၊ ဒီတော့ နိဗ္ဗာန်ဟာလောကမှာရှိတဲ့ စည်းစိမ်တကာ ချမ်းသာတကာတို့ထက်သာလွန်မြင့်မြတ်ကြောင်း မှန်းဆနိုင်လောက်ပြီ။

## ၃၃။ သင်္ခတသဘော

နိဗ္ဗာန်သည် အသင်္ခတ သဘောရှိတယ်။ အသင်္ခတဆိုတာ နည်းနည်းမှ ပြုပြင်ပြီးထားတဲ့ တရားမဟုတ်၊ အဖန်ဖန် ပြုပြင်ခြင်းမရှိတဲ့ သဘောဖြစ်တယ်။ ဒါကြောင့် နိဗ္ဗာန်ဟာ အဖန်ဖန် ပြုပြင်ခြင်း မရှိသောကြောင့် ပကတိ ခိုင်မြဲတဲ့တရားလို့ မှတ်။ အသင်္ခတ သဘောကို ရှင်းရယင် သင်္ခတသဘောကို အယင် ပြောရမယ်။

သင်္ခတသဘောသည် အသင်္ခတနဲ့ ဆန့်ကျင်ဘက်၊ အသင်္ခတနဲ့ လုံးဝမတူတဲ့ တရားပဲ။ သင်္ခတတရားတွေဆိုတာ ခန္ဓာ ၅-ပါး ရုပ်နာမ်တွေ ဘုံတွေပဲ။ ဒါတွေဟာ ပြုပြင်ထားလို့ ဖြစ်လာကြတဲ့ အရာတွေဖြစ်သောကြောင့် ပျက်စီးတဲ့ သဘောရှိတယ်လို့မှတ်၊ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားတွေ လူ နတ် ဗြဟ္မာ သတ္တဝါတွေ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတွေဟာ တောတောင် ရေမြေတွေဟာ သင်္ခတတရားတွေ ပြုပြင်တုန်းပဲ ခေတ္တတည်တံ့နိုင်တဲ့ တရားတွေပဲ။ ပြုပြင်တတ်တဲ့ ပြုပြင်စီမံပေးတဲ့ အကြောင်းတရားတွေရဲ့ သတ္တိအရှိန်အစော် အာနုဘော်ကုန်လို့ရှိယင် ပျက်သွားကြရတယ်။ အပျက်မှာ လမ်းဆုံးတယ်ပေါ့။ ခန္ဓာ ၅-ပါး ရုပ် နာမ်ဆိုတဲ့ သင်္ခတတရားတွေဟာ ဘယ်မှာပဲဖြစ်ဖြစ် (လူ့ပြည်ဖြစ်ဖြစ် နတ်ပြည်ဖြစ်ဖြစ် ဗြဟ္မာ့ပြည်ဖြစ်ဖြစ် **ကံ-စိတ် ဥတု အာဟာရ** ဆိုတဲ့ အကြောင်းတရား ၄—ပါးနဲ့ ပြုပြင်ထားတာဖြစ်သောကြောင့် ပြုပြင်တဲ့ သဘောသတ္တိ ကုန်ဆုံးတာနဲ့တပြိုင်နက် ပျက်စီးကြတာချည်းပဲ။

ခင်ဗျားတို့ ဒါနမှု သီလမှု သမထအလုပ်ဆိုတဲ့ လူ့နတ်ဗြဟ္မာ ပြည် ရောက်ကြောင်း အလုပ်တွေ လုပ်ကြတယ်ဆိုပါစို့။ သူ့နည်းနဲ့သူ ပုပြင်လိုက်တော့၊ သူ့အကြောင်းရှိသလောက် အကျိုးတော့ပေးတာပေါ့။ ဒါပေမယ့် အကြောင်းတရား တွေရဲ့ အရှိန်အစော် အာနုဘော်တွေ ကုန်တဲ့အခါကျတော့ လူ့နတ်ဗြဟ္မာဆိုတဲ့ အကျိုးတရားတွေဟာ ပျက်စီးသွားကြ တာပဲ။ ပုပြင်လို့ရထားတဲ့ ဖြစ်လာတဲ့ တရားဟူသမျှဟာ ခိုင်မြဲတယ်မရှိဘူး။ မပုပြင်ပဲနဲ့ ရတဲ့နေရာဖြစ်သော အသင်္ခတ= နိဗ္ဗာန်ကမှ အမြဲတည်တံ့ခိုင်မြဲတာ။

ခင်ဗျားတို့ဟာ သင်္ခတအကျိုးတရားတွေအတွက် သင်္ခတ အကြောင်းတွေကိုပဲ အားထုတ်နေတယ်။ **သင်္ခတအကြောင်း** တွေ အားထုတ်တော့ **သင်္ခတ** အကျိုးတွေပဲရမှာပဲ။ သင်္ခတ= **ပျက်ကြောင်း** တွေ လုပ်တော့ သင်္ခတ=**ပျက်ကျိုး** တွေပဲရမှာပဲ။ အကြောင်းတရား (၄) ပါးရဲ့ သတ္တိအရှိန် ကုန်သွားယင် ခင်ဗျားတို့ ရထားတဲ့ ခန္ဓာ ၅-ပါးဟာ ပျက်သွားမှာပဲ။ ပျက် သွားလို့ တခါ အကြောင်းတရား ၄-ပါးနဲ့ ကြိုးစားကြပြန် တယ်။ ကြိုးစားပြန်တော့ သင်္ခတအကျိုး ပေါ်ပြန်တာပဲ။ တခါ ဒီအကြောင်းရဲ့ သတ္တိကုန်ပြန်တော့ သင်္ခတအကျိုး တွေဟာ ပျက်ပြန်တာပဲ။ ဒီတော့ ခင်ဗျားတို့ဟာ **ပျက်မှု** နဲ့ **ပုပြင်မှု** ပဲ လုပ်နေတာပဲ။ ဒါတွေလုပ်နေယင် ဘယ်တော့မှ ပြီးမှာမဟုတ်ဘူး။ **ပုပြင်လိုက်–ပျက်လိုက်** တခါ ပုပြင်လိုက် ပျက်လိုက်။ ဒီလိုပဲ လည်ပတ်သွားနေမှာပဲ။ ဒီတော့ ခင်ဗျား

တို့ဟာ မပြီးတဲ့အလုပ်ကိုပဲ ထပ်ခါတလဲလဲ လုပ်နေတာပဲ ဆိုယင် မလွဲဘူးပေါ့။

ခင်ဗျားတို့ အခုရထားတဲ့ ရုပ်နာမ် ခန္ဓာကြီးဟာ သင်္ခတ တရားပဲ။ နောက်ဘဝက ကံက ပြုထားလို့ ပေါ်လာတာ။ ဒီဘဝကျတော့ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်ထားတယ်။ နောင်ဘဝကျတော့ ဒီဘဝကလုပ်တဲ့ ကံကနေပြီးလုပ်လိမ့်မယ်။ ကံကနေပြီးလုပ်တော့ ကမ္မဇရုပ်တွေ စိတ္တဇရုပ်တွေ ဆက်ဖြစ် လာတယ်။ အပြင်ဘက်က အာဟာရ၊ ဥတုတွေကလဲ ထောက်ပံ့ ပေးကြတယ်။ ဒီ တရား ၄-ပါးနဲ့ ပြုလုပ်ဘည်သောင်ဆား တာဖြစ်သောကြောင့် ဒီ ရုပ်နာမ်ခန္ဓာကြီးဟာ သင်္ခတတရားပဲ။ ကံကုန်ယင်လဲ ဗြုံးကနဲပျက်မယ်။ စိတ်ကုန်ပြန်ယင်လဲ ပျက်မယ်။ ဥတုကုန်ယင်လဲ ပျက်မယ်။ အာဟာရကုန်ယင်လဲ ပျက်မယ်။ ဘာဖြစ်လို့ပျက်—သင်္ခတတရားဖြစ်လို့။ သူများပြုပြင်လို့ ပေါ် နေတဲ့ သင်္ခတတရား ဖြစ်သောကြောင့်၊ ပြုပြင်တဲ့တရား ကုန် သွားယင် ခင်ဗျားတို့ဟာ ဗုံးကနဲ လဲသေမှာပဲ။ ဒီတော့ ခင်ဗျားတို့ဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ရဲ့ စီမံသလို ခံနေရတာပေါ့။ ဒါတွေကို မသိတော့ ပျော်နေကြတာပဲ။ မသိပျော် ပျော်နေကြတယ်။ အကြောင်းတရား ၄-ပါးက ဖြစ်ဆိုဖြစ်၊ ပျက်ဆိုပျက်၊ သေဆို သေ၊ မီးလောင်သေဆို သေ၊ ထမင်းငတ်သေဆို သေ ဆိုတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့ ခန္ဓာဟာ အကြောင်းတရား ၄-ပါးရဲ့ စီမံသလိုခံနေရတဲ့ သင်္ခတ (သင်္ခါရ) တရားတွေပဲ။

မန္တလေးမြို့ကြီးမှာ ရှေးနှစ်ပေါင်းတရာကလူတွေ ရှိသေးသလား။ မရှိတော့ဘူး-သေကုန်ပြီ။ သင်္ခါရတွေမို့ ပျက်ဆုံးသွားကြပြီ။ နောက်လာတဲ့လူတွေလဲ သူတို့သက်တမ်းစေ့ယင် မနေနိုင်ဘူး။ သေကြရမှာပဲ။ ဒါဖြင့် သင်္ခါရတရားတွေရှိတဲ့ နေရာဟာ သေတဲ့နေရာချည်းပဲလို့မှတ်၊ အယင်လူတွေလဲ ဒီနေရာမှာ သေသွားတယ်။ အခုလူတွေလဲဒီနေရာမှာပဲသေကြရမယ်။ နောက်လူတွေလဲ ဒီနေရာမှာပဲ သေကြလိမ့်မယ်။ တချို့က ဒီသင်္ခါရတရား အဖိုးအဖွားတွေကို လွမ်းတောင်လွမ်းနေကြသေးတယ်။ ဓာတ်ပုံကလေး ကြည့်ကြည့်ပြီး မျက်ရည်သုတ်ခါသုတ်ခါလာသေးတယ်။ သင်္ခါရတရားကိုပင် လွမ်းဆွတ်နေသေးတယ်ဆိုတော့ ဟိုသင်္ခါရတွေနဲ့ အခုရှိတဲ့ သင်္ခါရနဲ့ ပြန်ပေါင်းချင်သေးတဲ့ အဓိပ္ပာယ်ပေါ့။ ဘာပြုလို့၊ အတူတူ ပျက်ရအောင်လို့။ ဒီတော့ အသင်္ခါရကို သဘောကျအောင်ဟာ သင်္ခါရအကြောင်းကို မိမိရရပြောရမယ်။ သင်္ခါရသဘော နားလည်လာတော့မှ ဒီအလုပ်မဟုတ်ပါလားဆိုတာလာမယ်။ လာတော့မှ အသင်္ခါရဘက်လှည့်လာမယ်။

သင်္ခါရတရားဆိုတာ ဒုက္ခသစ္စာပဲ။ ခန္ဓာ ၅-ပါးဟာအဖန်ဖန် ပြုပြင်ရတဲ့ ဒုက္ခသစ္စာဖြစ်လို့ဒုက္ခရောက်ယင်း ပြန်အစားထိုးယင်း ဒီလို အဖန်ဖန်ပြုပြင်နေရတော့အားလပ်ခွင့်ကိုမရှိဘူး။ ဒုက္ခသစ္စာ အလုပ်က အမြဲဒုက္ခရောက်နေတာပဲ။ အဖန်ဖန်အားထုတ်နေရတာ အမြဲဒုက္ခ ရောက်နေတာပေါ့။ အဖန်ဖန်အားထုတ်ရ မထုတ်ရ ကိုယ့်ကိုယ်ပဲချိန်ကြည့်။ ဒီနေ့ မနက်စာစားပြီး ညစာ

မစားတော့ဘူးကွဆိုတဲ့ရက်ဟာ အင်မတန်နည်းတယ်။ ညတိုင်း ပါစားတဲ့ရက်ကများတယ်။ဒီနေ့တော့ ၂-ထပ်စလုံးစားပြီးပြီ။ ၂-ထပ်စလုံး ခိုမယ် မစားတော့ဘူးလို့ နေလို့ရရဲ့လား။မရဘူး။ ခန္ဓာကိုယ်ကြီးဟာ အရင် ပြုပြင်ထားတဲ့ အရှိန်အစော်ကုန် သွားလို့ ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာတွေရလာတယ်။ အဲဒီ တော့ ခန္ဓာကငါ့ကိုပြုပြင်ဦး။ နောက်ထပ် ၂ ထပ်ကျွေးဦးလို့ လာတာပဲ။ သန်ဘက်ခါကျတော့လဲ ၂ ထပ်ကျွေးရတာပဲ။ ဘာပြုလို့ ဒီလောက်တောင် ပြုပြင်နေရတာတုန်း။ အို....ပြုပြင်မှု တော်ရုံ ကျတဲ့ခန္ဓာ ၅ ပါးဖြစ်လို့၊ ခင်ဗျားတို့ခန္ဓာဟာ ပြုပြင် နိုင်မှတော်ရုံကျတာ။မီးဖိုနဲ့ထင်းကော ပြတ်ရဲ့လား။ မပြတ်ဘူး။ ဒယ်အိုးနဲ့ဖိုခနောက်ကော ပြတ်ရဲ့လား။ မပြတ်ဘူး။ သေရာ တောင်မှ ယူသွားရဦးမှာလား။ ယူသွားရတယ်။ ဟိုဘဝ ရောက်လဲ ဒီလိုပဲမပြတ်ရဘူး။ လူတခါပြန်ဖြစ်ယင် ဒီပြုပြင်မှုတွေ လုပ်ရမှာပဲ။ နတ်ပြည်ရောက်ယင် ကောင်းပါရဲ့ဆိုတော့ နတ် ပြည်လဲ ဒီလိုပဲ စောင့်ရှောက်ပြုပြင်ရမှာပဲ။ ဒီတော့ ဘယ်ခန္ဓာ ဖြစ်ဖြစ် ခန္ဓာဟူသရွေ့ဟာ **သင်္ခတခန္ဓာ ဒုက္ခသစ္စာ** ဆိုတော့ အမြဲတမ်း ပြုပြင်နေရပြီး ပျက်စီးခြင်းမှာပဲ ဆုံးသွားတာပဲ။

လူ့ပြည်မှာ အပျက်များလှတယ်။ နတ်ပြည်သွားပြီး အပျက်ပြင်ဦးမှာပဲဆိုယင် ဒါ **ဝပ်ရှော့ပြောင်း** တာနဲ့အတူတူပဲ။ နတ်ပြည်ရောက်လဲ ဝပ်ရှော့ ပြန်အပ်ရတာပဲ။ ဗြဟ္မာ့ပြည် ရောက်လဲ ဝပ်ရှော့ပြန်အပ်ရတာပဲ။ ခန္ဓာက အမြဲတမ်းပျက် နေတော့။ အမြဲတမ်းပဲ ဝပ်ရှော့ ပြောင်းနေရတာပေါ့။ ခင်ဗျားတို့ ဟိုဆုတောင်း ဒီဆုတောင်းဆိုတာ ပျက်လို့ပြင်ဖို့

တောင်းတာပေါ့။ လူပြည်မှာတင်ပဲ ဒီခန္ဓာကြီးကို ကျွေးမွေး ပြုပြင်ပေးဖို့အတွက် လုပ်ငန်းတွေ အမျိုးမျိုးထူထောင်ရတယ် ဆိုတော့ ဒါဝဋ်ရှေ့အုပ်နေရတာပဲ။

ဒီခန္ဓာကြီး ပြင်နေရတဲ့အတွက် အားတယ်လို့ရှိသေးရဲ့လား။ အငြိမ်ကော နေရရဲ့လား။ ဒီခန္ဓာကြီးကို ဝဋ်ရှေ့ပြောင်း ပြောင်းအုပ်ပြီး ပြင်နေရတာဖြင့် ၃၁-ဘုံမှာ ခင်ဗျားတို့ ခြေရာထပ်နေပြီ။ မပျင်းကြသေးဘူးလား။ မမောကြသေး ဘူးလား။ သစ္စာမသိသရွေ့တော့ ဒီအတိုင်းချည်း မှတ်ပေ တော့။ ဘယ်ဝဋ်ရှေ့ကိုကြိုက်သတုံး။ ဝဋ်ရှေ့တခုက ခဏပဲ ပြင်ပေးနိုင်တာ။ ကြာကြာခံအောင် လုပ်မပေးနိုင်ဘူး။

ဒီခန္ဓာကြီးပြုပြင်ရတဲ့ သင်္ခတတရားတွေဟာ နည်းတာတွေ မဟုတ်ဘူး။ တချို့သင်္ခတတရားက ပြုပြင်ပေးတယ်။ တချို့ သင်္ခတတရားက အပြုပြင်ခံရတယ်။ ပြုပြင်တတ်တဲ့ တရားလဲ ဖြစ်ပြီး (ပြုပြင်ပေးပြီး) ပျက်ဘတ်သောကြောင့် သူလဲ သင်္ခတ တရားပဲ။ အပြုပြင်ခံရတဲ့တရားလဲ ဖြစ်ပြီးပျက်ရသောကြောင့် (ပြုပြင်ပေးတုန်း တည်တံ့ပြီး၊ ပြုပြင်တဲ့တရားပျက်ယင် ပျက်ရ သောကြောင့်) သူလဲ သင်္ခတတရားပဲ။ ဒီတော့ သင်္ခတ ၂-ခု စလုံး ဖြစ်ပျက်ချည်းဖြစ်သောကြောင့်၊ သြော်....နတ်ခမ်းပဲ့ ချင်း မီးမှတ်နေတာပါလား။ သင်္ခတဆိုတာ ခဏခဏ ပြင်လိုက်ပျက် လိုက်၊ ပြင်လိုက်ပျက်လိုက်နဲ့ စင်စစ်တော့ ဒုက္ခချည်းရောက်နေ တာပါလား။ ဒါဖြင့် သင်္ခတတရား=သင်္ခတနယ် မကောင်း ကြောင်း ကောင်းကောင်းသိမှ မအို မသေ အမြဲနေတဲ့ နိဗ္ဗာန် ဆိုတဲ့ အသင်္ခတနိဗ္ဗာန် ကောင်းတာကို ဉာဏ်ထဲထင်လာမယ်။

သင်္ခတဒုက္ခဖြစ်တဲ့ ဒီ ခန္ဓာကိုယ်ကြီးဟာ အမျိုးမျိုးအဖုံဖုံ အမြဲပူပြင်ရဘယ်။ ခင်ဗျားတို့ ဒီလာတော့ ဒီခန္ဓာကြီးကို ထမင်းလဲကျွေးလာခဲ့ရတယ်။ ခြုံထည်အမျိုးမျိုးနဲ့ ပူဇော်ခဲ့ရတယ်။ လမ်းကျပြန်တော့လဲ ကားနဲ့ ဟိုဟာဒီဟာနဲ့ တိုက်မိမှာစိုးလို့ မျက်လုံးနဲ့ ဟိုကြည့်ဒီကြည့်ပြီး ဒုက္ခခံ စောင့်ရှောက်လာခဲ့ရတယ်။ သူ့အတွက် ဘယ်လောက် ကြောင့်ကြစိုက်ရသလဲဆိုတာ လမ်းမှာ ခင်ဗျားတို့မရိပ်မိဘူး။ သင်္ခတခန္ဓာရှိနေယင် ဘယ်တော့မှ ဘေးအန္တရာယ် ကင်း မယ် မ ဟုတ် ဘူး။ သူ့မှာ ဝေဒနာတွေဟာ အမျိုးမျိုးပေါ်တယ်။ ကျင်ကြီးကျင်ငယ်ကိစ္စ၊ ထမင်းကျွေး ရေတိုက်ရတဲ့ကိစ္စ၊ အို တခါတည်း အနာမျိုးစုံအတွက် ပူပြင်ပေးလိုက်ရတာ ရှုပ် နေ တာ ပဲ။ ဘယ်အချိန်မှ မနားရ မအားရဘူး။ မပူပြင်ပဲသာ ထားလိုက်လို့ရှိယင် ခင်ဗျားတို့ကို ဋ္ဌင်းတတွေတောင် ဝဲလောက်ပါရဲ့။ ဒီလောက်တောင် ပူပြင်ပေးရဘယ်။ အိပ်ရာထဲ မျက်လုံးမှိတ်နေတာတောင်မှ မအားရဘူး။ ခန္ဓာကြီး စောင်းလိုက် လှိမ့်လိုက် စောင်ဆွဲခြုံပေးလိုက်နဲ့ အ မျိုး မျိုး လုပ် ပေး ရ တာ အားတယ်ကိုမရှိဘူး။ ခွေးနာ လောက်ကိုက် ခွေးနာ အယားဖျောက်တာက အားသေးတယ်။ ခင်ဗျားတို့မှာ အနာမျိုးစုံပေါက်လို့ ပူပြင်ပေးရတာ အားတယ်လို့မရှိဘူး။ ခွေးနာ အယားဖျောက်ပြီးယင် အားနိုင်သေးတယ်။ ခွေးနာက ဟိုကိစ္စဒီကိစ္စရှိတာ မဟုတ်ဘူး။ ခင်ဗျားတို့မှာတော့ သရေး နာရေး လူမှုရေးကိစ္စတွေနဲ့ မအားလပ်အောင် ရှုပ်နေတာပဲ။ ဘာပြုလို့ ဒီလောက်တောင် အားလပ်ခွင့်မရသတုံးဆိုတော့ သင်္ခတဒုက္ခ

သစ္စာကြီးရထားလို့၊ဒီဘ၀ကိုက အလုပ်ပေါင်းကနည်းသလား၊ အနှိပ်သည်ရှာရ။ အ၀တ်ရှာ အစာရေစာ ရှာရ။ အနာတွေကူဖို့ ဆေးတွေဆောင်ထားရတာနဲ့ အလုပ်တွေရှုပ်နေတာပဲ။ ဒီအထဲ နောက်ဘ၀အတွက် ပေးကမ်းစွန့်ကြဲမှုစတဲ့ အလုပ်တွေ ကိုလုပ် နေရသေးတယ်။ ဒီတော့ ဒီသင်္ခါတခန္ဓာကြီးဟာ သူ့ခင်တဲ့ ပုဂ္ဂိုလ်ကို အမြဲနှိပ်စက်နေတာပဲ။ ဒီခန္ဓာကြီးမရှိမှ အေးမှာပဲ။

ခင်ဗျားတို့ဟာ ပျက်စီးတတ်တဲ့ သင်္ခါတတရားဆိုတဲ့ ဒုက္ခ သစ္စာကို မသိလို့သာ၊ လူကောင်, နတ်ကောင်, ဗြဟ္မာကောင် ဆိုတဲ့ သင်္ခါတတရားဆိုတဲ့ ဒုက္ခသစ္စာကို မသိလို့သာ သင်္ခါတ တရားတွေကို ရအောင်အားထုတ်ယူနေကြတာ။ သင်္ခါတ ဒုက္ခ သစ္စာကိုသိယင် ခင်ဗျားတို့ ဒီ သင်္ခါတ တရားကို နောက်ထပ် တည်ထောင်ကြမှာ မဟုတ်ဘူး။ ဒုက္ခသစ္စာမသိလို့ တည်ထောင် ကြတာပဲ။ သင်္ခါတတရားဆိုတာ ဖြစ်ပြီးပျက်တာပဲ။ မွေးပြီး သေတာပဲ။ မွေးသေပဲ၊ အသင်္ခါတဟာ မွေးလဲ မမွေးဘူး။ သေလဲ မသေဘူး။ အဖြစ်လဲ မရှိဘူး။ အပျက်လဲ မရှိဘူး။ သဘာ၀အားဖြင့် ခိုင်ခံ့တည်မြဲနေတယ်။ ဒီတော့ အသင်္ခါတ ဓာတ် နိဗ္ဗာန်ရောက်ကြောင်း အလုပ်မှတပါး ကျန်တဲ့ သင်္ခါတ **အလုပ်က**တော့ လုပ်ချင်တာလုပ် ပျက် ဖို့ လုပ် တာ ချည်း ပဲ။ ဘယ်လောက်နဲ့ ရင်းနှီးလုပ်ပေမယ့် ပျက်မှာပဲ။ ဒုက္ခခံလုပ်ခဲ့ ရပြီး ပျက်သွားတယ်ဆိုတော့ **ခဲလေသမျှသဲရေကျ** ဆိုတဲ့ အလုပ် မျိုးပေါ့။ ဘာ့ကြောင့် ဒီအလုပ်မျိုး လုပ်နေရသတုံး။ သစ္စာ မသိလို့ပေါ့။

**သင်္ခတနဲ့ အသင်္ခတ၊ ဒုက္ခသစ္စာနဲ့ သုခသစ္စာ** ကွဲကွဲပြားပြား မသိသရွေ့ ခင်ဗျားတို့ဟာ သင်္ခတနယ် (အပျက်နယ်) ထဲက လွတ်မှာမဟုတ်ဘူး။ သင်္ခတဆိုတာ အပျက်ပါနေတော့ ဒုက္ခသစ္စာပေါ့။ အသင်္ခတဆိုတဲ့ နိဗ္ဗာန်ဟာ အပျက်မပါတော့ သုခသစ္စာပေါ့။ ခင်ဗျားတို့က ဒီသစ္စာ ၂-ပါးလဲ မကွဲဘူး။ တပါးချင်းလဲ မသိဘူး၊ သင်္ခတကို ဒုက္ခသစ္စာလို့ မသိတော့ **ဆင်ကန်းတောတိုး**သလို မဟုတ်တဲ့သင်္ခတတရားပဲ ကြိုးစားနေတာပဲ။ အသင်္ခတဘက် သွားရမှန်းမသိလို့ မသွား။ သင်္ခတကို ဒုက္ခသစ္စာမှန်းမသိလို့ သင်္ခတဘက်ချည်းသွားနေတော့။ ခင်ဗျားတို့မှာ မပြီးနိုင်မဆုံးနိုင်တဲ့သင်္ခတအလုပ်တွေချည်း လုပ်နေတော့တာပဲ။ ဒါကြောင့် သင်္ခတဆိုတဲ့ ဒုက္ခသစ္စာ၊ အသင်္ခတဆိုတဲ့ သုခသစ္စာ၊ ဒီသစ္စာ ၂-ပါးအကြောင်း ကောင်းကောင်းသိဖို့ အရေးကြီးတယ်။ သိတော့မှ သင်္ခတဒုက္ခသစ္စာကြီးကို ရှုံမုန်းပြီး မလိုချင်တော့ပဲ အသင်္ခတ သုခသစ္စာ ကောင်းကောင်းသိပြီး ကြိုက်လာမယ်။

အခုအသင်္ခတကောင်းပုံ၊ ရအောင်လုပ်ပုံကို ဆက်၍ကြည့်ကြဦးစို့။

# ၃၄။ နိရောဓသစ္စာ၏ အသင်္ခတဓမ္မအနက် (၃)

နိဗ္ဗာန်ဟာ အသင်္ခတဓမ္မသဘော ရှိတယ်။ အသင်္ခတဓမ္မဆိုတာ အကြောင်းတရားများက ပြုပြင်လို့ဖြစ်လာရတဲ့ တရားမဟုတ်၊ အဖန်ဖန် ပြုပြင်ခြင်းမရှိပဲ ပကတိသဘောအားဖြင့် ခိုင်ခံ့တည်မြဲတဲ့သဘောကို ဆိုလိုတယ်။ ဒီတော့ အသင်္ခတဟာ သင်္ခတနဲ့ လုံးဝဆန့်ကျင်ဘက်ဖြစ်တဲ့ တရားပဲ။ သင်္ခတကို သဘောကျနားလည်မှ အသင်္ခတသဘောကိုနားလည်မယ်။ သင်္ခတသဘောကို နားလည်ဖို့ဟာလဲ သုတသိနဲ့ ဉာဏ်သိလို့ ၂-မျိုးရှိတယ်။ သုတသိကတော့ ဟောတာ ပြောတာကို နား ထောင်ပြီး နားလည်ယင်ရပါတယ်။ ဉာဏ်သိကျတော့ ဝိပဿနာအလုပ် လုပ်မှပဲ ကောင်းကောင်းရမယ်။ ဒီတော့ သင်္ခတသဘောကို သေသေချာချာ သိမြင်အောင် ဝိပဿနာ ဖြစ်ပျက်အလုပ်ကို အားထုတ်ရမယ်။

သင်္ခတနားလည်မှ အသင်္ခတရှင်းမယ်တဲ့၊ သင်္ခတဘူတ ဒုက္ခ ဒဿနေန အသင်္ခတဓမ္မော လို့ ဘုရားကဟောထားတယ်။ သင်္ခတ ဖြစ်တဲ့ ဒုက္ခသစ္စာ မြင်မှသာလျှင် မပြုပြင်ရပဲနဲ့ တည်တံ့သော အသင်္ခတ=နိဗ္ဗာန်ဟာ ဉာဏ်ထဲမှာ ထင်ရှားလာမယ်တဲ့။ ဒါကြောင့် ရှေ့ပိုင်းက ဖြစ်ပျက် (အနိစ္စ) ရှုလို့၊ ဖြစ်ပျက်ကို မုန်းမှသာ ဖြစ်ပျက်မရှိတဲ့ နိဗ္ဗာန်ကို ကြိုက်လာမယ်။ ဖြစ်ပျက် ရှုယင် သင်္ခတတရား၏ အခြင်းအရာအလုံးစုံကို အကုန်သိမယ်။ ခန္ဓာ ၅-ပါးရုပ်နာမ်တရားဆိုတဲ့ သင်္ခတတရား၏ဒုက္ခသဘောကို ထင်းထင်းကြီးသိရတော့မှ၊ သင်္ခတရဲ့အဆုံးတွင် အသင်္ခတဓာတ်

ဒုက္ခချုပ်ရာ နိဗ္ဗာန်ရှိတယ်ဆိုတာ ဉာဏ်ထဲထင်မြင်လာလိမ့်မယ်။ ဒါကြောင့် သင်္ခတဒုက္ခရဲ့ ဖြစ်ပျက်သဘောကို မြင်အောင်ကြည့်။ မြင်ဖန်များယင် မုန်းလာမယ်။ ငြီးငွေ့လာမယ်။ မုန်းလျက်နဲ့ပဲ ဆက်လက်ရှုလို့ ဖြစ်ပျက်အဆုံးကိုမြင်လာယင်၊ အသင်္ခတ=နိဗ္ဗာန်ကို တွေ့မှာပဲ။ ဒီတော့ ဒီ သင်္ခတဒုက္ခသစ္စာကို ဆုံးအောင်ကြည့် နိဗ္ဗာန်ကိုမြင်ရမယ်။

အသင်္ခတတရားကို သင်္ခတတရားရဲ့ပြောင်းပြန်ပဲလို့ အချုပ်မှတ်ထား။ အသင်္ခတအကြောင်း နားလည်ချင်ယင် သင်္ခတအကြောင်းနားလည်အောင်လုပ်။ သင်္ခတအကြောင်းနားလည်ဖို့ရာ ဖြစ်ပျက်ဝိပဿနာ အလုပ်လုပ်ရမယ်။ အသင်္ခတနိဗ္ဗာန်ကို မဂ္ဂင်လမ်းနဲ့သွားရမယ်။ ခန္ဓာ ၅-ပါးသင်္ခတတရား၏ဖြစ်ပျက်ကို မဂ္ဂင်နဲ့ရှုရမယ်။ မဂ္ဂင်ကလဲ သင်္ခတဖြစ်သောကြောင့် သူလဲဖြစ်ပျက်ပဲ။ ဒါကြောင့် မဂ္ဂင်ရှုတဲ့အခါ **ရှေ့က ခန္ဓာ ၅ ပါး ဖြစ်ပျက် နောက်ကမဂ်** လို့ ပြောတာ။ ခန္ဓာ ၅-ပါး ဖြစ်ပျက်က ရှေ့ကျရမယ်။ ဒီမဂ္ဂင်တရားက နောက်ကျရမယ်။ နောက်က မဂ္ဂင်က အစားထိုးရမယ်။ အစားထိုးဝင်ရမယ်။ ဒီလိုချည်း ခဏခဏ အစားထိုးသောကြောင့် မဂ္ဂင်လဲ သင်္ခတတရားပဲ။ ဒီတော့ ဝိပဿနာရှုတယ်ဆိုတာ ရှေ့က ခန္ဓာ ၅ ပါး သင်္ခတတရား၏ ဖြစ်ပျက်ကို နောက် မဂ္ဂင် ၅ ပါး သင်္ခတတရားနဲ့ ကြည့်ကြည့်သွားရတာပဲ (အစားထိုးသွားရတာပဲ)လို့မှတ်။

ဒီလို ရှေ့ကဖြစ်ပျက် နောက်ကမဂ္ဂင်နဲ့ကြည့်ဖန် အစားထိုးဖန် များလာတော့ နောက်ဆုံး ဖြစ်ပျက်တွေမမြင်တော့ပဲ ခန္ဓာ ၅-ပါး ဖြစ်ပျက်တွေ အကုန်ချုပ်သွားတဲ့ အခါကျတော့၊

မဂ္ဂင်က နိဗ္ဗာန်ဟာ ဟိုဟာပဲလို့ လက်ညှိုးထိုးပြီး ပို့ပေးတာပဲ။ (ဝိပဿနာရှုတဲ့အခါ မဂ္ဂင် ၅-ပါးနဲ့ ရှုရတယ်။ ဖြစ်ပျက်ဆုံးသွားတော့ မဂ္ဂင် ၅-ပါးက ၈-ပါးဖြစ်သွားပြီး၊ အဲဒီ မဂ္ဂင် ၈-ပါးကမှ နိဗ္ဗာန်ကိုမြင်တာ) မဂ္ဂင်က နိဗ္ဗာန်ကို အရောက်သွားတယ်လို့ မထင်နဲ့။ ထင်ယင် သစ်ဘနဲ့ အသစ်တရောသွားမယ်၊ မဂ္ဂင်က ဒဿနဋ္ဌေလို့ ဆိုသောကြောင့် မဂ္ဂင်အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို သူက ဟိုဟာ နိဗ္ဗာန်ပဲလို့ ပြောတာပဲ။ ဒီတော့ မဂ္ဂင် (၈ ပါး)ဟာ နိဗ္ဗာန်ကို ညွှန်ပြနိုင်တဲ့ သတ္တိရှိတယ်။ မြင်နိုင်တဲ့ သတ္တိရှိတယ်။ နိဗ္ဗာန်ကိုလဲမြင်ပါရော မဂ္ဂင်က တခါတည်း ကိလေသာတွေကို ပယ်သတ်ပစ်တာပဲ။ နိဗ္ဗာန်မြင်လို့ ကိလေသာကို ပယ်သတ်နိုင်တာ။ မမြင်ယင်မသတ်နိုင်ဘူး။ ဒီတော့ (၁) ကိလေသာတွေကို ပယ်သတ်တာလဲ မဂ္ဂင်ပဲ။ (၂) နိဗ္ဗာန်ကို မြင်တာလဲ မဂ္ဂင်ပဲ။ ပြီးတော့ (၃) သစ်တ = ဒုက္ခသစ္စာကို ကောင်းကောင်း သိတာလဲ မဂ္ဂင်ပဲလို့ မှတ်ပါ။

အသစ်တဖြစ်တဲ့ နိဗ္ဗာန်ကို ဘာနဲ့ကြည့်မှမြင်မတုံး။ မဂ်နဲ့ကြည့်မှပဲ မြင်ရမယ်။ မဂ်တောင် ၅-ပါးနဲ့ကြည့်ယင် မရဘူး။ ၅-ပါးနဲ့ ကြည့်ယင် သစ်တပဲ မြင်မယ်။ ၈ ပါးနဲ့ကြည့်မှ အသစ်တကို မြင်မယ်၊ ဒီတော့ ရုပ်နာမ် သစ်ဘကို မဂ်သစ်တနဲ့ မြင်ပြီးမှသာ အသစ်တကူးမှာပဲ။ နဂိုက ခင်ဗျားတို့ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို သစ်ဘရယ်လို့ မသိဘူး။ ဆရာသမားကောင်း ဆည်းကပ်ပြီး နည်းရလို့ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်တော့မှ သစ်တလို့သိတာ။ ခန္ဓာ ၅-ပါး ဒုက္ခသစ္စာ။ အသစ်တ

တရားကို မဂ္ဂသစ္စာ။ သင်္ခတတရားနဲ့ကြည့်မှ မြင်တာ။ ခန္ဓာ ၅ ပါး သင်္ခါရဆုံးသွားတော့မှ ဒီမဂ် (၈-ပါး) ဖြစ်ပြီး အသင်္ခတ = နိဗ္ဗာန်ကိုမြင်တာ၊ ဒီတော့ မဂ္ဂသစ္စာသည် သင်္ခါရတရား ဖြစ်ပါလျက်နဲ့ အသင်္ခတတရားနဲ့ ဘယ်လိုဆက်သွယ်သတုံး။ သူ့က နိဗ္ဗာန်ကို ဇနက သဘောနဲ့ဖြစ်စေတာလားဆိုတော့ မဟုတ်ဘူး။ ဥပတ္ထမ္ဘက သဘောနဲ့ ထောက်ပံ့တာလားလို့ မေးရင်လဲ မဟုတ်ဘူးလို့ ဖြေရမယ်။ ဒါဖြင့် မဂ္ဂင်က ဘာလုပ်သတုံးလို့ မေးယင် ဒီမဂ္ဂင်ဟာ ဒဿနကိစ္စ (မြင်မှုကိစ္စ) နဲ့ ဆောင်ရွက်တယ်။ မဂ္ဂင်မှာ သမ္မာသင်္ကပ္ပ ဆိုတဲ့ မျက်မှန်၊ သမ္မာဒိဋ္ဌိဆိုတဲ့ မျက်လုံးပါတယ်။ ဝိပဿနာအလုပ် လုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီ မျက်မှန်၊ ဒီ မျက်လုံးနဲ့ လှမ်းကြည့်ယင် မြင်မယ်၊ ဒီတော့ မဂ္ဂင်ဟာ နိဗ္ဗာန်သို့ ပို့ပေးခြင်းလဲမလုပ်ဘူး။ နိဗ္ဗာန်ကို ဖြစ်အောင်လဲ မလုပ်ဘူး၊ နိဗ္ဗာန်ပျက်စီးမှာစိုးလို့ ထောက်ပံ့ပေးနေတာလဲ မလုပ်ဘူး။ သူက အဝေးကလှမ်းမြင်တဲ့ ကိစ္စပဲ လုပ်တယ်။ မြင်မှုကိစ္စပဲ ရှိတယ်။

ဒါ လူတိုင်း မမြင်နိုင်ဘူး။ သင်္ခတနဲ့ အသင်္ခတ ကွဲကွဲပြားပြား သိတဲ့ပုဂ္ဂိုလ်မှ (၁) ရှေးဦးစွာ သင်္ခတ = ဖြစ်ပျက်သဘောကို အဖန်ဖန်သုံးမြင်အောင်လုပ်လို့ (၂) နောက်ဒီသင်္ခတကို မနှစ်သက် မလိုချင် မုန်းတီးခြင်း ငြီးငွေ့လာအောင်လုပ်လို့ (၃) သင်္ခတတရားတွေဟာ ဒုက္ခသစ္စာပဲလို့ ပိုင်းခြားသိမြင်မှ သာလျှင် အသင်္ခတနိဗ္ဗာန်ကို မြင်မယ်။ သင်္ခတကို ရှင်းလင်းနိုင်တဲ့ ပုဂ္ဂိုလ်မှ အသင်္ခတကို မြင်နိုင်တာ။ ဒီတော့ သင်္ခတရှင်းလင်းတဲ့ အလုပ်မှာ ဝိပဿနာဉာဏ်ကို ရှေ့ထားပါ။ သင်္ခတ

ကို သင်္ခတမှန်းသိပြီး မင်း သင်္ခတနယ်မှာ ငါမနေချင်ဘူးဆိုတဲ့ ဉာဏ်ရအောင် မှန်းအောင်ရှုပေးရမယ်။ ဒါဖြင့် သင်္ခတနဲ့ ကင်းရှိလဲ=သင်္ခတဒုက္ခသစ္စာကို ပိုင်းခြားပြီး မသိမြင်ပဲနဲ့လဲပဲ၊ အသင်္ခတ=နိဗ္ဗာန်=နိရောဓသစ္စာကို မရောက်နိုင်ဘူး၊ မမြင်နိုင်ဘူး၊မျက်မှောက် မပြုနိုင်ဘူး၊ဒီတော့ နိဗ္ဗာန်ဟာ အသင်္ခတ=ဘယ်သူမှ ဘယ်အကြောင်းတရားကမှ မပြုပြင်ပဲနဲ့ သဘာဝဓမ္မအားဖြင့် ခိုင်မြဲနေတဲ့သဘောပဲ။နိဗ္ဗာန်ဟာ ဘယ်အကြောင်းတရားနဲ့မှ ဆက်သွယ်မှုမရှိတော့ ပျက်စရာလဲမရှိဘူး။ မဂ္ဂသစ္စာကတော့ အကြောင်းတရားတွေနဲ့ ဆက်သွယ်နေတော့ ဖြစ်ပျက်သဘောရှိတယ်။ ဖြစ်ပျက်ရှိတော့ သူလဲ ဒုက္ခသစ္စာပဲ။

မဂ္ဂသစ္စာရဲ့ ထူးခြားချက်က သူက သင်္ခတဒုက္ခသစ္စာကိုလဲ မြင်တယ်။ မြင်တော့ ဒီ ဒုက္ခသစ္စာ သင်္ခတကို မလိုချင်လို့ ချုပ်သွားတဲ့အခါမှာ အသင်္ခတ=နိဗ္ဗာန်ကိုလဲ လှမ်းမြင်တယ်။ မြင်တယ်ဆိုတာ အာရုံပြုတာ၊ မျက်မှောက်ပြုတာပဲ။ဝိပဿနာမဂ္ဂင် ၅-ပါးက သင်္ခတဒုက္ခသစ္စာပဲ မြင်တယ်။ ဒီ မဂ္ဂင်က လောကုတ္တရာ မဂ္ဂင် ၈-ပါး ဖြစ်သွားမှ နိဗ္ဗာန်ကို မြင်တာ။ ဒုက္ခချုပ်ငြိမ်း (နိရောဓ) အေးငြိမ်းချမ်းသာ (သန္တိသုခ) တဲ့ အသင်္ခတနိဗ္ဗာန်ကို မြင်တာနဲ့တပြိုင်နက် ဒီ မဂ္ဂင် ၈-ပါးဟာ နိဗ္ဗာန်အားကိုးနဲ့ တခါတည်း ကိလေသာတွေကို သတ်ပစ်နိုင်တယ်။ ဒီတော့ နိဗ္ဗာန်မမြင်ပဲနဲ့ **ကိလေသာကို အမြစ်ပြတ်အောင် မသတ်နိုင်ဘူး။**

ဒါကြောင့် ခင်ဗျားတို့အသင်္ခတ=နိဗ္ဗာန် ရောက်ချင်ယင် သင်္ခတ=ဖြစ်ပျက်=ဒုက္ခသစ္စာကို ကြပ်ကြပ်ရှုပေး (၁)သင်္ခတကို

ဖြစ်ပျက်မြင်အောင်ရှု (၂) သင်္ခတကို ဖြစ်ပျက်မုန်းအောင်ရှု (၃) သင်္ခတတရား ဖြစ်ပျက်ဆုံးအောင်ရှု။ သင်္ခတတရားဆုံးမှ အသင်္ခတတရားလာမယ်၊ သင်္ခါတတရားမဆုံးယင် အသင်္ခတတရားမလာဘူး။ ဒီတော့ သင်္ခတဆုံးအောင် မဂ္ဂင်နဲ့ကြည့်ပြီးမှ အသင်္ခတကိုတွေ့မှာ။ ဒါကြောင့် ဝေဒနာ ၃-ပါးထဲက တခုခုကို ဖြစ်ပျက်မြင်အောင် ကြည့်ပါ။ ဒါလောက်နဲ့မပြီးသေးဘူး။ ဒါက သင်္ခါလမ်း အကုန်မသိသေးဘူး။ သင်္ခတဆိုတာ ဖြစ်ပျက်ပဲ။ ဒါနဲ့အတူနေရတယ် ဆိုတာလောက်သာ သိသေးတာ။ ဒါကိုမမုန်းသေးဘူး၊ ဒါကြောင့် ဖြစ်ပျက် သင်္ခတတရားကို မုန်းအောင်ရှုပေးဦး။ မုန်းလျက် ငြီးငွေ့လျက်နဲ့ပဲ ပေရှု၊ ပေရှုပြီး တခါရှေ့တက်ဦး။ သင်္ခတဆုံးအောင် ကြည့်ပေးရမယ်။ ဖြစ်ပျက်တွေ ပျောက်အောင် ကြည့်ရမယ်။ ဖြစ်ပျက်တွေဆုံးယင် အသင်္ခတလာမယ်။ လာတော့ သင်္ခတအဆုံးမှာ အသင်္ခတရှိတယ်။ သင်္ခတနေရာမှာ အသင်္ခါအစားထိုးပေါ်လာတယ်။ ဒီလိုပေါ်လာတော့ မဂ်က အသင်္ခတကို မြင်တော့တာပဲ။ အာရုံပြု=မျက်မှောက်ပြုတော့တာပဲ။ အသင်္ခတနိဗ္ဗာန်မြင်တာကိုပင် နိဗ္ဗာန်ရောက်တယ် လို့ ခေါ်ကြတယ်။ ဒီမဂ္ဂင်က နိဗ္ဗာန်ကိုမြင်တာပဲရှိတယ်။ နိဗ္ဗာန်ကို ဖြစ်စေတာလဲ မဟုတ်။ ထောက်ပံ့ပေးတာလဲမဟုတ်။ ဒါကြောင့် နိဗ္ဗာန်ဟာ အသင်္ခတဌ=ဘယ်တရားကမှ မပြုပြင်ပဲနဲ့၊ သဘာဝအားဖြင့် ခိုင်ခံ့တည်မြဲတဲ့ တရားပဲလို့ခေါ်ရတယ်။

## ၃၅။ နိစ္စရာဇသဘာဝ၏ အမတဌာနက် (၄)

နိဗ္ဗာန်ဟာ **အမတဋ္ဌ**သဘောရှိတယ်။ **အမတဋ္ဌ**ဆိုတာမအို၊ မနာ၊ မသေ အမြဲနေတဲ့သဘောကိုဆိုတာပဲ။ ခန္ဓာကြီးကတော့ အမြဲပဲ အိုလိုက် နာလိုက် သေလိုက်ဖြစ်နေဘာပဲ။ ဒီတော့ ခင်ဗျားတို့နေတဲ့နေရာဟာ၊ အို-နာ သေ အမြဲရှိနေတဲ့ နေရာပဲ။ ဒီဘဝမှာလဲ အို နာ သေ၊ နောက်ဘဝ ရောက်ပြန်တော့လဲ အို နာ သေ၊ ဟိုဘဝကူးပြန်တော့လဲ အို နာသေ။ ဩော်.... နိဗ္ဗာန်နဲ့ ခင်ဗျားတို့နေတဲ့နေရာနဲ့တော့ အတော်ကွာခြားနေပါလား။ ခင်ဗျားတို့က နိဗ္ဗာန်အကြောင်းလဲ ကောင်းကောင်းသဘောမကျ၊ နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းလဲမစီမံတတ်သောကြောင့် သွားတော့သွားနေတာပဲ၊ သွားတော့ဘယ်ရောက် အိုလမ်း နာလမ်း သေလမ်းသာ ရောက်နေတယ်။ မအိုချင်လို့၊ မနာချင်လို့၊ မသေချင်လို့၊ ဆေးဝါးတွေနဲ့ကု၊ ပရိတ်တွေ မန္တန်တွေနဲ့ ကာကွယ် စောင့်ရှောက်ကြသော်လဲ၊ ခန္ဓာကိုယ်ကြီးကအိုတတ်၊ နာတတ်၊ သေတတ်တဲ့ အမျိုးဆိုတော့ ဘယ့်နှယ်မှ မတတ်နိုင်ဘူး။ ခန္ဓာကိုယ်ကြီးဟာ သင်္ချိုင်းကို အမြဲမျက်စောင်းထိုးနေတာပဲ၊ နတ်ပြည်ရောက်လဲ ဗြဟ္မာပြည်ရောက်လဲ သင်္ချိုင်းကို မျက်စောင်းထိုးပြီးနေတာပဲ။

ခင်ဗျားတို့ ခန္ဓာအကြောင်း ကောင်းကောင်းမသိလို့ ဒီခန္ဓာကြီးကို လိုချင်နေတာ။ ဆုတောင်းယူနေတာ။ ခန္ဓာအကြောင်း ကောင်းကောင်းမသိယင် ခန္ဓာကိုလိုချင်နေယင် ခင်ဗျားတို့ ဘယ်တော့မှနိဗ္ဗာန်ကိုလိုချင်မှာမဟုတ်ဘူး။ ခန္ဓာကြီး

အကြောင်း ခင်ဗျားတို့ ကောင်းကောင်းသိယင် ဒီခန္ဓာကြီးကို လိုချင်မှာမဟုတ်ဘူး။ ဒီတော့ ခန္ဓာကြီးအကြောင်း ခင်ဗျားတို့ ကောင်းကောင်းသိမှ နိဗ္ဗာန်ကိုလိုချင်မှာ။ နိဗ္ဗာန်ကတော့ မအို မသေအမြဲနေတဲ့နေရာပဲ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာဆရာက၊ခန္ဓာ ကိုယ်အဆိပ်ပင်ကြီးဟာ သူ့အဆိပ်နဲ့သူ သေတဲ့သဘောကိုမြင် သဖြင့် မအို မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို ဉာဏ်၌ထင်မြင် လိုချင် လာ၏ဟု ဆိုထားတယ်။ ဒီဘော့ မအို—မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို သဘောကျဖို့ လိုချင်လာဖို့ရာ ခန္ဓာကြီးအကြောင်း ကောင်းကောင်းသိရမယ်။

ဒီခန္ဓာကြီးဟာ အဆိပ်ပင်ကြီးပဲ။ သူ့မှာဇရာ၊ ဗျာဓိ၊ မရဏ=အို နာ သေဆိုတဲ့ အဆိပ်တွေ မွေးကထဲက တခါ တည်းပါလာတယ်။ ယူလာတယ်။ ဒီတော့ သူ့အဆိပ်နဲ့သူ သေမှာပဲ။ ခန္ဓာကိုယ်ကြီးဟာ ဘယ်တော့မှဆုတောင်းမပြည့်တဲ့ ခန္ဓာကြီး။ မအိုပါရစေနဲ့၊ မနာပါရစေနဲ့။ မသေပါရစေနဲ့လို့ ဆုတောင်းလို့ရရဲ့လား။ မရဘူးနော်။ သူယူလာတဲ့ အိုနာ အဆိပ်နဲ့ သူသေရမှာပဲ။ အသက်ထွက်ရမှာပဲ။ ဒီခန္ဓာအဆိပ် ပင်ကြီးဟာ အိုဖို့ရာလဲ သူ့အဆိပ်နဲ့သူ၊ နာဖို့ရာလဲ သူ့အဆိပ် နဲ့သူ၊ သေဖို့ရာလဲ သူ့အဆိပ်နဲ့သူ တခါတည်းပါလာတာပဲ။ ဒါကြောင့် ဒီခန္ဓာကြီး ရတဲ့ပုဂ္ဂိုလ်အပေါင်းဟာ ဘယ်နည်း နဲ့မှ ချမ်းသာလိမ့်မယ် ဘေးကင်းလိမ့်မယ်မဟုတ်ဘူး။ ဆင်းရဲ တွင်းမှာ အိုပွဲ နာပွဲ သေပွဲနဲ့ပဲ ဇာတ်သိမ်းရမယ်။ ဒီခန္ဓာ ကြီးဟာ သူ့အဆိပ်နဲ့သူ သေရတာ။ နေရာမရွေးဘူးနော်။

နတ်ပြည်ရောက်လဲ သေမှာပဲ။ ဗြဟ္မာ့ပြည်ရောက်လဲ သေမှာပဲ။ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာ အကြိမ်ကြိမ်ခံစားရ၍လို့ ဆုတောင်းယင် ဒါ ကိုယ့်အဆိပ်နဲ့ကိုယ် အဖန်ဖန်သေရ၍ဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒီတော့ သစ္စာမသိသေးယင် ဒီခန္ဓာကြီးကို ဆုတောင်းယူကြမှာပဲ။

ခန္ဓာကြီးမှာ အိုနာသေဟာ တခါတည်း ပါနေတော့ သူဟာ ဒုက္ခသစ္စာအစစ်ပဲ။ ခန္ဓာကြီးရှိသရွေ့ ဒုက္ခရောက်နေမှာပဲ။ ဒုက္ခသစ္စာဆိုတာ ဆင်းရဲတာအမှန်။ ခန္ဓာရတဲ့ပုဂ္ဂိုလ်ဖြင့် မဆင်းရဲတဲ့ပုဂ္ဂိုလ်ရယ်လို့ မရှိဘူးနော်။ တော်တော်ကြာ အိုရပြန်ပြီ၊ နာရပြန်ပြီ၊ သေရပြန်ပြီ။ နောက်တခါရပြန်လဲ အိုရ–နာရ သေရပြန်တာပဲ။ နောက်ဘဝများစွာ အကြိမ်ကြိမ် ရပြန်တော့လဲ အိုရ–နာရ–သေရမှာပဲ။ ဒီလို ခန္ဓာကြီးကို ခင်ဗျားတို့ကြိုက်နေတာကဖြင့် စုံလုံးကန်း လို့ပဲ။ သေသွားတဲ့ မိဘ ဆွေမျိုး မိတ်ဆွေတွေကို သုသာန်သို့ အကြိမ်ကြိမ်လိုက်ပို့ခဲ့ ပြီးငြားသော်လဲ၊ ဒီဘဝ ငါသေရဦးမယ်ဆိုတာလဲမမြင်။ နောက်ဘဝရောက်လဲ သေရဦးမယ်ဆိုတာလဲ မမြင်ဘူးဆိုတော့ နှစ်ဖက် စုံလုံးကန်းတာပဲ။ ခန္ဓာဒုက္ခသစ္စာကြီးကို လွယ်ထားရပါလျက် ဒုက္ခသစ္စာမှန်းမသိတာလဲ ကြောင်တောင်ကန်း လို့ မသိတာပဲ။ မနာကြနဲ့။ ဒါခင်ဗျားတို့ဖြစ်စဉ်ပဲ။ ခန္ဓာကြီးဟာ အို–နာ–သေ တခါတည်းကပ်လာတော့၊ မအို မနာ မသေအောင် ပရိတ်တွေရွတ် ကာကွယ်သော်လဲမရဘူး။ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာလို့ မရဘူးနော်။

အဆိပ်သီးနှင့်ငှက်။ ။ဟိမဝန္တာတောမှာ ၁၂-ရာသီပွင့်ပြီး ၁၂ ရာသီသီးတဲ့ အဆိပ်တောကြီး တခုရှိတယ်။ ဒီတော ရောက် သွားတဲ့ သတ္တဝါတွေဟာ ဒီအဆိပ်သီးရဲ့ အနံ့သာ ရှူရှိုက် မိလို့ရှိယင် မစားပဲမနေနိုင်လောက်အောင်ကို မွှေးကြိုင် တယ်။ အဆင်း အနံ့ အရသာ သိပ်ကောင်းတယ်။ စားမိလို့ ဝမ်းထဲရောက်ယင်တော့ သေတာပဲ။ ဒီအပင်အောက်သွား ကြည့်ယင် ငှက်ရိုးတွေ သားကောင်ရိုးတွေ ပုံနေတာပဲ။ နောက်အတောင်စုံပြီး ပျံလာကြတဲ့ငှက်တွေကလဲ ဒီအနံ့ရပြီး စားချင်စိတ်ပေါက်လာပြန်တာပဲ။ သူတို့မိဘအရိုးတွေ သစ်ပင် အောက်မှာမြင်ပေမယ့် ဪ....သူတို့သာသေတာ တို့မသေ ဘူးဆိုပြီး စားပြန်တော့ သေကြပြန်တာပဲ။ နောက်အကောင် တွေလာလဲ စားသေတာပဲ။ ဒီတော့ အရိုးပေါ် အရိုးထပ် သေကြတယ်တဲ့။

ဒီတော့ တိရစ္ဆာန်လေးတွေ တယ်မိုက်တာပဲလို့ မဆိုထိုက် ဘူလား။ ဆိုထိုက်တယ်။ သေတဲ့မိဘအရိုးတွေ မြင်လျက်သားနဲ့ အသီးရဲ့အနံ့ မခံနိုင်တာနဲ့ စားပြီးတော့သေကြတယ်။ အရိုး ပေါ် အရိုးထပ်သေပွဲဝင်ကြတယ်။ ခင်ဗျားတို့လဲ ဒီတိရစ္ဆာန် တွေနဲ့ ဘာထူးသေးသလဲ၊ ခင်ဗျားတို့လဲ ကိုယ့်အဖေအမေတွေ အဖိုးအဖွားတွေဟာ ချမ်းသာမှု သု ခ ဝေ ဒ နာ ကို ကြိုက်လို့ သူ့နောက် လိုက်ပြီး စီးပွားရေးတွေ နေ့မအား ညမအား လုပ်ကိုင်ကြတယ်။ အဲဒါ သုခဝေဒနာအဆိပ်သီးကို ရှာကြ တာပဲ။ သုခဝေဒနာကို စားရင်းမတ်တတ်နဲ့ပဲ အို-နာ-သေ

သွားကြရတယ်။ သွားကြလို့ ခင်ဗျားတို့ကိုယ်တိုင် သုသာန်ပို့ခဲ့ကြရပြီမဟုတ်လား၊ ဒီအဆိပ်သီးစားယင် ဒီအဆိပ်သီးက သတ်တာနဲ့ သေမှာပဲ။ သေကြလို့ မိဘဘိုးဘွားတွေရဲ့အရိုးတွေ တောင်လိုပုံရတယ်၊ဒါပေမယ့် ခင်ဗျားတို့က သူတို့သာ ဒီအသီးစားပြီးသေတာ၊ ဒို့စားယင်တော့ မသေဘူးဆိုပြီး ဒီဝေဒနာ အဆိပ်သီးကို ရှောက်ရှာပြီးစားကြတော့ သေခြင်းဆိုးနဲ့သေကြတော့တာပဲ။ သေတော့ အယင် အရိုးတွေပေါ် ခင်ဗျားတို့ အရိုးတွေ ထပ်ပြန်တာပဲ။ နောက် ခင်ဗျားတို့အမျိုးဟာ **အဆိပ်စားတဲ့အမျိုး သေခြင်းဆိုးသေတဲ့အမျိုး** လို့ ဆိုထိုက်တာပေါ့။ အံမာလေး....တိရစ္ဆာန်တွေထက် မိုက်သေးပါကလား။ ဒါကြောင့် ခင်ဗျားတို့ ဒုက္ခသစ္စာမသိသရွေ့ အဆိပ်စားကြဦးမှာပဲ။ စားပြီး သေခြင်းဆိုးနဲ့ သေကြဦးမှာပဲ။

**သူသတ်သမားဝေဒနာ။** ။သံယုတ်ပါဠိတော်မှာ ဘုရားက **ဝေဒနာဝဓကော=ဝေဒနာဟာ သူသတ်သမား** လို့ ဟောထားတယ်။ ဝေဒနာ ၆-မျိုးရှိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကြောင့် ဖြစ်ပေါ်လာတဲ့ဝေဒနာဟာ ၆-မျိုးရှိတယ်။ ဝေဒနာ ၆ ပါးဟာ သူသတ်သမား ၆-ယောက်တဲ့။ ဟုတ်ရဲ့လား။ ဒီဝေဒနာကို စားယင်း သေကြတာပဲ။ ဒီ–ဝေဒနာကို လိုချင်၊ ရချင်လို့၊ မျက်စိချမ်းသာချင်လို့၊ နားချမ်းသာချင်လို့၊ နှာခေါင်းချမ်းသာချင်လို့၊ လျှာချမ်းသာချင်လို့၊ ကိုယ်ချမ်းသာချင်လို့၊ စိတ်ချမ်းသာချင်လို့၊ လိုက်ရှာကြတယ်။ အဲဒါ အဆိပ်ရှာကြတာ။ သူသတ်သမား ရှာကြတာ။ တချို့ဆို ရှာယင်းမတ်တတ်နဲ့သေတယ်။ တချို့တော့ မျိုယင်း

သေတယ်။ တချို့ အနံ့သင့်ပြီးသေတယ်။ ခုနက တိရစ္ဆာန်တွေကတော့ တိရစ္ဆာန်မို့ မသိလို့စားပြီးသေတယ်။ ခင်ဗျားတို့မှာ လူလို့တော့ ဆိုင်းဘုတ်ဆွဲထားပါရဲ့။ ဒါပေမယ့် စားပုံသောက်ပုံတွေကတော့ တိရစ္ဆာန် စားပုံသောက်ပုံနဲ့ အတူတူပါပဲ။ နှုတ်သီးနဲ့ပါးစပ်ပဲ ကွာတာပဲ။ ၃၁-ဘုံလျှောက်ကြည့်။ ဒီဝေဒနာသတ်တာနဲ့ သေကြတာချည်းပဲ။ ဒီခန္ဓာအဆိပ်ပင်က သီးတဲ့ ဝေဒနာအဆိပ်သီးတွေ စားမိတာနဲ့ သေကြတာပဲ။

ခင်ဗျားတို့က သုခကြိုက်တွေ ဖြစ်နေတော့ သုခကိုပဲ ရှောက်ရှာတာပဲ။ ရှာပြီးတော့ စားတဲ့လူကို သုခကသတ်တာပဲ။ ခင်ဗျားတို့ကလဲ (သုခ) ဝေဒနာ ၆-မျိုးကိုချည်း လိုက်ရှာနေကြတာပဲ။ ဒီ သတ်မယ့်လူမတွေ့သေးလို့ရှိယင် ဒီနေ့ စိတ်မချမ်းမသာ ဖြစ်ကြတယ်။ သတ်မယ့်လူတွေ့မှ ချမ်းသာတယ်တဲ့။ ဘယ်လောက်မျက်စိလည်နေသလဲ။ ခင်ဗျားတို့ မသိတာကတော့ဖြင့် ဟောတဲ့ပုဂ္ဂိုလ်တောင် သံဝေဂရလာတယ်။ ခင်ဗျားတို့က ထူလွန်း အလွန်းလို့ ပြောတဲ့ပုဂ္ဂိုလ်တောင် မပြောချင်လောက်အောင် ဖြစ်လာတယ်။ ခင်ဗျားတို့မှာ မျက်စိချမ်းသာမှု၊ နားချမ်းသာမှု၊ နှာခေါင်းချမ်းသာမှု၊ လျှာချမ်းသာမှု၊ ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုမရယင် စိတ်ဆင်းရဲပြီး နေထိုင်မကောင်းတောင် ဖြစ်လာကြတယ်။ ဘာပြုလို့။ သတ်မယ့်လူမလာလို့ အဲဒီကျအောင် ဉာဏ်ရောက်ထားတော့မှ ဩော်....ခန္ဓာ ၅-ပါး အဆိပ်ပင်ကြီးက ဒီအဆိပ်သီးတွေ သီးနေသရွေ့ ဒီအသီးတွေစားနေသရွေ့ ဘယ်ဘုံရောက်ရောက် သေခြင်းဆိုး

သေမှာချည်းပဲလို့ မြင်လာမယ်။ မြင်လာမှ ဒီခန္ဓာကြီးကို မကြိုက်တော့မှာ။ မကြိုက်ယင် မသေရာရှာတော့မယ်။ အမတ= မသေရာနိဗ္ဗာန်ဘက်ကို လှည့်လာမယ်။ သဘောကျလာမယ်။ အခုတော့ ခင်ဗျားတို့ဟာ ခန္ဓာအဆိပ်ပင်ကြီးက ထွက်လာတဲ့ ဝေဒနာ=အဆိပ်သီးကို သားစဥ်မြေးဆက်စားစားပြီး သေသေ လာခဲ့ကြတာဖြစ်တော့ ဒီအမျိုးဟာ **အဆိပ်စား** သေတဲ့ အမျိုးပေါ့။ မင်းမျိုးလား သဌေးမျိုးလားလို့ စဥ်းစားမနေ ပါနဲ့တော့။ ကိုယ့်အမျိုးကိုယ်သိပြီလား။ ခင်ဗျားတို့သေချင် ကြသလား၊ မသေချင်ဘူးတဲ့။ မသေချင်တာတော့ အမှန်ပဲ။ ဒါပေမယ့် ကိုယ့်လည်ပင်းကိုယ် ကြိုးတပ်လာတာကတော့ ဖြုတ်မရပဲဖြစ်နေတယ်။ သေရမှာတော့ ဧကန်ပဲ။

အခုလို ခန္ဓာရဲ့သဘောကို သိလာတော့မှ မသေရာဘက်ကို နဲနဲကလေးညွှတ်လာသလို ရှိလာတယ်။ ကဲ နောင်မသေချင် ယင်တော့ မသေရာရှာကြရမယ်။ တကယ်ရှာယင် တကယ်တွေ့ မှာပဲ။ အဲဒါရှာချင်ယင် ဒီခန္ဓာကြီးကို မခင်ပဲနဲ့၊ သမုဒယ ချုပ်ပြီး ခင်ဗျားတို့ (၁) ဖြစ်ပျက်မြင်အောင်ကြည့် (၂) ဖြစ် ပျက်မုန်းအောင်ကြည့်၊ (၃) ဖြစ်ပျက်ဆုံးအောင်ကြည့်လို့ရှိယင် ခန္ဓာကြီးရဲ့ သေတတ်တဲ့သဘောကို ကောင်းကောင်းကြီးသိလာ မယ်။ ဒါသိပြီးတော့၊ သေတတ်တဲ့ သေတတ်တာကြီးကိုဖြင့် မကြိုက်တော့ပါဘူးလို့သာ မဂ်ဉာဏ်ပေါ်အောင် ကြည့်လိုက်။ မလိုချင်တဲ့အထိရောက်အောင်ရှုလိုက်။ ဒီလိုရှုလိုက်လို့ တကယ့် ကိုမလိုချင်တော့ဘူးဆိုယင် မသေရာအမှန် မြတ်နိဗ္ဗာန်ဟာ

တခါတည်းပေါ်လာတယ်။ မသေရာကို ခုကတည်းက တွေ့အောင်ရှာထားပါ။ သေမှတော့ မတွေ့နိုင်ဘူး။ ဒယ်အိုး (ငရဲယဲ) ရောက်ယင် သွားပြီ။

မသေရာရှာနည်းကတော့ ပြောနေကျအတိုင်းပဲ။ ဒီဝေဒနာသာ ဖြစ်ပျက်မြင်အောင် ရှုပါ။ ဒွါရ ၆-ပါးအရ ဝေဒနာ အသီးသီးမှာ ၆-မျိုးပြားသော်လဲ၊ စင်စစ်တော့ ဝေဒနာဟာ သုခ ဒုက္ခ ဥပေက္ခာလို့ ၃-မျိုးတည်းပါပဲ။ အဲဒီဝေဒနာ ၃-မျိုး (တမျိုးမျိုး)ကို ရှုလိုက်ပြီဆိုမှဖြင့် ဝေဒနာ ၃-မျိုးဖြစ်ပျက်က အနိစ္စ၊ ရှုတာက မဂ္ဂ ဖြစ်တယ်။ ရှုတော့ တဏှာမလာတော့ဘူး။ ဒီဝေဒနာဟာ နဂိုတုန်းက ဝေဒနာအဖြစ်နဲ့နေယင်သာ အဆိပ်ဖြစ်တာ။ အခုဖြစ်ပျက်ရှုလိုက်တော့ အဆိပ်မဖြစ်တော့ဘူး။ အနိစ္စဖြစ်သွားတယ်။ အဆိပ်မဖြစ်ယင် သူဟာ အို-နာ-သေ လက်နက် ၃-မျိုးနဲ့ ဒီရှုတဲ့ပုဂ္ဂိုလ်ကို သတ်မယ့်အလုပ် မလုပ်နိုင်တော့ဘူး။ မလုပ်နိုင်အောင် မဂ်က တားထားတယ်။ ဒီလို ဖြစ်ပျက်+မဂ် ရှုတဲ့အလုပ်ကိုလုပ်မှ မသေရာကို တွေ့မှာ ရောက်မှာ။

ဒီဝေဒနာ ၃-ခုဖြစ်ပျက်တာဒုက္ခသစ္စာ၊ သိတာကမဂ္ဂသစ္စာ၊ မဂ္ဂသစ္စာပေါ်လာယင်သူကဒုက္ခတင်သိတာမဟုတ်ဘူး။ သူ့ကိစ္စကနိရောဓ (နိဗ္ဗာန်) လဲမြင်တယ်။ သမုဒယ (တဏှာ) ကိုလဲ သတ်တယ်။ သစ္စာ ၄-ချက်ကို တပြိုင်နက်သိတယ်။ ဒါဖြင့် အလုပ်လုပ်မှမြင်မှာ၊ အလုပ်လုပ်တဲ့အခါ၊ ဒုက္ခသစ္စာကိုဖြစ်ပျက်

ရှုမှ ကြိုးစားကြပါ။ ရှုလို့ ဒုက္ခသစ္စာအဖန်ဖန် သေတာကြီး မြင်မှသာ အမတဋ္ဌောဆိုတာကို သဘောကျမယ်။ ဒီတော့ ဝေဒနာကိုဖြစ်ပျက် န့ာနာရှု၊ ရှုယင် ကိုယ်ကဝေဒနာကို သတ်ပစ်တာပဲ။ မရှုယင် ဝေဒနာက ကိုယ့်ကိုယ်ကို သတ်မယ်။ ဒီတော့ **ဝေဒနာနဲ့စစ်**ထိုးဖို့ ခါးတောင်းကြိုက်ကြ။ ဝေဒနာ ပေါ်လာတိုင်း ဖြစ်ပျက်ရှုရမယ်။ ဝေဒနာသာ သူသတ်သမား မဟုတ်သေးဘူး။ ခန္ဓာ ၅-ပါးစလုံး သူသတ်သမားချည်းပဲတဲ့။ ခန္ဓာ ၅-ပါးဟာ သူသတ်သမားချည်းဖြစ်တော့ သူတို့မရှိမှ အသေလွတ်မှာပဲ။ သူတို့ရှိနေယင် သေဦးမှာပဲ။ ဒီတော့ ခန္ဓာ ၅-ပါးထဲက ဘယ်ခန္ဓာဖြင့်ဖြစ် ကြိုက်ရာကို ဖြစ်ပျက်ရှုနိုင်တယ်။ သူသတ်သမားကို ကိုယ်က ပြန်သတ် တယ်ပေါ့။ သတ်တော့ ခန္ဓာနောက်က **တဏှာ** စတဲ့အဖော်တွေလဲ သေသွားတာပဲ။ အဲဒါ မဂ်နဲ့သတ်တာ။ ရှေ့ကဖြစ်ပျက်-နောက်ကမဂ် ဆိုယင် ဒါသတ်ပြီးသားပဲ။ မဂ်နဲ့သတ်လိုက်တော့ ခန္ဓာ ၅ ပါး ဆိုတဲ့ ဒုက္ခသစ္စာ **အသေခေတ်** တွေ ကုန်ဆုံး သွားပြီ၊ **အအေးခေတ်** နေရာမှာ **မသေခေတ်** အစားထိုးလာတယ်။ ဒါဆို မသေရာနိဗ္ဗာန်သို့ ရောက်ပြီမှတ်။

## ၃၆။ မဂ္ဂသစ္စာ၏ နိယျာနဋ္ဌအနက် (၁)

မဂ္ဂသစ္စာဆိုတာ နိယျာနဋ္ဌ သဘောရှိတယ်။ **နိယျာနဋ္ဌ** ဆိုတာ ဝဋ် ၃-ပါးမှ ထွက်မြောက်ကြောင်းတရား၊ ဝဋ် ၃-ပါးမှ ထုတ်ဆောင်နိုင်တဲ့ မဂ္ဂင် ၈-ပါးလို့ ဆိုလိုတယ်။ မဂ္ဂင် ၈-ပါးဟာ ဝဋ် ၃-ပါးမှ ဆန်တက်၍ နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်းလမ်းမှန် ဖြစ်တရားပဲ။ ဒီမဂ္ဂင် ၈-ပါးက ဝဋ် ၃-ပါးထဲမှ သတ္တဝါတွေကို ထုတ်ဆောင်တယ်။ ဒီလို ထုတ်ဆောင်တဲ့ နေရာမှာ ခင်ဗျားတို့က ထုတ်ဆောင်ပါလို့ ခိုင်းဖို့မလိုဘူး။ သူ့သဘော သူ့ဓမ္မတာ အတိုင်း ဆောင်သွားတာပဲ။ ဝိပဿနာလုပ်တော့ မဂ္ဂင်တွေ ဝမ်းထဲရောက်လာပြီး အားထုတ်တဲ့ပုဂ္ဂိုလ်ကို သူ့သဘော အတိုင်း ဝဋ် ၃-ပါးမှ ထုတ်ဆောင်ပြီး နိဗ္ဗာန်သို့ ပို့ပေး တာပဲ။

**မဂ္ဂင်လမ်း ၂-မျိုး**။ ။မဂ္ဂင်လမ်းမှာ အပါယ်ပို့ဆောင်တဲ့ မဂ္ဂင်လမ်း၊နိဗ္ဗာန်ပို့ဆောင်တဲ့မဂ္ဂင်လမ်းရယ်လို့ ၂-မျိုးရှိတယ်။ ထုတ်ဆောင်တတ်တဲ့တရား ၂-မျိုးရှိဘယ်လို့မှတ်။ထုတ်ဆောင် တဲ့တရားက အကောင်းအဆိုး ၂-မျိုးရှိတော့ ခင်ဗျားတို့က အပါယ်ရောက်ကြောင်း အဆိုးတရားတွေကို ကြိုးစားယင် အဲဒီ တရားက ခင်ဗျားတို့ကို အပါယ်သို့ ထုတ်ဆောင်သွားမှာပဲ။ နိဗ္ဗာန်ရောက်ကြောင်း အကောင်းတရားတွေကို ကြိုးစားယင် အဲဒီတရားက ခင်ဗျားတို့ကို နိဗ္ဗာန်သို့ ထုတ်ဆောင်ပေးမှာပဲ။

ဒါ ဓမ္မနိယာမလို့ခေါ်တယ်။ ဓမ္မနိယာမဆိုတာ သူ့သဘောနဲ့သူ ဆောင်သွားတာလို့မှတ်။ ရှောင်လို့ကွင်းလို့မရဘူး။ မကောင်းတဲ့ တရားလုပ်ယင် အပါယ်သွားမှာပဲ။ တားလို့မရဘူး။ ကောင်းတဲ့တရားလုပ်ယင် နိဗ္ဗာန်ရောက်မှာပဲ။ ဆုတောင်းနေဖို့ မလိုဘူး။ ဆုတောင်းလို့မရဘူး။ အလုပ်ကမှ ထုတ်ဆောင်နိုင်တာကို နှုတ်နဲ့ပြောနေလို့တော့ ဘယ်နည်းနဲ့မှ မရဘူး။

ဝဋ် ၃-ပါး။ ။ခင်ဗျားတို့ခန္ဓာထဲမှာ ဝေဒနာတွေဟာ အမြဲရှိနေတယ်။ ဒီ ဝေဒနာတွေဟာ ၃-မျိုးရှိတယ်။ သုခ ဝေဒနာဆိုတဲ့ ချမ်းသာတဲ့ဝေဒနာ၊ ဒုက္ခဝေဒနာဆိုတဲ့ ခန္ဓာကိုယ်ထဲမှာ ဆင်းရဲတဲ့ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာဆိုတဲ့ ချမ်းသာဆင်းရဲ ကင်းတဲ့ဝေဒနာ၊ အဲ-တကိုယ်လုံးမှာ ဒီဝေဒနာ ၃-မျိုးဟာ လှည့်ဖြစ်နေတာပဲ။ ဖြစ်တော့ (၁) **သုခဝေဒနာ** ဖြစ်ယင် **တဏှာ** ဖြစ်မယ်။ (၂) **ဒုက္ခဝေဒနာ** ဖြစ်ယင် **ဒေါသ** ဖြစ်မယ်။ (၃) **ဥပေက္ခာဝေဒနာ** ဖြစ်ယင် **မောဟ** ဖြစ်မယ်။ ဒီတော့ ဝေဒနာ ၃-ပါးကနေပြီး လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာ ၃-မျိုး ဖြစ်နိုင်တယ်။ ဒီ ကိလေသာ ၃-ပါး ဟာ ကိလေသဝဋ်လို့ခေါ်တယ်။ ဒီ ဝေဒနာ ၃ ပါးကို ဖြစ်ပျက် မရှုတဲ့ ပုဂ္ဂိုလ်မှာ ကိလေသဝဋ် ၃ ပါးဖြစ်မယ်။ သုခ ဝေဒနာ၊ ချမ်းသာတယ် သဘောကျတယ်ဆိုယင် တဏှာက လာတာပဲ။ ဒုက္ခဝေဒနာ၊ ဆင်းရဲတယ် မကျေနပ်ဘူးဆိုယင် ဒေါသက တခါတည်းလာတာပဲ။ ဥပေက္ခာဝေဒနာ၊ ချမ်းသာ ဆင်းရဲ မှသိဘူးဆိုယင် မောဟ (အဝိဇ္ဇာ) လာတာပဲ။ ဥပေက္ခာ

ဝေဒနာဟာ ခန္ဓာကိုယ်ထဲ ရောက်တဲ့အခါ အင်မတန် သိမ်မွေ့တယ်။ သိမ်မွေ့တော့ မသိလိုက်ဘူး။ မသိလိုက်တော့ မောဟ လာတယ်။

ဝေဒနာ ၃-ပါး ပေါ်လာတာကို ဖြစ်ပျက်မရှုလိုက်ယင် ကိလေသဝဋ်ဖြစ်လာတယ်။ ဝေဒနာ ၃-ပါးဟာ ခင်ဗျားတို့ ခန္ဓာထဲမှာ ခဏခဏအပြောင်းအလဲနဲ့ (တလှည့်စီ) အဆက်မပြတ် အချိန်မရွေးပေါ်လာနေတယ်။ ဒါတွေကို ဖြစ်ပျက်မရှုလိုက်တဲ့အတွက် တဏှာ (ဥပါဒါန်) ဒေါသ အဝိဇ္ဇာဆိုတဲ့ **ကိလေသဝဋ်** လာတာပဲ။ ကိလေသဝဋ် လာယင် ကမ္မဘဝ သင်္ခါရဆိုတဲ့ **ကမ္မဝဋ်**လာမှာပဲ။ ကမ္မဝဋ်လာယင် ခန္ဓာ ၅-ပါး ဇာတိ ဆိုတဲ့ **ဝိပါကဝဋ်** လာပါလိမ့်မယ်။ ဒီတော့ ဝေဒနာကို ဖြစ်ပျက်မရှုလိုက်တဲ့အတွက် ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် ဆိုတဲ့ ဝဋ်သုံးမျိုးဟာ ဆက်တိုက်လာတော့တာပဲ။

ဒီတော့ ဝေဒနာမရှုတဲ့အတွက် ဝဋ် ၃-ပါးလည်ရတယ်လို့ မှတ်။ ဇာတိဆိုတဲ့ ဝိပါကဝဋ်ထဲရောက်ယင်တော့ အိုမှု ဇရာ၊ နာမှု ဗျာဓိ၊ သေမှု မရဏဆိုတဲ့ ဆင်းရဲမှုတွေဟာ ပြေးမလွတ်တော့ဘူး။ ဒုက္ခဝဋ်ကြီးထဲ ရောက်သွားတော့တာပဲ။ ခင်ဗျားတို့ဟာ ဒီဝဋ်တွင်း ရောက်နေတာဆိုတော့ **ဝဋ်ကောင်** အစစ်ပေါ့။ ဝဋ်ကောင်ဖြစ်စေမယ့် ခင်ဗျားတို့က ကိုယ့်ကိုယ်ကို ဝဋ်ကောင်မှန်း မသိတော့ ဝဋ်မကျွတ်ချင်ကြဘူး ပေါ့။ ဝဋ်မကျွတ်ချင်လို့ပေါ့။ သားရေး သမီးရေး စီးပွားရေးတွေနဲ့

အချိန်တွေကုန်နေကြတာ။ ဒီတော့ ဒီဝဋ်တွင်းမှ ထုတ်ဆောင် ပေးမယ့် တရားကိုတော့ ခင်ဗျားတို့ ရှာသင့်ပြီ မရှာယင် ဝဋ်ဆင်းရဲတွင်းက ဘယ်တော့မှ ထွက်တော့မှာမဟုတ်ဘူး။ ထွက်လမ်းထွက်ပေါက် မရှိတော့ဘူးလို့ မှတ်။

ခင်ဗျားတို့ဟာ ကိုယ့်ကိုယ်ကို ဝဋ်ကောင်မှန်းမသိတော့၊ အိမ်မှာ စားကာ သောက်ကာ ပျော်ရွှင်ကာနဲ့ နေကြတယ်။ ဒီလိုနေတာဟာ ဟောဒီ ဝေဒနာ ၃-ပါး ပြည့်စုံအောင် ကြိုးစားနေတာပဲ။ ခင်ဗျားတို့ ခက်တယ်။ အနာပေါက်လို့ ပေါက်မှန်းမသိဘူး။ (ဝေဒနာ ၃-မျိုးပေါ်တာဟာ အနာ ပေါက်တာ) အခုကြည့်။ ဝေဒနာ ၃-ပါးကို ဖြစ်ပျက်မရှုတဲ့ ပုဂ္ဂိုလ်မှာ ဝဋ် ၃-မျိုးလာတယ်။ ရှေးဦးစွာ ကိလေသဝဋ် လာတယ်။ ဒီ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ် ကြောင့် ဝိပါကဝဋ်ဆိုတဲ့ ဇာတိ=ပဋိသန္ဓေ အပါယ်ဇာတိ ဖြစ်တယ်။ အပါယ်မှာ ပဋိသန္ဓေနေရတယ်။ ဒါဖြင့် ဒီတရား တွေဟာ ခင်ဗျားတို့ကို အပါယ်သို့ ထုတ်ဆောင်ပို့ပေးတာပဲ။ သူ့သဘောနဲ့သူ ထုတ်ဆောင်ပို့ပေးတာ။ ခင်ဗျားတို့ အိပ်နေ ပေမယ့် မေ့နေပေမယ့် ဒီတရားတွေက မမေ့ဘူး။ သူ့အလုပ် သူလုပ်နေတာပဲ။ ခင်ဗျားတို့ ဒီဓမ္မသဘောကို ရှောင်လို့တိမ်း လို့ မရဘူး။ အပါယ်ပို့မယ့်တရားကတော့ ပို့မှာပဲ။

ခင်ဗျားတို့က ဝဋ်ဒုက္ခအကြောင်း မသိတော့။ လူ့ပြည် နတ်ပြည်ကို ဆုတောင်းကြတယ်။ ဒါ တဏှာ လော ဘ နဲ့ တောင်းနေတာ။ တဏှာစခန်းဖွင့်နေတာ။ တ ဏှာ ဆို တာ

ကိလေသဝဋ္ဋ။ ဒီတော့ နတ်ပြည်ဆုတောင်းတာဟာ ကိလေသဝဋ္ဋ လုပ်တာပဲ။ ဆုတောင်းတဲ့အခါ စေတနာကံကလဲ ပါလာတော့ ကမ္မဝဋ္ဋလုပ်တာလဲဖြစ်တယ်။ ကိုင်း.... ကိလေသဝဋ္ဋ ကမ္မဝဋ္ဋပါတော့ ဝိပါကဝဋ္ဋဟာ ပြေးမလွတ်တော့ဘူး။ ကုသိုလ်ကံ အရှိန်ကုန်တော့ အပါယ်ရောက်ပြန်တာပဲ။ အပါယ် **၄-ပါးဟာ ခင်ဗျားတို့ ''နေအိမ်''ပဲ။ လူပြည်, နတ်ပြည်ဆိုတာ အလည်လာပြီး ခဏနေတာပဲ။**

**တိုက်တွန်းချက်။** ။ကဲ-ခင်ဗျားတို့ ဝဋ္ဋ ၃ ပါးအကြောင်း ကောင်းကောင်းသိပြီ၊ နောက်က ဒါတွေမသိလို့ မိုက်ခဲ့တာတွေလဲ များလှပြီ၊ ဒါပေမယ့် ဒီနောက်ကမိုက်ခဲ့တာတွေကို ကြောက်မနေပါနဲ့။ ကြောက်စရာမလိုဘူး။ မဂ်ဆိုက်အောင်သာလုပ်။ မဂ်ဆိုက်ယင် နောက်ကအမှားတွေဟာ အဟောသိကံဖြစ်သွားမယ်။ အကျိုးမပေးနိုင်တော့ဘူး။ မုဆိုးကြီးတွေ အင်္ဂုလိမာလလို လူသတ်သမားကြီးတွေဟာ မဂ်အလုပ်လုပ်သွားတာနဲ့ နိဗ္ဗာန်ရောက်သွားတယ်။ နိဗ္ဗာန်ရောက်တော့ သူတို့ရဲ့ နောက်က အမှားတွေ မိုက်မှုတွေဟာ အဟောသိကံဖြစ်သွားတယ်။ ဒီတော့ ဒီမဂ်အလုပ်ဟာ လုပ်သင့်တဲ့အလုပ်ဆိုတာ ပြောဖို့မလိုတော့ပါဘူး။ ဒါကိုလုပ်တဲ့ ပုဂ္ဂိုလ်မှာတော့ ဝဋ္ဋ ၃-ပါးလာမှာပဲ။ ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ဒီဝဋ္ဋ ၃-ပါးက ကျွတ်သွားမယ်။ / ဆန်တက်သွားမယ်။ ဒါဟာ နိဗ္ဗာန်ဘက်သို့ ထွက်မြောက်နိုင်ကြောင်း လမ်းကောင်းအစစ်အမှန်ဖြစ်တဲ့ တရားပဲ။ ရှေးက ခင်ဗျားတို့ ဒီတရားမျိုးမနာ

ဖူးဘူး မနာဘူးတော့မသိဘူး။ မသိတော့ မရှုဖြစ်မလုပ်ဖြစ်ဘူး။ မရှုဖြစ်မလုပ်ဖြစ်တော့ ဝဋ်သင့်ပြီးဝဋ်ထဲမှာ လှည့်လည်နေခဲ့တာပဲ။

ဝဋ်သင့်နေတော့ ခင်ဗျားတို့ သွားယင်း လာယင်း နေယင်း ထိုင်ယင်းနဲ့ အိုမှု နာမှု သေမှုကြီးနဲ့ တွဲလျက်ပါနေတယ်။ ခွဲလို့မရဘူး။ အခုဝဋ်သင့်နေပါလျက်၊ ဝဋ်သင့်မှန်း သိပါလျက်နဲ့၊ ဝဋ်မှထွက်တဲ့တရားကို ဖြည်းဖြည်းမှ လုပ်မယ်ဆိုယင် သေပွဲ ပြတ်မှာမဟုတ်တော့ဘူး၊ မဟုတ်တော့ ဒီထက်မိုက်တာ မရှိတော့ဘူးပေါ့။ ရှေးက ဝဋ်မှထွက်ကြောင်းတရား မနာခဲ့ရလို့ မလုပ်ခဲ့ရတော့ ဝဋ်တွေဟာ ရှုပ်ပွေလိမ်နေတာပဲ။ အခုလဲ ဝဋ်မကျွတ်သေးဘူး။ ဒီတော့ အခုသိတဲ့အချိန်ကစပြီး ဝဋ်ပြတ်အောင်လုပ်မှပဲဆိုတာကို ယနေ့စိတ်ပြောင်းမှ အဖိုးတန်မယ်။ နက်ဖြန်မှ စိတ်ပြောင်းယင် ည မရဏ–သေမင်းဝင်လာယင် ခက်မယ်။ အခုတရားနာပြီး အခုစိတ်ပြောင်းပြီ အခုလုပ်တော့မယ်လို့ ဆုံးဖြတ်ကြပါ။ အချိန်ဆွဲမနေနဲ့။

ဖြစ်ပျက်ရှု။ ။ကဲ....ဝဋ်ကျွတ်တဲ့ အလုပ်ဆိုတာ တခြားမဟုတ်ဘူး ဖြစ်ပျက်ရှုတဲ့အလုပ်ပဲ။ ဒီတော့ ခင်ဗျားတို့ခန္ဓာထဲမှာ ဝေဒနာ ၃–ပါး လှည့်ဖြစ်နေတယ်။ လှည့်ပေါ်နေတယ်။ ဒီတော့ ဝေဒနာကိုရှု။ ပေါ်ရာကိုရှုဆိုတော့ နာယင် ဒုက္ခဝေဒနာ။ ကောင်းယင် သုခဝေဒနာ။ မကောင်း တကောင်းဆိုယင် ဥပေက္ခာဝေဒနာ၊ သူပေါ်တဲ့နေရာမှာ၊

သူ့ရှိမရှိရှုပေး။ ဝေဒနာပေါ်တိုင်းပေါ်တိုင်း ရှုလိုက်တဲ့အခါ ဝေဒနာမရှိတော့ဘူး။ ချုပ်ပျက်သွားပြီ၊ ပျက်သွားတဲ့အခါမှာ ပျက်ပြီလို့သတိထားရမယ်။

ဒီတော့ သတိထား။ ဝိရိယစိုက်။ ပညာနဲ့ရှုပေး။ ဒီ ၃-ပါး လက်ကိုင်ထား။ သတိရှိယင် သမာဓိဟာပါတာပဲ။ သတိထား ဝိရိယစိုက်ဆိုရာမှာ သမာဓိလဲ ပါပြီးသားဖြစ်တယ်။ ဒါဟာ သမာဓိမဂ္ဂင် ၃–ပါးပဲ။

ပညာနဲ့ရှုဆိုတော့ ပညာသမ္မာဒိဋ္ဌိပဲ။ ပညာပါယင် သမ္မာ သင်္ကပ္ပကလဲ အမြဲတွဲပါနေတယ်။ ဒါဟာ ပညာမဂ္ဂင် ၂ ပါးပဲ။ ဝေဒနာဖြစ်ပျက်ရှုရာမှာ ဒီမဂ္ဂင် ၅ ပါးက အမြဲပါရတယ်။ ဝေဒနာကို ရှိမရှိရှုလိုက်တော့ မရှိတာတွေ့တယ်။ မရှိတာသည် အနိစ္စပဲ။ ဒီမရှိတာသိတဲ့ အခါမှာ ခုနကမဂ္ဂင် ၅-ပါးဟာ တပိုင်နက်ပေါ်လာတယ်။ မရှိမှန်းသိတဲ့အခါမှာ၊ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ၊ ဩော်....အနိစ္စဆိုတာ ရှိပြီး မရှိတာ ခုနကပေါ်တယ်။ အခုကြည့်လိုက်တော့ မရှိတော့ဘူး။ ဒီလို ဝေဒနာဖြစ်ပြီးပျက်တာကို နောက်ကရှုတဲ့တရားဟာ မဂ္ဂ မင်္ဂပဲ။ ဒီလိုရှုတော့ ဝမ်းထဲဒီမင်္ဂရောက်ပြီ၊ မင်္ဂရောက်လာတော့ ဒီမင်္ဂ ဟာ ဝဋ်မှဆန့်တက်ပြီး နိဗ္ဗာန်ဘက်သို့ ထုတ်ဆောင်ပေးတာပဲ။

ဒီမဂ္ဂင် ၅-ပါး မလာရယင် ဝဋ် ၃–မျိုးလာမယ်။ ရှုလိုက် လို့ မင်္ဂရောက်လာတော့ ဝဋ် ၃ ပါးဟာ လာခွင့်မရတော့ဘူး။ ဝဋ်လာခွင့်မရအောင်လုပ်တော့ ဒီမင်္ဂဟာ ဝဋ်မှဆန့်တက်သွား ပြီး ထွက်သွားပြီး ဝဋ်ကိုဖြတ်ပစ်လိုက်ပြီ။ ဖြတ်တော့ ဝဋ်ကျွတ် တာပေါ့။ ဒီလို ဖြစ်ပျက်မရှုလို့ မင်္ဂမလာယင် ဝဋ် ၃–ပါး

လာမယ်၊ ဝဋ်သင့်မယ်။ ဝဋ်ထဲမှာ အဝိုင်းပြေးနေမှာပဲ။ ရှုတဲ့ ပုဂ္ဂိုလ်မှာ မဂ်လာတော့ ဝဋ်ကျွတ်တာပေါ့။ ဒီတော့ ဝဋ်ကျွတ်တယ်ဆိုတာ ဒီလို အလုပ်လုပ်မှရမယ်။ ဝဋ်မှကျွတ်ရပါလို၏လို့ ဆုတောင်းလို့တော့ ဝဋ်မကျွတ်နိုင်ဘူး။ လူ့ပြည် နတ်ပြည်သာ ဆုတောင်းလို့ရတာ၊ နိဗ္ဗာန်ကျတော့ ဆုတောင်းလို့ မရဘူး။ ဖြစ်ပျက်ရှုတဲ့အလုပ် လုပ်ယူရမယ်။ အခုဝေဒနာရှုလို့ ဝဋ်ကျွတ်တာ။ ဝဋ်ပြတ်တာ။ ဒီတော့ ဆုတောင်းကိုပယ်။ ရှုမှုကို သန်ပေးပါ။

ဖြစ် ပျက် ရှု တဲ့ အ လုပ် လုပ် ယင် ဝဋ် ကျွတ် တယ်။ အကာလိကော၊ အခါမလင့် အကျိုးပေးတယ်၊ ဖြစ်ပျက်ရှုလို့ မဂ်လဲလာရော ဝဋ် ၃-ပါးလာခွင့်မရတော့ဘူး။ ဒါ အခါ မလင့် အကျိုးပေးတာပဲ။ ဒိဋ္ဌဓမ္မ၊ လက်ငင်းအကျိုးပေးတာပဲ။ ဒီတော့ ဝဋ်ကျွတ်ချင်ယင် ကိုယ်တိုင်ဖြစ်ပျက်ရှုရုံပဲ ရှိတယ်။ ဝေဒနာကို ဖြစ်ပျက်ရှုရမယ်။ ဝေဒနာကို ဖြစ်ပျက်မမြင် မြင် အောင်ကြည့်၊ ပြုံးကနဲ လုပ်စပုဂ္ဂိုလ်မှာ မမြင်နိုင်သေးဘူး။ ဝေဒနာရှုတဲ့အခါ ဝေဒနာဟာ ဖြစ်ပြီးချုပ်သွားတယ်။ အဲဒီ ဝေဒနာချုပ်တာကို နောက်က ဉာဏ်ကနေပြီး ဩော်... ဖြစ်ပြီး ချုပ်သွားတာပါလားလို့သိယင်တော်ပြီ။ ဖြစ်ပျက်ဟာ မြန်လွန်းတော့ ဖြစ်တုန်းပျက်တုန်းမှာ မသိမမြင်နိုင်ဘူး (ဝေဒနာ) ဖြစ်ပျက်ပြီးမှ သိ—မြင်နိုင်တယ်။

ဒီတော့ ဝဋ်ကျွတ်ချင်ယင် ဖြစ်ပျက်မြင်အောင် ဖြစ်ပျက်နဲ့ မဂ် ကိုက်အောင်လုပ်။ ဖြစ်ပျက်မြင်ယင် မဂ်လာပြီ။ နည်းနည်း

ချဲ့ပြောပြမယ်။ ဝေဒနာကြောင့် တဏှာဖြစ်ရမှာ၊ တဏှာဆိုတဲ့ ကိလေသဝဋ်ဟာ ဟဒယဝတ္ထုပေါ်မှာ ပေါ်ပါတယ်။ ကမ္မဝဋ်ဆိုတဲ့ စေတနာလဲ ဟဒယဝတ္ထုပေါ်မှာ ပေါ်တယ်။ ဝိပါကဝဋ်ဆိုတာလဲ ဟဒယဝတ္ထုနဲ့ကပ်ပြီး ပဋိသန္ဓေနေတာပဲ။ ဒီတော့ ဝဋ် ၃-ပါးဟာ ဟဒယဝတ္ထုပေါ်မှာပဲ ကျက်စားတယ်။ ခင်ဗျားတို့ ဖြစ်ပျက်ရှုတဲ့အခါ မဂ်ဟာလဲ ဟဒယဝတ္ထုပေါ်မှာပဲ ပေါ်တယ်။ ဒီတော့ ဖြစ်ပျက်ရှုလို့ မဂ်လာပြီဆိုယင်၊ ဟိုဝဋ်တွေ မလာတော့ဘူး။ မလာယင် ဝဋ်ကျွတ်တာပေါ့။ ဝဋ်ကျွတ်တယ်ဆိုတာ ဝဋ်မလာအောင် တားလိုက်လို့ ဝဋ်မလာတာကို ခေါ်တာ။

(၁) ယထာဘူတဉာဏ်။ ။အခု ဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာ ဝဋ်ကျွတ်ခြင်း၏ အစဉာဏ်ပဲရှိသေးတယ်။ (ဝေဒနာ) မရှိဘာ မရှိမှန်းသိသောကြောင့် ဟုတ် တိုင်း မှန် စွာ သိ တဲ့ ဉာဏ် ပဲ ရှိသေးတယ်။ ဒီဉာဏ်ကို ယထာဘူတဉာဏ်လို့ ခေါ်တယ်။ ဖြစ်ပျက်မြင်တဲ့ မဂ္ဂင် ၅-ပါးဟာ ယထာဘူတဉာဏ်ပဲ။ ဒီဉာဏ်ရယင် ခင်ဗျားတို့ စူဠသောတာပန်ဖြစ်ပြီ။ သို့သော် စူဠသောတာပန်ဆိုတာ ဒီဇောနဲ့သေမှ တဘဝသာ အပါယ်စိတ်ချရတာ။ သေခါနီးမှာ တခြားဇောတွေ ငင်လာယင် စိတ်မချရသေးဘူး။ စိတ်မချရသေးတဲ့ သောတာပန်ဖြစ်သောကြောင့် ဒါကို သိပ်အားမကိုးပါနဲ့။ စိတ်ချရအောင် ဆက်လုပ်ပါဦး။ ဒီတော့ ဖြစ်ပျက်မြင်ရုံနဲ့ မကျေနပ်နဲ့ဦး။ တဆင့်တက်ဦးလို့ သတိပေးပါတယ်။

(၂) နိဗ္ဗိဒါဉာဏ်။ ။ဘာတဆင့် တက်ရမလဲဆိုတော့၊ ဒီ ဖြစ်ပျက် မုန်းအောင်ရှုပါ၊ နိဗ္ဗိဒါဉာဏ်ဆိုတာ ဖြစ် ပျက် (ဒုက္ခသစ္စာ)ကို ငြီးငွေ့မုန်းတီးလာတဲ့ဉာဏ်ကို ပြောတာ။ ဖြစ်ပျက် မုန်းလာယင် နိဗ္ဗိဒါဉာဏ် ရောက်ပြီ။ ခုနကတော့ ဖြစ်ပျက် မြင်တယ်။ အခုဟာက ဖြစ်ပျက်မုန်းတယ်။ ဒီလို ဉာဏ် ၂ ပါး ထူးခြားတယ်။ ဒီတော့ ဖြစ်ပျက် မြင်တဲ့ဉာဏ်ထက် ဖြစ်ပျက် မုန်းတဲ့ဉာဏ်က ပိုထက်သန်တယ်။ ဖြစ်ပျက်မြင်တဲ့ဉာဏ်လာပြီးမှ ဖြစ်ပျက်မုန်းတဲ့ဉာဏ် လာရတာကို။ ဖြစ်ပျက်မမြင်ပဲနဲ့ ဖြစ်ပျက် မုန်းတဲ့ဉာဏ် မလာနိုင်ဘူး။ ဒီတော့ ဒီဉာဏ် ၂ ဉာဏ်တွင် အယင်ယထာဘူတဉာဏ်တုန်းက ကိလေသဝဋ်ကို အကြမ်းစား လောက်ပဲဖြတ်တယ်။အခု နိဗ္ဗိဒါဉာဏ်က ကိလေသာအနုစားကို ပါဆက်ဖြတ်တယ်။ ဒီလို ဉာဏ် ၂ ဉာဏ်အထူးကို မှတ်ပါ။ နိဗ္ဗိဒါဉာဏ်လာလို့ရှိယင် ငြီးငွေ့လျက်နဲ့ မကြည့်ချင်ပဲနဲ့ ကြည့် နေရတာပဲဆိုတော့ အင်း ဒီဟာမရှိယင် ကောင်းလေစ့၊ ဒီဟာမှ ကျွတ်လွတ်ယင် ကောင်းစွဆိုတာတွေလာတယ်။ အဲဒါ အပြင် မုဉ္စိတုကမျတာဉာဏ် (ဒုက္ခမှ လွတ်လိုတဲ့ဉာဏ်) တို့ ဘာတို့လဲ အလိုလိုတက်လာတာပဲ့။ ဒီ ဉာဏ်တွေဟာ အလိုလို အကျုံးဝင်သွားလို့ ထည့်ပြောဖို့ မလိုပါဘူး။

(၃) မဂ်ဉာဏ်။ ။ဖြစ်ပျက်ကို မုန်းလျက်နဲ့ပေရှု၊ရှုယင်း မတ်တတ်နဲ့ပဲ မုန်းပြီးတော့၊ အင်း ဒါကြီးတော့ဖြင့် မလို ချင်တော့ပါဘူးလို့လာမယ်။ ဒီ ဝေဒနာကြောင့် ဖြစ်တဲ့တဏှာ နည်းနည်းမှ မရှိလို့ မလိုချင်တာ။ နည်းနည်းလေးရှိ နည်းနည်း လေးလိုချင်တယ်။ ငါ ငါ့ဥစ္စာဆိုတဲ့ တဏှာတို့၊ ဒိဋ္ဌိတို့လဲ

နည်းနည်းမှ မရှိတော့ဘူး။ ဝိစိကိစ္ဆာလဲ နည်းနည်းမှ မရှိတော့ဘူး။ဒါဖြင့်မလိုချင်တဲ့မဂ် ပေါ်တဲ့အခါကျယင် တဏှာလဲ မရှိ၊ ဒိဋ္ဌိလဲမရှိ၊ ဝိစိကိစ္ဆာလဲ မရှိတဲ့အတွက်၊ တဏှာဝိစိကိစ္ဆာတို့ စွမ်းရည်သတ္တိက ဖြစ်စေတဲ့ ခင်ဗျားတို့ ဝေဒနာက္ခန္ဓာကြီးဟာ ပျောက်ထွက် သွားတယ်။ အကြောင်းပျောက်လို့ အကျိုး ပျောက်သွားတယ်။ အဲဒါ မီးသေလို့အခိုးမရှိတာပဲ။ အကြောင်းကိလေသဝဋ္ဋ ပျက်သွားတာနဲ့ အကျိုးဝေဒနက္ခန္ဓာ ဒုက္ခသစ္စာကြီးဟာ တခါတည်း မလိုချင်တဲ့အချိန်မှာ ပျောက်သွားတယ်။

ဒီတော့ ဝိပါကဝဋ္ဋခန္ဓာကြီး ဒုက္ခသစ္စာခန္ဓာကြီးဟာ မလိုချင်တဲ့ပုဂ္ဂိုလ်မှာ (မဂ်ဉာဏ်ဝင်လာတဲ့ပုဂ္ဂိုလ်မှာ) ရှုယင်းမတ်တတ်နဲ့ ပျောက်ထွက်သွားတယ်။မဂ်ဆိုက်လာတဲ့အခါကျတော့ မဂ္ဂင် ၈ ပါး ဖြစ်လာဘယ်၊ မဂ္ဂင် ၈-ပါးဆိုတဲ့ မဂ်ဉာဏ်ပေါ်လာယင် ဝေဒနာက္ခန္ဓာ ဒုက္ခသစ္စာကြီး ချုပ်သွားပြီး အဲဒီနေရာမှာ သုခနိဗ္ဗာန် အစားထိုးဝင်လာတယ်၊အဲ-ရှုတဲ့ မဂ်ဉာဏ်က သုခနိဗ္ဗာန်နဲ့သွားတွေ့တယ်။ အစားထိုးတာ သုခနိဗ္ဗာန်၊ အစားထိုးတာမြင်တာကမဂ်ဉာဏ်၊ချုပ်သွားတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ အဲဒီ မဂ္ဂင် ၈—ပါးလာတော့မှ အပါယ်ကိလေသဝဋ္ဋ အပါယ်ရောက်မယ့် ကမ္မဝဋ္ဋ အပါယ်မှာအထည်ကြီးတွေဖြစ်မယ့် ဝိပါကဝဋ္ဋ—ဒီဝဋ္ဋတွေ အမြစ်နဲ့တကွ အကုန်ကျွတ်သွားတယ်။

ခုနက ယထာဘူတဉာဏ်နဲ့ နိဗ္ဗိဒါဉာဏ် ၂-ခုက ဝဋ္ဋ ၃-ပါးကို အပေါ်ယံက ဖြတ်ချတယ်၊ အမြစ်မပြတ်ဘူး။

ယထာဘူတဉာဏ်က အပေါ်ယံကဖြတ်ပြီး၊ နိဗ္ဗိဒါဉာဏ်က အမြစ်နားကဖြတ်တယ်။ မဂ်ဉာဏ်ကျမှ အမြစ်ပါဖြတ်တာ။ ဒီတော့ဝဋ်ကျွတ်တဲ့တရားအစစ်ဟာမဂ္ဂင်၈ ပါးပဲ။အချုပ်ပြောရယင် မဂ္ဂင်တရားဆိုတာ ပွားများရတဲ့ ပွားယူရတဲ့ ဘာဝေတဗ္ဗတရားပဲ။ လောကီ ဝိပဿနာ) မဂ္ဂင်ကလဲ ဘာဝေတဗ္ဗပဲ။ လောကုတ္တရာ မဂ္ဂင်လဲ ဘာဝေတဗ္ဗပဲ၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ရှုပွားယူရတာ။ ရှုပွားမယူယင်မရဘူး။ ရှုပွားရာမှာ ပြောခဲ့တဲ့ ဉာဏ် ၃ ဉာဏ်နဲ့တက်ရမယ်။ (၁) ယထာဘူတဉာဏ်က ဖြစ်ပျက်ကိုမြင်တယ်။ (၂)နိဗ္ဗိဒါဉာဏ်ကလဲ ဖြစ်ပျက်ကိုပဲမြင်တယ်။ သို့သော် ဖြစ်ပျက်ကို မြင်ရုံတင်မဟုတ်ပဲ မုန်းလဲမုန်းတယ်၊ (၃) မဂ်ဉာဏ်ကျတော့ ဖြစ်ပျက်ကို မမြင်တော့ဘူး။ ဖြစ်ပျက်မရှိတာကိုသာ မြင်တယ်။ ဖြစ်ပျက်မရှိတာ မြင်တယ် ဆိုသဖြင့် ဒီ အနိစ္စဟူသရွေ့ကို လုံးဝမမြင်၊ ဒုက္ခဟူသရွေ့ လုံးဝမမြင်၊ အနတ္တဟူသရွေ့ လုံးဝမမြင်တော့ဘူး။ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်တဲ့ ရုပ် နာမ်တို့၏ ဖြစ်ပျက်တွေကို ဒီ မဂ်ဉာဏ်က မမြင်တော့ဘူး။ မခိုင်မြဲတာ မမြင်တော့ဘူး။ ခိုင်မြဲတာပဲမြင်တယ် ဆိုတော့ ခိုင်မြဲချမ်းသာတဲ့ နိဗ္ဗာန်ကိုသာ မြင်တယ်။

အဲဒီတော့ ဒီမဂ်ဉာဏ်ရမှ အပါယ် ၄-ပါးစိတ်ချရမယ်။ ဒီဉာဏ်မှမရသေးယင် အပါယ် ၄-ပါးဟာ ကိုယ့်အိမ်လို့ မှတ်ပါ။ ဒီမဂ်ဉာဏ်သာ ခင်ဗျားတို့ ထာဝရအားကိုးရာရှိတော့တယ်။ တခြား တရားတွေကတော့ ခဏ ယာယီလောက်သာ အားကိုးလို့ရမှာ။

## ၃၇။ တဏှာသမုဒယ၏ အကောက်သွားပုံ။

မဂ္ဂသစ္စာမှာ ဟေတွဋ္ဌသဘောရှိတယ်။ ဟေတွဋ္ဌ ဆိုတာ နိဗ္ဗာန်သို့ မကွေ့မထောင့် ဖြောင့်ဖြောင့်သွားတဲ့ ခရီးမှန် ခရီးဖြောင့်လို့ အဓိပ္ပာယ်ရှိတယ်။ မဂ်တရားဟာ မအိုမသေ အမြဲနေတဲ့ နိဗ္ဗာန်သို့....မကွေ့မထောင့် ဖြောင့်ဖြောင့်သွား တဲ့ တရားပဲ။ တဏှာ=သမုဒယလမ်းကတော့ ခရီးမှားခရီးကောက် ဖြစ်တယ်။ ဘယ်လောက်မှား၍ ဘယ်လောက် ကောက်သလဲ ဆိုယင် အအိုရောက်အောင်မှားတယ်။ ကောက်တယ်။ အနာ ရောက်အောင်မှားတယ်။ ကောက်တယ်။ အသေရောက်အောင် မှားတယ်။ ကောက်တယ်။ ခရီးမှန်ခရီးဖြောင့်ကို ပြောမယ် ဆိုယင် ခရီးမှားခရီးကောက်ကို ရှေးဦးစွာသိမှ ခရီးမှန်ခရီး ဖြောင့်ကိုမြင်မယ်။

ဒီတော့ တဏှာ=သမုဒယခရီးဟာ မမှန်ဆုံး မဖြောင့်ဆုံး အကောက်ဆုံးပဲ။ တဏှာ=သမုဒယက ဘယ်လောက်ကောက် ကျစ်သလဲဆိုယင် ဒီနေရာနဲ့ဒီခြံ၊ ဒီမှာမွေး၊ ဒီမှာနေဆိုပြီး ထွက်ရပ်လမ်းမရှိအောင် ပိတ်ပင်ဆီးတား ကန့်ကွက်ထားလိုက် တယ်။ ၃၁-ဘုံမှာဖြင့် ခင်ဗျားတို့ဟာ ကိုယ့်အိမ်၊ ကိုယ့်ယာ နဲ့ပဲ ပျော်ကြတယ်။ သူများအိမ်မှာ မပျော်ကြဘူး၊ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ်အားထုတ်ပြီးတော့၊ မရှိ ရှိတဲ့ငွေနဲ့ ကြံဖန် ဆောက်ပြီး နည်းအမျိုးမျိုးနဲ့ခြယ်သပြီး နေကြတယ်။ ဒါကို ထောက်လိုက်တော့ ဒီနေရာဟာ မင်းမှာ စိတ်ချမ်းသာ ကိုယ်
၂၀ ချမ်းသာဖြစ်တဲ့ နေရာဆိုပြီး တဏှာက ချော့ထားလိုက်တယ်။

စိတ်ချမ်းသာကိုယ်ချမ်းသာတွေဟာ ဖြစ်ပြီးပျက်မသာကြောင့် ဒုက္ခသစ္စာပဲ။ အဲဒီဒုက္ခကိုပင်လျှင် ခင်ဗျားတို့မှာ ကိုယ့်အိမ်ကိုယ့်ယာနေရတော့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိတယ်လို့ သမုဒယကချော့ထားတယ်။ ကိုယ့်အလုပ်ကိုယ့်ရာထူးကလေးနဲ့ ကျေနပ်ပြီးမစွန့်နိုင်ဘာ ဒီထက် ရာထူး တိုးတက်ချင်တာတွေကလဲ သမုဒယက ကောက်ကျစ်ထားတာပဲ။

ဒါဒုက္ခသိမ်းတဲ့အလုပ်လား။ ဒုက္ခပွားတဲ့အလုပ်လားဆိုတော့ ဒုက္ခပွားတဲ့အလုပ်ပဲ၊ ဒုက္ခပွားတဲ့အလုပ်ကိုပင် သမုဒယသစ္စာက ဒီဂုဏ်ထူးရာထူးနဲ့ဆိုယင် လောကကြီးမှာ နိဗ္ဗာန်ပေါ်ကွာ။ မင်းအင်မတန်အကြောင်းညီညွတ် နေတာပဲဆိုပြီး ဒီဒုက္ခသစ္စာထဲက မထွက်နိုင်အောင် ပိုပြီးဒုက္ခရောက်တာကိုပင် ကြိုက်နေအောင် ချော့ပြီးထားတာဟာဘယ်သူတုံး။ သမုဒယသစ္စာပဲ။ ကောက်ကျစ်လိုက်တာကတော့ ခင်ဗျားတို့ထွက်ခွင့်ကို မရဘူးမဟုတ်လား။ အိမ်ထောင်ကျတယ်ဆိုယင်ပဲ ယောကျ်ားလုပ်တဲ့လူက ဇနီး၏ဒုက္ခကို သူကိုယ်တိုင် ထမ်းရတော့မယ် ဆိုတာကိုပင်၊ ဒါဟာဆင်းရဲဖို့မဟုတ်ဘူး ချမ်းသာဖို့အတွက် အကူအညီရတာ။ လက်ဆေးပြီး ထမင်းစားလိုက်ရုံ ဖန်တီးပေးတာလို့ ခင်ဗျားတို့ကို လှည့်ပတ်ပြောတာလဲ သမုဒယသစ္စာပဲ။ ဟင်....စင်စစ်တော့ ရှာရဖွေရတာက အရင်လူပျိုတုံးကတယောက်တည်းစား၊ အခုအိမ်ထောင်ကျတော့ ၂-ယောက်ဆိုတော့ ရှာဖွေတဲ့နေရာမှာ ဒုက္ခတိုးတာအမှန်ပဲ။ ဒါပေမယ့် သမုဒယသစ္စာက မင်းအရင်တုံးကဆို ဟိုဆိုင်စားရ ဒီဆိုင်စားရနဲ့ ဒုက္ခရောက်

ရတယ်။ အခုတော့ မင်းဣန္ဒြေရရနဲ့ (ဇိမ်ကျကျနဲ့) စားရလို့ ချမ်းသာပါပေါ့လားဆိုပြီး ခုနင်က ရုန်းကားကားတွေ အကုန် ပျောက်အောင် တခါတည်းချော့မော့လိုက်တယ်။ ဒါပေမယ့် စဉ်းစားကြည့်စမ်း၊ အရင်ကထက်ပိုပြီး ချမ်းသာသွားသလား၊ ဆင်းရဲသွားသလား၊ အရင်ကထက်ပိုရှာရတော့ တိုးပြီးဆင်းရဲ သွားတာအမှန်ပဲ။

ခင်ဗျားတို့ အိမ်စုတ်တဲကုပ်နဲ့ နေရတာတောင် သူက ကိုယ့် အိမ်ကို ရွှေအိမ်ရွှေနန်းကြီးထင်အောင်၊ မာနတက်အောင် လုပ် လိုက်သေးတယ်။ သူကချော့ထားတော့ ခင်ဗျားတို့ကလဲရွှေအိမ် ရွှေနန်းကြီးလို့ကို စိတ်ထဲမှာထင်ကြတယ်။ အင်း....သေခြင်းသေ လဲ ဒီအိမ်မှာ သေပါရစေတော့၊ နေခြင်းနေလဲ ဒီအိမ်မှာနေ ပါရစေတော့၊ နောင်ဘဝပြန်ဖြစ်တောင်မှ ဒီမှာဖြစ်ပါရစေဆို တော့၊ ဒီနေရာပဲကျေနပ်နေကြတယ် မဟုတ်လား၊ တကယ် တော့ ဒီနေရာမှအကြီးအကျယ်ဒုက္ခပေးတဲ့နေရာ၊ သူများအိမ် သွားယင် တံမြက်စီးမလှည်းရဘူး။ အညစ်အကြေးတွေ မသုတ် သင်ရဘူး။ ကိုယ့်အိမ်မှာတော့ တံမြက်လှည်း အမှိုက်ကျုံး၊ အိမ် သာဆေးစသည်တွေကို မနားမနေလုပ်ရတယ်။ ဒီဒုက္ခရောက်မယ့် နေရာကို ရွှေအိမ်ရွှေနန်းထင်အောင် ဘယ်သူလုပ်တာတုံး၊ သမု ဒယသစ္စာ။ မင်းဟာလေးနဲ့မင်းကွာ ကြက်လိုပဲ ချီးကျရာ ပျော် ကွလို့ရောက်ရာဘဝ ရောက်ရာအရပ်မှာ ပျော်နေအောင်ချော့ ထားတာလဲ သမုဒယသစ္စာပဲ။

ခင်ဗျားတို့ တသံသရာလုံး သူ့နေရာနှင့်သူ မထွက်ဖြစ် အောင်၊ ဒီနေရာကသွား၊ ဒီနေရာမှာနေပြီး အပါယ် ၄-ပါး

သွား၊ နတ်ရွာသုဂတိသွားလို့ ရောက်ရမှာ လောင်တိုက် ရှိတဲ့နေရာမှာနေပြီး ထိုနေရာကိုပင် ရွှေအိမ်ရွှေနန်းထင်အောင် သူကချော့မော့ထားတယ်။ ချော့ထားတော့ ခင်ဗျားတို့မှာ ဘုရားဖူးသွားမှာလဲ ဒီရွှေအိမ် ရွှေနန်းကို ပစ်ထားခဲ့ရမှာ ခက်တာနဲ့ မသွားဖြစ်ဘူး။ တရားနာသွားမှာလဲမသွားဖြစ်ဘူး။ ကိုယ့်ရွှေအိမ်ရွှေနန်း လူလုကုန်မှာစိုးလို့ စိတ်မချတာနဲ့ မသွား ဖြစ်တော့၊ ဘုရားပွင့်တာတောင်မှ ရွှေအိမ်ရွှေနန်းခင်လို့ ဘုရား ကျောင်းမရောက်ကြတာတွေ တပုံကြီးရှိတယ်။ ဘယ်သူကနှိပ် စက်တာလဲ၊ သမုဒယက။ သူကဘယ်လိုများ ပြောထားတုံး။ မင်းတို့နေတာဟာ မင်းတို့အကျိုးပေးနဲ့မင်းတို့ သိပ်နေရာကျ တာပဲ။ ရှာမှရှား၊ မင်းတို့အဆင့်အတန်းနဲ့ မင်းတို့ကြည့်မယ်ဆို ဘယ်လောက်များ ကျက်သရေမင်္ဂလာရှိသတုံးတဲ့။ ခင်ဗျားတို့ ကိုယ့်အိမ်ကို ရွှေအိမ်ရွှေနန်းထင်လို့ စိတ်မချပြီးမစွန့်နိုင်တာနဲ့ ဘုရားဖူး တရားနာမသွားဖြစ်တာ။ သမုဒယက ဒီလိုချော့ ထားပြီး နိဗ္ဗာန်ရောက်မယ့်လမ်းကို မသွားဖြစ်အောင် ကန့်ကွက် ထားတယ်။

ဒါတွေဟာ သမုဒယရဲ့ ကောက်ကျစ်ထားပုံတွေနော်၊ လူတွေ **စုတိနဲ့ ပဋိသန္ဓေ** စပ်ပြီးနေတာဟာ သူ့အကြိုက်ပဲ။ လွတ်ထွက်သွားမှာတော့ မကြိုက်ဘူး။ စုတေပြီး တခါတည်း နိဗ္ဗာန်ရောက်ဖို့ကျတော့ သူက သဘောမတူဘူး။ ဒါဖြင့် အကောင်းဟူသရွေ့ သူသဘောမတူဘူး။ အဆိုးဟူသရွေ့ တော့ သူက လုပ်ပေးလိမ့်မယ်။ လောကီအလုပ် လုပ်ချင်တာ

ဟူသရွေ့တော့ သူ အားပေးတယ်။ လောကုတ္တရာမဂ်အလုပ်ကျယင် အကြောင်းပြပြီး ကန့်ကွက်တယ်။ ဒါ သမုဒယရဲ့သတ္တိ၊ ဒီတော့ ထွက်ရပ်လမ်း ဟူသရွေ့ကို သူက ကန့်ကွက်တယ်။ မြုပ်လမ်း မျောလမ်း ဟူသရွေ့တော့ သူကအားပေးတယ်။ အခု ဘုန်းကြီးက ဖော်ပြောတော့မှ သူကိုး သူကိုးလို့လက်ညှိုးထိုးဖော်ရလာတယ်။ မင်းနဲ့ငါ သေ ခန်း ရှင် ခန်းဖြတ်ကြစို့ဆိုတော့၊ ခင်ဗျားတို့က ပါးစပ်ကို မဟရဲဘူး။ ဘာပြုလို့ ခင်ဗျားတို့က ငယ်ကြောက်ဖြစ်နေလို့။ သူက ဒီအတိုင်းသွားဆိုယင် ခင်ဗျားတို့က ဆိုက်ဆိုက်သွားတာပဲ၊ သူက ပြန်ခဲ့ဆိုယင်လဲ ဆိုက်ဆိုက်လာတာပဲဆိုတော့ ဒါ ငယ်ကြောက်ဖြစ်နေလို့ပေါ့။ ဘုရားဟောထားတာလေး ပြောပြဦးမယ်။

မျောက်နှဲ့စေး။ ။မျောက်သားစားလိုတဲ့မုဆိုးက မျောက်ထောင်တဲ့ ညှောင်စေးတွေ ဘာတွေချက်ပြီး သစ်ကိုင်းပေါ်မှာ သုတ်လိမ်းပြီးချထားတယ် (ဒီအစေးကို မျောက်နှဲ့စေးလို့ခေါ်တယ်။) မျောက်က ဒီသစ်ကိုင်းပေါ်မှာ လျှောက်ပြီးလာတယ်၊ လာတော့ ညာဘက်လက်နဲ့ ညှောင်စေးကိုင်မိတဲ့အခါညာဘက်လက်ခွာမရအောင် ကပ်ငြိသွားတယ်။ တခါ ဘယ်လက်နဲ့တွန်းပြီး ခွာပြန်တော့ ဘယ်လက်ပါငြိတာပဲ။ နောက်.... ညာခြေနဲ့ကန်ပြီးရုန်းပြန်တော့ ဒီအတိုင်းပဲကပ်နေတာပဲ။ တခါဘယ်ခြေနဲ့ကန်ရုန်းပြန်တော့လဲ ကပ်သွားတာပဲ။ နောက်.... သူက ခေါင်းနဲ့ အားပြုပြန်တော့ ခေါင်းပါ ကပ်သွားတယ်။ ဒီတော့ မျောက်ဟာ ခြေလက်ခေါင်း ၅-ခုစလုံး တွဲနေတာနဲ့မှီရာ တည်ရာမရှိတော့ဘူး။ မရှိတော့ တခါတည်းအောက်ကျ

တာပဲ။ ကျတော့ မုဆိုးကလုပ်ချင်သလို လုပ်ရုံပဲရှိတော့တယ်။

**ခန္ဓာနဲ့ တဏှာ။** ။ထို့အတူပဲ သမုဒယသစ္စာဆိုတဲ့ တဏှာတရားဟာလဲ ခင်ဗျားတို့ ခန္ဓာ ၅-ပါးစလုံးမှာရှိတယ်။ ဒီခန္ဓာ ၅ ပါးဟာ အစေးထောင်ထားတဲ့ နေရာချည်းပဲ။ **ရူပက္ခန္ဓာ** ကြည့်လိုက်ပြန်လဲ အင်း....သူဝဖို့ လှဖို့ကိုပဲ ကျွေးရမှာဆိုတော့ ဒါကိုယ့်ကိုယ်လို့မှတ်ပြီး သူနဲ့လဲ ခင် နေ တာ ပဲ။ ခင် တော့ ရူပက္ခန္ဓာကလဲ တဏှာတည်းဟူသောအစေးနဲ့ ကပ်လျက်ပဲရှိတယ်။ **ဝေဒနာက္ခန္ဓာ**နဲ့ဆိုတော့ ခင်ဗျားတို့က ချမ်းသာကို အလိုရှိတယ်မဟုတ်လား၊ အလိုရှိနေတော့ ချမ်းသာကိုမစွန့်နိုင်ဘူး။ မစွန့်နိုင်တော့ ချမ်းသာနဲ့ ကပ် ငြိ နေ တာ ပေါ့။ **သညာက္ခန္ဓာ** ကလဲ ကိုယ်နှစ်သက်တဲ့ ပစ္စည်းတွေကို သေသေချာချာ မှတ်သားထားတယ်။ ဒါကို အရေးတယူပြုတယ်။ အလွန်နှစ်သက်စရာလို့ ထင်နေအောင် သူက လုပ်ထားတယ်။ အဲဒီ သညာ=အမှတ်အသားကလေးနဲ့ပဲ တွေးပြီးကျေနပ်နေတယ်။ သညာနဲ့ကပ်နေတာပေါ့။ **သင်္ခါရက္ခန္ဓာ**ဆိုတဲ့စေတနာ။ **ဝိညာဏက္ခန္ဓာ**ဆိုတဲ့ စိတ်ကလေး။ ဒီ စိတ်စေတနာ တွေနဲ့လဲ ခင်ဗျားတို့ကပ်နေတာပဲ။ ကျုပ်စိတ်စေတနာမျိုး မြို့ထဲ ရှောက်ရှာကြည့် မတွေ့ဘူး၊ အထင်မလွဲနဲ့ စသည်ဖြင့် ကိုယ့်ဟာကို အမွန်းတင်နေတယ်ဆိုတော့ စိတ်စေတနာမှာ ခင်တွယ်ကပ်ငြိနေတာပဲ။ ဒီတော့ ခင်ဗျားတို့ဟာ ဒီခန္ဓာ ၅ ပါးစလုံးမှာ ကပ်ငြိနေတော့ မျောက်လိုဖြစ်နေပြီပေါ့။

ဒီ ခန္ဓာ ၅—ပါးနဲ့ ဒီတဏှာ အစေးနဲ့တွဲလျက်ဖြစ်နေတော့၊ ဒီ ခန္ဓာ ၅-ပါး ရုပ်နာမ်ဓမ္မဟာ ဘယ်မှာထွက်ပေါက် ကျွတ်

ပေါက်ဆိုတာ ဖြစ်နိုင်တော့မလဲ။ ခန္ဓာ ၅ ပါးမှာ တဏှာ အစေးပါတယ်။ သုတ်လိမ်းထားတယ်။ ဒီတော့ ခင်ဗျားတို့ ဒီ ခန္ဓာ ၅-ပါးမှာ ကပ်နေပြီ ငြိနေပြီပဲ။ အခုကပ်ငြိတာက သိပ်ကိစ္စမရှိသေးဘူး။ သေခါနီးကျမှ ပိုဆိုးမယ်။ ငါတော့ဖြင့် မနေလို့ သေရတော့မယ်။ မသေချင်ပဲနဲ့ သေရတော့မယ်ဆိုတော့ သေခါနီးမှာ လက်ရှိ ခန္ဓာ ၅-ပါးကို တခါတည်း မခွဲချင်အောင်ကပ်ငြိနေတယ်။ တဏှာနဲ့ကပ်ငြိနေကြတယ်။ ဥပါဒါန်နဲ့ ကပ်ငြိနေကြတယ်။ ဒီ ခန္ဓာ ၅-ပါး ဒုက္ခသစ္စာကြီးနဲ့ ခွဲရတော့မယ်ဆိုယင်၊ မျက်ရည်ကြီးငယ်ကျကြတယ်။ ဘုရားရဟန္တာတွေကျတော့ ဒီ ခန္ဓာဝန်ကြီး ဒုက္ခသစ္စာကြီးကို စွန့်ရတော့မယ်ဆိုယင် ပြုံးကြတယ်။ ခင်ဗျားတို့ကတော့ ငိုကြ ရှုံ့ကြ မဲ့ကြတယ်။ ဩော်....ခင်ဗျားတို့က တယ်....ဒုက္ခ သိပ်ကြိုက်ကြတာပဲ။ ယီးတီးယားတား မဟုတ်ဘူးနော် ဒါ သေကြည့်မှ သိမယ်။

သေကြည့်တော့မှ ဒီ ခန္ဓာ ၅-ပါးကို ဘယ်အထိခင်သတုံးဆိုယင် လုံးဝကို မခွဲပါရစေနဲ့ဆိုတာ လာတာပဲ။ ဒါ တဏှာအစေးနဲ့ ရုပ်နာမ်ဓမ္မနဲ့ ကပ်နေလို့လာဘာ။ ခင်ဗျားတို့ ဒါနဲ့ဒါ ကပ်ငြိပြီး မစွန့်ချင် မခွဲချင်ပဲနဲ့ သေရတယ်ဆိုတော့ ငြီးပြီးသေကြတာပဲ။ အဲ....ငြီးပြီးသေယင် အောက် (ဒုဂ္ဂတိ)ပဲ ရှိတယ်။ အထက် (သုဂတိ) မပါဘူး။ မျောက်နဲ့စေးနဲ့ ကပ်ငြိနေတဲ့ မျောက်ဟာ အောက်ပဲကျတယ်။ အထက်ပျံမတက်ဘူး။ ခင်ဗျားတို့လဲ အပါယ် ၄-ပါးဆိုတဲ့ အောက် ပဲ ကျ မှာပဲ။

ဒီ ခန္ဓာ ၅-ပါးနဲ့ ငြိနေယင် အောက်ကျမှာပဲ။ ငြိနေတာကိုး။ ငြိတော့ ဘယ်ဟာမှ မရုန်းနိုင်တော့ဘူး။ ဒီတော့ ခန္ဓာ ၅-ပါး ရုပ်နာမ်ဓမ္မနဲ့ တဏှာနဲ့ ကပ်ငြိနေတာက ဖြုတ်လို့ ဖြေလို့ကို မရဘူးနော်။ မရတော့ အောက်လမ်း သွားဖို့ သေချာတာပဲ။ အဲ ဒုက္ခသစ္စာမှန်းသိတဲ့ အရိယာပုဂ္ဂိုလ်တွေကတော့ ဩော်....ဒုက္ခဝန်ကြီး မထမ်းရတော့ဘူး။ ကျွတ်ပြီလွတ်ပြီဆိုပြီး ပြုံးကြတယ်။ ခင်ဗျားတို့ကတော့ ဒါကြီးနဲ့ခွဲရတော့မယ်ဆို.... မဲ့ကြတယ်။ မဲ့ယင်းမတ်တတ်နဲ့ သေသွားတာပဲ့။ ဒါ သမုဒယ သတ္တိနော်။ ပုထုဇဉ်တွေသေတာကို သေသေချာချာကြည့်၊ ပြုံးသေသလား မဲ့သေသလား၊ မဲ့ပြီးသေကြတယ်။ ဒီ ဒုက္ခ သစ္စာကြီးကို ဒုက္ခသစ္စာမှန်းသိပြီး ခွဲရတာ ဝမ်းသာတဲ့ အခြေ အနေရောက်မှ ပြုံးတဲ့ဘက်ဖြစ်မယ်။ နို့မို့ယင် မဲ့သေရှဲ့သေ ပဲဖြစ်မယ်။

မျောက်ဟာ ခြေလက် ခေါင်း ၅-ဘက်စလုံး ငြိပြီးသေ တော့။ အောက်ကမုဆိုး၏ စားဖတ် ဝါးဖတ် ဖြစ်ရတယ်။ ဒီမှာလဲ ခင်ဗျားတို့ဟာ ခန္ဓာ ၅ ပါးကို ဒုက္ခသစ္စာမှန်းမသိ တော့ ဒါကြီးနဲ့ တဏှာနဲ့ ငြိတွယ်ယင်းမတ်တတ်နဲ့ လေတော့ အောက်ကျရမှာပဲ။အောက်သွားရမှာပဲ။ ကောင်းပြီ အောက် သွားအထက်သွားဆိုတာ ဘယ်ဟာအဓိကလဲဆိုတော့ ဒုက္ခသစ္စာ သိမှုနဲ့ မသိမှုဟာ အဓိကပဲ။ ခန္ဓာ ၅ ပါးကို ခင်မှုနဲ့ မခင်မှု ဟာ အဓိကပဲ။ ဒုက္ခသစ္စာမသိယင် ခန္ဓာ ၅ ပါးကိုခင်ယင် ဒါ အောက်သွားပဲ။ ဒုက္ခသစ္စာသိယင် ခန္ဓာ ၅-ပါးကိုမခင်ယင်

ဒါ အထက်သွားပဲ။ အဲ ခင်ဗျားတို့ ခင်တာကတော့ ခန္ဓာ ၅-ပါးကို မကဘူး။ ကိုယ့်ခန္ဓာ ၅-ပါးတင်မကဘူး မယားရဲ့ ခန္ဓာ ၅-ပါး၊ သားရဲ့ ခန္ဓာ ၅-ပါး၊ သမီးရဲ့ ခန္ဓာ ၅ ပါး၊ ဆွေမျိုးရဲ့ ခန္ဓာ ၅-ပါး ဆိုတော့ အို....ရေကို မရေနိုင်အောင် များနေတယ်။ ဒါတွေနဲ့ အကုန်ငြိနေတော့၊ ငြိချက်က မျောက်ထက်ဆိုးနေတယ်။ မျောက်က ၅-ခုဆိုယင်ကုန်ပြီ။ ခင်ဗျားတို့ ငြိချက်က မရေမတွက်နိုင်ဘူး။

ဒါခင်ဗျားတို့ရဲ့ အဖြစ်ဆိုးတွေ။ ဒါကြောင့် ဘုရားက ဟောတယ်။ လူသေယင် အပါယ် ၄-ပါးဟာ မင်းတို့ အမြဲနေတဲ့အိမ်ကွ။ လူ့ပြည်နတ်ပြည်ဆိုတာ ခဏအလည်လာတာတဲ့။ မဟောသင့်ဘူးလား၊ ဟောသင့်တာပေါ့။ ခင်ဗျားတို့ ခန္ဓာ ၅-ပါးနဲ့ ခင်မှုနဲ့ဟာ ငြိကပ်နေတော့၊ ငြိ-ငြိပြီး အောက်ချည်းကျတာပဲ။ ခန္ဓာ ၅-ပါး၊ အဲ ခန္ဓာတွေ အများကြီး ခင်မင်ရက်နဲ့ သေသွားတော့၊ အကုန်လုံး ချည်ပြီးတုပ်ပြီးသား ကျသွားတာပဲ။ တဏှာ=အစေးတွေနဲ့ အကုန်ကပ်ငြိပြီးကျသွားတာကိုး။ သေတဲ့ လူတွေ ကြည့်လိုက်တော့ ဒီအစေးနဲ့ကပ်ငြိပြီး မျောက်ကျ ကျတာချည်း များတယ် (ခွေးကျ ကျတယ်လို့လဲ ဆိုချင်ဆိုပေါ့)။ များဆို အထက်တယောက်မှမသွားဘူး။ အောက်ချည်း သွားနေကြတာပဲ။ အောက်ချည်းကျမှာပေါ့ ငြိတာက မျောက်ထက်များနေ ဆိုးနေတာကိုး။ ပိုဆိုးတော့ ခင်ဗျားတို့မှာ အောက်ကိုလုံးလျက်ကြီး ကျတာပေါ့။ လက်ကလဲ လှမ်းမဆွဲနိုင်တော့ အောက်ကို တောက်လျှောက် ကျသွားတာပဲ။ ဒါ တဏှာသမုဒယက

တွန်းချတာ။ တဏှာက ဖမ်းပြီးချည်တုပ်ပြီး ချောက်ထဲတွန်းချတော့ ခင်ဗျားတို့ (အပါယ်) ချောက်ကြီးထဲ ထိုးကျတာပဲ။ တဏှာသမုဒယဆိုးပုံ ပေါ်ပြီးလား။

ဒါကြောင့် ဘုရားက ဝိသတ္တိကာလို့ဟောတယ်။ ဝိသတ္တိကာဆိုတာ ခန္ဓာ ၅-ပါးကာမဂုဏ်များ၌ ကပ်ငြိနေတဲ့တဏှာကို ဆိုတာ။ တဏှာလောဘဟာ တွေ့တော့ငြိတာပဲ။ ဒီအိမ်နေလို့ ရှိယင် ဒီအိမ်နဲ့ဒီခန္ဓာငြိတာပဲ။ ငြိရာမှာလဲ နေရာမရွေးဘူး။ မရွေးတော့ ဘယ်နေရာရောက်ရောက် သူကငြိတာပဲ။ ငြိတော့ သူကထွက်ရပ်လမ်းကို အခွင့်မပြုဘူး။ ဘုရားရှေ့သွားပြီး ရှိခိုးဆုတောင်းတာကြည့်။ သူ့ခန္ဓာကိုယ်၏ ကျန်းမာမှု။ ချမ်းသာမှု။ သူ့ခန္ဓာ၏ နောင်ကောင်းစားမှုတွေပဲ တောင်းတာ။ တောင်းတော့ ဒါတဏှာနဲ့ကပ်ငြိနေတာပဲ။ တဏှာနဲ့ ကပ်ငြိနေတာက များတယ်။ ဒုက္ခဝဋ်မှကျွတ်လိုလို့ ဘုရားရှိခိုးတဲ့လူက ရှာမှရှားဗျ။ ကိုယ့်ခန္ဓာကိုဒုက္ခသစ္စာလို့မသိပဲနဲ့၊ မသိလို့ခင်တာနဲ့ ဘုရားဆီသွားပြီး ရှိခိုးတဲ့ပုဂ္ဂိုလ်ကများတယ်။ ဒုက္ခသစ္စာသိပြီး ဒုက္ခဝဋ်မှ ကျွတ်လိုတဲ့သဘောနဲ့ ရှိခိုးတဲ့ပုဂ္ဂိုလ်ဟာ ရှာမှရှားမယ်။ ဒုက္ခဝဋ်မှမကျွတ်ချင်ပဲ။ ဒုက္ခဝဋ်နဲ့ နောင်တဖန်မခွဲဖို့ ရှိခိုးတာကများတယ်။ ဒီတော့ ခင်ဗျားတို့လုပ်ပုံတွေဟာ တဏှာဦးစီးနေတာပဲ။ နေရာတိုင်းမှာ ဒီသမုဒယ=တဏှာပဲဝင်ရှုပ်နေတာ။ သူဝင်ရှုပ်တာနဲ့ ခင်ဗျားတို့မှာ ၃၁-ဘုံအတွင်း ဝဋ်ဆင်းရဲထဲမှာ လှည့်လည်သွားနေရပြီး ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ဦးမလှည့်ပဲဖြစ်နေတာ။

ကဲ....သမုဒယသစ္စာ၏ အကောက်သွားပုံကိုဟောပြီး၊ မဂ္ဂသစ္စာ၏ အဖြောင့်သွားပုံကို ဟောတော့မယ်။

# ၃၈။ မဂ္ဂသစ္စာ၏(အဖြောင့်သွားပုံ) ဟေတွဋ္ဌအနက် (၂)

အခု မဂ္ဂသစ္စာ၏ ဟေတွဋ္ဌ=နိဗ္ဗာန်သို့ မကွေ့ မထောင့် ဖြောင့်ဖြောင့်သွားပုံကို ပြောတော့မယ်။ ပြောတော့ ဝေဒနာ ၃-ပါးကိုပဲ ပြန်တည်ရမယ်။ ဝေဒနာဟာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ ၃-မျိုးရှိတယ်။ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ဒီဝေဒနာ ၃-ပါးတွင် တပါးပါးဟာ အမြဲတမ်း ဖြစ်ပေါ်နေတာပဲ။

(၁) နေကောင်းတဲ့အခါ **သုခဝေဒနာ** ပေါ်တယ်။ အစားကောင်း၊ အနေကောင်း၊ ဥတုကောင်း၊ အဝတ်ကောင်းနဲ့ တွေ့ကြုံတဲ့အခါ သုခဝေဒနာပေါ်တယ်။ ဒီတော့ သုခဝေဒနာဟာ ပူပြင်တဲ့အကြောင်းတရားကြောင့်ပေါ်တာ။ အလိုလိုပေါ်တာ မဟုတ်ဘူး (၂) နေမကောင်းတဲ့အခါ **ဒုက္ခဝေဒနာ** ပေါ်တယ်။ မတဲ့တဲ့အစာ၊ မတဲ့တဲ့ဥတု၊ မတဲ့တဲ့နေရာဌာန၊ မတဲ့တဲ့ရေတွေကြောင့် ဒုက္ခဝေဒနာပေါ်တယ်။ ဒီတော့ ဒုက္ခဝေဒနာလဲ ပူပြင်တဲ့ အကြောင်းတရားကြောင့်ပေါ်တာ။ အလိုလိုပေါ်တာ မဟုတ်ဘူး (၃) နေကောင်းသည်လည်းမဟုတ်၊ မကောင်းသည်လည်းမဟုတ်၊ အသင့်အတင့်ရှိတဲ့အခါမှာ **ဥပေက္ခာဝေဒနာ** ပေါ်တယ်။ ဥပေက္ခာဝေဒနာဟာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ဟဒယဝတ္ထုဆိုတဲ့ ၅-နေရာမှာပေါ်တယ်။ ဥပေက္ခာဝေဒနာလဲ ဟိုက အာရုံနဲ့ ပူပြင်မှပေါ်တာ။ မပူပြင်ယင် မပေါ်ဘူး။

(မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တ၊ စားကာမတ္တဖြစ်တဲ့ အခါ ဥပေက္ခာဝေဒနာပေါ်တယ်။ သားသမီး ပစ္စည်းဥစ္စာနဲ့ ပတ်သက်ပြီး ကမ္မဿကာလို့ ထားတဲ့အခါ၊ စိတ်ထဲ=ဝမ်းထဲ မှာ ဥပေက္ခာဝေဒနာပေါ်တယ်)။

**သဗ္ဗေသင်္ခါရာအနိစ္စာ။** ။ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ပေါ်တဲ့ ဝေဒနာ ၃-ပါး ဟာ အကြောင်းတရား တွေက ပြုပြင်လို့၊ အာရုံနဲ့ဒွါရ တိုက်ဆိုင်လို့ ပေါ်လာရတာဖြစ်သော ကြောင့် ဒီ ဝေဒနာတွေဟာ သင်္ခါရတရားတွေပဲ။ ဒီသင်္ခါရ တရားတွေဟာ အကြောင်း တိုက်ဆိုင်လို့ ပေါ်လာရတာဖြစ် သောကြောင့် ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး။ ခင်ဗျားတို့ ပြုပြင်ထားတာ မဟုတ်ဘူး။ ခင်ဗျားတို့ ပိုင်တာမဟုတ်ဘူး။ ဒီသင်္ခါရတရားဟာ အကြောင်းတိုက်ဆိုင်တဲ့အခါမှာပေါ်မယ်။ အကြောင်းမတိုက်ဆိုင်တဲ့အခါ အကြောင်းတရားတွေ ချုပ် ပျောက်တဲ့အခါမှာ ပျက်မှာပဲ။ အနိစ္စရောက်မှာပဲ။ ဒီတော့ သင်္ခါရတရားဟာ အနိစ္စမှာလမ်းဆုံးတယ်။ ဒါကြောင့် ဘုရားက သဗ္ဗေသင်္ခါရာအနိစ္စာ(သင်္ခါရတရားဟူသမျှဟာ အနိစ္စချည်းပဲ) လို့ ဟောဘာ။

ခင်ဗျားတို့ ရူပက္ခန္ဓာ၊ ခန္ဓာကိုယ်ဟာ ဇရပ်ကြီးနဲ့တူတယ်။ ခန္ဓာကိုယ်ဇရပ်ကြီး ထဲမှာ ဝေဒနာ ၃-ခု တခုခုဟာ သူ့ အကြောင်းတိုက်ဆိုင်ယင် လာမှာပဲ။ လာတော့ ဒီဝေဒနာဟာ ဧည့်သည် ပေါ့။ဇရပ်ဆောက်ထားလို့ လူနာရောက်လာတယ်။

လူနာလဲရောက်တယ်။ လူချမ်းသာလဲ ရောက်တယ်။ အလတ်စားလဲရောက်တယ်။ (ဝေဒနာ ၃-ပါး)။ ခင်ဗျားတို့ရဲ့ ရူပက္ခန္ဓာကိုယ်ဟာ ဇရပ်ကြီးဖြစ်လို့ လူနာတွေလာကြတော့၊ ခင်ဗျားတို့က ဩော်....သူ့ဟာသူလာပြီး သူ့ဟာသူသွားကြတာပဲ။ ကိုယ်ကလဲ စတုဒိသာဇရပ်ကြီးပဲ၊ လူချမ်းသာလဲ သူ့ဟာသူလာပြီး သူ့ဟာသူသွားမှာပဲ။ လူလတ်တန်းစားလဲ သူ့ဟာသူလာပြီး သူ့ဟာသူသွားမှာပဲ၊ ခင်ဗျားတို့ ဇရပ်ပိုင်ရှင်နဲ့ ဘာမှမဆိုင်ဘူး။ ဩော်....သူ့အကြောင်းနဲ့သူ တိုက်ဆိုင်လို့ သူလာခဲ့တယ်။ သူ့ကိစ္စပြီးတော့ သူသွားမှာပဲ။

**ဝိပဿနာဆိုတာ**။ ။ဒီလိုထိုင်ကြည့်တာကို ဝိပဿနာလို့ ခေါ်တယ်။ ဒီက မဂ္ဂင် ၅-ပါးနဲ့ ထိုင်ကြည့်တာကို ဝိပဿနာလို့ ခေါ်တယ်။ အဖန်ဖန်ရှုတာ ဝိပဿနာဆိုတော့ သူပြန်သွားတာ မရှိတာလဲ မြင်တာပဲ။ ဒီတော့ ဝိပဿနာဆိုတာ မရှိတာကိုသိတာ။ မရှိတာက ဝေဒနာ ၃-ပါး၊ သိတာက မဂ္ဂင် ၅-ပါး။ ဒီ မဂ္ဂင် ၅—ပါးဟာ ဟေတုဠ၊ နိဗ္ဗာန်သို့ အဖြောင့်သွားတဲ့တရားပဲ၊ နိဗ္ဗာနံဂစ္ဆတီတိ မဂ္ဂေါ(နိဗ္ဗာန်သို့ သွားတတ်သောကြောင့် မဂ်မည်၏) လို့ ဆိုတော့ ဒီမဂ္ဂင် ၅-ပါးဟာ မဂ်ပဲ။နိဗ္ဗာန်သို့ အဖြောင့်သွားတတ်တဲ့ မဂ်ကို ၃၁ ဘုံအတွင်း ကွေ့ကောက်လှည့်လည်သွားနေတဲ့တဏှာက ကန့်ကွက်ချုပ်ချယ်လို့ မရဘူး၊ အဲ....ဝေဒနာဖြစ်ပြီး ပျက်သွားတာကို မြင်လိုက်ပြီဆိုယင်၊ ဝေဒနာနောက်က လိုက်မယ့်တဏှာဟာ ချုပ်သွားတာပဲ။ ကောက်ကျစ်တဲ့တဏှာ သေသွားပြီပေါ့။ ဘာပြုလို့ တဏှာ

သေရသတုံးဆိုတော့၊ တဏှာဖြစ်မယ့် နေရာမှာ မင်ပေါ်လို့။ မင်ပေါ်လာတော့ တဏှာလာခွင့်မရတော့ဘူး။ မလာတော့ဘူး။ ချုပ်ပျောက်သွားတယ်။ ဒီတော့ ဒီမင်ဟာ တဏှာကို သတ်ပစ်ပြီးတော့ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့် သွားဘတ်တဲ့ သူ့ သဘောအတိုင်း အဖြောင့်သွားရုံပဲရှိတော့တယ်။ ဒီ မင်ဟာ တဏှာကိုလဲ သတ်တယ်။ နိဗ္ဗာန်ကိုလဲ အဖြောင့်သွားတယ်။ ဒါကြောင့် မဂ္ဂင်=ဝိပဿနာလုပ်ယင် နိဗ္ဗာန်ကို အဖြောင့် သွားပြီလို့မှတ်။

**ယဒါပညာယပဿတိ**။ ။ယဒါ=အနိစ္စရောက် ချုပ်ပျောက်သောအခါ။ ပညာယ=မင်ဉာဏ်ဖြင့် (ဝါ) မဂ္ဂင် ၅ ပါးဖြင့်။ ပဿတိ=ရှု၏။ ရှုပေး။ ဒီတော့ ဝေဒနာအနိစ္စရောက်လို့ ချုပ်ပျောက်တဲ့အခါမှာ မဂ္ဂင် ၅-ပါးနဲ့ရှုပေးရမယ်။ ဝေဒနာ ရှုခိုင်းတာမဟုတ်ဘူး။ ဝေဒနာဖြစ်ပြီး ပျက်သွားတာကို အရှုခိုင်းတာ။ ဘုရားက အနိစ္စကိုရှုစေချင်တယ်။ ဘယ်သူ့ အနိစ္စလဲ မေးစရာရှိလို့ ဝေဒနာရဲ့ အနိစ္စရှုဆိုပြီး ဝေဒနာ နာမည်တပ်ပေးရတာ။ တကယ်ရှုရမှာက ဝေဒနာမဟုတ်ဘူး။ အနိစ္စရှုရမှာ။ ဒါကြောင့် သဗ္ဗေသင်္ခါရာအနိစ္စာ၊ ယဒါပညာယပဿတိ။ ဆိုတဲ့ ပါဠိတော် ၂-ရပ်ကို စပ်ယှဉ်လိုက်ယင် အနိစ္စရောက်သွား ချုပ်ပျောက်သွားတဲ့ ဝေဒနာဆိုတဲ့ သင်္ခါရတရားကို အရှုခိုင်းတာ။ ရှုရမှာဆိုတာ ရှင်းနေပါတယ်။

ခင်ဗျားတို့ခန္ဓာကိုယ်မှာ ဝေဒနာ၃-ပါးဟာ လှည့်ပေါ်နေမှာပဲ။ ပေါ်ပြီးချုပ်ပျောက်သွားမှာပဲ။ ဒီတော့ ဘယ်ဝေဒနာ

ပေါ်ပြီးချုပ်သွားသွား နောက်က မဂ္ဂင် ၅-ပါးနဲ့ လိုက်ပြီး ရှုပေးရမယ်။ ဝိပဿနာဉာဏ်နဲ့ ရှုပေးရမယ်။ ဝေဒနာကတော့ သူ့နိယာမသဘောအတိုင်း ခဏခဏပေါ်ပြီး ခဏခဏ ချုပ်ပျောက်နေမှာပဲ။ ဒီလို ဝေဒနာချုပ်သွားတိုင်းချုပ်သွားတိုင်း နောက်က ဝိပဿနာဉာဏ်နဲ့ လိုက်ပြီး ရှု....ရှု ပေးသွားရမယ်။ ဟိုက အနိစ္စရောက်တယ်၊ ဒီက ပညာနဲ့ကြည့်ပေး။ ယဒါ ဆိုသဖြင့် ဟိုက အနိစ္စရောက်တဲ့အချိန်မှကြည့်။ ဝေဒနာကို မကြည့်နဲ့။ အနိစ္စရောက်တဲ့အချိန်မှာ မဂ္ဂင်-ဝိပဿနာပညာနဲ့ ရှုရမှာ။ အနိစ္စရောက်တိုင်း ရောက်တိုင်း နောက်က ချက်ချင်း ပညာနဲ့ လိုက်ရှုပေးရမယ်။ အဲဒီတော့ ခင်ဗျားတို့ နိဗ္ဗာန် မရောက်တာဟာ ဝေဒနာက အနိစ္စမရောက်လို့လား၊ ပညာ မရောက်လို့လားဆိုတော့၊ ပညာမရောက်လို့ပဲ။ ဝေဒနာကတော့ ခဏခဏပေါ်ပြီး ခဏခဏအနိစ္စရောက်တာ ပြနေတာပဲ။ အဲဒီ အနိစ္စဖြစ်တိုင်းဖြစ်တိုင်း ခင်ဗျားတို့က ပညာနဲ့ ရှု—ရှုမပေးလို့ နိဗ္ဗာန်မရောက်တာ။ ၃၁-ဘုံထဲ ကွေ့ကောက်သွားနေတာ ဘာ့ကြောင့်၊ ပညာမလာပဲ တဏှာကဝင်လာလို့။

ဝိပဿနာအလုပ်မှာ ဒီ ယဒါပညာယပဿတိနဲ့ စတာပဲ။ ဒါ ပထမဉာဏ် (ယထာဘူတဉာဏ်)ကို ပြောတာပဲ။ ဝိပဿနာ လုပ်ယင် ဒီဉာဏ်နဲ့စလုပ်။ ဒီပြင်ဟာတွေနဲ့ စ မနေနဲ့ ရုပ်နာမ် မသိယင် ဆရာ့သွားမေး၊ ဒါမေးလို့သိယင် ပြီးတာပဲ။ ကိုယ်ရှုဖို့ မဟုတ်ဘူး။ ကိုယ်ရှုဖို့အလုပ်ကတော့ ဒီ ပထမဉာဏ်က စရမယ်။ ဒီတော့ ယဒါပညာယပဿတိဟာ ကိုယ့်တာဝန်ပဲ၊ အနိစ္စ

ရောက်တိုင်းရောက်တိုင်း နောက်က ယဒါပညာယပဿတိလိုက်ပေး။လိုက်ယင် ဖြစ်ပျက်မြင်ပြီ။ ဖြစ်ပျက်မြင်ယင် ဟောတွင္ဘော= နိဗ္ဗာန်သွားတဲ့လမ်း ဖြောင့်သွားပြီ။ ဒါ အလုပ်လုပ်မှ ဖြောင့်မှာ။ သူက အလိုလိုပေါ်မလာဘူး။ ဖြစ်ပျက်မရှုလို့ မမြင်လို့ ရှိယင် မဂ်မလာပဲ တဏှာလာလိမ့်မယ်။ တဏှာလာယင် လမ်းကောက်သွားပြီ။ ဒီတော့ ဝေဒနာ ဖြစ်ပျက် မရှုတဲ့ ပုဂ္ဂိုလ်မှာ တဏှာလာမယ်။ရှုတဲ့ပုဂ္ဂိုလ်ကျတော့ ပညာလာမယ်။ တဏှာမလာတော့ဘူး။ ဒီလိုဆို ဖြောင့်ပြီမှတ်။

**အထ နိဗ္ဗိန္ဒတိဒုက္ခေ။** ။အထ=ထိုသို့ ဖြစ်ပျက်မြင်ပြီးသောအခါ။ ဒုက္ခေ= ဖြစ်ပျက်ဒုက္ခသစ္စာ၌။ နိဗ္ဗိန္ဒတိ=ငြီးငွေ့လာ၏။ အနိစ္စ၊ ဒုက္ခဖြစ်တဲ့တရား၌ ငြီးအောင်ဆက်လုပ်တဲ့။ ဖြစ်ပျက်မြင်ပြီးနောက်၊ ဆက်ရှုလို့ အနိစ္စဖြစ်တဲ့ ဒုက္ခဖြစ်တဲ့တရား၌ ငြီးငွေ့လာယင် ဒုတိယဉာဏ် (နိဗ္ဗိဒါဉာဏ်)ရလာပြီ။ ဒီတော့ ဝေဒနာဖြစ်ပျက်ရှုလို့ မြင်လာယင် နောက်.... ဒီ ဖြစ်ပျက်၌ ငြီးငွေ့တဲ့ဉာဏ် (နိဗ္ဗိဒါဉာဏ်)ရအောင် ဆက်လုပ်ရမယ်။

**ဧသမဂ္ဂေါဝိသုဒ္ဓိယာ။** ။ဧသမဂ္ဂေါ = မဂ္ဂင် ၅ ပါးမှ ၈—ပါးပြည့်လာသော မဂ်သည်။ ဝိသုဒ္ဓိယာ=စင်ကြယ်ခြင်းငှာ (ဝါ)ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဆိုတဲ့ ဝဋ် ၃ ပါး စင်ကြယ်သွားခြင်းငှာ ဖြစ်၏။ ဒုတိယဉာဏ်ရပြီး နောက်၊ တတိယဉာဏ်ကို ဆက်တက်ရမယ်။ဒုတိယဉာဏ်တုန်းက ဖြစ်ပျက် ဒုက္ခသစ္စာကို ငြီးငွေ့လာတယ်။ အဲဒီဉာဏ်ထဲ ထင်နေတဲ့ဖြစ်ပျက်ကို မကြည့်ချင်ပဲနဲ့ ငြီးငွေ့လျက်နဲ့ပဲ ဆက်ပြီးတော့ ပေရှုရမယ်။

ပေရှုဖန်များပြီး ကြာတော့ ဒီဖြစ်ပျက်ကြီးဟာ ဒုက္ခသစ္စာ အစစ်ပါလား။ ဒီဒုက္ခသစ္စာကြီးတော့ မလိုချင်တော့ပါဘူးလို့ ဒုက္ခသစ္စာကြီးကို ပိုင်းခြားသိမြင်ပြီး ယတိပြတ် စွန့်ပစ်လိုက်တဲ့ အခါမှာ (ဝေဒနာ) ဖြစ်ပျက်ဟာ ပျောက်ထွက်သွားတယ်။ (ချုပ်ဆုံးသွားတယ်)၊ ဖြစ်ပျက်ဒုက္ခသစ္စာကြီး ပျောက်ထွက် သွားတယ်။ ဒီဒုက္ခသစ္စာကြီးကို နှစ်သက်လိုချင်တဲ့ တဏှာလဲ တခါတည်း အမြစ်ပါ ချုပ်ပျောက်သွားတယ်။ ယခင်ရှုခဲ့တဲ့ မဂ္ဂင် ၅-ပါးဟာလဲ ၈-ပါးပြည့်သွားပြီးတော့ လောကုတ္တရာ မဂ်အစစ်ဖြစ်လာတယ်။ အဲ (ဝေဒနာ) ဖြစ်ပျက်ဆုံးသွားတော့ ဖြစ်ပျက်ဒုက္ခသစ္စာလဲ မရှိတော့ဘူး။ အပါယ်ကိုကျစေတတ်တဲ့ တဏှာဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာ အညစ်အကြေးတွေလဲမရှိ တော့ဘူး။ ဝဋ် ၃-ပါးစလုံး စင်ကြယ်သွားပြီး ဝိသုဒ္ဓိဖြစ် သွားပြီ။

ဒီတော့ တတိယဉာဏ်ဖြစ်တဲ့ မဂ်ဉာဏ် (လောကုတ္တရာမဂ် ဉာဏ်) ပေါ်လာတဲ့အခါမှာ ဝိသုဒ္ဓိစင်ကြယ်သွားပြီ။ ဘာတွေ စင်ကြယ်သွားသလဲ။အပါယ်ကျစေတတ်တဲ့ဒိဋ္ဌိဝိစိကိစ္ဆာ တဏှာ စတဲ့ အကုသိုလ်ကိလေသာ အညစ်အကြေးတွေ စင်ကြယ်သွား တယ်။ အပါယ်ကျစေတတ်တဲ့ နောက်နောက်က အကုသိုလ်ကံ တွေလဲ ချုပ်ပျောက်သွားလို့ (အဟောသိကံဖြစ်သွားလို့) စင် ကြယ်သွားတယ်။အပါယ် ၄-ပါး၌ ဖြစ်ရမယ့် အကျိုးဝိပါက် တွေလဲ ချုပ်ငြိမ်းလို့စင်ကြယ်သွားတယ်။ အပါယ်ရောက်စေ တတ်တဲ့ ကိလေသာကံတွေ (အကြောင်းတွေ) ချုပ်သွားတော့

အပါယ်နဲ့စပ်တဲ့ အကျိုးဝိပါက် (ခန္ဓာ) တွေလဲ အကုန်ချုပ်သွားတယ်။ ဒီတော့ မဂ်အစစ်ဖြစ်လာယင် အပါယ်နဲ့စပ်၍ ကိလေသာဝိသုဒ္ဓိ ကမ္မဝိသုဒ္ဓိဖြစ်သွားပြီလို့မှတ်။

အထက်ကပြခဲ့တဲ့ ပါဠိဂါထာကလေးမှာ ၄-ပိုင်းပါတယ်။ ဒီ ၄-ပိုင်းတွင် (၁) သဗ္ဗေသင်္ခါရာ အနိစ္စာဆိုတဲ့ ပထမပိုင်းက သင်္ခါရဟူသမျှ အနိစ္စဖြစ်ကြောင်း ပြတယ်။ (၂) ယဒါ ပညာယပဿတိဆိုတဲ့ ဒုတိယအပိုင်းက ဖြစ်ပျက်=အနိစ္စကို ရှုလို့မြင်လာတဲ့ ယထာဘူတဉာဏ်ဆိုတဲ့ ပထမဝိပဿနာဉာဏ်ကို ပြတယ်။ (၃) အထနိဗ္ဗိန္ဒတိဒုက္ခေဆိုတဲ့ တတိယပိုင်းက ဖြစ်ပျက်=ဒုက္ခသစ္စာကို ငြီးငွေ့လာတဲ့ နိဗ္ဗိဒါဉာဏ်ဆိုတဲ့ ဒုတိယ ဝိပဿနာဉာဏ်ကိုပြတယ် (၄) ဧသမဂ္ဂေါဝိသုဒ္ဓိယာဆိုတဲ့စတုတ္ထ အပိုင်းက ဖြစ်ပျက်-ဒုက္ခသစ္စာ ချုပ်ဆုံးလို့ အပါယ်ဆိုင်ရာ ကိလေသာကံအကျိုးဝိပါက်တွေ ချုပ်ဆုံးလို့ စင်ကြယ်သွားတဲ့ တတိယဉာဏ်လို့ခေါ်တဲ့ လောကုတ္တရာမဂ်ဉာဏ် အစစ်ကိုပြတယ်။

ဒီတော့ ဒီပါဠိဂါသာကလေးဟာ သင်္ခါရ တရားတွေရဲ့ ပင်ကိုယ်သဘောကိုလည်းကောင်း၊ ဝိပဿနာအားထုတ်ရာမှာ အစဉ်အတိုင်းတက်သွားရမယ့် ဉာဏ် ၃-ဆင့်ကိုလည်းကောင်း ပြထားတဲ့အတွက် တိုတိုကလေးနဲ့ အလွန်အချက်ကျတဲ့ ဂါထာကလေးဖြစ်တယ်။ ဒီတော့ ဒီဂါထာပါ သဘောသွားအတိုင်း အလုပ်လုပ်ယင် **ဟော့တွေ့ဗျာ** ဖြစ်ပြီး နိဗ္ဗာန်အဖြောင့် သွားပြီ လို့မှတ်။

❀

## ၃၉။ မဂ္ဂသစ္စာ၏ ဒဿနဋ္ဌအနက် (၃)

မဂ္ဂသစ္စာဟာ **ဒဿနဋ္ဌော** သဘောရှိတယ်။ **ဒဿနဋ္ဌော** ဆိုတာ နိဗ္ဗာန်မြင်တဲ့တရားလို့မှတ်ပါ။ နိဗ္ဗာန်ကို ဘယ်အချိန် မြင်မှာလဲ၊ ဒုက္ခဆုံးတဲ့အခါ မြင်လိမ့်မယ်။ ဒုက္ခဘယ်အချိန် ဆုံးမှာတုံး၊ အဝိဇ္ဇာနဲ့ တဏှာဆုံးတဲ့ အချိန်မှာ ဆုံးမှာပဲ။ အဲဒီတော့ အဝိဇ္ဇာ တဏှာဆုံး (ချုပ်) တဲ့အခါ ဒုက္ခဆုံးမယ်။ ဒုက္ခဆုံးယင် နိဗ္ဗာန်မြင်မယ်။ ဒီ ၃-ချက်ကို မှတ်ထားပါ။ ဒီတော့ ဒဿနဋ္ဌောမဟောခင် ဒုက္ခဆုံးဖို့ပြပါဦးမယ်။

ခင်ဗျားတို့ခန္ဓာမှာ ဒုက္ခတွေရှိတယ်။ အိုစရာဒုက္ခ၊ နာစရာ ဒုက္ခ၊ သေစရာဒုက္ခတွေရှိတယ်။ မွဲစရာ ကွဲစရာ ဒုက္ခတွေလဲ ရှိတယ်။ မွဲ ကွဲ ဆိုတာ သေတဲ့အခါ ကိုယ့်နောက်မလိုက် လာလို့ မွဲ ကွဲ ဖြစ်ရတယ်။ ဒီဒုက္ခတွေနဲ့ စိတ်မချလက်မချ သောကတွေ ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေလဲ ရှိတယ်။ ဒါတွေဟာ ခင်ဗျားတို့သန္တာန်မှာ အပြည့်အစုံရှိတဲ့ ဒုက္ခတွေလို့ မှတ်ထား။ ခင်ဗျားတို့ခန္ဓာမှာ အို နာ သေ အမွဲ အကွဲတွေလဲရှိတယ်။ **သောက** ဆိုတဲ့ စိုးရိမ်မှု၊ **ပရိဒေဝ** ဆိုတဲ့ ငိုကြွေးမှုလဲရှိတာပဲ။ အကြောင်းရှိယင်မျက်ရည်ထွက်လာတာပဲ။ **ဒုက္ခ** ဆိုတဲ့ ကိုယ်၏ဆင်းရဲခြင်း၊ **ဒေါမနဿ** ဆိုတဲ့ စိတ်၏ဆင်း ရဲခြင်း၊ **ဥပါယာသ** ဆိုတဲ့ ပြင်းစွာပူပန်မှု၊ **ဒေါသ** ဆိုတဲ့ အလို မကျမှုတွေရှိတယ်။ အဲဒါတွေအားလုံးဟာ ဒုက္ခတွေပါလား၊ ဒုက္ခသစ္စာပါလားလို့ မှတ်ထား။ ဒါကြောင့် သတိပဋ္ဌာန်

ပါဠိတော် ပဋိစ္စသမုပ္ပါဒ် တရားတော်မှာ ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိလို့ ဟောထား တာ (ဧဝံ=ဤသို့လျှင်၊ ကေဝလဿ=ချမ်းသာမဖက်သော။ ဒုက္ခက္ခန္ဓဿ = ဒုက္ခအစုကြီး၏။ သမုဒယော = ဖြစ်ကြောင်း သည်။ ဟောတိ=ဖြစ်၏) ဒီတော့ ခန္ဓာကိုယ်ကြီးဟာ အဲဒါ တွေစုနေလို့ ခွဲမရတဲ့ ဒုက္ခအစုကြီးလို့မှတ်ထားပါ။

အဲဒီ ဒုက္ခအစုကြီးဟာ ဘယ်ကဖြစ်လာတယ် ဆိုတာလဲ သိရမယ်။ ဒုက္ခဟာ မိမိပြုတာလား၊ မဟုတ်ဘူး။ သူတပါး ပြုတာလား၊ မဟုတ်ဘူး။ အကြောင်းမရှိပဲ အလိုလိုဖြစ်လာ တာလား၊ မဟုတ်ဘူး။ ဒီတော့ ဒုက္ခဟာ ဘယ်ကဖြစ်လာ တာလဲ။ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကို ရွတ်ကြည့် အဖြေတွေ့ မယ်။ အဝိဇ္ဇာပစ္စယာသင်္ခါရာ စသည်ရွတ်လိုက်တော့ အဆုံး မှာ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ (ဒုက္ခအစုကြီး၏ ဖြစ်ကြောင်းတည်း)လို့ တွေ့မယ်။ ဒီပါဠိတော်အရ၊ အဲဒီ ဒုက္ခအစုကြီးဟာ ခင်ဗျားတို့သန္တာန်မှာရှိတဲ့ အဝိဇ္ဇာ သင်္ခါရ တွေက စတင်ဖြစ်လာတယ်၊ ပုဂ္ဂိုလ်သတ္တဝါက လုပ်တာ မဟုတ်ဘူး။ **ဓမ္မကလုပ်တာ**။ **အဝိဇ္ဇာသင်္ခါရဆိုတဲ့ ဓမ္မကလုပ် တာ** လို့ သေသေချာချာမှတ်ထားပါ။ ဒီတော့ ဒီဒုက္ခတွေကို စတဲ့လုပ်တဲ့ဓမ္မဟာ အဝိဇ္ဇာ (သစ္စာမသိမှု) ပဲ။ ဒုက္ခဟူသရွေ့ ဟာ အဝိဇ္ဇာအရင်းခံပဲ။ ခင်ဗျားတို့ရဲ့ သစ္စာမသိမှု အဝိဇ္ဇာ ကြောင့် အိုနာ သေ မွဲ ကွဲသောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဆိုတဲ့ ဒုက္ခတွေတွေ့ရတာ။ အဲဒီတော့ ဒုက္ခဟာ အဝိဇ္ဇာ

ဆိုတဲ့ဓမ္မက စဘင်ဖြစ်ပေါ်လာတာ ဖြစ်သောကြောင့် မိမိပြုတာလဲမဟုတ်ဘူးလို့ မှတ်ရမယ်။

ခင်ဗျားတို့မှာ သစ္စာမသိမှု၊ ဒုက္ခမသိမှု၊ အဝိဇ္ဇာကဖုံးလွှမ်းထားလို့ ဒုက္ခလို့မသိဘာနဲ့ ဒုက္ခကို တဏှာနဲ့ဆွဲဘောင်းလာခဲ့ကြတယ်။ **အဝိဇ္ဇာကအဖုံးသမား။ တဏှာကအတောင်းသမား** ဖြစ်တယ်။ အဝိဇ္ဇာက လူ့ပြည်ဟာကောင်းတယ်ဆိုပြီး အိုဘေးနာဘေး သေဘေးတွေဖုံးပြီး အချို့အရွယ်ပိုင်းကို ထုတ်ပြလိုက်တယ်။ တပိုင်းကိုပြပြီး တပိုင်းကိုဖုံးထားတယ်။ အဝိဇ္ဇာက ဘောင်ဒွေးထောက် မျက်မှန်တပ်ပြီး သားမုန်း သမီးမုန်း အမျိုးမုန်းတဲ့ကိစ္စတွေကို ဖုံးပြီး ငယ်ငယ်ရွယ်ရွယ် ပျိုပျိုရွယ်ရွယ်နဲ့ သွားလာပျော်ရွှင်တဲ့ ကောင်းတဲ့အပိုင်းကိုပြထားတော့ တဏှာကသဲ ဒီပျိုပျိုရွယ်ရွယ်ဖြစ်နေတဲ့ အချိန်လေးကို ကြိုက်တော့ဘာပဲ။ ဒီတော့ဒုက္ခကြီးကို အစဉ် လျှောက်တွေးလိုက်တော့ ဒီ **အဝိဇ္ဇာတဏှာ** ကပေးတာပဲ၊ စဘင်လုပ်ပေးတာပဲ။ ဘယ်ပုဂ္ဂိုလ်သတ္တဝါကမှ လုပ်ပေးတာမဟုတ်ဘူး၊ ခင်ဗျားတို့ဟာ မသိမှုအဝိဇ္ဇာ၊ နှစ်သက်မှုတဏှာတို့ရဲ့ လွှမ်းမိုးမှုကြောင့် ဒုက္ခရောက်ကြောင်း သင်္ခါရ အလုပ်တွေကို ရှောက်လုပ်ကြတာပဲ။ ဒီတော့ သင်္ခါရအလုပ်တွေလုပ်တော့ ဒုက္ခတွေရတာပေါ့။ အရင်းကျကျပြောရယင် ဒုက္ခဆိုတာ မသိလို့ရတာ။ သိလို့ရှိယင်မရဘူး။

ဒါဖြင့် ဒုက္ခသိဘာက ဝိဇ္ဇာ၊ ဒုက္ခမသိတာက **အဝိဇ္ဇာ၊** ဒုက္ခဟာမသိလို့ရတာ။ သိယင်မရဘူး ဆိုတော့ ဝိဇ္ဇာဖြစ်ယင် မရတော့ဘူး။ အဝိဇ္ဇာရှိနေယင်တော့ ရမှာပဲ။ ဒီတော့ခင်ဗျားတို့

ခန္ဓာကိုယ်ထဲ ခန္ဓာ ၅-ပါးထဲကို ဉာဏ်နဲ့ကြည့်လိုက်လို့ ဖြစ်ပျက် ဒုက္ခသစ္စာသိသွားတဲ့အခါကျတော့ ဝိဇ္ဇာ ဖြစ်လာတယ်။ ဝိဇ္ဇာဖြစ်တယ်။ ဝိဇ္ဇာဖြစ်ယင် ဒဿနဥဿော နိဗ္ဗာန်ကိုမြင်တော့တာပဲ။ ဒီတော့ ဒုက္ခမြင်ယင် နိဗ္ဗာန်မြင်တယ်။ ဒုက္ခမမြင်သေးယင် နိဗ္ဗာန်ကိုမမြင်ဘူး။ ဝိဇ္ဇာဖြစ်ယင် သစ္စာ ၄ ပါး ၄-ချက်ကို တပြိုင်နက်မြင်ရတယ်။ ဒုက္ခလဲသူမြင်တာပဲ။ ဒါဒုက္ခအစစ်ပဲလို့ ပိုင်းခြားသောအားဖြင့် မြင်တာပဲ။ ဒါသမုဒယပဲလို့ ပယ်ဖို့ ရာလဲမြင်တာပဲ။ ဒါနိရောဓ=ဒုက္ခချုပ်ရာ နိဗ္ဗာန်ကိုလဲ မြင်တာပဲ။ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကိုလဲ သိလာတာပဲ။ ဒီသစ္စာ ၄-ချက်ကို တပြိုင်နက်မြင်နိုင်တဲ့ ဒီဝိဇ္ဇာ=ဉာဏ်ဟာ ခန္ဓာ ၅-ပါးရဲ့ ဖြစ်ပျက်ဒုက္ခသစ္စာကို အဖန်ဖန်အထပ်ထပ် ပွားများမှဖြစ်တာ။ နို့မို့ယင်မဖြစ်ဘူး။ ဒါပွားများဖို့ဆိုတာကလဲ ဒုက္ခသစ္စာဆိုတာ ဘာဆိုတာ အရင်သိထားမှ ပွားများလို့ရတာ။ ဒါကြောင့် ဘုန်းကြီးက ဒုက္ခအကြောင်းကို မကြာခဏ ထည့်ထည့်ပြီးဟောနေရတာ။

**ပုထုဇဉ်အကန်း**။ ။သစ္စာမသိမှု အဝိဇ္ဇာကြောင့် ဒုက္ခဖြစ်တယ်ဆိုတော့ အဝိဇ္ဇာဟာ ဒုက္ခရဲ့လက်သည်ပဲ။ ခင်ဗျားတို့ဟာ ဘဝများစွာ သံသရာက **ဒုက္ခသစ္စာ** ကို ဘယ်တော့မှ မထင်ခဲ့တော့ ဘယ်တုန်းကမှ ဝိဇ္ဇာမဖြစ်ခဲ့ဘူး။ မဖြစ်တော့ ဒုက္ခကြီးကမထွက်ဘူး။ပြီးတော့လဲဒုက္ခဖြစ်ကြောင်းဟာ**သမုဒယ သစ္စာ** ပဲလို့လဲ မသိခဲ့ဘူး။ မသိတော့ သမုဒယ=တဏှာကိုပဲ လိုက်စားနေခဲ့တာပဲ။ ပြီးတော့ ဒီ ဒုက္ခချုပ်မှု **နိရောဓ** ဆိုက်မယ်ဆိုတဲ့ နိရောဓကိုလဲ ဘဝများစွာသံသရာက မတွေးမိခဲ့

ကြဘူး။နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန် **မဂ္ဂသစ္စာ** ကိုလဲ ရှာမတွေ့ခဲ့ကြဘူး။ ဒီတော့ ခင်ဗျားတို့ မျက်လုံးဟာ ဘယ်တုန်းကမှ အလင်းရောင်မရခဲ့ကြဘူး။ ဒါကြောင့် ပုထုဇဉ် အကန်းလို့ဆိုတာ။ ဘယ်လောက်ကန်းခဲ့သလဲ။ တသံသရာလုံး ကန်းခဲ့ရတယ်။ ဝိဇ္ဇာပျက်လုံး ဘယ်တုန်းကမှ မရခဲ့ဘူး။ မရခဲ့တော့ သံသရာထဲမှာ ကျင်းမှန်းမသိ ချိုင့်မှန်းမသိ မီးပုံမှန်းမသိ ကျင်ကြီးပုံမှန်းမသိ ဦးတည့်ရာ လျှောက်သွားနေတာပဲ။ တခါတလေ ကျင်ကြီးပုံနွားချေးပုံထဲမှာ နွားချေးပိုးဖြစ်ချင်လဲ ဖြစ်သွားလိုက်တာပဲ။

နောက်တုန်းက ကန်းခဲ့တော့ လမ်းမှာတီကောင်တကောင် ဟာ သူ့သတ်စားမယ့် ပုတ်သင် ကြက်တွေဆီကို ဦးတည့်ရာသွား နေတာပဲ။ ရန်သူရှိတဲ့နေရာမှ အတင်းတိုးဝင်သွားတော့ သေပွဲ ဝင်ရတယ်။ ဒီကနေ့ ပဋ္ဌိသန္ဓေနေပြန်တော့ သေပွဲချည်းဝင် တာပဲ။ တော်လောက်ပြီထင်တယ်။ အကန်းပါး မဝကြသေး ဘူးလား။ ရှေ့ဆက်ပြီး ကန်းချင်သေးသလား၊ ဆင်ကန်း တောတိုးအလုပ်တွေ လုပ်ကြဦးမှာလား။ တသံသရာလုံးကန်းခဲ့ တာ ဒီ **ဝိဇ္ဇာအလင်း** မရခဲ့ကြဘူး။ ဒီအလင်းမြန်မြန်ရအောင် ဒုက္ခကို မြင်အောင်ကြည့်။ အခုတွေ့ရတဲ့ အလင်းကို လက်မလွှတ် စေနဲ့။ ပြန်မိုက်သွားယင်ခက်တယ်။ ခင်ဗျားတို့ကတော့ မအား တာနဲ့၊ မလပ်တာနဲ့၊ ကိစ္စမပြီးသေးတာနဲ့၊ ဘာတွေညာတွေ တယူသန်နဲ့ ရှောက်ပြောနေတာပဲ။ ဒီလိုဆင်ခြေတွေ လဲနေ တာဖြင့် ဒါ ကန်းဖို့ပဲ။ ကန်းချင်လို့ပဲ။ ဒီနေ့အားမထုတ်ဖြစ်ဘူး

ဆိုယင်၊ ကန်းရတာ အားမရသေးဘူး။ ကန်းသက်ရှည်ချင်သေးတဲ့အဓိပ္ပာယ်ပဲ။ကန်းလက်စသတ်ကြပါတော့။ ကဲ ဒါဖြင့် ကန်းလက်စသတ်ချင်ယင် ခင်ဗျားတို့ ခန္ဓာကိုယ် ဖြစ်ပျက်မြင်အောင် အားထုတ်ရမယ်။

ခင်ဗျားတို့ဟာ အကန်းဘဝ နဲ့ နေရတာဟာ မရေတွက်နိုင်ဘူး။ဘယ်လောက်ကန်းသလဲဆိုယင် ဒုက္ခရောက်တာမြင်တာကိုပင် ဝမ်းသာနေကြတယ်။ သားတွေ သမီးတွေ ဆွေတွေမျိုးတွေနဲ့ ဒုက္ခရောက်နေကြတာကိုပင် ဒုက္ခလို့ မမြင်ဘူး။ မစဉ်းစားမိဘူး။တချို့ဆို စီးပွားတွေတက်လို့ အစောင့်အကြပ်တွေနဲ့ သွားလာနေကြတာ ကိုယ့်ကိုယ်မှ စိတ်မချလို့၊ အံမယ် ခြောက်လုံးပြူးကြီး ဓါးချိတ်ပြီး နေရတာကိုပင် ဝမ်းသာလို့ မဆုံးဘူး။ ဒါ ဒုက္ခနဲ့နေရတာကိုပင် ဝမ်းသာတာ။ ကန်းတာကလဲမပြောနဲ့တော့ဗျာ။ ဒုက္ခတွေလျက်နဲ့ ဒုက္ခမှန်းမသိအောင် ကန်းတယ်။ ဒါ တကယ်ကန်းလို့ ကန်းတယ်ပြောတာ။ ကန်းလက်စ သတ်ကြပါတော့။ပစ္စည်းချမ်းသာလဲ မရဏမီးရှို့စားဖတ် ဝါးဖတ် ဖြစ်မှာပဲ။ မရဏမီးက ဘယ်သူမှ ချမ်းသာမပေးဘူး။ ကန်းတဲ့ပုဂ္ဂိုလ်ဆို သေမင်းကအကုန်စားမှာ ဝါးမှာပဲ။ အဲဒီတော့ ခင်ဗျားတို့ဟာ အသေခံရတဲ့ပလူတွေလို ဖြစ်နေတယ်။ ပလူများဟာ တွင်းထဲက လုထွက်ပြီး စားမယ့် သောက်မယ့် သတ္တဝါတွေဆီကို သွားကြတယ်။ ပလူများဟာကန်းလို့လုထွက်တာ။ ခင်ဗျားတို့လဲ လောကီအလုပ်တွေကို ပျာပျာသလဲ အလုပ်လုပ်ပြီး ပလူထွက် - ထွက်နေတာဟာ သေချင်လို့ပဲ။

မရဏာမီးနဲ့ သေမင်းနဲ့ မြန်မြန်တွေ့ချင်လို့ ပျာပျာသလဲ လုပ်နေကြတာ။ နိဗ္ဗာန်ရောက်မယ့် သေမင်းလွတ်မယ့် အလုပ်ကြတော့ မလုပ်ချင်ဘူး။ သေမင်းနဲ့တွေ့ရမယ့် အလုပ်ကျတော့ ခင်ဗျားတို့က လုမျှားထွက်သေးတယ်။ လောကီအလုပ်ကို သူ့ထက်ငါ လုယက်ထွက်နေတာဖြင့် ပလူထွက် ထွက်တာသာမှတ်ပေတော့။

လုပ်တောင် မစားချင်တော့ဘူးလို့များ ဆိုကြမလား၊ အဲ-လုပ်မစားရတော့ ဒါနိဗ္ဗာန်ပဲ။ ဘာမှ မလုပ်ပဲနဲ့ ချမ်းသာနေတာဟာ နိဗ္ဗာန်ပဲ။ ဒီလိုဖြစ်ချင်ပါတယ်ဆိုယင် ဒါ အခုဘုန်းကြီးပြောတဲ့ **ဝိပဿနာ=ဝိဇ္ဇာ** အလုပ်ကိုလုပ်။ ဒုက္ခပိုင်းခြားတဲ့ အလုပ်သာလုပ်နေယင် ဒါ ချမ်းသာအစစ်ရမှာပဲ။ အခုခင်ဗျားတို့ ခန္ဓာကြီး မှာ ပေါ်တဲ့ ဝေဒနာလေး တွေ လျှောက်ကြည့်။ ကြည့်တော့ ဝေဒနာဟာ ဖြစ်ပြီး ပျက်သွားတာကို တွေ့ရမယ်။ခန္ဓာကိုယ်တကိုယ်လုံးမှာ ဒီဝေဒနာတွေဟာ အနှံ့အပြားပေါ်နေတာပဲ။ ဒါတွေကို ကြည့်လိုက်ယင် ဖြစ်တာပျက်တာတွေကို တွေ့မှာပဲ။ အဲဒါ ဝိပဿနာဝိဇ္ဇာလေးဖြစ်လာတယ်။ ဝိပဿနာဝိဇ္ဇာလေးဖြစ်ယင်ပဲ အတော်သက်သာသွားပြီ။အင်း-မျက်လုံးလေးတော့ တိမ်သလာနည်းနည်းရှင်းယောင်လေးတော့ရှိပြီ၊ဒီထက်ရှင်းယင် နိဗ္ဗာန်မြင်လိမ့်မယ်။

**ဒဿနဋ္ဌ။** ။ဒါဖြင့် ဝိဇ္ဇာရဲ့ ဒဿနဋ္ဌောကို ရှင်းတော့မယ်။ ဒဿနဋ္ဌောဆိုတာ—အနမတဂ္ဂသံသရာမှာ တခါမှ မမြင်ဘူးခဲ့တဲ့ နိဗ္ဗာန်ကြီးကိုထင်လင်းစွာ မြင်စွမ်းနိုင်သော အနက်သဘော၊ နိဗ္ဗာန်ဟာ ထင်ထင်ရှားရှားမြင်နိုင်တယ်။ ဝိဇ္ဇာ

အလင်းသာရယင် မြင်တာပဲ။ ဒါတင်မကသေးဘူး။ ဋီကာများက နိဗ္ဗာနဒဿနံ စတုသစ္စဒဿနံဝါ-လို့ ဆိုထားတယ်။ နိဗ္ဗာန်တင်မကသေးဘူး သစ္စာ ၄-ပါးကို တပြိုင်နက်မြင်တယ်တဲ့။ ဝိဇ္ဇာဖြစ်လာယင် နိဗ္ဗာန်ရော သစ္စာ၄-ပါးပါ မြင်နိုင်တယ်။

ခင်ဗျားတို့က နောက်တုန်းက သစ္စာ ၄-ပါးကို မသိခဲ့ဘူး-အိပ်မက်တောင် မမက်ဖူးဘူး။ ခန္ဓာ ကြီးဟာ ဒုက္ခသစ္စာပါလား။ ခန္ဓာဖြစ်ကြောင်းဟာ သမုဒယသစ္စာပါလား။ ခန္ဓာအဆုံးမှာ=ခန္ဓာဆုံးယင်နိဗ္ဗာန်ပါလား။ နိဗ္ဗာန် မြင်နိုင်တာ။ သမ္မာဒိဋ္ဌိမဂ္ဂင်=သမ္မာဒိဋ္ဌိမျက်လုံးပါလားဆိုတာတွေကို တခုမှ အိပ်မက်တောင် မမက်ဖူးဘူး။ အဲဒီပြင်ဟာတွေကတော့ မက်ဖူးကြတယ်။ သူမျှားပြောသံကြားနဲ့ တခါတလေ အိပ်မက်ထဲ နတ်ပြည်မျှားတောင် ရောက်နေသေးတယ်။ အဲ-နိဗ္ဗာန်တို့၊ ဒုက္ခသစ္စာတို့ကျတော့ အိပ်မက်ထဲ တခါမှမမက်ဖူးဘူး။တသံသရာ လုံးမှာ **သစ္စာကွယ်** နေခဲ့တယ်။ **သမ္မာဒိဋ္ဌိမျက်လုံး** လဲကွယ်ခဲ့တယ်။ ဒါဖြင့် **အကန်းဘဝ** နဲ့ အချိန်တွေကုန်ခဲ့တယ်ပေါ့။

ဒီကရှေ့ အကန်းဇာတ်သိမ်းပါတော့။ အကန်းဇာတ်သိမ်းယင် ဒဿနဋ္ဌောဆိုတဲ့ မြင်ပုံကလေး ထင်ရှားလာလိမ့်မယ်။ ဒဿနဋ္ဌောဆိုတာ ဒုက္ခသစ္စာမြင်မှု၊ နိရောဓသစ္စာ မြင်မှုကို ဆိုတာ၊ ဗြဟ္မာတွေဟာ အလွန်တန်ခိုးကြီးတယ်။ လူ့ပြည်နဲ့ အောက်ဆုံး ဗြဟ္မာ့ပြည်ဟာ ယူဇနာပေါင်း ၂၂၆၀၀၀၀-လောက်ဝေးတယ်။ ဒီလောက်ဝေးတာကို ဗြဟ္မာမျက်လုံးနဲ့

ကြည့်ယင် လူ့ပြည်မှာရှိတာတွေကို ချက်ချင်း မြင်နိုင်တယ်။ ဒီလောက် ထက်မြက်တဲ့ ဗြဟ္မာမျက်လုံးတွေ အကုန်စုပေါင်းပြီးတော့ နိရောဓ=နိဗ္ဗာန်ကိုကြည့်ပါ။ မမြင်ပါဘူး။ အဲဒီမျက်လုံးတွေထက် သမ္မာဒိဋ္ဌိ မျက်လုံးက ပိုပြီးထက်တယ်။ ဗြဟ္မာတွေ ဘယ်လောက်တန်ခိုးကြီးကြီးဘယ်လောက် မျက်လုံးကောင်းကောင်း တော်တော်ကြာ ဗြဟ္မာ့ပြည်ကနေ လူ့ပြည်ဆင်းပြီ ဝက်ဖြစ်ချင်လဲ ဖြစ်သေးတယ်။ နောက် ငရဲလဲကျနိုင်တယ်။ ခင်ဗျားတို့လဲ ဗြဟ္မာ ဖြစ်ခဲ့တာပဲ။ ဗြဟ္မာလူထွက်တွေပဲ။ ဗြဟ္မာ့ပြည်ကနေ အခု လူ့ပြည် ရောက်နေကြတာပဲ။ ရောက်တော့ အခုဖြင့်လောဘဇော ဒေါသဇော မောဟဇောတောထဲမှာ ရောက်နေတယ်။

ဒီတော့ သာသနာနဲ့ တွေ့ကြုံခိုက်မှာ ဒီ ဗြဟ္မာ မျက်လုံးထက် ပိုထက်မြက်တဲ့ **သမ္မာဒိဋ္ဌိမျက်လုံး** ကို မလွတ်တမ်း ရအောင်ယူကြပါ။ ဒါရထားမှ၊ ရမထားယင် နောင်ဘဝ ဘာဖြစ်မယ်ဆိုတာ မသေချာဘူး။ လားရာဂတိ မမြဲဘူး။ ပရမ်းပတာကျတဲ့ဘေး (ဝိနိပါတိကဘေး)မှ မလွတ်နိုင်ဘူး။ ပရမ်းပတာကျဦးမှာပဲ။ တိရစ္ဆာန်လား ငရဲလား ပြိတ္တာလား အကျိုးလားအကန်းလား အရူးလား အအ လား။ ဘယ်ကျမယ်လို့တော့ မဆိုနိုင်ဘူး။ ပရမ်းပတာ ဘေးကတော့ မလွတ်ဘူးဗျ။ ဒီဘဝမှာ ဒဿနဉာဏ်=နိဗ္ဗာန်မြင်အောင် လုပ်ပါ။ အခုကြည်သယောင်ယောင် ရှိနေတဲ့ မျက်လုံးဟာ တော်တော် (အယင်လို) တိမ်သလာတွေအကုန်ဖုံးသွားမယ်။ ဖုံးယင် ဦးတဲ့ရာသွားပြီး သူများစားဖတ် ဝါးဖတ် ဖြစ်ရလိမ့်မယ်။

ဒါကြောင့် ဒဿနဋ္ဌောဟာ သာမညအရေးမဟုတ်ဘူးနော်။ မရယင် ဖြင်ကို မဖြစ်ဘူး။ ဒဿနဋ္ဌော ဖြစ်တဲ့အခါကျတော့ (ဓမ္မသင်္ဂဏီမှာ) သမ္မတ္တနိယတာဓမ္မာလို့ ဘုရားကဟောတယ်။ သမ္မတ္တနိယတာဆိုတာ စုတေတဲ့အခါ ဘယ်တော့မှ ပရမ်းပတာ မကျတော့ဘူး။ ဘဝမြဲသွားပြီ။ ကိုယ်လိုချင်တဲ့ဆီရပြီးမြဲတယ်။ ဒီမှာ သောတာပန်ဖြစ်ယင် ကိုယ်လိုချင်တဲ့ နတ်ပြည်မှတပါး ဘယ်မှမသွားတော့ဘူး။ ဒဿနဋ္ဌောဆိုတဲ့ နိဗ္ဗာန် မမြင်သေးယင်ဖြစ်ရာဘဝ လားရာဂတိ မမြဲသေးဘူး။ မမြဲတော့ ခင်ဗျားတို့ ဒီဘဝမှာ လူ၊ နောက်ဘဝမှာ ဂျိုကြီး ၂-ခုနဲ့ကျွဲကြီးသွားဖြစ်မယ်။ အစွယ်ငေါငေါကြီးနဲ့ ခွေးလဲဖြစ်မှာပဲ။ ပရမ်းပတာ ကျမယ့်ဘေးက မလွတ်ဘူး။

ဒါကြောင့် ဒဿနဋ္ဌော မြင်အောင် ဒီဘဝလုပ်ယင်လုပ်၊ မလုပ်ယင် ကိုယ်ကျိုးကြီးနည်းပြီ။ ဒီဘဝ စီးပွားရေး ကြွားရေး ဝါရေး အရေးကြီးပြီး လူ့အောက်ကျမှာလေး ကြောင့် ကျတဲ့အလုပ်နဲ့ လုပ်နေယင်တော့၊ နောက် လူ့အောက်မကပါဘူး။ ဒယ်အိုး (ငရဲအိုး) ရောက်အောင် ကျပါလိမ့်ဦးမယ်။ သံသရာရေယာဉ်ကြောမှာမျောကာမြုပ်ကာနဲ့ **အမျောသမား၊ အမြုပ်သမား** ဖြစ်နေမှာပဲ။

ဒါဖြင့် ဒဿနဋ္ဌောဖြစ်ဖို့ရာ အင်မတန် အရေးကြီးပါတယ်။ ဒီတော့ ဒဿနဋ္ဌောဖြစ်အောင် ဒီလိုလုပ်ပါ။ ခင်ဗျားတို့ ခန္ဓာကိုယ်မှာ ဝေဒနာ ၃-ပါးဟာ လှည့်ပေါ်နေမှာပဲ၊ ပေါ်

လာတိုင်း ဖြစ်ပျက်ရှုပါ။ ဝေဒနာဖြစ်တိုင်း စိတ်ဟာ တခါတည်း ပါတာပဲ။ စိတ်ဖြစ်တိုင်းလဲ ဝေဒနာဟာ အမြဲပါတာပဲ။ ဒီတော့ ခင်ဗျားတို့သန္တာန်နဲ့ (ဟဒယဝတ္ထု) မှာ လောဘစိတ် (လိုချင်တဲ့စိတ်) ဒေါသစိတ် (မုန်းတီးတဲ့စိတ်) မောဟစိတ် (မသိတွေဝေတဲ့စိတ်) စတဲ့ စိတ်တွေဘမျိုးမျိုး ဖြစ်ပေါ်နိုင်တယ်။ ဘယ်စိတ်ပေါ်ပေါ်၊ ပေါ်လာတဲ့စိတ်ကို ဖြစ်ပျက်ရှုပါ။ ဒါန သီလမှုတွေပြုတဲ့အထိ ကုသိုလ်စိတ်တွေပေါ်မယ်။ ပေါ်ယင်လဲ ဖြစ်ပျက်ရှုပါ (မရှုယင် ကုသိုလ်ခင်တွယ်တဲ့ တဏှာလာမယ်) ဒီတော့ ဝေဒနာ ၃ ပါးတွင် ဘယ်ဝေဒနာ ပေါ်ပေါ် ဖြစ်ပျက်ရှု။ **ဝေဒနာနုပဿနာ** ဖြစ်တယ်။ ကုသိုလ်စိတ်တွေ အကုသိုလ်စိတ်တွေလဲ ဘယ်စိတ်ပဲပေါ်ပေါ် ပေါ်တဲ့စိတ်ကို ဖြစ်ပျက်ရှု။ **စိတ္တာနုပဿနာ** ဖြစ်တယ်။ ဒီတော့ ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်မြင်ယင် ယထာဘူတဉာဏ်ဖြစ်ပြီ။ နောက်ဆက်ရှုလို့ ဖြစ်ပျက်မုန်းလာယင် နိဗ္ဗိဒါဉာဏ်ဖြစ်ပြီ။ နောက်မုန်းလျက်နဲ့ပဲ ပေရှုလို့ ဖြစ်ပျက်ဆုံးသွားယင် မဂ်ဉာဏ် ဖြစ်ပြီ။ မဂ်ဉာဏ်ရယင် ဒဿနဋ္ဌောဖြစ်ပြီး နိဗ္ဗာန်ကိုမြင်ပြီ။ နိဗ္ဗာန်မြင်ယင် အပါယ်လွတ်၍ သုဂတိဘဝမြဲသွားပြီ။

ဖြစ်ပျက်ဟာ ဒီရုပ်နာမ်တွေပဲ။ ခန္ဓာတွေပဲ၊ ဒါတွေဟာ ဒုက္ခသစ္စာအစစ်တွေပဲ။ ၃၁-ဘုံအတွင်းရှိ ရုပ်နာမ်တွေဟာ ဒုက္ခသစ္စာချည်းပဲ။ အိုဘေး နာဘေး သေဘေးတွေနဲ့ ရောထွေးနေတာပဲ။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿမီး တွေနဲ့လဲ လောင်နေတာပဲ။ ဒီတော့ ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာဖြင့် လောင်နေတာပဲလို့မြင်လာမယ်။ မြင်တဲ့အခါကျတော့ အင်း....ဒုက္ခအစစ်

သိတာဟာ ဒီခန္ဓာကြီးကိုးလို့ ခင်ဗျားတို့ ပိုင်ခြားသိမြင်လာလိမ့်မယ်။ အဲဒီကျတော့ ဒီခန္ဓာကြီးဘော့ဖြင့် မရချင်တော့ပါဘူးဆိုတဲ့ ဉာဏ်အမြင်ပေါ်လာမယ်။ ဒီဉာဏ်ပေါ်လာတဲ့အခါကျတော့ ဒီခန္ဓာ ၅-ပါးဟာ ချုပ်သွားတယ်။ ဒုက္ခချုပ်သွားတယ်။ ဒုက္ခချုပ်သွားတော့ ဒီနေရာမှာ သုခသစ္စာ=နိဗ္ဗာန်ကျန်ရစ်တယ် ပေါ်လာတယ်။ အဲ....ဒုက္ခမရှိတာဟာနိဗ္ဗာန်ပဲ။ ဒုက္ခမရှိတာကို သိတာဟာ မဂ်ဉာဏ်ပဲ။ မဂ်ဉာဏ်ဖြစ်ယင် မဂ္ဂင် ၅-ပါးက ၈-ပါးဖြစ်လာတယ်။ ဝိပဿနာမဂ္ဂင်အလုပ်ဟာ ဒီမဂ်ဉာဏ်အစစ်ရောက်မှ ပြီးဆုံးတယ်။ ကိစ္စပြီးတယ်။ မဂ်ဉာဏ်ရယင် နိဗ္ဗာန်မြင်ပြီး ဒသနဋ္ဌောဖြစ်ပြီ။ အဲဒီကျမှ စိတ်အေး လက်အေး ဘဝင်အေးပြီး အေးအေးနေကြပေတော့။ ဒဿနဋ္ဌော မဖြစ်သေးယင် **အမျောသမား–အမြုပ်သမား** ပဲဖြစ်မှာပဲ။

## ၄၀။ ပုထုဇဉ်နှင့်ဥန်းစလွှား

မဂ္ဂသစ္စာမှာ အဓိပဒေတယျင္ဌသဘောရှိတယ်။ အဓိပတေယျင္ဌဆိုတာ မဂ်၏အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာ ၃-ခု။ ရဟန်းမှုတွင် သူ့ပြင်၌ရှိ ကြီးဘိတုသတ် အထွတ်အထိပ်ဖြစ်သော သဘောကိုဆိုလိုတယ်။ ဝေဒနာဖြစ်ဖြစ် စိတ်ဖြစ်ဖြစ် ရှုတော့ ဖြစ်ပျက်ဒုက္ခတွေမြင် ဖြစ်ပျက်ဒုက္ခတွေမုန်း ဖြစ်ပျက်ဒုက္ခတွေဆုံးသွားယင် မဂ်ဉာဏ်ပေါ်လာမယ်။ မဂ်ဉာဏ်ပေါ်လာယင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်တယ်။ အဓိဆိုတာ အကြီးအကဲ လွန်မြင့်မြတ်ခြင်း အဓိပ္ပာယ်ရှိတယ်။ ဝိပဿနာရှုတုံးမှာရှိတဲ့ သီလ သမာဓိ (စိတ္တ) ပညာတို့ဟာ သာမည သီလ သမာဓိ ပညာလောကီပဲရှိသေးတော့ မခိုင်မြဲသေးဘူး။ အလုပ်မခံဘူး။ စုဘောပြီးနောက် ပျက်စီး သွားနိုင်တယ်။ မဂ်ဉာဏ်ပေါ်တဲ့အခါ ဖြစ်လာတဲ့သီလ သမာဓိ ပညာကတော့ ထူးကဲမြင့်မြတ် အကြီးအကဲဖြစ်လာတဲ့ အဓိသီလ အဓိစိတ္တ အဓိပညာမျိုး ဖြစ်သောကြောင့် ခိုင်မြဲသွားတယ်။ အလုပ်ခံနိုင်တယ်။ စုတေပြီးနောက်လဲ ဘယ်တော့မှ မပျက်စီးတော့ဘူး။ ဒီတော့ ပုထုဇဉ်မှာရှိတာကတော့ သာမညသီလ သမာဓိ ပညာလောကီပဲရှိတာ။ အရိယာ ဖြစ်လာတဲ့အခါမှာတော့ ဒါတွေဟာ အဓိသီလ အဓိစိတ္တ (သမာဓိ) အဓိပညာဖြစ်သွားတယ်။

အဲဒီတော့ အဓိသီလ အဓိစိတ္တ အဓိပညာ ဖြစ်ဖို့ရန်မှာ မဂ်ဉာဏ်ရမှ အရိယာဖြစ်မှုဖြစ်တယ်။ မဂ်ဉာဏ်ရဖို့ရန်မှာ နိရောဓ နိဗ္ဗာန်မြင်မှုဖြစ်တာ။ နိရောဓ နိဗ္ဗာန်ချမ်းသာမြင်ဖို့ရန်လည်း

ဒုက္ခသစ္စာ=ဆင်းရဲမှုကို သေသေချာချာ သိမြင်မှ ဖြစ်တာ။ ဒီတော့ ဆင်းရဲတာမြင်မှ ချမ်းသာတာ ထင်ရှားလာမယ်။ ဆင်းရဲတာမှမမြင်ဘူးတဲ့ပုဂ္ဂိုလ်မှာ ချမ်းသာတာမထင်ရှားဘူး။ ချမ်းသာတာမြင်မှလဲ ဆင်းရဲတာဟာ ပိုထင်ရှားမယ်။ ဒုက္ခမြင်ယင် နိဗ္ဗာန်မြင်တယ် ဆိုတော့ ပုထုဇဉ်တွေဟာ မိမိတို့ရထားတဲ့ ခန္ဓာ နေရတဲ့ဘဝကို ဒုက္ခကြီးပဲလို့မြင်ဖို့ အရေးကြီးတယ်။ ဒါမမြင်သေးသရွေ့တော့ တကယ့်ချမ်းသာအစစ်ကို လိုချင်မှာမဟုတ်ဘူး။ ဒါကြောင့် ငါဗျားတို့ ဒုက္ခသစ္စာမြင်ဖို့ အရေးအတွက် **သုဘရာဇာ=ဒွန်းစဏ္ဍားဘဝ** အကြောင်းနဲ့ အကျယ်တဝင့် ပြောပြမယ်။

**ဒွန်းစဏ္ဍား**။ ။မန္တလေးမှာ ရွာဟိုင်း သုသာန်ဆိုတာ ရှိတယ်။ အဲဒီမှာ သုဘရာဇာ=ဒွန်းစဏ္ဍားတွေ ရှိတယ်။ သူတို့မှာ ဒီအထဲမှာပဲမွေး၊ သူတို့အဖေအမေတွေလဲ ဒီမှာ အိမ်ထောင်ကျ ဒီမှာမွေး။ ဒီမှာ နေဆိုတော့။ သူတို့မှာ အထူးကြောက်လန့်တယ်လို့မရှိဘူး။ ဘာကြောင့်တုံး။ ဒီမွေး ဒီနေလို့ပေါ့။ သူတို့မှာ မသာ=အသုဘလာလို့ရှိယင် ဝမ်းသာတယ်။ အသုဘလာလေ ဝမ်းသာလေပဲ၊ သူတို့အဖို့ ဒါဟာ လာဘ်ကြီးတခုဖြစ်နေတယ်၊ မြို့ထဲကလူတွေကျတော့ မသာ=အသုဘ ကိုယ့်လမ်းကသွားတာကို မကျေနပ်ဘူး။ နှာခေါင်းရှုံ့ကြတယ်။ ကြောက်ကြလန့်ကြတယ်။ ဒီတော့ အမြင်တမျိုးစီ ဖြစ်နေတာပေါ့။ မြို့ထဲကလူတွေက အမြင်တမျိုး၊ သုဘရာဇာ=ဒွန်းစဏ္ဍားအမြင်ကတမျိုး။ မြို့ထဲကလူတွေက အသုဘဆိုလို့ရှိယင် မင်္ဂလာမရှိ ရှုံစရာကြောက်စရာလို့ သဘောထားကြတယ်။

ဒွန်းစဏ္ဍာလ်တွေမှာတော့ ဒီဟာလာယင် ကူးတို့ခတို့ တွင်းတူးခတို့ လဘက် ကွမ်း ဆေးလိပ်စသည် ရဖို့ ဖြစ်တော့ လာဘ်ရှင်တဲ့နေ့ပေါ့။ သူတို့တော့ လာဘ်ရှင်တဲ့နေ့။ ခင်ဗျားတို့က အမင်္ဂလာနေ့။ ဘာမျှ ထူးခြားနေတုံးဆိုတော့ မွေးဇာတိ ထူးခြားနေတယ်။ သူတို့မှာတော့ ဒီ (သုသာန်) အထဲမှာမွေး၊ ဒီအထဲမှာနေတော့။ မွေးဇာတိ ထူးခြားနေတယ်။ သူတို့မှာ ဒီအထဲမှာနေ ဒီမြေပုံပေါ်မှာ ကျက်စားကြတာပဲ။ အသုဘမှာ မြင်းဘောင်တို့ မျက်နှာကျက်တို့ ပါလာယင် သူတို့က အိမ်ဆောက်ဖို့ ကာရံဖို့ ယူကြင်ကြတယ်။ ဒီတော့ အသုဘလာလေ သူတို့ဝမ်းသာလေပဲ။ ခင်ဗျားတို့ကတော့ အိမ်ရှေ့လာမဖြတ်နဲ့။ ဟုတ်လား၊ အံမာ ခင်ဗျားတို့ကလဲ သွေးကြီး မွေးကြီးရှိလိုက်တာ။ သူတို့ကတော့ လာဘ်ကြီးဖြစ်နေတယ်။

အဲဒါဘာယ်နှယ်ကြောင့် လာဘ်ကြီးဖြစ်နေရသတုံး ဆိုတော့ သူတို့က နန်းတော်နဲ့တူတဲ့ ရွှေပြောင်ပြောင်နဲ့ အလွန်ခမ်းနားကြီးကျယ်တဲ့ နေရာမရောက်ဘူးတော့ သူတို့နေရာလေးနဲ့ သူတို့တော့ တလားပျက်တို့ မြင်းဘောင်တို့စသည်နဲ့ ဆောက်ထားတဲ့ အိမ်လေးနဲ့ နေထိုင်ရတော့ သူတို့အချင်းချင်း အိမ်ချင်းပြိုင်ပေါ့ဗျာ။ သူတို့ဟာနဲ့သူတို့တော့ အတင်းတိမ်ကြီး တင်းတိမ်နေတယ်။ ဘာပြုလို့တုံး ဒီအထဲမွေး ဒီအထဲကြီးလို့။ နန်းတော်အိမ်တော်မရောက်ဘူးတော့ ကိုယ့်အိမ်နဲ့ကိုယ် ကျေနပ်နေကြတယ်။ ပျော်နေတာပဲ။ ဒါပေမယ့်သူတို့ဟာ သူဆင်းရဲအမွဲနော်။ သူတို့အမျိုးနဲ့ သူတို့အရိုးနဲ့ သူတို့ဖြစ်လာတာမို့ သူတို့မင်္ဂလာက

တမျိုးဗျ။ သူတို့မင်္ဂလာက မြို့ထဲကမသာများများလာလေလေ သူတို့မှာလာဘ်ရှင်လေလေ မင်္ဂလာရှိလေလေ အကျိုးပေးသန့် လေလေပဲ။ ဒီလိုဖြစ်နေတယ်။ မြို့ထဲကလူတွေကတော့ ဒီမသာ တွေမြင်ရလေလေ အမင်္ဂလာ ဖြစ်လေလေ အန္တရာယ်ကင်း ပရိတ်တွေရွတ်လေပဲ။ သူတို့မှာတော့ ဒါတွေလာတဲ့နေ့မှာ အကျိုးပေးသန့်တဲ့နေ့ပဲ။ တွင်းတူးတဲ့လူက တွင်းများများတူး ရလို့၊ နှစ်ကျပ်၊ သုံးကျပ်၊ စသည်ရတယ်ဆိုပြီး ငွေဝင်များ တာပေါ့ဗျား။ သူတို့မှာ ဒီနေရာမှာ ကြောက်တယ်လန့်တယ်လို့ မရှိဘူး။ သူဟာနဲ့သူပျော်နေတာပဲ။ ခင်ဗျားတို့ကတော့ ဒီမသာ တွေလိုက်ပို့နေရတာနဲ့ ကြာတော့ အော်ဂလီဆန် အန်ပြီး ပို့ပဲ မပို့ချင်တော့ဘူး။ မတတ်သာလို့သာပို့နေရတယ်လို့ လာမှာ ဗျ။ ဘာကြောင့် အမင်္ဂလာ=မသာအသုဘနဲ့ လိုက်နေရလို့ ခင်ဗျားတို့က နှာခေါင်းရှုံ့လေလေ သူတို့ကတော့ မင်္ဂလာ ရှိလေလေပဲ။

ဒီမှာလဲ ဝိပဿနာရှုနေဘာ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာ ကြီးကို မမြင်ရသေးတော့ ကိုယ့်ခန္ဓာကို အသုဘရယ်လို့ ယူလေ့ မရှိဘူး။ ဒုက္ခသစ္စာရယ်လို့ ယူလေ့မရှိဘူး။ ကိုယ့်အိမ်ကိုယ့်ယာ ကိုလဲ အင်မတန်ကောင်းတဲ့ ခန့်တဲ့အိမ် အင်မတန်ကျက်သရေ မင်္ဂလာရှိတဲ့အိမ်လို့ထင်နေတာလဲနှန်းစလွှားစိတ်ပေါက်လို့ပေါ့။ ရိပ်မိရဲ့လား။ သူဟာ စင်စစ်တော့ ဒုက္ခ သစ္စာပဲ။ ဒီအထဲမှာ အိမ်ဟာလဲ ဘာတုံးလို့မေးယင် သောင်တိုက်တလားတွေပေါ့။ ခဏခဏ ဖြစ်ပျက်နေတာ ဒုက္ခသစ္စာမဟုတ်လား။ စားရ

သောက်ရတာ ဒုက္ခသစ္စာ၊ အိမ်သာတို့ကလဲ အသုဘတွေစွန့်ရာ မဟုတ်လား၊ နေထိုင်ကြတဲ့ သားသမီးခန္ဓာတွေကလဲ ဒုက္ခသစ္စာ၊ အသုဘတွေမဟုတ်လား၊ ဒါပေမယ့် နိဗ္ဗာန်မမြင်ဘူးသေးတော့ ကိုယ့်ခန္ဓာအသုဘ သားသမီးခန္ဓာအသုဘတွေကြည့်ပြီး အတော် ဟုတ်နေတာပဲ။ ဘာပြုလို့ ပျော်မွေ့နေကြတာတုံး ဆိုတော့ ခုနက **ချမ်းသာတဲ့နိဗ္ဗာန်ကို** မမြင်ဘူးသေးတော့ ဒီဒုက္ခသစ္စာ ဆိုတဲ့ ဒွန်းစဏ္ဍားရွာ ဒွန်းစဏ္ဍားအိမ် ဒွန်းစဏ္ဍားအပြုအမူကိုပင် ပျော်စရာလို့ထင်နေကြတယ်။ ဘယ့်နှယ်ကြောင့် ပျော်ပါလိမ့်။ ဒီထက်ကောင်းတာမမြင်ဘူးသေးလို့၊ ဒီထက်ကောင်းတဲ့ နိရောဓ သစ္စာနိဗ္ဗာန်ကို မမြင်ဘူးသေးလို့ပေါ့။ အဲဒါ မမြင်ဘူးသေး တော့ **ကိုယ့်ငါးချဉ်ကိုယ်ချဉ်** နေကြတာပေါ့။

ဒါဖြင့် ခင်ဗျားတို့ နေထိုင်ကြတဲ့ တအိမ်လုံးကိုကြည့်ပါ။ ဘယ်အိမ်မှာ မသာ=အသုဘကင်းသတုံး။ မေးကြည့်။ ဘယ် အိမ်မှ မကင်းဘူး။ ဒါဖြင့် အသုဘတွေပဲ။ ဘေးက အကာအရံ တွေကလဲ ဒီအသုဘတွေကို ကာရံထားတာပဲ မဟုတ်လား။ အဝတ်တွေ ဘာတွေ ဘယ်လိုပဲအဖိုးတန် တန်ဆာပလာတွေ ဝတ်ထားတာကလဲ ဒါ အသုဘတွေ ဖုံးကြတာပဲ။ အင်း- နိဗ္ဗာန်မမြင်ဘူးသေးတော့ ကိုယ့်ဟာနဲ့ကိုယ်တော့ အံမယ် ငါက ဒီရွာထဲမှာ တော်တော် ထယ်တယ်ဝါဝါ အိမ်နဲ့နေနိုင်တယ်လို့ ပြိုင်လိုက်ဆိုင်လိုက်သေးတယ်။ ဒါဟာ....ဒွန်းစဏ္ဍားချင်း ပြိုင် တာပေါ့။ ဒါ နိဗ္ဗာန်မမြင်သေးခင် ဖြစ်နေတဲ့အဖြစ်ကို ပြော နေတာ။ နိဗ္ဗာန်ကို မမြင်သေးခင်သာ ခင်ဗျားတို့ ကိုယ့်ဟာနဲ့

ကိုယ် ဟုတ်လှပြီလို့ထင်နေကြတာ။ ချမ်းသာအစစ်ကို မမြင်ဘူးသေးတော့ ခုနက ဒွန်းစဏ္ဍားကလေးတွေလိုပဲ။ သူတို့အိမ်ပဲ သူတို့ရွာပဲဆိုပြီး အတော်မင်္ဂလာရှိနေသလို ဖြစ်နေတယ်။ ခင်ဗျားတို့လဲ သေသေချာချာ စဉ်းစားကြည့်တော့ ဘယ်အိမ်မှာပဲကြည့်ကြည့် ထွေးခံတို့ နောက်ဖေးအိုးတို့ အဆင်သင့်ရှိထားကြရတယ်။ ဘာလုပ်ဖို့။ အသုဘဖြစ်တဲ့ပစ္စည်းတွေစွန့်ဖို့။ ဒီပြင် ဘာပြောစရာရှိသေးသလဲ။ လက်သုတ်ပုဝါ မျက်နှာသုတ်ပုဝါ လက်ကိုင်ပုဝါတွေထားရတာလဲ အသုဘတွေအတွက် အကုန်ပြင်ဆင်ထားရတဲ့ အမိပ္ပာယ်ပေါ့။

သို့သော်လဲ ကိုယ့်အိမ်လေး ကိုယ့်ဟာလေးနဲ့ နေရတာကိုဪ....ဒီလောက်အကျိုးပေးယင် တော်သေးရဲ့ဆိုတော့၊ ဒါ ဒွန်းစဏ္ဍားမျိုး ကျေနပ်ဝမ်းသာနေတာလိုပဲ မဟုတ်လား။ ဒီ အသုဘတွေ များလေလေ ဝမ်းသာလေလေပဲ မဟုတ်လား။ သားသမီးတွေနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်လေး နေရလေလေ ဝမ်းသာလေလေ မဟုတ်လား။အံမာလေး သွေးကြီးလိုက်တဲ့ဖြစ်ခြင်း။ မပြောပါနဲ့တော့။ ဘာပြုလို့တုံး။ အသုဘတွေ များလို့တဲ့။ အဲ....နိဗ္ဗာန်မမြင်ရသေးခင်တော့ ဒီလိုပဲ ဘဝင်မြင့်နေတာပေါ့။ ဒီထက်ချမ်းသာတာ မမြင်ဘူးသေးတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာပေါ့။ အဲဒီတော့ ခင်ဗျားတို့ ဒီ အမြင်မပြောင်းယင် အဖြစ်မှန် မရသေးယင်တော့ ဒွန်းစဏ္ဍားစိတ်ပေါက်ပြီး ဒွန်းစဏ္ဍားအမြင်ပဲရှိနေသေးတယ်။ အခု ကိုယ့်ဟာလေးနဲ့ကိုယ် အသုဘတွေနဲ့နေလဲ ကျေနပ်နေတာပဲမဟုတ်လား။ဆေးရုံပေါ်

တက်နေရလဲ ကျေနပ်နေတာပဲ၊ ငါက ဆယ့်နှစ်ကျပ်တန်း၊ ဆယ့်သုံးကျပ်တန်း တက်နိုင်တယ်ဆိုပြီး အံမယ် ဘဝင်များ မြင့်နေလိုက်သေးတယ်။ ဒီအသုဘသားရာဌာနကြီးမှာ နေရတာကိုပင် ဘဝင်မြင့်ပြီးနေသေးတယ်။ ခင်ဗျားတို့က ဆယ့်နှစ် ကျပ်တန်း၊ ဆယ့်သုံးကျပ်တန်းတက်ရလို့။ အင်း မမာပေမယ့် တော်သေးရဲ့လို့ လာချင်သေးတယ်။ အဲဒါ **ဒုက္ခစက္ကားစိတ် ပေါက်ပြီး ဘဝင်မြင့်** နေတာပဲ မဟုတ်လား၊ ဒီတော့ နိဗ္ဗာန် မမြင်ရသေးယင် ဒုက္ခစက္ကား ချည်းမှတ်။ ဒုက္ခစက္ကားစိတ် ပေါက်ပြီး ဒုက္ခစက္ကားဘဝင်မြင့်နေတာ ချည်းပဲ။

ဒါကြောင့် ပဋိသမ္ဘိဒါမဂ်မှာ ဖွင့်ထားတာက ကပဏ္ဏ ဇနသဒိသ ဒုက္ခဒဿနေန။ အထီးကျန် လူဆင်းရဲ အမွဲ ဒုက္ခစက္ကားနဲ့ တူတာကိုမြင်သဖြင့် ကုလာဘ ကုလသဒိသ **အဓိပတေယျတ္ထေ** ပြန့်ပြောသော အမျိုးနဲ့တူတဲ့ အစိုးရခြင်း လက္ခဏာရှိသော နိဗ္ဗာန်သည် ထင်ရှားဖြစ်လာ၏။ နိဗ္ဗာန်ကို မြင်မှ ဒုက္ခစက္ကားအရပ် စွန့်ချင်တဲ့စိတ် ပြောင်းမှာ။ ဒီနေ ရာကဟုတ်သေးတယ်လို့ ဖြစ်နေယင် မပြောင်းချင်ပါဘူး။ ဒါကြောင့် ခင်ဗျားတို့ နိဗ္ဗာန်မရတာ ဒါ ဘာပြုလို့တုံးဆို တော့ ကိုယ့်ဒုက္ခစက္ကားရွာကို လွမ်းနေတာကိုး။ မဟုတ်ဘူး လား။ ခင်ဗျားတို့ အသုဘတွေနေတဲ့အရပ်ဟာ **ဒုက္ခစက္ကား ရွာကြီး၊ အသုဘရွာကြီး**ပဲ မဟုတ်လား။

ဒီတော့ ကိုယ့်ခန္ဓာ ကိုယ့်အသုံးအဆောင်တွေဟာ အကုန် ဒုက္ခသစ္စာချည်းပဲလို့ ဒုက္ခသစ္စာကို ပရိညေယျနဲ့ ပိုင်းခြားသိမှ ဒီဘက်သုခသစ္စာ (နိဗ္ဗာန်)ဘက် ကူးမှာ၊ ဒါလေး သုဘထင်

နေသေးယင် ကိုယ့်ကိုယ်လဲသုခ (သုဘ) ထင်နေသေးယင်၊ ဘယ်တော့မှ နိဗ္ဗာန်မကူးဘူး၊ ဘယ်ကူးမလဲ၊ တဏှာကမှမကုန် ပဲကိုး။ မကုန်တော့ သူ့အတွေးနဲ့သူဟာ သူ့ငါးချဉ်သူချဉ်ပြီး သူ့အရေးနဲ့ သူ့အရာနဲ့ ဟုတ်လှပြီထင်နေမှာပေါ့။ အင်း.... ဟုတ်လှပြီသာထင်ရတာ တော်တော်ကြာကျတော့ဒုက္ခသစ္စာ= အသုဘသစ္စာ ငေါငေါကြီးပေါ်လာတာပဲ။ ကဲ တယောက် သေကြည့်စမ်း။ ဘယ်သူကများ ဒီဥစ္စာကြီးကို ပူဇော်ထိုက် တယ်လို့ ထားချင်သေးတုံး။ မထားချင်ဘူး။ ဘာဖြစ်လို့တုံး။ အသုဘမို့။ အသုဘမို့ မြန်မြန်လားနှေးနှေးလား ၊ မြန်မြန်ပဲ။ သူ့ဘက်ကိုယ့်ဘက်ငဲ့ရလို့ ပြောမကောင်းလို့သာ အဲဒီတော့ ဒီဟာအသုဘမို့ အသုဘထွက် ထွက်တာပဲ။

အိမ်နောက်ဖေးမှာ အိမ်သာတွေဘာတွေဟာလဲ အိမ်ပေါ် ကအသုဘအတွက် ထားရတာ မဟုတ်လား။ အသုဘတွေမို့ အပြည့်အစုံထားရတယ်။ ခင်ဗျားတို့ဟာ အသုဘတွေဖြစ်လို့ အဝတ်လဲရတာနဲ့ ရေချိုးရတာနဲ့ ဖီးလိမ်းပြုပြင်ရတာနဲ့ အချိန် တွေကုန်နေတာပဲ။ အဝတ်အထည်တွေဆိုတာလဲ အသုဘကို ဖုံးဖို့ရှိဖို့ပဲ ။ အိမ်တွေဘာတွေ ဆောက်ထားတာလဲ မမာတဲ့ ဒုက္ခခန္ဓာကိုယ်ကြီးမှာ ဒုက္ခပိုမရောက်အောင် ကာကွယ်ထား ရတဲ့ ဆေးရုံကြီးသဘောပဲ မဟုတ်လား။ အဝတ်အထည်တွေ ကလဲ အသုဘဖို့ ပတ်တီးတွေပဲမဟုတ်လား။ ထမင်း ခဲဘွယ် ဘောဇဉ်တွေကလဲ ဆေးတွေပဲ။ ဒီခန္ဓာကြီးဟာ တနေ့အကြိမ် များစွာ အနာပေါက်လို့ ဆေးမျိုးစုံထားရတယ်။ စားစရာ

သောက်စရာ ဟူသရွေ့ဟာ ဆေးချည်းပဲ။ ဆေးဆိုတာ လူမမာစားရတာ။ ခင်ဗျားတို့ခန္ဓာကိုယ်ကြီးဟာ လူမမာမို့ ဒီလောက်ဆေးတွေ ဆောင်ထားရတာပေါ့။ အများကြီး ဆောင်ထားရတယ်ဆိုတော့ သာမညလူမမာမဟုတ်ဘူးနော် အတော်ကြီးတဲ့ လူမမာပဲ။

အေး....ဒါကြောင့် မင်းတို့ဟာ တကယ့် အထီးကျန် လူဆင်းရဲ အမွဲရောဂါသည်၊ နာတာရှည်ဗျ။ နာတာရှည်ကို မကုရတဲ့နေ့များ ရှိရဲ့လား။ မရှိဘူးတဲ့။ အင်း....နာတာငှည်လှ ချည်လား။ရှည်ဆို မွေးကတည်းက စကုလာခဲ့ရတာပဲ။ ထမင်းနဲ့ကု၊ ရေနဲ့ကု၊ အဝတ်နဲ့ကုရတယ်၊ မကုရတဲ့ နေ့များရှိယင် ခင်ဗျားတို့ အဘော်ထူးတဲ့ ပုဂ္ဂိုလ်ပဲ။ ကိုယ့်ကိုယ်ကို မကုနိုင်ခင် တုန်းက အမေအမေတွေဝိုင်းကုရတယ်။ ဒါနဲ့ပဲ သူပေးလူပေးနဲ့ တော်တော်လေး လူလားမြောက်လာပြီဆိုတော့ ကိုယ့်ကိုယ်တိုင် ရှာဖွေပြီး ကုရတယ်။ အမြဲကုနေရတော့ အားကိုအားကြသေး ရဲ့လား။ မအားဘူးတဲ့။ ဘယ်တော့အားမှာလဲ။ ဘယ်တော့မှ မအားဘူးတဲ့။ ဘာပြုလို့ ဒီလောက်မအားရတာတုံး။ ရောဂါသည် နာတာရှည်ဖြစ်လို့။ ရောဂါသည် နာတာရှည် ဆိုတာ အထီးကျန်ပေါ့ဗျာ။

ဒါပေမယ့် ခင်ဗျားတို့ကတော့ ဒုက္ခသစ္စာထဲမှာပင် ဒွန်းစဏ္ဍားပျော်—ပျော်နေကြတယ်။ ဒီလိုပြောတာနာသလား။ မနာနဲ့။ ဒီထက်ဆိုးတာပြောလိမ့်ဦးမယ်၊ ဒါကို မနာနဲ့တော့။

တကဲ့ကိုဖြစ်နေတာ။နိဗ္ဗာန်မမြင်သေးခင်တော့ ကိုယ့်ဟာလေးနဲ့ ကိုယ်ဟာ ဟုတ်နေတာပဲ။ ဒွန်းစဏ္ဍားတွေ နန်းတော်အိမ်တော် ရောက်သွားမယ်ဆိုယင် ကိုယ့်ဟာတွေကို အကုန်ကန်ချင် မှာပဲ။ သူစားနေတဲ့ ပစ္စည်းတွေလဲ ကန်ချမှာပဲ။ ဒွန်းစဏ္ဍား ရွာကိုလဲ ပြန်ချင်တော့မှာမဟုတ်ဘူး။ အခုတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတာပဲ။ ဒါကြောင့်မို့ ခင်ဗျားတို့ ဘုရားရှေ့ သွားပြီး ဆွမ်းတော်ပွဲနဲ့ ဖယောင်းတိုင်နဲ့ ဒီဘဝကနေ စုတေ မနေသေလွန်လို့ရှိယင် နတ်ပြည်ရောက်ရပါလို၏လို့ ဆုတောင်း ကြသေးတာပေါ့။ အနာရောဂါတွေ ဆက် ကု ပါ ရ စေလို့ ဆုတောင်းတာပဲမဟုတ်လား။ဒါ ဆေးရုံပြောင်းချင်တာပေါ့။ နတ် ပြည် ရောက် ချင် တာ ဟာ ဆေးရုံပြောင်း ချင်တာပဲ။ ဒါ ဒုက္ခသစ္စာကို ဟောနေတာ။ အဲဒီ ဒုက္ခသစ္စာကို ဒီလောက် ဆိုးမှန်းမသိသေးယင် နိရောဓသစ္စာကို မျက်မှောက်ပြုဖို့ မျှော် လင့်ချက်မရှိဘူး။ ဒီအတိုင်းသွားနေမှာပဲ။

ခင်ဗျားတို့ နေရတာ စားရတာတွေကို စဉ်းစားကြည့်စမ်း။ စားရတဲ့အစာတွေ ဝတ်ရတဲ့အဝတ်တွေဟာ မလှဲသာလို့ စားရ ဝတ်ရ ကိုင်ရတဲ့ ပစ္စည်းတွေချည်းပဲ၊ မစားပဲ မသောက်ပဲ မဝတ် ပဲသာ ကျန်းမာနေမယ်၊ ဆာလောင်မွတ်သိပ်တဲ့ အနာတွေ မပေါက်ဘူးဆိုယင် ခင်ဗျားတို့ ဒီအဝတ်တွေ ဝတ်ဖြစ်မှာ မဟုတ်ဘူး။ ဒီအစားတွေ စားဖြစ်မှာ မဟုတ်ဘူး။ အခုတော့ ဒီဆာလောင်တဲ့အနာ၊ အပူနာ၊၊ အအေးနာတွေပေါက်နေလို့ မလှဲသာလို့ ဒီအစားတွေစားရ ဒီအဝတ်တွေဝတ်ရ ခြုံရတာ၊

ဒါတွေဟာ စင်စစ်တော့ အသုဘ ပြင်ဆင်မှုချည်းပဲ။ အသုဘ အနာတွေ ကုဖို့ပဲမဟုတ်လား။ ဒါတွေနဲ့ အမြဲကုနေပေမယ့် နာတာရှည်က ပျောက်ရဲ့လား။ မပျောက်ဘူး။ အင်း နိဗ္ဗာန် ကျမှ ခင်ဗျားတို့ နာတာရှည်ပျောက်မှာ။ ဒီကြားမှာဖြင့် သူလဲ ဝေဒနာသည် ငါလဲဝေဒနာသည်။ အဖေအားကိုးတော့ အဖေလဲဝေဒနာသည်ပဲ။ သားလဲဝေဒနာသည်ပဲ။ ဘယ်သူက ဘယ်သူ့ကို ကယ်တင်နိုင်သလဲ။ မကယ်တင်နိုင်ဘူး။ ကိုယ်လဲ ဒွန်းစဏ္ဍားအမွဲ။ သူလဲ ဒွန်းစဏ္ဍားအမွဲဆိုတော့ ခွက်ချင်းခုတ် နေဖို့ မလိုဘူး။

အမေက သားကိုချစ်ပါတယ်ဆိုလဲ မကယ်နိုင်ဘူး။ သားက အမေကိုချစ်ပါတယ်ဆိုလဲ မကယ်နိုင်ဘူး။ လောကွတ်တွေတော့ ပြောကြမှာပေါ့။ အဟုတ်တမ်းကျတော့ သားနဲ့အမေကွဲကြ မှာပဲ။ သေကွဲနဲ့ရှင်ကွဲ တကွဲကွဲပေါ့ဗျာ။ အမေလဲ အနှိပ် စက်ခံနေရတဲ့ ဒုက္ခသည်၊ သားလဲ အနှိပ်စက်ခံနေရတဲ့ဒုက္ခ သည်၊ အဲဒီတော့ ဘယ်သူကဘယ်သူ့ကိုမှ ကယ်လို့မရတာကို ထောက်ကြည့်တော့မှ ဩော်....ဒီအထဲသာနေလို့ရှိယင် ဒုက္ခက နှုတ်ခမ်းပဲ့ချင်း မီးမှုတ် နေရမှာပဲဆိုတာ ပေါ်လာတာပဲ။ သားလေး ချစ်ပါတယ်ဆိုလို့လဲ တော်တော်ကြာ သားက ထော်လော်ကန့်လန့် ဖြစ်တာကတမျိုး။ သေပွဲ ဝင်တာက တမျိုး။ ရောဂါတွေ စွဲကပ်လာတာကတမျိုး၊ အမေမိဘ ဘာတတ်နိုင်သေးသတုံး၊ အမေအဖေဖြစ်တာကိုလဲ သားသမီး များက ဘာတတ်နိုင်သေးသတုံး၊ မတတ်နိုင်ဘူးတဲ့။ ဘာပြုလို့၊

အားလုံးဒုက္ခသစ္စာအသုဘတွေချည်းမို့။ အဲဒီလောကွတ်တွေကို ခင်ဗျားတို့က အဟုတ်ယုံပြီးနေတော့ ဒုက္ခသစ္စာက ကွယ်နေတယ်။ ဒါ ခင်ဗျားတို့ဖြစ်စဉ်၊ အဲဒါ အမေက သားသမီး ပြောလဲယုံတာပဲ။ သားသမီးက အမေကို ကန္ဒကယန့် ပြောပြန်တော့လဲ ယုံတာပဲ။ ဩော်....ဒုက္ခသစ္စာမမြင်လို့ယုံတာ။

ဒါဖြင့် ခင်ဗျားတို့ သစ္စာဆိုတာ စာထဲမှာသာ ဖတ်တတ်တာပေါ့။ ခန္ဓာကိုယ်ထဲမှာ မမြင်ဘူးဆိုတဲ့ အဝိဇ္ဇာယ်ရောက်နေတာပေါ့။ ဒီအဝိဇ္ဇာယ် ရောက်နေလို့ပေါ့။ ခင်ဗျားတို့ သစ္စာဉာဏ်လဲမရ။ကိစ္စဉာဏ်လဲမရလို့ အခုဒါတွေပြောနေရတာ။ ဒီတော့ ခင်ဗျားတို့ အခြေအနေကဖြင့် ဒုက္ခသစ္စာတွေကို လွဲလို့ကိုမရပဲ ကိုယ်တိုင် ခံစားနေရတဲ့ အတွက် ကိုယ့်ဖြစ်စဉ် ဟူသရွေ့ အကုန်ဖြုတ်၊ တခုမှအကောင်းမရှိဘူး။ မပါဘူး။ ဒွန်းစဏ္ဍား စိတ်ပေါက်ပြီး ဒွန်းစဏ္ဍား အနေမျိုးနေ့ရ။ ဒွန်းစဏ္ဍားအစားမျိုးတွေ စားနေရတယ်ဆိုတဲ့ အဝိဇ္ဇာယ်ပဲ။ ဘာပြုလို့တုံး။ နိဗ္ဗာန်ကျတော့ ဒီအနာတွေ မရှိတော့ဘူး။ သုပေးလူပေးတွေ ယူဖို့မလိုတော့ဘူး။ အဝတ်အထည်တွေ ခြုံဖို့ရုံဖို့ မလိုတော့ဘူး။ ဘာပြုလို့တုံးဆိုတော့ သဘာဝ ကောင်းလို့ ပေါ့ဗျာ။ မပြုပြင်ပဲနဲ့ ကောင်းတဲ့ အသင်္ခတကိုး။ အသင်္ခတဆိုတာ မပြုပြင်ပဲနဲ့ ကောင်းနေတာ။ ဒါဖြင့် ခင်ဗျားတို့ ပြုပြင်နေရတာကို ထောက်သဖြင့် ဩော်.... သင်္ခါရ ဒုက္ခပါလားဆိုတာ ပေါ်လာတယ်။ ခင်ဗျားတို့ဟာ ဒီသင်္ခါရဒုက္ခကို မသိသေးတော့ နဲနဲတော့ချဲ့ပေးရဦးမယ်။

**သင်္ခါရဒုက္ခ၊** ။ကဲ....ဝက်သားဟင်း ကြက်သားဟင်း တခုခုစားချင်ဘယ် ဆိုပါတော့၊ ဈေးသွားပြီး အဝယ်ခိုင်းရတာနဲ့၊ ဆား ဆီ နနွင်းတွေနဲ့ လုပ်ကိုင် ချက်ပြုတ်ရတာနဲ့ ဆိုတော့ ဒါသင်္ခါရချည်းပဲ။ ပြီးတော့ ဒီပြုပြင်လိုက်တဲ့ဟင်း စားတော့ လျှာပေါ်မှာ သုခလေးပေါ်တယ်။ ဝမ်းထဲလဲ သောမနဿလေးပေါ်တယ်။ ဒီသုခလေးဟာလဲ ကြာရဲ့လား။ မကြာဘူး။ ခဏလေးနဲ့ ပျက်သွားတာပဲ။ ပျက်သွားတော့ ဒုက္ခပေါ့ဗျာ။ သုခဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ (သုခဝေဒနာကို ဒုက္ခအားဖြင့်သိအပ်၏)လို့ ဘုရားကဟောတယ်။ ဒါဖြင့် သင်္ခါရရယ် ဒုက္ခရယ် ဒါပဲရှိတယ်။ သင်္ခါရဆိုတာ ပြုပြင်နေရဘာပဲ။ သူလဲ ဒုက္ခဘာမျိုးပဲ။ ပြုပြင်လို့ ပေါ်လာတဲ့ သုခဝေဒနာလေးကလဲ ပျက်တဲ့ဒုက္ခမှာ လမ်းဆုံးတာပဲ။ ဒီတော့ သင်္ခါရနဲ့ဒုက္ခ ပေါင်းယင် သင်္ခါရဒုက္ခပဲ။ ခင်ဗျားတို့ အခုနေခဲ့ကြရတာ နှစ်ပေါင်းလဲ များလှပါပြီ။ ဘာနဲ့အချိန်ကုန်ရတုံး။ သင်္ခါရဒုက္ခနဲ့ပဲ အချိန်ကုန်ရတယ်တဲ့။ သုခကိုမလာဘူး။ ဒါဖြင့် တသက်လုံးရှာနေတာက သင်္ခါရ၊ နောက် နဲနဲချမ်းသာယောင်လေးပေါ်လာပြီး ပျက်စီးသွားတော့ ဒုက္ခ လမ်းဆုံးတယ်။ ဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သုခကိုအပ်ဖျားနဲ့ထောက် (ရှာ)လို့ တထောက်စာမှမရှိ (တွေ့)ဘူး။ ဘာတွေရှိသလဲ။ ဒုက္ခတွေသာရှိတယ်။ ဘာဒုက္ခလဲ။ သင်္ခါရဒုက္ခ။ နေရတာလဲ ဘာနဲ့နေရသတုံး။ သင်္ခါရဒုက္ခနဲ့သာနေရတယ်။ သင်္ခါရတွေက မနဲထုမနေရတယ်။ နောက် သုခလေးရမလား အောက်မေ့ခါ ရှိသေး၊ တခါတည်း ဒုက္ခငင်လာတာပဲ။ သက်သာရာများ

ပါသေးရဲ့လား။ မပါဘူးတဲ့။ ဒီလိုသင်္ခါရဒုက္ခနဲ့ချည်း အချိန်တွေကုန်ရငြားသော်လဲ၊ ဒီသင်္ခါရဒုက္ခကိုခင်ဗျားတို့က သုခထင်နေပြီး ကိုယ့်ဟာကိုယ် အတော်ဟုတ်နေပြီ ထင်နေတာ အဲဒါ ဒွန်းစဏ္ဍားစိတ်ပေါက်လို့ပေါ့။

အဲဒီဒုက္ခသစ္စာကြီးကို ခင်ဗျားတို့က ရှင်းရှင်းလင်းလင်း ပိုင်ပိုင်နိုင်နိုင်လဲ မမြင်သေး၊ သူ့အပေါ်လဲ အကျိုးအပြစ်တွေမသိသေးတော့၊ ခင်ဗျားတို့မှာ သင်္ခါရဒုက္ခကို ကြိုက်နေတယ်။ သင်္ခါရဒုက္ခကို ကြိုက်နေယင် အသင်္ခတသုခ ကို ဘယ်တော့မှ မရဘူးမှတ်။ ဒါဖြင့် သင်္ခါရဒုက္ခကို ဒွန်းစဏ္ဍားကြိုက် ကြိုက်နေတယ်။ ကိုယ့်ဟာလေးနဲ့ကိုယ်ပဲ အဟုတ်လုပ်ပြီး ပျော်နေတော့ ဒါ ဒွန်းစဏ္ဍားပျော် ပျော်နေတာပေါ့။ အဲဒါ ဒုက္ခသစ္စာကို သုခထင် နေလို့ပျော်ပျော်နေနိုင်ကြတာ။ စင်စစ်တော့ ပျော်စရာကို တကွက်မှမပါဘူး။ ဒီတော့ ခင်ဗျားတို့ ဘာ့ကြောင့် နိဗ္ဗာန်မရောက်တာဆိုတာ ပေါလောကြီး ပေါ်လာတယ်။ခင်ဗျားတို့က ဒုက္ခသစ္စာကိုလဲမမြင် ဒုက္ခသစ္စာကိုလဲ သုခလို့ ထင်နေတာမို့ ဒွန်းစဏ္ဍားပျော် ပျော်နေတာ။အဲဒါကြောင့် နန်းတော်အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန်မရောက်တာ။ဒါဖြင့် ဒီ ဒွန်းစဏ္ဍားစိတ်မပျောက်သရွေ့ ဘယ်တော့မှရှင်ဘုရင်စိတ်ပေါက်မှာမဟုတ်ဘူး။ အဓိပတိစိတ်ပေါက်မှာ မဟုတ်ဘူး။ကျွန်စိတ် ကူလီစိတ် ဒွန်းစဏ္ဍားစိတ် ပဲ ပေါက်နေမှာပဲ။

အဲဒီတော့ အယင်တုန်းက သာမညဝိပဿနာစိတ်တွေ သီလတွေ သမာဓိတွေ ပညာတွေဟာ ဒီ ဒွန်းစဏ္ဍားသဘောကို

ကောင်းကောင်းမကျော်နိုင်သေးဘူး။ ဒွန်းစဏ္ဍာလစိတ် ပျောက်ပြီး ဒွန်းစဏ္ဍာလအထည်ကြီး စွန့်ပစ်အောင် မတတ်နိုင်သေးဘူး။ ဒါသေချာတယ်။ ရှေးကဆောက်တည်ခဲ့တဲ့ သီလ သမာဓိ ပညာတွေဟာ ခင်ဗျားတို့မှာ အထိုက်အလျောက်ရှိပေမယ့် ဒီနိရောဓ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့သဘော မရောက်သေးဘူး။ မရောက်သေးတော့။ သူတို့က ပစ်ချလိုက်ယင် ဒွန်းစဏ္ဍာလရွာအထိ ကျမယ်။ အဲ လူ့ပြည် နတ်ပြည်ဆိုတာ ရွာကြီး ရွာလေးပဲ ကွာမယ်။ ရွာကြီးနဲ့ရွာလေးပဲ ပြောင်းချင်ပြောင်းမယ်ပေါ့။ နန်းတော်ကြီးဖြစ်တဲ့ နိဗ္ဗာန်ကိုတော့ မရောက်နိုင်ဘူး။ ဘာ့ကြောင့် ဒွန်းစဏ္ဍာလစိတ် မပျောက်လို့ ရှင်ဘုရင်စိတ် မပေါက်လို့။ ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခသစ္စာအစစ်လို့ မသိသေးသရွေ့တော့ နိရောဓသစ္စာလာဖို့ရာ ဝေးပါသေးတယ်။ ဒီရှေ့ ဒွန်းစဏ္ဍာလစိတ်ပျောက်ပြီး ဒွန်းစဏ္ဍာလရွာကိုစွန့်ပါ။ ဒါမှ ဘုရင်စိတ်ပေါက်ပြီး နန်းတော်ရောက်မှာ။ ရိုးရာစွန့်ဖို့တော့ တယ်လွယ်မယ် မထင်ဘူး။

ဒါကြောင့် မိမိတို့အဖြစ်ဟာ အဖြစ်ဆိုးကြီးပါလားလို့ သေချာမှ နိဗ္ဗာန်ကြိုက်မှာ၊ ဒီ အဖြစ်ဆိုးကြီးကိုပင် အင်း....ကိုယ့်အကျိုးပေးနဲ့ ကိုယ့်ကံနဲ့ကိုယ် တန်ရုံပဲ လူ့သလောက်တော့ လူ့တာပဲနဲ့ ကျေနပ်နေယင်တော့ ကိုယ့်ရွာကို အပျော်ဆုံးပဲ ဟုတ်လား၊ ပျော်နေတော့ ထွက်ပေါက်ရှာမတွေ့တော့ဘူး။ ဒါမှားသလား၊မယုံယင် ကိုယ့်အိမ်ကိုပြန်ကြည့်၊ ပျော်မပျော်၊ သူများအိမ်နေရတာနဲ့ ကိုယ့်အိမ်နေရတာ ဘယ်ကပျော်တုံး။

ကိုယ့်အိမ်မှာ ပျော်တယ်တဲ့။ ကိုယ့်အိမ်ကလဲ တလားပျက်နဲ့ ဆောက်ထားတဲ့ လောင်တိုက်ပဲ၊ ရှိဘာကလဲမစားဘာ အသုဘ ပစ္စည်းတွေပဲ။ အိမ်မှာရှိတဲ့ ဆန် ဆီ ဆား ငါးပိ ငါးခြောက် စတဲ့ ဟာတွေကလဲ ဒီအသုဘခန္ဓာကြီးကို ကုသဖို့ပဲ မဟုတ်လား။ အနာနဲ့ခန္ဓာဟာ မကင်းတာနဲ့ဆေးကိုအပြတ်ခံလို့ မရဘူးနော်။ မပြတ်ပေမယ့် ကိုယ့်ဆေးနဲ့ကိုယ်တော့ အတော်ကျေနပ်နေ တာပဲ။ အနာပေါက်။ ဆေးကုလိုက်။ အနာပေါက်လိုက် ဆေးကုလိုက်။ အနာပေါက်လို့ ဆေးကုရ။ ကုလို့ ဒီအနာ ပျောက်ပြီး ဟိုအနာပေါက်လာပြန်။ ပေါက်တော့ကုရပြန်၊ အနာတွေကလဲ ၉၆–ပါး တခုပြီးတခု လှည့်ပေါက်နေတော့ အနာကင်းတယ်လို့ရှိရဲ့လား၊ မရှိဘူး။ ကုလို့ကောပြီးရဲ့လား။ မပြီးဘူး။အနာတွေဆေးကုရတာနဲ့ကို အားတယ်လို့ မရှိကြဘူး။ တသံသရာလုံး ရောဂါနဲ့ကို မပြတ်တော့ ဆေးနဲ့လဲမပြတ်ခဲ့ဘူး၊ ဒါဖြင့် ဝဋ်ကောင်း အစစ်ပေါ့။

ဒီလောက်ဆိုးနေတဲ့ဥစ္စာ ကိုယ့်ဟာလေးနဲ့ကိုယ် တင်းတိမ် နေကြတယ်။ ဒါ နန်းတော် အိမ်တော် မရောက်ဘူးလို့ တင်း တိမ်နေတာ။ ဒုန်းစဏ္ဍားစိတ်ပေါက်လို့ တင်းတိမ်နေတာ။ နို့ မို့ ယင် တင်းတိမ်မနေပါဘူး။ ကဲ....ကိုယ့်အဖြစ်ကို ကိုယ်သိ ပြီလား။ စားရတာ ဝတ်ရတာ နေရတာလဲ ဘာမှလွမ်းစရာ မရှိပါဘူး။ ချမ်းသာတယ်လို့မှ မရှိပဲ။ ဆန်ရှိပေမယ့်၊ ဆီက လိုနေပြန်၊ဆီရှိပေမယ့် ဆားကလိုနေပြန်၊ အဝတ်အထည်တွေ ရှိပေမယ့် ရွှေက လိုနေပြန်၊ ရွှေရပြန်တော့ စိန်က လိုနေ

ပြန်။ လိုတာချည်း ဖြစ်နေတယ်။ ဘယ်တော့ ပြည့်စုံမှာလဲ။ မပြည့်စုံဘူးတဲ့။ ဟာ အမှဲချည်းပါလား။ ဘာ့ကြောင့်လိုနေတာတွေ မပြည့်စုံပါလိမ့်။ ဆင်းရဲလွန်းလို့။ ဘယ်တော့များ ဆင်းရဲပျောက်ပြီး ချမ်းသာခြင်းသို့ ရောက်မှာပါလိမ့်။ ချမ်းသာခြင်းမရောက်ပဲနဲ့ သေသွားကြရတာချည်းပဲ။ အဲဒီတော့ ဒီက ထွက်မှပဲ ဆင်းရဲလက်စသတ်မှာ၊ ဒါကြောင့် ပဋိသမ္ဘိဒါမဂ်က လာတဲ့အတိုင်း ဒုက္ခသစ္စာများများကြီးပိုင်ဖို့ အရေးကြီးတယ်။ ဒုက္ခအကြောင်း ကောင်းကောင်းပိုင်နိုင်သိတဲ့အခါကျမှ (ဘုရင်စိတ်ပေါက်ပြီး) နန်းတော်အိမ်တော်နဲ့တူတဲ့ နိဗ္ဗာန် ရောက်မှာ။ အဲဒီရောက်မှပဲ ဒုက္ခလက်စသတ်မယ်။

ဒီလို ဒုက္ခကို ပိုင်းခြားပြီး မသိသေးသရွေ့ ဒွန်းစဏ္ဍားတွေလို ကိုယ့်ရွာနဲ့ ပျော်ကြဦးမှာ။ ဒွန်းစဏ္ဍားလေးတွေ ညအခါ မြေပုံပေါ်မှာ ဇရပ်ပေါ်မှာ လျှောက်သွားပြီး ကျားထိုးယင်း ဆေးလိပ်သောက်ယင်း ဆိုသလို ကစားပြီး ပျော်ကြတယ်။ ကိုယ့်ရွာကို ကျက်သရေအရှိဆုံး အပျော်ဆုံးလို့ ထင်ကြတယ်။ ပြီးတော့ ဝင်ငွေအမှန်ဆုံးလို့ ထားတယ်။ မသေတဲ့လူမှ မရှိပဲကိုး။ အဲဒီကနေ့ပြီး တိုင်စောင့်နေရုံပဲ။ အဲဒီတော့ ဘယ်မှမရောက်ဘူးယင် သူတို့ရွာ သူတို့ အပျော်ဆုံး ဖြစ်မှာပဲ။ အဲ.... ခင်ဗျား တို့လဲ နိဗ္ဗာန်မရောက်သေးခင်တော့ ကိုယ့်ရွာကို ပျော်ကြဦးမှာပဲ။ လူ့ပြည်ရောက်လဲ ပျော်မှာပဲ။ နတ်ပြည်ရောက်လဲ ပျော်မှာပဲ။ နတ်ပြည်ရောက်တော့လဲ ဒီ အသုဘခန္ဓာတွေနဲ့ ဒုက္ခရောက်ရမှာပဲ။ ဒါကြောင့်

ဒုက္ခသစ္စာမပိုင်းခြားနိုင်သေးလို့ နိရောဓသစ္စာ မျက်မှောက်မပြု နိုင်သေးတဲ့အတွက် ခင်ဗျားတို့ ၃၁–ဘုံဒွန်းစလ္လားရွာကြီးမှာ ဒွန်းစလ္လားပျော် ပျော်နေကြတာ။

ဒါကြောင့် ဒုက္ခသစ္စာ ပိုင်းခြားမသိပဲနဲ့ နိဗ္ဗာန်မရောက်ဘူး။ ဒုက္ခပိုင်းခြားသိမှ နိဗ္ဗာန်ရောက်မှာ၊အဲ....မဂ္ဂင် ၈-ပါးနဲ့ နိဗ္ဗာန် ကို မြင်တော့မှ ၃၁–ဘုံ ဒွန်းစလ္လားရွာကြီးကို မပြန်တော့တဲ့ စိတ်-လာမှာ။ အဲဒီကျမှ မြဲမြဲခိုင်ခံ့တဲ့ ဘယ်တော့မှ မပျက် စီးတဲ့ အဓိသီလ၊ အဓိစိတ္တ၊အဓိပညာ ဖြစ်မှာ။ ဒီအခြေရောက်ဖို့ ဒွန်းစလ္လားရွာကြီးကို မပြန်တော့တဲ့အောင် ရွာအကြောင်း စေ့စေ့စပ်စပ်ကြည့်ပေတော့။ တကယ်သိယင် နိဗ္ဗာန်ရောက် ပြီမှတ်။

## ၄၁။ မဂ္ဂသစ္စာ၏ အဓိပတေယျဋ္ဌအနက် (၄)

အဓိပတေယျဋ္ဌဆိုတာ မိမိသန္တာန်မှာ မဂ္ဂင် ၈-ပါး ရောက်လို့ မိမိကိုယ်ကို မိမိအစိုးရတဲ့အဖြစ်သို့ ရောက်ရှိတာကို ဆိုတာ။ မဂ္ဂင် ၈-ပါးအစုံအလင်ရောက်တော့ **ပညာမဂ္ဂင်** က-သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါး။ **သမာဓိမဂ္ဂင်က** သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ ၃ ပါး။ **သီလမဂ္ဂင်က**-သမ္မာဝါစာ သမ္မာကမ္မန္တ, သမ္မာအာဇီဝ ၃ ပါး။ ပေါင်း ၈ ပါးဖြစ်တယ်။ ဒီမဂ္ဂင် ၈-ပါး မိမိသန္တာန်မှာ ရောက်ရှိမှသာလျှင် မိမိ၏ သီလ သမာဓိ ပညာတွေဟာ အဓိ=အကြီးအကဲ အဆင့်သို့ ရောက်ပြီး နောင်ဘဝအဆက်ဆက်မှာ မပျက်မစီးခိုင်မြဲသွားတယ်။ မဂ္ဂင် ၈ ပါးမစုံသေးယင်တော့ ခင်ဗျားတို့မှာရှိတဲ့ သီလ သမာဓိ ပညာတွေဟာ မခိုင်မြဲသေးဘူး။ ဒီဘဝမှာပဲ ပျက်စီးသွားနိုင်တယ်။ နောင်ဘဝရောက်ယင် ပျက်စီးသွား နိုင်တယ်။

အခု ခင်ဗျားတို့ ဆောက်တည်ထားတဲ့ ၅-ပါး ၈-ပါး ၁၀-ပါးစတဲ့ သီလတွေဟာ အခိုက်အတန့်ပဲ တည်နိုင်တယ်။ အကြောင်းတိုက်ဆိုင်လို့ရှိယင် ပျက်ကြတာပဲ။ အသက်နဲ့လဲပြီး ဒီသီလ မဖျက်ပါဘူးလို့မလာသေးတော့ ဒီသီလဟာ **သာမည သီလ** ပဲရှိသေးတယ်။ သမာဓိ ပညာတို့လဲ ထို့အတူပဲ ပျက်စီး သွားနိုင်တော့ သာမညပဲ။ အဲ....မဂ္ဂသစ္စာထိုက်တဲ့ သီလ သမာဓိ ပညာတို့ကျတော့ အဓိ ပါလာလို့၊ ဘယ်သူဖျက်လို့မှမရဘူး။ တတ်နိုင်လို့ ကုပ်ပေါ် ခေါ်ဝ်ပြီး မင်းသီလဖျက်ရမယ်၊ သမာဓိ

ဖျက်ရမယ်၊ ပညာဖျက်ရမယ်လို့ တဦးဦးကအဖျက်ခိုင်းပေမယ့်၊ အသက်သာအသေခံမယ်။ မဖျက်တော့ဘူး၊ အဲဒီကျမှမြဲတယ်။ မဂ်မဆိုက်သေးတဲ့ သာမည သီလ သမာဓိ ပညာတွေကတော့ နတ်ပြည် ဗြဟ္မာ့ပြည်တိုင်အောင် အကျိုးပေးပါတယ်။ နိဗ္ဗာန် အထိတော့ အကျိုးမပေးဘူး။ မဂ်ဆိုက်တဲ့ အခါကျတော့ အဓိပါလာတဲ့အတွက် နိဗ္ဗာန်အထိအကျိုးပေးတယ်။ ဒီကျတော့ မြဲသွားပြီ။ ဒီတော့ ဘယ်အချိန်ကျမှမြဲမလဲဆိုတော့ ဒုက္ခချုပ် တာကိုမြင်မှ၊ နိဗ္ဗာန်ကိုမြင်မှ (မဂ်ဆိုက်မှ)ပဲ မြဲမယ်။ ဒီလို မြဲမှလဲစိတ်ချရတယ်။ လူ့ဘဝရာဂတိလဲမြဲတယ်။ အပါယ်မကျ တော့ဘူး။ ချမ်းသာဟူသရွေ့ အထက်သာ တက်သွားတယ်။ သမ္မာဓိပရာယနေဘတဲ့ အထက်မဂ်ကိုသာ သူတက်တော့မှာပဲ။ အောက်ပြန်မဆင်းတော့ဘူး။ ဒီတော့ နိဗ္ဗာန်ကိုမြင်မှ နိဗ္ဗာန် တည်းဟူသောအာရုံကို အမှီရမှ မိမိတို့သီလ သမာဓိ ပညာဟာ အဓိပါပြီး မြဲမယ်လို့မှတ်။

အဲဒါကြောင့် မြဲတဲ့စိတ်ချရတဲ့ သီလသမာဓိပညာမျိုးဖြစ် အောင် (၁) ဖြစ်ပျက်မြင်အောင်ကြည့်ပါ (၂) ဖြစ်ပျက် မုန်းအောင် ကြည့်ပါ (၃) ဖြစ်ပျက်ဆုံးအောင် ကြည့်ပါ ဖြစ်ပျက်ဆုံးယင် နိဗ္ဗာန်မြင်ပြီ။ အဲဒီကျမှမြဲမယ်။ စိတ်ချရ မယ်။ အခု ခင်ဗျားတို့ဆောက်တည်ထားတဲ့ သီလ သမာဓိ (သမထ)ပညာ (ဝိပဿနာ) တွေဟာ **အထိမခံရှေ့ပန်းကန်မို့** မခိုင်မြဲသေးဘူး။ ဘာကြောင့် နိဗ္ဗာန်တည်းဟူသော အာရုံ ဆွဲကိုင်ရာမရသေးလို့၊ သူတို့ကို နိဗ္ဗာန်က အာရမ္မဏာဓိပတိ ပစ္စည်းနဲ့ ကျေးဇူးမပြုသေးဘူး။ မပြုသေးလို့မမြဲတာ၊ ဘုရား

လက်ထက်က ဒေဝဒတ်ကြီးဟာ (အဓိမပါသေးတဲ့) သမာဓိ ရလို့စျာန်ရပြီး မြေလျှိုးမိုးပျံနိုင်ပြီး တော်တော် တန်ခိုးကြီး ခဲ့တယ်။ အခုအဝီစိမှာနေရတယ်။ ဘာကြောင့် သူရထားတဲ့ သမာဓိဟာ အဓိမပါလို့။ **အဓိပတိ** =ကြီးစိုးနိုင်တဲ့စွမ်းရည် သတ္တိမပါသေးလို့၊ ဘုရားလက်ထက်က တိဿရဟန်းကြီးဟာ သေတော့ သန်းဖြစ်ခဲ့ရတယ်၊ ဘာပြုလို့ သူ့သီလ သမာဓိ ပညာတွေက **အဓိ=အဓိပတိ** မဖြစ်သေးလို့။ ဒီတော့ အဓိပတိ မဖြစ်သေးတဲ့ မခိုင်မြဲတဲ့ သီလ သမာဓိပညာတွေကို သွားပြီး အားမကိုးကြနဲ့။ မခိုင်တာတွေကို သွားအားကိုးလို့ ပြုတ်ကျယင် မျောသွားမယ်၊ မြုပ်သွားမယ်။

**ကမ်းနား သစ်ပင်။** ။ခင်ဗျားတို့ ခန္ဓာ ၅-ပါးဟာ ကမ်းနားသစ်ပင်လို့မှတ်ထား။ ကမ်းနားသစ်ပင်ဆိုတာရေတိုက် စားလို့အမြစ်ဟာ ခိုင်ခိုင်မြဲမြဲမရှိဘူး။ အမြစ်တွေကကုပ်အား မရှိလို့ ယိုင်တော့ မြစ်ထဲယိုင်နေတယ်။ ယိုင်လို့လဲတော့ မြစ် ထဲလဲပြီး ရေယဉ်ကြောထဲ မျောပါပြီး မြုပ်သွားမှာပဲ။ မင်းတို့သံသရာခရီးသည်ဟာ ဒီလို ရေမျောလာဘာနဲ့တူတယ်လို့ ဘုရားကဥပမာပြလိုက်တယ်။ **သံသရာ ခရီးသည်ဟာ တဏှာ မျောတိုင်းမျောရတယ်။** တဏှာက နတ်ပြည်တောင်းလိုက်တော့ နတ်ပြည်မျောတာပဲ။ အင်း....တဏှာနဲ့ပတ်သက်ပြီး အကုသိုလ် မှုတွေ လုပ်ပြန်တော့လဲ အပါယ်မျောတာပဲ။ မြုပ်သွားတာပဲ။

အဲဒီတော့ သံသရာခရီးသည်ဟာ **တဏှာရေယဉ်ကြော** ထဲမှာ မျောမှာပဲ။ ဟိုဘဝဒီဘဝဆိုတာက တဏှာပို့မှရောက် မှာပဲ။ တဏှာရေယဉ်ကြော မျောမှပဲရောက်မှာပဲ။ တဏှာ

ရေယဉ်က မျှောမပေးဘူးဆိုယင် တဘဝနဲ့တဘဝ မရောက်နိုင်ဘူး။ အဲဒီတော့ သံသရာခရီးသည်ဟူသရွေ့ဟာ တဏှာရေယဉ်ထဲမှာ တဏှာမျှောသလို မျှောရတာပဲ။ ခင်ဗျားတို့အပါယ်ရောက်လိုက် လူ့ပြည်ရောက်လိုက် နတ်ပြည်ရောက်လိုက်ဗြဟ္မာ့ပြည်ရောက်လိုက်နဲ့ ၃၁-ဘုံအတွင်း လှည့်ပတ်မျှောနေတာဟာ ဘာကြောင့်....တဏှာရေယဉ်က မျှောလို့ မျှောရတာ။ ခင်ဗျားတို့လဲ တဏှာက မျှောလိုက်လို့ အခုလူ့ပြည်ရောက်လာတာပဲ။

ခန္ဓာ ၅-ပါးဟာ ကမ်းနားသစ်ပင်ပဲ။ သံသရာခရီးသည်ကဒါကိုသွားဆွဲတယ်။ ကိုယ့်ရုပ်ကိုယ့်ခန္ဓာဆိုတဲ့ **ရူပက္ခန္ဓ** ကိုဆွဲတယ်။ ချမ်းသာလေးဆိုတဲ့ **ဝေဒနာက္ခန္ဓာ** ကိုသွားဆွဲတယ်။ သားမှတ် သမီးမှတ် မယားမှတ် ပစ္စည်းမှတ်ဆိုတဲ့ **သညာက္ခန္ဓာ** ကိုသွားဆွဲတယ်။ ကိုယ့်စေတနာကိုယ့်စိတ်ဆိုတဲ့ **သင်္ခါရက္ခန္ဓာ** **ဝိညာဏက္ခန္ဓာ** ကိုခင်တွယ်ပြီးသွားဆွဲတယ်။ ငါ့ကိုယ်ငါ့ဟာငါ့ဥစ္စာဆိုပြီး သွားဆွဲတယ်။ သွားဆွဲတော့ ကမ်းနားသစ်ပင်လိုမခိုင်တဲ့ခန္ဓာ ၅-ပါးဟာ ပြုတ်ကျတာပဲ။ ဆွဲတဲ့ပုဂ္ဂိုလ်ကလဲတအားဆွဲ၊ ကမ်းနားသစ်ပင် (ခန္ဓာ ၅-ပါး)ကလဲ ရေတိုက်စားလို့ (ဇရာ ဗျာဓိ မရဏ အိုနာသေကြောင့်) မခိုင်ဆိုတော့တခါတည်းပြုတ်ကျတာပဲ။ ခန္ဓာ ၅-ပါးကအနိစ္စဖြစ်တော့ပြုတ်ကျတယ်။ ပြုတ်ကျတော့ ဆွဲတဲ့လူ (ခင်တဲ့လူ) အပေါ်ပြုတ်ကျတာပဲ။ ပိကျတာပဲ။ ပိကျတော့ ဆွဲတဲ့လူဟာ မြုပ်ဖို့ပဲရှိတော့တယ်။ ဒါဖြင့် ခင်ဗျားတို့ဟာ နဂိုက **အမျှောသမား**နော်။ ဟိုဘဝကမျှောလာတာ။ အခုဒီဘဝကျတော့ တဏှာ

ဥပါဒါန်နဲ့ ကိုယ်ဆွဲတဲ့ခန္ဓာ ၅-ပါးကလဲပိပြီး ခင်ဗျားတို့ မြုပ်သွားတယ်။ မြုပ်တော့ အမြုပ်သမား ဖြစ်တာပေါ့။ အဲဒီလို ခင်ဗျားတို့သံသရာခရီးတလျှောက် ဘဝတိုင်းဘဝတိုင်းမှာ မခိုင်တဲ့ခန္ဓာကြီးကို သွားသွားဆွဲနေတော့ ခန္ဓာကအနိစ္စဖြစ်လို့ပြုတ်ကျတာနဲ့ ဒီခန္ဓာကြီး ပိပြီး ခင်ဗျားတို့မြုပ်ခဲ့ရ၊ မျောခဲ့ရတယ်။ သံသရာမှာ အမျောသမား၊ အမြုပ်သမားအဖြစ်နဲ့ပဲ နေခဲ့ကြရတယ်။ ခုနက အဓိသီလ အဓိသမာဓိ အဓိပညာတို့ကို မရခဲ့တော့ တကျော့မျောတိုင်းမျောရတော့ မျောလိုက် မြုပ်လိုက် နေခဲ့ကြရတယ်။ ဒီလိုနေ ဒီလိုသေလို့တကျော့ပြောတိုင်းဖြစ်ခဲ့ကြရတယ်။

အဲဒီတော့ အခုဘဝမှာ ခင်ဗျားတို့အဆွဲမမှားဖို့ အရေးကြီးတယ်။ ခန္ဓာ ၅-ပါးကိုသွားမဆွဲနဲ့ အနိစ္စချည်းဖြစ်လို့သွားမဆွဲနဲ့၊ ဆွဲယင် ဆွဲတဲ့ပုဂ္ဂိုလ်အပေါ်မှာ သူပြုတ်ကျမှာပဲ။ အဲ ခိုင်မြဲလှတဲ့ နိဗ္ဗာန်တည်းဟူသော ကျောက်ဆောင်ကြီးကို ဆွဲမိယင်တော့ ပြုတ်မကျလို့ မျောစရာမရှိတော့ဘူး။ ဒီတော့ နိဗ္ဗာန်ကို အဆွဲမှန်ဖို့ အရေးကြီးတယ်။ ခင်ဗျားတို့ အဆွဲမှား ခဲ့လို့ အဆွဲမမှန်ခဲ့လို့ သံသရာတလျှောက် ဒီအတိုင်းမျောလာခဲ့ကြရတာနော်။ အဲဒီတော့ ခင်ဗျားတို့က ဘာတွေပဲပြောနေနေ၊ အမျောသမား အမြုပ်သမားဘဝနဲ့ပဲ ဇာတ်ဆုံးတာပဲ။ **အမျောသမား** ဆိုတာက ဟိုဘဝဒီဘဝမျောတာ ကူးတာ။ **အမြုပ်သမား** ဆိုတာက အပါယ် ၄-ဘုံရောက်သွားတာ။ အဲ....အပါယ် ၄-ဘုံရောက်ပြီး အမြုပ်သမားဘဝက တက်လာပြန်တော့ အမျောသမားအဖြစ်နဲ့ လာပြန်တာပဲ။ မျောပြီးယင်

နောက်မြုပ်ဦးမှာပဲ၊ ဒါသံဝေဂရအောင် ဟောနေတာမဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ ဖြစ်စဉ်ကို ပြောနေတာလို့မှတ်။

ခင်ဗျားတို့ နောက်နောက်က ဒါနသီလလေး သမထလေး လုပ်ခဲ့လို့ လူ့ပြည် နတ်ပြည်ဗြဟ္မာ့ပြည်မှာမျောခဲ့ရပြီ။လူ့ခန္ဓာလဲ အနိစ္စပဲ။ နတ်ခန္ဓာလဲ အနိစ္စပဲ။ ဗြဟ္မာ့ခန္ဓာလဲ အနိစ္စပဲ။ သွားဆွဲယင် ပြုတ်ကျတာပဲ။ ပြုတ်ကျတော့ ဆွဲတဲ့လူအပေါ်ပိမှာပဲ။ နတ်အပေါ်လဲပိမှာပဲ။ ဗြဟ္မာ့အပေါ်လဲ ပိမှာပဲ။ ပိတော့ အောက်ပြန်ကျမှာပဲ။အောက်ပြန်ကျတော့ မြုပ်တာပဲ့။အပါယ် ၄ ပါးကျအောင် မြုပ်မှာပဲ။ မြုပ်သွားယင် ကမ္ဘာအသင်္ချေ တိုင်အောင် မြုပ်သွားတာ ပေါ်လာဖို့မလွယ်ဘူး။ ခင်ဗျားတို့ နောက်တုန်းက ''မျောလိုက် မြုပ်လိုက်ပဲ'' ဘုရားတွေ အဆူဆူ ပွင့်ပေမယ့် ဘုရားပွင့်တုန်း ခင်ဗျားတို့က အပါယ် ၄-ပါး မြုပ်တဲ့အထိ တာရှည်နေတော့ ဘုရားကလဲ အဲဒီနေရာမကြွဘူး။ မြင်တော့မြင်တာပဲ့။မြင်ပေမယ့် ဒုဂ္ဂတိဘုံသားဖြစ်နေတဲ့အတွက် ကျွတ်တမ်းဝင်စရာ မရှိဘူးဆိုပြီး ဘုရားက မကြွဘူး။ ဘုရားက ကျွတ်တမ်းဝင်မယ့်ပုဂ္ဂိုလ်တွေဆီသာ အမြဲကြွတာ။ ကျွတ်မယ့် လူတွေဆီနောက်က အမြဲတမ်းလိုက်ပြီး ကယ်နေရလို့ နေ့မအိပ်ရ ညမအိပ်ရတဲ့ ဘုရားဗျ။ ဘုရားပွင့်တာနဲ့ ကိုယ်က သုဂတိဘုံ ရောက်တာနဲ့ကြုံမှ၊ ဘုရားကလဲချတ်မှ၊ ကိုယ်ကလဲ အဆွဲမမှားမှ ကျွတ်တမ်းဝင်နိုင်တာ။ ခင်ဗျားတို့ဘာ့ကြောင့် ကျွတ်တမ်း မဝင်နိုင်ခဲ့ဘယ်ဆိုတာ အကဲခတ်ကြည့်ယင် သိလောက်ပြီ။ ဒီတခါ အဆွဲမှားယင် နောင်ဘဝ ဘာဖြစ်မှာတုံးဆိုတာ ခင်ဗျားတို့ ဖြေတတ်ပြီလား။

ကဲ....အခု ဘုန်းကြီးပြောပြလို့ ခင်ဗျားတို့က "ဒီခန္ဓာ ၅ ပါးကို အားမကိုးတော့ဘူး၊ မဆွဲတော့ဘူး၊ အနိစ္စကိုအနိစ္စမှန်း သိမယ်၊ ဒုက္ခကိုဒုက္ခမှန်းသိမယ်၊ အနတ္တမို့ အားကိုးစရာ အား ထားစရာ မရှိဘူးလို့သိမယ်" ဆိုယင် ဒီခန္ဓာကြီး ကမ်းနားသစ် ပင်ကို ဆွဲမှာ မဟုတ်ဘူး။ မဆွဲတော့ မခင်ဘူး။ မခင်လို့ မဆွဲတော့ဘူး။ (ခင်တာကတဏှာ) မခင်လို့ မဆွဲတော့ ဒီခန္ဓာ ကြီးက ခင်ဗျားတို့အပေါ် ပိကျစရာအကြောင်းမရှိတော့ဘူး။ မခင်တော့ တဏှာရေလဲခန်းသွားတယ်၊ ပိစရာလဲမရှိ၊ မျောစရာ ရေလဲမရှိတော့၊ မျောစရာ, မြုပ်စရာအကြောင်းမရှိတော့ဘူး။ နိဗ္ဗာန်သောင်ကမ်းသို့ ရောက်သွားပြီ။ အဲဒီ အခြေအနေရောက် အောင်ဆိုယင် အလုပ်လုပ်မှပဲရမယ်။ တဏှာရေခန်းအောင်လုပ်ရ မယ်၊ ခန္ဓာ ၅-ပါးကမ်းနားသစ်ပင်ကိုလဲ မဆွဲရဘူး၊ ဆွဲယင်မခိုင် ဘူးဆိုတာ သိရမယ်။ ဒါကြောင့် မဆွဲမိဖို့ ဆိုတာသည် တဏှာ— ဉပါဒါန် မရှိအောင်နေပါလို့ ပြောတာပဲ။ အဲဒီတော့ သံသရာ စခန်းသတ်ချင်ယင် "တဏှာရေ" ခန်းအောင်လုပ်ပါ။ တဏှာ ရေ ခန်းယင်မျောစရာမရှိတော့ဘူး။

ဒီတော့ ခန္ဓာ ၅-ပါးကို အနိစ္စ, ဒုက္ခ, အနတ္တရှုပေါ့ဗျာ။ ရှုတော့ မခိုင်မှန်း (မမြဲမှန်း) သိမယ်၊ သိယင်မခင်တော့ဘူး။ မခင်ဘူးဆိုယင် တဏှာခန်းပြီ။ ဒီတော့ (၁) **မခိုင်မှန်းသိတာ ရယ်** (၂) **မခိုင်မှန်းသိလို့ မခင်တာရယ်—**ဒီ ၂ ချက်အရေးကြီး **တယ်။** မခိုင်မှန်းသိယင် အနိစ္စမြင်မယ်၊ အနိစ္စမြင်ယင် မခင်ဘူး။ မခင်လို့ရှိယင် တဏှာသေတယ်၊ တဏှာရေခန်းတယ်၊ မခိုင်မှန်း သိယင် "အနိစ္စ, ဒုက္ခ, အနတ္တ" အကုန်မြင်တယ်။ ဒါတွေ

မြင်ယင် နိဗ္ဗာန်မြင်တာပဲ၊ နိဗ္ဗာန်မြင်ယင်၊ နိဗ္ဗာန်သောင်ကမ်း ရောက်ယင် မပျောတော့ဘူး၊ မမြုပ်တော့ဘူး၊ အဲဒီတော့ နိဗ္ဗာန်မြင်အောင်ဆိုယင် ရှေးဦးစွာ ခန္ဓာ ၅-ပါးကို ဖြစ်ပျက် ရှုရမယ်။ ရှုတုန်းတော့ မဂ္ဂင် ၅-ပါးပဲ ရှိသေးတယ်။ ၅-လုံး တွဲ ဖောင်ကလေးရပြီပေါ့၊ ဒီဖောင်ကလေးက နည်းနည်း လောက်ပဲ အားကိုးလို့ရတယ်၊ လှိုင်းတွေ, ငဲတွေဒဏ် မခံနိုင် သေးဘူး။ အဲဒါတွေနဲ့တွေ့ယင် မြုပ်သွားနိုင်တယ်။ ဒီတော့ ဆက်ရှု၊ ဆက်ရှုလို့ ဖြစ်ပျက် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးကို မခင် တော့ဘူး၊ မလိုချင်တော့ဘူးဆိုတာလာမယ်။ ဆက်ရှုလို့ ခန္ဓာ ၅-ပါး ဒုက္ခသစ္စာကြီး ချုပ်သွားယင် မဂ္ဂင် ၈-ပါး ပြည့်သွား ပြီ။ ၈-လုံးတွဲ ဖောင်ကြီးရပြီး ဒီ ဖောင်ကြီးကမှ အားကိုး လောက်တာ။ လှိုင်းဒဏ်လေဒဏ်ခံနိုင်ပြီ။ ဘယ်နည်းနဲ့မှ မမြုပ် နိုင်တော့ဘူး။ အဲဒီ မဂ္ဂင် ၈-ပါး ဆိုတဲ့ဖောင်ကြီးရမှ နိဗ္ဗာန် သောင်ကမ်းရောက်မယ်၊ ရောက်ယင် နိဗ္ဗာန်ဆွဲကိုင်မိပြီ။ အဆွဲ မှန်ပြီ။ ဘယ်လောက်ဆွဲဆွဲပြုတ်မကျတော့ဘူး။ ဒီကျမှ ခင်ဗျား တို့ရဲ့ သီလ, သမာဓိ, ပညာတွေဟာ "အဓိ" ပါလာပြီး "အဓိပတေယျဌော" (အဓိပတိ) ဖြစ်တာ။ ခိုင်မြဲတဲ့ အဆင့် ရောက်တာ။

[ဤတွင် သစ္စာအနက် ၁၆—ချက် တရားတော် ပြီး၏။]

❀

## မိုးကုတ်ဝိပဿနာအနှစ်ချုပ်

နိုင်ငံကျော် ဝိပဿနာဓမ္မကထိက မိုးကုတ်ဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုအခြေခံ၍ သစ္စာလေးပိုင်း ဓမ္မစကြာဝိုင်းအတွင်းမှာသွင်းပြီး နက်နဲလှသည့် ဝိပဿနာတရားတော်ကို လူတိုင်းနားလည်အောင် ရှင်းလင်း ဟောကြားတော်မူခဲ့ပါသည်။

နိုင်ငံအနှံ့ လှည့်လည်ဟောကြားခဲ့သော ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားတော်တို့မှာ အလွန်ပင်များပြားလှပါ၏။ စုဆောင်းမိသမျှတိတ်ခွေတို့မှ ဟောတရားများကို စာအုပ်အဖြစ် ပုံနှိပ်ထားသည်မှာ စာမျက်နှာပေါင်း သောင်းကျော်ရှိနေသဖြင့် ယင်းတို့ကို ဖတ်ရှုဖို့အရေးမှာ မိုးကုတ်ဝိပဿနာ ဓမ္မမိတ်ဆွေတို့အဖို့ အလွန်ပင် ဝန်လေးနေကြပါသည်။

ကျွန်ုပ်သည် ထိုဝန်ကြီးကို ပေါ့သွားစေရန်အလို့ငှါ ထို ဝိပဿနာ ဟောတရားများထဲမှ ထပ်နေသည့် စကားအချက်တွေကို ဖယ်ရှားပြီး ဆရာတော်ဘုရားကြီး၏ အလိုတော်ကျ ဟောဟန်မပျက်၊ အချက်အလက်တွေ အကုန်ပါအောင် အနှစ်ထုတ်၍ ပြန်လည်ရေးသားရန် အားထုတ်ခဲ့ပါသည်။ ယခု ပွဲဦးထွက်အနေဖြင့် ဆရာတော်ဘုရားကြီး၏ "ထေရုပ္ပတ္တိ-ကျင့်စဉ်နှင့် သစ္စာအနက်-၁၆-ချက်" ပါ (စာမျက်နှာ ၁၅၀၀ ကျော်ရှိ) စာသုံးအုပ်ကို အနှစ်ချုပ်၍ ပြန်လည်ရေးသား၍ တင်ပြအပ်ပါသည်။ ဖတ်ကြည့်ကြပါ....သူတော်စင်အပေါင်းတို့....။